

www.burmeseclassic.com
BURMESE
CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ရွှေခြသေ့မင်း

ချန်ကျင်းဖန်သည် ဝေလငါးဂိုဏ်း၏ လှေကြီးကို တိုက်ခိုက်စဉ်က အဘယ်မျှ အားမာန်ကောင်းသော်လည်း ယခုမူ ရှက်စွန်း၏ သိုင်းကွက် တစ်ချက်တည်းနှင့် အသက်ထွက်သွားရပြီ ဖြစ်ပါ၏။

ထိုအခါ ဆက်ရက်အဖွဲ့သား ငါးယောက် ရုတ်တရက် ခုန်ထွက်လာပြီး နှစ်ယောက်က ချန်ကျင်းဖန်၏ အလောင်းကို ခွေ့ထုလိုက်၏။ ကျန်သုံးယောက်ကမူ လက်နက်ကိုယ်စီ ဆွဲထုတ် လိုက်ပြီး ရှက်စွန်းအား တိုက်ခိုက်လေ၏။ ရှက်စွန်းက သူတို့ကို ကြည့်ပြီး ပြုံးနေလိုက်၏။ တစ်ချိန်တည်းတွင်ပင် ညာဘက်လက်မှ ကိုင်ထားသော သံဆူးတုတ်ကြီးဖြင့် မီးဖိုအောက်မှ လျှိုရှုံ အထက်သို့

www.burmeseclassic.com

www.burmeseclassic.com



လှန်တင်လိုက်သည်။ ထိုအခါ ရောမမီးဖိုကြီးသည် မြောက်တက်သွားပြီး ရှက်စွန်းမှာ တိုက်ခိုက်လာသော ဆက်ရက်ငှက်သား သုံးယောက်ကို လိုမ့်၍ သတ်ပစ်လိုက်ပြီးဖြစ်သလို ဆက်တိုက်ပင် ချန့်ကျင်းဖန်၏ အလောင်းကို ပွေ့ယူထားသော ဆက်ရက်အဖွဲ့သား နှစ်ယောက်ကိုပါ လိုမ့်၍ သတ်လိုက်လေတော့၏။

ကျန်လူအားလုံးမှာ ထိုမြင်ကွင်းကြောင့် တစ်ကိုယ်လုံး အေးစက်သွား၏။

"ငါ အသက်မကြီးပေမယ့် သိုင်းလောကမှာရှိတဲ့ ထိပ်သီးသိုင်းသမားတွေနဲ့ ကြုံတွေ့ခဲ့ရပေါင်း မနည်းတော့ပါဘူး၊ ဒါပေမယ့် ဒီလူထွား ရှက်စွန်းကြီးလို အားအလွန်သန်ပြီး ကြောက်စရာကောင်းတဲ့ သိုင်းသမားများတော့ မတွေ့ခဲ့ဖူးပါဘူး"ဟု စိတ်ထဲမှ တွေးနေမိ၏။ ဆက်၍လည်း...

"ငါ ဒီလူ့ကို ဘယ်လိုနည်းနဲ့မှ တိုက်ခိုက်လို့ မနိုင်နိုင်ဘူး၊ အစ်ကိုကြီး အစ်ကိုနှစ်လဲ သူ့ကို နိုင်မှာမဟုတ်ဘူး၊ အို... ငါတို့ဟူတန်းခုနစ်ဖော်က ဝိုင်းဝန်းပြီး သူ့ကို တိုက်ခိုက်ရင်တောင် နိုင်မှာ မဟုတ်ဘူး၊ ဒီသိုင်းလောကမှာ ငါတို့ ဆရာကြီး ကျန်းဆန်းဖုန်း ကိုယ်တိုင် တောင်ပေါ်ကဆင်းပြီး တိုက်ခိုက်မှပဲ နိုင်နိုင်မယ်"ဟု တွေးမိပြန်၏။

ထိုအချိန်တွင် ရှက်စွန်းက နဂါးနိုင်ဓားကို ယူ၍ လက်ချောင်းဖြင့် တစ်ချက် တောက်လိုက်၏။ ဓားကိုယ်ထည်မှ ထွက်လာသော



အသံက သံ့သံလည်းမဟုတ်။ သစ်သားသံလည်းမဟုတ်။ ဘာသံမှန်းမသိသော အသံတစ်မျိုး ထွက်လို့လာ၏။ ရှက်စွန်းက ထိုအသံကို အားစိုက်ထောင်လိုက်ပြီးနောက် ခေါင်းတညိတ်ညိတ်ဖြင့်...

"ကောင်းတယ်၊ သိပ်ကိုကောင်းတယ်၊ ဒါမှ တကယ့်ဓားကောင်း"ဟု ချီးမွမ်းနေလေ၏။

ပြီးလျှင် သူက ခေါင်းမော့ကြည့်လိုက်ရာ ပေကွေးချိုး၏ နံဘေးရှိ ခုံပေါ်တွင် ဓားအိမ်အား ချထားသည်ကို တွေ့လိုက်သဖြင့်...

"ဓားအိမ်က ဒီနဂါးနိုင်ဓားရဲ့ ဓားအိမ်ပဲ မဟုတ်လား၊ ယူလာခဲ့စမ်းပါ"ဟု ပေကွေးချိုအား ပြောလိုက်၏။

ပေကွေးချိုက မလှုပ်မယှက် ထိုင်လျက် နေ၏နေ၏။ အကြောင်းမှ သူက ဤသို့ တွေးမိ၏။ 'ဤလို အခြေအနေမျိုးတွင် သူ ဘယ်နည်းနှင့်မျှ အသက်ရှင်ခွင့် ရနိုင်မည်မဟုတ်၊ အကယ်၍ ဓားအိမ်ကို လေးလိုက်လျှင်လဲ သိက္ခာကျရုံမှတစ်ပါး အကျိုးမထူး' ဟု တွေးမိလေသည်။ ထို့ကြောင့် သူက...

"ခင်ဗျား ကျုပ်တို သတ်ချင်သတ်ပါ၊ ဓားအိမ်ကိုတော့ ဘယ်နည်းမှ မပေးနိုင်ဘူး၊ ဒီမှာ ရှက်စွန်း၊ ကျုပ်က သတ္တိကြောင်တဲ့ လူစားမျိုးတော့ မဟုတ်ဘူးဗျ"ဟု ပြန်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှက်စွန်းက ခနဲ့ပြုံး ပြုံးလျက်...

"ခြောက် ခင်ဗျားက တကယ့် သတ္တိခဲပါပဲလား၊ မျက်ခုံးဖြူဂိုဏ်းထဲမှာ လူတော်တွေ ရှိသားပဲကိုး"ဟု ပြန်ပြောပြီး ရုတ်တရက် လက်ထဲမှ ဓားကို ပေကွေးချိုထံ ပစ်ပေါက်လိုက်လေ၏။

ပေကွေးချိုက ရုတ်တရက် တိုးဝင်လာသော ဓားကို လက်ဖြင့် မဖမ်းရဲဘဲ နံဘေးသို့ ရှောင်တိမ်းလိုက်၏။ သို့ရာတွင် ထူးဆန်းသော မြင်ကွင်းက ပေါ်လာပါ၏။ ထိုအခါ ရှက်စွန်းက ဓားကို အသာအယာ ဖမ်းယူပြီး ခါးကြားထဲ ထိုးထည့်လိုက်လေ၏။ ထိုမြင်ကွင်းကို မျက်ဝါးထင်ထင် တွေ့လိုက်ရသော သိုင်းသမား ပရိသတ်အားလုံးမှာ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ၏။

ရှက်စွန်းသည် ဓားကို ခါးကြားထဲ ထိုးထည့်ပြီးနောက် ဘေးပတ်လည်ရှိ သိုင်းသမားများကို တစ်ယောက်ချင်း ကြည့်လိုက်၏။ ပြီးမှ...

"ငါ ဒီဓားကို ယူလိုက်တာနဲ့ ပတ်သက်ပြီး မင်းတို့ ဘာပြောချင်ကြသေးသလဲ"

ရှက်စွန်းက ထိုမေးခွန်းကို အားလုံးကြားအောင် နှစ်ကြိမ်တိုင်တိုင် မေးလိုက်သော်လည်း မည်သူမျှ နှုတ်တုံ့ပြန်ခြင်း မရှိချေ။ သို့ရာတွင် ရုတ်တရက် ဟိုင်ဆားဂိုဏ်းမှ လူတစ်ယောက်က ထ၍...



"ဆရာကြီးရဲ့ ဂုဏ်သတင်းဟာ သိုင်းလောကမှာ အလွန် ကျော်ကြားနေတာပဲ၊ ဒီဓားကိုလဲ ဆရာကြီးပဲ ရထိုက်ပါတယ်၊ ကျွန်တော်တို့အားလုံး သဘောတူပါတယ်"ဟု ဆိုလေ၏။

ရှက်စွန်းက ဟိုင်ဆားဂိုဏ်းသားအား ရှုန်းတောက်သော အကြည့်ဖြင့် ကြည့်လိုက်၏။

"ဟော့... မင်းက ဟိုင်ဆားဂိုဏ်းရဲ့ ခေါင်းဆောင် ကွယ်ပေါ် ထင်တယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဆရာကြီး"

ထိုလူက မိမိ၏ နာမည်ကို ရှက်စွန်းကဲ့သို့ သိုင်းအကျော် အမော်က သိသည်ဟု သိရသော် လွန်စွာ အားတက်သွားလေ၏။ ထိုစဉ် ရှက်စွန်းက...

"နေစမ်းပါဦး မင်းက ငါ့ဂုဏ်သတင်းကို ကောင်းကောင်းကြီး ကြားဖူးတယ်ဆိုတော့ ငါက သိုင်းလောကမှာ ဘာကောင်းမှုတွေများ ပြုခဲ့သလဲ၊ ပြောစမ်းပါဦးကွ"

"ဒါ... ဒါတော့..."

ကွယ်ပေါ်မှာ အထစ်အငေါ့ ဖြစ်သွား၏။ အမှန်လည်း ရှက်စွန်းအကြောင်းကို သူ သိသည်မဟုတ်ပေ။ ရှက်စွန်းက သရော်ပြုံး တစ်ချက် ပြုံးလျက်...

"ဒီမှာ၊ ဖြီးတာဖျန်းတာ ငါ မကြိုက်ဘူး၊ ငါ့အကြောင်းကို မင်း ဘာတစ်ခုမှ သိတာမဟုတ်ဘဲနဲ့ ဘာလို့ သိသလိုလို ပြောရတာလဲကွ၊ ဒီတော့ ငါပြောမယ်၊ မင်း နားထောင်၊ ဟောဒီ ဓားကို ပထမဦးဆုံး မင်းတို့ ဟိုင်ဆားဝိုဏ်းက ရလိုက်တယ်၊ နောက်တော့ ချန်ပေတောင်က အဘိုးကြီးသုံးယောက်က ဖြတ်လုတယ်၊ နောက်တော့ကာ ဟွာတန်းဝိုဏ်းက ရိတ်ိုက်ရှင်ရဲ့ လက်ထဲကို ရောက်သွားတယ်"

ကျန်းချွေးဆန်းသည် တစ်ချိန်လုံး ငြိမ်သက်စွာ အကဲခတ်နေရာမှ ထိုစကားကို ကြားသော် ရင်ခုန်မိသွား၏။

"လက်စသတ်တော့ အစ်ကိုသုံးဟာ တကယ်ပဲ ဒီနဂါးနိုင်ဓားနဲ့ ပတ်သက်ခဲ့တာကိုး" ဟုလည်း တွေးလိုက်မိ၏။

ထိုစဉ် ရှက်စွန်းက စကားဆက်နေပြန်၏။

"မျက်ခုံးဖြူဂိုဏ်းက ညာဏ်နီညာဏ်နက်သုံးပြီး ရိတ်ိုက်ရှင်ရဲ့ လက်ထဲကနေ လုယူသွားတယ်၊ ဟေး... ဟေး... ဟေး၊ မင်းတို့ ဟိုင်ဆားဝိုဏ်းက ဒီဓားကိုမှ မရနိုင်တော့တဲ့နောက်တော့ ငါယူတာကို သဘောတူရတော့မှာပေါ့ကွာ၊ ဒီမှာ ကွယ်ပေါ၊ မင်းလို အခြေအနေ ကြည့်ပြီးမှ အချောင်လိုက်ဖားနေတဲ့ လူမျိုးကို ငါ အမုန်းဆုံးပဲကွ၊ ကဲ... မတ်တတ်ရပ်ပြီး ငါ့ဆီ ထွက်လာခဲ့စမ်း၊ ထွက်ခဲ့စမ်း"



ကွယ်ပေါမှာ ရှက်စွန်း၏ ပြင်းထန်သော လေသံကို မလွန်ဆန်ဝံ့ဘဲ ခေါင်းလေးငုံ့ကာ လျှောက်ထွက်လာ၏။ သူ့တစ်ကိုယ်လုံးလည်း ကြောက်ရွံ့စိတ်ဖြင့် တုန်ယင်နေသည်။

ကျန်းချွေးဆန်းမှ စောစောစဉ်က စကားတစ်ခွန်းကိုသာ ထပ်ခါတလဲလဲ ကြားယောင်နေ၏။

"မျက်ခုံးဖြူဂိုဏ်းက ညာဏ်နီညာဏ်နက်သုံးပြီး ရိတ်ိုက်ရှင် လက်ထဲကနေ လုယူတယ်"

ကျန်းချွေးဆန်းက ချင်တူးတူးအား စိမ်းစိမ်းရှူးရှူး ကြည့်လိုက်၏။ ချင်တူးတူး၏ မျက်နှာမှာလည်း ထိုစကားကြောင့်ပင်လျှော့ပြောတတ် ဖြူရော်လျက်ရှိ၏။

ရှက်စွန်းက စကားဆက်ပြန်၏။

"မင်းတို့ ဟိုင်ဆားဝိုဏ်းရဲ့ သိုင်းပညာဟာ ဘာမှ အသုံးကျတာ မဟုတ်ပါဘူး၊ မင်းတို့က အဆိပ်တွေနဲ့ပဲ လူတွေကို လုပ်ကြံသတ်ဖြတ်နေတဲ့ တကယ့် ဒုစရိုက်ဂိုဏ်းပဲကွ၊ ဒီမှာ ကွယ်ပေါ၊ မနှစ်တုန်းက မင်းတို့ ရိုထိုနယ်က သူဌေးကြီး ကျန်းတင်းရဲ့ မိသားစု အစ်ခုလုံးကို အဆိပ်ခတ်သတ်ပြီး ရွှေ၊ ငွေ၊ ဥစ္စာတွေကို အပ္ပန်းသုယူခဲ့ကြတယ် မဟုတ်လားကွ ဟင်"

ကွယ်ပေါမှာ လွန်မင်းစွာ ထိတ်လန့်သွား၏။

www.burmeseclassic.com



အမှန်မှု ဤကိစ္စကို သူတို့ဂိုဏ်းမှ လျှို့ဝှက်ထားသော ကိစ္စဖြစ်၏။ ယခု ရှက်စွန်းက လှုပ်အလယ်တွင် ဖော်ထုတ်ပြနေပြီ။ သူ ဘယ်နည်းဘယ်ပုံ သိပါသနည်း။ ကွယ်ပေါ် ရှုံ့ကြောက်စွာ တွေးနေစဉ်ပင် ရှက်စွန်းက ကျယ်လောင်သောအသံဖြင့် အမိန့်ပေးလေ၏။

"ဟိတ် ကွယ်ပေါ်၊ မင်းတပည့်ကို အဆိပ်ဆားနှစ်ခွက် ယူလာနိုင်းခဲ့စမ်း၊ မင်းတို့ဂိုဏ်းရဲ့ အဆိပ်ဆားက ဘယ်လောက်များ အဆိပ်ပြင်းသလဲဆိုတာ ငါ လက်တွေ့စမ်းသပ်ကြည့်မလို့"

ကွယ်ပေါ်က သူ့တပည့်တစ်ယောက်အား အဆိပ်ဆားနှစ်ခွက် ယူနိုင်းလိုက်ရ၏။ ရှက်စွန်းသည် အဆိပ်ဆား နှစ်ခွက်ကို ကိုင်၍ နှာခေါင်းဖြင့် ရှူကြည့်လိုက်၏။ ပြီးနောက် ရတ်တရက် တစ်ခွက်ကို မော့၍ သူ့ပါးစပ်ထဲသို့ အဆိပ်ဆားကို သွန်ထည့်ပြီး အားပါးတရ ဝါးစားလိုက်လေ၏။ ပြီးလျှင်... "ငါတို့နှစ်ယောက် တစ်ယောက် တစ်ခွက်စီ စားကြရမယ်၊ ကဲ မင်းအလှည့်ပဲ"ဟု ဆို၏။

ကွယ်ပေါ်မှာ ဝမ်းလည်းသာ၊ ကြောက်လည်း ကြောက်ရွံ့သော ခံစားချက်နှစ်မျိုး တစ်ပြိုင်တည်း ခံစားလိုက်ရ၏။ အကြောင်းမှု ရှက်စွန်းက သူ့ဘာသာသူ အဆိပ်ဆားကို သောက်ချလိုက်သည်ကို မြင်ရ၍ ဝမ်းသာမိခြင်းပင် ဖြစ်၏

သူတို့၏ အဆိပ်ဆားက လွန်စွာ အဆိပ်ပြင်း၏။ မျိုချရန် မဆိုထားနှင့် အရေပြားကလေးဖြင့် ထိရုံနှင့်ပင် အဆိပ်တက်၍



သေနိုင်သော အဆိပ်မျိုးဖြစ်ပေရာ ရှက်စွန်းကဲ့သို့ ဝမ်းဗိုက်အရောက် သောက်မျိုချသော် မသေဘဲ ခံနိုင်အံ့လောဟု တွေးမိပြီး ဝမ်းသာမိခြင်းပဲ ဖြစ်၏။

ကြောက်ရွံ့သော အကြောင်းကမူ...

ရှက်စွန်းသည် သူကိုယ်တိုင် လှုပ်အလယ်တွင် အဆိပ်ကို သောက်ရုံဖြင့် မပြီးသေးဘဲ မိမိကိုပါ သေဖော်ညှိသလို အဆိပ်ဆား မျိုခိုင်းနေသောကြောင့်ပင် ဖြစ်ပါ၏။ ထို့ကြောင့် သူက အကြောက် အကန် ငြင်းမည်ဟု နှုတ်ခမ်းကို ဟ,လိုက်မည် ပြုစဉ်မှာပင် ရှက်စွန်းက သူ့ကိုယ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ရှုတ်ခနဲ သူ့ပါးရိုးကို ဖြုတ်ချလိုက်၏။ ပြီး ပါးစပ်ကို ပြန်မပိတ်နိုင်အောင် လုပ်လိုက်ပြီးလျှင် အဆိပ်ဆားကို ကွယ်ပေါ်၏ ပါးစပ်ထဲသို့ သွန်ချလေသည်။

အချိန်ခဏငယ် အတွင်းမှာပင် အဆိပ်ဆား တစ်ခွက်လုံးသည် ကွယ်ပေါ်၏ ဗိုက်ထဲသို့ ဝင်ရောက်သွားတော့၏။ ထိုအချိန်မှာပင် ရှက်စွန်းသည်ကွယ်ပေါ်၏ ပါးရိုးကို ပြန်စေ့ပေးလိုက်၏။

ရှက်စွန်းတစ်ယောက် ဤသို့ ဤနှယ် ကွယ်ပေါ်အား အဆိပ်ဆားကို အတင်း ပါးစပ်ဖြဲ၍ မျိုချခိုင်းခြင်းအတွက် သိုင်းသမားများ မည်သို့မျှ မခံစားရသည့်အပြင် ကျေနပ်ဝမ်းသာ၍ပင် ဖြစ်နေကြ၏။ အဘယ်ကြောင့်မူ...

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ရှိထိုနယ်မှ သူဌေးကြီး ကျန်းတင်းမှာ လွန်စွာ သဘော သဘာဝ ကောင်းသူဖြစ်ပြီး ထိုနယ်တစ်ဝိုက်ရှိ ဆင်းရဲနွမ်းပါးသူများ၏ ကယ်တင်ရှင်လည်း ဖြစ်၏။

သို့ရာတွင် ကျန်းတင်းသည် အသက်ရှည်ရှည် မနေရရှာမက သူ့မိသားစု အစ်ခုလုံးပါ ကုန်လွန်ခဲ့သောနှစ်က ရက်စက်စွာ အသတ်ခံလိုက်ရ၏။ သို့သော် ချည်သူမည်ဝါ သတ်သွားမှန်းကို မည်သူမျှ မသိကြ။ ထို့ကြောင့် ထိုနယ်တကြောရှိ ဆင်းရဲချမ်းသာ လူအများက ကျန်းတင်းနှင့်တကွ သူ့မိသားစုအတွက်ပါ ရင်ထုမနာ ဖြစ်ခဲ့ရလေ၏။

ယခုမှ ကျန်းတင်းနှင့်တကွ သူ့မိသားစုကိုပါ တစ်ယောက်မကျန် သတ်သွားသော သူများမှာ ဟိုင်ဆားဂိုဏ်းမှဖြစ်ကြောင်း သိကြပြီဖြစ်ရာ ဟိုင်ဆားဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သူ ကွယ်ပေါ်အား ယခုကဲ့သို့ ရှက်စွန်းက ကလဲ့စားချေသောအားဖြင့် အဆိပ်ဆား မျိုချနိုင်းသည်ကို မြင်ရ၍ ကျေနပ်ဝမ်းသာကြခြင်းပင် ဖြစ်ပါ၏။

ထိုအခိုက် ရှက်စွန်းသည် သူ၏ ပါးစပ်ထဲမှ အဆိပ်ဆားများကို အားပါးတရ မျိုချရင်း...

"ငါ ရှက်စွန်းဟာ ဘယ်ကိစ္စကိုမဆို မျှတတာကိုပဲ ကြိုက်တယ်၊ တရားမျှတမှုကိုပဲ လိုလားတယ်၊ မင်း တစ်ခွက်စားရင် ငါ ကလဲ တစ်ခွက်စားတယ်"ဟု ကွယ်ပေါ်အား ပြောနေလေ၏။



ကျန်းချွေးဆန်းမှာ သူ့အတွေးနှင့်သူ ရှိနေရာမှ ရှက်စွန်း၏ စကားနှင့် လက်တွေ့လုပ်ရပ်ကို မြင်ရသော် စိတ်ထဲမှ...

"ဒီ ရှက်စွန်းဆိုတဲ့လူဟာ ရက်စက် ကြမ်းကြုတ်ပေမယ့် သူ့မျက်နှာက အင်မတန် တည်ကြည်ဖြောင့်မတ်ပုံ ပေါ်နေပါလား၊ ပြီးတော့ သူ ရက်စက်ကြမ်းကြုတ်တယ် ဆိုတာမှာလဲ တကယ့်ကို ရက်စက်ယုတ်မာတဲ့ ဒုစရိုက်ကောင်တွေကိုသာ ရက်ရက်စက်စက် ပြန်ပြီး ဒဏ်ခတ်နေတာပဲ"ဟု တွေးမိပြီးလျှင် ရှက်စွန်းအပေါ်တွင် ခင်မင် ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာရလေတော့၏။

ထို့ကြောင့် ကျန်းချွေးဆန်းက ငြိမ်သက်မနေတော့ဘဲ စကားဆိုလေ၏။

"ဆရာကြီး ရှက်စွန်းခင်ဗျား၊ ဒီလို လူယုတ်မာတွေ၊ ဒုစရိုက် အမိုက်သရိုက်ကောင်တွေကို သတ်ပစ်ဖို့အတွက်နဲ့ ဆရာကြီးကိုယ်တိုင် အခုလို ဘာဖြစ်လို့ စွန့်စားရတာလဲ ခင်ဗျာ"

ရှက်စွန်းက ကျန်းချွေးဆန်းအား မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်၏။ ကျန်းချွေးဆန်းက မကြောက်မရွံ့ ပြုံး၍ပင် ပြလိုက်လေ၏။

ထိုအခါ ရှက်စွန်းက ထန်မာသော လေသံဖြင့်...

"ဟိတ်၊ မင်း ဘယ်သူလဲကွ"

"ကျွန်ုပ်ထော် ဟူတန်းဂိုဏ်းက ကျန်းချွေးဆန်းပါ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်၊ မင်းက ဟူတန်းဂိုဏ်းက ကျန်းချွေးဆန်းကိုး ဘာလဲ၊ မင်းလဲ ဒီနဂါးနိုင်စားကို လုဖို့ ဒီကျွန်းပေါ် ရောက်လာတာပဲလားကွ ဟေ"

ကျန်းချွေးဆန်းက ခေါင်းခါယမ်းလျက်...

"မဟုတ်ရပါဘူး ဆရာကြီး၊ ကျွန်တော် ဒီကျွန်းကို ရောက်လာရတာက ကျွန်တော့်ရဲ့အစ်ကို ရီတိုက်ရှင် ဘယ်ပုံဘယ်နည်း ဒဏ်ရာ ရခဲ့တယ်ဆိုတာကို စုံစမ်းဖို့ ထွက်လာတာပါ ဆရာကြီးခင်ဗျား၊ စောစောက ဆရာကြီးစကားထဲမှာ ကျွန်တော်ရဲ့အစ်ကို ရီတိုက်ရှင်နဲ့ ပတ်သက်ပြီး အရိပ်အမြွက်လောက် ပြောသွားတာ ကြားရပါတယ်၊ ဆရာကြီးက ကျွန်တော့်အစ်ကို ရီတိုက်ရှင်ရဲ့ ကိစ္စတွေကို စုံစုံ လင်လင် သိထားသလိုပါပဲလား၊ ဒီလိုဆိုရင် ဆရာကြီး ကျွန်တော့်ကို ပြောပြနိုင်မလားခင်ဗျာ"

ရှက်စွန်းထံမှ အဖြေမရမီ ရုတ်တရက် ကွယ်ပေါ်၏ စူးရှ ဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရပြီးလျှင် မြေပြင်ပေါ် လူးလှိမ့် လျက် တွန့်လိမ်နေပြီးနောက် အသက်ပျောက်သွားသည်ကို တွေ့လိုက် ရလေ၏။

ထိုအဖြစ်ကိုမြင်သော် ကျန်းချွေးဆန်းသည် ရှက်စွန်းအတွက် လွန်စွာ စိုးရိမ်သွား၏။ ထို့ကြောင့်...



"ဆရာကြီး ရှက်စွန်း၊ မြန်မြန် ဖြေဆေးစားလိုက်လေ" ဟု သတိပေးသည်။ ရှက်စွန်းက ပြုံးလျက်...

"မလိုပါဘူးကွ၊ ငါ့အတွက် အရက်သာ ယူလာခဲ့စမ်း"

မျက်ခုံးဖြူဂိုဏ်းမှ သိုင်းသမားတစ်ယောက်က ချက်ချင်း အရက်ကရား ယူလာပေး၏။ ရှက်စွန်းက အရက်ကရားကို ကြည့်ပြီး...

"အို... မျက်ခုံးဖြူဂိုဏ်းက ဒီလောက်တောင် တွန့်တိုရ သလားဟ၊ ဒီကရားလေးနဲ့ ငါက ဘာလုပ်ရမှာလဲ၊ အိုးကြီး တစ်အိုးလောက် သယ်လာခဲ့"

ချက်ချင်းပင် အရက်အိုးကြီးတစ်လုံး အပြည့် ရှက်စွန်းရှေ့ ရောက်လာ၏။ ပေကျွေးချို၏ စိတ်ထဲတွင်...

"မင်းတော့ မြန်မြန်သေဖို့သာ ပြင်ထားပေတော့ ရှက်စွန်း ရဲ့ ဘယ့်နှယ်လဲ ကြံကြီးစည်ရာ အဆိပ်ဆားကို စားပြီးမှ အရက် သောက်ရတယ်လို့၊ အံ့ရော"

သို့သော် ရှက်စွန်းက သူလုပ်ဖွယ်ရှိသည်ကို လုပ်နေ၏။ လူတစ်ယောက် မနည်းပင် ပင့်ယူလာခဲ့ရသော အရက်အိုးကြီးမှ အရက်အပြည့်ကို တစ်စက်မကျန်အောင် တဂွပ်ဂွပ် မော့ချလိုက်သည်။

အမှန်မှုရှက်စွန်းသည် အရက်ကို အဝအပြဲသောက်ပြီး ခိမ်းထဲမှ အဆိပ်များ သန့်စင်အောင် ဆေးကြောလိုက်ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



အစာအိမ်ကို ညှစ်၍ အဆိပ်အရက်ကို ပန်းထွက်လိုက်ခြင်းပင် ဖြစ်ပါ၏။

ရှက်စွန်းသည် ပေကျွေးချိုအား ထိုသို့ ပြုပြီးနောက် ချက်ချင်းပင် အစာအိမ်ထဲတွင် အနည်းငယ် ကျန်နေသေးသော အဆိပ်ဆားရေဖြင့် ဝေလငါးဂိုဏ်း ဘက်တော်သားများ ထိုင်နေရာ စားပွဲဘက်သို့ ဖူးခနဲ မှုတ်ထုတ်လိုက်၏။

ထိုအခါ ဝေလငါးဂိုဏ်းသားများလည်း ငေးမောကြည့်နေစဉ် ဖြစ်ရာ အဆိပ်ဆားအရက်များက သူတို့ခေါင်းပေါ် ကျရောက်လျက် စိုရွှဲကုန်လေတော့၏။

အဆိပ်အရက်၏ အနံ့မှာ လွန်စွာ စံရခက်သော အနံ့မျိုး ဖြစ်၏။ ထိုအနံ့ကို အမှုမဲ့ ရှူရှိုက်မိရုံလောက်နှင့်ပင် အော့အန်နေ၏။ ဝေလငါး ဂိုဏ်းသားများလည်း ချက်ချင်းပင် မူးမေ့လျက် တဝေါဝေါ တအော့အော့ဖြင့် အော့အန်လျက် ရှိနေကြလေ၏။

ဝေလငါးဂိုဏ်းမှ ဂိုဏ်းခေါင်းဆောင် မိုက်ကျင်းသည် သူ့ဂိုဏ်းသားများ အစော်ကားခံရသည်ကို မြင်သော် ထိုင်ရာမှ ဆတ်ခနဲ မတ်တတ် ထ,ရပ်၏။ သို့သော် ဘာစဉ်းစားမိသည် မသိ။ ချက်ချင်း ပြန်ထိုင်ချလိုက်ပြန်၏။

ရှက်စွန်းက ဂနှာမငြိမ် ဖြစ်နေသော ဝေလငါးဂိုဏ်း ခေါင်းဆောင် မိုက်ကျင်းကို ကြည့်ရင်း...



"ဟိုတ် မိုက်ကျင်း၊ အိန္ဒစ် ငါးလပိုင်းမှာ မင်းဦးဆောင်တဲ့ အဖွဲ့က ဟင်ကျုန်းမြစ်ဝမှာ အရှေ့ပင်လယ်ကိုသွားတဲ့ လှေကြီး တစ်စင်းကို လုယက်ခဲ့တယ် မဟုတ်လား"ဟု မေးလေ၏။

မိုက်ကျင်းမျက်နှာ ချက်ချင်းပျက်သွား၏။ အထစ်အငေါ့ ဖြင့်လည်း...

"ဟုတ်... ဟုတ်ပါတယ် ခင်ဗျာ"

"ကောင်းပြီ မိုက်ကျင်း၊ မင်းတို့က ပင်လယ်ဓားပြအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ အကောင်တွေဆိုတော့ ဓားပြတိုက် လုယက်ရရင် ဘယ်လို အသက်ရှင် နေထိုင်နိုင်မှာလဲကွ၊ ဒါကို ငါက အပြစ်မတင်ဘူး၊ ဒါပေမယ့်..."

"ဘာ... ဘာ ဒါပေမယ့်လဲ ခင်ဗျာ"

"တိတ်နေစမ်း မိုက်ကျင်း၊ ငါ စကားပြောနေတယ်၊ ဖြတ် ဖြတ်တာတို့၊ စကားနိုင်လုသလို ဖြတ်ပြောတာတို့ကို လုံးဝ မလုပ် နဲ့"

"ဟုတ်... ဟုတ်ကဲ့ ခင်ဗျ"

"ဒါပေမယ့် မင်းတို့က ပစ္စည်းဥစ္စာတင် လုယက်ယူခြင်း မကျေနပ်သေးဘဲ အဲဒီ လှေကြီးပေါ်မှာပါတဲ့ အပြစ်မဲ့တဲ့ ကုန်သည် နှစ်ဆယ်ကျော်ကိုပါ ပင်လယ်ထဲ ပစ်ချပြီး အားနွဲ့တဲ့ မိန်းကလေး ဆယ်ယောက်ကိုလဲပဲ အသက်ဆုံးတဲ့အထိ အဓမ္မပြုကျင့်ခဲ့တယ်၊

အဲဒီ အပြုအမူဟာ ငါတို့ သိုင်းလောက တစ်ခုလုံးကို အိုးမဲသုတ်လိုက်တဲ့ အပြုအမူ၊ တကယ့် သိုင်းပညာရှင်တွေကို စော်ကားလိုက်တဲ့ အပြုအမူကွ၊ ဒါကိုတော့ ငါ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ ကဲ... မင်း ဘာစောဒကတက်မလဲ၊ တက်နိုင်တယ် မိုက်ကျောင်း"

မိုက်ကျောင်း တစ်ကိုယ်လုံး ကျဉ်ခနဲ ခံစားလိုက်ရ၏။ တုန်ယင်ထစ်ငေါ့သော အသံဖြင့်...

"ဒါ... ဒါကတော့ ကျုပ်ရဲ့ ငယ်သားတပည့်တွေရဲ့ လက်ချက်ပါ၊ ကျုပ် နောက်ကွယ်မှာဖြစ်တဲ့ ကိစ္စပါ၊ ကျုပ် လုံးဝ မပါပါဘူး ဗျာ"

"ဒီမှာ မိုက်ကျောင်း၊ မင်းဟာ မင်းရဲ့ ငယ်သားတပည့်တွေရဲ့ ဦးစီးခေါင်းဆောင် မဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ် ခင်ဗျာ"

"ဟုတ်ရင် မင်းရဲ့ ငယ်သားတွေ ဒီလောက် စည်းမဲ့ကမ်းမဲ့ ဒုစရိုက်ပြစ်မှုကြီးတွေ အရမ်းကာရော ကျူးလွန်နေတာကို မင်း လက်ပိုက်ကြည့်နေတာဟာ မင်းမှာ ပိုပြီး အပြစ်မရှိလား၊ ဒီမှာ မိုက်ကျောင်း၊ ငါ ရှင်းရှင်းပြောမယ်၊ မင်းတို့ဂိုဏ်းရဲ့ အပြုအမူတွေဟာ ငါတို့ သိုင်းသမား၊ သိုင်းပညာရှင် တစ်စုလုံးရဲ့ သိက္ခာကို စော်ကားလိုက်တဲ့ အပြုအမူ၊ တို့မျက်နှာကို ခြေထောက်နဲ့ ဆောင့်



ကန်လိုက်တဲ့ အပြုအမူပဲကွ၊ ဒါနဲ့များ မင်းနဲ့ မဆိုင်ဘူး၊ မပတ်သက်ဘူး ပြောဝံ့ရအောင် မင်း မရှက်ဘူးလား၊ မင်းဟာ မင်းတို့ဂိုဏ်းရဲ့ ခေါင်းဆောင်လား၊ ခေါင်းရှောင်လား၊ ဖြေစမ်းပါ"

"ကျုပ် ခေါင်းဆောင်ပါ"

"အေး၊ ခေါင်းဆောင်ဆိုရင် အပြစ်ကျစရာရှိရင် မင်းမှာ ပိုပြီး ကြီးကြီးကျယ်ကျယ် အပြစ်ရဖို့ ရှိတယ်ဆိုတာ နားလည်ပါ၊ ဟဲ... မိုက်ကျောင်း၊ ဘာပြောဦးမလဲ"

မိုက်ကျောင်း ဘာမှမပြောတော့။ ပြောရန်လည်း အကြောင်းအရာက သူ့ခေါင်းပေါ် ပုံကျနေပြီ။ ထို့ကြောင့် သူ လွတ်လမ်းမရှိတော့မှန်း ချက်ချင်းသိပြီး ခါးမှ ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်၏။ ပြီးလျှင် သူ့ဝေလငါးဂိုဏ်းသားများဘက်သို့ ချာခနဲ လှည့်၍...

"ချာစီ၊ ချင်းဆန်၊ ဟူလို့ မင်းတို့တွေ ပါနေ့က ကိစ္စမှာ ပါကြတယ် မဟုတ်လားဟေ့"

စကားလည်းအဆုံး သူ့လက်မှ ဓားက သုံးချက်မျှ လွှပ်ရှားသွား၏။ ထိုအခါ ငယ်သားသုံးယောက်မှာ ငှက်ပျောပင် ခုတ်လှဲချသလို စကားတစ်ခွန်းမျှပင် ပြန်မပြောနိုင်မီ တုန်းခနဲ လဲကျအသက်ပျောက်သွားကြတော့၏။

ရှက်စွန်းက ထောင်းခနဲ ဒေါသဖြစ်သွား၏။

www.burmeseclassic.com



"ဟော့... မိုက်ကျောင်း၊ မင်းက အခုမှ ငါ့ရှေ့မှာ မင်းတပည့်တွေကို သေလောက်အောင် ဆုံးမပြနေဖို့ မလိုပါဘူး၊ မင်းအသိက သိပ်နောက်ကျသွားပြီကွ၊ အရင်ကသာ ဒီလို မင်းတပည့်တွေကို ထိန်းသိမ်းကြပ်မတ်ခဲ့ရင် ဒီနေ့ မင်းကို ငါ လာရှာဖို့တောင် မလိုတော့ဘူး၊ ဒီတော့ မင်းနဲ့ငါ တိုတိုပြတ်ပြတ်ပဲ ရှင်းလိုက်ကြရအောင်၊ မင်း လက်ထဲမှာ ဓားရှိတယ်၊ မင်းဟာ အဆင့်မြင့် သိုင်းသမားတစ်ယောက်လဲ ဖြစ်တယ်၊ ဒီတော့ မင်းရဲ့ စိတ်ကြိုက် သိုင်းကွက် အကောင်းဆုံးသိုင်းကွက်နဲ့ ငါ့ကို တိုက်စမ်းကွာ"

မိုက်ကျောင်း သက်ပြင်း လေးပင်စွာချသည်။ ရှက်စွန်းလက်မှ ဘယ်သို့မျှ ရှောင်တိမ်း၍ မရတော့မှန်း သူ သိပြီ။ ထို့ကြောင့် သူသေကိုယ်သေ ရင်ဆိုင်ရန်သာ သူ ဆုံးဖြတ်ရတော့၏။ သို့ရာတွင် သူ့စိတ်ကြိုက် ပြမှုနိုင်သည်ဟု ရှက်စွန်းက အခွင့်အရေး ပေးထားပေရာ သူ့ခေါင်းထဲသို့ အတွေးတစ်ခု ချက်ချင်း ဝင်လာလေ၏။ ထိုအတွေးမှာ...

"ကျွန်းပေါ်မှာသာဆိုရင် ငါ သူ့ကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်ဘူး၊ အဲ... ရေထဲမှာဆိုရင်တော့ ငါ့ကမ္ဘာ၊ ငါ့စိတ်ကြိုက်နေရာပဲ၊ ငါ သူ့ကို မယှဉ်နိုင်တာတောင် ကိုယ်လွတ်ရုန်း ပြေးနိုင်မှာ သေချာတယ်"



သို့ဖြင့် "ဆရာကြီး ရှက်စွန်း၊ ကျုပ် ဒီကုန်းပေါ်မှာ ဆရာကြီးနဲ့ ယှဉ်ပြိုင်ဖို့ထက်၊ ရေအောက်မှာ ယှဉ်ပြိုင်ချင်ပါတယ်၊ ဒါမှလဲ ကျုပ်ရဲ့စိတ်ကြိုက် သိုင်းကွက်၊ အကောင်းဆုံး သိုင်းကွက်တွေကို သုံးနိုင်မယ် ခင်ဗျ"

"မင်းသဘောပဲ မိုက်ကျောင်း၊ ကိုင်း... မင်း စိတ်ကြိုက် ရွေးပြီးပြီဆိုရင် ပင်လယ်ထဲသွားပြီး ပြိုင်ကြတာပေါ့ကွာ၊ ကဲ... လာ"

ရှက်စွန်းက စကားအဆုံးတွင် သုံးလှမ်းမျှ လျှောက်ထွက်လိုက်ပြီးမှ ရုတ်တရက် ခြေလှမ်းကို ရပ်ပစ်လိုက်၏။ အကြောင်းအား ရှက်စွန်းခေါင်းထဲ အတွေးတစ်ခု ပြေးဝင်လာသောကြောင့် ဤသို့ ရေရွတ်မိ၏။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ အခုနေ ငါ ဒီကထွက်သွားရင် ဒီထဲက လူတွေအားလုံး ထွက်ပြေးသွားကြမယ်"

လူထွားကျိုင်း ရှက်စွန်း၏ ရေရွတ်သံက အများသူငါ သာမန် စကားပြောသံထက် ကျယ်လောင်ပေရာ အားလုံး နားဖြင့် ဆတ်ဆတ်ကြားကြရလေ၏။ ထိုအခါ ရင်တုန်ခြင်း၊ ချောက်ချားခြင်း၊ နှလုံးမငြိမ်ခြင်း၊ အသားများ ဆတ်ဆတ်တုန်ကာ သွေးများ အေးစက်သွားခြင်းတို့ဖြင့် လူအများသည် ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်အတိုင်းအတာဖြင့် အသက အသက ခံစားလိုက်ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလိုလို၏ စိတ်ထဲမှလည်း...

"အင်း... သူကငါတို့ ထွက်ပြေးသွားမှာကို ကြောက် တယ်တဲ့၊ ဒီလိုဆိုရင် ဒီမှာရှိတဲ့ လူတွေအားလုံးကို သူ သတ်ပ မလို့နဲ့တူတယ်"ဟု တွေးမိကြ၏။

မိုက်ကျွင်းက ဤအခွင့်အရေးကို ယူကာ အလောတကြီးဖြ ဆို၏။

"ဆရာကြီး ရှက်စွန်းခင်ဗျာ၊ ပင်လယ်ထဲသွားပြီး ပြိုင်ရင် ကျုပ် ဆရာကြီးကို မနိုင်,နိုင်ပါဘူး၊ ဒီတော့ ကျုပ် အရှုံးပေး တယ်"ဟု ခယ တောင်းပန်သံဖြင့် ဆိုလေ၏။

ရှက်စွန်းက မိုက်ကျွင်းကို စူးစူးစိမ်းစိမ်း တစ်ချက်ကြ ပြီး...

"ကောင်းပြီလေ၊ မင်း ငါ့ကို အရှုံးပေးတယ်ဆိုရင် အ ငါ့ရှေ့မှာတင် မင်းကိုယ်မင်း ကြိုက်ရာနည်းနဲ့ သတ်သေပြ တော့"

"ဗျာ"

မိုက်ကျွင်း ပို၍ ခေါင်းနပန်းကြီးသွား၏။ နဖူးပြင်မှ ချွေး ချွေးပေါက်များ ဒီးဒီးကျလာ၏။

"ဗျာတွေ ဘာတွေ လုပ်မနေနဲ့၊ ကဲ... လုပ်စရာရှိလုပ် လေ"



"မ... မဟုတ်သေးပါဘူး ဆရာကြီးရယ်၊ သိုင်းပညာ ပြိုင်တာလေးနဲ့ သတ်သေရမယ်ဆိုတာ..."

"ဟော့... မိုက်ကျွင်း၊ မင်း တိတ်ဆိတ်တိတ်တော့၊ ဒီမှာ မင်းမို့လို့ မစဉ်းစားမိတယ်၊ မင်းလိုကောင်က ငါ့လိုလူနဲ့ သိုင်းပညာ ချင်းပြိုင်ရအောင် အဆင့်ချင်း တူသလား တန်သလားကွ ဟော၊ ငါ ဒီနေ့လာတာ မင်းနဲ့ သိုင်းပညာချင်းပြိုင်ဖို့ မဟုတ်ဘူးကွ၊ မင်း အသက်ကို တောင်းဖို့လာတာ၊ ဒီမှာ အားလုံးကြားအောင် တစ်ခါတည်း ပြောလိုက်မယ်၊ ကျုပ် ရှက်စွန်းဟာ တစ်ဖက်သားအပေါ် မတော် မတရား လုပ်ခဲ့တဲ့သူ မှန်သမျှကို တစ်ယောက်မှ အသက်ရှင်လျက် မထားခဲ့ဘူး၊ အကုန်လုံး ငရဲကို ဖြတ်လမ်းက ပို့ပစ်မယ်၊ အဲဒါကို သိထားပြီးရင် မင်းတို့က မင်းတို့ရဲ့ စိတ်ကြိုက် သိုင်းပညာနဲ့ ငါ့ကို တိုက်ခိုက်နိုင်တယ်၊ တကယ်လို့ ငါ့ကို မင်းတို့နိုင်ရင် မင်းတို့ ကုသိုလ်ပေါ့ကွာ"

ရှက်စွန်းက မိုက်ကျွင်းဘက်သို့ အာရုံလှည့်လိုက်ပြန်၏။ သူသည် မြေကြီးထဲမှ ရွံ့စေးနှစ်တုံးကို နှိုက်ယူ၍ အရက်ဖြင့် ရောပြီးလျှင် ညောင်စေးကျုံမျှ စေးထိုင်းအောင် လုပ်ပြီးနောက်...

"ကဲ...မိုက်ကျွင်း၊ မင်းနဲ့ငါ ရေအောက်မှာ ယှဉ်ပြိုင်မယ် ဆိုပါတော့၊ အဲဒီအခါ အရေးအကြီးဆုံးကတော့ ဘာလဲဟေ့၊ ရေအောက်မှာ ဘယ်လောက်ကြာကြာ နေနိုင်တယ်ဆိုတဲ့ အပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တည်တယ်၊ အဲဒါ တကယ့်အချက်ပဲ၊ အခု တို့နှစ်ယောက်စလုံး ယောဒီ ရွှံ့စေးတုံးနဲ့ ပါးစပ်ရယ်၊ နှာခေါင်းရယ်ကို ပိတ်ထား လိုက်မယ်၊ အဲဒီလို ပိတ်ထားလိုက်တဲ့ အချိန်မှာ ဘယ်သူ အကြာကြီး အပိတ်ခံနိုင်မလဲ၊ ဒါမှမဟုတ် မှန်းလို့ ရွှံ့စေးကို ငါကဖြစ်စေ၊ မင်းကဖြစ်စေ ခွာမိရင် အဲဒီလူဟာ အရှုံးပဲ၊ ရှုံးတာနဲ့ သေဖို့ တစ်လမ်းပဲရှိတယ်၊ ဒါပဲ မိုက်ကျင်း"

ရှက်စွန်းက ပြောပြီးသည်နှင့် မိုက်ကျင်း သဘောတူသည် မတူသည်ကို မစောင့်တော့။ သူကပင် ဦးစွာ ရွှံ့စေးဖြင့် သူ့ပါးစပ် နှင့် နှာခေါင်းကို ပိတ်လိုက်၏။ ကျန်သော ရွှံ့စေးတုံးကြီးကို 'ရိုးခနဲ' ပစ်လိုက်ရာ သူ့အား ပါးစပ်အဟောင်းသားဖြင့် ကြောင်၍ ကြည့်နေသော မိုက်ကျင်း၏ ပါးစပ်နှင့်တကွ နှာခေါင်းပေါက်ပါ ပိတ်လျက်သား ဖြစ်သွားလေ၏။

သိုင်းသမား ပရိသတ်အားလုံးက ထိုအဖြစ်ကို ကြည့်ရင်း ငိုအားထက် ရယ်အားသန်ဆိုသလို ရယ်ချင်စိတ်များ ဖြစ်ပေါ်၍ လာ၏။ သို့သော် မည်သူမျှ မရယ်နိုင်ချေ။

မိုက်ကျင်းသည် ရွှံ့စေးများဖြင့် ပါးစပ်နှင့် နှာခေါင်းကို အပိတ်ခံရသောအခါ ချက်ချင်း တင်ပျဉ်ခွေထိုင်၍ နေလိုက်၏။ သည့်နှယ် အသက်အောင့်၍ နေ ?တ်သော အတတ်ပညာမှာ တကယ်တော့ သူ၏ လက်စွဲပညာပင်ဖြစ်ပါ၏။ မိုက်ကျင်းသည်



ငယ်စဉ်ကပင် ရေအောက်သို့ ငုပ်၍ ပုစွန်၊ ကဏန်းများကို ဖမ်းဆီး စားလေ့ရှိ၏။ နောက်ပိုင်း သူ ကြီးပြင်းလာသောအခါမူ သူသည် ရေအောက်တွင် နာရီဝက်နီးပါးခန့် နေနိုင်ခဲ့သည်။

ထို့ကြောင့် ယခု ဤပဏာမပြိုင်ပွဲဟု ဆိုရမည့် မြေပေါ် အသက်အောင့်ပြိုင်ပွဲတွင်မူ သူက ကျင့်သားရပြီးသူပီပီ ရှုံးမည်ကို သုံးဝမကြောက်သည့်ပြင် ပို၍ ကြာမြင့်စွာ အသက်အောင့်နိုင် လေသည်။

ရှက်စွန်းမူ သူကဲ့သို့ ငြိမ်သက်စွာ တင်ပျဉ်ခွေ ထိုင်မနေပါ။ ဟိုလျှောက် ဒီလျှောက်နှင့် လှုပ်လှုပ်ရှားရှား လုပ်နေ၏။ သူသည် သက်သီးဘုရင်ဂိုဏ်းအဖွဲ့ရှေ့သို့ ရောက်သောအခါ လက်သီးဘုရင် ဂိုဏ်းချုပ် ကောသန်းအား တစ်ချက်မျှ စိုက်ကြည့်လိုက်၏။ ကောသန်းမှာ သူ၏ စူးစိမ်းသော အကြည့်ကြောင့် ကြက်သီးမွေးညင်း တချန်းဖျန်း ထ,မိ၏။ ချက်ချင်း မတ်တတ်ရပ်၍လည်း ရှက်စွန်း အား အရိုအသေပေးသည်။ ပြီးလျှင် သူ့ကိုယ်သူ မိတ်ဆက် လေ၏။

"ဆရာကြီး ကျုပ်ကတော့ လက်သီးဘုရင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ကောသန်းပါ"

ရှက်စွန်းက ပါးစပ်ပိတ်ထား၍ စကားမပြောနိုင်။ သို့သော် ကောသန်းရှေ့မှ အရက်ခွက်ထဲသို့ လက်ညှိုးကို ထည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စားပွဲခုံတွင် စားလုံးသုံးလုံး ရေးချလိုက်၏။ ကောသန်းသည် ထိုစာလုံးသုံးလုံးကို မြင်သည်နှင့် နေ့ခင်းကြောင်တောင် တစ္ဆေ သူရဲ အခြောက်ခံရသူနှယ် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွား၏။ သူနှင့်အတူ တစ်ဝိုင်းတည်း ထိုင်နေကြသော သူ့တပည့် ဂိုဏ်းသားများက ထိုစာလုံးကို ကြည့်လိုက်သော် ချွေးဖန်းရင် ဟူသော မိန်းကလေးတစ်ဦး၏အမည် ဖြစ်နေသည်ကို တွေ့ရ၏။ သို့သော် သူတို့ အားလုံးသည် သူတို့ ဂိုဏ်းချုပ်က ဤမိန်းကလေး၏ နာမည်ကို တွေ့လိုက်ရုံဖြင့် အဘယ့်ကြောင့် တုန်လှုပ်ချောက်ချား လျက် မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်ကိုမူ နားမလည် ကြချေ။

အမှန်မှု မိန်းမလှလေး ချွေးဖန်းရင်သည် ကောသန်း အား သိုင်းပညာ စတင် သင်ကြားပေးသော လက်ဦးဆရာ၏ တစ်ဦး တည်းသော သမီးပျိုဖြစ်သည်။ လက်ဦးဆရာ သေဆုံး ပြီးနောက် ကောသန်းသည် ချွေးဖန်းရင်အား သိမ်းပိုက်ပြီးနောက် ရက်စက်စွာ စွန့်ပစ်လိုက်လေ၏။ သူ စွန့်ပစ်လိုက်ချိန်တွင် ချွေးဖန်းရင်တွင် ကိုယ်ဝန် ရှိနေပေပြီ။ နောက်ဆုံးတွင်မူ မဖုံးနိုင် မဖိနိုင်သော အခြေအနေသို့ ရောက သာ ချွေးဖန်းရင်သည် အရှက်ကို အသက်ဖြင့် လဲ၍ မိမိကိုယ်မိမိ ကြိုးဆွဲချ အဆုံးစီရင်လိုက် ရှာလေသည်။



ကောသန်းမှာတော့မူ ဘယ်သူသေသေ ငတေမာပြီးရော သောဖြင့် နောက်ပြန် လှည့်မကြည့်တော့။ သူသည် လက်သီးဘုရင် ဂိုဏ်း၏ ဂိုဏ်းချုပ်ဆရာထံတွင် တပည့်ခံလိုက်၏။ နောက်ဆုံး ခု သူကိုယ်တိုင် ထိုဂိုဏ်း၏ ဂိုဏ်းချုပ် ဖြစ်လာခဲ့သည်။ တကယ် ၌ ကောသန်းနှင့် ချွေးဖန်းရင်တို့၏ ကိစ္စမှာ ကုန်လွန်ခဲ့သော နှစ် နှစ်ဆယ်ခန့် ကိစ္စဖြစ်၍ မည်သူမျှ မသိကြချေ။ သို့ရာတွင် ခုမူ မထင်မှတ်ဘဲ ရှက်စွန်းက လူပုံအလယ်တွင် ထိုအကြောင်း ဖွင့်ချ ပရော့မည်။ ရှက်စွန်း ဘယ်ပုံ သိသည်ကိုလည်း သူ ဦးစားတတ်အောင် ဖြစ်သွားသည်။ ထို့ကြောင့် ကောသန်းသည် လှုပ်ချောက်ချားသွားပြီးလျှင် သူ့ခေါင်းထဲသို့ အတွေးများ ဝင်လာလေ၏။

“ရှက်စွန်း သိသွားပြီ၊ မလွယ်တော့ဘူး၊ တော်ကြာ သူ ကျင်းကို နိုင်သွားရင် သူ့ပါးစပ်မှာ ပိတ်ထားတဲ့ ရွှံ့တွေကို ငါ့အကြောင်းကို အမြစ်ကလှန်ပြီး ဖွင့်ချမှာ သေချာတယ်၊ တော့ ငါ့ကို အပြစ်ပေးမှာလဲ အမှန်ပဲ၊ ဒီတော့ အခုပဲ ငါ အခွင့်အရေးကို ယူပြီး သူ့ကို တိုက်ခိုက်မယ်၊ သူက ငါ့ကို ပြန်ပြီး ခိုက်ရင် မိုက်ကျင်းနဲ့သူပြိုင်တဲ့ အသက်အောင့်ပွဲမှာ သူ ရှုံးမှာ တယ်”

သည်အတွေးဖြင့် ကောသန်းသည် ထိုင်ရာမှ ထ ခနဲ ပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လက်သီးဘုရင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပါ၊ ကျုပ်တစ်သက်လုံးမှာ သက်သီးသိုင်းပညာကိုပဲ စိုက်လိုက်မတ်တတ် လေ့ကျင့်ခဲ့ပါတယ်၊ အခု ကြုံတုန်း ဆရာကြီးနဲ့ ပညာချင်း ဖလှယ်ပါရစေ"ဟု ရှက်စွန်းအား စိန်ခေါ်လိုက်၏။

ရှက်စွန်း မည်သို့မျှ အဖြေမပေးမီမှာပင် ကော့သန်းက အလွန်ပြင်းသော လက်သီးတစ်လုံးကို ဝှီးခနဲနေအောင် ပစ်သွင်းလိုက်၏။ လက်သီးသွားရာ လမ်းကြောင်းကလည်း ချက်အောက်နေရာသို့ပင် ဖြစ်ပါ၏။ တစ်နည်းဆိုသော် တစ်ချက်တည်းနှင့် အပြတ်လုပ်ခြင်းပင် ဖြစ်သည်။ သူ့ဂိုဏ်းကို လက်သီးဘုရင်ဂိုဏ်းဟု နာမည်ပေးထားကတည်းက ကော့သန်း၏ လက်သီးမှာ မည်မျှပြင်းကြောင်း ခန့်မှန်းနိုင်၏။ ကော့သန်း၏ လက်သီးမှာ ကျွဲရိုင်းကြီးတစ်ကောင်ကိုပင် ဗိုင်းခနဲ လဲသိပ်စေနိုင်သော လက်သီးမျိုးဖြစ်၏။ သာမန် သိုင်းသမားတစ်ယောက်ဆိုလျှင်မူ သူတို့၏ လက်သီးချက်ကို မည်သို့မျှ မခံနိုင်ချေ။

ထို့ကြောင့် ရှက်စွန်းအား သူ၏ အလွန်ပြင်းသော လျှပ်တစ်ပြက် လက်သီးဖြင့် သူက ဦးအောင် စတင်တိုက်ခိုက် လိုက်၏။ သို့သော် ရှက်စွန်းက သူ့လက်သီးကို အသာပင် လွှဲဖယ် ပေးလိုက်၏။ ကော့သန်းက ရှက်စွန်း၏ ခံလက်သီးများ မပြင်း လှဟု ထင်သွား၏။ ထို့ကြောင့် သူက တစ်ချက်အော်ပြီး ဒုတိယနှင့် တတိယ



သက်သီးများကို တရစပ် ပစ်သွင်းပြန်၏။ ထိုသက်သီး နှစ်လုံးမှာ သူ့တစ်ကိုယ်လုံးရှိ အားများကို စုစည်း၍ အားမာန် အပြည့် ထိုးလိုက်ခြင်းပင် ဖြစ်၏။

ထိုအချိန်တွင် ပါးစပ်ရော နှာခေါင်းပေါက်တွေကိုပါ ပိတ်ပြီး အသက်အောင့်နေသော မိုက်ကျင်း၏ မျက်နှာတစ်ခုလုံး နီရဲ တက်လာလျက် ရှိ၏။ မျက်လုံးအကြည့်ကလည်း ဝေဝါးလျက် မှုန်မိုက်လာ၏။ အသက်ကို ဘယ်နည်းနှင့်မျှ ဆက်၍ အောင့်မထား နိုင်တော့ချေ။ ထိုအခိုက် မိုက်ကျင်း၏ သားသည် သူ့ဖခင် အခြေ အနေဆိုးကို မြင်သော် တစ်ဘက်တွင် ကော့သန်းနှင့် ရှက်စွန်းတို့ တိုက်ခိုက်နေသော အခွင့်ကောင်းကိုယူလျက် သူတို့ဂိုဏ်းထဲမှ မိန်းကလေးတစ်ယောက်၏ ဆံထိုးကို တိတ်တဆိတ်ယူကာ သူ့ ဖခင်၏ ပါးစပ်ဆီသို့ ပစ်ပေါက်လိုက်၏။ ထိုသို့ ပစ်ပေါက်လိုက် ခြင်းဖြင့် မိုက်ကျင်း၏ ပါးစပ်တွင် ဒဏ်ရာ ရနိုင်သော်လည်း ပိတ်ဆို့နေသော ရွှံ့စေးကို ထွင်းဖောက်ပြီး အပေါက်တစ်ပေါက် ဖြစ်သွားနိုင်ပြီးလျှင် လေဝင်လေထွက် အနည်းငယ်မျှ ရခြင်းဖြင့်ပင် သူ့ဖခင် အသက် မသေနိုင်တော့ဟု ထင်မိ၏။

သို့ရာတွင် မိုက်ကျင်း၏ သားသည် မှန်းချက်မလိုက် ဖြစ်သွားရ၏။ အကြောင်းမူ သူပစ်လိုက်သော ဆံထိုးသည် မိုက်ကျင်းထံ ရောက်မီ ရှက်စွန်းက လှမ်းခနဲမြင်ပြီး ကျောက်တုံးတစ်တုံးကို

www.burmeseclassic.com

ခြေဖြင့် ဆတ်ခနဲ ပင့်ကန်လိုက်ရာ ထိုကျောက်တုံးက ဆံထုံးကို ထိမှန်သွား၏။ သို့ဖြင့် ဆံထုံးမှာ နောက်ပြန် လွင့်သွားပြီး အရှိန်ပြင်းစွာဖြင့် မိုက်ကျင်း၏သား မျက်စိတစ်ဖက်၌ ထိုးစိုက်သွားလေ၏။ တစ်ပြိုင်နက်တည်းမှာပင် ကော့သန်း၏ လက်သီးကလည်း ရှက်စွန်း၏ ဝမ်းဗိုက်ကို မိမိရရ ထိမှန်သွား၏။ လက်သီးချက်က လွန်စွာ ပြင်းထန်လှပေရာ ကော့သန်း၏ စိတ်ထဲ၌ ဤတစ်ချီတွင် ရှက်စွန်း ဘယ်နည်းနှင့်မျှ နာလံမထူနိုင်တော့ဟု ထင်လိုက်လေ၏။ ထို့ကြောင့် ထိုးလက်သီးဝင်သွားချိန်တွင် ကော့သန်း လွန်စွာ ဝမ်းသာသွား၏။ သို့သော် သူ ထင်သကဲ့သို့ မဟုတ်ဘဲ သူ့လက်သီးမှာ ထူထဲသော သံပြားတစ်ချပ်ကို ထိုးမိသကဲ့သို့ ခံစားလိုက်ရပြီး လက်တစ်ဖက်လုံး ထုံကျင်သွားတော့၏။ အခြေအနေကြောင့် သူက လက်သီးကို အမြန်ဆုံး ပြန်ရုပ်သိမ်းရန် ပြုလိုက်၏။ သို့သော် နောက်ကျသွားပြီ ဖြစ်ပါ၏။ ထိုအခါ ရှက်စွန်းက ဘယ်ဘက်လက်ဖြင့် ကော့သန်း၏ ခါးကို စမ်းလိုက်၏။

ကော့သန်း၏ တပည့် သိုင်းသမားနှစ်ယောက်သည် သူတို့ဆရာ အခြေအနေ ဆိုးပြီကို သိသည်နှင့် စားပွဲဝိုင်းတွင် ထိုင်နေရာမှခုန်ထွက်ရန် ဟန်ပြင်လိုက်၏။ ရှက်စွန်းက ထိုနှစ်ယောက်ကို မျက်လုံး ပြူးပြဲ၍ စိမ်းစိမ်းစူးစူး တစ်ချက်ကြည့်လိုက်ရာ နှစ်ဦးစလုံး တုံ့ခနဲ ဖြစ်သွားပြီး ဆတ်ခနဲ ပြန်ထိုင်လိုက်ကြရ၏။



ထို့နောက် ရှက်စွန်းသည် ကော့သန်း၏ ခါးမှ ခါးစည်းကို ဖြုတ်ယူလိုက်ပြီး ကော့သန်း၏ လည်ပင်းအား ရစ်ပတ်ချည်နှောင်လိုက်လေ၏။ နောက် ရုတ်တရက် ခုန်ထွက်လိုက်ပြီးလျှင် သစ်ပင်တစ်ပင်၏ အကိုင်းတွင် ခါးစည်းကို ချည်လိုက်လေသည်။ ကော့သန်းသည် တွဲလောင်း တွဲလောင်းဖြင့် သစ်ကိုင်းထက်တွင် လှုပ်လှုပ်ရုန်းကန်ရင်း တဖြည်းဖြည်း အသက်ရှူ ကျပ်လာလေတော့၏။

ယင်းအချိန်တွင် ကော့သန်း၏ မျက်ဝန်းအစုံ၌ ကိုယ်ဝန်အရင့်အမာဖြင့် အရှက်ကို အသက်ဖြင့်လဲ၍ ကြိုးဆွဲချ သေဆုံးသွားရှာသော ဈေးဖန်းရင်း၏ ရုပ်ပုံလွှာကို မြင်လာလေ၏။ ဈေးဖန်းရင်း ဆွဲကြိုးချခဲ့စဉ်က မသေမီ မချိမဆံ့ ခံရပုံများ၊ ရုန်းကန်နေပုံများ၊ နေ့လယ် အိပ်မက်ဆိုးများ။ ထိုသို့ ပြန်လည်မြင်ယောင်စဉ် သူသည် တစ်ချက်မျှသာ ချည့်နဲ့စွာ ရုန်းကန်ပြီးလျှင် အသက်ထွက်သွားလေတော့သည်။

တစ်ဖက်တွင်လည်း မိုက်ကျင်းမှာမရှုမလှ အသက်ထွက်သွားပြီ ဖြစ်ပါ၏။

ရှက်စွန်းသည် ထိုအခါကျမှပင် သူ့ပါးစပ်နှင့် နှာခေါင်းတွင် ပိတ်ဆို့ထားသော ရွှံ့စေးများကို ဖယ်ရှားပစ်လိုက်၏။ ပြီးလျှင် အပေါ်တရ ဟားတိုက် ရယ်မောပြီးနောက် ကျယ်လောင်သော အသံဖြင့် . . .

www.burmeseclassic.com



"ဒီနှစ်ကောင်ရဲ့ တစ်ကိုယ်လုံးထဲမှာ ဒုစရိုက်မှုတွေနဲ့ ပြည့်နှ
နေတဲ့ လူတွေကွ၊ ဒီနှစ်ကောင် အခု သေတာတောင် နောက်
လှပြီ"ဟု ဆို၏။

ပြီးလျှင် ခွန်းလွန်ကိုဇာ်းမှ ဓားသိုင်းသမား နှစ်ယောက်
စိုက်ကြည့်လိုက်ပြန်၏။

ဓားသိုင်းသမား ကောင်းကျက်ချန်နှင့် ချန်ချိုတို့ နှ
စလုံး မျက်နှာ ဖြူရော်လျက် ရှိသော်လည်း ဟန်မပျက်အော
လက်ဖြင့် ဓားရိုးကို ဖိကိုင်ထားပြီး ရှက်စွန်းအား ပြန်၍ စိုက်ကြ
လိုက်သည်။ ထိုအခိုက် ကျန်းချွေးဆန်းက ထိုင်ရာမှ မတ်တ
ရပ်၍...

ဆရာကြီး ရှက်စွန်း ခင်ဗျား၊ စောစော ဆရာကြီး သ
လိုက်တဲ့ လူတွေအားလုံးဟာ သေသင့်တဲ့ လူတွေပါပဲ၊ ဒါပေ
ဆရာကြီးကသာ လူကောင်းလူဆိုး မခွဲခြားဘဲ ဒီမှာရှိတဲ့ လူ
အားလုံးကို ဆက်ပြီးသတ်ရင် ဆရာကြီးဟာ ခုနက သေသွ
ကြတဲ့ လူတွေနဲ့ ဘာထူးတော့မှာလဲ ခင်ဗျာ"ဟု ဆို၏။

ချင်တူးတူးမှ ကျန်းချွေးဆန်းတစ်ယောက် ယခုကဲ့
ရတ်တရက် ထ,ပြောနေသည်ကို တွေ့သော် လွန်စွာ ထိတ်လ
သွားပြီး ကျန်းချွေးဆန်းအား ဆက်လက်မပြောရန် လက်
လှမ်းဆွဲလိုက်၍ တားမြစ်ရန် ပြင်လိုက်၏။



ထိုစဉ် ရှက်စွန်းက ကျန်းချွေးဆန်းအား အသေအချာ
အကဲခတ်ကြည့်ပြီးမှ တစ်ချက် ပြုံး၍...

"ဘာထူးသလဲ၊ ဟုတ်လား၊ သိပ်ထူးတာပေါ့ကွ၊ ဘာဖြစ်လို့
လဲဆိုတော့ ငါက သူတို့ထက် သိုင်းပညာ ပိုတော်တော့ ငါ
ကြိုက်သလို လုပ်နိုင်တာပေါ့ကွ၊ သူတို့ကသာ ငါ့ထက် သိုင်းပညာ
တော်ရင် ငါ့ကိုလဲ သူတို့ ကြိုက်သလို လုပ်နိုင်တယ်လေ၊ ငါတို့
သိုင်းလောကဆိုတာလဲ နိုင်သူက ဘုရင်ပဲ မဟုတ်လားကွ"

ကျန်းချွေးဆန်းက ခေါင်းခါယမ်းပြီးနောက်...

"ဒီမှာ ဆရာကြီး ရှက်စွန်း၊ လူဆိုတာ အမှားအမှန်
အကောင်းအဆိုး ခွဲခြားတတ်မှ လူလို့ ခေါ်ပါတယ် ခင်ဗျ၊ လူရယ်
တိရစ္ဆာန်ရယ်လို့ ကွာခြားစေတာဟာလဲ အဲဒီ အမှန်အမှားကို ခွဲခြား
တတ်တဲ့ ဉာဏ်ပဲခင်ဗျ၊ အဲဒီ စည်းကလေး ခြားထားတာပါပဲ၊
တကယ်လို့သာ အားကြီးတဲ့လူက အားငယ်တဲ့လူကို အမှားအမှန်
ခွဲခြားဘဲ မတရားသဖြင့် အနိုင်ယူပြီး ငါသာလျှင် ဘုရင်ဖြစ်
တယ်လို့ ကြွေးကြော်ရင် အဲဒီ ငါဆိုတဲ့ လူဟာ တိရစ္ဆာန်နဲ့ ဘာထူး
ဦးတော့မှာလဲ"

ရှက်စွန်းက တဟားဟား ရယ်ပြီးလျှင်...

"ဒီလောကမှာ မင်းပြောသလို လူတွေဟာ တကယ် အမှား
အမှန် ခွဲခြားပြီး လုပ်ကြလို့လားကွ၊ မင်း ဒီပြင် ကြည့်နဲ့၊ အခု

www.burmeseclassic.com

www.burmeseclassic.com



တို့နိုင်ငံကို မတရား သိမ်းပိုက်အုပ်ချုပ်ပြီး ဘုရင်တက်လုပ်နေတဲ့ မွန်ဂိုလူမျိုးတွေကိုပဲကြည့်၊ သူတို့က ငါတို့ လူမျိုးတွေကို သူတို့ လက်ခုပ်ထဲကရေလို သဘောထားနေကြတယ်၊ တို့လူမျိုးတွေကို သတ်လိုသတ်၊ ပစ္စည်းဥစ္စာ မတရား သိမ်းလိုသိမ်း၊ သယံဇာတ တွေကို သယ်ထုတ်လို့ သယ်ထုတ်၊ နောက်ဆုံး ကုန်ကုန်ပြောမယ်၊ တို့လူမျိုး မိန်းမသားတွေတောင် သူတို့သားမယား လုပ်လိုလုပ်၊ ဖြစ်ချင်တိုင်း ဖြစ်နေတာပဲ မဟုတ်လား၊ အဲဒီတော့ မင်းပြောသလို အမှားအမှန်ဆိုတာ အဲဒီကောင်တွေ ခွဲခြားပြီး လုပ်နေသလား ခွဲခြားနေသလား၊ ဒါပေမယ့် သူတို့က လက်ရှိ တို့နိုင်ငံကို အုပ်ချုပ် နေတယ်၊ ဘုရင်လုပ်နေတယ်၊ မင်းက မကျေနပ်လို့ အမြင်မတော် လို့ ဝင်ပြောကြည့်၊ မင်းကို ဓားနဲ့ သူတို့ ပိုင်းလိုက်မှာပဲ၊ သူတို့က မင်းနဲ့ အမှားအမှန် အကောင်းအဆိုး ဆွေးနွေးနေမှာ မဟုတ်ဘူးကွ"

ကျန်းချွေးဆန်း ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

သည်လူကြမ်း၊ လူထွားကြိုင်းကြီး၏ နှုတ်မှ ဤစကားများ ထွက်လာနိုင်လိမ့်မည်ဟု သူ မထင်မှတ်ခဲ့။ ယခုမူ သူပင်လျှင် ဘာဆက်၍ ပြောရမည်မှန်း မသိအောင် ဖြစ်သွားသည်။

ထိုစဉ် ရှက်စွန်းက ကျန်းချွေးဆန်းအား စိုက်ကြည့်ပြီး "မင်းရဲ့ ဆရာကြီးကျန်းဆန်းဖုန်းက ဟူတန်းဂိုဏ်းကို တည်ထောင် ခဲ့တဲ့ လူဆိုတော့ သူ့ရဲ့ သိုင်းပညာဟာ ငါ့ထက် သာချင်သာမယ်၊



ဒါကလဲ မဆန်းပါဘူး၊ တစ်နေ့ကျရင် ငါလဲ ဟူတန်းတောင် ပေါ်ကို တက်ပြီး ကျန်းဆန်းဖုန်းနဲ့ ပညာချင်း ဖလှယ်ဦးမှာပါပဲ၊ အဲ... ကျန်းချွေးဆန်း မင်းလဲ ကျန်းဆန်းဖုန်းရဲ့ တပည့်ကောင်း ပီပီ မင်း တတ်ထားတဲ့ အကောင်းဆုံး သိုင်းကွက်ကို အခုပဲ ငါ ကြည့်ချင်တယ်၊ ကိုင်း... ထုတ်ပြစမ်းကွာ"

✦✦✦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၄ )

www.burmeseclassic.com

www.burmeseclassic.com

# ရေခဲ မီးတောင်

ချင်တူးတူးသည် မမျှော်လင့်ဘဲ ယခုကဲ့သို့ ရုက်စွန်းက ကျွန်းချွေးဆန်းအား စိန်ခေါ်လိုက်ပြီကို သိသော် နေမထိ ထိုင်မသာ ဖြစ်သွား၏။ အကြောင်းမူ သူမ မျက်မှောက်မှာပင် ချန်ကျင်းဖန်၊ ခိုက်ကျင်းနှင့်ကောသန်းတို့ သုံးဦးသည် ရုက်စွန်း လက်ချက်ဖြင့် ရှေ့မလှ သေဆုံးခဲ့ပြီး ပေကွေးချိုလည်း ဘယ်သို့ဘယ်ပုံ အခြေအနေ ဖန်တီးလာမည်ကို မသိသေးဘဲ ယခုတိုင် သတိမေ့နေသေး လေ၏။

ယခုတစ်ဖန် ကျွန်းချွေးဆန်း အလှည့်သို့ ရောက်လာပြန်ပြီ။ ကျွန်းချွေးဆန်းသည် ဘယ်နည်းနှင့်မျှ ရုက်စွန်းအား ယှဉ်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်မည် မဟုတ်ဟု ချင်တူးတူး နားလည်ထား၏။ ထို့ကြောင့်ပင် ချင်တူးတူး၏ ရင်တစ်ခုလုံး ကြိန်မီးအုံးသည့်နှယ် ခံစားလိုက်ရပြီး လျှင် နေမထိ ထိုင်မသာ ထိတ်ထိတ်ပျာပျာ ဖြစ်နေရှာ၏။ ချင်တူးတူးသည် အရဲစွန့်၍...

"ဆရာကြီး ရှက်စွန်း၊ အခု နဂါးနိုင်ဓားက ဆရာကြီးရဲ့ လက်ထဲကို ရောက်နေပြီပဲ၊ အားလုံးကလဲ ဆရာကြီးရဲ့ သိုင်းပညာကို လေးစားရုံမက ဆရာကြီးနဲ့ ယှဉ်ပြိုင်နိုင်မယ့်လူလဲ ဒီမှာ မရှိပါဘူး ရှင်၊ ဒါတောင် ဆရာကြီး ဘာများ ဆက်လုပ်ချင်ပါသေးသလဲ"

ရှက်စွန်းက ချင်တူးတူးအား ဖျတ်ခနဲ စိုက်ကြည့်လိုက်၏။ ပြီးမှ...

"ငါက နဂါးနိုင်ဓားကို ရပြီဆိုတော့ လူသူမရှိတဲ့နေရာကို သွားပြီး ဒီဓားရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ဖို့ စိတ်ကူးထားပါတယ်၊ ဒါပေမယ့် ငါကလဲ ငါ့အစွမ်းအစ ဘယ်လောက်ရှိတယ် ဆိုတာကို သိပါတယ်၊ တို့ သိုင်းလောကမှာဆိုရင် ရှောင်လင် ဂိုဏ်းရဲ့ ကျောင်းထိုင် ဆရာတော်ကြီး ခုံးဝန်၊ ဟွာတန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆရာကြီး ကျန်းဆန်းဖုန်း၊ နောက်ပြီး ဝါမေဂိုဏ်းနဲ့ ခွန်းလွန်ဂိုဏ်းက ဝါကြီးသိုင်းဆရာတွေ အားလုံးကလဲ တကယ့် သိုင်းပညာရှင်ကြီးတွေပဲလေ၊ နောက်ပြီးတော့ မင်းတို့ မျက်ခုံးဖြူဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးကလဲ သိုင်းပညာမှာ စံထားလောက်အောင် တော်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ"



ရှက်စွန်းက ခဏလေး စကားရပ်လိုက်ပြီးနောက် နဂါးနိုင်ဓားကို တစ်ချက်မျှ ကြည့်၍...

"ဒီ နဂါးနိုင်ဓားကို ရလိုက်ပေမယ့် တခြားလူတွေလဲ လိုချင်ကြမှာ အမှန်ပဲ၊ ဒီတော့ အဲဒီလူတွေက အခုလို ငါ့လက်ထဲမှာ ဓားရောက်နေမှန်းသိရင် ငါ အေးအေးဆေးဆေး နေလို့ရမှာ မဟုတ်တော့ဘူး ဆိုတော့ ဒီဓားရဲ့ လျှို့ဝှက်ချက်ကိုလဲ ဖော်ထုတ်နိုင်ဖို့ ရမယ် မထင်တော့ဘူး၊ ဒီဓားကြီးကို ပိုက်ပြီး တစ်နေကုန် တစ်နေခန်း ရင်တမမနဲ့ နေရမယ့်အဖြစ်မျိုး ကြုံရမှာ သေချာတယ်"

ရှက်စွန်းက သက်ပြင်းချလိုက်ပြန်၏။ ပြီးမှ ရုတ်တရက်...

"အင်း... မင်းတို့ နှစ်ယောက်ကတော့ ရှေ့သွားနောက်လိုက် ခင်မတန်ညီတဲ့ စုံတွဲပါပဲ၊ ရွှေနဲ့မြ နေနဲ့လဆိုတာ မင်းတို့ စုံတွဲကိုများ ဆိုလိုတာတူပါရဲ့၊ အဟဲ... ဟဲ၊ ဒါပေမယ့် မင်းတို့ စုံတွဲကိုလဲ ငါ ထားခဲ့လို့ မဖြစ်ဘူး၊ မသတ်ချင်ပေမယ့် သတ်ရမှာပါပဲ၊ မလွှဲသာလို့ သတ်ရတဲ့ သဘောပေါ့ကွာ"

ကျန်းချွေးဆန်းနှင့် ချင်တူးတူးမှာ တစ်ယောက်ကို တစ်ယောက် မျက်နှာဖြင့် ကြည့်လိုက်မိကြ၏။ ကျန်းချွေးဆန်း မျက်နှာက

www.burmeseclassic.com

www.burmeseclassic.com



နီမြန်းသွားပြီး ချင်တူးတူး၏ မျက်တောင်ကော့ကလေးများလည်း မျက်ဝန်းလှလှကလေးကို ဖျတ်ခနဲ ဖျတ်ခနဲ အုပ်မိုးသွား၏။ ရှက်စွန်းသည် ဘာမသိ ညာမသိနှင့် ရုတ်တရက် သူတို့ နှစ်ဦးကို ရှေ့သွားနောက်လိုက် ညီသော စုံတွဲ၊ ရွှေနဲ့မြပမာ လိုက်ဖက်လှသော စုံတွဲဟု နှိုင်းနှိုင်းလိုက်သောကြောင့်ပင် ဖြစ်ပါသည်။ ချင်တူးတူးက အရှက်ကို မျိုသိပ်၍ ရုတ်တရက် ရှက်စွန်းကို မေးပြီးဖြစ်၏။

"တကယ်လို့ အစ်ကို ကျန်းချွေးဆန်းကို ဆရာကြီး ရှုံးသွားရင်ကော"

ရှက်စွန်းက ရယ်မောလျက်...

"ငါက ဒီငတိလေးကို ဘယ့်နှယ်လုပ် ရှုံးနိုင်မှာလဲ ကလေးမရယ်၊ ကျားသားမိုးကြိုး၊ ဟား ဟား ဟား"

ချင်တူးတူးက ထိုစကားကို မကျေနပ်။

"သိုင်းပညာချင်း ပြိုင်တယ်ဆိုတာ တစ်ကွက်ကောင်းပေါ်မူတည်တာပဲ မဟုတ်လား၊ တစ်ကွက်မှားရင် ခံရစမြဲပဲ မဟုတ်လား၊ နိုင်မယ် ရှုံးမယ်ဆိုတဲ့ အဖြေကို ကြိုတင်တွက်ထားလို့ ရနိုင်ပါ့မလား ရှင့်"

ရှက်စွန်းက ရယ်ပြန်၏။

"အို... ဒီကောင်လေးကိုတော့ ငါ ဘယ်လိုနည်းနဲ့မှ မရှုံးနိုင်ဘူး၊ ငါ လုံးဝ ယုံကြည်စိတ်ချတယ်၊ သူ့ဆန္ဒအတိုင်း သူ



ကြိုက်တဲ့ သိုင်းပညာနဲ့ ယှဉ်နိုင်တယ်၊ သိုင်းပညာနဲ့သာ ပတ်သက်ပါစေ၊ အကုန်ခွင့်ပြုတယ်"

ကျန်းချွေးဆန်းက သူတို့နှစ်ဦး အချေအတင် ပြောနေသည်ကို နားတောင်ရင်း ရုတ်တရက် တစ်စုံတစ်ခုကို စဉ်းစားလိုက်မိ၏။ အခြားတော့ မဟုတ်ပါ။ သူ့ဆရာ ကျန်းဆန်းဖုန်းက သူ့အား နောက်ဆုံးအကြိမ် သင်ကြားပေးခဲ့သော စကားလုံးမှ သိုင်းကွက်ကို ဆော်လိုက်သော နက်ရှိုင်းလှသည့် သိုင်းပညာကို ရုတ်တရက် သတိရလိုက်ခြင်းပင် ဖြစ်ပါ၏။ ထို့ကြောင့် ရှက်စွန်းအား စူးစိုက်ကြည့်လျက်...

"ဆရာကြီး ရှက်စွန်းခင်ဗျာ၊ ဆရာကြီးက ကျွန်တော့်ကို အခမ္ဘ ပြုခိုင်းနေတော့လဲ မပြိုင်ချင်ပေမယ့် ကျွန်တော် ခေါင်းငုံ့သည်းခံနေလို့ မဖြစ်တော့ပါဘူး၊ မပြိုင်ချင်ပေမယ့် ပြိုင်ကို ပြိုင်ရပါတော့မယ်၊ တကယ်လို့များ ကျွန်တော်ရှုံးရင် ကျွန်တော့်အသော ကျွန်တော် သတ်သေပါ့မယ်၊ ဒါပေမယ့် တကယ်လို့များ ကျွန်တော်က အမှတ်မထင် ဆရာကြီးကို နိုင်သွားခဲ့ရင်တော့ ဆရာကြီးက ကျွန်တော့်ရဲ့ တောင်းဆိုချက် တစ်ခုကို လက်ခံရမယ်၊ ဘယ့်နှယ်လဲ ဆရာကြီး"

ရှက်စွန်းက ပြုံးရယ်ပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီး၊ ငါ သဘောတူတယ်၊ မင်း အခု ဘယ်ဂို ဘယ်နည်း ပြိုင်ချင်တယ်ဆိုတာသာ မင်းစိတ်ကြိုက် ပြောပါ"

ထိုအခါ လွန်စွာ စိုးရိမ်ပူပန်မိသူက ချင်တူးတူး၊ မျက်ရည် ဝေ့လည်သော မျက်လုံးဖြင့် ကျန်းချွေးဆန်းအား ငေးမော ကြည့်နေ ရင်းက တိုးညင်း ညင်သာလွန်းသော အသံဖြင့် မေးရှာလေ သည်။

"အစ်ကို သူနဲ့ ပြိုင်မယ်ဆိုတော့ ဟုတ်ပါပြီ၊ ပိုင်ပိုင်နိုင်နိုင် ဖြစ်ပါ့မလား အစ်ကိုရယ်"

ကျန်းချွေးဆန်းက ချင်တူးတူး၏ ကရုဏာသက်သော မျက်ဝန်းကို အေးငြိမ်းစွာ စိုက်ကြည့်ရင်း အသံတိုးတိုးဖြင့်...

"အင်း... အရှုံးအနိုင်ကိုတော့ ဘယ်လိုမှ ကြိုမပြောနိုင်ဘူး ဒါပေမယ့် အစွမ်းကုန် ကြိုးစားကြည့်ရမှာပေါ့လေ"

ကျန်းချွေးဆန်းက ယင်းသို့ ပြောပြီးနောက် ခါးကြား သူ၏ ဆူးကောက်နှင့် စုတ်တံချွန်ကို ဆတ်ခနဲ ဆွဲထုတ်လိုက်ပြီး ရုတ်တရက် ခုန်ထွက်လိုက်သည်။ တစ်ပြိုင်တည်းတွင်ပင် ဘယ်ဘက် တောင်နံရံပေါ်သို့ လွှားခနဲ ခုန်တက်ပြီး ဆူးကောက်ဖြင့် ချိတ်တွယ် နေလိုက်၏။ ထိုစဉ် ညာဘက်လက်မှ စုတ်တံချွန်ဖြင့် 'နဂါး' ဆိုသော စာလုံးကို ရေးခြစ်လိုက်၏။ ပြီး တွယ်ချိတ်ထားသော ဆူးကောက်ကို ဖြုန်းခနဲ ဖြုတ်လိုက်ရာ တောင်နံရံအောက်သို့ ထွေး



ကျလာလေ၏။ သို့သော် အောက်ခြေသို့ ရောက်လုရောက်ခင် မှာပင် ဆူးကောက်ဖြင့် နောက်တစ်ဖန် တောင်နံရံကို ခေါက်ခနဲ ချိတ်လိုက်ပြီးလျှင် 'နိုင်' ဆိုသော စာလုံးကို ရေးလိုက်ပြန်သည်။

ဤသို့ဖြင့် သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ဆူးကောက်ကို အားပြုရင်း တောင်နံရံပေါ် တက်လိုက် လွှားခနဲ ဆင်းလိုက် တက်လိုက်ဖြင့် သူ့ဆရာ သင်ကြားပေးခဲ့သော...

နဂါးနိုင်ဓား၊ ဦးထိပ်ထား
ဖူးမြော်ကန်တော့၊ ရှိခိုးလော့
တိမ်လွှာဓားရှင်၊ မပေါ်လျှင်
ပြိုင်ယှဉ်အံတု၊ သူ မမူ။

ဟူသော စာချိုးကို ရေးထိုးလိုက်လေသည်။

နောက်ဆုံး စာလုံးကို ရေးထိုးပြီးချိန်တွင် ကျန်းချွေးဆန်း သည် တောင်နံရံကို ခြေဖြင့် တစ်ချက်ကန်ပြီးလျှင် မြေပေါ်သို့ ခေါက်ကွျမ်းထိုး၍ လဲပွင့်ပမာ ပေါ့ပါးစွာ ကျလာလေသည်။

ရှက်စွန်းသည် တောင်နံရံပေါ်တွင် ကျန်းချွေးဆန်း ထိုးထွင်း ခဲ့သော စာလုံးများကို အတန်ကြာမျှ ငေးစိုက် ကြည့်နေလိုက်၏။ ပြီးနောက် သက်ပြင်းချလျက်...

"ငါ မင်းလို မရေးနိုင်ဘူး၊ ဒီတော့ မင်းကို အရှုံးပေးပါ တယ်" ဟု လေးပင်စွာ ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှ ဤစာချိုးကို ရေးနည်းမှာ သိုင်းဆရာကြီး ကျန်းဆန်းဖုန်း လျှပ်တစ်ပြက် ဈာန်ဝင်ခိုက် ရေးသားလိုက်သော လွန်စွာ ခက်ခဲနက်နဲသည့် သိုင်းပညာ တစ်မျိုးဖြစ်၍ ရှက်စွန်းမှာ သိုင်းပညာ အဘယ်မျှပင် တော်နေစေမူ ဤပုံစံအတိုင်း ထပ်တူထပ်မျှ ဖြစ်အောင် ရေးသားနိုင်မည် မဟုတ်ပါချေ။

ချင်တူးတူးက လိုက်လှဲစွာ ဝမ်းသာလွန်းသဖြင့် လက်ခုပ်လက်ဝါး တီးရင်း အော်ဟစ်ပြောလေသည်။

"ဆရာရှက်စွန်း ရှုံးပြီ၊ ဆရာကြီး စကားကို ဆရာကြီး ပြန်မရုပ်သိမ်းရဘူးနော်"

ရှက်စွန်းက ကျန်းချွေးဆန်းအား တစ်ချက်မျှ စိုက်ကြည့်လျက်...

"ငါ မင်းကို ရှုံးသွားပြီ ကျန်းချွေးဆန်း၊ ကိုင်း... မင်း ငါ့ကို ဘာပြောချင်သလဲ ဘာတောင်းဆိုချင်သလဲ၊ ပြောပါ"ဟု ဆိုလေ၏။

ရှက်စွန်း လေသံက မာလျက်ရှိသော်လည်း မျက်နှာ အ အရာက ပျော့ပျောင်းလာ၏။ စိတ်ဓာတ်အင်အား လျှော့လိုက်ဟ တူပါ၏။ ပြီး ဤသို့ တစ်ပါးသူ၏ စကားကို နားထောင်ရတော မည့် အဖြစ်မျိုး သူ့တစ်သက်တာတွင် ကြုံခဲ့ရဖူးခြင်းလည်း ရှိဟ



တွေ့သောကြောင့် စိတ်ဓာတ်ကျသွားပုံ ရပါ၏။ ကျန်းချွေးဆန်းက ီးလျက်...

"ကျွန်တော် ဆရာကြီးကို ထွေထွေထူးထူး မပြောချင် ပါဘူး ခင်ဗျာ၊ ကျွန်တော် ပြောချင်တာက ဆရာကြီး အခု နဂါးနိုင် းကို ရပြီဆိုတော့ ဒီမှာရှိတဲ့ လူတွေရဲ့ အသက်ကို မသတ်ပါ တော့၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပါတော့လို့ ပြောချင်တာ သူတို့ကိုလဲ ဒီမှာ ဖြစ်ပျက်သွားတဲ့ အကြောင်းတွေ အပြင်ကို မပေါက်ကြားဖို့ ကတိပေးခိုင်းရင် ပြီးတာပါပဲ ဆရာကြီး"

"ဟဲ့... ကျန်းချွေးဆန်း၊ ငါ ဒီလောက်မနုံ့ဘူးကွ၊ ငါ ဆိုတဲ့ ာင်က ကတိစကားကို ဘယ်တော့မှ မယုံချင်ဘူး"

ချင်တူးတူးက ကြားဖြတ်၍...

"ဒါဖြင့် ဆရာကြီးလဲ ကိုယ်ပေးထားတဲ့ ကတိကို ဖျက်တော့ ပေါ့ ဟုတ်လား"ဟု မေးလေ၏။

ရှက်စွန်းက အသံကို တိုးစေ၍...

"မင်းတို့ နှစ်ယောက်ရဲ့ အသက်ကိုတော့ ငါ ချမ်းသာပေးမှာ ဒါပေမယ့် ဒီပြင်လူတွေကိုတော့ လူ့လောကမှာ ချန်ထားလို့ ဘူး၊ ကဲ... အချိန်ကြာတယ်၊ မင်းတို့ နှစ်ယောက်က ချင်း ကိုယ့်အင်္ကျီစကို ဆုတ်ဖြဲပြီး ကိုယ့်နားထဲကို ဆို့ပိတ်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါ၊ နည်းနည်းမှ အသံမဝင်စေနဲ့နော်၊ အသက် မသေချင်ရင် ငါပြောသလိုလုပ်၊ ဒါပဲ”

ရှက်စွန်းက နောက်ဆုံးစကားကို ကျန်းချွေးဆန်းနှင့် ချင်တူးတူး နှစ်ဦးတည်းကြားအောင်၊ တိုးတိုးညှင်းညှင်း ပြောခြင်းဖြစ်သည်။ ကျန်းချွေးဆန်းတို့လည်း ဘာမျှ စဉ်းစားမနေတော့။ ကိုယ့်အင်္ကျီစကို လျင်မြန်စွာ ဆုတ်ဖြဲပြီး နားထဲသို့ ပိတ်ဆို့ထားလိုက်ကြ၏။ ပြီး လက်နှစ်ဖက်ဖြင့်လည်း ပို၍ တင်းကျပ်စွာ ဖိအုပ်ထားလိုက်သည်။

ထိုအခိုက် ကျန်းချွေးဆန်းတို့ နှစ်ဦးသည် ရှက်စွန်း ပါးစပ်ဟ၍ အော်လိုက်သောပုံကို မြင်လိုက်ရပါ၏။ ရှက်စွန်းက အံသံရှည် အော်လိုက်ဟန် တူပါသည်။ ထိုခဏတွင် ကျန်းချွေးဆန်းတို့သည် နားနှစ်ဘက်ကို လုံခြုံအောင် ပိတ်ဆို့ထားသောကြောင့် ဘာအသံမှ မကြားရ။

ထို့ပြင် မျက်ခုံးဖြူဂိုဏ်း၊ ဝေလငါးဂိုဏ်း၊ ငိုင်ဆားဂိုဏ်း၊ လက်သီးဘုရင်ဂိုဏ်းတို့မှ ဂိုဏ်းသားအားလုံး ပါးစပ်ဟလျက် သူတို့၏ မျက်နှာကိုယ်စီတွင် လွန်စွာ ထူးဆန်းအံ့သြသော အမူအရာများ ဖြစ်ပေါ်သွားသည်ကိုလည်းကောင်း၊ တစ်ဖန် ထိုထူးဆန်း အံ့သြသော အမူအရာမှ တဖြည်းဖြည်း ကြောက်ရွံ့ တုန်လှုပ်လာသော အမူအရာ ပေါ်လာပြန်၏။ သူတို့ကို ကြည့်ရသည်မှာ လွန်စွာ ခံစားရ ခက်သော ဝေဒနာတစ်ရပ်ကို ခံစားနေရဘိသို့ ထင်ရပါ၏။ အတန်ငယ်



ကြာသောအခါတွင်တော့မှ သူတို့သည် တစ်ယောက်ပြီးတစ်ယောက် မြေပြင်ပေါ် တဖုတ်ဖုတ် လဲကျသွားကြလေတော့၏။ ခွန်းလွှန် ဂိုဏ်းမှ ကောင်းကျက်ချန်နှင့် ချန်ချိုတို့မှ တစ်ချက်မျှသာ တုန်လှုပ် သွားပြီး မြေကြီးပေါ် ချက်ချင်း တင်ပျဉ်ခွေထိုင်ကာ သူတို့၏ အတွင်းအားဖြင့် ရှက်စွန်း၏ အော်သံကို ခုခံ တွန်းလှန်နေကြ သ၏။

ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့မှာ အော်သံကို လုံးဝ မကြားရသော်လည်း ကောင်းကျက်ချန်တို့ နှစ်ယောက်၏ နဖူးပြင်မှ ချွေးသီးချွေးပေါက်များ ကျလျက်ရှိသည်ကို လည်းကောင်း၊ မျက်နှာ ပေါ်ရှိ ကြွက်သားများ အဆက်မပြတ် တုန်ယင်လျက် ရှိနေသည်ကို လည်းကောင်း၊ နောက်ဆုံးတွင် ထိုနှစ်ယောက်သည် ရုတ်တရက် တင်ပျဉ်ခွေ ထိုင်နေရာမှ ထ,ခုန်ပြီး မြေကြီးပေါ်သို့ ပြန်အကျတွင် အခါတည်း ငြိမ်သက်သွားသည်ကို လည်းကောင်း၊ တစ်ခုမကျန် မြင်နေရလေသည်။

ရှက်စွန်းသည် သူ ပြုဖွယ်များ ပြီးသည်နှင့် လက်ဟန် ခြေဟန်ဖြင့် ကျန်းချွေးဆန်းတို့၏ နားမှ ပိတ်စကို ဖယ်ရှားပစ်ရန် ပြောလိုက်၏။ ပြီးနောက် ရှက်စွန်းက...

“ဒီလူတွေကို မင်းရဲ့ တောင်းဆိုချက်အတိုင်း ငါ သတ်မပစ် ခဲ့ဘူး ဒါပေမယ့် ဒီလူတွေအားလုံး သတိပြန်ရလာတဲ့အခါမှာတော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့ စိတ်အာရုံတွေဟာ မူလအတိုင်း ပုံမမှန်တော့ဘဲ ပျက်ပြား သွားကြလိမ့်မယ်၊ ဘာမှလဲ သတိမရနိုင်တော့ဘူး”

ကျန်းချွေးဆန်း လွန်စွာ စိတ်မချမ်းမသာ ဖြစ်သွားသည်။ စိတ်ထဲမှလည်း ‘ခင်ဗျားက ဒီလူတွေကို မသတ်ပေမယ့် ဒီလူတွေရဲ့ ဘဝဟာ သေတာနဲ့ ဘာများ ထူးတော့မှာလဲဗျာ၊ အသက်ရှင်ပြီး ဘာမှ အသုံးမကျတော့တဲ့ ဘဝပဲဗျ’ဟု တွေးမိပြီး နာကြည်း ခြင်းနှင့် အတူ ရုတ်ခြည်း ကြောက်ရွံ့စိတ်များလည်း ဝင်လာ ပါ၏။ အကြောင်းမူ အကယ်၍ ရှက်စွန်းကသာ မိမိတို့ နှစ်ဦးကို ကြိုကြိုတင်တင် အကြောင်းမကြားပါက သူတို့လည်း ဤလူတွေ၏ ဘဝနှင့်မခြား ခံစားရအံ့တကားဟု တွေးမိသောကြောင့်ပင် ဖြစ် ပါ၏။ ထိုစဉ် ရှက်စွန်းက . . .

“ကဲ၊ ငါတို့ သွားကြစို့”ဟု ဆိုသည်။

ကျန်းချွေးဆန်းက အံ့အားသင့်လျက် . . .

“ဘယ်သွားမှာလဲ”ဟု ပြန်မေးသည်။

ရှက်စွန်းက ပြုံးလျက် . . .

“ပြန်မှာပေါ့ကွ၊ ဒီက ကိစ္စဝိစ္စတွေ ပြီးသွားပြီပဲ၊ ဒီမှာ ဆက်နေလို့ ဘာအကျိုးထူးမှာလဲ”

ထို့နောက် ရှက်စွန်းသည် သူတို့နှစ်ယောက်အား ကျွန်း၏ အနောက်ဘက်ကမ်းသို့ ခေါ်လာခဲ့၏။ ထိုနေရာတွင် ရှက်တို့



သုံးတိုင် တပ်ဆင်ထားသော လှေကြီးတစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။

ရှက်စွန်းက လှေကြီးအနားကို ရောက်သော် သူတို့အား လက်ပြ၍ . . .

“လှေပေါ်ကို ကြွပါ”ဟု ပြုံး၍ ဆိုသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

သူတို့သုံးဦး လှေပေါ်ရောက်ပြီးကြသည့် အချိန်တွင်ပင် ရှက်စွန်းက လက်တစ်ချက် ဝှေ့ရမ်းပြလိုက်၏။ ထိုအခါ လှေထိုးသားများက ကျောက်ဆူးကို နုတ်၍ လှေကြီးကို ကမ်းမှ စတင်ခွာလိုက်လေတော့၏။ လှေကြီးပေါ်တွင် လှေထိုးသား ဆယ့်ခုနစ်ယောက်ခန့် ရှိ၏။ အားလုံး စကားမပြောကြ။ လက်ဟန်ခြေဟန်ဖြင့်သာ ပြနေကြသည်ကို တွေ့ရ၏။ သူတို့အားလုံး အမူအရာမှာ အ,အများနှင့်ပင် တူနေတော့သည်။

ချင်တူးတူးက လှေထိုးသားများ၏ အမူအရာကို အကဲခတ်ပြီးနောက် . . .

"ဆရာကြီးက တကယ်ကို တော်ပါလား၊ ဒီလောက်များတဲ့ နားကန်း အ,အတွေကို ရှာနိုင်သားပဲ"ဟု ချီးမွမ်းသလိုနှင့် ရွဲ့ပြောလိုက်၏။



ရှက်စွန်းက ခပ်ပြုံးပြုံး အမူအရာဖြင့် . . .

"ဒါက ဘာများခက်လို့လဲကွ ၊ ငါက ဘာစာမှ မတတ်တဲ့ လှေထိုးသားတွေကို ရှာပြီး သူတို့ရဲ့ နားတွေ ကန်းသွားအောင် ဆောက်လိုက်တယ်၊ တစ်ခါတည်း အ,အဖြစ်သွားအောင်လဲ ဆေးတိုက်လိုက်တော့ ခုလို ပုံမျိုးတွေ ဖြစ်သွားကုန်တာပေါ့၊ ဟား ဟား ဟား ဟား"

ကျန်းချွေးဆန်းမှာ ရှက်စွန်းစကားကို ကြားသော် တစ်ကိုယ်လုံး အေးစက်သွား၏။ သူ့မျက်နှာပေါ်တွင် ရွံ့ရှာ မုန်းတီးသော အမူအရာ ရုတ်ခြင်း ပေါ်လာသည်။ ချင်တူးတူးကမူ လက်ခုပ်လက်ဝါး တီးလျက် . . .

"အို . . . တယ်ပိုင်တဲ့ အကြံပါလား၊ သူတို့တွေ နားလဲကန်း၊ စကားလဲ မပြောဆိုနိုင်တော့ ဆရာကြီးရဲ့ လျှို့ဝှက်ချက်တွေ သူတို့ဆီက ဘယ်ပေါက်ကြားနိုင်တော့မှာလဲ၊ သိပ်စိတ်ချသွားရတာပေါ့၊ ပိုင်လိုက်တာ ဆရာကြီးရယ်"

ကျန်းချွေးဆန်းက ချင်တူးတူးကို မျက်စောင်းတစ်ချက် ခိုတ်လျက် . . .

"ချင်တူးတူး မင်းက မိန်းမသားကောင်းတစ်ယောက် ဖြစ်လျက်နဲ့ ဘာလို့ ဒီလောက် ရက်စက်တာမျိုးကို အားပေးအားမြှောက် ပြုနေရတာလဲ၊ ဒါက ဘယ်လောက် ရက်စက်တဲ့ အလုပ်မျိုးလဲ၊

www.burmeseclassic.com

www.burmeseclassic.com



မင်းမို့လို့ တစ်ပါးသူ ငိုနေချိန်မှာ ရယ်နိုင်ရက်တယ်"ဟု ရင်းနှီးသူချင်း ပွင့်လင်းစွာ အပြစ်တင် ဝေဖန်ခြင်းကို ပြု၏။

ချင်တူးတူးက နှုတ်တုံ့မပြန်ပါ။ လျှာကလေးကိုသာ တစ်ချက်ထုတ်ပြပြီး ပြောမည့်စကားကို ချက်ချင်း ရုတ်သိမ်းလိုက်၏။ အကြောင်းမူ ကျန်းချွေးဆန်း၏ မျက်နှာ အမူအရာတွင် ဤ ရက်စက်သော အပြုအမူအတွက် လွန်စွာ စိတ်မချမ်းမြေ့ဟန် ပေါ်နေသောကြောင့်ပင် ဖြစ်ပါ၏။ ရှက်စွန်းကမူ ...

"ငါကတော့ ကလေးမလေးလို စိတ်ဓာတ်မျိုးမှ ကြိုက်တယ်ကွ"ဟု ဆိုသည်။

ကျန်းချွေးဆန်းသည် လွန်စွာ စိတ်ထိခိုက်သွား၏။ ထို့ကြောင့် သူတို့နှစ်ယောက် အနားမှ ဖြုန်းခနဲ ထ,ပြီး တစ်နေရာတွင် သွား ထိုင်နေပေ၏။ အဘယ်မျှကြာအောင် ထိုင်နေမိသည် မသိ။ အကြ အာရုံထဲတွင် နေမင်းကြီးက လှေကြီး၏ အနောက်ဘက် တဖြည်းဖြည်း ငုံ့လျှိုးလျက်ရှိသည်ကို တွေ့ရတော့မှ ရင်ထဲ ဒိတ်ခနဲ ဖြစ်သွား၏။

"ဟာ... ဘယ်နှယ်လုပ် နေကြီးက လှေရဲ့ အနောက်ဘက်ကို ငုံ့လျှိုးကျသွားပါလိမ့်"

သူသည် ဖျတ်ခနဲလှည့်၍ ရှက်စွန်းအား...



"ဆရာကြီး လှေကြီးတော့ လမ်းကြောင်းမှားနေပြီ ထင်တယ်၊ ကျွန်တော်တို့ လှေကြီး ဘယ့်နှယ်လုပ် အရှေ့ဘက်အရပ်ကို ဦးတည်နေရတာလဲ ခင်ဗျ"

"လှေကြီးက အရှေ့ဘက်ကို ဦးတည်နေရင်တော့ ဘယ်မှားမလဲကွ၊ မှန်တာပေါ့"

ရှက်စွန်းက ပြန်အော်ပြောသည်။

ချင်တူးတူးလည်း ဒိတ်ခနဲ ရင်ခုန်သွားပြီး ...

"အရှေ့ဘက်အရပ်က ပင်လယ်ပြင်ပဲ ရှိတော့တာ ဆရာကြီးရဲ့၊ အခု ကျွန်မတို့ ဘယ်သွားမှာလဲ"

ရှက်စွန်းက အေးအေးဆေးဆေးပင် အရက်ကိုထုတ်၍ သောက်နေ၏။ သူတို့ကိုလည်း ...

"လာ လာ၊ အေးအေးဆေးဆေး သောက်ကြရအောင်"ဟု ခေါ်နေသည်။

ချင်တူးတူးက စိုးရိမ်သံဖြင့် ...

"ဆရာကြီး လှေကြီးကို ပြန်မလှည့်ခိုင်းသေးဘူးလား"

ရှက်စွန်းက အရက်တစ်ကျိုက် မော့ချပြီးနောက် ...

"တယ်ခက်ကြပါလားဟ၊ ငါက မင်းတို့ကို ဝမ်ဖန်ချွန်းဆီမှာကတည်းက ရှင်းရှင်းလင်းလင်း ပြောပြီးပြီ မဟုတ်လား၊ ငါ နဂါးနိုင်ဓားကို ရပြီးရင် လူသူ လုံးဝမရှိတဲ့ တစ်နေရာကို သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒီစားရဲ့ လျှို့ဝှက်ချက်ကို ဖော်မလို့ဆိုတာလေ၊ ဒါကြောင့် အခု ငါက လူသူ လုံးဝမရှိတဲ့ ကျွန်းတစ်ကျွန်းကို သွားပြီး နေထိုင်ဖို့ စိတ်ကူးထားတဲ့အတိုင်း အကောင်အထည် စ,ဖော်နေတာလေ"

ချင်တူးတူးက ဒေါမာန်ကလေးဖြင့် . . .

"ဟာ၊ ဒီလိုတော့ မဖြစ်ဘူး ဆရာကြီး၊ ကျွန်မတို့ကို အရင် ပြန်ပို့ပေးပါ"

ရှက်ဇွန်းက တဟားဟား ရယ်မောလိုက်၏။ ပြီးနောက် ပြုံးလျက် . . .

"မင်းတို့က မြေပြန့်ကို ပြန်သွားရင် ငါ့သတင်း ပေါက်ကြား သွားမှာပေါ့ကွ"

ကျန်းချွေးဆန်းက၊ ထိုစကားကြောင့် ရုတ်ချည်း ထ,ရပ် လျက် . . .

"ဆရာကြီး၊ ပြတ်ပြတ်ပြောပါ၊ ကျွန်တော်တို့ကို ဘာလုပ်ဖို့ စိတ်ကူးထားသလဲဆိုတာ"

"ရှင်းရှင်း ပြောစေချင်ရင် သိပ်ရှင်းအောင် ပြောပြ မယ်လေ၊ မင်းတို့နှစ်ယောက် ငါနဲ့အတူ ကျွန်းတစ်ကျွန်းပေါ်ကို လိုက်ခဲ့ရမယ်၊ အဲဒီမှာ ဒီစားရဲ့ လျှို့ဝှက်ချက်ကို ငါ ဖော်ထုတ် နိုင်အောင် ကြိုးစားမယ်၊ အဲ . . . ငါ လုံးဝ ဖော်ထုတ်လို့ရသွားတဲ့



တစ်နေ့ကျမှပဲ ငါရော၊ မင်းတို့ရော မြေပြန့်ကို အတူတူပြန်မယ်၊ ဒါပါပဲ ကျန်းချွေးဆန်း"

ချင်တူးတူး မျက်လုံးအစုံ ဝိုင်းစက်သွား၏။

"တကယ်လို့ ဆရာကြီးက နဂါးနိုင်ဓားရဲ့ လျှို့ဝှက်ချက်ကို ဆယ်နှစ်ကျော် ကြာတာတောင် ဖော်ထုတ်လို့ မရရင်ကော ရှင်"

ရှက်ဇွန်းက ပြုံးလျက် . . .

"ဒီလိုဆိုရင်လဲ မင်းတို့က ငါနဲ့ အဲဒီကျွန်းပေါ်မှာ ဆယ်နှစ် ကျော်တဲ့အထိ နေလိုက်ရုံပဲပေါ့၊ ငါကသာ တစ်သက်လုံး စဉ်းစားလို့ ရေဘူး၊ ဖော်ထုတ်လို့ မရဘူးဆိုရင်လဲ မင်းတို့လဲ ငါနဲ့ အတူတကွ အဲဒီ ကျွန်းပေါ်မှာပဲ အရိုးထုတ်ကြဖို့ပဲ ရှိတာပေါ့"

ချင်တူးတူး မျက်ရည်ဝေ့ပြီ။ ကျန်းချွေးဆန်းလည်း ဘာလုပ် ရမှန်းမသိ။ စိတ်ဓာတ်တော့ လွန်စွာ ကျသွားသည်။ ရှက်ဇွန်းက သူတို့နှစ်ဦး၏ အမူအရာကို အသေအချာ အကဲခတ်ပြီးနောက် ပြုံးတုံ့တုံ့ အမူအရာဖြင့် . . .

"မင်းတို့ နှစ်ယောက်အတွက် ဘာများ စိုးရိမ်စရာ အောက်ကြောင်းငဲ့စရာ ရှိတာမှတ်လို့ကွာ၊ နှစ်ယောက်လုံး လူပျို၊ မိန်းမပျိုတွေပဲ၊ ပြီးတော့ သံယောဇဉ် ဖွဲ့နှောင်နေကြတဲ့ ချစ်သူ ဆောင်နှံ့မဲ့ပဲဟာ၊ အဲဒီတော့ ကျွန်းကလေးပေါ်မှာ လက်ထပ်ပြီး တစ်သက် ဘာပတ်လုံး အကြင်လင်မယားအဖြစ် နေသွားကြရုံပေါ့၊ အဲ . . .

www.burmeseclassic.com

www.burmeseclassic.com



သားတွေ သမီးတွေ ထွန်းကားလာရင်လဲပဲကျွန်းကလေးပေါ်မှာ ဘယ်လောက်များ ပျော်စရာ ကောင်းလိုက်မလဲကွာ၊ ဟား ဟား ဟား"

ကျန်းချွေးဆန်းက ရုတ်တရက် ထ,အော်သည်။

"ဆရာကြီးကလဲဗျာ၊ ဘာတွေ လျှောက်ပြောနေတာလဲဗျ"

"ငါပြောတာ ရှင်းရှင်းကလေးပဲ၊ မင်းတို့ နှစ်ယောက်လုံး နားလည်နိုင်တဲ့ ဘာသာစကားနဲ့ ပြောနေတာပဲကွ"

ကျန်းချွေးဆန်း လွန်စွာ မျက်နှာပျက်သွားသည်။ ချင်တူးတူးကို ငေးကြည့်လိုက်သော် ချင်တူးတူးလည်း ရှက်လွန်း၍ထင့်၊ မျက်နှာ နီရဲလျက် မျက်လွှာချ ခေါင်းငုံ့နေရှာလေသည်။ ကျန်းချွေးဆန်း ရင်ခုန်သွားသည်။ စိတ်ထဲမှလည်း...

"အင်း... ဒီပုံအတိုင်း ဆက်သွားလို့ကတော့ ငါ့စိတ်ကို ငါ ထိန်းနိုင်မှာ မဟုတ်ဘူး"ဟု တွေးမိသည်။ ထိုသို့ တွေးမိသည်နှင့် အမျှ ထိုနေရာမှ အမြန်ဆုံးထွက်သွားမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်၏။ သို့ဖြင့် သူက ဒေါသကို ထိန်းရင်း...

"ဆရာကြီး ကျွန်တော့်စကားကို ယုံပါ၊ ကျွန်တော်က ကတိ တစ်ခွန်း ပေးပြီးရင် ဘယ်တော့မှ ပျက်တတ်တဲ့ လူစားမျိုး မဟုတ်ဘူးဆိုတာ ယုံပါ၊ အခုလဲ ကျွန်တော် ထပ်ပြီး ကတိပေးပါတယ်



ဆရာကြီးရဲ့ လျှို့ဝှက်ချက်ကို ဘယ်သူ့ကိုမှ ကျွန်တော် မပြောပါဘူး"

"မင်းက ဟူတန်းခုနစ်ဖော်ထဲက တစ်ယောက် အပါအဝင် ဆိုတော့ မင်းရဲ့စကားကို ငါ ယုံကြည်ချင်ပါတယ် ကျန်းချွေးဆန်း၊ ဒါပေမယ့် ငါလေ ငါ အသက် နှစ်ဆယ့်ငါးနှစ် အရွယ်တုန်းက ဘုရားသခင်ကို ကျိန်ဆိုခဲ့ဖူးတယ်ကွ၊ ဒီမှာ ကျန်းချွေးဆန်း မင်း ငါ့ရဲ့ လက်ချောင်းတွေကို ကြည့်စမ်း"

ရှက်စွန်းက စကားအဆုံးတွင် လက်ဝါးဖြန့်၍ ထောင်ပြလိုက်သည်။ ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့က လှမ်းကြည့်လိုက်ကြသော် ရှက်စွန်း၏ ဘယ်ဘက် လက်ချောင်းများအနက် လက်သန်း တစ်ချောင်း လုံးဝ မရှိတော့သည်ကို တွေ့လိုက်ရပါလေတော့၏။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၅ )

## ပင်လယ်မုန်တိုင်း

ရုက်စွန်း၏ မျက်နှာက သေသူမျက်နှာလို အမှုအရာ လုံးဝ ဆင်းမဲ့နေ၏။ သူက ဆက်၍...

"ငါ့ လက်သန်းကို ငါ ဖြတ်ပစ်လိုက်ရတဲ့ အကြောင်းကတော့ အဲဒီတုန်းက ငါ့ရဲ့ တစ်သက်မှာ ငါ အယုံကြည်ဆုံး၊ ငါ အရိုသေဆုံး၊ ငါ အလေးစားဆုံး၊ ငါ အချစ်ရဆုံး၊ ပြီးတော့ ငါ့မိဘနဲ့ အစ်ကိုဏ်းတည်းထားတဲ့လူက ငါ့ကို ဘဝပျက်အောင် လိမ်ညာလှည့်ဖျားသွားခဲ့တယ်ကွ၊ သူ့စနက်ကြောင့် ငါ့မှာ အိုးပျက်၊ အိမ်ပျက်၊ အစည်လဲ ပျက်ခဲ့ရတယ်၊ ငါ့ရဲ့မိဘ၊ ငါ့ရဲ့ သားမယားတွေလဲ အသတ်ခံလိုက်ရတယ်၊ အဲဒီကတည်းက"ယော့ဒီ လက်သန်းကို ငါ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခုဖြတ်ပြီး မြတ်ဘုရားရှေ့မှာ သစ္စာ ကျိန်ဆိုလိုက်ပါတယ်၊ ဘယ်လိုလဲဆိုတော့ 'တပည့်တော်သည် လူ့ဘဝတွင် အသက်ရှင်လျက် ရှိနေသော ကာလပတ်လုံး မည်သူ တစ်စုံတစ်ဦး၏ စကားကိုမျှ မယုံတော့ပါ၊ မယုံနိုင်သော'ကိုယ်' ဖြစ်ရပါလို၏'လို့လဲ ဆုတောင်းလိုက်မိပါတယ်ကွာ၊ ဟော အခု ငါ့အသက် လေးဆယ့်ငါးနှစ် ရှိပြီ၊ အနှစ်နှစ်ဆယ်အတွင်းမှာ ငါ ဘာလုပ်တယ် ထင်လဲ၊ တိရစ္ဆာန်တွေရဲ့ အသားကို မစားဘူး၊ ဟင်းသီးဟင်းရွက်ကိုပဲ စားတယ်၊ သက်သတ်လွတ် သဘောပေါ့ကွာ"

ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့ စိတ်ဝင်တစား နားစွင့်နေမိကြသည်။ ရှက်စွန်းအပေါ်တွင် တစ်မျိုးတစ်ဖုံ နားလည်လိုက်ရတော့ မလိုလို။ သူ့ဘဝကိုတောင် ပြောင်းဆန်အောင် လုပ်သွားတဲ့လူ ရှိခဲ့ပြီကိုး။ ထိုစဉ် ရှက်စွန်းက အသံကို မြှင့်၍…

"ဒါပေမယ့်…"

ဒါပေမယ့်ဟု ပြောပြီး ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့ နှစ်ဦးကို စူးစူးစိမ်းစိမ်း စိုက်ကြည့်နေ၏။ ချင်တူးတူးက မနေနိုင်တော့။ ကျန်းချွေးဆန်းလည်း ထိုအကြည့်ကို မခံနိုင်။

"ဟား ဟား ဟား"

သည်တစ်ကြိမ် ရှက်စွန်း၏ ရယ်သံက ဟိန်းကျယ်ပဲ့တင်ဟည်းသွား၏။ ကြောက်စရာ ကောင်းလွန်းပါသော ရယ်သံမျိုး



ကျန်းချွေးဆန်းနှင့် ချင်တူးတူးမှ ထိုရယ်သံကြောင့် ကျောစိမ့်သွားကြ၏။ တစ်ယောက်ကို တစ်ယောက်လည်း…

"ဒုက္ခတော့ ကောင်းကောင်းတွေ့ပြီ" ဟူသော အကြည့်ဖြင့် ကြည့်လိုက်မိကြသည်။ တစ်ဖက်တွင်လည်း ရှက်စွန်း၏ နာကြည်းဖွယ်ကောင်းလှသော ဆိုးဝါးသည့် ကြမ္မာကို စဉ်းစားမိကာ သနားစိတ်ဝင်သွားလေ၏။

ကျန်းချွေးဆန်းရော ချင်တူးတူးပါ အတန်ကြာအောင် ငြိမ်သက်လျက် ရှိကြ၏။ ထို့နောက်မှပင် ကျန်းချွေးဆန်းက…

"ဆရာကြီးရဲ့ ဘဝတစ်ခုလုံးကို ဖျက်ဆီးသွားတဲ့ မဟာရန်ကြွေးကို ပြန်လည် ကလဲ့စား ချေပြီးလောက်ရောပေါ့နော်"ဟု မေးသည်။ ရှက်စွန်းက အံတစ်ချက် ကြိတ်လျက်…

"မချေရသေးဘူးကွ၊ ငါ့ဘဝ၊ ငါ့မိသားစု၊ ငါ့ရဲ့ စိတ်ဓာတ်တွေကို လှလှကြီး ဒုက္ခပေးသွားတဲ့လူက ငါ့ထက် သိုင်းပညာအပုံကြီး တော်နေတယ်ကွ၊ ငါ သူ့ကို ယှဉ်နိုင်တဲ့ အခြေအနေမရှိသေးဘူး"

ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့ နှစ်ယောက်စလုံး နှုတ်က 'ဟင်'ခနဲ အာမေဍိတ်သံ ပြုလိုက်မိကြပါ၏။ ထို့ကြောင့် ကျန်းချွေးဆန်းက အံ့ဩတကြီးဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက ဆရာကြီးထက်တောင် သိုင်းပညာ တော်သေးတယ် ဟုတ်လား၊ ဒါဖြင့် သူ ဘယ်သူလဲ၊ ဘယ်လိုလူစားမျိုးလဲဟင် ဆရာကြီး"ဟု မေးလေ၏။

ရှက်စွန်းက လေးပင်စွာ ခေါင်းခါယမ်းလိုက်၏။

"သူ ဘယ်သူ ဘယ်ဝါ၊ နာမည်က ဘယ့်နှယ်ဆိုတာ ငါ လုံးဝ မပြောချင်တော့ဘူး ကျွန်းချွေးဆန်း၊ ငါ... ငါလေ မင်းကို တွေ့တွေ့ချင်း ငါ့စိတ်ထဲမှာ တကယ့်ကို အလိုလို ခင်မင် ပါတယ်၊ ဒါပေမယ့် ကျွန်းပေါ်ကိုရောက်လို့ ယောဒီ နဂါးနိုင်ဓားရဲ့ လျှို့ဝှက်ချက်ကို သိသွားတဲ့ အချိန်ကျရင်တော့ ငါလေ မင်းတို့ သတ်ကို သတ်ရလိမ့်မယ် ကျွန်းချွေးဆန်း"

ချင်တူးတူးက ကြားဝင်၍...

"အိုး... ဆရာကလဲ ခက်နေပါရောလား၊ ဒီဓား ဒီပြ ဓားထက် ပိုလေးပြီး ပိုထက်ရုံကလွဲလို့ ဘာများ လျှို့ဝှက်ချက် ရှိနိုင်ဦးမှာလဲရှင်"

ရှက်စွန်းက သက်ပြင်းချလျက်...

"မင်း ပြောသလိုသာဆိုရင်တော့ ငါတို့ တစ်သက်လုံး လူ မရှိတဲ့ ကျွန်းပေါ်မှာပဲ နေသွားကြရုံပေါ့ကွာ"

ကျွန်းချွေးဆန်းက ချင်တူးတူး၏ ကြေကွဲ အား သွားသည့် အမူအရာ မြင်သော် နှစ်သိမ့်လိုလှ၏။ သို့သော် ယ



အချိန် မှာပင် ရှက်စွန်းက ရုတ်တရက် မီးခွက်ကို မှုတ်ငြိမ်းလိုက် ပြီး...

"ကဲ... အိပ်ကြတော့"ဟု အမိန့်ပေးလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ည။

ပင်လယ်လေသည် အဟုန်ပြင်းစွာ တိုက်ခတ်နေ
အအေးဓာတ်သည် ရိုးတွင်းချည်ဆီအတွင်း စိမ့်ဝင်ကာ တစ်
လုံးကို တုန်ခါစေသည်။

ချင်တူးတူးသည် အင်္ကျီပါးပါးကလေး ဝတ်ထားသော
အအေးဒဏ်ကို လုံးဝ မခံနိုင်တော့ချေ။ ကျန်းချွေးဆန်းက က
သက်သော လေသံဖြင့်...

"သိပ်ချမ်းနေသလားဟင်"

"သိပ်.... သိပ်.... မ.... မချမ်းပါဘူး အစ်ကိုရယ်"

ကျန်းချွေးဆန်း သိလိုက်၏။ ချင်တူးတူး ခိုက်ခိုက်
နေပြီ မဟုတ်လား။ သူက သူ့အင်္ကျီရှည်ကို ချွတ်လိုက်



ပြီးလျှင် တစ်ကိုယ်လုံး တုန်ချမ်းနေရှာသော ချင်တူးတူးအား မေး
လိုက်၏။

"အချမ်းသက်သာအောင် ကိုယ်ပေါ်မှာ ခြုံထားလိုက်နော်"

ချင်တူးတူး စိတ်အလွန် လှုပ်ရှားသွား၏။ ခိုက်ခိုက်တုန်မျှ
အေးနေသည့် ကြားမှပင် ရတ်ခြည်း နွေးထွေးလာသကဲ့သို့ ခံစား
ရ၏။ ချင်တူးတူးသည် အင်္ကျီကို ယူလိုက်ပြီးလျှင်...

"အစ်ကိုကော သိပ်ချမ်းနေမှာပေါ့နော်...နော်"

"အအေးဒဏ် ခံနိုင်ပါတယ်၊ ချင်တူးတူးသာ အအေးဒဏ်က
အောင် တင်းတင်းကလေး ခြုံထားလိုက်နော်၊ ဟုတ်လား"

ချင်တူးတူးသည် ကျန်းချွေးဆန်း၏ စေတနာကို မငြင်းပယ်
ပါ။ မငြင်းပယ်ရက်ပါ။ ကျန်းချွေးဆန်း ပြောသကဲ့သို့ပင် အင်္ကျီကို
လိုက်၏။ ထိုအချိန်တွင် ချင်တူးတူး၏ ရင်ထဲတွင် ပီတိအဟုန်
ဖြင့် ပြည့်လျှမ်းသွား၏။ အမှောင်ထဲတွင် ချင်တူးတူး၏ တိတ်တခိုး
ပြုံးက ဝင်းလက်နေသည်။ သို့သော် နှလုံးသား ဝေဒနာကြောင့်
တော့ မဟုတ်ပါ။ လွတ်မြောက်ရေးလမ်းစကို ဘယ်သို့ ရှာရပါလိမ့်။
ကော်အခဲမှ ဘယ်သို့ဘယ်ပုံ ကျော်လွှားရပါလိမ့် ဟူသော အတွေး
ဖြင့် ရင်ထဲမှာ ဇလောင်ဆူနေခြင်းမျှသာ ဖြစ်ပါ၏။ သူသည်
သို့ လွတ်မြောက်ရေးလမ်းစကို စဉ်းစားလျက်ရှိစဉ် အဟုန်တကယ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မြောက်နိုင်သော လမ်းတစ်လမ်းကို ဘွားခနဲ သွားတွေးမိသည်။ ထိုလမ်းကား အခြားမဟုတ်။

"ရှက်ဗွန်းကို သတ်မှ ဖြစ်တော့မယ်" ဟူသော လွတ်မြောက်ရေး လမ်းစပင်တည်း။

* * *

ပင်လယ်ပြာ၏ ညသည် လှိုင်းလေ ငြိမ်သက်နေသဖြင့် ဆိတ်ဆိတ်လှ၏။ လှေပေါ် အမှောင်ထဲတွင်မူ ရှက်ဗွန်းသည် အိပ်ပျော်၍ နေပြီဟု ထင်ရ၏။ အဘယ့်ကြောင့်ဆိုသော် ရှက်ဗွန်း၏ အသက်ဝင်သက်သံက လေးလံ မှန်ကန်လာသောကြောင့်ပင် ဖြစ်၏။

ကျန်းချွေးဆန်းသည် ရှက်ဗွန်း၏ အခြေအနေကို အမှောင်ထဲမှ အလစ်မပေးတမ်း နားစွင့်တောင်နေရာမှ ရှက်ဗွန်း အိပ်ပျော်သွားပြီဟု သိလိုက်၏။ ထိုအချိန်တွင် သူ့ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။

"ဒီပုဂ္ဂိုလ်က ငါတို့ နှစ်ယောက် ရှိနေတာတောင် ဟောက်ချ သက်ချ တမောတခေါ အိပ်နေဝံ့ပါလား။ အို... ဘယ်ကိုပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ငါကတော့ လွတ်လမ်းက ဒီတစ်လမ်းသာရှိတော့ အရဲစွန့်ရ
တော့မှာပဲ၊ အဲဒီလိုမှ မစွန့်စားရင် လူသူမရှိတဲ့ ကျွန်းပေါ်မှာ
သူပြောသလို တစ်သက်လုံး နေသွားရလိမ့်မယ်၊ လူ့လောကကြီးနဲ့
တစ်သက်လုံး အဆက်ပြတ်သွားလိမ့်မယ်"

ကျန်းချွေးဆန်းသည် ထိုအတွေး ဝင်လာပြီးလျှင်ပြီးချင်း
လဲလျောင်းနေရာမှ ကိုယ်ကို ဖြည်းညင်းစွာ ရွှေ့၍ ချင်တူးတူး
လဲလျောင်းနေရာသို့ ချဉ်းကပ်သွားလိုက်သည်။ ထိုအချိန်တွင်
အမှောင်က လွှမ်းမိုးထားသဖြင့် တစ်ယောက်ကို တစ်ယောက်
လုံးဝ မမြင်ရချေ။ မှန်းဆ၍သာ ချဉ်းကပ်သွားရသည်။ ပြီးလျှင်
ကျန်းချွေးဆန်းသည် ချင်တူးတူး နား့နားကပ်၍ နှစ်ကိုယ်ကြား
ရုံသာ အသံကလေးဖြင့် ပြောရန် ပါးစပ် ဟ,လိုက်သည်။ သို့ရာတွင်
ထိုအချိန်၌ ချင်တူးတူးတစ်ယောက် မိမိဘက်သို့ လှည့်၍ အိပ်နေမှ
ကျန်းချွေးဆန်း လုံးဝမသိ။ မမြင်ချေ။ ထို့ကြောင့် နှစ်ကိုယ်ကြ
စကားပြောရန် ဟ,လိုက်သော ကျန်းချွေးဆန်း၏ ပါးစပ်
ချင်တူးတူး၏ နူးညက်သော ပါးပြင်အား ဖိမိလျက်သား ဖြစ်သွ
ပေ၏။ ကျန်းချွေးဆန်း တစ်ကိုယ်လုံး တုန်သွား၏။ ကြက်သ
မွေးညင်းထကာ ဖိန်းရှိန်းသွား၏။ ပြီး မတော်တဆ ထိမိ၊ ခိုက
ငြားသော်လည်း နူးညက် ညင်သာသော အတွေ့အထိကြောင့်
ရင်မှာ ဗလောင်ဆူလျက် မျက်နှာ နီမြန်းသွားသည်။ အရေ



ထဲမို့သာ တော်သေး၏။ အကယ်၍များသာ နေ့ခင်းဆိုလျှင် သူ
ဘယ်သို့ မျက်နှာထားရမည်ပင် သိမည် မဟုတ်ချေ။ ပြီးလျှင်
ချင်တူးတူးအား လွန်စွာ သူ အားနာသွား၏။ ဤအခွင့်အရေး
အတွက် တမင်သက်သက် ဖန်တီးယူခြင်း မဟုတ်ပါကြောင်း
ရှင်းပြချင်၏။ သို့သော် သူ့နှုတ်မှ ဆွံ့အ,သည့်နှယ် ဖြစ်နေ၏။

ချင်တူးတူးမှ ကျန်းချွေးဆန်းနှင့် ဆန့်ကျင်စွာ ခံစားလိုက်ရ
ရှာ၏။ အမှုမဲ့ဖြစ်မိသည်ကို တမင် ပြုသည်ဟုထင်ကာ ရင်ဝယ်
ကြည်နူးမဆုံး ဖြစ်သွားလေ၏။ ထို့ကြောင့်လည်း ကျန်းချွေးဆန်း
မည်သို့မျှ ရှင်းမပြနိုင်မီ သူမ၏ ဦးခေါင်းကို ကျန်းချွေးဆန်း၏
ဖခုံးထက်တွင် အသာအယာ စောင်း၍ အလိုက်သင့် မှီလိုက်၏။
ထိုခဏတွင် ချင်တူးတူး၏ ရင်ထဲ၌ ဖော်မပြနိုင်သော သာယာမှု၊
ကြည်နူးမှုတို့ဖြင့် ထုံမွှန်းလျက် နင့်နင့်မောမော ခံစားနေမိသည်။
ပြီး ဤလို အခွင့်အခါမျိုး တစ်သက်တာပတ်လုံး အမြဲ တည်ရှိ
နေစေရန်လည်း ကြိတ်၍ ဆုတောင်းနေမိရှာလေသည်။ ချင်တူးတူး
သည် ကျန်းချွေးဆန်း၏ အမှုမဲ့ အပြုအမူထဲတွင် နစ်မျောလျက်
ရှိနေပါလေပြီ။ ထိုစဉ် ကျန်းချွေးဆန်း၏ ပါးစပ်က မိမိ နား့နားသို့
ရွှေ့မျှ ရွှေ့ကပ်လာပြီးလျှင် တိုးသက် ညင်သာသော အသံ
ဖြင့်...

"ချင်တူးတူး စိတ်မဆိုးနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ချင်တူးတူး ရင်ထဲဝယ် အေးမြချိုမြိန်သော အရသာတစ်မျိုး ခံစားလိုက်ရပြန်၏။ သို့သော် အပျိုရိုင်းကလေးမို့ ရင်လှိုင်းမှု ခုန်လွန်းပါ၏။ ထို့ကြောင့် နှုတ်ပွင့်မှ မငုံမရဲသံဖြင့် . . .

"အစ်ကို"

"ခင်ဗျာ"

"အစ်ကို ကျွန်မကို ချစ်နှစ်သက်မှန်း သိရလို့ ကျွန်မ သိပ်ဝမ်းသာတာပဲရှင်"

သည်စကားပွင့်ကလေးတွေက ချင်တူးတူး၏ ရင်ထဲမှ ပွင့်ထွက်လာသော စကား။ တစ်နည်းဆိုသော် အပျိုရိုင်းကလေးမို့ ရှက်စနိုးကြားမှ ခံစားရသော ရင်ဖွင့်စကားပင် ဖြစ်ပါ၏။ အမှန်မှု တစ်ယောက်ကိုတစ်ယောက် မမြင်ရအဲ စကားသံ တိုးတိုးဖြင့်သာ ပြောရ၍ရသော အချိန်မို့ ချင်တူးတူး အရဲစွန့်၍ ရင်ထဲမှ စကားကို နှုတ်ဖျားမှ ဖွင့်ဟလိုက်ခြင်း ဖြစ်၏။ ပြောပြီးတော့လည်း ရင်က ပို၍ အခုန်မြန်ပါဘိခြင်း။ အို . . . ရှက်လိုက်သည်မှာလည်း အလွန့်အလွန်။ မျက်နှာလည်း နီမြန်းနေပြီ။ ပူထူနေပြီ။

ကျန်းချွေးဆန်းလည်း ချင်းတူးတူး၏ နှုတ်မှ မမျှော်လင့်သော စကားကို ကြားသော် ဖျားချင်လောက်အောင် ရင်တုန်ပန်းခုန် ဖြစ်သွားရှာသည်။ မှန်သည်။ သူ့အဖြစ်က ခုတ်ရာတစ်ခြား ရှရာတစ်လွဲ ဆိုဘိသို့ပင်။ အမှန်မှု ကျန်းချွေးဆန်း၏ အရိုးခံ



စကားက တစ်မျိုးတစ်ဖုံ အဆန်းအပြားပမာ ဖြစ်သွားခဲ့သည် မဟုတ်ပါလား။ သို့ဆိုလျှင် ကျန်းချွေးဆန်းသည် ချင်တူးတူး အပေါ်တွင် လုံးဝဥဿုံ သံယောဇဉ် မရှိ၍မလော။ တွယ်တာမြတ်နိုး ခြင်း မရှိ၍လော။ မဟုတ်ပါ။ အမှန်ဆိုသော် ကျန်းချွေးဆန်း၏ ကိုယ်၌ကလည်း ချင်တူးတူးအား မြင်စကပင် မသိစိတ်ဖြင့် စေတသိက်က မြတ်နိုးနေပြီး ဖြစ်ခဲ့၏။ သို့သော် ဖွင့်ဟ ဖော်ထုတ် ခြင်းမှု မပြုခဲ့။ ယခုမူ နှစ်ဦးစလုံး ရင်မှာ မျိုသိပ်ခဲ့သမျှ ကျဉ်းထဲ ကျပ်ထဲ ကာလတွင် ဖွင့်ကြရလေပြီကော။

ထိုအခါ ကျန်းချွေးဆန်းလည်း ရင်မှာ ပီတိဖြစ်ရပါသည်။ စိတ်လှုပ်ရှားခြင်းများစွာ ဖြစ်ရပါသည်။ ဝေဒနာတစ်မျိုးသည် သူ့ရင်ကို လှိုက်လှိုက်မောမော ဖြစ်စေသည်တော့ အမှန်ပင် ဖြစ်ပါ၏။ သို့သော် ရုတ်တရက်ဆိုသလို ကျဉ်းထဲကျပ်ထဲ သေတစ်ပွဲ ရှင်တစ်ပွဲ စွန့်စားရမည့် လက်ရှိအခြေအနေကို စဉ်းစားမိပြန်သော် ကျန်းချွေးဆန်းသည် ချင်တူးတူး၏ ပခုံးတွင် အသာမှီနေရာမှ ဆတ်ခနဲ ကိုယ်ကိုမတ်၍ အသံတိုးတိုးဖြင့် . . .

"ကိုယ်တို့ ရှက်စွန်းကို အရင်ဆုံး ရှင်းပစ်ရလိမ့်မယ် ချင်တူးတူး၊ ဒါမှ ငါတို့ လွတ်မြောက်မှာ"

ချင်တူးတူးမှာ ကြည်နူး ဆွတ်ပျံ့ဖွယ်သော အိပ်မက်မှမှ ရုတ်တရက် လန့်ဖျပ်နိုးလာသူနှယ် ရုတ်တရက်သော် ကျန်းချွေး

www.burmeseclassic.com

www.burmeseclassic.com



ဆန်း၏ စကား အဓိပ္ပာယ်ကို နားမလည်လိုက်။ ကြောင်အမ်းအမ်းပင် ဖြစ်သွား၏။

"အစ်ကို ဘာပြောတာလဲ ဟင်"

ကျန်းချွေးဆန်းက ချင်တူးတူး ကြားရုံ နား,နားကပ်၍...

"ကိုယ်တို့လွတ်မြောက်ဖို့ လမ်းစက တစ်လမ်းပဲရှိတယ် ချင်တူးတူး၊ အဲဒါက ဘာလဲဆိုရင် ရှက်စွန်းကို သတ်လိုက်ဖို့ပဲ၊ ဒါပေမယ့် အခု ရှက်စွန်းက အိပ်နေတယ်၊ အိပ်မောကျနေပုံပေါ်တယ်၊ ကိုယ်တို့ သိုင်းလောက စည်းကမ်းအရ ဒီလို အိပ်ပျော်နေသူတစ်ယောက်ကို တိုက်တဆိတ်၊ ချောင်းမြောင်း လုပ်ကြံတာဟာ မသင့်တော်ဘူး၊ သိုင်းသမားတစ်ယောက်ဟာ ဒါမျိုးကို ရှောင်ကြဉ်ရမယ်၊ ဒါကြောင့် အိပ်မောကျနေတဲ့ ရှက်စွန်းကို ကိုယ် နှိုးလိုက်မယ်၊ သူနဲ့ လက်ဝါးစောင်းပညာ အားပြိုင်မယ်၊ အဲဒီအချိန်မှာ မင်းက မင်းမှာရှိတဲ့ လျှို့ဝှက်အပ်ချောင်းလက်နက်နဲ့ သူ့နောက်ကျောကို ပစ်လိုက်ပေတော့၊ ဟုတ်လား"

ကျန်းချွေးဆန်းက ချင်တူးတူး ကြားရုံ အသံကို တိုးနိုင်သမျှ တိုး၍ ပြော၏။ သို့သော် ချင်တူးတူး မည်သို့မျှ ပြန်လည်အဖြေမပေးမီမှာပင် လှေဝမ်းနောက်ဘက်တွင် အိပ်မောကျနေပြီဟု ကျန်းချွေးဆန်း ထင်သော ရှက်စွန်းထံမှ ရုတ်တရက် တဟားဟားရယ်မောလိုက်သံ ကြားရလေ၏။ တစ်ဆက်တည်းမှာပင်...



"ဟား ဟား ဟား၊ ကျန်းချွေးဆန်း... ကျန်းချွေးဆန်း၊ မင်းက သိုင်းလောက စည်းကမ်းတွေကို ကျဉ်းထဲကျပ်ထဲ ရောက်နေတဲ့ အချိန်မှာတောင် ထိန်းသိမ်းတာ ချီးကျူးစရာတော့ ကောင်းပါတယ်ကွာ၊ ဒါပေမယ့် မင်းတို့ရဲ့ လွတ်မြောက်ရေးလမ်းအတွက် ငါ့ကို ချောင်းမြောင်းသတ်ဖြတ်မှပဲ မျှော်လင့်ချက် ရှိတန်သလောက် ရှိဦးမယ်ကွ၊ ငါနဲ့ မင်းနဲ့ ဖြောင့်သာ တိုက်ခိုက်ရင်တော့ ဟင်း... မင်းအတွက် မျှော်လင့်ချက် ဘယ်လိုမှ မရှိနိုင်တော့ဘူး"

သူက စကားဆုံးသည်နှင့် ကျန်းချွေးဆန်းအား ရှက်ခြည်းခုန်အုပ်ပြီး လက်ဝါးဖြင့် ရင်ဘတ်ကို တစ်အား ဖိရိုက်လိုက်လေသည်။ ကျန်းချွေးဆန်းလည်း ချက်ချင်းပင် လက်ဝါးနှစ်ဘက်ဖြင့် တွန်းခံထားလိုက်၏။ လက်ဝါးချင်း ရိုက်မိချိန်တွင် ကျန်းချွေးဆန်း တစ်ချက်မျှ တုန်ခါသွား၏။ ထိုအခါမှပင် ရှက်စွန်း၏ အတွင်းအားမှာ မိမိထက်၊ ဆယ်ဆမျှ ပို၍ မြင့်မားကြောင်း သိရတော့သည်။ ထို့ကြောင့် ကျန်းချွေးဆန်းက တိုက်စစ်ဆင်ခြင်း မပြုတော့ဘဲ ခံစစ်ဖြင့်သာ လက်ဝါးစုံကို တွန်းခံထားရ၏။

ကျန်းချွေးဆန်းတို့ ဟူတန်းဂိုဏ်း၏ အတွင်းအား သိုင်းပညာမှာ ရန်သူ၏အားဖြင့် ရန်သူကို ပြန်လည်တုံ့ပြန်သော နည်းစနစ်ကိုသာ အဓိကထားသောကြောင့် ရှက်စွန်းအတွင်းအားက မည်မျှပင်ပြင်းစေကာမူ ရုတ်တရက်တော့ ကျန်းချွေးဆန်းကို အနိုင်မယူနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ခဏမျှ ကြာသွားသည်။ ထိုအခါ ကျန်းချွေးဆန်း၏ နဖူးမှ ချွေးသီးချွေးပေါက်များ ကျလာပြီးလျှင် 'ချင်တူးတူးက ဘာလို့ ခုထက်ထိ သူ့ လျှို့ဝှက်အပ်ချောင်းတွေကို မပစ်သေးတာလဲ၊ ချင်တူးတူးသာ ခုနေ ပစ်လိုက်ရင် သူ့လက်ဝါးအားက ပျော့ကျသွားမယ်၊ ငါက အဲဒီ အခွင့်ကောင်းကိုယူပြီး သူ့ကို ချက်ချင်း ပြန်တိုက်ရုံပဲ"ဟု စိတ်ထဲမှ အားမလိုအားမရ ဖြစ်နေမိ၏။ ချင်တူးတူးကို အော်၍ သတိပေးရအောင်ကလည်း ရှက်စွန်း၏ အတွင်းအားကို ခုခံနေရသဖြင့် ပါးစပ်မှာ မဟာ့ဝံ့ချေ။

ရှက်စွန်းမှာမူ ကျန်းချွေးဆန်း ချွေးသီးချွေးပေါက် ကျနေချိန် မျက်ကလဲဆန်ပြာ ဖြစ်နေချိန်မှာပင် အေးအေးဆေးဆေး ဖြင့်...

"ဟိတ်ကလေးမ၊ မင်းလက်ကို ငြိမ်ငြိမ်ကလေးထားနော်၊ မင်းလက်ကလေး လှုပ်လိုက်တာနဲ့ ငါက ငါ့အားကို တစ်ဆင့် ပိုထုတ်လိုက်မယ် သိလား၊ အဲဒီအခါမှာ မင်း သိပ်ချစ်တဲ့ မင်းရဲ့ ဟောဒီ ချစ်သူဟာ နောက်ထပ် တစ်နာရီတောင် အသက်ရှင်အောင် ခံနိုင်မှာ မဟုတ်တော့ဘူးဆိုတာ သိထားစမ်း"ဟု ချင်တူးတူးအား လှည့်၍ ခြိမ်းခြောက်လိုက်၏။ ချင်တူးတူးက...

"ဆရာကြီး ကျွန်မတို့ ဆရာကြီးနဲ့ အေးအေးဆေးဆေး လိုက်ခဲ့ပါ့မယ်၊ ဆရာကြီးရဲ့ လက်ဝါးကို ပြန်ရုပ်လိုက်ပါ"ဟု ခယ



ဘောင်းပန်သီဖြင့် ဆိုရှာသည်။ အမှန်မူ ချင်တူးတူးသည် ကျန်းချွေးဆန်း တစ်စုံတစ်ခု ဖြစ်သွားမည်ကို လွန်စွာ စိုးရိမ်နေရှာသည်။

ရှက်စွန်းက ကျန်းချွေးဆန်းဘက်သို့ လှည့်၍...

"မင်း ချစ်သူကတော့ ငါ့သဘောအတိုင်း အေးအေးဆေးဆေး ခေါ်ရာလိုက်မယ်တဲ့၊ မင်းကကောကွာ"ဟု မေးသည်။

ကျန်းချွေးဆန်းက ထိုစကားကို စိတ်မဝင်စားချေ။ သူ့ စိတ်ထဲမှ "မြန်မြန် ပစ်လိုက်ပါတော့လား ချင်တူးတူးရယ်"ဟု ပြောကာ အားမလို အားမရ ရေရွတ်နေမိသည်။

အမှန်မူ လေ့ဝမ်းထဲတွင် နေရာကျဉ်း၏။ မှောင်လည်း ချောင်၏။ လျှို့ဝှက်အပ်ချောင်းမှာ သေးငယ်ပြီး တစ်ကြိမ်ပစ်လျှင် အပ်ချောင်း အတော်များများ ပစ်နိုင်၏။ အကယ်၍ ဤအချိန်တွင် ချင်တူးတူးကသာ ပစ်လိုက်လျှင် ရှက်စွန်း ဘယ်သို့မျှ ရှောင်တိမ်းခြည် မဟုတ်။ ထိုအခါ သုံးဦးစလုံး သေဆုံးရဖွယ်သာ ရှိ၏။ ထို့ကြောင့် ချင်တူးတူး ချိန်ဆရင်း မပစ်ဖြစ်ဘဲ ရှိနေခြင်းပင် ဖြစ်၏။

ရှက်စွန်းမူ ကျန်းချွေးဆန်း၏ အဖြေကို မစောင့်တော့။

"ကောင်းပြီ ကျန်းချွေးဆန်း၊ မင်းတို့ နှစ်ယောက် ငါနဲ့ အေးအေးဆေးဆေး လိုက်မယ်ဆိုရင် ငါ့လက်ဝါးကို ငါ ပြန်ရုပ်ရမှာ ပါ"ဟု ဆိုပြီး သူ့လက်ဝါးကို ချက်ချင်း ပြန်ရုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျန်းချွေးဆန်းမှာ တစ်ကိုယ်လုံး အားပြတ်က အရုပ်ကြိုးပြတ်ပမာ ပျော့ခွေကျသွားလေ၏။ ချင်တူးတူး လွန်စွာ စိုးရိမ်သွား၏။ ထို့ကြောင့် မီးတိုင်ကို ကမန်းကတန်း ထွန်းပြီ ကျန်းချွေးဆန်းအား ကြည့်လိုက်သည်။ ကျန်းချွေးဆန်း မျက်နှာမှ ဖြူရော်လျက် ရှိနေပြီ။ ပြီး အသက်ရှူသံမှာလည်း အလွန် တိုးညင် လှ၏။ ချင်တူးတူးသည် စိုးရိမ်လွန်း၍ မျက်ရည်များပင် စီးသွယ် ကျလာရှာသည်။

"အစ်ကို၊ အစ်ကိုရယ်"

ချင်တူးတူးသည် ကျန်းချွေးဆန်းအား ပွေ့ထားလိုက်ရ ငိုကြွေးနေရှာသည်။ ပြီးလျှင် လက်ကိုင်ပဝါဖြင့် ကျန်းချွေ ဆန်း၏ နဖူးပြင်ထက်မှ ချွေးသီးချွေးပေါက်များကို ယုယုညင်သာ စွာ သုတ်ပေးနေ၏။ ကျန်းချွေးဆန်းသည် အားပြတ်လျက် ပျော့ ကျသွားသော်လည်း သတိမူ မလစ်သေးချေ။ ထိုအခါ အခွင့်ကောင် ရပါလျက် အသုံးမချသော ချင်တူးတူးအား စိတ်ထဲမှ အပြစ်တ နေမိ၏။ သို့သော် ယခုကဲ့သို့ မိမိအပေါ်တွင် စိုးရိမ်ပူပန်ခြင်းဖြ စွာဖြင့် ပြုစုယုယလျက် ရှိသည်ကို သိရပြန်သော် ချင်တူးတူ အပေါ်တွင် များစွာ ကျေနပ်ပြန်သည်။ ထို့နောက် ခဏမှာပ ကျန်းချွေးဆန်းသည် လှစ်ခနဲ သတိလစ်သွားလေတော့၏။

အဘယ်မျှကြာအောင် သတိလစ် မေ့မျောနေသည် မသိပ လှေကြီးတစ်ခုလုံး ဆန့်စကောထဲ အလိမ့်ခံရသကဲ့သို့ လူးလို



ပြီး၊ သူ့နားထဲတွင်လည်း ချင်တူးတူးနှင့် ရှက်စွန်းတို့၏ အော်သံ ပါ ကြားရသောအခါမှပင် ရုတ်ခြင်းပြန်လည် သတိရတော့၏။ ဆက်တည်းမှာပင် ဟူးဟူးရားရား မြည်ဟည်းနေသော လေပြင်း တိုင်းတိုက်ခတ်သံများ၊ တဝုန်းဝုန်း တအုန်းအုန်း ရိုက်ခတ်လာ သော ပင်လယ်လှိုင်းသံ များကိုပါ ဆက်တိုက် ကြားလာရပြန်၏။ ချိန်တည်းတွင်ပင် ကြီးမားသော လှိုင်းလုံးကြီး တစ်ခုက ထဲသို့ လိမ့်ဝင်လာပြီး သူ့တစ်ကိုယ်လုံး စိုရွှဲအောင် ရိုက်ပုတ် သွားသည်ကိုပါ ခံစားလိုက်ရလေ၏။ ထိုအခါ သူ့ခေါင်းထဲသို့ ဝင်လာသော ဗွေဆော်ဦး အတွေးမှာ 'လှေမှောက်ပြီ' ဟူသော တွေးပင်။

သူက အံကိုကြိတ်၍ လှေဝမ်းထဲမှ လျှောက်ထွက်လာ၏။ ကြီးမှာ ပုခက်လွှဲဘိသို့ ဘယ်ညာတိမ်းလျက် ယိမ်းနေ၏။ ခြေအနေမှာ တကယ်လည်း မှောက်တော့မည့် အခြေအနေ။ ခဲ့ ကျန်းချွေးဆန်းက ရှက်စွန်း၏ ကျယ်လောင်သော အသံကို ကြားလိုက်ရ၏။

"ကျန်းချွေးဆန်း နောက်ဘက်ကို သွားပြီး လှေပဲ့ကို ကိုင်လိုက် ပေတော့"

ရှက်စွန်း၏ အသံက တဟူးဟူး တရားရား တိုက်ခတ်နေ သော လေပြင်းမုန်တိုင်းကြားမှ ထင်ရှားစွာ ကြားလိုက်ရ၏။ ကျန်း

www.burmeseclassic.com



ချွေးဆန်း စဉ်းစားမနေအားတော့။ ချက်ချင်းပင် လှေအနောက်ဘက်သို့ အပြေးကလေး သွားလိုက်၏။ ထိုအခိုက် လှေထဲမှ အရိပ်မည်းတစ်ခုက အပြင်သို့ လွင့်ထွက်သွားသည်ကို တွေ့လိုက်ရ၏။ အမှန်မှု ပြင်းထန်သော လှိုင်းလုံး တစ်လုံးက လှေထိုးသား တစ်ဦးအား လှေထဲမှ အပြင်ဘက် ပင်လယ်ထဲသို့ ရိုက်ပုတ်လိုက်ခြင်းသာ ဖြစ်ပါ၏။

ကျန်းချွေးဆန်းလည်း လှေနောက်ပိုင်းသို့ မရောက်မီ ကြီးမားသော လှိုင်းလုံးတစ်လုံးက သူ့ရှေ့မှ လိမ့်ဝင်လာသည်ကို တွေ့ရ၏။ ထို လှိုင်းလုံးကြီးမှာ ရေနံရုံကြီးပမာ ကြီးမားလှပြီး "အုန်းခနဲ" အသံနှင့်အတူ လှေဝမ်းထဲရှိ သစ်သားများကို ချိုးဖဲ့ ဖျက်ဆီးသွားပြီ ဖြစ်သွား၏။

ထိုအချိန်တွင် ကျန်းချွေးဆန်းမှာ ထိုလှိုင်းလုံးကြီး၏ ဒဏ်ကို ခံနိုင်ရန် သူ လေ့ကျင့်ထားခဲ့သော သိုင်းအားကို ဖော်ထုတ်ရလေတော့၏။ သူက ခြေနှစ်ဖက်ကို လှေ၏ ကြမ်းပြင်ပေါ်မှာ သံမှို ထားဘိသို့ မြဲမြံအောင် အတွင်းအားဖြင့် တောင့်ခံနေလိုက်ခြင်းပင် ဖြစ်၏။

ထိုအခါ လှိုင်းလုံးကြီးမှာ သူ့ ကိုယ်ပေါ်သို့ အရှိန်ပြင်းစွာ ရိုက်ခတ်သွားသည့်တိုင်၊ သူ့ခန္ဓာကိုယ်က အနည်းငယ်မျှပင် လှုပ်ရှား ရွေ့လျားသွားခြင်း မရှိချေ။ ထိုနေရာမ လှိုင်းလုံးကြီး ဆေားရန်



ဘက်မြောက်မှပင် သူသည် လှေနောက်ဘက်သို့ ချက်ချင်း ခုန်ထွက်သွား၏။ ပြီးလျှင် လှေပဲ့ကြီးကို ထိန်းထားလိုက်၏။

ထိုစဉ်မှာပင် ရှက်စွန်းက သူ့သံဆူးတုတ်ကြီးဖြင့် ရွက်တိုင် တိုင်ကို ရိုက်ချိုးပစ်လိုက်၏။ ရွက်တိုင်ကြီးများသည် လေပြင်း ဘက်သို့ စွန်ကလေးပမာ လွင့်ထွက်သွား၏။ လေပြင်းသည် တိုက်ခတ်နေဆဲပင် ဖြစ်၏။ ပို၍ ပို၍လည်း ပြင်းထန်စွာ တိုက်ခတ်လာ၏။ ယခုအခါ သူတို့ လှေကြီးမှာ ရွက်ထည် ခဲ့သော ကျန်တော့၏။ ထို့ကြောင့် မထိန်းနိုင် မသိမ်းနိုင်ဖြစ်ကာ ပြင်းတိုက်ရာဆီသို့သာ ယိမ်းထိုးယိမ်းထိုးဖြင့် လိုက်ပါသွားနေ ၏။

ရှက်စွန်းသည် နောက်ဘက်ရွက်ထည်ကို ဖြုတ်ချရန် ကြိုးစား ၏။ သို့သော် လှေမှာ ယိမ်းထိုးယိမ်းထိုးဖြင့် လေပြင်းတိုက်ခတ် သို့ ပါသွားရင်း တဖြည်းဖြည်းနှင့် ရေမျက်နှာပြင်ဖြင့် ထိကပ်လု း တိမ်းစောင်းလာလေ၏။ အချိန်အနည်းငယ်မျှ ကြာလျှင်မူ လှေကြီး ခုလုံး ရေအောက်သို့ ရောက်ရပေတော့မည်။

ရှက်စွန်းက ကျယ်လောင်သော အသံဖြင့် မိုးကို ကျိန်ဆဲ ၏။

"တောက်၊ ချွေးမသားမိုး၊ ဒီလို လေအစုတ်အပဲ့ကိုမှ ရသလားကွ"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လေက ပြင်းထန်စွာ တိုက်ဆဲပင်။ ရှက်စွန်းသည် မတတ်သာသည့် အဆုံးတွင် နောက်ဆုံး ကျန်ရှိသော ရွက်တိုင်ကို ရိုက်ချိုးပစ်လိုက်ရလေသည်။ လေပြင်းနှင့် လှိုင်းပြင်းများကြားတွင် ရွက်မပါတော့သော လှေကြီး၏ အဖြစ်မှာ ရေအောက်သို့ မြုပ်လု မြုပ်ခင်ဖြင့် ရှိနေလေပြီ။

"ချင်တူးတူး၊ ချင်တူးတူး၊ မင်း ဘယ်မှာလဲ"ဟု ကျယ်လောင်စွာ အော်မေးနေရှာ၏။

သူ့ သုံးလေးကြိမ်မျှ အော်သည့်တိုင် ပြန်လည်ထူးသံ လုံးဝ မကြားရ။ လေပြင်းတိုက်သံ၊ လှိုင်းပုတ်သံ၊ ရေတာဝေါဝေါ ဝင်လာသံများကိုသာ နားကွဲလုဘနန်း ကြားနေရလေ၏။ နောက်ဆုံး သူ၏ အော်သံထဲတွင် ငိုသံပင် ရောနှော ပါလာရှာ၏။

"ချင်တူးတူးရေ၊ မင်း မင်း ဘယ်မှာလဲ"

ထိုစဉ် ရုတ်တရက် လက်ဝဲဘက်က သူ့ခေါင်းကို ကိုင်လာ၏။ တစ်ဆက်တည်းတွင်ပင် လူတစ်ယောက်က သူ့ခါးကို တင်းကျပ်စွာ ဖက်ထားလိုက်သည်ကို ခံစားလိုက်ရ၏။ ထိုအခိုက် ကြီးမားသော လှိုင်းလုံးတစ်လုံးက ရိုက်ခတ်လာပြန်ရာ ကျန်းချွေးဆန်းသည် သူ့ခါးကို ဖက်လာသူမှာ မည်သူမည်ဝါမှန်းပင် မကြည့်လိုက်နိုင်ချေ။ ထိုလှိုင်းလုံးကြီး ကျော်လွှားသွားသောအခါမှပင် ထိုလူက သူ၏ လည်ပင်းကို သိုင်းဖက်ပြီး ညင်သာသော အသံဖြင့်...



"အစ်ကို ကျွန်မအတွက် သိပ်စိုးရိမ်သွားသလား ဟင်"

ထိုအသံမှာ ချင်တူးတူး၏ အသံ။ လှိုင်းကြား လေကြားမှ သေကောင်း မပျောက်ကောင်း ပြန်လည် ကြားရပါသော ချင်တူးတူး၏ အသံပင် ဖြစ်ပါ၏။ ကျန်းချွေးဆန်းလည်း လွန်စွာ ဝမ်းသာသွား၏။ ချင်တူးတူးအား တင်းကျပ်စွာ ပြန်ဖက်ထား၏။ သည်တစ်ကြိမ် မခွဲတမ်း မခွာတမ်း ဖက်ခြင်းမျိုးဖြင့် တင်းတင်းကျပ်ကျပ် လူချင်းကပ်လျက်...

"ဘုရား မ,ပေလို့သာပဲကွာ၊ မင်း ဘာမှမဖြစ်ဘူးနော် ချင်တူးတူး"

သည်သို့ သေမင်း၏ နှုတ်ခမ်းတွင် လျှောက်လှမ်းနေရသော အချိန်ကျမှပင် ကျန်းချွေးဆန်း၏ ရင်ထဲက တကယ့် မေတ္တာများသည် ချင်တူးတူးအပေါ်တွင် များစွာ သိုင်းခြုံမိမှန်း သူ့ကိုယ်သူ သိရတော့၏။ ချင်တူးတူးက တိုးညင်းသော အသံဖြင့်...

"အစ်ကို၊ ကျွန်မတို့ သေရင်တောင် မခွဲမခွာ အတူသေမယ်နော်"

လည်တိုင်ကလေးက ယီးလေးခိုရင်း ရင်ထဲက ဆန္ဒမှန်ကို ဖွင့်ဟနေရှာသော ချင်တူးတူး။

"အေးပေါ့၊ သေအတူ ရှင်မကွာ ထာဝရ"

ကျန်းချွေးဆန်းက ချင်တူးတူးပမာပင် ရင်ထဲက ဆန္ဒကို ဖွင့်ထုတ်ပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းသည် ပြင်းစွာ ရိုက်ပုတ်နေ၏။ လေသည် ပြင်းစွာ တိုက်ခတ်နေ၏။ မှင်လယ်သည် အမှောင်လွှမ်းလျက် ကမ္ဘာပျက် တော့မည့် အလား။

ထိုကြားထဲတွင် ချင်တူးတူးနှင့် ကျန်းချွေးဆန်းသည် ပတ်ဝန်းကျင်၏ ပကတိ အနေအထားကို မေ့ထားလိုက်ပြီ တစ်ယောက်ကိုတစ်ယောက် မလွှတ်တမ်း ဖက်ထားကြ၏။ သေအတူ ရှင်အတူ ချစ်သူနှစ်ဦးမှာ ပတ်ဝန်းကျင်ကို မေ့လျက်။ လှေကြီးမှာ တော့မှ လူးလျက်၊ လိမ့်လျက် ထိန်းမရ သိမ်းရတော့ချေ။ ရေစီးက လေတိုက်ရာတိုင်း ရွေ့လျားနေလေသည်။

လှေပေါ်ရှိ လှေထိုးသား အားလုံးသည် ပင်လယ် ရေအောက် သို့ ကျရောက်ကုန်လေပြီ။ လှေဝမ်းထဲရှိ သစ်သား အမိုးအကာ များလည်း လေဒဏ် လှိုင်းဒဏ်ကြောင့် ပျက်စီးကုန်ပြီ။ ထို ရှက်စွန်းသည် တိမ်းမှောက်လုလု ရှိနေပါသော လှေကြီး၏ အနော ဘက်သို့ လျှောက်လာပြီးလျှင် ကျန်းချွေးဆန်းနှင့် ချင်တူးတူ တို့အား တစ်ချက်မျှကြည့်ပြီး ပြုံးလျက်...

"ကျန်းချွေးဆန်းရေ၊ မင်းတို့ လှေဝမ်းထဲပဲ သွားပြီး အနာ ယူကြပါတော့ ငါ ပဲ့ကိုင်ပေးမယ်"ဟု ဆိုသည်။

ကျန်းချွေးဆန်း ချက်ချင်းပင် ချင်တူးတူး၏ လက်ကိုဆွဲ ယိမ်းယိုင် ပျက်စီးလုနီးနီး ဖြစ်နေသော လှေဝမ်းထဲသို့ ဝင်လို



လေ၏။ ထို့နောက်တွင် ချင်တူးတူးသည် ကျန်းချွေးဆန်း၏ ရင်ခွင်ထဲမှနေ၍ အသံတိုးတိုးဖြင့်...

"အစ်ကိုရေ၊ တကယ်လို့ ကျွန်မတို့သာ ပင်လယ်ထဲမှာ မသေရင် ကျွန်မ တစ်သက်လုံး အစ်ကိုနဲ့ အတူနေမယ်နော်"

ကျန်းချွေးဆန်း စိတ်လှုပ်ရှားသွားသည်။ ချင်တူးတူး၏ နဖူးဆံစကလေးများကို သပ်ပေးရင်း...

"အင်း ကိုယ်တို့နှစ်ယောက် ဘယ်တော့မှ မခွဲဘူး၊ ဒီတစ်သက် နောက်တစ်သက် ထာဝရ အတူတူနေသွားမယ်လေ"

မုန်တိုင်းလည်း ခုနစ်နာရီကျော်မျှ မွှေချင်တိုင်း မွှေ၊ တိုက် ချင်တိုင်း တိုက်နေရာမှ ယခုမူ တဖြည်းဖြည်း အရှိန်လျော့စ ပြုလာ၏။ တဝုန်းဝုန်းဖြင့် မာန်ဟုန် ပြင်းနေသော ရေလှိုင်းကြီးများ သည်း ငြိမ်သက်စပြုလာပြီ။

ကျန်းချွေးဆန်းသည် လှေ၏ နောက်ဘက်ဆီသို့ လျှောက် သွားပြီး ရှက်စွန်းအား...

"ဆရာကြီး၊ ကျွန်တော်တို့ မုန်တိုင်းဘေးက လွတ်ပြီဗျ"ဟု ဝမ်းသာအားတက်သံဖြင့် ဆိုသည်။ ရှက်စွန်းက...

"စကားကို အကုန်မပြောနဲ့ ကျန်းချွေးဆန်း၊ ငါတို့ ...းယောက်ရဲ့ အသက်က မိုးမင်းကြီးရဲ့ လက်ထဲမှာကွ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းက သက်ပြင်းချသည်။ ပြီးလျှင် ရှက်စွန် အစား ဝင်ရောက် ပဲ့ကိုင်ပေး၏။ ရှက်စွန်လည်း ကျန်းချွေးဆန် အား ကျေးဇူးတင်ဟန်ဖြင့် တစ်ချက်မျှ ပြုံးပြပြီးနောက် သွားရော အနားယူလေသည်။

ထိုအချိန်တွင် ချင်တူးတူးလည်း လှေပဲ့ကိုင်နေသော ကျန်းချွေး ဆန်းအနားသို့ ရောက်လာသည်။ ကျန်းချွေးဆန်းလည်း နံဘေးတွင် ထိုင်ရင်း မိုးကောင်းကင်အား မော့၍ ကြည့်နေသည်။ မိုးကောင် ကင်သည် ပြာလွင်စပြုပြီ။ ကြယ်ပွင့်ကလေးလည်း လင်းလက်ခွင့်ရပြီ ထိုရောအခါ သူတို့ လှေသည်လည်း ယိုယွင်းလျက်နှင့် မြောက် ဘက်သို့ တရွေ့ရွေ့ ဦးတည်ရွေ့လျားလျက်ရှိ၏။ ချင်တူးတူးက မိုးကောင်းကင်ထက်မှ ကြယ်ကလေးများကို ကြည့်နေရာမှ အလ တထိတ်ဖြင့်...

"အစ်ကို လှေကြီးက မြောက်ဘက်ကို ဦးတည်နေပါလာ ဟင်"

"ဟုတ်တယ် တူးတူး၊ တကယ်လို့သာ အနောက်ဘက် ရွေ့ရင်တော့ သိပ်ကောင်းမှာပဲကွယ်၊ အဲဒီလိုသာ အနောက်ဘက် ရွေ့ရင်လေ ကိုယ်တို့ မြေပြန့်ကို ပြန်ရောက်မှာ သေချာတယ တူးတူး"



ချင်တူးတူး ငေးငိုင်သွားရှာသည်။ ခဏကြာမှပင်...

"တကယ်လို့ အရှေ့ဘက်ကို ဦးတည်သွားရင်ကော အစ်ကို"

"အရှေ့ဘက်ကို ဦးတည်သွားရင်တော့ အဆုံးအစမရှိတဲ့ ပင်လယ်ပြင်ကြီးပဲ ရှိမှာပေါ့ တူးတူး၊ ကိုယ်တို့ ခုနစ်ရက် ရှစ်ရက် လောက်သာ ခုလိုအတိုင်း မျောနေရင်လေ အစာငတ် ရေငတ်ပြီး သေပွဲဝင်ကြရမှာ သေချာတယ်ကွယ့်"

ချင်တူးတူးက သက်ပြင်းချလျက် ကျန်းချွေးဆန်း၏ လက်ကို ကိုင်ကာ ညင်သာစွာ ပွတ်သပ်နေလိုက်၏။

မှန်တိုင်း စဲပြီဖြစ်၍ လှိုင်းလေလည်း ငြိမ်သက်သွားပြီ ဖြစ်၏။ ထို့ကြောင့် ချစ်စရာ ပင်လယ်ပြင်၏ သဘာဝသည် လှပလာရပြန်၏။ လေတသုန်သုန် မြူးလျက် လှိုင်းတဖွေးဖွေး မျှသာ ရိုက်ခတ်နေ၏။ ပြာလွင်သော မိုးကောင်းကင်မှာ ကြယ်စင် ကလေးများ၏ အရိပ်သည် ပင်လယ်ရေပြင်တွင် လှပစွာ ထင်ဟပ် နေ၏။ ကြောက်မက်ဖွယ်ရာမှ ချစ်စဖွယ် ညသို့ ကူးပြောင်းနေ လေပြီ။

ချင်တူးတူးနှင့် ကျန်းချွေးဆန်းတို့ နှစ်ဦးလည်း ချစ်စ၊ ကြင်စ၊ သမုဒယနှောင်စ ဖြစ်၍ ကြည်နူး ဆွတ်ပျံ့ဖွယ်သော အချစ် ရသကို ခံစားနေကြ၏။ သူတို့ သူတို့၏ ရင်ထဲတွင် ကြည်နူး စရာ ချစ်ပုံပြင်ကလေးများ၊ လှပသော ချစ်စကားကလေးများ

www.burmeseclassic.com



ပြည့်လျှမ်းနေသော်ငြားလည်း နှုတ်မှမူ တစ်ခွန်းမျှ မဖွင့်ဟကြဘဲ ချစ်ရေယာဉ်ကြောဝယ် နှင့်မောစွာသာ ရှိနေကြ၏။

အတန်ကြာသော် ကျန်းချွေးဆန်းသည် ခေါင်းငုံ့၍ ချင်တူး တူးအား ချစ်ရည်ရွှန်းသော အကြည့်ဖြင့် ကြည့်လိုက်၏။ ထိုအခါ ဘာကြောင့်ရယ်မသိ။ ချင်တူးတူး၏ မျက်ဝန်းအစုံတွင် မျက်ရည် ဝဲလျက်ရှိသည်ကို တွေ့လိုက်ရပါ၏။ ပြီး ချင်တူးတူး၏ မျက်နှာ ပေါ်တွင် လွန်စွာ ဝမ်းနည်းကြေကွဲသော အမူအရာများ ယှက်သမ်း သွား၏။

"တူးတူး မျက်ရည်ဝဲလို့ပါလားဟင်၊ ဘာတွေစိတ်မကောင်း စရာ စဉ်းစားနေတာလဲဟင်၊ ကိုယ့်ကို ပြောစမ်း"

ချင်တူးတူးက ကျန်းချွေးဆန်းအား မျက်ရည် ဝန်းစေ့သော မျက်လုံးအစုံဖြင့် မော်ကြည့်ရှာ၏။ ဝမ်းနည်းသံ နှောလျက်ဖြင့်လည်း တိုးတိုးဆိုရှာသည်။

"ကံကောင်းထောက်မလို့ တူးတူးတို့ ပင်လယ်ပြင်မှာ သေ မသွားရင် တူးတူး အစ်ကိုနဲ့ အတူထာဝ နေနိုင်ချင် နေနိုင်ပါလိမ့်မယ်၊ ဒါပေမယ့် အကြောင်း မညီညွတ်လို့ တူးတူးတို့ နှစ်ယောက် သေဆုံးသွားခဲ့ရင် အစ်ကိုက တစ်လမ်း၊ တူးတူးက တစ်လမ်း ခွဲခွာ သွားကြရမှာ သေချာတယ် အစ်ကို"



"ဘာကို ဆိုတာလဲ တူးတူး"

"သြော်... အစ်ကိုရယ်၊ အစ်ကိုက သူတော်ကောင်းကြီး ဆိုတော့ သေသွားရင်တောင် မိုးကောင်းကင်ကို ရောက်သွား လိမ့်မယ်၊ တူးတူးကျတော့လေ ငရဲ... ငရဲပြည်ကို ရောက်မှာ အစ်ကိုရဲ့"

"တူးတူးကလဲကွယ်၊ မဟုတ်မဟတ်တာတွေ တွေးပြီး ပြောမနေစမ်းပါနဲ့ကွယ်၊ နော်"

ချင်တူးတူးက သက်ပြင်းချရင်း...

"တူးတူးကိုယ် တူးတူး သိတယ် အစ်ကို၊ တူးတူး တစ်သက်မှာ မကောင်းမှုတွေ အများကြီး လုပ်ခဲ့မိတယ်၊ ပြီးတော့ လူတွေကိုလဲ အများကြီး သတ်ခဲ့တယ် အစ်ကို"

ကျန်းချွေးဆန်း တစ်ချက်မျှ တုန်လှုပ်သွား၏။ သို့သော် ဤပင်လယ်ပြင်ကြောမှ သူတို့ နှစ်ဦး ဘယ်နည်းနှင့်မျှ လွတ်မြောက် နိုင်မည် မဟုတ်ဟု သိ၍ တုန်လှုပ်သောစိတ်များ ချက်ချင်း ပျောက်ပြယ်သွား၏။

ကျန်းချွေးဆန်းက ချင်တူးတူး၏ နုပါးပြင်ပေါ် စီးသွယ် ကျလာသော မျက်ရည်စများကို သုတ်ပေးရင်း နှစ်သိမ့်သော လေသံ ဖြင့် ဆိုရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပျက်အစဉ် ပြင်ခဏဆိုတဲ့ ပညာရှိ စကားလဲ ရှိသားပဲ တူးတူးရယ်၊ မကောင်းမှု ဒုစရိုက်တွေ လုပ်ခဲ့မိသမျှ ဒီအချိန် ဒီအခါက စပြီး ကောင်းမှုတွေ များများလုပ်ပေးရင် ဘုရားသခင်က တူးတူးကို ခွင့်လွှတ်မှာပေါ့ကွယ်၊ မကောင်းမှုကို ကောင်းမှုနဲ့ ဆေးကြောတဲ့ သဘောပေါ့ တူးတူး၊ ကဲ... ဘာမှ စိတ်ဆင်းရဲစရာ တွေ တွေးမနေပါနဲ့တော့၊ နော် တူးတူး"

* * *



နောက်တစ်နေ့သို့ ကူးပြောင်းရောက်ရှိလာ၏။

ရက်စွန်းသည် သူ၏ ဆူးတုတ်ဖြင့် လှေနားသို့ ရစ်ဝဲ မျှောခတ်လာသော ငါးတစ်ကောင်ကို ရိုက်သတ်လိုက်၏။ သုံးဦး သားမှာ လွန်စွာ ဆာလောင်မွတ်သိပ်နေရာ ထိုငါးကိုပင် ဝေခွဲ၍ အစိမ်း စားလိုက်ကြရ၏။ သို့သော် မြိန်ရှက်လှသည်။

လှေကြီးမှာလည်း မြောက်ဘက်သို့ ရွေ့လျားနေဆဲပင်။ သို့ဖြင့် သူတို့ သုံးဦးသည် သားစိမ်း ငါးစိမ်းကို စားရင်းဖြင့်သာ ဝမ်းဗိုက် ကို အာဟာရ ဖြည့်ရင်းနေရရှာ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ရက်ခန့် ကြာခဲ့ပြီ။

ရာသီဥတုမှာ တဖြည်းဖြည်း အေးချမ်းလာ၏။

ရှက်စွန်းနှင့် ကျန်းချွေးဆန်းတို့မှာ အတွင်းကောင်းသူများဖြစ်၍ အအေးဒဏ်ကို ခံနိုင်သေးသော်ငြားလည်း ချင်တူးတူးကမူ တစ်နေ့တခြား ညှိုးနွမ်းလာရှာ၏။ နောက် လေးငါးရက်မျှ ကြာခဲ့လျှင် ချင်တူးတူးသည် အအေးဒဏ်ကို လုံးဝ ခံနိုင်မည် မဟုတ်တော့ဘဲ အခြေအနေဆိုးသို့ ရောက်သွားနိုင်လေသည်။

သို့သော် ကံကောင်းထောက်မသည်ဟု ဆိုရမည်လား မပြောတတ်။ သူတို့လှေသည် ပင်လယ်ဖျံ တစ်အုပ်နှင့် မမျှော်လင့်ဘဲ သွားတိုးမိ၏။ ရှက်စွန်းက ဖျံကြီးများကို သူ့သံဆူးတုတ်ဖြင့် ရိုက်၍ ဖမ်းယူလေသည်။ သူ့တုတ်များမှာ သံဆူးချွန်များဖြင့်



ပြည့်နှက်နေရာ တစ်ကြိမ် ရိုက်လိုက်တိုင်း ပင်လယ်ဖျံကြီး နှစ်ကောင်သုံးကောင်ခန့် သံဆူးဖျားတွင် ညှိ၍ ပါလာမြဲပင်။

ရှက်စွန်းသည် ပင်လယ်ဖျံ လေးငါးကောင်မျှ ရိုက်ပြီး အရေခွံခွာပြီး အနွေးထည် ချုပ်ဝတ်ကြ၏။ ပင်လယ်ဖျံ၏ အရေခွံအား တကယ်လည်း နွေးထွေးစေ၏။ အအေးဒဏ်ကို လုံခြုံစေ၏။ သူတို့သည် ပင်လယ်ဖျံ၏ အသားကိုလည်း နေပူပူတွင် အခြောက်လှန်း၍ အစာရိက္ခာ ချန်ထားလိုက်သေး၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုည။

သူတို့ သုံးယောက်သည် ဖျံသားခြောက်များကို စားရင်း ရုတ်တရက် . . .

"တင်းတုံ၊ တင်းတုံ"ဟူသော ထူးဆန်းသည့် အသံကို ကြားလိုက်ကြရ၏။

အကာလည္ ပင်လယ်ပြင်ထဲတွင် ရုတ်တရက် ထိုအသံကို ကြားရခြင်းဖြစ်၍ ခဏမျှ ကြောင်သွားကြ၏။ ပြီးလျှင် ရက်စွန်းက မျက်နှာအပျက်ကြီးပျက်လျက် ထိတ်လန့်တကြားဖြင့် . . .

"ဟိုက်၊ ရေခဲတုံးကြီး" ဟု ကျယ်လောင်စွာ အော်လိုက်မိသည်။

သူသည် ချက်ချင်းပင် သူ့တုတ်ကြီးဖြင့် ရေပြင်အား



ကြည့်လိုက်သည်။ ထိုအခါ တကယ်ပင် လွန်စွာ မာကျောသော ခဲတုံးများကို ထိတွေ့မိလေ၏။

သူတို့ သုံးဦးစလုံး ချက်ချင်း မျက်နှာ အပျက်ကြီး ပျက်သွား၏။ ရင်တစ်ခုလုံး အေးစက်သွား၏။

ဤအတိုင်းသာ မြောက်ဘက် ယွန်းယွန်းသို့ ခရီးဆက်နေ ခု နောက်ဆုံးတွင် ပင်လယ်ပြင်ကြီးသည့် ရေခဲတုံးကြီးများဖြင့် နှက် ပိတ်ဆို့နေပေရော့မည်။

ထိုအခါ လှေကြီးမှာ ရှေ့ခရီးမဆက်နိုင်ဘဲ ထို ရေခဲ ယ်ပြင်တွင် သူတို့သုံးဦး အစာငတ် ရေငတ်ဖြင့် သေပွဲဝင် ာ ရှိတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ သူတို့သုံးဦး ပို၍ စိတ်အား လျော့စဖွယ် ကြုံရပြန်၏။ အကြောင်းမူ ပင်လယ်ပြင်တွင် မျောလာသော သင်္ဘော တုံးများသည် တဖြည်းဖြည်းနှင့် ပို၍ ကြီးမားလာ၏။

ရှက်စွန်းက မဲ့ပြုံးပြုံးလျက်...

"ထွီ... ငါက ဒီ နဂါးနိုင်ဓားကို လျှို့ဝှက်ချက်ကို သိချင် လို့ ဒီကို လာခဲ့ပါတယ်၊ အခုတော့ ရေခဲတောမှာ သွေးခဲပြီး သေ ဝင်ရတော့မယ်"ဟု ဆိုသည်။

ချင်တူးတူးမှ ကျန်းချွေးဆန်း၏ လက်ကိုသာ မြဲမြဲ ဆုပ်ကိုင် ထားရှာ၏။ ရှက်စွန်းက နဂါးနိုင်ဓားကို ကိုင်ရင်း ဒေါသဖြင့်...

"ဟင်း... ဟောဒီ ဓားစုတ်ကြောင့် ငါတို့ အခုလို ဖြစ်ရ တာကွ၊ ကဲ... နဂါးနိုင်ဓားရေ မင်းကို မကြည့်ချင်တော့ဘူး



ပင်လယ်ထဲသာ သွားပေတော့"ဟု ဆိုကာ ဓားလက်ကိုင်ကို မြှောက်၍ ပင်လယ်ထဲသို့ ဓားကို လွှင့်ပစ်ရန် ပြုလေ၏။

သို့သော် ချက်ချင်း လက်ကို ပြန်ရုပ်လိုက်ပြန်၏။ အကြောင်းမူ ဓားကို လက်လွှတ်စပယ် ပစ်လိုက်ရန် နှမြောသော စိတ်က တဖြည်း ပေါ်လာသောကြောင့်ပင် ဖြစ်ပါ၏။ နောက် သူသည် အပြင်းချလျက် ဓားကို လှေဝမ်းထဲသို့ သွား၍ သိမ်းဆည်း လိုက်သည်။

* * *

www.burmeseclassic.com

နောက် သုံးလေးရက်ခန့် ကြာလာသည်။ ပင်လယ်ပြင်အ ရေခဲတုံးများ ဗောလောဗောလော မျောနေသည်ကို တွေ့ရ ရေခဲတုံးကြီးများသည် တစ်ရက်ထက်တစ်ရက် ပို၍ ကြီးမားလာ ပို၍ များပြားလာ၏။ တချို့ စာပွဲဝိုင်းမျှ အတုံးကြီး။ တချို့ တဲငယ်အိမ်မျှ အတုံးကြီးများ။

သူတို့ သုံးဦးမှာ သေဘေးမှ လွတ်မည်မဟုတ်ကြော သိလာလေလေ၊ သေမထူး နေမထူးစိတ်များ ပေါ်လာလေလေ ဖြ လာ၏။ ထို့ကြောင့် စိတ်အပင်ပန်း အဆင်းရဲခံ၍ ဘာမျှ မတွေ ရတော့ချေ။ လွတ်မြောက်လမ်း ဆိုသည်ကိုလည်း မေ့ထားလိုက် သို့ဖြင့် သူတို့ သုံးဦးသည် အေးအေးလူလူပင် လှေဝမ်းထဲဝင် အိပ်လိုက်ကြလေ၏။

* * *

ထိုည သန်းခေါင်းယံချိန် ဝုန်းခနဲ ကျယ်လောင်သော အသံ နှင့်အတူ လှေကြီးတစ်ခုလုံး တုန်ခါသွား၏။

ရှက်စွန်းက အိပ်မှုန်စုံမွှားဖြင့် ကျယ်လောင်စွာ...

"သိပ်ကောင်းတယ်ဟော့၊ ငါတို့ လှေကြီး ရေခဲတောင်နဲ့ တိုက်မိပြီကွ"

ကျန်းချွေးဆန်းနှင့် ချင်တူးတူးမှ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး မေ့ဖက်ထားလိုက်မိကြ၏။ မကြာပါ။ သူတို့ ခြေဖျားတွင် စိမ့်ခနဲ ကျဉ်ခနဲ ခံစားလိုက်ရ၏။ အကြောင်းမှု ရေခဲ ရေများ လှေထဲသို့ စိမ့်ဝင်လာပြီ မဟုတ်ပါလား။ နောက် မကြာမီ မှာပင် သူတို့ ခြေသလုံးနစ်မျှ ရေခဲရေများ ပြည့်လာလေပြီ။ ထိုစဉ် အခိုက် ရှက်စွန်းက...

www.burmeseclassic.com



"ဟိတ်၊ လာကြဟေ့၊ တို့ ရေခဲတောင်ပေါ် သွားကြမယ် တစ်ရက် ပိုနေရရင်လဲ နည်းသလားကွာ၊ ဟား ဟား ဟား တောက်... ခွေးမသား မိုးမင်းကြီး ငါ့ကို ခပ်စောစော သေစေချင်နေတယ်ကွ၊ ဘယ်ရမလဲ၊ ငါကလဲ သေကို မသေသေး ပါဘူး၊ ဟား ဟား ဟား၊ ဟေ့... လာကြ၊ လာကြ"

ထိုအချိန်တွင် ကျန်းချွေးဆန်းရော၊ ချင်တူးတူးပါ လှေဦးပေါ်သို့ ခုန်တက်ပြီး ပတ်ဝန်းကျင်သို့ ကြည့်လိုက်၏။

ထိုည ငွေလသည် ရွှန်းပစွာ သာနေ၏။ လှေဦး၏ အရှေ့ဘက် လရောင်အောက်တွင်မူ လွန်စွာ ကြီးမားသော ရေခဲတောင်ကြီး တစ်ခုက ထီးထီးမားမားဖြင့် တစ်လက်လက် တောက်ပနေ၏။ အေးမြစွာ တောက်ပနေခြင်းမျိုးတော့ မဟုတ်ပါ။ ကြောက်မက်ဖွယ် ကောင်းလောက်အောင် 'ရွှန်းလက် လှုပနေသည်။

သူတို့ သုံးဦးသည် တစ်ပြိုင်တည်းလိုပင် ရေခဲတောင်ဘက်သို့ လွှားခနဲ ခုန်တက်လိုက်ကြ၏။ ထို့နောက် ရှက်စွန်းက ပင်လယ်ရေ အရေခွံကို ခင်း၍ သုံးယောက်သား ရေခဲတောင်တွင် အနားယူ လိုက်ကြ၏။

ရေခဲတောင်မှာ တောင်ကုန်းလေး တစ်ကုန်းစာမျှ ကြီးပြီး အလျား ကိုက်ငါးဆယ်၊ အနံ ကိုက်နှစ်ဆယ်မျှ ရှိ၏။ ရှက်စွန်းက ရှီးခနဲ လေတစ်ချက်ချွန်ပြီး...



"လှေထဲမှာ နေရတာ သိပ်ကျဉ်းကျပ်တယ်ကွ၊ ဟော... ဒါတော့ အတော်ပါပဲ၊ လမ်းလေးဘာလေးတောင် အညောင်းပြေ လျှောက်လို့ရသကွ"

ထို့နောက် မရှေးမနှောင်းမှာပင် ရှက်စွန်းသည် ရေခဲတောင် ခေါင်ထိုက် လှည့်ပတ် လျှောက်ကြည့်လိုက်၏။ ရေခဲတောင်မှာ ပင်လယ်ရေစီးနှင့်အတူ မြောက်ဘက်ယွန်းယွန်းသို့ ဖြည်းညင်း ညင်းသာစွာ ရွေ့လျားနေ၏။

ရှက်စွန်းက ရယ်မောလျက်...

"ဟား ဟား ဟား၊ ဘုရားသခင်က ငါတို့ကို လှေနဲ့ ကြိုပြီး မြောက်ဝင်ရိုးစွန်းမှာ နတ်သားတွေ သွားလုပ်ခိုင်းမလို့ကွ"ဟု ဆို သည်။

ချင်တူးတူးမှာမူ ကျန်းချွေးဆန်း၏ နံဘေးတွင် တိုးခွေ ရင်း ပတ်ဝန်းကျင်အား တမင် မေ့ထားလိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ရေခဲတောင်မှာ နောက်ထပ် ခုနစ်ရက်မျှ ရေစီးအတိုင်း ရွေ့လျားမျောပါနေ၏။

နေ့အခါတွင် ရေခဲပြင်ပေါ် နေရောင်ထိုးကာ ရောင်ပြန်ဟ သဖြင့် အသားအရေများ လွန်စွာ ပူစပ်လေ၏။ နောက် မျက်စိ လည်း လွန်စွာ စူးသဖြင့် အလင်းရောင်ဒဏ်ကို မခံနိုင်ဖြစ်ကာ ယောင်ကိုင်း၍လာ၏။ ထို့ကြောင့် သူတို့ သုံးယောက်သည် နေ့အခါ များတွင် ပင်လယ်ဖျံ၏ အရေခွံကို ခြုံ၍ အိပ်ကြ၏။ ညအခါမှသာ သားငါးများကို ရှာဖွေဖမ်းဆီး စားသောက်ကြရ၏။

သို့သော် ရေခဲတောင်မှာ မြောက်ဘက်သို့ ရောက်ရှိလေလေ နေ့တာက ပို၍ရှည်လာပြီး ညတာမှာမူ တဖြည်းဖြည်း တိုလာလေ တော့၏။ နောက် တဖြည်းဖြည်းနှင့် တစ်နေ့လျှင် နှစ်ဆ



လေးနာရီ ရှိသော်လည်း နေ့တာက နာရီ နှစ်ဆယ်ခန့် ဖြစ်လာပြီး ညတာက လေးနာရီသာ ရှိလာတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျန်းချွေးဆန်းနှင့် ချင်တူးတူးမှာ တစ်နေ့တခြား ပင်ပန်းနွမ်းနယ်လာ၏။

ရှက်စွန်းလည်း တစ်နေ့တခြား စိတ်မူမမှန် ဖြစ်လာတော့၏။ သူ့ မျက်လုံးအစုံတွင် ထူးဆန်းသော အရိပ်အယောင်များ ထွက်လာပြီး ကြည့်ရှုဟန်များက ကြောင်စီစီ ဖြစ်လာ၏။ ပြီးလျှင် တစ်ချိန်လုံး ထိုင်၍ လက်ဟန်ခြေဟန်ဖြင့် မိုးကောင်းကင်အား ကြည့်လျက် အော်ဟစ် ကျိန်ဆဲနေလေသည်။

* * *

တစ်ည။

ကျန်းချွေးဆန်းသည် ပင်ပန်းနွမ်းနယ်သဖြင့် နှစ်ခြိုက်စွာ အိပ်မောကျလျက် ရှိ၏။ ထိုစဉ် ချင်တူးတူး၏ ရှူးရှူးဝါးဝါး အော်သံကို ရုတ်တရက် ကြားလိုက်ရသဖြင့် လန့်ဖျပ်နိုးပြီး နားစွင့်လသော် . . .

"ကျွန်မကိုလွှတ်၊ ကျွန်မကိုလွှတ်၊ ရှင် ချေးကျင့်ချေးကြီး ကြီးနဲ့၊ အခုလွှတ်"

အော်ပြောသံ၊ ရုန်းကန်လှုပ်ရှားသံ၊ အသက်ပြင်းပြင်းရှူသံက အစ ကျန်းချွေးဆန်း ကြားကိုက်၏။ ထိုအခါ ရုတ်တရက် ခုန်ထ၍ ကြည့်လိုက်သောအခါ လရောင်အောက်တွင် ရေခဲတောင် တစ်ခုလုံး ရှုန်းရှုန်းလက်လက် ပြိုးပြိုးပြက်ပြက် တောက်ပနေ၏။ အမြင်အား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လွန်စွာ လှပနေ၏။ သို့သော် ထိုလှပသော မြင်ကွင်းအောက်တွင် ရှက်စွန်းသည် ချင်တူးတူးအား အတင်း ပွေ့ဖက်ထားလျက်ရှိပြီး ပါးစပ်မှလည်း တောရိုင်း တိရစ္ဆာန်တစ်ကောင်လို အော်မြည်သံကို ပြုလျက်ရှိလေ၏။

ကျွန်းချွေးဆန်းသည် ယခုရက်အတွင်း ရှက်စွန်း၏ အမူအရာကို ကြည့်၍ စိတ်မကောင်း ဖြစ်နေခဲ့၏။ ရှက်စွန်းတစ်ယောက် စိတ်ရူးပေါက်ပြီး ဖောက်ပြန်သွားမည်ဟု သူ ကြိုတွက်ထားမိ၏။ ယခုမူ သူ ထင်ထားသည့်အတိုင်း ရှက်စွန်းသည် စိတ်ရူးပေါက်လျက် သင့်သည် မသင့်သည်ကို မခွဲခြားဘဲ ဖောက်ပြန်နေပေပြီ။ သိုင်းလောကတွင်သော်လည်းကောင်း၊ ပတ်ဝန်းကျင် လူမှုရေးလောကတွင် လည်းကောင်း လွန်စွာ စောင့်စည်းအပ်သော အဓိကစည်းတစ်ခုကို ရှက်စွန်းသည် အမှုမဲ့ဖြင့် ကျူးလွန်နေပေပြီ။ ပြီး သူကျူးလွန်နေသူက ကျွန်ချွေးဆန်း၏ နှလုံးသား၊ သို့မဟုတ် ချစ်သူချင်တူးတူး။

ကျွန်းချွေးဆန်း ဒေါသဖြစ်ရပြီ။ အထိတ်တလန့် ဖြစ်ရပြီး ထို့ကြောင့် သံကုန်မြှင့်၍ အော်ပြော၏။

“အခု လွှတ်လိုက်စမ်း”

ရှက်စွန်းက တဟားဟား ရယ်သည်။ ရယ်သံကလည်း ပုံမှန်ရယ်သံမျိုးမဟုတ်။ ကြောက်မက်ဖွယ်ကောင်းလှသောရယ်သံ။ ပြီး...



“ဟိတ်ကောင်၊ ငါတို့ သုံးယောက်ဟာ အနေးနဲ့အမြန်သေရမယ့် လူတွေကွ၊ ဒီတော့ မသေခင် တို့ ဘာလို့ လွှတ်လွှတ်လပ်လပ် မပျော်ပါးရမှာလဲကွ၊ ငါ့ကို မင်းက ဘာလို့ တားမြစ်နေရတာလဲ၊ ဒီမှာ ငါ ရှက်စွန်းဆိုတဲ့ကောင်က ကုန်းပေါ်တုန်းမှာကတည်းက ကောင်းတဲ့ကောင် မဟုတ်ဘူးကွ၊ ဟား ဟား ဟား”

“လွှတ်ပါရှင်၊ ကျွန်မကို လွှတ်ပါ”

“ရှက်စွန်း၊ ခင်ဗျား တူးတူးကို ခုလွှတ်လိုက်”

“ဟား ဟား ဟား၊ မလွှတ်ဘူး၊ မလွှတ်ဘူး၊ ပျော်မယ်၊ ပါးမယ်၊ ဟောဒီလို၊ ဟောဒီလို”

“ဟေ့ ရှက်စွန်း၊ ခုချက်ချင်း လွှတ်နော်၊ မလွှတ်ရင် ခင်ဗျားနဲ့ ကျုပ် သူသေကိုယ်သေ တိုက်ခိုက်ရလိမ့်မယ်”

“ဟား ဟား ဟား၊ ရယ်စရာ ကောင်းလိုက်တာကွာ၊ နေပါဦး၊ သူမက မင်းနဲ့ ဘာတော်လို့လဲ၊ မင်းက ဘာဝင်ရှုပ်ချင်တာလဲဟေ”

ကျွန်းချွေးဆန်း မျက်လုံးစုံ ပြာသွားပြီ။ ထိန်းချုပ်ခြင်းကင်းရပြီ။

“ဒီမှာ ရှက်စွန်း၊ တူးတူးက ကျုပ်ရဲ့ မိန်းမ၊ ကျုပ်က သူ့လင်၊ ခင်ဗျား ယုတ်မာမယ် မကြံနဲ့၊ အခုလွှတ်”

www.burmeseclassic.com

www.burmeseclassic.com



ရှက်စွန်းက ချင်တူးတူးကို မလွှတ်။ ပို၍ တင်းကျပ်စွာ ဖက်လျက်...

"ငါ ရှက်စွန်းဆိုတဲ့ အကောင်က ဘာမှ နားမလည်တော့ဘူး၊ ယုတ်မာတယ်ဆိုတာ ဘာလဲ၊ ဟောဒီ မဒီလေးက ချောတယ်၊ လှတယ်၊ တောင့်တယ်၊ ဒီတော့ ငါ ရှက်စွန်းရဲ့ ခတ်စာကျသပေါ့၊ ဒါကြောင့် သူ့ရဲ့ ခန္ဓာကိုယ်ကို ငါ လိုချင်တယ်၊မင်းက သူ့ယောကျ်ား ဟုတ်ရင်လဲ ခုနေခါမှာ ဘေးနားကပဲ အသာထိုင်ကြည့်နေပါ၊ မင်း ပါးစပ်က နောက်တစ်ခွန်းပြောရင် ငါ မင်းကို တစ်ခါတည်း ပင်လယ်ထဲကို အသေရိုက်ချလိုက်မယ်၊ ဒါပဲ"

ကျန်းချွေးဆန်း ဒေါသပေါက်ကွဲပြီ ဖြစ်သည်။

"ကောင်းပြီလေ၊ ကျုပ်တို့ သုံးယောက်စလုံး ဒီမှာပဲ သေကြတာပေါ့"

ကျန်းချွေးဆန်းက စကားဆုံးသည်နှင့် အားမာန်ထုတ်၍ ရှက်စွန်း၏ နောက်ကျောပြင်အား လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်၏။ သို့သော် ရှက်စွန်းက ဖျတ်ခနဲ နောက်ပြန်လှည့်၍ လက်ဝါးစောင်းဖြင့် ခံလိုက်ရာ ကျန်းချွေးဆန်းသည် မျက်လုံးစုံပြာနှမ်းသွားပြီး နောက်သို့ ယိုင်လဲကျသွားလေ၏။ တစ်ဆက်တည်းမှာပင် ရှက်စွန်းက နောက်ပြန် ကန်လိုက်ရာ ကျန်းချွေးဆန်း၏



ခါးကို သံတူဖြင့် ထုရိုက်သလို ကျွတ်ခနဲ ခံစားလိုက်ရ၏။ သို့သော် ကျန်းချွေးဆန်း ခွမလျှော့၊ လက်ဖြင့် ရေခဲပြင်ကို ထောက်၍ သွားခနဲ ခုန်တက်ပြီး လက်ချောင်းများဖြင့် ရှက်စွန်း၏ ဒူးခေါင်းမိုးနှင့် အကြောများကို ထိုးစိုက်လိုက်၏။ သို့ရာတွင် ရှက်စွန်းက ခြေတံခြည်းပင် သူ့ခြေထောက်ကို ရုပ်သိမ်းလိုက်ပြီး တစ်ဆက်တည်းမှာပင် ညာလက်ဝါးဖြင့် ကျန်းချွေးဆန်း၏ ဦးခေါင်းကို ရိုက်ချလိုက်သည်။

ရှက်စွန်း၏ ဘက်ဘက် လက်ကမူ ချင်တူးတူး၏ သိမ်ကျဉ်သော ခါးကလေးကို မြဲမြဲစွာ ဖက်ထားဆဲပင်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၆ )

အခန်း ( ၁၆ )

www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဝင်ရိုးစွန်း

ချင်တူးတူးသည် ကျန်းချွေးဆန်း အလူးအလဲ ခံနေရပြီကို ...သော်လည်း ရှက်စွန်းက တင်းကျပ်စွာ ပွေ့ဖက်ထားသဖြင့် ...ဝ မလှုပ်ရှားနိုင်ဘဲ ဤအတိုင်း ကြည့်နေရ၏။ ချင်တူးတူးခမျာ အထိတ်တလန့် ဖြစ်နေရှာသည့် ကြားကပင် ရှက်စွန်း၏ မျက်လုံး ...မှာ အခိုးထွက်မတတ် ပြူးကျယ်ကာ နီရဲလာ၏။ သူ့ပံ့ဟန့်က ...ရာရထားသဖြင့် စိတ်ရိုင်းဝင်နေသော ကျားကြီးတစ်ကောင်နှယ် ဖြစ်နေ၏။ ချင်တူးတူး၏ စိတ်ထဲမှမူ...

"ရှက်စွန်းဟာ ခါတိုင်းအချိန်တုန်းက ယဉ်ယဉ်... ...ဆို နေထိုင်လာတဲ့ ...လ်တစ်ယောက်ပဲ၊ ဒီနေ့မှ ...လို ...

www.burmeseclassic.com



ဖောက်ပြန်နဲ့ စိတ်ရိုင်းဝင်လာတာဟာ သူ့ဦးနှောက်က ထိခို သွားပြီး ရူးသွားပြီထင်ပါရဲ့”ဟု တွေးမိ၏။

ထိုစဉ်တွင်ပင် ရက်စွန်းသည် ကျန်းချွေးဆန်းအား ရှိသ ဟုပင် မထင်မှတ်တော့ဘဲ၊ ချင်တူးတူးကိုသာ သူ့ လက်နှစ်ဖက် ပွေ့ဖက်လိုက်၏။ ကျန်းချွေးဆန်းလည်း အလူးအလဲ အတိုက် ထားရသည့် ကြားမှ မာန်တင်း၍ ဒယီးဒယိုင်ဖြင့် ထ,လာ ရက်စွန်း၏ နောက်ကျောရှိ အကြောမကို ထိုးချလိုက်ပြန် သို့သော် သူ့ လက်သီးသာ ကွဲအက်မတတ် ခံစားလိုက်ရ အကြောင်းမူ ရက်စွန်း၏ ကျောကုန်းမှာ သံမဏိပြားကြီး ခံထားဘိ မာကျောလှသောကြောင့်ပင် ဖြစ်၏။ ရက်စွန်းသည် ဖြတ်ကို သလောက်မျှပင် နာကျင်မှု အလျဉ်းမရှိဘဲ ချင်တူးတူးကို ပွေ့ဖက်ထားရင်း လှမျက်နှာလေးကိုပင် နမ်းရှုံ့ရန် ကြိုးစား ပြန်၏။

ကျန်းချွေးဆန်းလည်း ဒေါသချောင်းချောင်းထွက်လ ရက်စွန်းအား ထပ်မံ အော်ဟစ် သတိပေးလေ၏။

“ရက်စွန်း၊ ခင်ဗျား ချင်တူးတူးကို လွှတ်ပါ၊ မလွှတ် ကျုပ် လက်နက်သုံးရတော့မယ်”

ရက်စွန်းက ကြားပင်မကြား။ ချင်တူးတူး ရုန်းနေသ ကြားမှ နမ်းရှုံ့ခြင်းကို ပြု၏။



ထိုအခါ ကျန်းချွေးဆန်းက သူ့ သံမဏိ စုတ်တံကြီးကို တ်၍ ရက်စွန်း၏ ပခုံးကြောကို ထိုးလိုက်၏။ ကျန်းချွေးဆန်း သည် မျက်လုံးစုံ ပြူးဝိုင်းသွားရပြန်၏။ အကြောင်းမူ ရက်စွန်း၏ သိမ်ခံ သိုင်းပညာက ကြောက်စရာကောင်းလှအောင် မြင့်မားလွန်း၏။ ားသူငါသာ ဤ သံမဏိစုတ်တံချွန်ဖြင့် တစ်ချက်မျှ အထိုးခံ ချင် နေရာတွင်ပင် ဗိုင်းခနဲ လဲသွားနိုင်သော်လည်း ရက်စွန်းမူ တစ်ချက်သာ တွန့်ပြီး ချက်ချင်းပင် နောက်ပြန်လှည့်၍ ကျန်းချွေး န်း၏ စုတ်တံချွန်ကို လုနေလေ၏။

ချင်တူးတူးက ထိုအခွင့်ကောင်းကို လက်မလွှတ်တော့ချေ။ က်စွန်း၏ ရင်ခွင်မှ ချက်ချင်း ခုန်ထွက်ပြီး ဝေးရာ ပြေးပါလေ တော့၏။ ထိုအချိန်တွင် ရက်စွန်းသည် ကျန်းချွေးဆန်းအား က်ဝါးစောင်းဖြင့် ရိုက်လိုက်သလို ကျန်းချွေးဆန်းကလည်း လက်ဝါးဖြင့် ပြန်၍ ခုခံလိုက်၏။ ထိုအခါ သူတို့နှစ်ဦး၏ က်ဝါးနှစ်ခုမှာ လေပေါ်တွင်ကဲ့သို့ပင် ပူးကပ်သွားပြန်၏။ န်းချွေးဆန်းသည် အတွင်းအားကို အစွမ်းကုန်ထုတ်၍ ရက်စွန်း၏ ကို ကာကွယ်နေ၏။ သို့သော် တဖြည်းဖြည်းနှင့် ရက်စွန်း၏ တွင်းအားလှိုင်းက ဖို၍ ဖို၍ ပြင်းထန်လာရာ ကျန်းချွေးဆန်း ခေါင်းတစ်ခုလုံး ကျဉ်လာပြီး မူးမိုက်သွားလေ၏။ ရက်စွန်းသည် ချက် ကျန်းချွေးဆန်းအား အဝေးသို့ တွန်းထုတ်လိုက်ပြီး တူးတူး ပြေးရာနောက်သို့ လိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်၊ ငါ့လက်က ပြေးလို့ မလွတ်ဘူးဆိုတာ မသိဘူးလား၊ ဟား ဟား ဟား"

ရှက်စွန်းသည် မီသည်နှင့် ချင်တူးတူးအား အတင်း ပွေ့ဖက်ပြီး ရေခဲပြင်ပေါ် လှဲချလိုက်လေ၏။ ယင်းအချိန်တွင် ကျန်းချွေးဆန်းမှာ ရှက်စွန်း၏ တွန်းထုတ်အားကြောင့် ရေခဲတောင်၏ အစွန်းနားသို့ လွင့်ထွက်သွားပြီး ခြေချော်ကာ ပင်လယ်ထဲသို့ ကျသွားချိန် ဖြစ်၏။ သို့သော် ကံကောင်းထောက်မသဖြင့် သူ့တွင် အသင့်ပါလာသော ဓား ချိတ်ကို ကမန်းကတန်း ထုတ်နိုင်ပြီး ရေခဲတောင်ကို ချိပ်လိုက်လျက် ကုတ်ကတ်တက်လာနိုင်၏။ သူ့စိတ်ထဲတွင်မူ မျှ ဗျူးတူးဟစ်ယောက် ယခုလောက်ဆိုလျှင် ဘဝဆုံးပြီဟု တွက်ထားမိ၏။ သို့သော်...

* * *

ငွေလရောင်သည် လင်းထိန်နေ၏။

လရောင်အောက်က မြင်ကွင်းမှ ကျန်းချွေးဆန်း ကြိုတွက်ဆကဲ့သို့ ဖြစ်မနေပါ။ တောရိုင်းသားကောင် တစ်ကောင်နှယ် ကြွတ် ရက်စက်နေသော ရှက်စွန်းသည် သူ့မျက်စိကို လက်နှစ်ဖြင့် အုပ်လျက်ရှိသည်ကို တွေ့ရပြီး နာကျင်လွန်းသဖြင့် ညည်းညူတိုပါ ကျန်းချွေးဆန်း ကြားလိုက်ရပါ၏။

ချင်တူးတူးမှ ရှက်စွန်းအား ရင်တုန်စွာ စိုက်ကြည့်ရင်းပြည်း နောက်ဆုတ်လာရာ ကျန်းချွေးဆန်း အနားသို့လာလေ၏။ ကျန်းချွေးဆန်းက ကြောက်လန့်ခြင်း၊ ရင်ခုန်အားအင် ချည့်နဲ့ခြင်းတို့ဖြင့် ရောပြွန်းကာ ယိုင်လဲဟုလုသော ချင်တူးတူးအား ဆီး၍ ထိန်းထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် တုန်ယင် အက်ကွဲသော နွမ်းလျလွန်းသော အသံဖြင့် ချင်တူးတူး ဆိုရှာ၏။

"အစ်ကို၊ ကျွန်မ... ကျွန်မ သူ့မျက်လုံးကို လျှို့ဝှ အပ်ချောင်းနဲ့ ပစ်လိုက်ပြီ"

ချင်တူးတူး စကားမှ မဆုံးမီမှာပင် ရှက်စွန်းသည် ရုတ်တရက် စူးစူးဝါးဝါး တစ်ချက်အော်ပြီး သူတို့ရှိရာ ခုန်အုပ်လာ၏။ ကျန်းချွေးဆန်းနှင့် ချင်တူးတူးသည် အလျင်အမြန် တစ်ဘက်တွင် ရှိသော ရေခဲပြင်တွင် လိမ့်၍ အဝေးသို့ ရှောင်ထွက်လိုက်လေသည်။ ထိုစဉ် ရှက်စွန်းမှာ ရေခဲတုံးကြီးများကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ နားစွင့်နေ၏။ နောက် ရုတ်တရက် ကျန်းချွေးဆန်းတို့ရှိရာ ပစ်ပေါက်လိုက်လေသည်။ ကျန်းချွေးဆန်းလည်း မရှောင်သာ မတိမ်းသာတော့သည့် အဆုံးတွင် ချင်တူးတူးကို ဖက်ပြီး ရေခဲတောင်၏ တစ်ဖက်အစွန်းဆီသို့ လိမ့်ထွက်လိုက်ရပြန်၏။ တစ်ပြိုင်တည်းမှာပင် လက်ထဲမှ ဆူးချိတ်ဖြင့် ရေခဲတောင်စွန်းကို ချိတ်၍ ရေထဲတွင် ဝပ်နေလိုက်ရ၏။

ရှက်စွန်းမှ ဒေါသတကြီးဖြင့် ကျန်းချွေးဆန်းတို့ လှုပ်ရှားနေသံ ကြားရာဆီသို့ ရေခဲတုံးကြီးများဖြင့် တစ်တုံးပြီး တစ်တုံး ဆက်တိုက် ပစ်ပေါက်နေလေ၏။



ရှက်စွန်း၏ လက်ပစ်အားမှာ လွန်စွာ ပြင်းထန်၏။ ရေခဲတုံး တစ်တုံး မှန်ရုံနှင့်ပင် သေပွဲလုလုကြီး ဝင်နိုင်ပေသည်။ သို့ဖြင့် ရှက်စွန်းသည် နာရီဝက်ခန့် အဆက်မပြတ် ပစ်ပေါက်နေပေရာ ကျန်းချွေးဆန်းတို့ နှစ်ဦးမှာ ရင်တထိတ်ထိတ်ဖြင့် ဝပ်ကာဝပ်ကာ ရှောင်နေရ၏။ ထို့ကြောင့် နာရီဝက်မျှ အချိန်ကိုပင် သုံးလေးနှစ်မျှ ကြာသည်ဟု ထင်မှတ်နေမိရပါ၏။

ထိုအခိုက်မှာပင် သူတို့ ဆူးချိတ်ဖြင့် ကုတ်တွယ်ထားသော ရေခဲတောင်ငယ်၏ အစွန်းမှ ရုတ်တရက် အတုံးကြီးတစ်တုံး ပင်လယ်ထဲသို့ ဝုန်းခနဲ ပဲ့ထွက်သွား၏။ ကျန်းချွေးဆန်းတို့ နှစ်ဦးလည်း ထိုပဲ့ထွက်သွားသော ရေခဲတုံးကြီးနှင့်အတူ ရေစီးဖြင့် ပါသွားလေတော့၏။ ကျန်ရစ်ခဲ့သော ရေခဲတောင်ငယ်ပေါ်တွင်မူ ရှက်စွန်းသည် တောရိုင်းတိရစ္ဆာန် တစ်ကောင်နှယ် ဒေါသတကြီးဖြင့် စူးစူးဝါးဝါးအော်ရင်း ကျန်ရစ်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ရှက်စွန်း၏ ဘေးရန်မှ ကင်းဝေး လွတ်မြောက်သွားပြီ ဖြစ်သော ကျန်ချွေးဆန်းနှင့် ချင်တူးတူးသည် ခဏမျှ စိတ်သက်သာခွင့် ရလိုက်၏။ အဘယ့်ကြောင့်မူ ဤပေါလောပေါလော မျောနေသော ရေခဲတုံးကြီးပေါ်တွင် သူတို့သည် ဘယ်ရွေ့ဘယ်မျှ ကြာအောင် လိုက်ပါ နေရဦးမည်ကို မှန်းဆ၍ မရသောကြောင့်ပင် ဖြစ်ပါ၏။

တစ်နည်းဆိုသော် ဤပင်လယ်ပြင်ပေါ် မျောနေသော ဤရေခဲတုံးကြီးပေါ်တွင်သာ နောက်ဆုံး သူတို့ဘဝ နိဂုံးချုပ်ရ မည်ဟု ထင်ထားသောကြောင့်လည်း ဖြစ်ပါသည်။

ထို့ကြောင့် ချစ်သူ နှစ်ဦးမှာ စကားမပြောနိုင်လောက်အောင် ကိုယ့်အတွေးနှင့်ကိုယ် ရေခဲတုံးပေါ် လိုက်ပါလျက် ရှိနေလေ၏။ ထိုစဉ် ချင်တူးတူးက . . .



"အစ်ကို၊ အစ်ကိုနဲ့ ရှက်စွန်း လှေပေါ်မှာ တိုက်ခိုက်ကြ ...်းက တူးတူး သူ့ကို အပ်ချောင်းနဲ့ ပစ်မလို့ပါပဲ၊ ဒါပေမယ့် ...န်မ မပစ်ခဲ့ပါဘူး"

ကျန်းချွေးဆန်း ချင်တူးတူးကို ဖျတ်ခနဲ ကြည့်လိုက်၏။ ...န့်မှ ဤအကြောင်းကို ထိုစဉ်ကပင် ကျန်းချွေးဆန်း သိချင် ...၏။

ဂ

"အေး . . . ဟုတ်သားပဲ တူးတူး၊ ကိုယ်က တူးတူးကို အဲဒီ ...ကြောင်း မေးချင်နေတာ ကြာလှပြီကွယ့်၊ ဘာလဲ တူးတူးက ...ချောင်ထဲမှာမို့ ကိုယ့်ကိုပါ ထိမှန်သွားမှာစိုးပြီး မပစ်ဘဲ နေတာ ...း"

"မဟုတ်ဘူး အစ်ကို၊ တကယ်လို့ ဒီအချိန်မှာသာ ရှက်စွန်းကို ...ရာရအောင် လုပ်လိုက်ရင် ဘူးတူးတို့ နှစ်ယောက် မြေပြန့်ကို ...ပြေးရမှာ မဟုတ်လား၊ အဲဒီလိုဆိုရင် အစ်ကိုကလဲ တူးတူးနဲ့ ...တကွ နေမှာ မဟုတ်တော့ဘူးလေ၊ တူးတူးလေ အစ်ကိုနဲ့ ...မှာ သိပ်ကြောက်လို့ အဲဒီတုန်းက ရှက်စွန်းက မပစ်တာရှင့်၊ ... သိပြီလား"

"ဩော် . . . တူးတူးရယ်"

ကျန်းချွေးဆန်းက ချင်တူးတူးအား ရင်ခွင်ထဲသို့ ဆွဲသွင်း ...၏။ တူးတူးလည်း ကျန်းချွေးဆန်း၏ ရင်ခွင်ထဲသွင် ငြိမ်သက်

www.burmeseclassic.com



စွာ နေလိုက်၏။ ခဏမျှ အကြာတွင် ချင်တူးတူးက လေသံ တိုးတိုးဖြင့် . . .

"ဒီ ရေခဲတောင်ကြီး အနုလိုပဲ တစ်သက်လုံး မြောက်ဘက် ကို မျောပါသွားပါစေလို့ တူးတူး ဆုတောင်းနေတယ် အစ်ကို၊ ဘာကြောင့်လဲဆိုတော့ တောင်ဘက်ကိုသာ မျောပါသွားရင် တူးတူး တို့ မြေပြန့်ကို ပြန်ရောက်သွားမှာ မဟုတ်လား အစ်ကို၊ အဲဒီအခါကျရင် အစ်ကိုရဲ့ ဆရာက တူးတူးကို မုန်းမှာ သေချာတယ်၊ တူးတူးရဲ့ ဖေဖေကလဲ တူးတူးကို သတ်ချင်သတ်မှာ အစ်ကိုရဲ့"

"တူးတူးရဲ့ ဖေဖေ ဟုတ်လား"

"ဟုတ်တယ်၊ တူးတူးရဲ့ ဖေဖေက မျက်ခုံးဖြူဂိုဏ်းရဲ့ ဂိုဏ်းချုပ် ချင်ထင်းကျက်လေ အစ်ကိုရဲ့"

"သြော် . . . ဒီလိုကိုး၊ အရေးမကြီးပါဘူး တူးတူးရယ် အစ်ကိုက တူးတူးနဲ့ တစ်သက်လုံး၊ နောက် တစ်သက်လုံး နေသွား ပါ့မယ်လို့ ပြောထားပြီးပြီ မဟုတ်လား၊ ဟင်း . . . တူးတူး ဖေဖေက ဘယ်လောက်ပဲ ဆိုးနေနေ သူ့သားမက်ကိုတော့ မသတ်ရက်ပါဘူး လေ"

ချင်တူးတူး မျက်နှာနီမြန်းသွား၏။ ရှက်သွေး ဝေဖြာသွား၏။ သို့သော် မျက်ဝန်းမှာမူ ရွှန်းလက်စွာ တောက်ပနေ၏။ ပီတိရိပ် လွှမ်းလျက်ရှိ၏။



"အစ်ကို့ရဲ့ စကားက တကယ့်ကို ရင်ထဲကလာတဲ့ စကားလား အစ်ကို"

"အင်း ရင်ထဲက ပွင့်ထွက်လာတဲ့ သမ္မဒယ စကားတွေပေါ့ တူးတူး၊ တူးတူး မယုံဘူးလား ပြော"

"ယုံပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် တူးတူးက အကုသိုလ် ခ,ကြီးပါ၊ မကောင်းမှုတွေ လုပ်ခဲ့တဲ့ မိန်းမပါ"

"အို . . . အစ်ကို ပြောပြီးပါကောလား၊ မကောင်းမှုတွေကို ကောင်းမှု များများပြုပြီး ဆေးကြောလိုက်တာပေါ့ တူးတူးရယ်၊ အဲ . . . တူးတူး အစ်ကို့ကို စိတ်ချပုံ မရသေးရင် ဒီလိုလုပ်လေ၊ သောဒီ ရေခဲတုံးကြီးပေါ်မှာပဲ တူးတူးနဲ့အစ်ကို မြတ်ဘုရားကို တိုင်တည်ပြီးတော့ အကြင်လင်မယားအဖြစ် နေထိုင်ကြအောင် နော်၊ ဘယ့်နှယ့်လဲ တူးတူး"

"အစ်ကို့ သဲဘောပဲလေ"

သို့ဖြင့် ချစ်သူနှစ်ဦးမှာ ပင်လယ်ထဲ မျောပါနေသော ရေခဲတုံးကြီးပေါ်မှာ ပခုံးချင်းယှဉ်၍ ဒူးထောက်ကာ အကြင်လင်မယား အဖြစ်သို့ ကတိသစ္စာ တိုင်တည်လိုက်ကြလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျန်းချွေးဆန်းသည် သူ၏ လက်စွဲတော် ဆူးချိတ်ဖြင့် ရေပြင်ပေါ် ပေါ်လာသော ငါးများကို ဖမ်းယူကာ ချင်တူးတူးအား ကျွေးရ၏။

သူလည်း စားသည်။

အကြင်လင်မယား နှစ်ဦးသည် ဤတစ်သက်တွင် လွတ်မြောက်ရန် လမ်းစမမြင်သဖြင့်နောက်ဆုံးတွင် အပူအပင် လုံးဝ မထားတော့ချေ။ နေ့ရက် အချိန်ကာလလည်း မမှတ်မိတော့ချေ။ သေမထူးနေမထူးသည့် သဘောဖြင့် အချိန်ကာလများကို ကြောင့်ကြမဲ့စွာ နေလာခဲ့ကြလေသည်။

*　*　*

တစ်နေ့။

ထိုနေ့တွင် မြောက်ဘက်အရပ်မှ အခိုးအငွေ့လုံးကြီးများ တိုးတက်လျက်ရှိသည်ကို ကျန်းချွေးဆန်းရော ချင်တူးတူးပါ အမှတ်ထင် မြင်လိုက်ကြရသည်။

ထိုအခါ ကျန်းချွေးဆန်းက ဇနီးသာအားရသဲဖြင့်...

"တူးတူးရေ၊ ဟို... ဟိုနေရာမှာ လူနေတယ်ထင်တယ်နော်"ဟု ဆို၏။

"ဟုတ်မယ်၊ လူနေထာပဲဖြစ်မယ်"

နှစ်ဦးမှာ ပျော်လို့ မဆုံးတော့။ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်မိသည်အထိ ကလေးငယ်များလို ခုန်ပေါက်ခုန်ပေါက် သွားမိသည်အထိပင် ဖြစ်နေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအမည်းငွေ့တန်းကြီးရှိရာသို့ တစ်နေ့တာသာ ကုန်ဆုံးသွားသည် မရောက်သေး။

နောက်တစ်ရက်အထိ ရေစီးနှင့်အတူ ရေခဲတုံးကြီးပေါ်တွင် လိုက်ပါသွားရလျက်သာ။ သို့သော် အမည်းငွေ့တန်းကြီးမှာမူ အနီး ရင့်ညောင်းလာလေလေ၊ ပို၍ မြင့်လာလေ ဖြစ်သည်ကို မြင်ရလေသည်။ နောက် မီးတောင်ကိုပင် မြင်လာပြီဖြစ်သည်။ နောက်ဆုံးတွင် သူတို့ နှစ်ဦးလုံး ပါးစပ်အဟောင်းသားပြင့် အံ့ဖွယ်ဘနန်း ဖြစ်သွား ရ၏။

အကြောင်းမူ အငွေ့တလူလူ လွင့်မြူးနေသော ထိုအရာကြီး မှာ မမျှော်လင့်ဘဲ မီးတောင်ကြီး ဖြစ်နေသည်ကို တွေ့မြင်လိုက် သောကြောင့်ပင် ဖြစ်၏။ ကျန်းချွေးဆန်းတို့ နှစ်ဦးမှာ အံ့ဖွယ် ဘနန်းဖြင့် နားမလည်နိုင်အောင် ဖြစ်သွားရ၏။ ထူးဆန်းလှသည်။ သူတို့ တက်ရောက် နေ,နေရသော ရေခဲတုံးကြီးသည် ထိုမီးတောင် ကြီးရှိရာဘက်သို့ တန်းတန်းမတ်မတ် ဦးတည်သွားနေခြင်းပင်။ အမှန်မူ ကျန်းချွေးဆန်းတို့ တွေ့လိုက်ရသော မီးတောင်ကြီးမှာ မြောက်ဝင်ရိုးစွန်းနားရှိ မီးတောင်ရှင်ကြီး တစ်ခုပင်ဖြစ်သည်။ ယင်း မီးတောင်မှာ ပေါက်ကွဲသွားပြီးနောက် ပြန်ငြိမ်သက်သွားချိန်တွင် မီးတောက်များ ရုတ်တရက် မငြိမ်းဘဲ ရက်ပေါင်း လပေါင်းများစွာ ကြာသည့်တိုင်အောင်တောက်လောင်နေခြင်းပင် ဖြစ်ပါ၏။ မီးတောင်



ပေါက်ကွဲချိန်တွင် တောင်ကြီး၏ အေးပတ်လည်ရှိ ရေများ ရွေးထွေး သွားကြ၏။ ထိုရွေးထွေးသော ရေများသာ တောင်ပိုင်းသို့ စီးဆင်း သွားပြီး ထိုရေစီးများအစား ရေအေးများက နေရာဝင်ရောက်ယူပေး ရသည်။

ထို့ကြောင့် ကျန်းချွေးဆန်းတို့၏ ရေခဲတုံးကြီးမှာ ရေအေး စီးကြောင်းအတိုင်း မီးတောင်ဘက်သို့ မျောပါ စီးသွားနေခြင်း ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့။

ယင်းနေ့တွင် ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့ မီးတောင်ကြီး၏ တောင်ခြေနားသို့ ရောက်လာကြ၏။

မီးလျှံမီးငွေ့များ လွင့်မြူးနေရာ တောင်ထိပ်၏ ဘေးတစ်ဝိုက်နှင့် အောက်ဘက်တို့တွင် လွန်စွာ စိမ်းလန်းစိုပြေသော တောအုပ်များကို ထူးဆန်းစွာ တွေ့မြင်လိုက်ရပြန်၏။ သို့သော် ပေါက်ရောက်ဖြစ်ထွန်းနေသော သစ်ပင်များမှာ လွန်စွာ ထူးဆန်းပြီး ပုံသဏ္ဌာန်များကလည်း မြေပြန့်တွင် မြင်တွေ့နေကျ ပုံပန်းသဏ္ဌာန်နှင့် ကွဲပြားလှသည်။ ဝန်းကျင်ရှိ ကျောက်တုံး ကျောက်ဆောင်များသည်လည်း ပုံသဏ္ဌာန်အမျိုးမျိုးနှင့် လွန်စွာ လှပစိုပြေနေသည်။

ကျန်းချွေးဆန်းသည် မြင့်မတွင် နေရာအနှံ့ ခြေဆန့်ဖူးခဲ့



သော်လည်း ဤလို ထူးဆန်းသော တောင်ကြီးမျိုးနှင့် လှပစိုပြေ ဝန်းကျင် အနေအထားမျိုးကို မမြင်ဖူးခဲ့ချေ။ အမှန်မှာ ကျင်နှင့် ဤတောင်တန်းကြီးများမှာ မီးတောင်တန်းကြီးဖြစ်၍ မီးတောင်တန်း အနီးဝန်းကျင်ရှိ ရာသီဥတုမှာ နွေးထွေးလေ၏။ ကြောင့်လည်း သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်ထွန်း ပေါက်ရောက်ကာ တောအုပ်ကြီးများ နေရာအနှံ့ တွေ့မြင်နေရခြင်းပင်။

ချင်တူးတူးသည် အံ့ဖွယ်ဘနန်း ထိုမြင်ကွင်းများကို တစ်ငေး ငေးမော ရှုမျှော်ကြည့်ရင်း ရုတ်တရက် ထ,ခုန်ပြီး လက်နှစ်ဖက်ဖြင့် ကျန်းချွေးဆန်းကို ပွေ့ဖက်လိုက်၏။ ပြီး ဝမ်းသာအားရသံဖြင့်...

"အစ်ကိုရေ၊ အစ်ကိုရေ၊ တူးတူးတို့ နတ်ဘုံကို ရောက်နေပြီရှင့်"ဟု ဆိုလေ၏။

ကျန်းချွေးဆန်းလည်း လွန်စွာ ဝမ်းသာလျက်ရှိရာ သူ့ ဝမ်းမှ ဘာစကားမျှပင် မတုံ့ပြန်နိုင်တော့ချေ။ ကျန်းချွေးဆန်းက တောင်ထိပ်နှင့်တကွ သွယ်တန်းနေသော တောင်တန်းများ ဝန်းကျင် ပသာဒများကို ကြည့်ပြီးနောက် တောင်တန်းကြီး၏ ခြေရှိ မြက်ခင်းပြင်ကျယ်ဆီသို့ လှမ်းကြည့်လိုက်ပြန်၏။ ထိုအခါ အုပ်အကွက်နှင့် ဘာသာဘာဝ လွတ်လပ်စွာ သွားလာ ကျက်စားနေသော သမင်၊ ဒရယ်၊ ချေငယ်များကို တွေ့လိုက်ရ၏။ ထိုသတ္တဝါတို့သည် မြူးတူးပျော်ပါးစွာ မြက်ခင်း စိမ်းလန်းများကို စားသောက်

www.burmeseclassic.com

www.burmeseclassic.com



ဥ်၏။ ဤ ပတ်ဝန်းကျင် တစ်ခုလုံးကို ခြုံကြည့်လျှင် တောင်ထိပ်ရှိ မီးတောက်ကြီးသာ အနည်းငယ် ကြောက်မက်ဖွယ် အသွင် ရှိသည်ကလွဲလျှင် ကျန်အရာခပ်သိမ်းမှာ ဆိတ်ဆိတ်ငြိမ်ငြိမ် နှင့် ကြည်နူးဆွတ်ပျံ့ဖွယ်ပင် ဖြစ်သည်။

သူတို့နှစ်ဦးသည် ရှည်ရှည်ဝေးဝေး တွေးတော စဉ်းစား တော့ပေ။ ရေခဲတုံးကြီးပေါ်မှ လွှားခနဲ ခုန်ပြီး မီးတောင် အခြေသို့ တက်လာလေတော့၏။ ထိုအခါ သူတို့နှင့်အတူ မျော လာသော ရေခဲတုံးကြီးမှာ မြောက်ဘက်ဆီသို့ ဆက်၍ စီးဆင်း လေသည်။

* * *



သူတို့ ကုန်းပေါ်သို့ ရောက်ချိန်တွင် မြက်ခင်းပြင်တွင် အစာ ရှာသောက်နေကြသော သမင်၊ ဒရယ်၊ ချေငယ်များသည် ကြောက် လန့်တကြား ပြေးလွှားခြင်း မရှိဘဲ သူတို့ နှစ်ဦးကိုသာ အံ့သြသော မျက်လုံးများဖြင့် ငြိမ်သက်စွာ ကြည့်နေကြ၏။

ချင်တူးတူးမှ သမင်လေးတစ်ကောင် အနားသို့ ဖြည်းညင်း စွာ လျှောက်သွားပြီး သမင်လေး၏ ဦးခေါင်းကို လက်ကလေးဖြင့် ညင်သာစွာ ပွတ်သပ်ရင်း . . .

"အစ်ကိုရေ ပတ်ဝန်းကျင် တစ်ခုလုံးဟာ တကယ့် နတ်ဘုံ အတိုင်းပဲနော်၊ သိပ်အေးချမ်းပြီး လှပနေတာပဲ၊ အို . . . တကယ် ဆိုသာ ငွေဖျိုင်းဖြူကြီးတွေ၊ ငန်းဝါကြီးတွေ ရှိရင်လေ တကယ့်ကို ထိပ်ဖြည်ရောက်နေတယ်လို့ ထင်မိမှာ„အမှန်ပဲနော် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းက ချင်တူးတူး စကားကြောင့် အားပါးတ

ရယ်မောလိုက်၏။ ချင်တူးတူးလည်း သူ့စကားနှင့်သူ ရယ်မေ

လိုက်မိ၏။

ထို့နောက် လွန်စွာ ပင်ပန်းနွမ်းနယ်လာကြသဖြင့် မြေ

ပေါ်တွင်ပင် လှဲလျောင်းချပြီး အိပ်စက်လိုက်ကြလေတော့သည်။

* * *



သူတို့ ပြန်လည် နိုးလာကြချိန်တွင် နေမင်းကြီးသည် အနောက်ဘက် ဂေါယာသို့ မယွန်းသေးချေ။ ကမ္ဘာလောကကြီးအား အလင်းရောင် ဖျော့ဖျော့ ဖြန့်ကျက်ထားလျက် ရှိသေးသည်။

"တူးတူးရေ၊ ကိုယ်တို့ တောင်ကြီးရဲ့ ဘေးပတ်လည်တွေကို လှည့်ပတ်ကြည့်ရအောင်၊ ဒီကျွန်းပေါ်မှာ ဒိပြင်လူ ရှိချင်လဲ ရှိနေမယ်၊ နောက်ပြီး သားရဲ တိရစ္ဆာန် ရှိတယ်, မရှိဘူးဆိုတာလဲ လေ့လာပြီးသား ဖြစ်အောင်ပေါ့"

"အစ်ကို ဒီ သမင်လေးတွေ ပျော်ပျော်မြူးမြူး လွတ်လွတ် လပ်လပ် ရှိနေပုံထောက်ရင် ဒီကျွန်းကြီးပေါ်မှာ သားရဲတိရစ္ဆာန် မရှိဘူးလို့ ထင်ပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ လှည့်ပတ် လေ့လာထားတော့ ပိုပြီး တိတိကျကျ သိရတာပေါ့၊ လာ တူးတူး၊ သွားကြစို့ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူတို့နှစ်ဦးသည် တစ်ယောက်လက်ကို တစ်ယောက်က ဆွဲ၍ မီးတောင်ဝန်းကျင်၊ ကျွန်းကြီးတစ်ဝိုက် အပြေးအလွှား လှည့်ပတ်ကြည့်လိုက်ကြသည်။ ထိုအခါ ထူးဆန်းသော သစ်ပင်များ၊ အမည်ဖော်ပြနိုင်စွမ်း မရှိသော ထူးဆန်းသည့် သားငှက်တိရစ္ဆာန်များကိုသာ တွေ့လိုက်ကြလေ၏။ သူတို့ နှစ်ဦးသည် တောအုပ်ကြီးတစ်ခုကို ဖြတ်ကျော်လာပြီးနောက် ကြီးမားသော ကျောက်တောင်ကြီးတစ်တောင်ကို တွေ့လိုက်ရပြန်၏။ ထို ကျောက်တောင်ကြီး၏ အောက်တွင်တော့မှ ကျောက်ဂူကြီး တစ်ခု။

ချင်တူးတူးက မြူးပျော်စွာ အော်၍ ဆိုလိုက်၏။

"အစ်ကို ဒီနေရာက သိပ်ကောင်းတာပဲနော်၊ သိပ်လှတာပဲ"

ချင်တူးတူး စကားဆုံးသည်နှင့် ကျောက်ဂူထဲသို့ အပြေးကလေး ဝင်သွားလေ၏။ ကျန်းချွေးဆန်းက နောက်မှ လိုက်ဝင်ရင်း လှမ်း၍...

"တူးတူးရေ သတိထားနော်"ဟု အော်ဟစ် သတိပေး၏။

သတိပေးသံပင် မဆုံးလိုက်ရပါ။ 'ဝူးဂရား' ဟူသော အသံကြီးများ ကြားလိုက်ပြီး မရှေးမနှောင်းပင် လွန်စွာ ကြီးမားလှသော ဝက်ဝံကြီး တစ်ကောင်က ဂူထဲမှ ပြေးထွက်လာသည်ကို တွေ့ရလေသည်။



ဝက်ဝံကြီးမှာ ကျွဲတစ်ကောင်နီးပါး ကြီးပြီး တစ်ကိုယ်လုံး ...သည်း ဖြူဖွေးတက်နေ၏။ ချင်တူးတူးမှာ လန့်ဖျပ်ပြီး နောက်သို့ ...ဆုတ်လိုက်၏။ ဝက်ဝံကြီးကမူ ရှေ့တိုး၍ လက်နှစ်ဖက်ကို ...က်ပြီး မတ်တတ်ရပ်ကာ ချင်တူးတူး၏ ခေါင်းကို လက်ကြီးဖြင့် ...ချလိုက်သည်။ ချင်တူးတူးက လှစ်ခနဲ ရှောင်တိမ်း၍ သူ့ဓားဖြင့် ...ဝံကြီးကို ထိုးခုတ်သည်။ ဝက်ဝံကြီးက သူ့ဓားကို လက်ဖြင့် ...ချက်ပုတ်လိုက်ရာ ဓားမှာ လွင့်စဉ်ကျသွား၏။ ကျန်းချွေးဆန်းက ...မ်စွာဖြင့်...

"တူးတူး နောက်ကို ဆုတ်လိုက်" ဟု အော်ဟစ် သတိ ...ပြီး သစ်ကိုင်းကြီး တစ်ကိုင်းဖြင့် ဝက်ဝံကြီး၏ ဒူးဆစ်ကို ...လိုက်၏။

"ဖျောင်းခနဲ" သစ်ကိုင်းကြီး ထက်ပိုင်း ကျိုးသွားသလို ...ဝံကြီးလည်း ခြေတစ်ဖက် ကျိုးသွားလေ၏။ ဝက်ဝံကြီးမှာ ...စွာ ပြင်းထန်သော ဒဏ်ရာရသွားသည်ဖြစ်၍ နာကျင်စွာ ...လိုက်သည်။ ထိုအခါ ကျွန်းကြီးတစ်ခုလုံး ဟိန်းထွက်သွားပြီး ...င်ထပ်သွားလေ၏။

ထိုစဉ် ချင်တူးတူးက ဓားကို လျင်မြန်စွာ ကောက်ယူပြီး ...ကိုး၍ ကျန်းချွေးဆန်းအား ကူညီရန် ပြုလိုက်၏။ ကျန်းချွေး ...ဆန်းသော...

www.burmeseclassic.com



"တူးတူး ဓားကို အပေါ်ပစ်တင်လိုက်"ဟု အလောတ
အော်ပြောသည်။

ချင်တူးတူး ကြောင်သွားသည်။ သို့သော် ဓားကိုမူ ချက်ချ
အပေါ်သို့ ပစ်တင်လိုက်၏။ ကျန်းချွေးဆန်းသည် ရုတ်တ
လေထဲသို့ လွှားခနဲ ခုန်တက်လိုက်ပြီး ဓားကို ဘယ်လက်
ဖမ်းယူကာ ဝက်ဝံကြီး၏ နောက်စေ့ကို အပေါ်မှ စီး၍ ထိုး
လိုက်လေ၏။ ဝက်ဝံကြီးမှာ ဓူးဓူးဝါးဝါး တစ်ချက်မျှသာ အော်
ပြီးနောက် ဘုန်းခနဲ လဲကျသေဆုံးသွားတော့သည်။

ချင်တူးတူး လက်ခုပ်လက်ဝါးတီးလျက် ရယ်မောရင်း...

"တယ်ကောင်းတဲ့ ကိုယ်ဖော့ သိုင်းပညာပါလား အ
ရေ့"ဟု ချီးမွမ်းခြင်း ပြုသည်။

ထိုစဉ် ကျန်းချွေးဆန်းက ရုတ်တရက်...

"တူးတူး ကိုယ့်ဆီကို မြန်မြန်ခုန်လာခဲ့"ဟု အော်
လေ၏။

ကျန်းချွေးဆန်း၏ အသံတွင် စိုးရိမ်ကြောင့်ကျသံ
သဖြင့် ချင်တူးတူးလည်း ချက်ချင်း ကျန်းချွေးဆန်း၏
ဆီသို့ ခုန်ဝင်လာ၏။ ပြီး နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လို
ချင်တူးတူးနှုတ်မှ 'ယား' ခနဲ ချောက်လန့် အော်လိုက်မိ၏။ အကြ
ချင်တူးတူး လှည့်ကြည့်လိုက်ချိန်တွင် သူ့နောက်ဘက်မှ ဝက်



ခုနစ်ကောင်က တစ်တန်းတည်း ရပ်လျက်နေပြီး သူတို့အား သွားဖြဲ
ကာ တိုက်ခိုက်ရန် ဓာန်သွင်းနေသည်ကို တွေ့လိုက်ရသောကြောင့်
ပင်ဖြစ်ပါ၏။ အမှန်မှ ဤဝက်ဝံကြီးများသည် စောစောစဉ်က
ကျန်းချွေးဆန်း လက်ချက်ဖြင့် သေဆုံးသွားသော အဖော် ဝက်ဝံကြီး၏
အော်သံကို ကြား၍ ကယ်တင်ရန် ရုတ်တရက် ရောက်လာခြင်း
ဖြစ်ဟန်တူသည်။

ကျန်းချွေးဆန်းနှင့် ချင်တူးတူးသည် တစ်တန်းတည်း ရပ်ပြီး
သွားဖြဲကာ တိုက်ခိုက်ရန် ရှေ့တိုးလာနေပြီဖြစ်သော ဝက်ဝံကြီး
ခုနစ်ကောင်ကို ကြည့်ရင်းရင်း ကြောက်ရွံ့ တုန်လှုပ်လာကြ၏။
စောစောကမူ တစ်ကောင်တည်းမို့ ကျန်းချွေးဆန်း နိုင်လိုက်သော်လည်း
ယခု ဝက်ဝံကြီး ခုနစ်ကောင်ကိုမူ ကျန်းချွေးဆန်း ဘယ်နည်းနှင့်မျှ
နိုင်အောင် တိုက်ခိုက်နိုင်မည် မဟုတ်ဟု နားလည်လိုက်၏။ ထို့
ကြောင့်...

"ပြေးကြစို့ တူးတူးရေ"ဟု ပြောပြီး ချင်တူးတူး၏
လက်မောင်းကို ဆွဲလျက် ဂူထဲမှ ပြေးထွက်ခဲ့လေတော့၏။

သို့သော် ဝက်ဝံကြီး ခုနစ်ကောင်က ရပ်တန့်မနေပါ။ သူတို့
ပြေးထွက်ရာနောက်သို့ ထက်ကြပ် ပြေးလိုက်လာနေ၏။ ဤသို့
ကျန်းချွေးဆန်းနှင့် ချင်တူးတူးက ခြေဦးတည့်ရာအပြေး နောက်မှ
ဝက်ဝံ ခုနစ်ကောင်ကလည်း ပြေးလိုက်လာချိန်တွင်မူ ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှေ့မှ ဝက်ဝံကြီးများ ဘွားခနဲ ထွက်လာသည်ကို တွေ့လိုက်ရပြန်၏။ ချင်တူးတူးက ကြောက်အားလန့်အားဖြင့်...

"အစ်ကို၊ အစ်ကို၊ တူးတူးတို့ကို ဝက်ဝံတွေက ဝိုင်းထားလိုက်ကြပြီ၊ ရှေ့နောက် ပိတ်ထားလိုက်ကြပြီ"

ကျန်းချွေးဆန်းလည်း အကင်းပါးသူပီပီ အခြေအနေ ဆိုးနေပြီဖြစ်ကြောင်း သိလိုက်၏။ ထို့ကြောင့် ချက်ချင်းပင် အနားတွင် တွေ့ရသော သစ်ပင်တစ်ပင်ပေါ်သို့ ချင်တူးတူးကို လက်တစ်ဖက်ဖြင့် မွေ့၍ ခုန်တက်လိုက်လေသည်။ ချင်တူးတူးက လွန်စွာ စိုးရိမ်သော အသံဖြင့်...

"ဘုရား၊ ဘုရား၊ ဒီဝက်ဝံတွေ သစ်ပင် မတက်တတ်ပါစေနဲ့"ဟု ဆုတောင်းနေလေ၏။

ကျန်းချွေးဆန်းက အားတင်း၍ အကြောက်လွန်နေသော ချင်တူးတူးအား နှစ်သိမ့်ရ၏။

"ဒီဝက်ဝံတွေ သစ်ပင်တက်တတ်လဲ အကြောင်း မဟုတ်ပါဘူး၊ တစ်ကောင်တက်ရင် တစ်ကောင် အသေသတ်ပစ်လိုက်မှာပေါ့၊ မကြောက်ပါနဲ့ တူးတူး၊ လွယ်ပါတယ်"

ဝက်ဝံကြီးများမှာ အားလုံး အကောင် ဆယ့်သုံးကောင်ခန့်ရှိ၏။ အားလုံး ကျွဲတစ်ကောင်နီးနီး ကြီးပြီး အမွေးများထူထာဖြူဖွေးနေ၏။



သူတို့သည် ကျန်းချွေးဆန်းတို့ တက်ရောက်နေရာ သစ်ပင်ကို အောက်မှ ဝိုင်းထားကြပြီး ခေါင်းမော့၍ ဒေါသတကြီးဖြင့် မာန်ဖီ အော်ဟစ်နေကြလေ၏။

ထိုအခါ ကျန်းချွေးဆန်းက သစ်ကိုင်းတစ်ကိုင်းကို ဖြောင်းခနဲ ချိုး၍ ဝက်ဝံကြီးတစ်ကောင်၏ မျက်လုံးကို ပစ်စိုက်လိုက်၏။ ထိုဝက်ဝံမှာ မျက်လုံးတစ်ဖက် ကန်းသွားပြီး မြေကြီးပေါ်တွင် လူးလှိမ့်အော်မြည်နေလေသည်။ ထိုအဖြစ်ကို မြင်သော ကျန်ဝက်ဝံများသည် သစ်ပင်ပေါ်သို့ မော့ကြည့်မနေတော့ဘဲ သစ်ပင်၏ ပင်စည်ကိုသာ ဝိုင်း၍ လက်သည်းဖြင့် ကုတ်ခြစ်လိုက်၊ သွားဖြင့်ကိုက်ဖြတ်လိုက်နှင့် ပွလုပ်နေကြ၏။ မကြာပါ။ သစ်ပင်ကြီးမှာ တဖြည်းဖြည်းနှင့် သုံးလက်မခန့် နက်သော အကြောင်းကြီး ပေါ်လာပါ၏။ ဤပုံအတိုင်းဆိုပါလျှင် နောက်ထပ် နာရီဝက်ခန့် အချိန်အတွင်း သစ်ပင်ကြီးမှာ ဝက်ဝံကြီးများ၏ ကိုယ်လုံးကိုယ်ထည်ဖြင့် တိုက်လိုက်သည်နှင့် ကျိုးလဲသွားနိုင်သော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါ၏။

ထိုစဉ် သစ်ပင်ကြီးမှာ တကျွတ်ကျွတ်မြည်ပြီး တစ်ချက်မျှ ဘုန်ခါသွားလေသော် ချင်တူးတူးလည်း ကြောက်အား လန့်အားဖြင့် တစ်ချက်မျှ စူးဝါးစွာ အော်လိုက်မိသည်။ ချင်တူးတူး၏ အော်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ရုတ်တရက် ကျွန်းကြီး၏

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ဖက်မှ လွန်စွာ စူးရှသော အော်သံတစ်ခု ထပ်မံပေါ်ထွက်လာ၏။ ထိုအသံမှာ လွန်စွာထူးဆန်းပြီး ငှက်အော်သံလေလား၊ မျောက်အော်သံလေလား ခွဲခြားမရအောင် ဖြစ်နေလေ၏။ ထိုထူးဆန်းပြီး ဘာကောင်မှန်း မသိသော အော်သံ ဟိန်းထွက်လာသည်နှင့်အတူ သစ်ပင်ကို ဖြိုလှဲပစ်ရန် ပြုနေသော ဝက်ဝံကြီးများလည်း ချက်ချင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။ ထို့နောက် အဖျားတက်သလို တုန်ယင်လာကြပြီးလျှင် မြေကြီးပေါ် ပျော့ခွေစွာ ဝပ်လိုက်ကြသည်ကို အံ့သြဖွယ် တွေ့လိုက်ရပါ၏။ ကျွန်းချွေးဆန်းလည်း ထိုအဖြစ်ကို မြင်သော် လွန်စွာ အံ့သြသွားကြ၏။ ချင်တူးတူးမှ ထပ်မံ၍ အော်ဟစ်လိုက်၏။

"ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ၊ ကျွန်မတို့ကို ဝက်ဝံကြီးတွေ လိုက်နှောင့်ယှက်နေပါတယ်ရှင်"

ချင်တူးတူး အကူအညီတောင်းသော အော်သံအဆုံးတွင် စောစောစဉ်က ထူးဆန်းသော အော်သံကလည်း ထပ်တစ်ဖန် ထွက်ပေါ်လာပြန်လေ၏။ ချင်တူးတူး၏ အော်သံကို ကြား၍ ပြန်လည် တုံ့ပြန်လိုက်သော အော်သံပင်လား မပြောတတ်ချေ။ ရုတ်တရက် ဆိုသလိုပင် ထိုအော်သံမှာ ဝေးရာမှ ရုတ်ချည်း သူတို့အနားသို့ ရောက်လာပြီးလျှင် မျက်နှာချင်းဆိုင် သစ်ပင်တစ်ပင်မှ မီးလုံးကြီးလိုလို အရာတစ်ခုက သူတို့ နှစ်ယောက်ရှိရာ သစ်ကိုင်းပေါ်သို့ ကျရောက်လာလေတော့၏။



ကျွန်းချွေးဆန်းရော ချင်တူးတူးပါ လန့်ဖျပ်လျက် ထိုအရာကို ...သအချာ ကြည့်သော် ထိုမီးလုံးလိုလို အရာမှာ တကယ့် မီးလုံး ...တ်ဘဲ တစ်ကိုယ်လုံး အသွေးအရောင် နီရဲနေသော မျောက်ဝံကြီး ...ကောင် ဖြစ်နေလေ၏။ ထိုမျောက်ဝံမှာ သုံးပေခန့်ရှိပြီး ...ကိုယ်လုံး နီရဲသော အမွေးအမှင်များဖြင့် ဖုံးလွှမ်းနေပြီး မျက်နှာ ...တွက်တည်းသာ ထူးဆန်းစွာ ဖြူဖွေးနေလေသည်။ ပြီး ရွှေရောင် ...တောက်ပနေသော မျက်လုံးမှာလည်း ဟိုသည် လှည့်ကစား ...ရာ သူ့အသွင်က လွန်စွာ ချစ်စရာကောင်းနေလေသည်။

အမှန်မူ ချင်တူးတူးသည် သေရတော့မည့် အတူတူ အော်ချင်ရာ ...အော်ဟစ်လိုက်ခြင်းသာ ဖြစ်သော်လည်း ယခုမူ တကယ်ပင် လွန်စွာ ...န်းသော အကောင်ကြီးက သူတို့ဆီသို့ ရုတ်ခြည်း ရောက်ရှိ ...ဖြစ်၏။ ပြီး တစ်ဖန် မမျှော်လင့်ဘဲ ရောက်ရှိလာသော ဤ ...က်ဝံကြီးကလည်း လွန်စွာ လှပ ချစ်စရာကောင်းနေပြန်ရာ ...တူးသည် ပြုံးပြုံးရွှင်ရွှင် အမူအရာဖြင့် သူ့လက်ကို ကမ်းပေး ...လေ၏။ ထိုအခါ မီးတောင် မျောက်ဝံကြီးက နားလည်၍လား ... ချင်တူးတူး၏ လက်ကို ပြန်လည် ပွတ်သပ်နေလေ၏။

အမှန်မူ ဤမျောက်ဝံသည် ဤကျွန်းတွင် လူသားများနှင့် ...ဖူးချေ။ ယခု ကျွန်းချွေးဆန်းတို့မှာ မျက်နှာနှင့် ကိုယ်ပေါ်တွင် ...အမှင် မရှိ။ သို့သော် သူနှင့်မူ ရုပ်ချင်းတူနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၍ သူ့မျိုးတူဟု ထင်မှတ်သွား၏။ ထို့ကြောင့်လည်း ချင်တူးတူး၏ လက်ကို သူက ပွတ်သပ်နေခြင်းပဲ ဖြစ်သည်။

ချင်တူးတူးသည် မျောက်ဝံကြီးအား သစ်ပင်အောက် လက်ညှိုးထိုးပြလျက်...

"ဒီဝက်ဝံတွေက ငါတို့ကို ရန်မူနေကြတယ်၊ မင်း ဒီကော တွေကို မောင်းနှင်ထုတ်ပေးနိုင်မလား"

မျောက်ဝံကြီးမှာ ချင်တူးတူး ညွှန်ပြသော ဝက်ဝံကြီး တစ်လှည့်၊ ချင်တူးတူးမျက်နှာကို တစ်လှည့် စူးစိုက်ကြည့်ပြီး နားလည်သွားဟန်ဖြင့် တစ်ချက်မျှ စူးရှစွာအော်ပြီး သစ်ပင်ပေ ခုန်ဆင်းလိုက်၏။ ပြီးလျှင် ရုတ်တရက် ဝက်ဝံကြီးတစ်ကောင် ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ခွဲလိုက်၏။ နောက် ဦးနှောက် နှိုက်ထုတ်ကာ ချင်တူးတူးတို့ထံ ပြန်ခုန်တက်လာပြီး အားပါးတ စားသောက်နေလေ၏။

ချင်တူးတူးတို့ တုန်လှုပ်သွားကြ၏။ အကြောင်းမှ မျောက်ဝံကြီးသည် ဝက်ဝံကြီး၏ ဦးခေါင်းကို တစ်ချက်တည်း ကွဲအောင် ခွဲနိုင်သည်ကို တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။ မျောက်ဝံကြီး၏ လက်မောင်းအား၊ လက်သည်းများ ထက်မြက်မှုတို့မှာ အခြား အခြားသော သတ္တဝါများထက်လွန် ကြောက်မက်ဖွယ် ကောင်းနေသည်ကို တွေ့လိုက်ရ၏။ ထို



မီးတောင် မျောက်ကြီးသည် စားလက်စ ဝက်ဝံကြီး၏ ဦးနှောက် ကို ချင်တူးတူးနှင့် ကျန်းချွေးဆန်းတို့အား ထိုးကျွေးနေပြန်၏။

ချင်တူးတူးသည် ပျော့တိပျော့ဖပ် နိုင်လှသော ဝက်ဝံကြီး၏ ဦးနှောက်ကို ကြည့်ရင်း ရင်ထဲမှ ပျို့အန်ချင်လာ၏။ သို့သော် မီးတောင်မျောက်ဝံကြီး စိတ်ဆိုးမာန်ဆိုး ဖြစ်မည်စိုး၍ ကြိတ်မှိတ်ကာ အနည်းငယ် ယူစားလိုက်ရ၏။ ကျန်းချွေးဆန်းလည်း ထိုနည်း လည်းကောင်းပင် အနည်းငယ် ယူစားလေသည်။ ထိုအခါ ဝက်ဝံ ကြီး၏ ဦးနှောက်မှာ သူတို့ ထင်သကဲ့သို့ မဟုတ်ဘဲ လွန်စွာ အရသာ ချိုစိမ့်ပြီး စားကောင်းလှသည်ကို တွေ့ရလေသည်။ ချင်တူးတူးသည် ဆာလွန်းနေချိန်ဖြစ်၍ နောက်ထပ် အနည်းငယ် ယူစားလိုက်ပြန်၏။ ထို့နောက် မီးတောင် မျောက်ကြီးအား ရယ်ပြ လျက်...

"သိပ်ကျေးဇူးတင်တာပဲ"ဟု ဆိုလေ၏။

မီးတောင် မျောက်ကြီးသည် ထိုဝက်ဝံ ဦးနှောက် စား၍ ကုန်သော် နောက်ထပ်တစ်ဖန် သစ်ပင်ပေါ်မှ ခုန်ဆင်းပြီးလျှင် ဝက်ဝံကြီး နှစ်ကောင်၏ ဦးနှောက်ကို ခွဲ၍ ယူလာပြန်၏။ ထူးဆန်းသည်မှာ သစ်ပင်အောက်မှ ထိုထိုသော ဝက်ဝံကြီးများသည် မျောက်ဝံကြီးပြုသမျှ ခုခံခြင်းလည်း မပြု၊ ထွက်ပြေးခြင်းလည်း မပြုဘဲ မြေကြီးပေါ်တွင် ဝပ်လျက် တုန်ယင်စွာ လည်စင်းခံနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရခြင်းပင် ဖြစ်၏။ ချင်တူးတူးက ရယ်၍ မျောက်ဝံကြီးအား ခြေဟန်လက်ဟန်နှင့်ရော ပါးစပ်ကပါ ပြောပြန်၏။

"အဲဒီ တို့ကို ရန်ပြုတဲ့ ဝက်ဝံတွေ အားလုံးကို သတ်ပစ်လိုက်ပါလား၊ တော်ကြာ သူတို့က ငါတို့ကို ဆက်ပြီး ဒုက္ခပေးနေပါဦးမယ်"

မျောက်ဝံကြီးသည် လူစကား နားလည်ဟန်ဖြင့် ချက်ချင်းသစ်ပင်အောက်သို့ ခုန်ဆင်းသွားပြီး ကျန်သမျှ ဝက်ဝံအားလုံးကို တစ်ကောင်ပြီး တစ်ကောင် သတ်ပစ်လေသည်။ ထိုဝက်ဝံများအားလုံး သေကုန်ကော့မှပင် ကျန်းချွေးဆန်းနှင့် ချင်တူးတူးသည် မီးတောင်မျောက်ဝံကြီးနှင့်အတူ သစ်ပင်အောက်သို့ ခုန်ဆင်းလိုက်တော့သည်။

✦✦✦

# အခန်း ( ၁၇ )

www.burmeseclassic.com

www.burmeseclassic.com



# မိုးတောင်မျောက်ကြီး

ကံကောင်းထောက်မ၍ သေဘေးမှ သီသီကလေး လွတ်မြောက်လာသော ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့ နှစ်ဦးမှာ အွန်စွာ ပျော်ရွှင်သွားကြ၏။ သူတို့ ကြင်စဦး မောင်နှံသည် ရှေ့လှက်တွဲလျက် ရယ်ရယ်မောမောဖြင့် လျှောက်နေဘိသို့ မျောက်ဝံကြီးမှာလည်း သူတို့ အောပတ်လည်တွင် လှည့်ပတ် ပြေးလွှားခုန်ပေါက် ကစားလျက် လွန်စွာ မြူးထူးနေလေသည်။ မျောက်ဝံကြီးကို ကြည့်ရသည့်မှာ သူသည် ဤကျွန်းပေါ်တွင် တစ်ကောင်တည်း ပျင်းရိစွာ နေ့,နေရာမှ ရုတ်တရက် မမျှော်လင့်ဘဲ ဤအဖော်များနှင့် တွေ့ရသောကြောင့် လွန်စွာ မြူးထူးနေပုံရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းက ချင်တူးတူးအား ရွှန်းဝေစွာ ကြည့်ရင်း...

"တူးတူးရေ၊ ဟိုဝက်ဝံတွေနေတဲ့ ဂူထဲမှာ ဒီပြင် ဝက်ဝံတွေ ရှိသေးသလား မသိဘူး၊ ကိုယ်တို့ သွားကြည့်ရအောင်"ဟု ဆိုလေ၏။

ထိုအခါ ချင်တူးတူးက ပြေးလွှား ခုန်ပေါက်နေသော မျောက်ကြီး၏ လက်ကိုဆွဲ၍ အကာအကွယ်လုပ်ကာ ဂူထဲသို့ ဝင်ကြည့်လိုက်၏။ ဂူကြီးမှာ ကိုက်နှစ်ဆယ်၊ သုံးဆယ်ခန့် နက်ပြီး အလယ်ဗဟိုတွင် အက်ကြောင်းတစ်ခု ရှိ၏။ ထို အက်ကြောင်းမှ ပြင်ပ အလင်းရောင်များ ဝင်နေရာ ဂူထဲရှိ အရာဝတ္ထု ဟူသရွေ့ကို ကောင်းစွာ မြင်နေရ၏။ သို့ရာတွင် ဝက်ဝံများ၏ အညစ်အကြေးများကြောင့် ဂူထဲတွင် အနံ့အသက်ဆိုးများ ပျံ့လွင့်နေ၏။

ချင်တူးတူးက နှာခေါင်းကို ပိတ်လျက်...

"နေရာကတော့ သိပ်ကို ကောင်းပါတယ် အစ်ကို၊ ဒါပေမယ့် အနံ့အသက်တွေက ဆိုးလိုက်တာ လွန်ပါရောပဲ၊ ထွီ... မခံနိုင်ဘူး အစ်ကို"

"အင်း၊ ဟုတ်တယ်၊ ဒါပေမယ့် နေ့တိုင်းနေ့တိုင်း ဒီကိုလာပြီး လှည်းကျင်း ဆေးကြောလိုက်ရင်တော့ ဆယ်ရက်အတောအတွင်း ဒီအနံ့တွေ ပျောက်သွားမှာပါ တူးတူး"



ထို့နောက်တွင်တော့မှ ကျန်းချွေးဆန်းက သစ်ကိုင်းများဖြင့် တံမြက်စည်း တစ်ခုလုပ်၍ ဂူထဲမှ အညစ်အကြေးများကို လှည်းထုတ်လိုက်၏။ ချင်တူးတူးလည်း ဝိုင်းကူ လုပ်ကိုင်ပေးသည်။ မီးတောင် မျောက်ကြီးမှာမူ အသိဉာဏ် အနည်းငယ်ရှိသော်လည်း မျောက်သည် မျောက်သာလျှင်ဖြစ်၍ မျောက်စိတ်သာဝင်ပြီး ကျန်းချွေးဆန်းတို့အား ကူညီမလိုနှင့် အမှိုက်များကို ဝိုင်းဖွနေလေ၏။ ချင်တူးတူးတို့ မောင်နှမှာမူ မျောက်ဝံကြီး၏ ပြုမူပုံကို ကြည့်၍ တဟားဟား ပွဲကျနေကြ၏။ သူတို့သည် အညစ်အကြေးများကို လှည်းထုတ်ပြီးသည့်တိုင် အနံ့အသက်က ပြန့်လှိုင်နေဆဲပင် ရှိပါသေး၏။ ချင်တူးတူး ခဏမျှ စဉ်းစားပြီးလျှင်...

"အင်း... ဒီအနီးအနားမှာ စမ်းချောင်းတို့ ရေတံခွန်တို့ ရှိရင် သိပ်ကောင်းမှာပဲနော်၊ ပင်လယ်ရေကတော့ ရှိပါရဲ့။ ခပ်ဖို့ ရေပုံး မရှိတော့ ခက်တယ် အစ်ကို"

"အစ်ကို အကြံရပြီ"

ကျန်းချွေးဆန်းက ထိုသို့ပြောပြီး ကျွန်းကြီး၏ အစွန်းတစ်ဖက်ရှိ အေးစက်နေသော နေရာသို့သွားကာ ရေခဲတုံးကြီးကို ပင်လယ်ပြင်ထဲမှ မ,ယူပြီး ဂူထဲတွင် ထည့်ထားလိုက်လေ၏။ ခရေးမနှောင်းမှာပင် ရေခဲတုံးကြီး အရည်ပျော်ပြီး အပြင်ဘက်သို့ စီးထွက်လာလေ၏။ ထိုအခါ အညစ်အကြေးများကို ဆေးထုတ်လိုက်သကဲ့သို့ အနံ့အသက်များ ကင်းစင်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကျွန်းချွေးဆန်းတစ်ယောက် ဂူထဲတွင် သန့်ရှင်းရေး ချုပ်နေစဉ် ချင်တူးတူးက ဓားဖြင့် ဝက်ဝံကြီး၏ အရေခွံကို ခွာ၍ အသားများကို လှီးထုတ်လိုက်၏။ ဤဝန်းကျင်နေရာမှာ မီးတောင် ဖြစ်သော်လည်း အလွန်အေးသော ရေခဲသည့် မြောက်ဝင်ရိုးစွန်း ဖြစ်၍ အေးစက်မှုက ရှိနေပါ၏။ ထို့ကြောင့် ဝက်ဝံ အသားတုံး များကို ရေခဲအေးတွင် ထားလိုက်လျှင် ဘယ်တော့မျှ ပုပ်သိုးသွား လိမ့်မည် မဟုတ်ချေ။ ချင်တူးတူးက...

"အစ်ကိုရေ၊ ခုနေခါမှာ မီးရှိရင် သိပ်ကောင်းမှာပဲနော်"

ကျွန်းချွေးဆန်းက မီးတောင်ထိပ်ဝမှ တောက်လောင်နေ သော မီးကို ကြည့်ပြီး...

"မီးကတော့ ရှိပါတယ်၊ ဒါပေမယ့် သိပ် အင်အားကြီးနေ လို့ ခက်နေတာ တူးတူး၊ အင်းလေ၊ တဖြည်းဖြည်းနဲ့ အကြံထုတ် ရင်တော့ ရမှာပါ"

ထို့နောက်တွင် သူတို့သည် ဝက်ဝံ ဦးနှောက်ကို စားပြီး အိပ်စက်အနားယူလိုက်ကြလေတော့သည်။

* * *

နောက်တစ်နေ့။

ထိုနေ့တွင် ကျွန်းချွေးဆန်းက ချင်တူးတူးအား လက်တို့ ခေါ်၍...

"ဒီမယ် တူးတူး၊ မီးစာရဖို့ ကိုယ် တစ်ခု အကြံရထားတယ် ကွယ့်"

ချင်တူးတူးက ဝမ်းသာအားရသံဖြင့်...

"ဘယ်... ဘယ်လို အကြံရတာလဲ အစ်ကို ဟင်"

"မီးတောင် အပေါက်ဝမှာ မီးတောက်က သိပ်ကြီးလွန်းရတယ် ဘူး၊ အနားကပ်ဖို့ဆိုတာ မလွယ်ဘူး၊ အနားမကပ်ခင်ကပဲ သွားခဲ ဖြစ်သွားနိုင်တယ်ကွယ့်၊ အခု အစ်ကို အကြံက သစ်ခေါက် ကိုရှာ ကြိုးလို အရှည်ကြီးကျစ်ပြီး နေပူလှမ်းလိုက်၊ ခြောက်ပြီး..."

www.burmeseclassic.com

www.burmeseclassic.com



ချင်တူးတူးက သိပ်သဘောကျသဖြင့် လက်ခုပ်လက်ဝေ တီးလျက် . . .

"သိပ်ပိုင်တဲ့ အကြံပါပဲ အစ်ကို၊ ကြိုးရဲ့ ထိပ်ဖျားမှာ ခဲလုံး ချည်ထားပြီး မီးတောင်ဝနားကို လှမ်းပစ်လိုက်၊ ဒီလိုဆိုရင် ကြိုးမှာ မီးကဲ့သွားမှာ သေချာတယ်၊ ဒါဆို တူးတူးတို့ လိုချင်နေတဲ့ ရပြီပေါ့ အစ်ကိုရဲ့နော်"

သူတို့နှစ်ဦးမှာ တစ်ချိန်လုံး သားစိမ်းငါးစိမ်းကိုသာ စားလာ ခဲ့ရာ ယခု မီးတောက်ကိုမြင်သော် လွန်စွာ အကျက် စားသော ချင်နေရှာပြီ ဖြစ်၏။ သို့ဖြင့် သူတို့သည် ချက်ချင်းပင် သစ်ခေါ မျှားကို ခွာ၍ ကြိုးကျစ်လေတော့၏။ ထို့နောက် လေးရက် နေမျှလှမ်းထားလိုက်သည်။ ငါးရက်မြောက်သောနေ့တွင် သူတို့သည် မီးတောင်ဘက်ဆီသို့ ဦးတည် ထွက်ခွာသွားကြ၏။ မီးတောင်ဝ ကြည့်လျှင် နီးမလိုလိုနှင့် မိုင်ငါးဆယ်ခန့် ဝေးကွာ၏။ ခွဲပြ ခရီးဆက်နေ၏။ သို့သော် သူတို့ နှစ်ဦးမှာ လျှောက်လေ ပူအိုက် လာလေနှင့် နောက်ဆုံးတွင် နှုတ်ခမ်းများပင် ခြောက်ကပ်လာပြီ အသက်ရှူ ကျပ်လာလေသည်။

ထိုအခါ ကျန်းချွေးဆန်းက . . .

"ကိုယ်တို့ ဒီနေရာကပဲ မီးစကြိုးကို မီးတောင်ထိပ် ပစ်လွှတ်လိုက်ကြပါစို့၊ ဒီထက် ရှေ့တက်ပြီး သွားရင်တော့ ကိုယ် မီးသွေးခဲ ဖြစ်သွားမှာ သေချာတယ် တူးတူး"



ချင်တူးတူးက အားငယ်သံဖြင့် . . .

"ဘုရားသခင်က တူးတူးတို့ကို အစိမ်းသက်သက်ပဲ စားခိုင်း နေရော့သလား အစ်ကိုရယ်"

ကျန်းချွေးဆန်းက အားကုန်ထုတ်၍ ခဲလုံးကို ဝှီးခနဲ ပစ်လွှတ် လိုက်၏။ ခဲလုံးနောက်တွင် ကြိုးစက တန်လန်းပါသွားသည်။

သူတို့နှစ်ဦးသည် အတန်ကြာအောင် စောင့်ပြီးနောက် ကြိုးစ ကို ပြန်၍ ဆွဲယူလိုက်သည်။ သို့သော် ကြိုးကြီးမှာ မီးစွဲလောင်ခြင်း မရှိချေ။ ကျန်းချွေးဆန်းက သက်ပြင်းချရင်း . . .

"အင်း . . . ဒီနည်းနဲ့တော့ မီးရဖို့ မလွယ်တော့ဘူး တူးတူး၊ ကျောက်, ကျောက်ချင်း ပွတ်တိုက်တဲ့ နည်းကိုပဲ ကြိုးစားကြည့်ရ တော့မယ်"

ချင်တူးတူး စိတ်ပျက်သွားသည်။ ထို့ကြောင့် မျောက်ဝံကြီး၏ လက်ကို ဆွဲ၍ ထိုင်နေရာမှ ပြန်လှည့်ရန် ပြုသည်။ သို့သော် ထိုအချိန်တွင် မျောက်ဝံကြီးသည် ကျန်းချွေးဆန်းကဲ့သို့ပင် ကျောက်တုံးကြီးကို ကောက်၍ ပစ်လိုက် ပြေးလိုက်နှင့် ပျော်မြူး နေ၏။ ချင်တူးတူးက ထိုအချင်းအရာကို မြင်သော် ရင်တစ်ချက် လှုပ်ရှားသွား၏။

"အစ်ကို ဒီ မျောက်ဝံကြီးက သာမန် မျောက်ဝံ မဟုတ်ဘူး၊ ဒီကောင်ကြီးက မီးကို လုံးဝ မကြောက်ဘူးထင်တယ်"ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် ချင်တူးတူးသည် ရှိခနဲ လေတစ်ချက်ချွန်ပြီး မျောက်ဝံကြီးအား ခေါ်လိုက်၏။

"ဟဲ့ . . . မျောက်ဝံကြီး၊ မင်း ဒီကြိုးကြီးကိုယူပြီး မီးတောင်ထိပ်မှာ မီးသွားတို့ပေးပါလား"

ချင်တူးတူးက မျောက်ဝံကြီးကို နှုတ်နှင့်လည်းကောင်း၊ လက်ဟန်ခြေဟန်ဖြင့် လည်းကောင်း ပြောလိုက်၏။ သို့သော် မျောက်ဝံကြီးက သဘောမပေါက်သေးချေ။ သုံးကြိမ်မျှ ပြောတော့မှပင် မျောက်ဝံကြီးက သဘောပေါက်သွားတော့၏။ သို့ဖြင့် မျောက်ဝံကြီးက ကြိုးစကို ကိုင်ဆွဲလျက် မီးတောင်ထိပ်သို့ ပြေးတက်သွားသည်။ ပြေးဟန်မှာ လွန်စွာ မြန်သဖြင့် မကြာမီပင် အဝေးဆီသို့ ရောက်သွားလေ၏။

ကျန်းချွေးဆန်းနှင့် ချင်တူးတူးမှာ ရင်တထိတ်ထိတ်ဖြင့် ကြည့်နေကြရ၏။ သူတို့က ဤမျောက်ဝံကြီး တစ်စုံတစ်ခု ဖြစ်သွားမည်ကိုလွန်စွာ စိုးရိမ်နေကြ၏။ ချင်တူးတူးသည် ကြည့်နေရင်းမှ စိတ်မထိန်းနိုင်ဖြစ်ကာ . . .

"မျောက်ဝံကြီး၊ ဟေ့ မျောက်ဝံကြီး ပြန်ခဲ့တော့၊ ပြန်ခဲ့တော့"ဟု အော်ဟစ် ပြောလေ၏။

သို့သော် ယင်းအချိန်တွင် မျောက်ဝံကြီး ကိုင်ထားသော ကြိုးစမှာ မီးစွဲနေပြီဖြစ်ပါ၏။ မျောက်ဝံကြီးသည် ချင်တူးတူး၏



အသံကို ကြားသည်နှင့် ချက်ချင်း နောက်ပြန်လှည့်၍ ပြေးဆင်းလာသည်။ မျောက်ဝံကြီး အသွားအပြန်နှုန်းမှာ မြန်လွန်းသဖြင့် သိပ်မကြာလှပေ။ ချင်တူးတူးသည် ဝမ်းသာလွန်း၍ မျောက်ဝံကြီးအား ပွေ့ဖက်လိုက်၏။

ထို့နောက်တွင်မူ ကျန်းချွေးဆန်း၊ ချင်တူးတူးနှင့် မျောက်ဝံကြီးတို့သည် ဝမ်းသာအားရဖြင့်ဂူထဲသို့ ပြန်လာပြီးလျှင် မီးပုံကြီးတစ်ပုံ မီးမွှေးလိုက်၏။ မီးအရှိန် ရလာသော် သူတို့ ပျော်ကြရ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မီးသည် လူ၏ မိတ်ဆွေလည်း ဖြစ်၏။ ရန်သူလည်း ဖြစ်၏။ သူတို့အဖို့ကား ဒေသအခြေအနေကိုလိုက်၍ မီးသည် လွန်စွာ အားထားရသော မိတ်ဆွေ ဖြစ်နေပေသည်။ သူတို့သည် မီးကိုအသုံးတည့်အောင် စီမံ၏။ ရေခဲကို အရည်ပျော်စေပြီး ရေနွေး အဖြစ် ကျိုသောက်ကြ၏။ အသားများကိုလည်း မီးကင်၍ လည်း ကောင်း၊ ဖုတ်၍လည်းကောင်း၊ ပြုတ်၍လည်းကောင်း စားသောက် ကြ၏။

ကုန်လွန်ခဲ့သော ရက်များက သားစိမ်း၊ ငါးစိမ်းများကိုသာ အစိမ်းလိုက် စားလာခဲ့ရသော သူတို့သည် ဤသို့ အရသာရှိရှိ စားရသောအခါ လွန်စွာ မြိန်ရှက် ကြ၏။ မီးတောင် မျောက်ဝံကြီး မှုကား သစ်သီးဝလံများနှင့် ဝက်ဝံ ဦးနှောက်များကိုသာ ရှာဖွေ



စားသောက်လေသည်။ အသားများကို ကျွေးသော်လည်း လုံးဝ မစား။

* * *

www.burmeseclassic.com

www.burmeseclassic.com

တစ်ည။

ထိုညတွင် ဂူကြီးထဲ၌ မီးရောင်ဖျော့ဖျော့သာလင်းနေ၏

ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့သည် အအေးဒဏ်

ဖို့၍ လုံခြုံအောင်၊ နွေးထွေးအောင် အတူတကွ အိပ်စက်

လေသည်။

*  *  *

ဒုတိယနေ့။

ကျန်းချွေးဆန်းသည် အရုဏ်ကျင်းသည်နှင့် ဂူထဲမှ ထွက်၍

ကျွန်းပေါ်ရှိ လွန်စွာသာယာသော ရှုခင်းများကို ငေးမောကြည့်နေ

သော၏။ ရှုခင်းပသာဒက လွန်စွာ ဆွတ်ပျံ့ဖွယ် ကောင်းလှပေရာ

ကျန်းချွေးဆန်းသည် စိတ်ရောကိုယ်ပါ လန်းဆန်းနေလေ၏။

ထိုအခိုက် ကျွန်း၏ ကမ်းခြေတစ်နေရာရှိ ကျောက်ဆောင်ကြီး

တစ်ခုဆီသို့ သူ ကြည့်လိုက်မိ၏။ ရုတ်တရက် သူ အံ့သက်ရှူ

သွားဘိသို့ ခံစားလိုက်ရပါ၏။ အကြောင်းမူ လူသူ လုံးဝ

ရောက်ခဲဘိသော ဤ မြောက်ဝန်ရိုးစွန်းရှိ ကျွန်ကြီးပေါ်သို့

လူတစ်ယောက် ထပ်မံ ရောက်ရှိနေသည်ကို အံ့ဘနန်းဖွယ် တွေ့မြင်

လိုက်ရသောကြောင့်ပင် ဖြစ်ပါ၏။ ယခု ထိုသူသည် ကျောက်ဆောင်

ပေါ်တွင် ထီးတည်းရပ်လျက် ရှိနေသေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်း အိပ်မက် မက်နေခြင်း မဟုတ်ပါ။ စိတ်ကူး အတွေးဖြင့် ပုံရိပ်ထင်လာခြင်းလည်း မဟုတ်ပါ။ တကယ့်လူ၊ ပြီးတော့ ဤတစ်သက် ပြန်လည်ဆုံတွေ့နိုင်ဖွယ် မရှိတော့ပါဟု သူတို့ ထင်မှတ်နေသော လူသန်ကြီး ရှက်စွန်း။

ကျန်းချွေးဆန်းသည် အမှတ်မထင် ရှက်စွန်းကို မြင်သော် အကြီးအကျယ် တုန်လှုပ် ချောက်ချားသွား၏။ အမှန်မှ ဤကျွန်းပေါ်တွင်ပင် သူနှင့် ချင်တူးတူးတို့ နှစ်ယောက်တည်းသာ ရာသက်လုံး ပေါင်းသင်းနေထိုင်သွားရန် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်ပါ၏။ ယခုမူ ထိုဆုံးဖြတ်ချက်တို့ကို တစ်ဖုံတစ်နည်း ဖြစ်စေမည့် လူတစ်ယောက် ထပ်မံရောက်လာပါပြီကော။

ကျန်းချွေးဆန်းသည် တစ်ကိုယ်လုံး ကျောက်ရုပ်ကြီးပမာ ငူငူကြီးရပ်လျက် ရှက်စွန်းအား တစ်ငေးတစ်မော ကြည့်နေမိ၏။

ရှက်စွန်းကား ကျောက်ဆောင်ပေါ် ရပ်နေရာမှ မြေပေါ်သို့ ခုန်ချလိုက်ပြီး ဒယီးဒယိုင်ဖြင့် စမ်းကာစမ်းကာ ကျွန်းအတွင်းပိုင်းသို့ လျှောက်ဝင်လာပြီဖြစ်၏။ ရှက်စွန်းသည် မျက်လုံးစုံ ကွယ်ပလျက် ဒုက္ခိတတစ်ပိုင်း ဖြစ်နေပေရာ သားငါးများ ရှာဖွေ စားသောက်နိုင်ခြင်း မရှိခဲ့။ ထို့ကြောင့် သူ့ တစ်ကိုယ်လုံးရှိ အားများ ပြတ်မတတ် အာဟာရ ငတ်ပြတ်နေရှာပါ၏။ ရှက်စွန်းသည် လေးငါးဆယ်လှမ်းမျှသာ ဒယီးဒယိုင် လျှောက်ဝင်လာပြီးနောက် မြေပေါ်သို့ ပျော့ခွေကျသွားလေ၏။



ထိုအခါ ကျန်းချွေးဆန်းသည် ငူငူကြီး ရပ်မနေတော့။ ချင်း ဂူထဲသို့ ပြေးဝင်သွားပြီး ချင်တူးတူးအား မျက်လုံး ဆန်ပြူးလျက် ခေါ်လိုက်လေ၏။

"တူးတူး၊ တူးတူး၊ သူ... သူ ဒီကျွန်းပေါ် ရောက်လာပြီ"

တူးတူးက ချက်ချင်း နားမလည်။

"ဘယ်သူ ရောက်လာတာလဲ အစ်ကို၊ လူလား၊ သားရဲ န်လား"

"လူ...လူ၊ တို့ကို ကောင်းကောင်းကြီး ဒုက္ခပေးခဲ့တဲ့ န်း"

"ရှင်"

ချင်တူးတူး လန့်ဖျပ်သွားသည်။ တစ်ကိုယ်လုံး ထုံကျဉ် သလို ခံစားလိုက်ရသည်။ တစ်ယောက်ကိုတစ်ယောက် စကားပင် ပြောနိုင်ကြ။ အတန်ကြာမှပင် တူးတူးက သက်ပြင်းချပြီး သော လေသံဖြင့်...

"ကိစ္စမရှိပါဘူး အစ်ကို၊ အစ်ကိုနဲ့ တူးတူးတို့က လူကောင်း တွေပဲ၊ ရှက်စွန်းက မျက်ကန်းပဲ၊ အကန်းတစ်ယောက်ကို နဲ့ တူးတူး ဝိုင်းတိုက်နိုင်မှာပါ၊ ပြီးတော့ ယောဒိ ထူးဆန်းတဲ့ ကြီးကလဲ အားထားရပါတယ် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းက အားတက်လာ၏။ ပြီး သူ့ မျက်စိ
တွင်ပင် အာဟာရငတ်ပြတ်ကာ လဲကျသွားရှာသော ရှက်စွန်း
လည်း မြင်ယောင်လာ၏။

"တူးတူး၊ သူ အခု အာဟာရပြတ်ပြီး ဟိုကျွန်းအစပ်
ကျောက်ဆောင်အနားမှာလဲနေတယ်"

"ဒီလိုဆို တူးတူးတို့ သူ့အခြေအနေကို သိအောင် သွားကြ
ကြရအောင် အစ်ကို"

"ကောင်းသားပဲ၊ လာ သွားကြမယ်"

ထို့နောက် ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့သည် ဖျံအ
အင်္ကျီကို ဓားဖြင့် ဆုတ်ပြဲ၍ နားထဲသို့ ထိုးပိတ်လိုက်၏။ ပြီးလျှ
ထူးဆန်းသော မျောက်ဝံကြီးကိုပါ ခေါ်၍ ဂူထဲမှ ထွက်ခဲ့ကြ၏

* * *



"ဆရာကြီး ရှက်စွန်း"

ကျန်းချွေးဆန်းက ကြိုကြိုတင်တင် ရှက်စွန်း လဲကျနေရာနှင့် ဆယ်ပေခန့်ခွာ၍ ရပ်ရင်း ခေါ်လိုက်၏။

ရှက်စွန်းထံမှ "အင်း...အင်း" ဟူသော ညည်းသံသာ ပြန်လာသည်။

"ဆရာကြီး ရှက်စွန်း၊ ခင်ဗျား အစာစားမလား"

ကျန်းချွေးဆန်းက ထပ်မေးပြန်၏။ ရှက်စွန်းက စကား မပြန်။ ကိုယ်ကိုသာ တစ်ချက် လူးလိမ့်လိုက်၏။ ရုတ်တရက် သူ့နားထဲသို့ လူသံကြားရသဖြင့် ဝမ်းသာသွားဟန် တူပါ၏။ ထို့နောက် ရှက်စွန်းသည် သူ ကြားလိုက်ရသော လူသံမှာ ကျန်းချွေးဆန်း၏ အသံမှန်း သိသွားသည်နှင့် ချက်ချင်းပင် မျက်နှာ ညှိုးနွမ်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှပင် ကျန်းချွေးဆန်း၏ အမေးကို သူ ခေါင်းညိ ပြ၍ ဖြေသည်။ ထိုအခါ ကျန်းချွေးဆန်းက အသားခြော အတုံးကြီး တစ်တုံးကို ယူ၍ ရှက်စွန်းထံ ပစ်ပေးလိုက် ရှက်စွန်းသည် စုံလုံးကန်းနေသော်လည်း လေသံကို နားစွင့် အသားခြောက်တုံးကို အလွယ်တကူ ဖမ်းယူလိုက်သည်။ ဖြည်းဖြည်းပင် တစ်ကိုက်ချင်း တစ်ကိုက်ချင်း စားနေလေသ

ကျန်းချွေးဆန်းမှာ ရှက်စွန်းကို ကြည့်ရင်း အားကော မောင်းသန်လှသူ တစ်ယောက်က ဤသို့ အားအင်ယုတ်လျော့လျ ချည့်နဲ့နေသည်ကို မြင်ရသောအခါ အလိုလို စိတ်မကောင်း သွား၏။ ပြီးတော့ ဒုက္ခိတ မျက်မမြင်လည်း ဖြစ်နေရပြီ မဟု ပါလား။

ချင်တူးတူးမှ ယခုအချိန်ဟိုင် ဘာတစ်ခွန်းမျှ ဝင်မပြော သူတို့ နှစ်ဦး၏ အရိပ်အခြည်ကိုသာ နံဘေးမှ ချပ်ကြည့်နေ တူးဆန်းသော မျောက်ဝံကြီးကလည်း နားလည်သလိုနှင့် ရှက်စွန်း ငေးကြည့်နေသည်။ သို့သော် ချင်တူးတူး၏ စိတ်ထဲမှမူ...

"အစ်ကိုက သိပ်သဘောကောင်းလွန်းနေတယ်၊ ဒီလူကြ အစားငတ် ရေငတ် ဖြစ်နေပြီး သေသွားလဲ အေးတာပဲ မဟုတ်လ တော်ကြာ သူ့ကို ကယ်မိကာမှ ကိုယ့်ကို ပြန်ဒုက္ခပေးနေ ခက်နေဦးမယ်၊ ဒီလူကြီးက စိတ်ချရတာ မဟုတ်ဘူး"ဟု တွေး မိ၏။



သို့ရာတွင် သူ့သဘောထားကိုမူ ကျန်းချွေးဆန်းအား မပြောတော့ချေ။ ကျန်းချွေးဆန်းကို သူတစ်ပါးအသက်ကို သတ်သော စကားမျိုး ဘယ်သောအခါမျှ မပြောတော့မှာ တူးတူး ဆုံးဖြတ်ထား၏။

ရှက်စွန်းကမူ ဝေါ်ဝေါ်ပြတ်ပြတ်ဖြင့် ကျန်းချွေးဆန်း ပေးသော အသားတုံးကို စားပြီးနောက် ထိုနေရာမှာပင် ထိုးအိပ်လိုက်လေသည်။

* * *

အချိန်လက်တံက ရှည်လှသည်။ နံနက်မှသည် နေ့လယ် ခိုန်ပင် တိုင်ပေပြီ။ ထိုအချိန်ကျမှပင် ရှက်စွန်းတစ်ယောက် နိုးလာတော့၏။ နိုးနိုးချင်းပင် သူက ပါးစပ်တလှုပ်လှုပ်ဖြင့် စကားပြောသို့ဟန် ရှိနေသဖြင့် ကျန်းချွေးဆန်းတို့က နားတွင် ပိတ်ဆို့ထားသော ဖျံအရေခွံကို ချွတ်၍ နားထောင်လိုက်၏။

"ငါ ဘယ်ရောက်နေတာလဲ၊ ဒါက ဘယ်နေရာလဲ"

ကျန်းချွေးဆန်းက ဖျံအရေခွံစကို လက်မှ အသင့်ကိုင်ထားရင်း ရှက်စွန်း၏ အမေးကို ဖြေသည်။

"ဆရာကြီးရောက်တာ မြောက်ဝန်ရိုးစွန်းက ကျွန်းတစ်ကျွန်းမှာပါ"

ရှက်စွန်းက "အင်း"တစ်ချက်သာ ညည်းပြီး...

"ဒါ... ဒါဖြင့် ငါတို့ ပြန်လို့မရတော့ဘူးပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဘုရားသခင်ပေါ်မှာ မူတည်ပါတယ် ဆ
ကြီး"

"ဘုရားသခင်၊ ဟား ဟား ဟား၊ ဘာ ဘုရားသခင်
ဘာမိုးကောင်းကင်လဲကွ၊ ထွီ..."

ရှက်စွန်းက ရုတ်တရက် သူရှူးနှယ် အမူအရာ ပေါ်လာ
ဘုရားသခင်ကိုလည်းကောင်း၊ မိုးကောင်းကင်ကိုလည်းကောင်း ကျိန်
နေတော့၏။ မောဟိုက်သွားမှပင် သူက တစ်လုံးချင်းဆိုသည်။

"မင်းတို့ ငတ်ပြတ်လာတဲ့ ငါ့ကို အခုလောလော
အာဟာရဖြစ်သွားအောင် ကျွေးမွေးတာတော့ ဟုတ်ပါပြီ၊ နောက်
ကျတော့ ငါ့ကို ဘယ်လိုလုပ်မလဲ" ဟု မေးသည်။

ကျန်းချွေးဆန်းက တစ်ချက်မျှ တွေငိုင်သွား၏။ ပြီးမှ...

"ကျွန်တော်တို့ လင်မယား..."

"ဩော်... မင်းတို့က လင်မယားတောင် ဖြစ်နေကြပြီကိုး"

ချင်တူးတူး မျက်နှာမထားတတ်အောင် ဖြစ်သွား၏။ ဖြ
သော မျက်နှာပေါ်တွင် ရှက်သွေးတွေ ဖြာဝေသွားရှာသည်။ ရှက်စွ
ကပင် ခေါင်းကို တဆတ်ဆတ်ညိတ်လျက်...

"ထားပါတော့၊ ထားပါတော့၊ မင်းတို့ လင်မယား
ဘာဖြစ်..."

ကျန်းချွေးဆန်းက ကြားဖြတ်၍...



"ဟုတ်ကဲ့၊ ကျွန်တော်တို့ လင်မယားက ဆရာကြီးရဲ့ မျက်စိကို စုံလုံးကန်းအောင် လုပ်ခဲ့မိတဲ့အတွက် အတော့်ကို စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်၊ ဒါပေမယ့် ဖြစ်ပြီးသားကိစ္စမို့ ဆက်လဲ မပြောလိုတော့ပါဘူး"

"ဒါဖြင့် မင်းတို့က ဘာအဓိက ပြောချင်လဲ၊ ပြောပါ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ အဓိက ပြောချင်တာက အခု ဒီ လူသူ မရောက်နိုင်တဲ့ ဒီကျွန်းပေါ်မှာ ကျွန်တော်တို့ သုံးယောက် ကံဆုံလို့ ပြန်ကြုံရပြီ ဖြစ်ပေမယ့် တစ်သက်လုံး မြေပြန့်ကိုတော့ ပြန်နိုင်ကြမယ် မဟုတ်တော့ဘူး၊ ဒီတော့ကာ ယောဒီ ကျွန်းပေါ် မှာပဲ ကျွန်တော်တို့ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး နေပြီးတော့ ကျွန်တော်တို့ လင်မယားက ဆရာကြီးကို ပြုစုစောင့်ရှောက်သွား ပါ့မယ်လို့ ပြောချင်တာပါပဲ"

ရှက်စွန်းက ခေါင်းညိတ်လျက်...

"အေး၊ ဒီလိုပဲ နေရတော့မှာပဲပေါ့"

ကျန်းချွေးဆန်းက ဆက်၍...

"ဒီမှာ ဆရာကြီး၊ ကျွန်တော်တို့ လင်မယားကတော့ ရှင်လဲ အတူ၊ သေလဲအတူတူ ဆုံးဖြတ်ထားကြပါတယ်၊ ဒါကြောင့်ဆရာကြီး ကသာ ရောဂါဖောက်ဖောက်လာပြီး ကျွန်တော်တို့ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို သတ်မိရင် ကျန်ခဲ့တဲ့ တစ်ယောက်ကလဲ အသက်ရှင်လျက် နေခဲ့မှာ မဟုတ်ပါဘူး”ဟု ဆိုသည်။

ရှက်စွန်းက မချိပြုံး တစ်ချက်ပြုံးလျက်...

“မင်းကလဲကွာ ကြံကြံဖန်ဖန် ပြောတတ်တယ်၊ ကဲ... မင်းတို့ နှစ်ယောက်စလုံး သေသွားပါပြီတဲ့ကွာ၊ ဒီ လူသူမရှိတဲ့ ကျွန်းပေါ်မှာ ငါလို ဒုက္ခိတကောင်ကကော အသက်ရှည်ရှည် နေနိုင်မတဲ့လားကွ”

ကျွန်းချွေးဆန်းကလည်း ပြုံးလာရ၏။

“ဟုတ်သားပဲ၊ ဒါလဲ မှန်တာပဲ”

“ဟုတ်သားပဲ၊ မှန်သားပဲဆိုရင် ခုချိန်ထိ မင်းတို့ နားထဲမှာ ဘာဖြစ်လို့ ပိတ်ဆို့ထားရသေးတာလဲ”

ကျွန်းချွေးဆန်းရော ချင်တူးတူးပါ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြ၏။ ပြီး ရှက်ပြုံးကလေး ကိုယ်စီပြုံးပြီး နားထဲမှ ဖျံအရေစကို ဆွဲထုတ်လိုက်၏။

သူတို့ နှစ်ဦးစလုံး၏ စိတ်ထဲမှာမူ...

“ဒီလူကြီးရဲ့ သိုင်းပညာက တကယ့်ကို ကြောက်စရာ ကောင်းပါလား၊ မျက်စိ စုံလုံးကန်းနေတာတောင် သူ့နားက လျှင်မြန် သေးတယ်”ဟု ကောက်ချက် ချမိကြလေတော့၏။



ထိုနေ့၏ နောက်ပိုင်းနေ့များတွင် သူတို့ သုံးယောက်သည် မျောက်ဝံကြီးနှင့်အတူ ကျွန်းပေါ်တွင် နေထိုင်ကြလေတော့၏။ ကျွန်းချွေးဆန်းတို့ နှစ်ယောက်က အားလပ်ချိန်များတွင် ကျောက်ဂူကြီး ရှေ့နှင့် ပတ်လည်တစ်ဝိုက်တွင် သစ်ပင် ပန်းပင်များကို စိုက်ကြ၏။ ရွှံ့စေးများကို ဖုတ်၍ ပန်းကန်များ၊ မီးဖိုများကို လုပ်ကြ၏။ သူတို့သည် တကယ့် အိုးအိမ်ကြီးတစ်ခု ထူထောင်ဘိသို့ အသုံး အဆောင် ဟူသမျှ ကြံဖန်ပြုလုပ် နေထိုင်ကြသည်။

ရှက်စွန်းကတော့မူ သူတို့နှစ်ဦးနှင့် ရောရောနှောနှော သိပ်မရှိလှပေ။ သူ့ဘာသာ တစ်နေရာရာကို သွား၍ တစ်နေကုန် တစ်နေခန်း ထိုင်ကာ နဂါးနိုင်ဓားကို ကိုင်လျက် ငေးမောရင်း အတွေးခရီး လွင့်နေလေ၏။ ကျွန်းချွေးဆန်းတို့က ရှက်စွန်းကို ကြည့်ရင်း ကရုဏာသက်လာသဖြင့် လျှို့ဝှက် နက်နဲလှသော နဂါးနိုင်ဓား၏ လျှို့ဝှက်ချက်များကို စဉ်းစားခြင်းမပြုတော့ပါရန် ဖျောင်းဖျကြလေ၏။

ထိုအခါ ရှက်စွန်းက...

“ငါ နားလည်ပါတယ်၊ ဒါပေမယ့် ဒီလို လူသူမရှိတဲ့ ကျွန်းကြီးပေါ်မှာ ဒီဓားရဲ့ လျှို့ဝှက်ချက်ကိုမှ မစဉ်းစားဘဲနေရင် ဘာများ ငါ့မှာ လုပ်စရာ ကိုင်စရာ ရှိတော့လို့တုန်း”ဟု ပြန်ချေပလေ့ ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှက်စွန်းကိုမူ သူတို့နှစ်ဦးက သူတို့ နေထိုင်သော ကျောက်ဂူကြီးနှင့် မိုင်ဝက်ခန့်ဝေးသော ကျောက်ဂူလေးတစ်ဂူတွင် ပြုပြင်လပ်ပြီး နေထိုင်စေသည်။

* * *

သို့ဖြင့် အချိန်များ တရွေ့ရွေ့ ရင့်ညောင်းလာသည်။

ချင်တူးတူးသည်လည်း ယခင်ကလို ခါးသေးရင်ချီ မဟုတ်တော့၊ ကိုယ်လေးလက်ဝန်က ရင့်ပြီ။ ကိုးလလွန်မြောက်၍ ဆယ်လအတွင်းသို့ ချဉ်းပြီ ဖြစ်ပါ၏။

တစ်နေ့။

အကြင်လင်မယား နှစ်ယောက် ဂူထဲတွင် အေးအေးလူလူ ဆိုင်ရင်း ချင်တူးတူး စတင်မေးလေသည်။

"အစ်ကို ယောကျ်ားလေး လိုချင်သလား၊ မိန်းကလေးလိုချင်သလား"

"ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းမလေးပဲဖြစ်ဖြစ် ကိုယ် လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်းကွယ်၊ တူးတူးကတော့ ယောကျ်ားလေးပဲ လိုချင်တယ်၊ အစ်ကိုနဲ့တူတဲ့ ယောကျ်ားလေးလေ"

"မိန်းကလေးဆိုလဲ အစ်ကိုနဲ့ တူမှာပါ၊ ပြီးတော့ တူးတူးနဲ့လဲ တူမှာပေါ့၊ အစ်ကိုကတော့ ကိုယ့်သွေးချည်းပဲမို့ ဘာပဲဖြစ်ဖြစ် ချစ်မှာပဲ တူးတူး"

"တူးတူးကတော့ မိန်းကလေးဆိုရင် သိပ်ချစ်မယ် မထင်ဘူး၊ ကျားကျားလျားလျား ယောကျ်ား သားသားလေးပဲ လိုချင်တယ် ရှင့်"

ကျွန်းချွေးဆန်းက ပြုံးနေသည်။ ပီတိဝေနေသည်။

သြော်... ဘာလိုလိုနှင့် ချစ်သော ချင်တူးတူးပင်လျှင် ကိုယ်ဝန်ရင့်ညောင်းလာပါပြီကော၊ ကျွန်းချွေးဆန်းက ခဏမျှသာ ပြုံးပြီး သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်ပြန်၏။

အကင်းပါးသော တူးတူးက ကောက်ခါငင်ကာ မေးလေသည်။

"အစ်ကိုကို ကြည့်ရတာ ခုတလော မရွှင်ပြသလိုဘဲ၊ ဘာဖြစ်လို့လဲ အစ်ကို၊ တူးတူး အစ်ကို့ကို စိတ်ဆင်းရဲအောင် လုပ်မိပြောမိတာများ ရှိသလားကွယ်၊ ဟင် အစ်ကို"

ကျွန်းချွေးဆန်းက သူ့ခေါင်းကို တွင်တွင် ခါယမ်းပြလိုက်၏။



"အို... ဘာမှ မဖြစ်ပါဘူးကွယ်၊တူးတူးကို အစ်ကို သိပ် ...ပါတယ်၊ အပြစ်ဆိုစရာ ဘာမှ မရှိပါဘူးကွယ်"

"အစ်ကို တူးတူးနဲ့ အစ်ကိုနဲ့ကြားမှာ ဖုံးကွယ်နေစရာ ဘာမှ ...ဘူးနော်၊ ပွင့်ပွင့်လင်းလင်းပေါ့ အစ်ကိုရယ်၊ ခုရက်တွေမှာ ...ကို့ကို တူးတူး ကြည့်ရတာ အားမရဘူး၊ ဘာဖြစ်နေသလဲ ...ကိုရယ်၊ တူးတူးကို ပြောပြပါနော် နော်"

ကျွန်းချွေးဆန်းက တူးတူးမျက်နှာကို ကရုဏာသက်စွာ ...ည့်၏။ ပြီးလျှင် သက်ပြင်းချလျက်...

"ကိုယ်ထင်သလို ဖြစ်မလာပါစေနဲ့လို့ အဟန်ဘန် ဆုတောင်း...တယ် တူးတူး၊ အခုရက်တွေမှာ..."

"အခုရက်တွေမှာ ဘာဖြစ်လို့လဲဟင်"

"တခြား ဟုတ်ပါရိုးလား တူးတူးရယ်၊ ရှက်စွန်းလေ၊ ...စွန်း၊ ခုရက်တွေမှာ အမူအရာ သိပ်ပြောင်းနေတယ် တူးတူး၊ ...နေ့တခြား ပိုလို့ ဆိုးနေတယ်ကွယ့်၊ အင်း မဟုတ်ခါမှ လွဲရော ...ရော ရှက်စွန်းတစ်ယောက်တော့ စိတ်ဖောက်ပြန်လာပြီ ထင်ပါ ...ွယ်"

"ဟင်၊ ဟုတ်လား အစ်ကို၊ ဒါ...ဒါဖြင့်"

တူးတူး စကားသံ တိမ်ဝင်သွားပြီး မျက်ဝန်းအစုံတွင် ...ည်ဝဲလည်လာ၏။ တူးတူး ကြေကွဲဝမ်းနည်းရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ်၊ အမှန်ဆိုရင် ရှက်စွန်းကို တူးတူးတို့ ဘာမှ ကြောက်စရာမလိုပါဘူး၊ တူးတူးနဲ့ အစ်ကိုတို့ နှစ်ယောက် အသေခံ ဝိုင်းတိုက်ရုံပေါ့၊ ဒါပေမယ့် အခုတော့..."

တူးတူး မျက်ရည်ကျလာသည်။

ကျွန်းချွေးဆန်းက တူးတူး၏ ပခုံးကို ဖက်ထားလိုက်ရ၏။ ပြီးမှ...

"ဟုတ်တယ် တူးတူး၊ တူးတူးပြောတာ အစ်ကို သဘောပေါက်ပါတယ်၊ အခု ကိုယ်တို့မှာ ကိုယ်တို့ ရင်သွေးလေးကို မမြင်ကြရသေးဘူး၊ ဒါကြောင့် ကိုယ်တို့ အသေမခံနိုင်ဘူး၊ ဒါကြောင့် ဒီကြားထဲ ရန်မူလာရင်တော့ မတတ်သာရင် သူ့ကို သတ်ပစ်ရမယ် သတ်ပစ်ရမယ်"

ချင်တူးတူးက တိုးတိုးညင်းညင်း ရှိုက်ငင်နေ၏။

သြော်... တူးတူး၊ ချင်တူးတူး၊ ဆတ်ဆတ်ကြဲခဲ့သော တူးတူး၊ ယခုမူ ကိုယ်ဝန်ဆောင်၍ မိခင်လောင်း ဘဝသို့ ရောက်ခဲ့ပြီဖြစ်ရာ ဟိုစဉ်ဟိုအခါတုန်းက ကဲ့သို့ပင် ဆတ်ဆတ်ကြဲ စိတ်ဓာတ်မျိုး လုံးဝ မရှိတော့။ မထားလိုပါတော့။ ယခုအခါ ချင်တူးတူးသည် စိတ်ဓာတ် ပျော့ပျောင်းပြီး အားငယ်နေတတ်ပါရောလား။

မှန်သည်။



မိခင်တို့မည်သည် သားသမီးတို့၏ ဖြူသလား၊ မည်းသလား၊ ရုပ်ရည်ကိုပင် မမြင်ရသေးမီ ကလလရေကြည် သန္ဓေတည်စကတည်းက သံယောဇဉ်တွေ၊ မေတ္တာတွေ၊ ကိန်းဝပ်ယှက်ဖြာနေတတ်သည် မဟုတ်လား။

ယခုလည်း တူးတူးသည် မနက်ဖြန် သန်ဘက် ဆိုသကဲ့သို့ လွဲမသွေ ရင်သွေးငယ်ကို မွေးဖွားရတော့မည့် မိခင်လောင်း ဆိုတော့ အားငယ်မိသည်မှာ မဆန်းပါချေ။

ကျွန်းချွေးဆန်းက ချင်တူးတူး၏ ပခုံးလေးအား နှစ်သိမ့် ဖက်ထားလိုက်ရင်းမှ...

"အစ်ကို အကြံတစ်ခုတော့ ရထားတယ် တူးတူး၊ မနက်ဖြန်က ပြီးတော့ ကိုယ်တို့ ဂူအတွင်းဘက်ကို ရွှေ့နေကြမယ်၊ အဲ... ဂူကြီးရဲ့ အပေါက်ဝနားမှာတော့ တွင်းကြီးတစ်ခု တူးထားလိုက်မယ်၊ အပေါ်ကနေပြီးတော့လဲ တွင်းကြီးမှန်း မသိအောင် သစ်ရွက် သစ်ခြောက်ကိုင်းတွေနဲ့ ဖုံးထားလိုက်မယ်လေ၊ ထောင်ချောက်ဆင်ထားတဲ့ သဘောပေါ့ တူးတူးရယ်"

ချင်တူးတူးက အငိုရပ်၍...

"အစ်ကို့အကြံကတော့ ကောင်းလှပါတယ် အစ်ကို၊ ဒါပေမယ့် အစ်ကိုက နေ့တိုင်းနေ့တိုင်း အစာရှာထွက်နေရတော့ အပြင်မှာ အစ်ကိုကို ရန်ရှာရင်တော့ ဘယ့်နှယ်လုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ကြောက်စရာ မလိုပါဘူး၊ ကိုယ် တစ်ယောက်တည်း ဆိုတော့ ပြေးရလွှားရတာ လွယ်တာပေါ့၊ အခြေအနေမဟန်ဘူး ထင်ရင် ကိုယ်က တောင်ကုန်းတွေပေါ် တက်ပြေးမယ်၊ လှိုဏ်တွေ ခုန်ချမယ်၊ ပုန်းနေမယ်၊ သူက အကန်းပဲဟာ၊ အစ်ကို့နောက်ကို ဘယ်လိုမှ လိုက်နိုင်မှာ မဟုတ်ပါဘူး"

ထိုနေ့ပြီး နောက်တစ်နေ့တွင် ကျန်းချွေးဆန်းက သစ် ကြီးတစ်ချောင်းကို ယက်တံလိုလုပ်ပြီး ဂူထဲတွင် ကျင်းကြီးတစ် စောင် တူးလေကော့၏။ ခုနစ်ရက်ခန့် ကြာလတ်သော် ပေအ နက်သော တွင်းကြီးဖြစ်လာတော့၏။ တစ်ဖက်တွင်လည်း ရှက်စွန်းကြီးမှာ ကျန်းချွေးဆန်း အကဲခတ်မိသည့်အတိုင်း အမှု တစ်နေ့တခြား ပို၍ ဆိုးရွားလာသည်။ တစ်ခါတစ်ခါ နဂါးနိုင်ဓား ကိုင်၍ တစ်ယောက်တည်း အရူးအမူး ဇော့ယမ်း ခုတ်ထစ်နေသည် တွေ့ရ၏။

ကျန်းချွေးဆန်းသည်လည်း တွင်းကို ပို၍ ပို၍ ကြီး ပန်းစား ဆက်လက် တူးနေ၏။ သို့ဖြင့် တွင်းကြီးမှာ ရက်အနည်း အတွင်း ပေငါးဆယ်ခန့်အထိ နက်လာလေသည်။

ထိုအချိန်တွင် ရှက်စွန်းသည် မိုးကောင်ကင်ကြီးကို မော့ကြ လျက် အော်ဟစ် ကျိန်ဆဲနေပြီ။ ထို့ပြင် ခေတ်အဆက်ဆက် ဘုရင်ကြီးများနှင့် စာဆိုတော်ကြီးများကိုလည်း တစ်ယောက်ချ



အော်ဆဲနေသည်။ ရက်အနည်း အကြာတွင်တော့မှ သူသည် သိုင်းလောကအတွင်းရှိ သိုင်းဆရာများကိုပင် တစ်ပြားသားမှ မတန် အောင် ဆဲဆို ပုတ်ခတ်လာလေတော့၏။ အဆဲအဆို အပုတ်အခတ် ခံရသော ထိုသိုင်းဆရာများ၏ အမည်ထဲတွင် ကျန်းချွေးဆန်း၏ ဆရာရင်းဖြစ်သော သိုင်းဆရာကြီး ကျန်းဆန်းဖုန်းပင် ပါရှိလာလေ၏။ ကျန်းချွေးဆန်းသည် မိဘနှင့် တစ်ဂိုဏ်းတည်းထားသော သူ့ဆရာကြီး သမားကြီးကို ဆဲဆိုသံ ကြားရသောအခါ အသားပင် ဆတ်ဆတ်တုန်အောင် ဒေါသဖြစ်ရ၏။

သို့စဉ်လျက် ရှက်စွန်းက ဆဲဆိုမြဲ၊ ပုတ်ခတ်မြဲ လုပ်နေ သည်။ ကျန်းချွေးဆန်းက ဒေါသကို ကျိတ်မှိတ် မျိုသိပ်၍ ဆရာသမားကြီးအား မဆဲမဆိုပါရန် ဖျောင်းဖျသောအခါ . . .

"ဟေ့ကောင်၊ ကျန်းချွေးဆန်း၊မင်းဆရာ ကျန်းဆန်းဖုန်း အသုံးမကျသလို သူ့တပည့်ဖြစ်တဲ့ မင်းလဲ အလကားကောင်ပဲကွ၊ ဒါ အဲဒီ အလကားကောင်နဲ့ သူ့ရဲ့ မိန်းမကို အခုပဲ သတ်မယ်၊ သတ်ပစ်မယ်"ဟု ကြိမ်းပြီး ချက်ချင်းပင် ဂူကြီးထဲသို့ ခုန်ဝင်သွား လေ၏။

ထိုအခါ ဖြောင်းခနဲ အသံနှင့်အတူ ကျန်းချွေးဆန်း ဆောင်ချောက်ဆင်ထားသော တွင်းကြီးပေါ်တွင် ဖုံးထားသော သစ်ကိုင်းခြောက်များ ကျိုးကျသွားသံ ကြားရပြီး ရှက်စွန်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုတွင်းထဲသို့ ကျသွားလေ၏။ သို့ရာတွင် ကျန်းချွေးဆန်းသည် သူ့ထောင်ချောက်တွင်း အောက်တွင် ဆူးချွန်များ စိုက်ထားခြင်း မပြုရသေးသဖြင့် ရှက်စွန်းအဖို့ ဘာဒဏ်ရာမှ မရလိုက်ချေ။

ရှက်စွန်းသည် တစ်ချက်မျှ အော်ပြီး တွင်းကြီးပေါ်သို့ လွှားခနဲ ခုန်တက်လာ၏။ ကျန်းချွေးဆန်းက အနားတွင်ရှိသော သစ်ကိုင်းကြီး တစ်ကိုင်းကို ကမန်းကတန်း ဆွဲယူပြီး ရှက်စွန်း၏ ခေါင်းကို ရိုက်ချလိုက်လေသည်။ သို့သော် ရှက်စွန်းသည် လေသံ ကြားသည်နှင့် လက်ပြန် ရိုက်ချလိုက်ရာ ကျန်းချွေးဆန်း၏ လက်ထဲ သစ်ကိုင်းမှာ လွင့်ထွက်သွားလေသည်။ ရှက်စွန်းလည်း သူ့ကိုယ်သူ မထိန်းနိုင်ဖြစ်ကာ တွင်းကြီးထဲသို့ နောက်တစ်ဖန် ပြန်ကျ သွား၏။

ဤသို့ ဤနှယ် ကျန်းချွေးဆန်းနှင့် ရှက်စွန်းတို့ တိုက်ခိုက်နေ ကြချိန်တွင် ချင်တူးတူးသည် ကိုယ်ဝန် နေ့စေ့၊ အချိန်စေ့ပြီဖြစ်၏ ဤနေ့ နံနက်ကတည်းကပင် ဝမ်းဗိုက်က နာလျက် အချိန်မရွေး ကလေး မွေးဖွားတော့မည့် အခြေအနေတွင် ရှိနေပြီဖြစ်၏။ ဤ အမှားအယွင်း မခံသော လွန်စွာ အရေးကြီးလှသော အချိန်ကျမှ ရှက်စွန်းတစ်ယောက် ဤသို့ စိတ်ရူးပေါက်ပြီး ဓားကားမော်ကား ရမ်းကားလာသည်ကိုတွေ့သော် လွန်စွာ စိတ်ထိခိုက်သွားရှာ ထို့ကြောင့် အနီးတွင်ရှိသော ဓားကိုယူ၍ ခင်ပွန်းဖြစ်သူ ကျန်း



ဆန်းဆီသို့ပစ်ပေးလိုက်၏။ ကျန်းချွေးဆန်းက ဓားကို ဖမ်းယူသည်။ ပြီးလျှင် ရှက်စွန်းတက်အလာကို စောင့်၍ ခုတ်မည်မဟုတ်ဘဲ ရှက်စွန်း လွှားခနဲ ခုန်တက်လာမည့် နေရာတွင် ဓားကို အဆင်သင့် အောက်သို့ ထိုးစိုက်ချိန်ထားလိုက်လေ၏။ အကယ်၍ ရှက်စွန်း ခုန်တက်လာသော ရှက်စွန်း၏ ဦးခေါင်းသည် ဓားစိုက်ခံရလျက် ရှောင်မလှ သေပွဲဝင်ရရှာသာ ရှိပေမည်။ ဤကား ကျန်းချွေးဆန်း၏ တွေးဆချက်သာလျှင် ဖြစ်၏။

ယခု တကယ်တမ်း ရှက်စွန်း ခုန်တက်လာသော သူ၏ အထင်နှင့်အမြင် လွဲမှားသွားတော့၏။ အကြောင်းမူ ရှက်စွန်းသည် ဤတစ်ခါ ခုန်တက်လာစဉ် သူ့လက်အတွင်း နဂါးနိုင်ဓားကိုပါ ကိုင်၍ တက်လာပြီး သူ့ဦးခေါင်းထက်တွင် တဝှီးဝှီး ဝှေ့ယမ်းနေ လေ၏။ ထိုအခါ အလိုက်သင့် ကိုင်ထားသော ကျန်းချွေးဆန်း၏ ဓားမှာ အပိုင်းပိုင်းပြတ်လျက် ကစဉ့်ကလျား လွင့်စဉ်ထွက်သွား လေ၏။ ကျန်းချွေးဆန်း၏ အကြံကား မအောင်မြင်ပါပြီ။ နောက်ဆုံးတွင်မူ ကျန်းချွေးဆန်းသည် မည်သို့မျှ မကြံတတ်တော့ အောင်ဖြစ်ကာ ဂူအတွင်းပိုင်းဘက်သို့ ဆုတ်သွားရလေသည်။ ရှက်စွန်းသည် တွင်းဝမှတစ်ဆင့် ကျန်းချွေးဆန်း ဆုတ်ခွာရာဆီသို့ သိုက်မြဲ လိုက်လာနေပြီ။ ကျန်းချွေးဆန်းလည်း ဆက်လက် ဆုတ်နေ ဆဲပင်။ ထိုအချိန်တွင် ကျန်းချွေးဆန်းသည် လွန်စွာ စိတ်ထိ ခိုက်လျက် ကြေကွဲဝမ်းနည်းနေရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤနေ့ ဤအချိန်တွင် မိမိတို့ ဖနီးမောင်နှံသည် လွန်စွာ တွေ့မြင်လိုသော မိမိတို့၏ ရင်သွေးကိုပင် တွေ့မြင်ခွင့် ရတော့မည် မဟုတ်ဘဲ စိတ်ရှုးပေါက်လာသည့် ရှက်စွန်း၏ လက်ချက်ဖြင့် မုဒ သေပွဲရှင်ရတော့မည်ဟု တွေးမိသောကြောင့်ပင် ဖြစ်ပါ၏။ ရှက်စွန်းမှာ စိတ်ရှုးပေါက်နေသူ ဖြစ်ရာ ဝမ်းသာအားရ ဖြစ်နေလေ၏။ ဤ ဖနီးမောင်နှံသည် ဤတစ်ကြိမ်တွင် မိမိ၏လက်မှ မလွတ်နိုင်တော့ဟု အသိဆိုးဝင်နေသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် သူက ကြောက်မက်ဖွယ် အော်ဟာစ် ရယ်မောရင်း လက်မှ နဂါးနိုင်ဓားကိုလည်း ဆ၍ဆ၍ ကိုင်ကာ ကျန်းချွေးဆန်းဆီသို့ တစ်လှမ်းချင်း ဆက်၍ လိုက်ဝင်လာ၏။

ထိုစဉ်တွင်ပင် . . .

* * *

"အူဝဲ အူဝဲ အူဝံ"

ရုတ်တရက် ဝူထဲမှ လွန်စွာ သာယာသော ကလေးလေး ယောက်၏ အော်ငိုသံလေး ထွက်ပေါ်လာ၏။ ထိုအခါ ကျန်းချွေး း၏ နောက်သို့ လှမ်းဆုတ်ဆဲ ခြေလှမ်းသည်လည်းကောင်း၊ ွန်း၏ ရှေ့သို့ တိုး၍လှမ်းဆဲ ခြေလှမ်းသည်လည်းကောင်း ိုင်တည်းလိုပင် တုံ့ရပ်သွားကြလေ၏။ ထိုအဖြစ်က ခဏမျှသာ ြီး ချက်ချင်းလိုပင် ကျန်းချွေးဆန်းသည် ရှက်စွန်းအား ကြာက်ရမည်မှန်း အရေးစိုက်ရမည်မှန်းပင် လုံးဝ မသိတော့ပေ။ သးလေး၏ 'အူဝဲ အူဝဲ' အော်ငိုသံလေးက သူ့ရင်ကို တစ်ဒင် န် ချမ်းမြေ့စေပြီး အားလုံး အားလုံးသော အရာတို့ကို မေ့ဘော ခြေလှမ်းတွေက ရင်သွေးငယ်၏ မိခင်ဖြစ်သူ့ချစ်ဖနီး ရှင်တူးတူး

www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ဦးတည်ပြေးသွားလေတော့၏။ မှန်သည်။ သူတို့ ဇနီးမောင် နှစ်ဦးစလုံးသည် သေဘေးနှင့် ကြုံနေရပြီ။ သေမင်း နှုတ်ခမ်းဝနှ လက်တစ်ကမ်းမျှသာ ကွာလှမ်းတော့သည်။

ဤသို့ လွန်စွာ တိုတောင်းသော အချိန်ပိုင်းကလေးတွ သူတို့ နှစ်ဦးစလုံးသည် ယခုတစ်သက်၊ နောင်တစ်သက ထာဝရမခွဲတမ်းသဘောဖြင့် တစ်ယောက်လက်ကို တစ်ယော ဆုပ်ကိုင်ထားကြပြီးလျှင် မွေးကင်းစ ရင်သွေးငယ်၏ ရှုမငြီးဖွ သော အပြစ်ကင်းသည့် မျက်နှာလေးကိုသာ တစ်ငေးတစ် စိုက်ကြည့်နေကြလေ၏။ ကလေးလေးမှာ ယောကျ်ားလေးဖြစ် ပါးကလေးနှစ်ဖက်မှာ ဖောင်းမို့မို့လေးနှင့် အကြောစိမ်းကလေးများ မြင်နေရ၏။ ပြီးလျှင် နီတာရဲနှင့် ချစ်နှစ်သက်ဖွယ်ကောင်းသေ ခြေလက်များကို လှုပ်ရှား ရုန်းကန်လျက် 'အူဝဲ အူဝဲ'ဖြင့် လောကအ နှုတ်ခွန်းဆက်နေဟန်မျိုး ငိုသံပေးနေရှာလေ၏။

ထိုအချိန်တွင် ရက်စွန်းသည် နဂါးနိုင်ဓားကြီးကို မြဲမြ ဆုပ်ကိုင်ရင်း သူတို့မိသားစုရှိရာ တစ်လှမ်းချင်း လှမ်းဝင်လာေ ဖြစ်၏။ သူ့ခြေသံကို ကျုန်းချွေးဆန်းရော ချင်တူးတွူးဝါ ကောင်း ကြားနေရ၏။ သူတို့ ဇနီးမောင်နှံသည် အချိန်ခဏငယ်အတွ ရက်စွန်း၏ ဓားချက် ကျလာသည်နှင့် သူတို့ နှစ်ဦးသာ မွေးကင်းစ ရင်သွေးလေးပါ သေဆုံးရတော့မည်ကို သိသော်လည



သူတို့၏ ရင်သွေးငယ်လေး၏ မျက်နှာကိုသာ တဝတငေး မျက်တောင် မခတ်ဘဲ စိုက်ကြည့်နေမြဲပင် ရှိပါ၏။

ထို့နောက် မကြာမတင် အချိန်ခဏငယ် အတွင်းမှာပင် သူတို့ ဇနီးမောင်နှံ နှစ်ဦးစလုံး စိတ်ကျေနပ် တင်းတိမ်သွားကြ၏။ လူ့လောကသို့ ရောက်စ၊ မွေးကင်းစ ရင်သွေးငယ်၏ မျက်နှာလေးကို အဝ,ကြည့်မြင်လိုက်ပြီ ဖြစ်၍ သေပျော်ပြီဟု နှစ်ဦးစလုံးက သဘော ပိုက်မိကြပေပြီ။ ထို့ကြောင့် သေဘေးသည် သူတို့အတွက် အကြောင်း မဟုတ်တော့။ စိုးရွံ့စိတ်၊ တုန်လှုပ်စိတ်များလည်း သူတို့ ကိုယ်တွင်းမှ အပသို့လွင့်ပြယ် ထွက်ခွာသွားပြီဖြစ်၏။

သို့ဖြင့် သူတို့သည် သေမင်းတမန်တော်၏ တံခါးခေါက်သံ ကို နားစွင့်လိုက်ကြ၏။ သို့သော် သူတို့အတွက် သေမင်း၏ တမန်တော်၊ သို့မဟုတ် စိတ်ဖောက်ပြန်ကာ သွေးဆာနေသောလူ၊ သို့မဟုတ် ရက်စွန်း။ မှန်သည်။ ရက်စွန်းသည် သူတို့ ဇနီးမောင်နှံ နှစ်ဦး၏ ရှေ့မှောက်သို့ ရောက်ရှိလာပေပြီ။ နဂါးနိုင်ဓားကိုလည်း မြှောက်ကိုင်ထားပြီ။ ခုတ်တော့မည်။ ခုတ်တော့...။

ဟော...

"အူဝဲ အူဝဲ အူဝဲ"

ရုတ်တရက် မွေးကင်းစ နီတာရဲလေးက ပါးစပ်ကလေး ဟ,ကာ ဟ,ကာ 'အူဝဲ အူဝဲ အူဝဲ'ဖြင့် သံရှည်ဆွဲ၍ အော်ငိုနေပြန် ပြီကော။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သွေးရူးသွေးတမ်း အရူးအနှမ်း ဖြစ်နေရှာသော ရှက်စွန်း၏ ဤဇနီးမောင်နှံ၏ အသက်ကို မြိန်ရည်ရှက်ရည် သတ်ရအောင့်အံ့ဟု ပီတိဖြာနေသော ရှက်စွန်းသည် ယခု ရုတ်တရက် မူလ စိတ်ရင်းကောင်းများ ပြန်ဝင်လာလေတော့၏။ စိတ်ရူးစိတ်ရိုင်းများသည် တစ်မုဟုတ်ချင်း သူ့ကိုယ်၏ အပသို့ လွင့်စဉ်ထွက်သွားကြ၏။ ထိုအခါတွင် ဓားကြီးမြှောက်၍ ခုတ်ချတော့အံ့ဆဲဆဲ သူ့လက်များသည် အလိုအလျောက် ရပ်သိမ်းပြီး ဖြစ်သွား၏။ သူ့စိတ်ကယောက်ကယက်နှင့် မငြိမ်သက်သမျှ နီကာရဲ၏ ငိုသံလေးက ချမ်းမြေ့စေပြီး မတည်ငြိမ်လွန်းသော သူ့နှလုံးကိုပါ အေးငြိမ်းစေလေပြီ မဟုတ်ပါလား။ ပြီးတော့ တစ်ချိန်တည်းမှာပင် သူ့မိသားစု တစ်ခုလုံး အသတ်ခံခဲ့ရသော အဖြစ်များက သူ့မျက်ဝန်းထဲဝယ် ပြန်လည် မြင်ယောင်လာလေ၏။ ထိုစဉ်က သူ့ဇနီးမှာ ရင်သွေးငယ်ကို မွေးဖွားပြီးစ သုံးလခန့်သာ ရှိပါသေး၏။ သွေးနုသားနု အချိန်ဟု ဆိုနိုင်၏။ သို့သော် သူ့ဇနီးသည်လည်းကောင်း၊ သုံးလသားငယ် ရင်နှစ်ကလေးသည်လည်းကောင်း ရက်စက်စွာ အသတ်ခံလိုက်ရ၏။ ထိုမြင်ကွင်းက အကျည်းတန်လှပြီး ကြေကွဲဖွယ်ရာ ကောင်းလွန်းလှသည်။ ရှက်စွန်းသည် ကျန်းရွှေဆန်းနှင့် ချင်တူးတူးတို့၏ ရင်နှစ်သည်းချာ ကလေးငယ်လေး၏ 'အူဝဲ အူဝဲ အူဝဲ' ငိုသံကြောင့် သူ့မိသားစု၏ အကျည်းတန်လှသော အတိတ်ဖြစ်စဉ်



ကို ပြန်ပြောင်း သတိရစေလေ၏။ ထိုစဉ်က သူ့ သားငယ်လေးမှာ သူ့လက်ချက်ကြောင့် မြေကြီးတွင် ပိပြားသွားကာ အသားပုံ းလို ပေါက်သတ်ခံလိုက်ရသည် မဟုတ်ပါလား။ သည့်နောက် က်စွန်းသည် မိမိရန်သူကို ပြန်လည် ကလဲ့စားချေနိုင်ရန် သိုင်း ညာများကို အစွမ်းကုန် ကြိုးစားလေ့ကျင့်ခဲ့၏။ သို့သော် မိမိ အတတ်ပညာ တိုးတက်လာသလို ရန်သူကလည်း မိမိထက်ပိုင် တက်နေ၏။ နောက်ဆုံးတွင်မူ မိမိသည် လွန်စွာ ထက်မြက်သော းနိုင်ဓားကြီးကိုပင် လက်ဝယ် ရရှိလိုက်သော်လည်း ထိုဓားကြီး၏ ဝှက်ချက်ကို မဖော်ထုတ်နိုင်ဖြစ်ကာ...

ရှက်စွန်းသည် ခေါင်းငိုက်စိုက်ချလျက် အတွေးတွင် နစ်မျော ပင် ရှိနေ၏။ အတွေးမှ ပြုံးရယ်ဖွယ် ပေါ်လာသော သူ့မျက်နှာ ပြုံးရိပ်ထင်လာ၏။ နာကြည်းဖွယ် အတွေးကို မြင်လာသော်မူ ကြိတ်လိုက်နှင့် မျက်နှာသွင်ပြင် အမျိုးမျိုး ပြောင်းလဲဖြစ်ပေါ် လေ၏။ ထိုခဏအချိန်တွင် သူတို့ သုံးဦးစလုံးသည် အသက် ခဲ့နေသူများပမာ လွန်စွာ ငြိမ်သက်နေ၏။

"အူဝဲ အူဝဲ အူဝဲ"

မွေးကင်းစရွယ် နီတာရဲလေး၏ ငိုသံကသာ ပွဲထဲဝယ် င်ထပ်နေ၏။ သူတို့ သုံးဦးစလုံးလည်း ထိုငိုသံလေးမှသာ ကိတ်ထောင်လျက် အရာအားလုံးကို မေ့ပျောက်နေမိကြ၏။ ခဏ

www.burmeseclassic.com

www.burmeseclassic.com



ကြာသော် ရှက်စွန်း၏ နှုတ်မှ မဖျော်လင့်သော စကားလုံးများပွင့်ထွက်လာလေ၏။

"ယောကျ်ားလေးလား၊ မိန်းကလေးလား"

ကျန်းချွေးဆန်းရော ချင်တူးတူးပါ ရှက်စွန်း၏ မျက်နှာကို တအံ့ဘသြ ကြည့်လိုက်ကြ၏။ ရှက်စွန်းက ယဲ့ယဲ့ပြုံးပြရာသည်။

ကျန်းချွေးဆန်း၏ ရင်ဝယ် အေးမြသွား၏။ ရှက်စွန်း၏ အမေးကိုလည်း ဖြေလေသည်။

"ယောကျ်ားလေးပါ ဆရာကြီး"

"အေး... ကောင်းတယ်၊ နို့ ချက်ကြိုးကော ဖြတ်ပြီးပြီလား"

"ဗျာ၊ ချက်ကြိုးကို ဖြတ်ရမယ်၊ ဟာ... ဟုတ်သားပဲ ကျွန်တော် မေ့နေလိုက်တာ"

ထိုအခါ ကျန်းချွေးဆန်းက ချက်ချင်းပင် ဓားဖြင့် ကလေးငယ်၏ ချက်ကြိုးကို ဖြတ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ရှက်စွန်းတစ်ယောက် စိတ်ကောင်းပြန်ဝင်လာပြီး မိမိတို့ ဇနီးမောင်နှံကို လည်းကောင်း၊ ရင်သွေးငယ်ကို လည်းကောင်း သတ်ဖြတ်တော့မည် မဟုတ်ကြောင်း စိတ်ချလက်ချ ဖြစ်သွားရ၏။ မှန်သည်။ ယခု ရှက်စွန်း၏ မျက်နှာပေါ်တွင် သူ့ရင်သွေးငယ်အတွက် လှိုက်လှိုက်မောမော ပူပင်သောက ဖြစ်နေကြောင်း တွေ့ရပြီ မဟုတ်ပါလား။ ပြီး သူ့အသံနေ အသံထားကို မှန်းဆ၍ ကျန်းချွေးဆန်းကိုပင် ဝင်ရောက်ကူညီ လုပ်ပေးလိုသောဆန္ဒ ရှိနေပုံ ပေါ်နေ၏။ ထိုအခိုက် ချင်တူးတူး၏ ယဲ့ယဲ့သော ချည့်နဲ့သံ ပေါ်လာလေ၏။



"အစ်ကို တူးတူးကို ကလေးခဏလောက် ချီပေးပါလား"

ကျန်းချွေးဆန်းက ကလေးငယ်ကို ချီ၍ တူးတူး၏ ရင်ခွင်ထဲသို့ ထည့်ပေးလိုက်သည်။

"ကျန်းချွေးဆန်း၊ မင်း ရေနွေး မတည်ဘူးလား၊ ကလေးကို ရေချိုးပေးရမယ်လေ"

ကျန်းချွေးဆန်းက ရှက်ပြုံးပြုံးလျက်...

"ဟုတ်... ဟုတ်သားပဲ၊ ကျွန်တော် တကယ့်ကို ဘာမှလဲ မလုပ်တတ်ပါလား၊ ကျွန်တော် ဘာမှ အဆင်သင့် လုပ်မထားမိဘူး ဆရာကြီး၊ ဟား ဟား ဟား၊ ဒီအဖေမျိုး ရှားပါတယ်နော် ဆရာကြီး"

သူက ပြောပြောဆိုဆို ဂူထဲမှ ထွက်ရန်ပြင်လိုက်၏။ သို့သော် ထိုအချိန်မှာပင် ရှက်စွန်းက ကလေးလေးရှေ့တွင် သွားရပ်လိုက်သည်ကို တွေ့သော် သူ ရင်တုန်သွား၏။ သို့ရာတွင် ရှက်စွန်းက...

www.burmeseclassic.com

www.burmeseclassic.com



"ကျုန်းချွေးဆန်း ဘယ်မှ မသွားနဲ့လေ၊ မင်းက မင်းမိန်း… အနားမှာပဲနေပြီး ကလေးလေးကို ကြည့်နှင့်ပါ၊ ငါ ရေ… သွားတည်လိုက်မယ်"

ရှက်စွန်းသည် စကားအဆုံးတွင် ဓားကို ဓားအိမ်တွ… ပြန်ထည့်ပြီး ဂူပြင်ဘက်သို့ ပြေးထွက်သွား၏။

ကျုန်းချွေးဆန်း ထောင်ထားသော ထောင်ချောက် ကျင်းကြ… အနားသို့ ရောက်သော် သူက အသာလေးပင် ခုန်ကျော်ထွက်သွာ… သည်ကို တွေ့လိုက်ရ၏။

သိပ်မကြာပါ။ ရှက်စွန်း ဂူထဲ ပြန်ဝင်လာသည်။ သူ့လက်… တွင်လည်း တကယ်ပင် ရေနွေးကို သစ်သားဇလုံးကြီးတွင် ထည့်… ယူလာပေး၏။ ကျုန်းချွေးဆန်းက ရှက်စွန်း ညွှန်ကြားသည့်အတိုင်… ကလေးလေးကို ရေချိုးပေးလေသည်။ ထိုအခါ ရှက်စွန်းက…

"နေပါဦး၊ ကလေးက ဘယ်သူနဲ့ တူသလဲကွ၊ အဖေနဲ့လာ… အမေနဲ့လား"ဟု မေးသည်။

"အဖေနဲ့ ပိုတူတယ် ခင်ဗျာ၊ ဟောဒီမှာ ကြည့်၊ မျက်… သွယ်သွယ်လေးနဲ့၊ အဟဲ… ဟဲ"

ရှက်စွန်း သက်ပြင်းချသည်။

"အင်း၊ ဒီကလေး ကြီးလာတဲ့အခါကျရင် ကံကောင်းပါစေ… ဘေးအန္တရာယ် မကျရောက်ပါစေနဲ့"



ထိုအခါ ချင်တူးတူးက ကြားဝင်၍…

"ဆရာကြီး သားသားလေးရဲ့ ကံဇာတာ မကောင်းဘူးလို့ ဆိုလိုတာလား ဟင်"

"မဟုတ်ပါဘူး မိန်းကလေးရဲ့၊ သူက ဖအေတူ သားလေး ဆိုတော့ ရုပ်ရည်ချောမောမယ်၊ ဒီတော့ သူ့ရဲ့ အနာဂတ်ဘဝမှာ အန္တရာယ်များလိမ့်မယ်၊ ဖျော်ပိက ဒါကို ဆိုလိုတာပါကွယ်"

ကျုန်းချွေးဆန်းက တဟားဟား ရယ်လျက်…

"ဆရာကြီး အတွေးလွန်သွားပြီ ခင်ဗျာ၊ ကျွန်တော်တို့… လေးယောက်ဟာ ဒီ လူသူမရှိတဲ့ မြောက်ဝန်ရိုးစွန်းပေါ်က ကျွန်းကြီး… ပေါ်ကို ရောက်နေတာဗျ၊ သားသားလေးလဲ ဒီကျွန်းပေါ်မှာပဲ ကြီးပြင်းရမှာပဲ၊ နေသွားရမှာပဲ၊ ဒါဆိုရင် ဘယ်လိုလုပ် ဘေးအန္တရာယ် ကျရောက်နိုင်မှာလဲ ဆရာကြီးရဲ့"

ချင်တူးတူးက ကမန်းကတန်း ဝင်၍…

"ဟင့်အင်း ဟင့်အင်း၊ အစ်ကို တူးတူးကို မြေပြန့်ကို မပြန်… …င်ရင် မပြန်ရပါစေ၊ သားသားလေးကိုတော့ ဒီ ကျွန်းကြီးပေါ်မှာ …စ်သက်လုံး မထားနိုင်ပါဘူး၊ နောက် တူးတူးတို့ သုံးယောက်… …ည်း သေသွားရင် သားသား တစ်ယောက်တည်း ဘယ်လိုလုပ် …နေခဲ့မှာလဲလို့"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းက နှုတ်တုံ့မပြန်ချေ။ ချင်တူးတူးကိုသာ ကြေကွဲသောအကြည့်ဖြင့် တစ်ချက်မျှ ကြည့်ပြီး ချင်တူးတူး၏ ဦးခေါင်းကို နှစ်သိမ့် ပွတ်သပ်ပေးနေလေ၏။ သူ့စိတ်ထဲမှမူ...

"ဩော်... တူးတူးရယ်၊ ဒီနေရာမျိုးကို ရောက်တော့မှတော့ ကိုယ်တို့က ဘယ်လိုလုပ်ပြီး မြေပြန့်ကို ပြန်နိုင်ဦးမှာလဲကွယ်"ဟု ရေရွတ်နေမိ၏။ ထိုစဉ် ရှက်စွန်းက ရုတ်တရက်...

"ဟုတ်တယ် ကျန်းချွေးဆန်း၊ ချင်တူးတူးပြောတာ မှန်တယ်ကွ၊ ငါတို့ သုံးယောက်လုံးကတော့ ဒီမှာပဲ ဘဝဆုံးပါပြီ၊ ဒါပေမယ့် ကလေးကိုတော့ ဘယ်နည်းနဲ့မဆို မြေပြန့်ကိုရောက်အောင် ပို့ပေးလိုက်ရမယ်"

ချင်တူးတူးက ထိုစကားကိုကြားသော် ဝမ်းသာသွားပြီး လဲလျောင်းနေရာမှ ချက်ချင်း လူးလဲထလာ၏။ ထိုအခါ ကျန်းချွေးဆန်းက ကမန်းကတန်း ထူပေးပြီး အလန့်တကြားဖြင့်...

"တူးတူး ဘာလုပ်မလို့လဲ၊ အေးအေးဆေးဆေး အိပ်နေစမ်းပါကွယ်"

"ရပါတယ် အစ်ကိုရဲ့၊ တူးတူး နေကောင်းပါတယ်၊ တူးတူးနှစ်ယောက်က ဆရာကြီး ရှက်စွန်းကို ကျေးဇူးတင်ရမယ်လေ"

"ရှက်စွန်းက လက်ကို ခါယမ်းပြီး...



"ဟာ မလိုပါဘူး၊ မလိုပါဘူး၊ ချင်တူးတူး၊ အေးအေးဆေးဆေးသာ အနားယူနေပါကွယ်၊ နော် ကလေးမ"

ရှက်စွန်းက စကားကို ခဏရပ်ပြီး စဉ်းစားသလို နေ့နေ၏။ ပြီးမှ မေးသည်။

"ဩော်... ဒါနဲ့ ဒီကလေးကို နာမည် မှည့်ပေးလိုက်ပြီလား"

"မမှည့်ရသေးပါဘူး ဆရာကြီး"

ကျန်းချွေးဆန်းက ဝင်ဖြေသည်။ ယင်းအခိုက်တွင် ချင်တူးတူးက ရှက်စွန်း၏ မျက်နှာ အမူရာကို အကဲခတ်ကြည့်ဖြင့် ကြည့်ရင်း အတွေးကောင်းတစ်ခု ရလိုက်၏။ ရှက်စွန်း၏ အမူအရာက မိမိ၏ ကလေးငယ်ကို လွန်စွာ ချစ်ခင် မြတ်နိုးကြောင်း ဖော်ပြနေပေရာ အကယ်၍ ကလေးလေးအား ရှက်စွန်း၏ သားအရင်းပမာ သဘောထားခိုင်းလိုက်ပါက နောက်ပိုင်းတွင် မိမိတို့ ဇနီးမောင်နှံအား မေ့ပြမည် မဟုတ်တော့ဟု တွေးလိုက်မိခြင်းပင် ဖြစ်ဝါ၏။ ထို့ကြောင့် ချင်တူးတူးက...

"ဆရာကြီး၊ ဆရာကြီးကို ဒီ သားသားလေးအတွက် တူးတူး တစ်ခု တောင်းဆိုချင်ပါတယ်ရှင်၊ ဆရာကြီး မငြင်းရဘူးနော်"

ရှက်စွန်းက အံ့အားသင့်လျက်...

"ဟဲ့ ဘာများ တောင်းဆိုမှာလဲ"

www.burmeseclassic.com



"တခြားမဟုတ်ပါဘူး ဆရာကြီးရယ်၊ ဒီ ကလေးကို ဆရာကြီးရဲ့ မွေးစားသားအဖြစ်နဲ့ သတ်မှတ်ပြီးတော့ ကလေးရဲ့ နာမည်ကိုလဲပဲ ဆရာကြီးကပဲ စိတ်ကြိုက် မှည့်ပေးပါလို့ တူးတူး တောင်းဆိုချင်တာပါ၊ ဘယ်နှယ်လဲ အစ်ကို၊ တူးတူး တောင်းဆိုတာ မကောင်းဘူးလားဟင်"

ကျန်းချွေးဆန်းက ချက်ချင်း လက်ခုပ်လက်ဝါးတီး၍ ဝမ်းသာအားရ သဘောတူကြောင်း ပြလိုက်၏။

"ဟာ သိပ်ကောင်း၊ အားကြီးကောင်းတာပေါ့ တူးတူးရယ်၊ ကဲ ဆရာကြီး၊ ဆရာကြီး လုံးဝ မငြင်းရဘူးနော်၊ ကျွန်တော်တို့ တောင်းဆိုတာကို လက်ခံရမယ်နော် ဆရာကြီး၊ နော်"

ရှက်စွန်းက ယဲ့ယဲ့ပြုံးလျက် ကြေကွဲဆို့နင့်သံဖြင့်...

"ငါ့သားကို ငါ့ရန်သူကြီးက မြေကြီးပေါ်မှာ ရက်ရက်စက်စက် ကိုင်ပေါက် သတ်ပစ်လိုက်တယ်၊ မင်း... မင်းတို့ ငါ့သား သေရတဲ့ပုံကို မြင်လိုက်သလား"

ကျန်းချွေးဆန်းနှင့် ချင်တူးတူး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြ၏။ ရှက်စွန်းတစ်ယောက် ပြောရင်း ဆိုရင်း စိတ်ဖောက်ပြန်ချင်လာပြီလော။ ရှက်စွန်း၏ လေသံတွင် စိတ်ရှုးပေါက်ချင်သော အရိပ်အငွေ့များ နှောယှက်နေသည် မဟုတ်



သား။ ရှက်စွန်းကမူ နင့်မောသော အသံဖြင့် ဆက်၍ ပြောနေသည်။

"ဒီမှာ ကျန်းချွေးဆန်း၊ ငါ့သားသာ မသေရင်လေ အခု ာက်ဆို အသက် ဆယ့်ရှစ်နှစ် ရှိပြီကွ၊ ငါ... ငါလေ၊ ငါ့ ကိုယ်လုံးမှာရှိတဲ့ တတ်သမျှ ပညာတွေကို သူ့ကို ပုံအောပြီးသာ ပေးလိုက်ရရင် တောက်... ဟင်း၊ သူ... သူကလေ မင်းတို့ ာန်းခုနစ်ဖော်တို့ ရှောင်လင်ဂိုဏ်းက ထိပ်သီးသိုင်းသမားတို့ထက် ာရင်သာ နေရမယ် နည်းနည်းမှ ညံ့လိမ့်မယ် မဟုတ်ဘူးကွ"

ရှက်စွန်း၏ လေသံတွင် ကြေကွဲ ဆွေးမြည့်သံနှင့်အတူ ကြွားသံပါ ရောယှက်လာ၏။ ကျန်းချွေးဆန်းနှင့် ချင်တူးတူးမှ ာန်းနေသော ရှက်စွန်း၏ မျက်လုံးကို ကြည့်ရင်း သနားစိတ် ာကြပါ၏။သူတို့ သုံးယောက်သား ခဏတာ ငြိမ်သက်သွား ၏။ ပြီးမှ ကျန်းချွေးဆန်းက...

"ဆရာကြီးရယ်၊ ဒီကလေးကိုသာ ဆရာကြီးရဲ့ မွေးစားသား ဖြစ်နဲ့ လက်ခံလိုက်ပါ၊ ကလေးရဲ့ နာမည်ကိုလဲ ဆရာကြီးရဲ့ နာမည်နဲ့ပဲ ပြန်မှည့်ပေးလိုက်မယ်လေ"

ထိုစကားကို ကြားသော် ရှက်စွန်း၏ မှိုင်းရီလျက် ဆွေးမြေ ည်းနေပုံပေါ်သော မျက်နှာပေါ်တွင် ဝမ်းသာရိပ်များ ယှက်သမ်း လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း... မင်းတို့ တကယ်ပြောနေတာလားဟင်"

"တကယ်ပါ ဆရာကြီးရယ်၊ ကျွန်တော်တို့ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ပြောနေတာပါ"

ရှက်စွန်းမျက်နှာပေါ်တွင် ပြုံးရိပ်ဆင်လာလေပြီ။

"အေး၊ ဒီလိုဆိုရင် သေဆုံးသွားတဲ့ငါ့သားရဲ့ နာမည်ကို ပြောပြမယ်လေ"

"ပြောပါ ဆရာကြီး၊ ပြောပါ"

ချင်တူးတူးကပါ စကားထောက်ပေးလိုက်သည်။

ထိုအခါ ရှက်စွန်းက...

"သေသွားတဲ့ ငါ့သားရဲ့ နာမည်က 'ဟူကျင်း'တဲ့ ဟူကျင်း"

"ဟာ... ဒီလိုဆို သိပ်ဟန်ကျတာပေါ့၊ ဒီ ကျွန်တော်တို့ သားလေး နာမည်ကိုလဲပဲ ကျန်းဟူကျင်းလို့ နာမည်မှည့်ပေးလို မယ်လေ၊ မကောင်းဘူးလား ဆရာကြီး"

"အေး ကောင်းတယ်၊ ကောင်းတယ်"

"ပြီးတော့ ဒီကလေးမှာ မိစုံဖစုံ ရှိတဲ့အပြင် မွေးစားအဖေ ရှိတယ်ဆိုတော့ သူ့ကို ချစ်ခင်မယ့်သူ ပိုများတာပေါ့၊ တူးတူး ကိုယ်ပြောတာ မကောင်းဘူးလားဟင်"



"သိပ်ကောင်းတာပေါ့ အစ်ကိုရဲ့၊ သားသားလေးကို ချစ်မယ့်သူ တစ်ယောက်တိုးလာတော့ သားလေး ကုသိုလ်ကံ ကောင်းတာပေါ့ အစ်ကို"

ရှက်စွန်းက ဘာမပြော ညာမပြောနှင့် သူတို့နှစ်ဦးကို တတ်တရက် အရိုအသေပေးရင်း...

"ဒီတစ်ခါတော့ ငါက မင်းတို့ကို ကျေးဇူးတင်ရတော့မယ် ဟော့၊ ငါ့မျက်စိကန်းသွားတဲ့ ကိစ္စကိုလဲ ဒီနေ့ကစပြီး ငါ မေ့ပျောက်ပစ်လိုက်ပြီ၊ သင်ပုန်းချေလိုက်ပြီကွာ၊ ဟား ဟား ဟား၊ ငါ ရှက်စွန်းက သားဆုံးသွားပေမယ့် အခု သားတစ်ယောက် ပြန်ရပြီ၊ ဟား ဟား ဟား၊ ဒီမှာ ငါ ကြိုတင်ပြောခဲ့တယ်၊ နောင် တစ်ချိန်မှာလေ သား ကျန်းဟူကျင်းဟာ သိုင်းလောက တစ်ခုလုံးမှာ နာမည် အကျော်ကြားဆုံး လူတစ်ယောက် ဖြစ်လာရမယ်၊ နာမည် ကျော်ကြားရင် လူတွေက သိကြမှာပဲကွ၊ သူ့ရဲ့ မိဘက ကျန်းချွေး ဆန်းနဲ့ ချင်တူးတူး၊ သူ့ရဲ့ မွေးစားအဖေက ရွှေခြေသေ့မင်း ရှက်စွန်း"

ချင်တူးတူး တစ်ချက်မျှ မျက်နှာပျက်သွား၏။ အကြောင်းမူ သူ၏ ရင်သွေးငယ်ကို အသတ်ခံ သေဆုံးသွားသော ရှက်စွန်း၏ သားနာမည်အတိုင်း မှည့်လိုက်သည်ကို ကြားလိုက်ရသောကြောင့်ပင် ဖြစ်ပါ၏။ သို့သော် တူးတူးမျက်နှာ ချက်ချင်း ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းလက်သွားရသည်။ အခု ရှက်စွန်းကို အကဲခတ်ရသည် သူတို့၏ သားကို အမှန်တကယ် ရင်ထဲက လွန်စွာ ချစ်ခင်နေကြော တွေ့ရသောကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် ချင်တူးတူးသ ဗွေဗွေထူးထူး စဉ်းစားမနေတော့ဘဲ အမှန်တကယ် ပြန်လ ဝမ်းသာအားရ သွားရှာသည်။

ထိုအခါ တူးတူးက…

"ဆရာကြီး သားလေးကို ချီဦးမလား"

ရှက်စွန်းက ကမန်းကတန်း လက်နှစ်ဘက်ကို ဆန့်ထုတ် ကလေးလေးကို ပွေ့ချီလိုက်၏။ ထိုစဉ်တွင် ရှက်စွန်းသည် ရင်ထဲ လှိုက်လှိုက်လှဲလှဲ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် စီးသွ ကျလာရှာ၏။ ကလေးကို ချီထားသော လက်နှစ်ဘက်မှာလည် တုန်ယင်နေလေသည်။ တုန်ယင်အက်ကွဲသော အသံဖြင့်လည်း…

"မင်း… မင်း သားလေးကို ပြန်ချီသွားပါတော့၊ ငါ့ အကျည်းတန်လှတဲ့ မျက်နှာကို မြင်ရင် သားလေး ကြောက် ကြောက်နေပါဦးမယ်ကွယ်"

အမှန်မှ ဤနယ် မွေးကင်းစ ကလေးငယ်သည် ဘာကို သိမြင်သေးသည် မဟုတ်ပါချေ။ ရှက်စွန်း ဤသို့ နှုတ်မှ ပြော ခြင်းမှာလည်း ကလေးငယ်အပေါ်တွင် ထားရှိမိသော သူ၏ ချစ် မြတ်နိုးစိတ် အဟုန်ကြောင့်ပင် ဖြစ်ပါ၏။ ချင်တူးတူး ပြုံးလျက်



"ဆရာကြီး သဘောကျ ချီသာ ချီထားပါ၊ နောက် သားလေး ကြီးလာရင်လဲ ဆရာကြီးကပဲ သူ့ကိုခေါ်ပြီး ကျွန်းပေါ် လျှောက် လည်ပတ် ထိန်းပေးရမှာ"

ရှက်စွန်းက ရုတ်တရက် ဝမ်းသာအားရ ပြုံး၍…

"အေး… အဟဲ၊ ဒါပေါ့၊ ဒါပေါ့"

"အူဝဲ အူဝဲ အူဝဲ"

ထိုအခိုက် ကလေးကို ပို၍ ကျယ်လောင်စွာ ငိုသံပေးနေ လေ၏။

"ဟော သားလေး ဗိုက်ဆာနေပြီကွယ့်၊ မင်း သူ့ကို နို့တိုက် လိုက်ဦး၊ ငါ အပြင်သွားလိုက်မယ်"

အမှန်မှ ရှက်စွန်းသည် လုံးဝ မျက်လုံးစုံကန်းနေသူဖြစ်ရာ သူ့ရှေ့တွင် ချင်တူးတူး နို့လှန်တိုက်လျှင်လည်း သူ ဘာမျှ မြင်ရမည် မဟုတ်ချေ။ သို့ရာတွင် သူသည် ယခုအခါ မူမမှန် ဘက်ပြန် ရူးသွပ်နေသော စိတ်ရိုင်းများ ကင်းစင်ပြီး အမှန်တကယ် သဘ်ကျေးပြီး လွန်စွာ သိမ့်မွေ့သော လူတစ်ယောက်အဖြစ်သို့ ူးပြောင်းလာပြီဖြစ်ရာ အလိုက်သိစွာ ရှောင်ဖယ်ပေးလိုသော ဆန္ ြင့် ပြောလိုက်ခြင်းပင် ဖြစ်သည်။

ယင်းကို ရိပ်စားမိသော ကျန်းချွေးဆန်းက ပြန်နှုတ်ဆက်ရန် ားး စ, လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး"

သို့သော် ကျန်းချွေးဆန်း စကားက ထိုမျှနှင့် ပြတ်သွားရ
အကြောင်းမှ ရှက်စွန်းက ခေါင်းခါယမ်း၍ ရုတ်တရက် စကာ
ဖြတ်လိုက်သောကြောင့်ပင် ဖြစ်ပါ၏။

"ကျန်းချွေးဆန်း၊ ငါ့ကို ဆရာကြီး၊ ဆရာကြီးလို့ မခေါ်
နဲ့ကွာ၊ ငါတို့ဟာ ဒီနေ့ ဒီအချိန်ကစပြီး တစ်အိမ်သား တစ်မိသာ
ဖြစ်သွားကြပြီကွ၊ ဒီတော့ ဆရာကြီး ဆရာကြီးလို့ ငါ့ကို ခေါ်
မလိုတော့ဘူး၊ တို့တတွေဟာ ညီအစ်ကို မောင်နှမ ဖြစ်သွားကြ
ဖြစ်တဲ့အတွက် အစ်ကိုကြီးလို့ပဲ ငါ့ကို ခေါ်ကြပါ"

ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့ ဝမ်းသာသွားကြ
အမှန်လည်း ယခုအချိန်အခါမျိုးတွင် သူတို့အတွက် ကိုယ်ရောစိတ်
ချမ်းသာနေဖို့သာ လိုအပ်လှပေရာ ရှက်စွန်း၏ အဆိုပြုချက်
စေဒက မတက်ကြပါတော့ပေ။ သူတို့ နှစ်ယောက်သည် ချက်ချင်း
ရှက်စွန်းအား အရိုအသေပေးလျက် ....

"အစ်ကိုကြီး"ဟု ပြိုင်တူ ခေါ်လိုက်ကြ၏။

ရှက်စွန်းလည်း လွန်စွာ ဝမ်းသာသွားဟန် တူ၏။ သူ
အားပါးတရ ရယ်မောရင်း ဂူထဲမှ ထွက်ခွာသွားလေတော့၏။

✦✦✦

# အခန်း ( ၁၈ )

www.burmeseclassic.com

www.burmeseclassic.com

# မြေပြန့်သို့အပြန်

ထိုနေ့၊ ထိုရက် နောက်ပိုင်းမှစ၍ သူတို့သုံးယောက်သည် ကလေးလေးကို တယုတယ ပြုစုစောင့်ရှောက်လေတော့၏။

ရှက်စွန်းသည် အားလပ်သည့်အချိန်တွင် ကျန်းချွေးဆန်းအား ကျွန်းကြီးတစ်ခုလုံးကို လိုက်လံပြသခိုင်းပြီး သူက စိတ်ဖြင့် စေးမှတ်ထားလိုက်၏၊ သို့ဖြင့် ရှက်စွန်းသည် မျက်စိ လုံးဝမမြင်သော်လည်း ကျွန်းတစ်ခုလုံးကို လှည့်ပတ်သွားလာနိုင်ခဲ့သည်။ ထိုနောက်ပိုင်းတွင်မူ သူကိုယ်တိုင် သမင်၊ဒရယ်နှင့် ဝက်ဝံများကို လိုက်လံဖမ်းဆီးပြီး စားရေးသောက်ရေးအတွက် လုံးဝ တာဝန်ယူလိုက်လေ၏။ တစ်ခါတစ်ရံ သားသမင်များကို လိုက်လံ ဖမ်းဆီးရာတွင် အဖော်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မီးတောင်မျောက်ဝံကြီးကိုပါ ခေါ်သွားတတ်၏။ သို့သော် မျောက်ဝံကြီးသည် ဝက်ဝံများနှင့် သမင်ဒရယ်များကို သတ်ရာတွင် အလွယ်တကူ သတ်ဖြတ်နိုင်လွန်း၍ ရှက်စွန်းအဖို့ သားသမင် လိုက်ရသည်မှာ အရသာမရှိတော့ဘဲ ပျင်းရိဖွယ် ကောင်းလာလေ၏။ ထို့ကြောင့် တစ်ယောက်တည်းသာ တိတ်တဆိတ် ထွက်၍ သားသမင် ဝက်ဝံစသည်များကို ဖမ်းဆီးလေတော့၏။

ဤသို့ဖြင့် နှစ်တွေ၊လတွေ အတန်တန် လွန်မြောက်လာခဲ့ပြီ ဖြစ်၏။ ကလေးလေး ကျန်းဟူကျင်းလည်း မည်သည့် ရောဂါဘယမျှ မကပ်ရောက်ဘဲ ကျန်းမာ ပကတိဖြင့် ထွားကျိုင်းသန်မာလှလေ၏။ ကျန်းချွေးဆန်း၊ ချင်တူးတူး၊ ရှက်စွန်း ဤသုံးယောက်တွင် ရှက်စွန်းကသာ ကျန်းဟူကျင်းအပေါ် အချစ်ပိုလျက် အလိုလိုက် အကြိုက်ဆောင်လေ၏။ ကျန်းဟူကျင်းသည် ကျန်းမာသန်စွမ်းလှသော သူငယ်ဖြစ်၍ အလွန်တရာ ဆော့လှသည်။ တစ်ခါတစ်ရံ အန္တရာယ်ဖြစ်နိုင်လောက်အောင် ဆော့လွန်းသဖြင့် မိခင်ဖခင်ဖြစ်သော ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့က မာန်မဲ ရိုက်ပုတ်မည်ပြု၏။ ထိုအခါ ရှက်စွန်းက ကြားဝင်ကာ တားမြစ်လေ့ ရှိလေသည်။

သည်သို့ ပြုမူပေါင်း များလာသော် ကျန်းဟူကျင်းသည် ရှက်စွန်းကို အားကိုးအားထား ပြုလာတော့၏။ သူ့မိခင် ဖခင်တို့ ခေါ်သထွက်၍ သူ့အား တစ်စုံတစ်ခု ပြုမည်ကြံတိုင်း သူ့မွေးစား



ဖခင်ဖြစ်သူ ရှက်စွန်းထံ အပြေးအလွှားရောက်ပြေးပြီး ပူးကပ်နေတတ်လေ၏။ ကျန်းချွေးဆန်းနှင့် ချင်တူးတူးမှ မတတ်သာသည့်အဆုံး မဲ့ပြုံး ပြုံး၍ ခေါင်းကိုသာ ခါယမ်းလျက် နေရရှာ၏။ တစ်ခါတစ်ရံ

"အင်း... ဒီကလေးတော့ အစ်ကိုကြီးရှက်စွန်း အလိုလိုက်လွန်းတာနဲ့ကို အလွန်ဆိုး အလွန်တေတဲ့ ကလေးဖြစ်တော့မှာပဲ" ဟု ညည်းညူမိကြ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာကျင်း အသက် လေးနှစ်မြောက်သောနေ့တွင် ချင်တူးရှူးသည် သားဖြစ်သူအား စာစတင် သင်ကြားပေးလေ၏။ အသက် ငါးနှစ်ပြည့်မြောက်သော အချိန်တွင်မူ ကျန်းရွှေးဆန်းက

"အစ်ကိုကြီး သားလေး သိုင်းပညာ သင်ကြားလို့ရတဲ့ အရွယ်ရောက်ပြီ၊ ဒီကနေ့ကစပြီး အစ်ကိုကြီးကပဲ သူ့အတွက် တာဝန်ယူ သင်ကြားပေးပေတော့"ဟု ရှက်စွန်းအား အပ်နှံလေ၏။

ရှက်စွန်းက ခေါင်းခါလျက်

"မဖြစ်ဘူး ညီလေး၊ ငါ့သိုင်းပညာက သိပ်နက်နဲလွန်းတယ်၊ သားလေး နားလည်နိုင်မဟာ မဟုတ်သေးဘူး၊ ဒီတော့ကွာ ညီလေးကပဲ စပြီး ညီလေးတို့ရဲ့ ဟူတန်းဂိုဏ်း အတွင်းအားသိုင်းကျင့်နည်းတွေကို သင်ပေးလိုက်ပါ၊ သူ့အသက် ရှစ်နှစ်အရွယ် ရောက်တော့မှပဲ ငါက



..့ကို သိုင်းပညာ သင်ပေးမယ်၊ ငါက သူ့ကို နှစ်,နှစ်လောက် ..င်ပေးပြီးရင် မင်းတို့ မြေပြန့်ကို ပြန်နိုင်ပြီ"

ချင်တူးတူးက ရှက်စွန်း၏ အဆုံးသတ်စကားကို ကြားသော် ..ညသွား၏။ ထို့ကြောင့် ရှက်စွန်းအား ရုတ်တရက် မေးလိုက်၏။

"မြေပြန့်ကို ပြန်နိုင်ပြီ ဟုတ်လား"

ရှက်စွန်း ခေါင်းညိတ်ပြပြီးနောက်...

"ဒီနှစ်တွေမှာ ငါနေ့တိုင်း သတိထားပြီး ကြည့်နေတယ်ကွယ့်၊ ..တိုင်း ညတာ သိပ်ရှည်တဲ့ ညတွေမှာ လေက တောင်ဘက်ကို ..ာ်ခတ်တယ်၊ ရက်ပေါင်း သုံး,လေးဆယ်လောက်ကို ဆက်တိုက် ..င်ဘက်ကို တိုက်ခတ်တယ်ကွယ့်၊ ဒီတော့ ငါတို့က ဖောင်ဖွဲ့ပြီး ..ဆည်တပ်လိုက်ရင် လေနဲ့အတူ တောင်ပိုင်းကို ရောက်သွားမှာပဲ၊ ..ယ်လို့ မိုးကောင်းကင်ကြီးကသာ မနှောင့်ယှက်ရင် အဲ မင်းတို့ ..ြန့်ကို ရောက်မှာအမှန်ပဲ"

ချင်တူးတူးက အံ့အားသင့်သော အသံဖြင့်

"ဘာ... အစ်ကိုကြီး၊ ကျွန်မတို့ ဟုတ်လား၊ နို့ အစ်ကိုကြီးကော ..တို့နဲ့ မလိုက်ဘူးလား"

ရှက်စွန်းက ခေါင်းခါယမ်းပြီး...

"ငါ့မှာ မျက်စိကန်းနေပြီပဲ၊ မြေပြန့်ပြန်ပြီး ဘာလုပ်ရမှာလဲ"

"အစ်ကိုကြီး မလိုက်ရင် ကျွန်မတို့လဲ မြေပြန့်ကို မပြန်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သားလေးလဲ သွားလိမ့်မယ် မဟုတ်ဘူး၊ သားလေးက သူ့မွေးစားဖခင်ကို အဲဒီလောက်ချစ်တာ”

ရှက်စွန်းက သက်ပြင်းချသည်။

“ငါ သူ့ကို ဆယ်နှစ်ဆယ်မိုး ချစ်ရရင် တော်ပါပြီ ကျေနပ်ပါပြီ၊ ဒီမယ် တူးတူး၊ မိုးကောင်းကင်ကြီးက ငါ့လိုအင်နဲ့ အမြဲတမ်း ဆန့်ကျင်နေတာကွယ့်၊ ဒီကလေးက ငါနဲ့အတူ နေပါများရင် သူလဲ ငါ့လို ဂြိုဟ်ဆိုးလိုက်ပြီး ဝဋ်မှာစိုးလို့ပါကွယ်”

ချင်တူးတူး ကျောစိမ့်သွား၏။ သို့သော် မြေပြန့်သို့ပြန်ရ... ဟူသောစကားမှာ အကြောင်းအထည် ပေါ်လာနိုင်သော ကိစ္စ မဟုတ်... တွက်ထားပေရာ ချင်တူးတူးသည် စိတ်အပင်ပန်းခံ၍ ဘာမျှ ဆ... မစဉ်းစားတော့ချေ။

* * *

ကျန်းချွေးဆန်းသည် သူ့သား ငါးနှစ်ပြည့်မြောက်ချိန်မှ စ၍ ...က်စွန်း ပြောသည့်အတိုင်း သူတို့၏ ဟူတန်းဂိုဏ်း အတွင်းအား ...ျင့်စဉ်များကို နေ့စဉ် သင်ကြားပေးလေသည်။ အခြေခံကျင့်စဉ် ...ဖြစ်သည့် ကမ္ဘာ္ဘာန်းထိုင်နည်း၊ ထွက်သက် ဝင်သက် ရှူနည်း၊ ...အတွင်းအားကို တစ်ကိုယ်လုံးအနှံ့ လှည့်ပတ် စီးဖြန်းနည်းများပင် ...ဖြစ်သည်။

ကျန်းချွေးဆန်းသည် သားဖြစ်သူကို နေ့စဉ် အတွင်းအား ...ိုင်းအခြေခံ ကျင့်စဉ်များကိုသာ သင်ကြားပေးရင် သူ့စိတ်ထဲမှာ ...တို့သည် လူသူ ရောက်ပေါက်လာနိုင်စရာ မရှိတော့သော ...ကျွန်း ...တွင် နေ,နေသမျှ မည်သည့်ဘေးရန်မျှ ကျရောက်လာဖွယ်ရာ ...ချေ။ ထို့ကြောင့် သူ့သားလေးအား ရန်သူနှင့် တကယ်တမ်း

www.burmeseclassic.com



ရင်ဆိုင်တိုက်ခိုက်သတ်ပုတ်သော သိုင်းပညာ ကျင့်စဉ်များကို တစ်ဆင့် တက်၍ သင်ကြားပေးခြင်း မပြုဘဲ သူ့သားလေး ခန္ဓာကိုယ် ကျန်းမာသန်စွမ်းရုံ အခြေခံ ကျင့်စဉ်လောက်သာ သဘောမျှ သင်ကြား ပေးလေသည်။

* * *

ကျွန်ဟူကျင်း ရှစ်နှစ်မြောက်သော အချိန်တွင်မူ ရှက်စွန်းသည် ကျွန်ဟူကျင်းကို ခေါ်၍ သူ၏ သိုင်းပညာကို စတင်သင်ကြားပေး သည်။ သူကိုယ်တိုင် သင်ကြားပေးနေချိန်တွင် ကျန်းချွေးဆန်းနှင့် င်တူးတူးတို့ကို သူတို့အနားတွင် မနေစေပေ။

ကျန်းချွေးဆန်းတို့လည်း သိုင်းလောက၏ စည်းကမ်းကို လည်သူများပီပီ အနားသို့ မသီဘဲ တိမ်းရှောင်ပေးလေသည်။ အာယ်မျှ ခရီးရောက်နေပြီကိုပင် မမေးပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျန်းဟူကျင်း ကိုးနှစ်ပြည့်သောနေ့။

ထိုနေ့ညတွင် ကျန်းချွေးဆန်းသည် တောင်တောင်အီအီ တွေးတောရင်း အိပ်မပျော်သဖြင့် ရှုပြင်သို့ထွက်၍ လရောင်အောက် တွင် တစ်ယောက်တည်း လမ်းလျှောက်နေ၏၊ ထိုစဉ်တွင် ရှက်စွန်းအား လရောင်အောက်တွင် ထိုင်လျက် ရှိနေသည်ကို တွေ့ရပြီး သူ့လက်ထဲတွင်လည်း နဂါးနိုင်ဓားကို ကိုင်လျက် စဉ်းစားတွေးတော နေသည်ကို တွေ့လိုက်ရလေ၏။

ရှက်စွန်းလည်း နားအာရုံ လွန်စွာကောင်းသူဖြစ်ရာ သူ့ အနားသို့ ကျန်းချွေးဆန်း ရောက်လာကြောင်း ချက်ချင်း သိလိုက်လေ၏။

"ထိုင်ပါဦး ညီလေးရာ၊ အစ်ကိုကြီး ညီလေးကို မေးစရာ ရှိလို့ပါ"



"မေးပါ အစ်ကိုကြီး၊ ညီလေး သိတာဆိုရင် ဖြေပါ့မယ်"

"တခြားမဟုတ်ပါဘူး ညီလေးရာ၊ ဟော့ဒီ နဂါးနိုင်ဓားနဲ့ ပတ်သက်တဲ့ 'စာချိုး'တွေက အလကားများ ဖြစ်နေမလားလို့ပါ"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ သိုင်းလောကကလဲ ခပ်ရှုပ်ရှုပ် မဟုတ်လား၊ လူတွေကလဲ ရောက်တတ်ရာရာ လျှောက်ပြောတာက များပါတယ်၊ အစ်ကိုကြီး ဒီလောက် ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်တောင် မှ ဒီဓားကြီးရဲ့ လျှို့ဝှက်ချက်ကို မစဉ်းစားနိုင်ရင် ဒီဓားကြီးက ဘယ်မှာလာပြီး လျှို့ဝှက်ချက်တွေ ရှိနိုင်ဦးမှာလဲ"

ရှက်စွန်းက ခေါင်းခါယမ်းလျက်...

"မဟုတ်သေးဘူး ညီလေး၊ မင်း မသိဘူး၊ အစ်ကိုကြီးကိုယ်တိုင် ရှောင်လင်ဂိုဏ်းရဲ့ ဝါကြီး ဘုန်းတော်ကြီး ခုံးကျက်ဆရာတော် မိန့်မြွက်တာကို နားနဲ့ ဆတ်ဆတ် ကြားခဲ့ရတာကွယ့်"

ကျန်းချွေးဆန်း တစ်ချက် တုန်လှုပ်သွား၏။

"ဟာ... ခုံးကျက်ဆရာတော်ကြီး ဟုတ်လား၊ ဒီဆရာတော်က ရှောင်လင်ဘုရားကျောင်းရဲ့ ကျောင်းထိုင်ဆရာတော် "ကီး ခုံးဝန်ရဲ့ ဂိုဏ်းတူ ညီအစ်ကိုပဲဆို၊ ဆရာတော် ပျံလွန်တော်မူတာ အတော် ကြာသွားပြီပဲ အစ်ကိုကြီးရဲ့"

ရှက်စွန်းက ခေါင်းညိတ်၍...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဆရာတော် ပျံလွန်တော် မူသွားပါပြီ၊ အဲဒါ ငါ့ လက်ချက်ကြောင့်ပဲကွ"

ကျန်းချွေးဆန်း လွန်စွာ ထိတ်လန့်သွားရ၏။ အကြောင်းမူ သိုင်းလောကတွင် ချောင်လင် ဘုရားကျောင်းရှိ ဝါကြီး ဘုန်းတော်ကြီး လေးပါးကို နတ်ဘုရားအဖြစ် သတ်မှတ်ထားကြ၏။ ထိုဘုန်းတော်ကြီး လေးပါးမှာ ခုံးကျက်၊ ခုံးဝန်၊ ခုံးကို၊ ခုံးရှန်းတို့ ဖြစ်ကြပါ၏။ နောက်ပိုင်းတွင်မူ ဆရာတော်ကြီး ခုံးကျက်မှာ နာမကျန်းဖြစ်ပြီး ပျံလွန်တော်မူသွားသည်ဟု သတင်း ထွက်ပေါ်ခဲ့၏။

ယခုမူ မထင်မှတ်ဘဲ ထိုဆရာတော် ပျံလွန်တော်မူခြင်းမှာ နာမကျန်း၍ မဟုတ်ဘဲ ရှက်စွန်း၏ လက်ချက်ကြောင့်ဟု ကြားရသော အခါ ကျန်းချွေးဆန်း ထိတ်လန့်တုန်လှုပ်သွားခြင်းပင် ဖြစ်ပါ၏။ ရှက်စွန်းမူ သက်ပြင်းချလျက် စကားဆက်ပြန်သည်။

"ဒီဘုန်းတော်ကြီး ခုံးကျက်ဟာ သိပ်ထူးဆန်းတယ်ကွ၊ သူက ငါ့ကို တစ်ချက်မှ ပြန်မတိုက်ဘဲနဲ့ ငါထိုးတာကိုပဲ ကိုယ်နဲ့ ခံ လိုက်တယ်ကွ၊ ငါက သူ့ကို ဆယ့်သုံးချက်တိတိ ထိုးလိုက်တော့ သူ ပျံလွန်တော်မူသွားတယ်ကွ"

ကျန်းချွေးဆန်းမှာ ထိုစကားကို ကြားကာမှ ပို၍အံ့သြတုန်လှုပ် ခြင်း ဖြစ်ရ၏။ စိတ်ထဲမှလည်း...



"အစ်ကိုကြီး ရှက်စွန်းရဲ့ လက်သီးတစ်ချက်၊ ဒါမှမဟုတ် လက်ဝါးစောင်း တစ်ချက်အခုတ် အထိုးခံရလို့ အသက်မသေတဲ့ လူကိုတောင် သိုင်းလောကမှာ ထိပ်သီးသိုင်းသမားရယ်လို့ သတ်မှတ်ရတဲ့ဥစ္စာ၊ အခု ဒီချောင်လင်ဘုန်းတော်ကြီးက အစ်ကိုကြီးရဲ့ လက်သီးချက် ဆယ့်သုံးချက်ကိုတောင် ဆက်တိုက် တောင့်ခံခဲ့တယ် ဆိုတော့ ဒီဘုန်းတော်ကြီးရဲ့ ကိုယ်ခန္ဓာက သံမဏိထက်တောင် ပိုပြီး မာနေရှာသလား"ဟု တွေးတောနေမိ၏။

သို့သော် ကျန်းချွေးစန်းက ရှက်စွန်း၏ မျက်နှာကို အသေအချာ ကြည့်လိုက်သောအခါ ရှက်စွန်း၏ မျက်နှာပေါ်တွင် လွန်စွာ နောင်တရသော၊ ဝမ်းနည်းကြေကွဲသော ရိပ်သွင်များ ပေါ်လွင်နေ သည်ကို တွေ့လိုက်ရလေ၏။ ထို့ကြောင့် ဤထူးဆန်းသော ဖြစ်ရပ်တွင် အခြားသော လျှို့ဝှက်ချက်များ ရှိမည်ဟု သူက တွက်လိုက်လေသည်။ ထိုစဉ် ရှက်စွန်းက ဆိုပြန်သည်။

"အစ်ကိုကြီးတစ်သက်မှာ တကယ့် အသည်းလှိုက်၊ အူလှိုက် ချီးကျူးဂုဏ်ယူမိတဲ့ ပုဂ္ဂိုလ်ဟာ နည်းလှပါတယ်၊ ညီလေးရဲ့ ဆရာကြီး ကျန်းဆန်းဖုန်းကိုတောင် အစ်ကိုကြီးက အမည်သာ ကြားဖူးလို့ အစ်ကိုကြီး ရင်ထဲမှာ ချီးကျူးဂုဏ်ယူခြင်း မဖြစ်မိခဲ့ဘူး၊ ဒါပေမယ့် ဒီဘုန်းတော်ကြီး ခုံးကျက်ကျတော့ အစ်ကိုကြီးတစ်သက်မှာ ဒီတစ်ခါပဲ ချီးကျူးဂုဏ်ယူမိခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ရှက်စွန်းသည် သိုင်းလောကရှိ နာမည်ကြီး သိုင်းသမားများကို တစ်ယောက်မျှ အထင်မကြီးခဲ့။ အမြဲတမ်းလို တစ်ပြားမျှမတန်အောင် ဆဲဆိုပုတ်ခတ်နေသည်ကိုသာ ကြားရ၏။ ရှက်စွန်း၏ အဆဲအဆိုခံရသော လူများမှာ သိုင်းလောကတွင် အထင်ကရ ပထမတန်း သိုင်းသမားများချည်းပင် ဖြစ်၏။ သို့သော် သူ ချီးကျူး ဂုဏ်ယူသောလူဟူ၍ ကျန်းချွေးဆန်း မကြားဖူးခဲ့ပေ။

ယခုမူ ရှက်စွန်းက မမျှော်လင့်ဘဲ ခံ့ကျက် ဘုန်းတော်ကြီး ဤမျှချီးကျူးလေးစားသည်ကို မြင်တွေ့ရသော ကျန်းချွေးဆန်း လွန်စွာ အံ့သြသွားမိသည်။

"အမှန်က ဒီဘုန်းတော်ကြီးဟာ သိုင်းလောကမှာ သွားလာ သိပ်မရှိတော့ သူ့ရဲ့ သိုင်းပညာအဆင့် အစစ်အမှန်ကို လူတွေ သိပ်မသိကြဘူးကွ"

ရှက်စွန်းက ထိုသို့ပြောပြီး တွေငိုင် သွားလေ အတန်ကြာမှပင်...

"တောက်... နမြောလိုက်တာ၊ ရင်နာစရာ ကောင်းလိုက်တာ ဒီလိုသိုင်းလောကမှာ ရှာမှရှားတဲ့ ထိပ်သီး သိုင်းပညာရှင်တစ်ဦး အစ်ကိုကြီးက သက်သက် လက်သီးနဲ့ ဆယ့်သုံးချက်ထိုး သတ်လိုက်မိခဲ့တယ်၊ ဒီဘုန်းတော်ကြီးက သိုင်းပညာ သိပ်ကိုမြင့် ပေမယ့် သူ့ရဲ့ဦးနှောက်က သိပ်ကို လိုလွန်းသေးတယ်၊ တကယ် အဲဒီဘုန်းက သူက ငါ့ကိုတစ်ချက်သာ ပြန်တိုက်ခိုက်လိုက်ရင် ငါ... ငါ ဒီနေ့အထိ အသက်ရှင်မှာ မဟုတ်တော့ဘူး ညီလေး"



ကျန်းချွေးဆန်းက အံ့အားသင့်လျက်...

"ဟင် ဒီဘုန်းတော်ကြီးရဲ့ သိုင်းပညာက အစ်ကိုကြီး ထက်တောင် သာသေးတယ် ဟုတ်လား"

"ဟုတ်တယ် ညီလေး၊ အစ်ကိုကြီး သူနဲ့ ဘယ်ယှဉ်လို့ ရမှာလဲ၊ သူ့ရဲ့ တပည့်ကတောင် အစ်ကိုကြီးထက်ကို ပိုတော်နေ သေးတယ်ကွ"

ရှက်စွန်း၏ အဆုံးသတ်စကားကို ပြောလိုက်ချိန်တွင် သူ၏ မျက်နှာအမူရာမှာ လွန်စွာနာကြည်းသော၊ အံ့ခဲမကျေသော အရိပ်အယောင်များ ရုတ်ခြည်း ပေါ်လာသည်ကို တွေ့ရ၏။ ကျန်းချွေးစန်းမှာ ရှက်စွန်းထံမှ မထင်မှတ်သော စကားကိုသာ ကြားနေရသဖြင့် အယုံရခက်နေပြန်၏။ ရှက်စွန်းမှ ကျန်းချွေးဆန်း၏ ဒွိဟ သံသယစိတ်ကို ရိပ်မိဟန် တူ၏။ ထို့ကြောင့်...

"ညီလေးက မယုံဘူး ဟုတ်လား၊ ကောင်းပြီ၊ ညီလေး ဘုန်းဟုကျင်းကို အခုသွားနှိုးလိုက်စမ်းပါ၊ အစ်ကိုကြီးက သူ့ကို ပုံပြင်တစ်ပုဒ်ပြောပြမယ်၊ သွား... သွားနှိုးလိုက်ချေ"

ကျန်းချွေးဆန်းက ရှက်စွန်းထံမှ အလွန်စိတ်ဝင်စားစရာ ကောင်းသော အကြောင်းတစ်ခုကို ကြားရတော့မည်မှန်း သိ၍

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဂူထဲသို့ ပြန်ကာ ကျန်းဟူကျင်းကို နှိုးလိုက်ေ... ကျန်းဟူကျင်းလည်း သူ၏ မွေးစားဖခင်က သူ့အား ပုံပြင်တစ်ပု... ပြောပြမည်ဟု သိရသောအခါ ဝမ်းသာအားရဖြင့် အိပ်ရာမှထ... ဂူထဲမှ ပြေးထွက်သွားလေတော့၏။

* * *

BURMESE CLASSIC

ငွေလရောင် သာနေသော အကာလ တိတ်ဆိတ်လှသော ညတွင် ကျွန်းကြီး၏ တစ်နေရာ ဂူကြီးတစ်ခု၏ အနီးတွင် ...ကျက်မမြင် ဒုက္ခိတ ရှက်စွန်း၊ ကျန်းချွေးဆန်း၊ ချင်တူးတူးနှင့် ...ကီးနှစ်သားအရွယ် လူမှမည်လေး ကျန်းဟူကျင်းတို့ တစ်စုတစ်ဝေး ...ည်း ရောက်ရှိနေကြ၏။ ထိုလူစုံတက်စုံ ရှိနေစဉ်တွင်ပင် ရှက်စွန်းက ...ကျင်းဟူကျင်းအား စတင် စကားဆိုပါ၏။

"လူလေး၊ မင်း မကြာခင်မှာပဲ မြေပြန့်ကို ပြန်သွားရတော့မယ်"

လူမမည် ကျန်းဟူကျင်းက နားမလည်၍ ထို့ကြောင့် ...မွေးစားဖခင် ရှက်စွန်းအား ပြန်မေး၏။

"မြေပြန့်ဆိုတာ ဘာလဲ အဖေကြီး"

ရှက်စွန်းက မဖြေ။ သူက စကားကိုသာ ဆက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ အဖေကြီးတို့ရဲ့ ဖောင်ကြီးက ပင်လယ်ထဲ နစ်သွားမယ်၊ ဒါမှမဟုတ်၊ တခြားတစ်နေရာကို ရောက်သွားခဲ့ ဆိုရင်တော့ ဘာမှ ပြောစရာ မလိုတော့ဘူးပေါ့၊ ဒါပေ တကယ်လို့များ ဓမြပြန့်ကို ရောက်ခဲ့ရင် အဖေကြီး လူလေး ပြောမယ်၊ လူလေး သေသေချာချာ မှတ်ထားပေတော့"

"ဟောဒီ လူ့ဘုံလောကမှာ လူတွေရဲ့ စိတ်ထား သိပ်ယုတ်မာပြီး ကြောက်စရာကောင်းတယ်ကွယ့်၊ မင်း ဘယ်သူ့ မယုံနဲ့၊ ကြားလား လူလေး၊ ကိုယ့်ရဲ့ အဖေရယ်၊ အမေရယ်ကလွဲ လူလေးကို အကောက်ကြံတတ်တယ်ကွယ့်၊ အဖေကြီး ငယ်ငယ် က အဖေကြီးကို ဘယ်သူကမှ အဲဒီလို ပြောမပြခဲ့လို့ အဖေကြီး ဘဝကြီး အခုလို ပျက်ခဲ့ရတာယ်၊ တစ်ခုတော့ ရှိတယ်ပေါ့လေ၊ ဟိုစဉ်တုန်းက တကယ်လို့များ ပြောပြမယ့်လူ ရှိရင်လဲ အဖေ ယုံချင်မှ ယုံဦးမှာ၊ ဘာကြောင့်လဲဆိုတော့... ။"

"အဖေကြီး အသက်ဆယ့်တစ်နှစ်ပြည့်တဲ့နှစ်မှာ ကံကော ထောက်မ,ပြီး သိုင်းလောကမှာ အင်မတန် နာမည်ကြီး သိုင်းဆရာ တစ်ယောက်မှာ တပည့်ခံခွင့် ရလိုက်တယ်ကွ အဖေကြီးရဲ့ ဆရာက အဖေကြီး ဉာဏ်ကောင်းတာကို တွေ့ အဖေကြီးကို သိပ်သဘောကျပြီး သူ့ရဲ့ပညာတွေကို တစ်ခုမကျ အိတ်သွန်ဖာမှောက် သင်ကြားပေးခဲ့တယ်။



"အဖေကြီးတို့ ဆရာတပည့် နှစ်ယောက်ဟာ သံယောဇဉ် ယ်အထိ ရှိကြသလဲဆိုရင် ဆရာရယ် တပည့်ရယ်တောင် မကဘူး၊ းအဖလိုတောင် ချစ်ခင်ကြတယ်ကွယ့်၊ ညီလေး ကျွန်းချွေးဆန်းရေ ဉ် ဟိုအခါတုန်းက အစ်ကိုကြီးလေ အစ်ကိုကြီးရဲ့ ဆရာကို ခင်ရှိသေလေးစားတဲ့ နေရာမှာ ညီလေး အခု ညီလေးရဲ့ဆရာကြီး န်းဆန်းဖုန်းကို ချစ်ခင်ရှိသေလေးစားတာထက် မပိုရင်တောင် ည်းနည်းမှ လျော့မယ် မဟုတ်ဘူးကွယ့်၊ ကဲ လူလေး ဆက်နားထောင်၊ ဖေကြီး ဆက်ပြောမယ်၊ အဖေကြီး အသက်နှစ်ဆယ့်သုံးနှစ်မှာ ာစုံတတ်လို့ အစ်ကိုကြီး ကိုယ့်နေရပ်ရွာကို ပြန်ပြီး အိမ်ထောင်ပြု ယ်ကွယ့်၊ နောက် မကြာခင်မှာပဲ အဖေကြီးတို့ ဇနီးမောင်နှံမှာ ားလေးတစ်ယောက် ထွန်းကားခဲ့တယ်၊ အဖေကြီးရဲ့ သားလေးဟာ ဖေကြီးနဲ့ သိပ်တူတာပဲ၊ တစ်တုံးတစ်ခဲကြီးမို့ ချစ်စရာ ကောင်းလိုက် သလဲ လွန်ပါရော၊ အင်း အဲဒီတုန်းက အဖေကြီးတို့ရဲ့ မိသားစုဟာ ံလောက်ပျော်ရွှင် ကြည်နူးခဲ့တယ်ဆိုတာ ပြန်မပြောနိုင်အောင် ကွယ်...။

"နောက်တစ်နှစ်ကျတော့ အဖေကြီးရဲ့ ဆရာက အဖေကြီး ာကို ဖြတ်ပြီး ခရီးသွားဖို့ ရောက်လာတော့ အဖေကြီးတို့ ဖေကြီးရဲ့အိမ်မှာပဲ အတော်ကြာအောင် တည်းသွားခဲ့တယ်၊ တုန်းက အဖေကြီး ဝမ်းသာလိုက်တာ မပြောပါနဲ့တော့၊ မိဘနဲ့

www.burmeseclassic.com



တစ်ဂိုဏ်းတည်းထားတဲ့ အဖေကြီးရဲ့ဆရာကို အဖေကြီး တစ်အိမ်သား လုံး၊မိဘ သားမယားတွေအားလုံးက ဆရာ့ကို လိုလေသေးမရှိအောင် ကျွေးမွေးပြုစု ညည်ခံခဲ့တယ်...။

"ဆရာကလဲ အဖေကြီးကို သိုင်းပညာတွေကို ထပ်မံညွှန်ကြား ထောက်ပြပေးတယ်ကွယ့်၊ အဖေကြီးဆိုတာ ဆရာ့ကို အိပ်ရာ ဝင်ချိန်တိုင်း ခြေဆုပ်လက်နယ် လုပ်ပေးတယ်၊ ကန်တော့ပြီးမှ အိပ်တယ်၊ အဲဒီလောက် အဖေကြီးရဲ့ ဆရာကို အဖေကြီး ချစ်တာ လေးစားတာ လူလေး...။

"တစ်နေ့ 'တစ်နေ့မှာပေါ့ကွယ်၊ အဲဒီနေ့ဟာ ပြာလွှင်နေတဲ မိုးကောင်းကင်ဟာ ချက်ချင်း ညှို့မှိုင်းလာတယ်၊ အန္တရာယ်တို တစ်ခုခု ကျရောက်တော့မယ်ဆိုတဲ့ အတိတ်နိမိတ်ပဲပေါ့ကွယ်၊ အဖေကြီး မိဘသဖွယ် လေးစား ရှိသေခဲ့တဲ့ ၊ သိုင်းလောက တစ်ဝှမ်းမှာသိပ်ကို နာမည်ကြီးတဲ့၊ ပြီးတော့ ဂုဏ်သိက္ခာ အင်မတန်ရှိတဲ့ အဖေကြီးရဲ့ ဆရာက တကယ်တော့ လူသူတော်ကောင်းယောင် ဆောင်ထားတဲ့ လူယုတ်မာ ကြီး၊ မင်းသားခေါင်း ဆောင်းထားတဲ့ သားစားဘီလူးကြီး ပါပဲလားဆိုတာ ဖွေ့ရတော့တယ် လူကလေး...။

"အဲဒီနေ့ရဲ့ည၊ ခုနစ်လာနဲ့ ဆယ့်ငါးရက်ညမှာ သူက အရက်သေရည် သောက်ပြီးတော့ အဖေကြီးရဲ့ ဇနီးကို သူ... သူ အဓမ္မ ကျင့်ကြံခဲ့တယ် လူကလေး"



ကျန်းချွေးဆန်းနှင့် ချင်တွူးတူးတို့၏နှုတ်မှ 'ဟာ' ခနဲ အမေဋိတ် ပြုလိုက်မိကြ၏။ ကျန်းဟူကျင်းလည်း မျက်လုံးစုံ င်းစက်သွားပြီး သူ့မွေးစား အဖေကြီးကို ကရုဏာသက်စွာ ည့်နေရှာသည်။ ရှက်စွန်းက စကားဆက်ပြန်၏။

အဲဒီလို ဆရာက အဖေကြီးရဲ့ ဇနီးကို အဓမ္မကျင့်ကြံတော့ ဖေကြီးနဲ့ ဇနီးက ဘယ် အလိုတူပါ့မလဲ၊ ကြောက်လန့်ပြီး ကန်ရှာတယ်၊ အမျိုးမျိုး မတော်ကြောင်း၊ မသင့်ကြောင်း င်းပန်ရှာတယ်၊ ဒါပေမယ့် မုန်ယိုဆင်လို ချွန်းနဲ့အုပ်လို့ မရတော့ဘူး၊ ောင်းပဲ ကျင့်ကြံတော့တယ် လူလေး၊ အဖေကြီး ဇနီးက နောက်ဆုံးမှာ င်းရန်း၊ အတင်းဟစ်အော် အကူအညီတောင်းတော့ အဖေကြီးရဲ့ အက အသံကြားပြီး အခန်းထဲ ပြေးဝင်ကြည့်တယ်၊ အဲဒီမှာတင် ာက သူ့ယုတ်မာမှုတွေပေါ်သွားပြီလို့ သိပြီး အဖေကြီးရဲ့ ကို တစ်ချက်တည်း ထိုးသတ်လိုက်တယ်ကွယ့်၊ နောက်ပြီး ာလေ အဖေကြီးရဲ့အမေ၊ နောက်အဖေကြီးရဲ့ ဇနီး၊ နောက်ဆုံး တော့လေ အဖေကြီးတို့မိသားစုရဲ့ ပျော်ရွှင်ချမ်းမြေ့မှု၊ ကြည်နူး ာမှု၊ အေးမြရွှင်လန်းမှုကို ပေးခဲ့တဲ့ အဖေကြီးရဲ့ တစ်နှစ်ပြည့်တဲ့ လေး ရှက်ဟူကျင်းကိုပါ..."

ကျန်းဟူကျင်းက သူ့နာမည်နှင့် တူလှသော အမည်ကို ဆော် အံ့သြပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အမေကြီးရဲ့ သားက ရှက်ဟူကျင်း ဟုတ်လား"

"ဟော့ ကျန်းဟူကျင်း၊ အသားနားထောင်နေစမ်း၊ သားလေး ဘာမှ ဝင်မမေးနဲ့"ဟု ကျန်းချွေးဆန်းက သူ့သားလေး ဟန့်လိုက်၏။

ရှက်စွန်းက ခဏမျှ နားပြီးနောက်

"ဟုတ်တယ် လူလေး၊ အမေကြီး သားရဲ့နာမည် ရှက်ဟူကျင်း၊ အဲဒီ အမေကြီးရဲ့ သည်းပွတ်နှလုံးလို ခင်တွယ်ရ တဲ့ ရှက်ဟူကျင်းကိုလေ အမေကြီးရဲ့ဆရာက ခြေနှစ်ချောင်း စုံကိုင်ပြီး မြေကြီးပေါ် ပစ်ပေါက်ချလိုက်တာ လူလေးရယ်၊ အမေကြီး သားဟာလေ တစ်ခါတည်း အရိုးပုံကြီး တစ်ပုံ ဖြစ်သွားခဲ့ရတယ်ကွယ်

ကျန်းဟူကျင်းက ကလေးပီပီ ရုတ်တရက် ဝင်၍...

"အမေကြီး သူ... သူ အသက်ရှင်နိုင်သေးလားဟင်"

ရှက်စွန်းက ယဲ့ယဲ့မျှ မချိပြုံး ပြုံးရင်း

"မရှင်နိုင်တော့ဘူး လူကလေး၊ ဘယ်တော့မှ သူ အသ ပြန်ရှင်လာနိုင်တော့မှာ မဟုတ်တော့ဘူး"

ရှက်စွန်းသည် စကားအဆုံးတွင် တစ်ဘက်သို့ မျက်နှာလွှဲလို သည်။ မျက်ရည်ကြည် တစ်ပေါက်သည် သူ၏ ပါးပြင်မှ လျှော လိမ့်ကျသွားပါ၏။ သူသည် အတန်ကြာ တစ်ဘက်သို့ မျက်နှာ လွှဲလျက် ငြိမ်သက် တိတ်ဆိတ်နေရာမှ...



"အမေကြီးက အဲဒီလို ရက်စက်ကြမ်းကြုတ်မှု ယုတ်မာမှုကြီးကို တွေ့ရတော့ သိပ်အံ့ဩသွားပြီးတော့ ကြောင်ငေး ကြည့်နေမိတယ် လူလေး၊ အမေကြီး တစ်ကိုယ်လုံးလဲ ကြိုးနဲ့အတုပ်ခံထားရသလို လုံးဝ မလှုပ်နိုင်တော့ဘူး၊ လှုပ်ရှားဖို့ကို သတိမရမိတော့ဘူး ဆိုပါတော့ ကွယ်၊ အမေကြီး အင်မတန် ချစ်ခင် ရိုသေ လေးစားပြီး မွေးသဖခင် မွေးသမိခင်နဲ့ တစ်ဂိုဏ်းတည်းထားတဲ့ ဆရာကို အမေကြီး ဘယ်လို ရင်ဆိုင်ရမယ်မှန်းတောင် မသိတော့ပါဘူး လူလေးရယ်၊ အဲဒီအချိန်မှာပဲ ဆရာကြီးက အမေကြီးကို လက်သီးနဲ့ တစ်ချက် ထိုးလိုက်တယ်ကွယ်၊ အမေကြီးလေ ရှောင်လဲ မရှောင် အတော့ဘူး၊ ရှောင်ရမှန်းလဲ မသိတော့ပါဘူး၊ ဆရာ့ လက်သီးချက်လဲပြင်း၊ အမေကြီးကလဲ ဒီအတိုင်း ခံလိုက်တော့ ဒိုင်းခနဲ ပျော့ခွေ မေ့လဲသွားတော့တာပေါ့ ...။

"အမေကြီး ပြန်လို့ သတိရတော့လေ အမေကြီးအနားမှာ ဆရာ မရှိတော့ဘူး၊ အမေကြီး ချက်ချင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အို အမေကြီးရဲ့ တစ်အိမ်သားလုံး အမေကြီးရဲ့ အဖေအမေ၊ မောင်နှမ၊ အိမ်စေ အားလုံး လူပေါင်း ဆယ့်သုံးယောက် ဟိုတိ သူ့လက်ချက်နဲ့ အတုံးအရုံး သေဆုံးနေကြတာကို တွေ့ရတော့ တယ် လူလေး၊ တကယ်က အမေကြီးကို သူ့လက်သီးချက် တစ်ချက်တည်းနဲ့ ထိုးလိုက်တာ သေပြီထင်ပြီး ထားရစ်ခဲ့တာကိုး။

www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီးလဲ အဲဒီနောက်ပိုင်းမှာ သိုင်းပညာကို နေ့မနား ညမနား အပင်ပန်း အဆင်းရဲခံပြီးတော့ အထူးလေ့ကျင့်ခဲ့တယ် ငါးနှစ်လောက်ကြာတော့ အဖေကြီးက အဖေကြီးရဲ့ ဆရာကို သွားရှာပြီး ကလဲ့စား ချေသေးသကွယ့်၊ ဒါပေမယ့် အဖေကြီး မြန်ထွက်ပြေးလာခဲ့တယ် လူလေး။

"ဒါပေမယ့် အဖေကြီးက စွဲမလျှော့ပါဘူး၊ နောက်ထ ဆရာကောင်း အများကောင်းလိုက်ရှာတော့တာပေါ့၊ ဆယ်နှစ်အတွင် မှာ အဖေကြီးက ဆရာကောင်း သုံးယောက်နဲ့ တွေ့ပြီး အဖေကြ ကို ဆရာတွေက သိုင်းပညာသင်ကြားပေးခဲ့ပြန်တယ်၊ ဒီလိုနဲ့ အဖေ ကြီးမှာ သိုင်းပညာ သင်ကြားပေးခဲ့ပြန်တယ်၊ ဒီလိုနဲ့ အဖေကြီး သိုင်းပညာနဲ့ပတ်သက်ပြီး လိုလေသေးမရှိတော့အောင် ပြည့်စုံတိုးတ သွားတော့ အဖေကြီးက အဖေကြီးရဲ့ဆရာကို ဒုတိယအကြိမ် သွ ပြီး ကလဲ့စားချေပြန်တယ် လူကလေး"

"ဒီတစ်ခါတော့ အဖေကြီး နိုင်ရောလားဟင်"

ကျန်းဟူကျင်းက ဝင်မေးပြန်၏။

သို့သော် ကျန်းချွေးဆန်းက မျက်စောင်းခဲကြည့်လိုက် ပြန်ငြိမ်သွားလေသည်။

"ဒီတစ်ခါလည်း အဖေကြီးဆရာရဲ့ သိုင်းပညာက ပထ တစ်ခါထက်ပိုပြီးလို့တောင် အများကြီး တိုးတက်နေပြန်တော



အဖေကြီးသာ ဒဏ်ရာအပြင်းအထန်ရပြီး ပြန်လာခဲ့ပြန်တယ် လူကလေး။

"အဲဒီနောက်တော့ အဖေကြီးက ခုနစ်ဆင့်လက်သီးသိုင်းရဲ့ အတွင်းအားကို အထူးအလေးထားပြီး လေ့ကျင့်တော့တယ်။

"သုံးနှစ်လောက်ကြာတော့ အဖေကြီးရဲ့လက်သီးသိုင်းက အောင်မြင်သွားတယ်ကွယ့်၊ ဒါနဲ့ ဒီတစ်ခါတော့ ဆရာ့ကို အပြတ် အသတ် ကလဲ့စားချေမယ်လို့ ကြိမ်းဝါးပြီး ဆရာ့ကို သွားရှာပြန်ရော၊ ဒီတစ်ခါကျတော့ အဖေကြီးရဲ့ဆရာကို မတွေ့ရတော့ဘူး၊ သူ့အိမ် ကနေ ဘယ်ပျောက်သွားမှန်း မသိဘဲ အစကို ရှာလို့ မရတော့ဘူး လူလေး၊ ဒါနဲ့ အဖေကြီးက သူ့ကို သိုင်းလောကထဲ မွှေနှောက်လို့ ရှာပြန်တယ် မတွေ့ဘူး၊ လုံးဝ သတင်းမရတော့ဘူး၊ သူ အဖေကြီး ကို ရင်မဆိုင်ချင်လို့ ပုန်းလိုက်ပြီလို့ အဖေကြီး ထင်တာပဲ။

"ဒါနဲ့ အဖေကြီးက ဒေါသကို ဘယ်လိုမှ ပြန်ဖြေလို့ မရတော့တဲ့အဆုံးမှာ လူတွေသတ်၊ မုဒိမ်းကျင့်၊ မစ္ဆည်းတွေ လု၊ မီးတွေရှို့နဲ့ ဒုစရိုက်မှုတွေ ရာဇဝတ်မှုတွေကို ဆက်တိုက်ကျူးလွန် မိတော့တယ်၊ ဒါပေမယ့် အဖေကြီး ကျူးလွန်သမျှ အပြစ်တွေကို သူ့အပေါ်ကျရောက်အောင် အဖေကြီးက ဆရာ့နာမည်နဲ့ပဲ ထိုးပိုခဲ့ ချန်ထားခဲ့တယ် လူကလေး"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျန်းချွေးဆန်းနှင့် ချင်တူးတူးက "ဟာ" ခနဲ အာမေဋိတ်ပြုလိုက်မိကြပြန်သည်။ ရှက်စွန်းက ကျန်းချွေးဆန်းနှင့် ချင်တူးတူးဘက် မျက်နှာမူ၍ –

"ကိုင်း–ညီလေး ကျန်းချွေးဆန်းနဲ့ တူးတူး၊ အစ်ကိုကြီးရဲ့ ဆရာက ဘယ်သူဘယ်ဝါဆိုတာ အခုလောက် ပြောပြရင် သိပြီး ဟုတ်လားကွယ့်" ဟု ရုတ်တရက် မေးလိုက်လေသည်။

ချင်တူးတူးက ခေါင်းညိတ်၍ –

"ဟုတ်ပြီ–တူးတူးသိပြီ၊ လက်စသတ်တော့ ဆရာကြီးက မိုးကြိုးလက်သီး ချန်ခွန်းရဲ့တပည့်ကိုး" ဟု ဆိုလေ၏၊

မှန်ပါသည်။ ထိုစဉ်ထိုအခါတုန်းက သိုင်းလောကတွင် အကြီးအကျယ် ရှုပ်ထွေးမှု ဖြစ်ခဲ့၏။ နာမည်ကြီး သိုင်းသမားတချို့သည် အလိုလိုနေရင်း အသတ်ခံခဲ့ကြရသည်။ လူသတ်သမားက သတ်ပြီးသောအခါ "မိုးကြိုးလက်သီး ချန်ခွန်း" ဟု သွေးဖြင့် နာမည် ရေးထိုးချန်ထားခဲ့၏။ ပစ္စည်းလု ဓားပြတိုက်၊ မုဒိမ်းကျင့်ပြီးလျှင်လည်း ထိုနာမည်ကိုသာ ရေးထိုးချန်ထားခဲ့လေသည်။ သို့သော် နောက်ပိုင်းတွင် လူတွေက မိုးကြိုးလက်သီး ချန်ခွန်း၏ အမည်ကို တမင်သက်သက် အလွဲသုံးစားပြုပြီး ကျူးလွန်သော ဒုစရိုက်မှုများသာဖြစ်ကြောင်း မိုးကြိုးလက်သီး ချန်ခွန်းအား နာမည်ပျက်အောင် တမင် အပုပ်ချ ပုတ်ခတ်ခြင်းသာဖြစ်ကြောင်း ရိပ်စားမိသွားကြလေ၏။ ထိုအခါ



တကယ့်မိုးကြိုးလက်သီး ချန်ခွန်းကိုရှာပြီး အကျိုးအကြောင်း မေးမြန်းရန် စိတ်ကူးကြ၏။ သို့သော် သိုင်းဆရာကြီး ချန်ခွန်းကိုယ်၌က သိုင်းလောကမှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေတော့သတည်း။

"အစ်ကိုကြီးက အစ်ကိုကြီးဆရာရဲ့နာမည်ကိုသုံးပြီးဒုစရိုက်မှုတွေကို လိုက်ပြီးကျူးလွန်တဲ့ ရည်ရွယ်ချက်က ဘာလဲ"

ရှက်စွန်းက မဲ့ပြုံးပြုံးလျက်–

"ဆရာ့နာမည်ကိုသုံးပြီး ဒုစရိုက်မှုတွေ ကျူးလွန်လိုက်တဲ့ ရည်ရွယ်ချက်က ပုန်းနေတဲ့ ဆရာဟာ မခံမရပ်နိုင်ဖြစ်ပြီးတော့များ သိုင်းလောကထဲ ပြန်ပေါ်လာမလားဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ"

"ဒီလိုနဲ့ အစ်ကိုကြီး ဆရာကို အစ်ကိုကြီးရှာလို့ တွေ့လိုက်ရောလား"

ချင်တူးတူးက ကြားဝင်မေးခြင်းဖြစ်၏။ ရှက်စွန်းက ခေါင်းကိုယမ်းလျက် –

"မတွေ့ဘူး၊ လုံးဝမတွေ့တော့ဘူး၊ အဲ–ဒါပေမယ့် အစ်ကိုကြီးတွေ့ချင်တဲ့လူတစ်ယောက်ကိုတော့ အမှတ်မထင် "လို့ရန်မြို့" မှာ တွေ့လိုက်ရတယ်ကွယ့်"

"ဘယ်သူပါလဲ အစ်ကိုကြီး"

ကျန်းချွေးဆန်းက မေးလိုက်သည်။ ရှက်စွန်းက ချက်ချင်း မဖြေ။ မမြင်မစမ်းဖြင့် ကျန်းချွေးဆန်းဘက် မျက်နှာမူ ကာ ငြိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏကြာတော့မှ တစ်လုံးချင်းဖြေသည်။

"ချို–ရှင်–ချောင်း"

"ဗျာ"

ကျွန်းချွေးဆန်း ရုတ်ချည်းတုန်လှုပ်သွားသည်။ ပြီး–အလော တကြီးဖြင့်–

"ကျွန်တော်ရဲ့ ဂိုဏ်းတူအစ်ကိုကြီး ချိုရှင်ချောင်းကို တွေ့တယ်။ ဟုတ်–ဟုတ်လား"

"ဟုတ်ပါတယ်၊ ဟူတန်း ခုနစ်ဖော်ရဲ့ နံပါတ်တစ် ချိုရှင် ချောင်းပါပဲ၊ အစ်ကိုကြီးက နာနာကြည်းကြည်း ဖြစ်နေတာလဲ တစ် ကြောင်း၊ ဆရာ့ကိုလဲထွက်ပေါ်လာစေချင်တာ တစ်ကြောင်းကြောင့် သိုင်းလောက တစ်ခုလုံးကို ပြောင်းဆန်အောင် လုပ်ခဲ့ပေမယ့် စော စောက ပြောတဲ့အတိုင်း အစ်ကိုကြီးရဲ့ဆရာ ချန်ခွန်းက ထွက်ကို မလာတော့ဘူး၊ ဒါနဲ့ အစ်ကိုကြီးက စဉ်းစားတယ်၊ ဒီထက်ကြီးကျယ်တဲ့ အမှုတစ်ခုကို လုပ်ဖို့ပါပဲ၊ အဲဒီအခါမှာ အစ်ကိုကြီး သိုင်းလောကကို ကြည့်လိုက်တော့ သိုင်းလောကမှာရှိတဲ့ ဂိုဏ်းတွေအများကြီးထဲက လျှမ်းလျှမ်းတောက် နာမည်ကြီးနေတဲ့ ရှောင်လင်ဂိုဏ်းနဲ့ဟူတန်းဂိုဏ်း ကို သွားတွေ့မိတယ်၊ ဒါကြောင့် အဲဒီဂိုဏ်းကြီးနှစ်ဂိုဏ်းထဲက ထိပ်သီး သိုင်းသမားတစ်ယောက်ကို ဆရာချန်ခွန်းနာမည်နဲ့ သတ်လိုက် ရင်တော့ဖြင့် အဲဒီဂိုဏ်းက ပုဂ္ဂိုလ်တွေဟာ ဘယ်လိုမှ ငြိမ်နေမှာ



မဟုတ်တော့ဘူး၊ ချန်ခွန်းကို ဝိုင်းရှာကြမယ်လို့ အစ်ကိုကြီး အဲဒီလို တွေးမိတယ်၊ ဒါနဲ့ပဲ လို့ရန်မြို့မှ ဟူတန်းဂိုဏ်းက ချိုရှင်ချောင်းကို အမှတ်မထင် တွေ့လိုက်တော့ သူ့ကိုသတ်ပစ်ဖို့ဆုံးဖြတ်လိုက်တယ်"

ကျွန်းချွေးဆန်းက ထိုစကားမျိုးကိုကြားသော် ကျောတစ်ချက် ခိမ့်သွား၏။ ချိုရှင်ချောင်းသည် နောက်ပိုင်းတွင် ဘာမှမဖြစ်သည် ကို သူသိသော်လည်းသူ၏ ဂိုဏ်းတူအစ်ကိုကြီးမို့ စိတ်မထိန်းနိုင်ဘဲ ကျောစိမ့်တုန်လှုပ်သွားခြင်းဖြစ်၏။ ချင်တူးတူးသည် ချိုရှင်ချောင်း သေသေးမှန်းကို သိ၍ –

"ကေ့ – နောက်ပိုင်းမှာ အစ်ကိုကြီးက ချိုရှင်ချောင်းကို သတ်ရက်လို့ လက်လွှတ်လိုက်တာထင်တယ်၊ ဟုတ်လား အစ်ကိုကြီး" ဟု မေးလေသည်။

ရှက်စွန်းက ချင်တူးတူးဘက် မျက်နှာ ဖျတ်ခနဲ မူပြီး "ဟင်း" နဲ့ မကျေမနပ်ပြုံး၍ –

"အစ်ကိုကြီးက ချိုရှင်ချောင်းကို ဘာလို့မသတ်ရက်ရမှာလဲ ပ်သတ်ရက်တာပေါ့၊ တစ်ခုတော့ရှိတယ်၊ ဒီနေ့လို အခြေအနေမျိုး ရင်တော့ မှန်ချင်မှန်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးက လေး ကျွန်းချွေးဆန်းရဲ့မျက်နှာကိုထောက်ပြီး ဟူတန်းဂိုဏ်းကို ရှာမိမှာ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် ဟိုအချိန်ဟိုအခါတုန်းက ရင်တော့ အစ်ကိုကြီးရဲ့ရင်ထဲမှာ ကလဲ့စားချေလိုစိတ်တွေက မီး

www.burmeseclassic.com

www.burmeseclassic.com



တောက်နေတယ်၊ ဘယ်လိုမှ ထိန်းလို့မရဘူး၊ ပြီးတော့အခုလို ညီလေးကျန်းချွေးဆန်းကိုလဲ သိတာမှ မဟုတ်ဘဲလေ၊ ဒီတော့ ဟိုတုန်းက တွေ့တဲ့လူဟာ ဟူတန်းဂိုဏ်းက ချီရှင်ချောင်းမဟုတ်တဲ့ တိုင် ဟောဒီညီလေး ကျန်းချွေးဆန်း ဖြစ်နေခဲ့ရင်တောင် အစ်ကိုကြီး သတ်မှာ သေချာတယ်”

ကျန်းဟူကျင်းကလေးက ငြိမ်သက်စွာ နားထောင်နေရင်း သူ့ဖခင် ကျန်းချွေးဆန်းကိုပင် သတ်ပစ်မှာ သေချာသည်ဟူသော စကားအဆုံးသတ်ကို ကြားသော မျက်ကလဲ ဆန်ပြာဖြင့် –

“အဖေကြီးက ဖေဖေ့ကို ဘာလို့ သတ်ရမှာလဲဟင်”

ရှက်စွန်းက ပြုံးလျက်–

“အဖေကြီးက ဥပမာပြောတာပါ သားသားရဲ့၊ သားရဲ့ဖေဖေ ကို အဖေကြီးက တကယ် မသတ်ပါဘူး”

“ဪ – ဒီလိုလား”

ကျန်းဟူကျင်းက ထိုအခါကျမှပင် သက်ပြင်းချနိုင်တော့သည်။ ရှက်စွန်းက ကျန်းဟူကျင်းလေး၏ ဦးခေါင်းကို ပွတ်သတ်ပြီး စောစောကပြောလက်စ အကြောင်းအရာကို ပြန်ဆက်သည်။

“အဲဟိုညမှာ အဖေကြီးက ညစာ စားပြီးတာနဲ့ ကမ္ဗလာ ထိုင်လိုက်တယ်၊ အဖေကြီးက တွေးမိတယ်ကွယ့်၊ ချီရှင်ချောင်း ဟူတန်းခုနစ်ဖော်ရဲ့ နံပါတ်တစ်ဆိုတော့ သူ့ရဲ့သိုင်းပညာဟာ ခေ



မဟုတ်ဘူး၊ တကယ်လို့ တစ်ချက်တည်းနဲ့ သူ့ကို မသတ်နိုင်လို့ သူကထွက်ပြေးသွားရင် ငရဲခြေရာနဲ့ လုပ်ရပ်တွေ ပေါ်သွားမှာ သေချာတယ်၊ အဲဒီလိုလုပ်ရပ်တွေ ပေါ်သွားရင် သိုင်းလောကသား တွေအားလုံးက ငါ့ကိုဝိုင်းပြီး တိုက်ခိုက်လာကြမှာ အမှန်ပဲ၊ ငါ သေတာက အရေးမကြီးဘူး၊ ငါ့မိသားစုရဲ့ သွေးကြွေးကို ငါဘယ်လိုလုပ် ပြန်ဆပ်နိုင်တော့မှာလဲလို့ တွေးမိပြီး ကမ္ဗလာနံးထိုင် သိုင်းအတတ်ပညာတွေ ပြန်ပြီး နွေးနဲ့၊ တစ်ချီတည်းနဲ့ ချီရှင်ချောင်း သေသွားအောင် တိုက်နိုင်ဖို့ အဖေကြီးဘက်က ပြင်ဆင်တာပေါ့ကွယ်”

ကျန်းဟူကျင်းလေးက ကြားဖြတ်၍ –

“အဖေကြီး–အဖေကြီး မျက်စိမမြင်တော့ ကျွန်တော်ကြီးလာ တဲ့အခါကျရင် သိုင်းပညာကို ကောင်းကောင်းသင်ပြီး အဖေကြီး အတွက် ကလဲ့စားချေပေးမယ်” ဟု လက်သီးလက်မောင်းတန်း၍ အားမန်အပြည့်ဖြင့် ဆိုလေ၏။

ထိုစကားကို ကြားသော် ရှက်စွန်းသည် လည်းကောင်း၊ ကျန်းချွေးဆန်းသည်လည်းကောင်း၊ ချင်တူးတူးသည်လည်းကောင်း ရယ်လှုပ်သွားကြ၏။ ထိုအခါ ရှက်စွန်းသည်မျက်မမြင်ဖြစ်သော်လည်း ကျန်းဟူကျင်းအား မြင်သကဲ့သို့ စိုက်ကြည့်ပြီးလျှင် အသံပြင်းတိုး ဖြင့်–

“သား–သားလေး၊ မင်း တကယ်ပြောတာလား”

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့က ကျန်းဟူကျင်း၏ ပြော ပုံဆိုပုံကိုကြည့်ပြီး စိတ်လှုပ်ရှားနေမိကြ၏။ အမှန်မူ ကျန်းဟူကျင် သည် အဘယ်သို့လျှင် ရှက်စွန်းအတွက် ကလဲ့စားချေနိုင်ပါမည်နည်း။

ထိုစဉ် ကျန်းဟူကျင်းက ဆိုပြန်၏။

"အဖေကြီး – အဖေကြီးရဲ့ တစ်အိမ်သားလုံးကို သတ်သွား တဲ့ ဟို–မိုးကြိုးလက်သီး ချန်ခွန်းကို သားသားစိတ်ထဲမှာ မှတ်ထား လိုက်ပြီ၊ နောင်တစ်ချိန် သားသားကြီးလာတဲ့အခါကျရင် သူ့ကို သွားပြီး ကလဲ့စားချေမယ်၊ သူ့ရဲ့တစ်အိမ်သားလုံးကိုလဲ သတ်ပစ် ယ်၊ တစ်ယောက်မှကို မချန်ဘူး"

"ဟိတ်–ကျန်းဟူကျင်း တိတ်စမ်း၊ လူတစ်ယောက်ရဲ့အပြစ် ဟာ အဲဒီလူတစ်ယောက်အပေါ်မှာပဲ ကျသင့်တယ်ကွ၊ သူ့ရဲ့အပြစ် က ဘယ်လောက်ပဲ ကြီးကြီး သူ့တစ်ယောက်ကိုပဲဒဏ်ခတ်ရမယ်ကွ ဒီပြင်လူနဲ့ ဘာမှ မဆိုင်ဘူး"

ကျန်းချွေးဆန်းက သားကို ဒေါသသံဖြင့်ဝင်ဟန့်သည်။ ထိုအခါ ကျန်းဟူကျင်းက –

"ဟုတ်–ဟုတ်ကဲ့ဖေဖေ" ဟု ကြောက်ရွံ့စွာပြောပြီး ငြိမ်နေ တော့၏။

ရှက်စွန်းက စကားဆက်ပြန်သည်။

"လူတစ်ယောက် သေသွားရင် ဘာမှ မသိတော့ဘူး၊ ဒါက ဘာမှ ဒုက္ခခံစားရတာ မဟုတ်ဘူး၊ ဒါပေမယ့် တကယ်လို့ တစ်အိမ်



သားလုံး အသတ်ခံရပြီး ကိုယ်တစ်ယောက်တည်း အထီးကျန်နေတာ မျိုးကျတော့ တကယ်ကို ဒုက္ခပင်လယ် ဝေတာပဲ၊ အင်မတန်မှလဲ ခံရခက်တဲ့ မဟာဒုက္ခကြီးပဲကွယ့်၊ ဟိုစဉ်တုန်းကတော့အဖေကြီးလဲ အဲဒီသဘောတရားကို နားမလည်ခဲ့ဘူး၊ ကလဲ့စားချေချင်စောနဲ့ ဆရာတစ်ယောက်တည်းကိုပဲ သဲကြီးမဲကြီး အခေါက်ခေါက်သွား ခဲ့တယ်၊ တကယ်တော့ အဖေကြီးက အဖေကြီးဆရာရဲ့ တစ်အိမ် သားလုံးကို သတ်ပစ်ပြီး သူ့ကိုလူ့လောကမှာ အထီးကျန်ဘဝနဲ့ ထားခဲ့ရမယ် လူလေးရဲ့၊ ဒါမှ အဖေကြီး ခံစားရတဲ့ဒုက္ခကို သူ ကိုယ်ချင်းစာတတ်မှာ"

ကျန်းချွေးဆန်းက သက်ပြင်းချသည်။ သို့သော် သူက ဘာမျှ စောဒက မတက်ချင်တော့။ စကားကိုသာ လမ်းပြောင်းပေး လိုက်၏။

"အစ်ကိုကြီး–အစ်ကိုကြီးက ကျွန်တော်တို့ရဲ့ ဂိုဏ်းတူ အစ်ကို ကြီးနဲ့ တိုက်ခိုက်ဖြစ်သလား"

ရှက်စွန်းက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြပြီး–

"မဖြစ်ပါဘူး ညီလေးရာ၊ အဲဟိုညက အဖြစ်အပျက်က ချိန်ထိ အစ်ကိုကြီးရဲ့ မျက်စိထဲမှာ ထင်ထင်ရှားရှား မြင်နေရသေး ယ်ကွယ့်၊ အဲဒီညမှာ စောစောက အစ်ကိုကြီးပြောသလို အစ်ကို ကြီးက ခုတင်မှာ တင်ပြင်ခွေထိုင်ပြီး ကမ္မဋ္ဌာန်း စီးဖြန်းသယ်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးရဲ့ အားအထားရဆုံး ခုနစ်ဆင့် လက်သီးသိုင်းကို ဖြ နွေးတယ်၊ ပြော်-ဒါနဲ့ ညီလေးက အစ်ကိုကြီးရဲ့ ခုနစ်ဆင့် လက် သီးသိုင်းပညာအစွမ်းကို တွေ့ချင်သလား"

ထိုအခါ ငြိမ်နေသော ကျန်းဟူကျင်းက ချက်ချင်းထ လက်ခုပ်တီးလိုက်၏။ ထိုအချိန်တွင် ရှက်စွန်းက သစ်ပင်ကြီးတစ်ပ[င်] ရှေ့သို့ ရောက်သွားပြီး "ယား" ခနဲ ကျယ်လောင်စွာ အားပြုရင်[း] သစ်ပင်ကြီးကို လက်သီးဖြင့် တစ်ချက်ထိုးလိုက်၏။

ရှက်စွန်း၏ သိုင်းအားအရဆိုလျှင် လက်သီးတစ်ချက် ပ ထိုးလိုက်သည်နှင့်သစ်ပင်ကြီးမှာ ထက်ပိုင်းကျိုးသွားနိုင်စွမ်းရှိသည်။ အနည်းဆုံး သစ်ပင်၏ ပင်စည်ထဲသို့ လက်သီးကျွံဝင်သွားနိုင်သည်။ သို့သော် ယခုမူ ဤသို့မဟုတ်။ ရှက်စွန်းက ဤသစ်ပင်ကြီးထ[ို] အားမာန်အပြည့်ဖြင့် ထိုးလိုက်သော်လည်း သစ်ပင်ကြီးမှာ ဘာမျှ မဖြစ်ရုံမက အနည်းငယ်မျှပင် မလှုပ်ချေ။ သစ်ခေါက်ကလေး တစ်ခေါက်မျှပင် ကြွေမကျချေ။

ကျန်းချွေးဆန်းသည်လည်းကောင်း ချင်တူးတူးသည်လည်း ကောင်း၊ ကျန်းဟူကျင်းသည်လည်းကောင်း သစ်ပင်ကြီးကို တစ်လှည့် ရှက်စွန်းကိုတစ်လှည့် ကြောင်၍ ကြည့်နေမိကြ၏။ ချင်တူးတူး၏ စိတ်ထဲမှာမူ-



"အစ်ကိုကြီးက ဒီကျွန်းပေါ်မှာ ကိုးနှစ်လောက်နေလိုက်တာနဲ့ သိုင်းပညာတွေအားလုံး ဆုတ်ယုတ်သွားပြီကိုး၊ ဟုတ်ပြီ၊ ဒါကြောင့် သူသိုင်းလေးကျင့်တာ ငါတစ်ခါမှ မမြင်ခဲ့တာ နေမှာပဲ" ဟု တွေး လိုက်မိ၏။

သို့သော် ရှက်စွန်း စိတ်ထိခိုက်မည်စိုး၍ ချင်တူးတူးက အော်ဟစ်ချီးကျူးလိုက်ပါသေး၏။ ထိုအခါ ရှက်စွန်းက -

"ဒီမယ်-ညီမလေး တူးတူး၊ မင်းရဲ့ချီးကျူးသံက တကယ့် [စိ]တ်ထဲက ချီးကျူးသံမဟုတ်ဘူးဆိုတာ အစ်ကိုကြီးသိပါတယ်၊တူးတူး [စိ]တ်ထဲမှာ အစ်ကိုကြီးရဲ့ သိုင်းပညာစွမ်းတွေ ဆုတ်ယုတ်သွားပြီလို့ [ထ]င်နေတယ် မဟုတ်လား" ဟုမေးလိုက်၏။

ချင်တူးတူးကလည်း နှစ်သိမ့်သောအားဖြင့်-

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးရယ်- ဒီကျွန်းမှာ နေ့နေသမျှ [သ]ိုင်းပညာကျင့်ဖို့မလိုပါဘူး" ဟု ပြောလိုက်၏။

ရှက်စွန်းက ဦးခေါင်းကို ခါယမ်းပြီး ကျန်းချွေးဆန်းဘက် [သ]ို့လှည့်၍ မေးပြန်သည်။

"ညီလေးကကော၊ အစ်ကိုကြီးကို ဘယ်လိုမြင်သလဲ"

ကျန်းချွေးဆန်းက သူ့သဘောထားအမြင်ကို ခပ်ရှင်းရှင်း [ပ]င် ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးရဲ့ လက်သီးက ထိုးထုတ်တုန်းကတော့ အားပြ သွားပါပဲ၊ သစ်ပင်ကို ထိတဲ့အခါကျတော့ အားလုံးမပါသလိုပဲခင်ဗျ အပင်ကြီး ကျိုးကျဖို့ မပြောနဲ့၊ သစ်ရွက်ကလေး တစ်ရွက်တော လှုပ်သွားတာ ညီလေးမမြင်ရဘူး၊ အဲဒီသဘောက ဘယ်လို အစ်ကိုကြီး ကျွန်တော် နားလည်လို့ကို မရပါလား"

ရှက်စွန်းက တဟားဟား ရယ်ပြီးနောက်

"ဒီမယ် ညီလေး–ဟောဒီ သစ်ပင်ကြီးဟာလေ နောက်သုံးရ လောက်ကျရင် အရွက်တွေနွမ်းပြီး ကြွေလာမယ်၊နောက်ခုနစ်ရ ကျရင် သစ်ပင်တစ်ပင်လုံး သွေ့ခြောက်ပြီး သေသွားရလိမ့်မယ်ကွ ဘာကြောင့်လဲဆိုတော့ အစ်ကိုကြီးရဲ့ လက်သီးအားက သစ်ပင်ကြ ပင်စည်ထဲကအစာကြောရေကြောတွေကိုအားလုံးချေမွပစ်လိုက်ပြီညီလေ

ချင်တူးတူးနှင့်ကျန်းချွေးဆန်တို့ လွန်စွာ အံ့ဩတုန်လှုပ်သ ကြ၏။ ရှက်စွန်းက သူတို့ကို လိမ်ညာပြောမည်မဟုတ်ကြော ယုံကြည်ကြရ၍ပင်ဖြစ်ပါ၏။

ထိုစဉ်တွင်ပင် ရှက်စွန်းက နဂါးနိုင်ဓားကိုယူ၍ သစ်ပင် ကို ခါးလယ်မှ ပိုင်းခုတ်လိုက်၏။ ထိုအခါ ရုတ်ခြည်းပင် "ဝုန်း ခနဲသစ်ပင်ကြီး လဲကျသွား၏။ ရှက်စွန်းက မြေကြီးတွင် ကျန် သော သစ်ပင်ပိုင်းကို လက်ညှိုးထိုးရင်း–



"ညီလေးတို့ ကြည့်လိုက်ကြစမ်း၊ အစ်ကိုကြီးရဲ့ခုနစ်ဆင့် လက်သီးသိုင်း အားကလေးများ နည်းနည်းပါးပါး ကျန်သလားလို့"

ကျန်းချွေးဆန်းက ဖြတ်ထားသော နေရာကို ကပ်၍ ကြည့် လိုက်၏။ ထိုအခါ အတွင်းဘက်ပိုင်းတွင် အစာကြော ရေကြော များမှာ ပုံစံအမျိုးမျိုးဖြင့် ပြတ်နေသည်ကို တွေ့ရပြီး တချို့က တွန့်လိမ်နေ၏။ တချို့မှု ကြေမွနေ၏။ တချို့ကား တိခနဲ ပြတ်လျက်။ ထို့ကြောင့် ရှက်စွန်း၏ လက်သီးတစ်ချက်တည်းတွင် င် အားအမျိုးမျိုးပါနေကြောင်း နားလည်သွားကြရ၏။

ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့မှာ ဤတစ်ကြိမ်တွင်မှပင် င်ထဲမှ လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်မိ၏။ ကျန်းဟူကျင်းမှာမူ ကလေးပီပီ ခုန်ပေါက် မြူးထူးသွားလေသည်။ ကျန်းချွေးဆန်းက–

"အစ်ကိုကြီးရဲ့လက်သီးအားက တကယ့်ကို ကြောက်စရာ ကောင်းတာပဲဗျ"

ထိုစကားကြောင့် ရှက်စွန်းလည်း အားရကျေနပ်သော အမူအရာ နည်းငယ်ပေါ်လာ၏။ သူက ဆက်၍ –

"အစ်ကိုကြီးရဲ့ လက်သီးအားထဲမှာ အားခုနစ်မျိုးပါတယ်။ ချို့က မာဆတ်တယ်၊ တချို့က ပျော့ပြောင်းတယ်၊ တချို့က အားတိုက်၊ တချို့က ကန့်လန့်ဖြတ်၊ ဒါကြောင့် လူတစ်ယောက် အစ်ကိုကြီးရဲ့ လက်သီးအားတစ်မျိုးကို ခုခံနိုင်ရင် နောက်အား

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးကို မခုခံနိုင်ဘူး၊ ဒုတိယကို ခုခံနိုင်ရင် တတိယကို ခုခံနိုင်မှာ မဟုတ်တော့ဘူး၊ ဒါကြောင့် ဒီလက်သီးသိုင်းပညာကို ခုနစ်ဆင့်လက်သီးသိုင်းလို့ ခေါ်တာပေါ့"

ကျန်းဟူကျင်းက ရှက်စွန်းအနားသို့သွား၍ –

"အဖေကြီး – အဲဒီ လက်သီးသိုင်းပညာကို သားသား ကို သင်ပေးပါလောနော်–နော်"ဟု ကပ်ချွဲနေလေ၏။

ရှက်စွန်းက ခေါင်းခါ၍ –

"မဖြစ်ဘူး သားသား၊ မဖြစ်ဘူး"

"ဟင့်အင်း–ဟင့်အင်း၊ သားသားကို အဖေကြီး သင်ပေး မယ်"

ကျန်းဟူကျင်းက အတင်းပင် ကပ်ချွဲကာ ပူဆာနေပြန်သည် သို့သော် ရှက်စွန်းက ခေါင်းခါမြဲပင်။ ထိုအခါ ချင်းတူးတူး ကြားဝင်ဖျောင်းဖျရ၏။

"သားသားကလဲကွယ်၊ ဒီလောက်ဆို နားလည်ရော သားသားရဲ့အဖေကြီး သိုင်းပညာက အင်မတန် နက်နဲ ခက်ခဲတ ကွယ့်၊ မြင့်မားတဲ့ အတွင်းအား သိုင်းပညာ အခံမရှိရင် ဘယ့်နယ်က လေ့ကျင့်နိုင်မှာလဲသား။

ကျန်းဟူကျင်းက ခွဲမလျှော့သေး။



"ဒီလိုဆိုရင် သားသား အတွင်းအား သိုင်းပညာကို ကောင်း ကောင်းကျင့်ပြီးမှ ဒီလက်သီးသိုင်းပညာကို သင်မယ်"

ရှက်စွန်းက ကျန်းဟူကျင်းကို သူ့အနားသို့ဆွဲယူကာ ဦးခေါင်း ကို ပွတ်သပ်ပေးရင်း –

"အဲဒီ ခုနစ်ဆင့် လက်သီးသိုင်းကို မကျင့်ချင်ပါနဲ့ လူလေး၊ ဒီလက်သီးသိုင်းကို ကျင့်ရင် သိုင်းအားတစ်မျိုးအတွက် ကိုယ်ကိုယ် တိုင် အတွင်းဒဏ်တစ်မျိုး ခံရမယ်။ ဒါကြောင့် သိုင်းအား ခုနစ်မျိုး စလုံးကို ထုတ်နိုင်စွမ်းရှိတဲ့အခါကျရင် ကိုယ်ကိုယ်တိုင်လဲ အတွင်း ဒဏ်ရာ ခုနစ်မျိုးရထားပြီးပြီကွယ်၊ တခြားမကြည့်နဲ့၊ အဖေကြီးကိုပဲ ကြည့်၊ အဖေကြီးကိုယ်တိုင် ဒီလက်သီးသိုင်းကိုကျင့်လို့ ဦးနှောက် ကြော ထိခိုက်ပြီး တစ်ခါ တစ်ခါ ဖောက်ပြန်တဲ့စိတ်ရိုင်းတွေ ဝင်၊ ဝင်လာတယ်ဆိုတာ သားတို့လဲ သိသားပဲ မဟုတ်လား"

ချင်တူးတူးနှင့် ကျန်းချွေးဆန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ သူတို့တွေ၏စိတ်ထဲတွင် ဤမျှ နားလည်မှုရှိပြီးယဉ်ကျေးသိမ်မွေ့လှသော လူတစ်ယောက်က တစ်ခါ တစ်ရံ ဖောက်ပြန်သော စိတ်ရိုင်းများ ထွက်လာရသည့် အကြောင်း ရင်းမြစ်ကို သိရတော့သည်။ ရှက်စွန်းကပင် ဆက်၍ –

"တကယ်တော့ အဲဒီလို ဦးနှောက်ကြောထိခိုက်ပြီး တစ်ခါ ခါ စိတ်ရိုင်းဝင်ရတာက ဆန္ဒစောပြီး ခုနစ်ဆင့်လက်သီးသိုင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကျင့်မိလို့ပဲလူလေး၊ အဲဒီတုန်းက အဖေကြီးရဲ့ရင်ထဲမှာ မီးဟုန်းဟုန်းတောက်နေတော့ ကလဲ့စားချေချင်တာတစ်ခုပဲသိတာကိုး၊ တကယ်လို့သာ အဖေကြီးရဲ့ အတွင်းအားက ဘုန်းတော်ကြီး ခုံးကျက်လောက်ဟုတ်တန်းဆရာကြီး ကျန်းဆန်းဖုန်းလောက်ထိ မြင့်မားပြည့်ဝတော့မှ ခုနစ်ဆင့်လက်သီးသိုင်းကိုကျင့်ရင် အဖေကြီးမှာ ဘယ်လိုမှ အတွင်းဒဏ်ရာ မရနိုင်ဘူး၊ ဦးနှောက်ကြောတွေလဲ ထိခိုက်ခံရမှာ မဟုတ်ဘူး၊ ဒါပေမယ့် အဖေကြီး စောစောက ပြောတဲ့အတိုင်းပေါ့ကွယ်၊ နေ့ရှိသရွေ့ အချိန်ရှိသရွေ့ ကလဲ့စားချေလိုတဲ့ဆန္ဒပဲ ရှိနေတော့ ခုံးတုံ့ဂိုဏ်းက ခုနစ်ဆင့်လက်သီးသိုင်း ကျမ်းစာအုပ်ကို အတင်းလုယူပြီး မဆင်မချင် ချက်ချင်းကောက်ပြီး ကျင့်တော့တာပဲကွယ်။

"အဲဒီလို ကျင့်လာရာက ကိုယ့်ကိုယ်ကို အတွင်းဒဏ်ရာရသွားပြီလို့ သိတဲ့အချိန်ကျတော့ နောက်ကျသွားပြီ လူလေး၊ ဟိုတုန်းက အဖေကြီး ဘာမှ မစဉ်းစားမိခဲ့တဲ့အကြောင်း ဆက်ပြောရဦးမယ် လူလေး၊ ဒီ ခုနစ်ဆင့်လက်သီးကျမ်းစာအုပ်ကို ခုံးတုံ့ဂိုဏ်းက ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပေမယ့် သူတို့ဂိုဏ်းထဲက ဘယ်သိုင်းသမားမှ ဒီလက်သီးသိုင်းကို ကျင့်ခွင့်မပြုဘူး၊ အကြောင်းက အဲဒီလိုပိတ်ပင်ထားတာဟာ အဖေကြီးလို အတွင်းအားမြင့်မားပြည့်ဝတဲ့လူ မဟုတ်ဘဲ သွားကျင့်မိရင် အတွင်းဒဏ်ရာရမှာ သေချာလို့ ပိတ်ပင်ထားရတာယ်ဆိုတာ အဖေကြီး နောက်မှပဲစဉ်းစားမိတယ်ကွယ့်"



ရှက်စွန်းက စကားအဆုံးတွင် အတန်ကြာ ငြိမ်သက်သွားပြန်ရာ ဆန့်တငင်ငင် ဖြစ်သွားဟန်တူသော ကျန်းဟူကျင်းက ဆက်လက်ကြားလိုသဖြင့်–

"အဖေကြီး ဆက်ပြောပါဦး" ဟု ပူဆာပြန်၏။

ထိုအခါ ရှက်စွန်းက –

"အဖေကြီးက ခုနစ်ဆင့် လက်သီးသိုင်းကို ကျင့်ရတာဟာ တခြားမဟုတ်ဘူးလူလေး၊ တကယ်တော့ ဒီလက်သီးသိုင်းဟာ အဖေကြီး ကလဲ့စားချေချင်နေတဲ့ အဖေကြီးဆရာရဲ့ မိုးကြိုးလက်သီးသိုင်းနဲ့ အတော့်ကိုတူလို့ပါပဲ။

"လက်သီးကို ထိုးထုတ်တဲ့အခါမှာ အသံက မိုးကြိုးခွင်းသလို ဟိန်းပြီးထွက်လာတတ်တယ်၊ ဒါကြောင့် တကယ်လို့ အဖေကြီးက အဖေကြီးရဲ့ဆရာကို ရှာလို့တွေ့ပြီး ဒီခုနစ်ဆင့် လက်သီးသိုင်းနဲ့ ထိုးလိုက်ရင် အဖေကြီးဆရာကတော့ သူ့မိုးကြိုးလက်သီးသိုင်းနဲ့ ထိုးလိုက်တယ်လို့ထင်ပြီး တစ်ချက်ကြောင်သွားမယ်၊ အဲဒီအခါမှာ အဖေကြီးရဲ့ လက်သီးအတွင်းအားက သူ့ကိုယ်ပေါ်ကို ထိသွားပြီကွယ့်၊ သူသတိပြန်ထားပြီး ခုခံကာကွယ်ချင်တာတောင် အချိန်မီမှာမဟုတ်တော့ဘူး လူလေး။

"ဒီမယ် လူလေး၊ သား အဖေကြီးကို ကောက်ကျစ်တယ်၊ ဉာဏ်နီ ဉာဏ်နက်များတယ်လို့ မထင်ပါနဲ့ကွယ်၊ အဖေကြီးရဲ့ဆရာက

www.burmeseclassic.com

www.burmeseclassic.com



အပြင်ပန်းကသာ ရိုးပုံပေါ်ပေမယ့် သူ့နှလုံးသားကတော့ရက်စ ကြမ်းကြုတ် ယုတ်မာလွန်းတယ် လူလေး၊ လောကမှာ အကော ကျစ်ဆုံးနဲ့ အကြမ်းကြုတ်ဆုံး အရက်စက်ဆုံးလူကို ပြပါဆိုရင် အ ကြီးရဲ့ ဆရာကိုပဲ ပြရလိမ့်မယ်ကွယ့်၊ ဪ-အဖေကြီးလဲ ပြော ရင်းနဲ့ စကားက ဟိုရောက် ဒီရောက် ရောက်သွားပြီး ခုံးကျ ဆရာတော်အကြောင်းကို အခုမှ ပြောဖို့သတိရတော့တယ်။

"အဲဟိုညမှာအဖေကြီးက ခုနစ်ဆင့် လက်သီးသိုင်းရဲ့ အတွ အားကျင့်စဉ်ကို သုံးပတ်လောက် လေ့ကျင့်ပြီးတာနဲ့အခန်းထဲ ခုန်ထွက်ပြီး ချိုရှင်ချောင်းကို သွားရှာဖို့ ကြိုးစားတော့တယ်။

"အဲ-အဖေကြီး ဝင်းထရံကိုလဲခုန်ကျော် ထွက်လိုက်ရော အဖေကြီးရဲ့ကိုယ်က မြေပေါ်မရောက်သေးခင် လူတစ်ယောက် အဖေကြီးရဲ့ပခုံးကို အသာလေးပုတ်လိုက်တာ ခံရတယ်ကွယ့်၊ အဲဒီတော့ အဖေကြီးရဲ့စိတ်ထဲမှာ တဒိတ်ဒိတ်နဲ့ အကြီးအကျယ် တုန်လှုပ်သွား ရတာပေါ့ လူလေးရယ်။

"ဘာကြောင့်လဲဆိုတော့ အဖေကြီးလောက် သိုင်းပညာအဆ ရှိတဲ့လူက သူများရဲ့နောက်ကနေ လာပုတ်တာကိုတောင် မကာကွယ် နိုင်ဘူးဆိုတာ အဖေကြီး တစ်သက်မှာတစ်ခါမှ မကြုံခဲ့ရဖူးသ လူလေး။



"လူလေး စဉ်းစားကြည့်စမ်း၊ တကယ်လို့ အဲဒီလူဟာသာ အဖေကြီးကို အတွင်းအားထုတ်ပြီး ရိုက်လိုက်ရင် အဖေကြီး မသေ ပါလား၊ အဲဒီတုန်းက အဲဒီလို အဖေကြီးရဲ့ ပခုံးကို တစ်ချက် အပုတ်ခံလိုက်ရတာနဲ့ ချက်ချင်းပဲ နောက်ပြန်လှည့်ပြီး သူ့လက်ကို မ်းဖို့ကြိုးစားလိုက်တယ်ကွယ်။

"ဒါပေမယ့် အဲဒီလူကအဖေကြီးရဲ့နောက်ကျောဘက် ချက် ချင်း ပြန်ရောက်သွားပြီး နောက်တစ်ခါ အဖေကြီးရဲ့ပခုံးကို ပထမ တစ်ခါလိုပဲ အသာလေး ပုတ်လိုက်ပြန်ရော၊ နောက်တော့ အဖေကြီး သူ့ကိုမမြင်ခင် သူ့ရဲ့သက်ပြင်းချသံကြားရပြီး အဖေကြီးကို ဘာပြော သလဲဆိုတော့ "အမြင်မှန် ရပါတော့တဲ့" ကွယ်"

ကျန်းဟူကျင်းက ခစ်ခနဲ ရယ်ပြီး -

"အဖေကြီး ဒီလူက အဖေကြီးနဲ့ ကစားနေတယ်ထင်တယ်"

ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့မှ ရှက်စွန်း၏ပခုံးကိုပုတ် လိုက်နိုင်သော လူမှာ ခုံးကျက်ဆရာတော်ပင် ဖြစ်ရမည်ဟု တွက်မိ လိုက်ပြီး၊ ရှက်စွန်း၏ စကားဆက်ကို စိတ်ဝင်စားစွာ ဆက်လက် နားစိုက်ထောင်လိုက်ကြ၏။ ရှက်စွန်းက တစ်ချက်ပြုံး၍ -

"အင်း-အဲဒီတုန်းက အဖေကြီးတစ်ကိုယ်လုံး အေးစ ဆောင့်တင်းသွားတာပဲကွယ်၊ ဒီလူရဲ့ သိုင်းပညာနဲ့ဆို တကယ်လို့ သူကသာ အဖေကြီးကို သတ်ချင်ရင် မျက်ဆိတ်တစ်ချက်တောင် သတ်

www.burmeseclassic.com

www.burmeseclassic.com



သဲလောက်ကို လွှယ်မှာပဲကွယ်၊သူက "အမြင်မှန်ရပါတော့" လို့ ဆိုတဲ့စကားကို ပြောပြီးတာနဲ့ အဖေကြီးကိုလဲနောက်ပြန်လှည့်ကြည့် လိုက်တော့ သူ့ကို လုံးဝမတွေ့ပြန်ဘူး၊ အဖေကြီး တကယ့်ကို ကြက်သီးမွေးညင်းတွေတောင် ထ,သွားမိတယ်ကွယ်၊ အဲ-ဒါပေမယ့် အဖေကြီးနဲ့ ပေသုံးဆယ်အကွာမှာတော့ ဘုန်းတော်ကြီးတစ်ပါး ကျွန်ုပ်သိကွာနဲ့ ရပ်နေတာကိုပဲအဖေကြီးမြင်လိုက်ရတယ် လူလေး ဒီ ဘုန်းတော်ကြီးက ဒီလောက်တိုတောင်းတဲ့ အချိန်တွင်းမှာ ဒီလောက် ဝေးတဲ့ နေရာအထိ ခုန်ဆုတ်သွားနိုင်တာကို ထောက်ချင့်ရင် သူ့ရဲ့ ကိုယ်ဖော့သိုင်းပညာဟာ ဘယ်လောက်မြင့်မားတယ်ဆိုတာ ခန့်မှန်း လို့တောင် မရတော့ဘူး လူလေး၊

"အဲဒီ အချိန်မှာပဲ ဘုန်းတော်ကြီးက "ဒကာကြီး ရှက်စွန်း ဘုန်းကြီးက ခုံးကျက်ပါ" လို့ မိန့်မြွက်တယ်ကွယ့်၊ အဖေကြီးက ခုံးကျက်ဆိုတဲ့ဘွဲ့အမည်ကို ကြားလိုက်တော့မှ ရှောင်လင် ဘုရား ကျောင်းရဲ့ ဝါအကြီးဆုံး ဘုန်းတော်ကြီးလေးပါးထဲက တစ်ပါးဆိုတာ သိလိုက်ရတော့တယ်၊ ဒါကြောင့်မို့လဲ ဘုန်းတော်ကြီးရဲ့ သိုင်းပညာက အံ့မခန်းလီလီ မြင့်မားတာကိုးကွယ့်"

✦ ✦ ✦

# အခန်း (၁၉)

www.burmeseclassic.com

www.burmeseclassic.com

## အတိတ်၏ ဝေဒနာ အရိပ်များ

ကျန်းချေးဆန်းသည်လည်းကောင်း၊ ချင်တူးတူးသည် ည်းကောင်း ဘုန်းတော်ကြီး ခုံးကျက်အား ရှက်စွန်းက နောက်ဆုံးတွင် က်သီးဖြင့် ထိုးသတ်ခဲ့သည်ကို စဉ်းစားမိသော အခါ လွန်စွာ တ်မကောင်းခြင်း ဖြစ်သွားရှာ၏။ ရှက်စွန်းက ဆက်၍

“အဖေကြီးက ဒီ ဘုန်းတော်ကြီးကို မေးလိုက်တယ်၊ “ဘာဖြစ်လို့ တပည့်တော်ကို လာတွေ့တာလဲ” လို့၊ ဒါနဲ့ ဘုန်းတော်ကြီး ပြန်းတယ်၊ အဖေကြီးက ချိုရှင်ချောင်းကို သွားသတ်ဖို့ ကြိုးစားနေတာ မဟုတ်ဘူးလားတဲ့၊ ဒီစကားကို ကြားတော့ အဖေကြီး လဲအံ့သြ၊ ထိတ်လဲထိတ်လန့်သွားတဖော် လူလေး၊ ဘုန်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ခုံးကျက်က ဆက်ပြီး မိန့်ကြားပြန်တယ်၊ ဘယ်လိုလဲဆိုတော
အဖေကြီးက သိုင်းလောက တစ်ခုလုံးကို သိမ့်သိမ့်တုန်အော
အမှုတစ်ခုကို လုပ်ပြီး အဖေကြီးရဲ့ဆရာ မိုးကြိုးလက်သီး ချန်ခွ
ပုန်းနေရာက ပြန်ထွက်လာအောင် လုပ်ဖို့ ကြိုးစားနေတယ် တ
ဒါမှ အဖေကြီးက အဖေကြီးရဲ့မိသားတစ်စုလုံး အသတ်ခံရေ
သွေးကြွေးကို ကလဲ့စား ချေနိုင်မှာတဲ့၊ အဖေကြီးက ဒီဘုန်းတော်ကြ
ဒီလျှို့ဝှက်ချက်တွေ အားလုံးကို သိနေတာတွေ့ရတော့ ပိုပြ
အံ့ဩထိတ်လန့်သွားတာ ပေါ့၊ အမှန်က ဒီလျှို့ဝှက်ချက်တွေ
အဖေကြီး ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး၊ အဖေကြီးဆရာကတ
သူ့အရှက်ကွဲ အကျိုးနည်းရမယ့် ကိစ္စကို သူတစ်ပါးကို ပြောပြ
မဟုတ်ဘူး၊ ဒါဖြင့် ဒီ ဘုန်းတော်ကြီးက ဘယ်လိုလုပ်ပြီး သိရတာလဲ
အဖေကြီး စဉ်းစားလို့ မရခဲ့ဘူးကွယ်။

"ဒါနဲ့ အဖေကြီးက ဘုန်းတော်ကြီးကို အဖေကြီးရဲ့ဆ
ဘယ်မှာရှိတယ်ဆိုတာကို မေးကြည့်လိုက်တယ်၊ ဘုန်းတော်ကြီး
သက်ပြင်းတစ်ချက်ချပြီးတော့ ဘယ်လို မိန့်မြွက်သလဲဆိုရင်

"ဒကာကြီးရဲ့ဆရာ ချန်ခွန်းရဲ့အပြစ်က သိပ်ကို ကြီးလေး
တယ်၊ ဒါပေမယ့် ဒကာကြီးက သူ့တစ်ယောက်တည်းအတွက်
သိုင်းလောကက ဘာမှမသက်ဆိုင်တဲ့ လူတွေကိုအများကြ
သတ်ခဲ့တယ်၊ ဒါကြောင့် ဒကာကြီးမှာလဲ အပြစ်ကြီးလေးပါတယ်



အဖေကြီး စိတ်ထဲမှာတော့ ဘုန်းတော်ကြီး ဒီလို မိန့်မြွက်တာကို မကျေနပ်ဘူး၊ ဒါပေမယ့် အဖေကြီးက ဘုန်းတော်ကြီးရဲ့ သိုင်းပညာကို ကြောက်ပြီး ဘာမှစောဒက မတက်ရဲဘူး၊ ဒါနဲ့ အဖေကြီးက 'တင်ပါ့ဘုရား တပည့်တော် ဒီလိုပြစ်မှုတွေ ကျူးလွန်ရတာက တပည့်တော်ရဲ့ဆရာ ပုန်းကွယ်နေလို့ သူ့ကိုဘယ်လိုမှ ရှာမတွေ့ဖြစ်ပြီး၊ သူ ပုန်းကွယ်နေရာက ထွက်လာလို ထွက်လာငြားနဲ့ အခုလိုပြစ်မှုတွေ ကျူးလွန်မိတာပါလို့ ဝန်ခံလျှောက်ထားလိုက်ပါတယ်'

ဘုန်းတော်ကြီး ခုံးကျက်က ဦးခေါင်းတော်ကို တစ်ချက်ညိတ်ပြီး...

'ဘုန်းကြီးက ဒကာကြီး ရင်ထဲက ဒေါသ 'ရန်ညိုးမီးတွေ ဘယ်လောက် တောက်လောင်နေတယ်ကို သိပါတယ်၊ ဒါပေမယ့် ဒကာကြီးရဲ့ဆရာ ချန်ခွန်းရဲ့ သိုင်းပညာဟာ အရင့်အရင်ကထက် ပြီးမြင့်နေတယ်၊ ဒကာကြီးရဲ့ သိုင်းပညာက သူနဲ့ သိပ်အဆင့်ကွာ လွန်းနေတယ်၊ ဒီ ရန်ကြွေးကိုတော့ ဒကာကြီးချေနိုင်မှာ မဟုတ်သေးဘူး...လို့ မိန့်မြွက်တယ် လူလေး၊ ဒါနဲ့ အဖေကြီးက...။

'ချန်ချွန်းဟာ တပည့်တော်ရဲ့ ဆရာပဲ၊ တပည့်တော်က သူ့အကြောင်းကို ကောင်းကောင်း သိပါတယ်'လို့ ပြန်လျှောက် ထားလိုက်တယ်၊ ခုံးကျက် ဆရာတော်က ဦးခေါင်းကို ခါယမ်းပြီး...။

'သူ အခု ဆရာကောင်းတစ်ယောက်နဲ့ တွေ့သွားပြီ၊ ဒီသုံး

www.burmeseclassic.com

www.burmeseclassic.com



နှစ်အတွင်းမှာ သူ့ရဲ့ သိုင်းပညာက အရင့်အရင်ကထက် အများကြီး တိုးတက်သွားပြီကွယ့်၊ ဒကာကြီးက ခုနှစ်ဆင့်လက်သီးသိုင်းကို လေ့ကျင့် တတ်မြောက်ပေမယ့်၊ ဒကာကြီးရဲ့ ဆရာကိုတော့ ဒဏ် ရ ရအောင် မလုပ်နိုင်ဘူး'တဲ့၊ အဖေကြီးက ဘုန်းတော်ကြီး မိန့်မြွက် တာကို လုံးဝ မယုံဘူး၊ ဒါကြောင့် အဖေကြီးက...။

'အရှင်ဘုရား ဘယ့်နှယ်လုပ် သိတာလဲ'လို့ မေးကြည့်လိုက် တော့ ဘုန်းတော်ကြီးက...

'ဒီ အကြောင်းတွေကို ချုန်ခွန်းက ဘုန်ကြီးကို ကိုယ်တိုင် လျှောက်ထားလို့ သိရတာပဲတဲ့'

ထိုစကားကို ကြားသော် ကျန်းချွေးဆန်း၊ ချင်တူးတူးတို့ နှုတ်မှ ဟာခနဲ အာမေဋိတ် ပြုမိလေ၏။ ကျန်းဟူချင်းမူ သူ့မွေးစား ဖခင် ရှက်ခွန်း၏ မျက်နှာကိုသာ စိုက်ကြည့်ရင်း စကားဆက်ကို ငံ့လင့်စွာ စောင့်နေလေသည်။ ရှက်ခွန်းက...

'ညီလေးတို့က ဒီးစကားကိုကြားတော့ သိပ်အံ့သြသွားကြ တယ် မဟုတ်လား၊ ဟုတ်တယ် အစ်ကိုကြီးလဲအဲဒီတုန်းက ဘုန်းတော် ကြီးရဲ့ မိန့်ခွက်ချက်ကို ကြားရတော့ အံ့သြလွန်းလို့ ထ,တော် ခုန်လိုက်မိတယ်၊ ဘုန်းတော်ကြီးက အစ်ကိုကြီး သိပ်အံ့သြသွားတာ မြင်တော့...။



'ဒီနှစ်တွေမှာ ချုန်ခွန်းက ဒကာကြီးရဲ့ ဘေးနားမှာ အမြဲတမ်း ပဲရှိနေတယ်၊ ဒါပေမယ့် သုက ရုပ်ဖျက်ထားတယ်၊ ဒါကြောင့် ဒကာကြီး သူ့ကို မမှတ်မိဘူးတဲ့၊ ခုံးကျက်ဆရာတော်လို ဝါကြီး ဘုန်းတော်ကြီးက အစ်ကိုကြီးကို လိမ်ညာလှည့်ဖြားမှာ မဟုတ်ဘူး ဆိုတာ အစ်ကိုကြီး စဉ်းစားမိလို့ အစ်ကိုကြီးက ယုံသွားပါတယ်၊ ဒါနဲ့ အစ်ကိုကြီးက ဘုန်းတော်ကြီးကို မေးလိုက်တယ်...'ဘာဖြစ် လို့ တပည့်တော်ရဲ့ ဆရာက တပည့်တော်ကို မသတ်ရတာလဲလို့ပေါ့'၊ ဒီတော့ ဘုန်းကြီးက ပြန်မိန့်မြွက်တော်မူတယ်။

'တကယ်လို့ ဒကာကြီးဆရာက ဒကာကြီးကို သတ်ချင်ရင် လွယ်လွယ်လေးနဲ့ သတ်နိုင်ပါတယ်၊ ဒါပေမယ့် ဒကာကြီးကို သူ မသတ်ရုံတင် မကဘူး၊ ဒကာကြီးက ခုံးတုံဂိုဏ်းကနေ ခုနှစ်ဆင့် လက်သီး သိုင်းစာအုပ်ကို လုယူတုန်းက ထိပ်သီး သိုင်းသမားတွေ နဲ့ တိုက်ခိုက်တုန်းမှာ ဒကာကြီးရဲ့ ဆရာက တိတ်တဆိတ် ဒကာကြီးကို ကူညီတိုက်ခိုက်ပေးသေးတယ်...တဲ့'

ကျန်းချွေးဆန်းတို့မှာ နားထောင်ရင်း နားထောင်ရင်း ပို၍ အံ့သြနေရတော့၏။ သူတို့ ဇနီးမောင်နှံ နှစ်ဦး၏ အသိထဲတွင် ရှက်ခွန်းသည် လွန်စွာ ဉာဏ်ထက်မြက်သော၊ အစွမ်းထက်သော ပုဂ္ဂိုလ် တစ်ယောက်ဟု သိထားကြ၏။ ယခုသော် ရှက်ခွန်းပြောပြ သော အကြောင်းအရာကို ထောက်ချင့်ခြင်းဖြင့် ရှက်ခွန်း၏ ဆရာက

www.burmeseclassic.com

www.burmeseclassic.com



စွန်းထက် ဉာဏ်ရည်ရော၊ နှလုံးရည်ပါလွန်စွာ မြင့်မားကြောင်း ...ရတော့၏။ ရှက်စွန်းက သက်ပြင်း တစ်ချက်ချပြီး ဆက်၍...

'ဘုန်းတော်ကြီးက ဆက်ပြီး မိန့်မြွက်ပြန်တယ်။

'ဒီမယ် ဒကာကြီး၊ ဒကာကြီးရဲ့ ဆရာက သေရည် သေရက် ကြောင့် စိတ်ရိုင်းဝင်ပြီး ဒကာကြီးရဲ့ တစ်အိမ်သားလုံးကို သတ်လိုက် မိတာပါ၊ သူက အဲဒီအတွက် နောင်တကြီးစွာရလို့ ဒကာကြီး နောက်ထပ် မသတ်ရက်တော့ဘူး၊ ဒါကြောင့် ဒကာကြီးက သူ့ နှစ်ကြိမ်တိတိသွားပြီး ကလဲ့စားချေပေမယ့်၊ သူက ဒကာကြီး အသေမသက်ခဲ့ဘူး မဟုတ်လား၊ ဒါကြောင့် ဒကာကြီးက သူ့ မဲပြီး မဆီမဆိုင်တဲ့ လူတွေကို မသတ်ပါနဲ့တော့၊ ဖြစ်ပြီးသမျှ ကို တရားနဲ့သာ ဖြေတော့ပေါ့ ဒကာကြီး...တဲ့။

'ဒါနဲ့ ...လေး၊ အဖေကြီးက လျှောက်ထားလိုက်တ ကောင်းပါပြီ၊ ...ပည့်တော် ချိုရွှင်ချေင်းကို သွားမရှာတော့ပါဘူး ဒါပေမယ့် ချုန်ခွန်းကို တပည့်တော်နဲ့ လာတွေ့ခိုင်းပါဘုရား၊ ...တော့ ခုံးကျက် ဘုန်းတော်ကြီးက သူက ဒကာကြီးနဲ့ မတွေ့ရဲဘူ ဒါပေမယ့် ဘုန်းကြီးက ဒကာကြီးကို အသင်သေးလို့ ပြောတယ် မယူဆပါနဲ့၊ ဒကာကြီးက သူ့ကို တွေ့လဲ အပိုပါပဲ၊ ဘာဖြစ်လို့ လဲဆိုတော့ ဒကာကြီးရဲ့ သိုင်းပညာက သူနဲ့ အပုံကြီး ကွာလှတယ် ဒကာကြီးရဲ့ ရန်ကြွေးကို ဒကာကြီး ဆပ်နိုင်မှာ မဟုတ်တော့ဘူ တဲ့ကွယ်၊



'ဒီအခါမှာ အဖေကြီးလဲ အတော့်ကို မကျေမနပ် ဖြစ်သွား ...တယ်၊ ဒါနဲ့ အဖေကြီးက ...တင်ပါဘုရား၊ အကယ်၍ တပည့်တော် ...က သူနဲ့ လက်ရည် ပညာရည် သိပ်ကွာနေလို့ သူ့ကို မတိုက်ခိုက် ...င်ရင်လဲ တပည့်တော် သူနဲ့ တစ်ချီတစ်မောင်းတိုက်ပြီး သူ့လက် ...က်နဲ့ သေသွားရင်တောင်မှ သေပျော်ပါပြီ၊ ကျေနပ်ပါပြီ ဘုရား၊ ...ရန်ကြွေးကို အနိုင်နဲ့ပဲ ချေရချေရ အရှုံးနဲ့ပဲ ချေရချေရ တပည့် ...တော် မချေရမချင်း မကျေနပ်နိုင်ပါဘူး ဘုရားလို့ လျှောက်ထားလိုက် ...တယ်။

"ဒီတော့ ဘုန်းတော်ကြီးက အတော်ကြာအောင် စဉ်းစားနေ ...က်တယ်သားရဲ့၊ ပြီးတော့မှ – ဒီမယ် ဒကာကြီးနဲ့ ဘုန်းကြီး ...သောင်းအစား တစ်ခုလုပ်ကြရအောင်၊ ဒကာကြီးရဲ့ဆရာက ဒကာ ...ကြီးရဲ့မိသားစု ဆယ့်သုံးယောက်ကို သတ်ခဲ့တယ် မဟုတ်လား၊ ...တော့ကာ ဒကာကြီးက ဘုန်းကြီးကို လက်သီးနဲ့ ဆယ့်သုံးချက် ...တိ ထိုးပေတော့ တကယ်လို့ ဘုန်းကြီးက ဒကာကြီး လက်ချက်နဲ့ ...သေရာရခဲ့ရင် ဘုန်းကြီးက ဒကာကြီးရဲ့ဆရာကိစ္စကို ဝင်မစွက်ဖက် ...တော့ဘူး၊ ဒကာကြီးရဲ့ ဆရာလဲ ဒကာကြီးကို စွက်ပြီး ...တွေ့လိမ့်မယ်ကွယ်။

"တကယ်လို့ ဒကာကြီးကသာ ဘုန်းကြီးကို ဘာမှ ...ဖြစ်ရာ ...အောင် မလုပ်နိုင်ခဲ့ရင်တော့ ဒကာကြီးက မကျေနပ်နိုင်တဲ့ ရန်ကြွေး

www.burmeseclassic.com

www.burmeseclassic.com



ကို ကျေအေးပေးရလိမ့်မယ်၊ ဘယ်နှယ့်လဲ ဒကာကြီးပြော
လိုက်နာနိုင်သလားလို့ ဆိုတယ်၊ ဒီတော့ အဖေကြီးက အတန်
အောင် စဉ်းစားလိုက်တယ်ကွယ့်။

"ဘုန်းတော်ကြီး မိန့်မြွက်တာကို ငြင်းပယ်လို့လဲ မဖြစ်
ဘူး၊ ဒါနဲ့ အဖေကြီးက ကောင်းပါပြီ ဘုရား၊ တကယ်လို့ တ
တော်ရဲ့လက်သီးချက်ကို ဆရာတော်ဘုရားက မခုခံနိုင်ရင်
ချင်းပြောပါ၊ တပည့်တော်လက်သီးကို တပည့်တော် ပြန်ရုပ်
ပါမယ် ဒါပေမယ့် ဆရာကြီးက တပည့်တော်ရဲ့ဆရာကို
မပျက်မကွက် ခေါ်ထုတ်ပြီး တပည့်တော်နဲ့ ရင်ဆိုင်စေရမယ်

"အဖေကြီး အဲဒီလို လျှောက်ထားတော့ ခုံးကျက်ဆရာ
က ပြုံးပြီး။

"ကောင်းပြီ ဒကာကြီး၊ ဒကာကြီးဆန္ဒအတိုင်း ဖြစ်စေ
မယ်၊ ကိုင်း ဒကာကြီး ဘုန်းကြီးကို စ,ထိုးနိုင်ပါပြီ"လို့ မိန့်
တယ်ကွယ့်၊ အဖေကြီးက ဘုန်းတော်ကြီးရဲ့ ဥပဓိရုပ်ဟာ သိ
ကြည်လင်အေးမြပြီး သိက္ခာသိပ်ရှိတာကို ဖူးမြင်ရတော့ ဆရာ
ကို အဖေကြီးက ပထမလလ( ° ကို သုံးဆင့်လောက်ပဲ အားယူ
ပြီး ဗုန်းခနဲ သူ့ရင်ဝကို ထိုးလိုက်တယ်'

ကျွန်းဟူကျင်းက စိတ်ဝင်တစားဖြင့် နားထောင်နေရာ



"အဖေကြီး၊ အဖေကြီးက ခုနစ်ဆင့်လက်သီးသိုင်းအားနဲ့ ထိုးတာလား" ဟု မေးလေ၏။

ရှက်ဇွန်းက ခေါင်းခါ၍ "မဟုတ်ဘူးသား၊ အဖေကြီးက အဖေကြီးဆရာရဲ့ မိုးကြိုးလက်သီးသိုင်းနဲ့ ထိုးလိုက်တယ်ကွယ့်၊ အဲဒီလိုထိုးလိုက်တော့ ဘုန်းတော်ကြီးရဲ့ကိုယ်က လိမ့်သွားပြီး နောက်ကို တစ်လှမ်းဆုတ်လိုက်တယ်၊ ဒီတော့ အဖေကြီးက စိတ်ထဲက စဉ်းစားလိုက်တယ်ကွယ့်၊ ငါ့လက်သီးကို အားသုံးဆင့်ပဲ ထုတ်ပြီး ထိုးလိုက်တာတောင် ဘုန်းကြီးက နောက်ကို ခြေတစ်လှမ်းဆုတ်သွားပြီး တကယ်လို့ ငါကသာ ခုနစ်ဆင့်လက်သီးသိုင်းကို ထုတ်သုံးရင်တော့ ဒီဘုန်းကြီးပျံလွန်တော်မူသွားမှာ သေချာတယ်လို့ စဉ်းစားမိတယ်၊ ဒါနဲ့ ဒုတိယ လက်သီးထိုးချက်ကျတော့ အဖေကြီးက မိုးကြိုးလလက်သီးသိုင်းနဲ့ပဲ လျှော့လျှော့ပေါ့ပေါ့ ထိုးလိုက်ဖြစ်တယ်၊ အားကိုတော့ ငါးဆင့်အထိ တိုးထုတ်လိုက်တယ်။

"ဘုန်းကြီးကတော့ စောစောက အတိုင်းပဲ တစ်ချက်သာ ယိုင်ပြီး နောက်ကို တစ်လှမ်းဆုတ်ပြန်တယ်၊ ဒီတစ်ကြိမ်တော့ အဖေကြီးက အံ့သြလာမိပြီ၊ ဒီတော့ တတိယလက်သီးထိုးချက်ကျတော့ အဖေကြီးက ခုနစ်ဆင့်စလုံးထုတ်ပြီး ထိုးလိုက်တယ်၊ အဲ-ဒါပေမယ့် ထူးမခြားနားပါဘဲ လူလေးရေ၊ ဘုန်းကြီးက ပထမထိုးချက်အတိုင်း နောက်ကို တစ်လှမ်းပဲ ဆုတ်လိုက်ပြန်တယ်ကွယ့်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုနဲ့ အခြေအနေ မဟန်မှန်း အဖေကြီး သိလာတော့တာပေါ့၊ ဒါနဲ့ ချက်ချင်းပဲ အဖေကြီးက ခုနစ်ဆင့်လက်သီးသိုင်းကို ထုတ်မသုံးရင်တော့ ဒီဘုန်းကြီးကို ဘယ်လိုမှ ဒဏ်ရာရအောင် လုပ်နိုင်မှာ မဟုတ်ဘူးလို့ တွေးလိုက်မိတယ်၊ ဒါနဲ့ အဖေကြီးက ဘုန်းတော်ကြီးကို ရိုသေလေးစားသောအားဖြင့် သတိပေးလိုက်တယ်။

"ဒါပေမယ့် ဘုန်းတော်ကြီးက အဖေကြီးကို ဆက်သာထိုးကြိုက်သလို ထိုးစမ်း ဒကာကြီး" လို့ အတင်းထိုးခိုင်းနေတယ်ကွယ်၊ ပြီးတော့ နှုတ်တော်ကလည်း မိန့်တော်မူလိုက်သေးတယ်၊ အလွန်ရတောင့်ရခဲဖြစ်တဲ့ လူ့အဖြစ်ကိုရလာပြီးတဲ့လူတွေရဲ့ အသက်တွေ အလဟဿ မဆုံးရှုံးရအောင် သူ့ရဲ့အသက်ကို စွန့်ရရင်လဲ ကျေနပ်ပါပြီဘဲ့လေ။

"ဒါနဲ့ အဖေကြီးက အဖေကြီးရဲ့ စတုတ္ထလက်သီးကို ခုနစ်ဆင့် လက်သီးသိုင်းအားကို ထုတ်သုံးပြီး ထိုးလိုက်ရတော့တာပေါ့၊ ဗုန်းခနဲ အသံတစ်ချက် ဟိန်းထွက်တာနဲ့အတူ လက်သီးက ဘုန်းကြီးရဲ့ရင်ဝကို ချိန်သားကိုက် ထိုးမိလိုက်တယ်ကွယ့်၊ အဲဒီတော့ ဘုန်းကြီးရဲ့ရင်ဝက အထဲကို နည်းနည်းချိုင့်ဝင်သွားပြီး ဘုန်းကြီးဟာ ရှေ့တစ်လှမ်းတက်လိုက်တယ်"

ကျန်းဟူကျင်းက ရုတ်တရက်ထ၍ -



"ဟင်–တူးဆန်းလိုက်တာ၊ ဒီဘုန်းကြီးက ရှောင်လင်သိုင်းပညာတွေထဲက သံမဏိ ကိုယ်ခံသိုင်းပညာကို ထုတ်သုံးတာ ဖြစ်မယ်"ဟု ဆိုသည်။ ရှက်စွန်းက ခေါင်းတစ်ချက် ညိတ်၍ -

"ဟုတ်တယ်၊ အစ်ကိုကြီးရဲ့လက်သီးက ဘုန်းကြီးရဲ့ရင်ဝကို ဗုန်းခနဲ ထိုးလိုက်တဲ့အချိန်မှာ ဘုန်းကြီးရဲ့ကိုယ်ထဲကနေ တန်ပြန်အားတစ်ခု ထွက်ပေါ်လာတယ်။ ဒီအခါမှာ အစ်ကိုကြီးရဲ့ ရင်ဘတ်ထဲ ဗိုက်တွေထဲမှာ ဗလောင်ဆူပြီး အရာအားလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားသလားလို့ ခံစားလိုက်ရတယ်ကွယ့်။

"အစ်ကိုကြီးလဲ ချက်ချင်းသိလိုက်တယ်၊ ဘုန်းတော်ကြီးက အစ်ကိုကြီးရဲ့ ခုနစ်ဆင့်လက်သီးသိုင်းကို ခုခံကာကွယ်ဖို့အတွက် သံမဏိကိုယ်ခံသိုင်းကို ထုတ်သုံးလိုက်တယ်ဆိုတာ။

"အစ်ကိုကြီးလဲ ဒီရှောင်လင်ဂိုဏ်းရဲ့သံမဏိကိုယ်ခံ သိုင်းပညာဟာ ထိတ်ထိတ်ကြဲ အင်မတန် နက်နဲတဲ့ သိုင်းပညာငါးမျိုးထဲက တစ်မျိုးဖြစ်တယ်ဆိုတာ သိရတာကြာပြီဖြစ်ပေမယ့် ဒီတစ်ကြိမ်တည်းပထမဆုံး ကိုယ်တွေ့ခံစားလိုက်ရတယ်ကွယ့်၊ ဒီတော့ အစ်ကိုကြီး သိပ်တုန်လှုပ်ချောက်ချားသွားတာပေါ့ ညီလေး"

ကျန်းဟူကျင်းက ကြားဖြတ်၍–

"ဟင်–အဖေကြီး ဇာကယ်ကြောက်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သားလေး၊ အဖေကြီး အကြီးအကျယ် လန့်သွား တယ်ကွယ်၊ ဒါနဲ့ပဲ အဖေကြီးက ပဋ္ဌမလက်သီးချက်ကို ထိုးလိုက် ပြန်တယ်၊ ဒီတစ်ခါလည်း ဘုန်းကြီးက ရှေ့တစ်လှမ်းတိုးလာပြ ရော၊ အဖေကြီးလဲကမန်းကတန်း တန်ပြန်အားကိုထုတ်ပြီး ကြိုး ပြန်ဖြေလိုက်ရတယ်သား"

ရှက်စွန်းက စကားကို ခဏ ရပ်၍ သက်ပြင်းချသည် ပြီးမှ-

"ဒါနဲ့ အဖေကြီးက မထူးတော့ဘူးဆိုပြီး ဆက်တိုက်လက်သီး ခုနစ်ချက်ထိုးလိုက်တယ်၊ အဖေကြီးက အဲသလို ထိုးလဲထိုးပြီးရော ဘုန်းကြီးရဲ့ တန်ပြန်အားကြောင့် ကိုယ့်ကိုယ်ကို မထိန်းနိုင် နောက်ပြန်လဲကျသွားလေရော သားရေ၊ ဒါတောင် ဘုန်းကြီး အဖေကြီးကို ဒဏ်ရာရမှာစိုးလို့ တန်ပြန်အားကို လျှော့ပြီး ထုတ်တာ နဲ့မဟုတ်ရင်လား၊ အဖေကြီးမှာ အနည်းဆုံး အတွင်းဒဏ်ရာ ပြ ပြင်းထန်ထန် ရမှာ သေချာတယ်ကွယ့်"

"ဒီလိုနဲ့ အဖေကြီးက အကြီးအကျယ် စိတ်ဓာတ်ကျသွားတ ကွယ့်၊ အဲဒီလို စိတ်ဓာတ်ကျသွားတော့ အဖေကြီးခေါင်းထဲကို ရု တရက် အင်မတန်ယုတ်မာတဲ့ ဉာဏ်နီဉာဏ်နက်တွေဝင်လာ အဖေကြီးက။

"တော်ပြီ တော်ပြီ။ ဒီရန်ကြွေးကို မချေနိုင်တဲ့နောက်တော့ တပည့်တော် လူ့ပြည်မှာ နေ, နေလို့ အပိုပဲ၊ အလကားတော



ဖြစ်သွားပြီ" လို့ ပြောပြီး လက်ကိုမြှောက်ပြီးတော့ အဖေကြီးရဲ့ ငယ်ထိပ်ကို အဖေကြီးပြန်ရိုက်ချလိုက်တယ်"

ထိုအခါ ရုတ်တရက် ကျန်းဟူကျင်းက လက်ခုပ်လက်ဝါး တီး၍-

"ဟာ-အဖေကြီးက သိပ်လည်တာပဲ၊ ဒါပေမယ့် အဖေကြီး ဒီလိုလုပ်တာ သိပ်ရက်စက် ယုတ်မာတာပေါ့" ဟု ဆိုသည်။

ကျန်းချွေးဆန်းက ရုတ်တရက် သားဖြစ်သူ ကျန်းဟူကျင်း အားကို နားမလည်၍ -

"ဘာဖြစ်လို့လဲ သား" ဟု မေးလိုက်သည်။

ကျန်းဟူကျင်းက မာန်ပါပါ ကလေးအမူအရာဖြင့် -

"အဖေကြီးက ကိုယ့်ငယ်ထိပ်ကို ကိုယ်ပြန်ရိုက်တော့ ဟို- ဘုန်းတော်ကြီးက အဖေကြီးရဲ့လက်ကို လာဆွဲမှာပဲ၊ အဖေကြီးက ဘုန်းတော်ကြီး အဲဒီလို စိုးရိမ်တကြီးဖြစ်ပြီး သတိလက်လွတ် ခဏ ဖြစ်သွားတဲ့အချိန်မှာ ဘုန်းတော်ကြီးကို ထိုးမှာပေါ့ ဖေဖေရဲ့၊ ဒါပေ မယ့် ဘုန်းတော်ကြီးက အဖေကြီးကို ဒဏ်ရာရအောင် မလုပ်ခဲ့သလို အဖေကြီးကလဲ ဘုန်းတော်ကြီးကို ဒဏ်ရာရအောင် မလုပ်ပါဘူးနော်- နော်"

ကျန်းချွေးဆန်းနှင့် ချင်တွေးတူးတို့မှာ တုန်လှုပ်သွားကြ၏။ အကြောင်းမှာ သူတို့၏ သားလေးမှာ ဤမျှ အသိဉာဏ်ထက်မြက်

www.burmeseclassic.com

www.burmeseclassic.com



ပါးနပ်ပြီး ရှက်စွန်း၏ ပရိယာယ်ကို ချက်ချင်း ထိုးထွင်းသိမြင်လိုက် သောကြောင့်ပင် ဖြစ်၏။ အမှန်မှ သူတို့ဇနီးမောင်နှံပင်လျှင် ဝါရင့် သိုင်းသမားများ ဖြစ်သော်လည်း သားဖြစ်သူလောက် ဉာဏ်မသွား လှပေ။ ထိုအခါ ရှက်စွန်းက သက်ပြင်းချ၍ –

"ဟုတ်တယ် သားလေး၊ အဖေကြီးက ဘုန်းတော်ကြီးရဲ့ စိတ်ရင်းကောင်းတာကို အမြတ်ထုတ်ခဲ့မိတယ်ကွယ့်၊ အဖေကြီးက သား ပြောသလို အဲဒီလို ရက်စက်ယုတ်မာတဲ့ အကြံနဲ့ လုပ်လိုက် တာပါပဲ၊ ဒါပေမယ့် အဲဒီတုန်းက အဖေကြီးရဲ့ စိတ်ထဲမှာ တကယ် စဉ်းစားထားတယ်၊ ဘာလဲဆိုတော့ တကယ်လို့များ ဘုန်းကြီးက အဖေကြီးရဲ့လက်ကို လာမဆွဲရင် အဖေကြီးလေ တကယ်ပဲ ကိုယ့်ကိုယ် ကို သတ်သေပစ်ဖို့ စဉ်းစားဆုံးဖြတ်ထားတယ် သားရဲ့"

"ဘုန်းတော်ကြီး ခုံးကျက်က အဖေကြီး ကိုယ့်ငယ်ထိပ်ကို ကိုယ်ပြန်ရိုက်ဖို့ လက်မြှောက်လိုက်တာ မြင်တာနဲ့ လန့်ဖျပ်ပြီး ဟိတ်–ဒကာ၊ မလုပ်နဲ့၊ မလုပ်နဲ့–လို့ အော်ဟစ်ဟန့်တားတယ်ကွယ့် အဲဒီလို အော်ဟစ်ဟန့်တားရင်းက အဖေကြီးရဲ့ လက်ဝါးစောင်းကို ခုန်ပြီး ကာလိုက်တယ်။

"အဲဒီအချိန်မှာပဲ အဖေကြီးရဲ့ ဘယ်လက်သီးက ဘုန်းကြီး ရဲ့ရင်ဝကို "ဗုန်း" ခနဲ ထိထိမိမိ ထိုးလိုက်ပါလေရောကွယ်။ အဲဒီ အချိန်မှာ ဘုန်းတော်ကြီးက လုံးဝမမျှော်လင့်မိတဲ့အတွက် ကိုယ်ခန္ဓာ



အားကို လုံးဝထုတ်မထားတော့ သာမန်လူတစ်ယောက်ရဲ့ကိုယ်ခန္ဓာ နဲ့ ဘာထူးဦးမှာလဲ၊ အဖေကြီးရဲ့လက်သီးချက်ကို ဘယ်ခံနိုင်တော့ မှာလဲ၊ ဘုန်းကြီးက ချက်ချင်း အတွင်းဒဏ်ရာအပြင်းအထန် ရသွား ပြီးတော့ မြေကြီးပေါ်မှာ ဗိုင်းခနဲ လဲကျသွားတော့တာပဲ သား။

"အဖေကြီးလဲ ဒီလက်သီးကို ထိထိမိမိထိုးလိုက်ပြီး ဘုန်းတော် ကြီး အသက်မရှင်နိုင်တော့မှန်း သိတော့မှ အကြီးအကျယ် နောင်တ ရပြီး ဘုန်းကြီးရဲ့ကိုယ်ပေါ်မှာ မှောက်ငိုမိတော့တာပါပဲ သားရေ၊ ပြီးတော့ အဖေကြီးက ဆရာတော်ကြီးဘုရား၊ တပည့်ဟော်ဟာ ခွေးတွေ ဝက်တွေထက်တောင် ယုတ်ညံ့တဲ့ လူယုတ်မာကြီးပါ ဘုရားလို့ အော်ဟစ်ပြောလိုက်မိတယ် သား"

ထိုအချိန်တွင် ကျန်းချွေးဆန်းတို့အားလုံး ရုတ်ခြည်းငြိမ်သက် သွားကြ၏။ အကြောင်းမူ သူတို့၏ရင်ထဲတွင် လွန်စွာ ဝါကြီး၊ သိက္ခာကြီးတော်မူသော ဘုန်းတော်ကြီး ခုံးကျက်သည် ဤသို့ရှက် စွန်းလက်ချက်ဖြင့် ပျံလွန်တော်မူရသည်ကို ယူကျုံးမရ ဖြစ်မိ၍ပင် ဖြစ်သည်။

ထိုစဉ် ရှက်စွန်းက –

"ဘုန်းတော်ကြီးက ရထားတဲ့ကြားက အော်ဟစ်ငိုနေတာကို သိတော့ ဒဏ်ရာပြင်းပြင်းထန်ထန် ရထားတဲ့ကြားက ကြိုးစားပြီး အဖေကြီးကိုတောင် ပြန်နှစ်သိမ့်နေလိုက်သေးတယ်ကွယ့်၊ ဘုန်းကြီးက

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ သေမျိုးပါ၊ ဒကာကြီး ဘာမှ စိတ်မဆင်းရဲပါနဲ့၊ ဒကာကြီးရဲ့ ဆရာက လာတော့မယ်၊ ဒကာကြီးက သတိနဲ့ ဖြေရှင်းပါ။ ဆန္ဒဇောမကြီးပါနဲ့လို့ ဆိုတယ်ကွယ့်၊ ဒါနဲ့ အဖေကြီးက ရန်ကြွေးဆပ်ဖို့ ချက်ချင်း သတိပြန်ရပြီး ချက်ချင်းပဲတင်ပျဉ်ခွေ ထိုင်ပြီးတော့ အတွင်းအားကို ပြန်လေ့ကျင့်လိုက်တယ်ကွယ့်။

"ဒါပေမယ့်–အချိန်အတော်ကြာတဲ့အထိ အဖေကြီးရဲ့ဆရာ ပေါ်မလာသေးတာကို တွေ့ရတယ်၊ ဘုန်းတော်ကြီး ခုံးကျက်ရဲ့ မျက်နှာမှာလဲ အုံ့ဩတဲ့အမူအရာ ပေါ်နေတယ် သား။

"အဲဒီအချိန်မှာ ဘုန်းတော်ကြီးခုန်းကျက်ရဲ့ အသက်ဝိညာဉ်ဟာ ငင်ငင်လေးပဲကျန်တော့တယ်၊ ဘုန်းတော်ကြီးက ပြတ်တောင်း ပြတ်တောင်း လေသံနဲ့။

"မ . . မထင်မိဘူး၊ သူ . . ကတိမတည်တဲ့လူကိုး၊ သူက တစ်ခုခုများဖြစ်လို့ အခုလို မလာနိုင်တာလား . . . လို့ အားယူပြောရှာတယ်ကွယ်။

"ဒါပေမယ့် အဖေကြီးက ဆရာ့ကိုကလဲ့စာချေချင်ဇောနဲ့ ဖြုန်းခနဲ ဒေါသထွက်ပြီး ဆရာတော်ကြီးက တပည့်တော်ကို လိမ်ညာနေတာ,လို့ အော်ပြောလိုက်မိတယ်၊ ဘုန်းကြီးက ယဲ့ယဲ့ကလေး ကြိုးစားပြုံးပြီး။



"ဒကာကြီး–ဘုန်း . . ဘုန်းကြီးက . . ဒကာကြီးကို မ . . လိမ်ပါဘူး၊ အခုလို ဖြစ်ရတာကို ဘုန်းကြီး တကယ်လဲ စိတ် . . . မကောင်းပါဘူးကွယ်, လို့ ဆိုရှာတယ်၊ အဖေကြီးက ဒေါသအရှိန်မသေသေးတော့ ဘုန်းကြီးကို ထပ်ပြီး အော်ဟစ်ပြောဖို့ စိတ်ကူးမိသေးတယ်၊ ဒါပေမယ့် သားရယ် အဖေကြီးက ကိုယ့်ယုတ်မာကောက်ကျစ်မှုနဲ့ အပြင်းအထန် ဒဏ်ရာရနေတဲ့ပုဂ္ဂိုလ်က ကိုယ့်ကိုပြန်ပြီး နှစ်သိမ့်တောင်းပန်နေတာ တွေ့ရတော့ အဖေကြီး သိပ်ကိုနောက်သွားတယ်သား၊ ဒါနဲ့ပဲ အဖေကြီးက ဘုန်းတော်ကြီးရှေ့မှာ ဒူးထောက်ပြီး ဆရာတော်ကြီးဘုရား၊ ဆရာတော်ကြီး နောက်ဆုံးအမြွက်ကြားချင်ပါသလဲ ဘုရား၊ တပည့်တော် အသက်ပေးပြီးဖြည့်စွမ်း ပေးပါ့မယ်လို့ လျှောက်ထားပါတယ်၊ဘုန်းကြီးက ကြိုးစားပြုံးပြီး။

"အိမ်း–နောင် ဘယ်သောအခါမှာဖြစ်ဖြစ် ဒကာကြီးက သူ့သတ်တဲ့အခါမှာ ဘုန်းကြီးကို တစ်ခါတလေလောက်များ သတိရမိရင် ကျေနပ်ပါပြီလို့ မြွက်တော်မူတယ် သားရယ်။

"အင်း–အမှန်က ဒီဘုန်းတော်ကြီးဟာ တကယ့်ကို ဉာဏ်အမြော်အမြင်ကြီးမားပါတယ်သား၊ ဘုန်းတော်ကြီးက သိတယ်လေ၊ အဖေကြီးရင်ထဲမှာ မီးတောက်နေတယ်၊ ဒီအချိန် ဒီအခါမျိုးမှာ ရန်ကြွေးကို မဆပ်ပါနဲ့တော့၊ မေ့လိုက်ပါတော့၊ ခွင့်လွှတ်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တော့၊ ရေစက်မှုကြောင့် မကျူးလွန်ပါနဲ့တော့လို့ဆိုတဲ့ တိုက်ရိုက်စကားလုံးနဲ့ မိန့်မြွက်တော်မူခြင်း မဖြစ်နိုင်ဘူး။

"ဒါကြောင့် သွယ်ဝိုက်တဲ့ စကားလုံးကိုသုံးပြီး မိန့်မြွက်လိုက်ဟာပဲဖြစ်တယ်လို့ထင်ရ။ သြော်– ဒါနဲ့ ညီလေးကျန်းချွေးဆန်ဟိုတစ်ခါတုန်းက အစ်ကိုကြီးက ညီလေးရဲ့အသက်ကို မသတ်ခဲ့တာဟာ ရုတ်တရက် အစ်ကိုကြီးက ဘုန်းတော်ကြီးရဲ့စကားကို သတိရလို့ပဲကွယ်"

ကျန်းချွေးဆန်းမှာ ထိုစကားကိုကြားသော် လွန်စွာ အံ့သြသွားသည်နှင့်အမျှ တကယ်တမ်းတွင် ဟိုစဉ်က မိမိ၏အသက်ကို ကယ်တင်ခဲ့သူမှာ ဘုန်းတော်ကြီးနှုတ်ကျက်ဖြစ်ကြောင်း သိလိုက်ရသောအခါ ဘုန်းတော်ကြီး ခုံကျေးဇူးအပေါ်တွင် ပို၍ပို၍ လေးစားကြည်ညိုသွားမိ၏။ ထိုစဉ် ကျန်းဟူကျင်းက ရုတ်တရက် –

"အဖေကြီးက ဘာဖြစ်လို့ ဖေဖေနဲ့ အတွင်းအားချင်းပြိုင်ရတာလဲ" ဟု မေးလေသည်။

ချင်ဖူးတူးက အလောတကြီးဖြင့်–

"သူတို့ အရှေ့ဘက်တမ်း အားပြိုင်ကစားကြတာပါ သားဘယ်သူ့ အတွင်းအားပိုင်းက ပိုမြင့်မားတယ်ဆိုတာသိချင်လို့ ကစားကြည့်တာပဲ" ဟု စကားဝင်၍ ဖာထေးပြောလေ၏။ ကျန်း



ကျင်းက မိခင်ဖြစ်သူ၏ မျက်နှာအမူအရာကို အသေအချာ အကဲခတ်ပြီး မယုံနိုင်သောလေသံဖြင့် –

"အဖေကြီး၊ အဲဒီတုန်းက အဖေကြီးရဲ့မျက်စိက ကန်းပြီလား" ဟု ရှက်စွန်းအား ကောက်ကာ ငင်ကာ မေးပြန်သည်။

ထိုအခါ ချင်ဖူးတူးကပင် –

"ဟဲ့–သားလေး၊ မင်းဘာတွေ လျှောက်မေးနေတာလဲ" ဟု အော်ငေါက်လိုက်ပြန်သည်။

ရှက်စွန်းကမူ ကျန်းဟူကျင်း၏ အမေးကို ဖြေပါ၏။

"မကန်းသေးပါဘူး သား၊ ဘာဖြစ်လို့ မေးရတာလဲ"

ကျန်းဟူကျင်းက မိခင်ဖြစ်သူအား တစ်ခဏမျှ ကြည့်နေလိုက်၏။ မိခင်ဖြစ်သူ မာန်မဲမည်စိုး၍ပင်ဖြစ်သည်။

"သားလေး–အဖေကြီးပြောနေတယ်လေကွာ၊ ဘာဖြစ်လို့ မေးရတာလဲလို့"

ထိုအခါ ကျန်းဟူကျင်းက မိခင်ကို တစ်ချက်မျှ ကြည့်ပြီးနောက်

"ကေဖြင့် ဖေဖေက အဖေကြီးကို မနိုင်ပုံပေါ်တော့ မေမေက အဖေ့ဘက်ကနေပြီး အဖေကြီးရဲ့ မျက်စိကို အပ်ချောင်းနဲ့ ပစ်ပေါက်လိုက်တာဖြစ်မှာ"

"ကျန်းဟူကျင်း"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းနှင့် ချင်တူးတူးတို့၏ အော်ဝေါက်သံက ခက်ခက်ထန်ထန် ဟိန်းထွက်လာရာ ကျန်းဟူကျင်းခမျာ ထခုန်မိသည်အထိ လန့်ဖျပ်သွားရှာ၏။ ပြီး – စကားလည်း ဝင်မပြောဝံ့တော့ပေ။ ထိုအခါ ရှက်စွန်းကဝင်၍ –

"ညီလေးတို့ ကလေးကို လန့်အောင်မလုပ်ကြပါနဲ့ကွာ၊ သားလေး၊ လူလေးပြောစမ်း၊ လူလေးဘာဖြစ်လို့ ဒီလိုထင်ရသလဲဆိုတာ"

ကျန်းဟူကျင်းက မျက်နှာငယ်ငယ်လေးဖြင့် ဖခင်ကို လည်းကောင်း၊ မိခင်ကိုလည်းကောင်း ကြည့်ပြီး–

"ကျွန်တော် ...ကျွန်တော် ..."

သားပြောတာ မှန်တယ်သား၊ သားဖေဖေက အဖေကြီးကို မနိုင်လို့ သားမေမေက သားဖေဖေဘက်ကနေ ကူပြီး အဖေကြီးရဲ့ မျက်စိကို လျှို့ဝှက်အပ်ချောင်းလေးတွေနဲ့ ပစ်ပေါက်လိုက်တယ်ကွယ့် ဒါက ဟိုးအကြာကြီးတုန်းက ကိစ္စပါ သားရယ်၊ အဲဒီတုန်းက အဖေကြီးရဲ့အပြစ်ကြောင့် အဖေကြီးခံရတာပါကွယ်၊ အဖေကြီးက သားမေမေနဲ့ ဖေဖေကို လုံးဝအပြစ်မတင်ပါဘူး၊ ဒီကိစ္စကို သားမေမေက ပြန်ပြောပြလို့ သားသိတာလားဟင်"

အမှန်မှု ဤဖြစ်ရပ်ကို ချင်တူးတူး ဘယ်သောအခါမှ ပြောမည်မဟုတ်ကြောင်း ရှက်စွန်းသိ၏။

သို့သော် ရှက်စွန်းကိုယ်တိုင်က ဤသို့မေးလာတော့မှ ချင်တူးတူးတို့မှာ ကလေး၏စကားကို တားမြစ်ရန် မဖြစ်တော့ပေ။ ထိုအခါ–ကျန်းဟူကျင်းက –



"မေမေ ပြောပြလို့ သားသိတာ မဟုတ်ပါဘူး၊ အရင်တစ်ပတ်တုန်းက မေမေက သားကို လျှို့ဝှက်အပ်ချောင်းပစ်နည်း သင်ပေးမယ်လို့ ပြောပြီး နောက်နေ့ကျတော့ မေမေက မသင်တော့ဘူးတဲ့ အဖေကြီးရဲ့၊ ဒါကြောင့် သားသားထင်တာပေါ့။ ကေန္တ ဖေဖေက မေမေ့ကို မသင်ခိုင်းလို့ဘဲ ဖြစ်ရမယ်၊ ဖေဖေက အဖေကြီးသိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ပေါ့ အဖေကြီးရဲ့"

ရှက်စွန်းက တဟားဟား ရယ်လိုက်၏။ ပြီးလျှင် –

"ကဲ–ညီလေး၊ မင်းတို့ကြည့်စမ်း၊ ငါတို့ရဲ့ ကလေးက အခုကတည်းက ငါတို့ထက်တောင် ပိုပြီး ဉာဏ်ကောင်းနေပါလား၊ နောင်... ကြီးလာရင်တော့ ဘယ်လိုလုပ်ရတော့မှာလဲကွယ"

ကျန်းချွေးဆန်းတို့ ဇနီးမောင်နှံမှာလည်း ရုတ်ခြည်းပင် သားဖြစ်သူ ကျင်းဟူကျင်း၏ လက်နှစ်ဘက်ကို အလိုလိုဆုပ်ကိုင်မိလျက်သား ဖြစ်သွားကြလေ၏။ ဇနီးမောင်နှံ နှစ်ဦးစလုံးမှာ မိမိတို့သားလေးလွန်စွာ ဉာဏ်ကောင်းလှသည်ကို တွေ့ရသည့်အတွက် လွန်စွာ ဝမ်းသာကြခြင်းပင် ဖြစ်ပါ၏။ ပြီး ရင်ထဲတွင်လည်း အလွန်ပါးနပ် ဉာဏ်ကောင်းသော ဤသားလေးသည် ကြီးပြင်းလာသော တစ်နေ့တွင် မကောင်းမှုဒုစရိုက်များကို လုပ်လာမည်ကိုလည်း စိုးရိမ်သွားကြ၏။

ကျန်းဟူကျင်းသည် မိဘနှစ်ပါးက တယုတယ ပြုလာသောအခါ အနည်းငယ် ပြန်လည် အားတက်လာ၏။ ထို့ကြောင့် မွေးဖခင် ရှက်စွန်းအား ...

www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီး... ဟို ဘုန်းတော်ကြီးက နောက်ကျတော့ ဒကာ့ကို ကောင်းသွားသလား" ဟု မေးလာ၏။

"ဘယ်ကောင်းတော့မလဲ သားရယ်၊ နောက်ဆုံး ဘုန်းကြီးက အသက်ကို ပင်ပင်ပန်းပန်း ရှူရင်း အဖေကြီးကို မေးလိုက်တယ်"

"ဒကာကြီးရဲ့ဆရာ မလာသေးဘူးလား" တဲ့။

အဖေကြီးက ...

"မလာသေးဘူး" လို့ လျှောက်ထားတော့ ဘုန်းကြီးက-

"ဒီလိုဆိုရင် သူလာတော့မှာမဟုတ်ဘူး" လို့မြွက်ကြားပြီး တယ်။ အဖေကြီးက ...

"ဆရာတော်ကြီး စိတ်ချပါ၊ တပည့်တော်က လူတွေ အရမ်း မသတ်တော့ပါဘူး၊ ဒုစရိုက်မှုတွေလဲ မလုပ်တော့ပါဘူး တပည့်တော်က သူတစ်ယောက်တည်းကိုသာ တွေ့အောင်ရှာပြီး ကလဲ့စားချေမှာပါ" လို့ ပြောတော့၊ ဘုန်းကြီးက "ကောင်းတယ် ကောင်းတယ်၊ ဒါပေမယ့်... ဒကာကြီးရဲ့ သိုင်းပညာက သူ့ပညာထက် အပုံကြီး ကွာလွန်းတယ်၊ ဒကာကြီး' ဘုန်းကြီးက မိန့်မြွက်ရင်း အသံတိမ်ဝင်သွားတယ် လူလေး၊ ဒီတော့ အဖေကြီးက ဘုန်းတော် ကြီးရဲ့နှုတ်ခမ်းဝနားမှာ နားကိုကပ်ပြီး အတော့်ကို နားထောင်ယူ တယ်၊ ဘုန်းတော်ကြီးရဲ့ နောက်ဆုံးမိန့်မြွက်ချက်ကတော့ "ဒကာကြီး နဂါးနိုင်ဓားကို တွေ့အောင်ရှာပြီး ဓားရဲ့လျှို့ဝှက်ချက်ကို ရအောင် ဖော်ထုတ်နိုင်မှ သူ့ကို ယှဉ်နိုင်မှာ" တဲ့၊ အဲဒီလို မိန့်မြွက်ပြီးတော့ ဘုန်းတော်ကြီးလဲ ပျံလွန်တော်မူတော့တယ် သားလေး"



ကျွန်းချွေးဆန်းတို့ ဖနီးမောင်နှံသည် ရှုက်စွန်းတစ်ယောက် အဘယ့်ကြောင့်နဂါးနိုင်ဓား၏ လျှို့ဝှက်ချက်ကို ဤမျှ ဤမျှ အပင် ပန်းခံ၍ ရှာဖွေစဉ်းစား ဖော်ထုတ်နေရကြောင်းကို ယခုမှပင် သဘော ပေါက် ကြတော့သည်။ ပြီး ရှုက်စွန်း၏ စိတ်သဘောထား ဤမျှ ဆန်းရသည်ကိုလည်း နားလည်လိုက်ကြရလေ၏။

ရှုက်စွန်းက ဆက်၍ "အဲဒီဖြစ်ရပ်တွေ ဖြစ်ပွားပြီးတဲ့နောက် ...င်းကျတော့ အဖေကြီးက နဂါးနိုင်ဓား ထွက်ပေါ်လာတဲ့သတင်းကို ကြားလိုက်ရလို့ ဒီဓားကို ရအောင်လုယူလာခဲ့တာပါ၊ ဒါပေမယ့် ...ခုတော့လဲ ဘာမှ အကြောင်းအထည်မပေါ်ခဲ့ပါဘူး၊ ကိုလေးရှယ် ...င်း-ရှုက်စွန်း၊ ရှုက်စွန်း၊ မင်းတော့ ခုတစ်သက်မှာ ဒီရန်ကြွေးကို ...ပ်နိုင်တော့မှာ မဟုတ်တော့ပါဘူး"

ရှုက်စွန်းက သူပြောပြချင်သည်များကို ပြောပြပြီးသည်၏ ...ဆုံးတွင် ဤသို့ ညည်းတွားလိုက်လေ၏။ ထိုအခါ ကျွန်းချွေးဆန်း ...က်စွန်းအား နှစ်သိမ့်ချင်ပါသော်လည်း အဘယ်သို့နှစ်သိမ့်ရမည်ကို ...င် မသိတတ်တော့ချေ။

ရှုက်စွန်းက ကျွန်းဟူကျင်းအား -

"သားလေး ဒီဓားကြီးထဲမှာ လျှို့ဝှက်ချက်တွေ ရှိမှာ ...သချာတယ်ကွယ့်၊ ဒါပေမယ့် အဖေကြီးက ဘယ်လိုမှ မဖော် ...တ်နိုင်တာ ဖြစ်ရမယ်၊ ဒီမယ် သားလေး၊ ... အဖေကြီးတို့ ...က် ဉာဏ်ပိုကောင်းတယ်ကွယ့်၊ နောင်တစ်ချိန်ကျရင် သားက ...ါးနိုင်ဓားရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်လိမ့်မယ်ကွယ်" ဟု ...လိုက်၏။

www.burmeseclassic.com



ကျန်းဟူကျင်းက ရုတ်တရက် –

“အဖေကြီး၊ အခုချန်ခွန်းအသက်ဘယ်လောက်ရှိပြီလဲ” ဟု မေးရှာသည်။

ရှက်စွန်းက မျက်နှာတစ်ချက် ပျက်သွားပြီး –

“သားလေး၊ သားလေးရဲ့ မေးခွန်းက မေးသင့်တဲ့မေးခွန်း သူ့အခုလောက်ဆို အသက်ခြောက်ဆယ့်ငါးနှစ်ရှိပြီကွယ့်၊ အင် အဖေကြီးတော့ အဖေကြီးရဲ့ရန်ကြွေးကို ဟိုအချိန်ထိ စောင့် ချေဆပ်နိုင်မှာမဟုတ်တော့ဘူး သား”

ကျန်းချွေးဆန်းတို့ ဇနီးမောင်နှံလည်း ဤသို့ပင် သဘော ကြ၏။ အကယ်၍ ကျန်းကျင်းက ဤမားကြီး၏ လျှို့ဝှက်ချက် ဖော်ထုတ်နိုင်ပြီး လွန်စွာ မြင့်မားနက်နဲသော သိုင်းပညာ သင်ကြားလေ့ကျင့်နိုင်ခဲ့သည်ပင် ထားဦး၊ နောက်ဆုံး သူတို့ မြေပြန့်သို့ ပြန်လည်ရောက်ရှိကြသော အချိန်သည် အနည်း အနှစ်နှစ်ဆယ်, သုံးဆယ်မျှကြာပေဦးမည်။ ထိုအချိန်ထိ ချန် မှာ လူ့လောကတွင် အသက်ရှင်လျက် ရှိနိုင်ဖို့ အလွန်ခဲယဉ်း မည်။

✦ ✦ ✦

# အခန်း (၂၀)

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်တောင်းကို သွေးပြီ

ထိုနေ့ နောက်ပိုင်းမှစ၍ ရှက်စွန်းသည် ကျန်းဟူကျင်းအား ပို၍ ကြပ်မတ်လာ၏။ သိုင်းပညာကို သင်ကြားပေးရာတွင်လည်း အနည်းငယ် စိတ်တိုင်းမကျဖွယ် မြင်သည်နှင့်ပင် ရိုက်သင့် ရိုက်လေ၏။ နည်းနည်းမျှပင် မျက်နှာသာ မပေးတော့ချေ။

တစ်နေ့တွင် ချင်တူးတူးသည် ရှက်စွန်းက ကျန်းဟူကျင်းအား ရိုက်နှက်မြည်တွန်နေသည်ကို မြင်သော် မနေသာ၍...

"အစ်ကိုကြီး...အစ်ကိုကြီးရဲ့ သိုင်းပညာဟာ ဒီလောက် နက်နဲတဲ့ဥစ္စာ ကလေးကို သုံးလေးနှစ်အတွင်း မစေတ် အောင် အစမှ သင်ခိုင်းလို့တော့ ဘယ်ရပါ့မလဲ၊ တူးတူးတို့ အားလုံးက ဒီကျွန်းပေါ်မှာပဲ နေသွားရမယ့် လူတွေဆိုတော့ ဖြည်းဖြည်းချင်းပဲ သင်သွားပါ [illegible]အစ်ကိုကြီးရယ်" ဟု ဝင်ရောက် ဖျန်ဖြေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှက်စွန်းမျက်နှာ ရှတ်ခြည်း ခက်ထန်သွား၏။ ပြီးမှ ဣန္ဒြေဆည်၍…

“ဒီမယ် တူးတူး၊ အစ်ကိုကြီးက သူ့ကို သိုင်းလေ့ကျင့်နိုင်း နေတာမှ မဟုတ်ဘဲကွ၊ သူ့ကို စိတ်ထဲက အလွတ် ကျက်မှတ် နိုင်းနေတာကွယ့်”

ချင်တူးတူး အံ့သြသွားပြီး…

“အစ်ကိုကြီးက သားလေးကို သိုင်းပညာ လေ့ကျင့်နေတာ မဟုတ်ဘူး၊ ဟုတ်လား”

“ဟင်း…ဒီလိုသာ တစ်ကွက်ချင်း လေ့ကျင့်သွားရင် သူ့ဆံပင်တွေ ဖြူတဲ့အထိတောင် တတ်ချင်မှ တတ်သွားမှာကွယ့်၊ အစ်ကိုကြီးက သူ့ကို အခု သိုင်းကွက်နဲ့ ကျင့်နည်းတွေကို အလွတ်သာ ကျက်နိုင်းတာ၊ စိတ်ထဲမှ စွဲစွဲမြဲမြဲ မှတ်မိအောင် ကျက်နိုင်းနေတာကွယ့်”

ချင်တူးတူး ရှက်စွန်း၏ သင်ကြားနည်း သင်ကြားပုံကို နားလည်နိုင်စွမ်း မရှိတော့။ ထို့ကြောင့် ဘာမျှ မပြောတော့ချေ။ တစ်ခါတစ်ရံ သားလေး အရိုက်ခံရ၍ တစ်ကိုယ်လုံး အညိုကွက် အမည်းကွက်များ ထင်လာလျှင်သာ စိတ်မချမ်းမြေ့ခြင်း ဖြစ်မိပြီး သားလေးကို ချော့မော့ နှစ်သိမ့်ပေးလေ၏။ ထိုအခါ သားလေး ကျန်းဟွာကျင်းက…



“မေမေ စိတ်မကောင်း မဖြစ်ပါနဲ့ဗျ၊ အဖေကြီးက သားလေးကို ရိုက်တာက သားလေး ကောင်းဖို့အတွက် ရိုက်တာပါ၊ အဖေကြီးက သားလေးကို နာနာရိုက်မှ သားလေးက မြဲမြဲမှတ်မိမှာပေါ့ မေမေရဲ့”ဟု လူကြီးဟန်ဖြင့် မိခင်ကိုပင် နှစ်သိမ့်နေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် နှစ်ဝက်ခန့် ကြာလာသော တစ်နေ့တွင် ရှက်စွန်းက -

"ညီလေး၊ ညီမလေး၊ နောက်ထပ် လေးလကျော်ရင် လေက တောင်ဘက်ကို တိုက်တော့မယ်၊ အစ်ကိုကြီးတို့ ဒီနေ့ကစပြီး ဖောင်ကြီးတစ်ခုကို ကြိုကြိုတင်တင် ဖွဲ့ထားကြရအောင်"ဟု ဆိုသည်။

ထိုအခါ ကျန်းချွေးဆန်း လွန်စွာ ဝမ်းသာသွား၏။

"အစ်ကိုကြီးက ဖောင်ဖွဲ့မယ်ဆိုတော့ မြေပြန့်ကို ပြန်မလို့ပေါ့နော်၊ ဟုတ်လား အစ်ကိုကြီး"

ရှက်စွန်းက အေးစက်သော အသံဖြင့် ...

"ဒါက ဘုရားသခင်ရဲ့အပေါ် မူတည်သေးတယ်ကွယ်၊ အောင်မြင်ရင် ပြန်မယ်၊ မအောင်မြင်ရင်တော့ ပင်လယ်ထဲ နစ်သေကြတာပေါ့"



အမှန်မှု ကျန်းချွေးဆန်းတို့ ဇနီးမောင်နှံမှာ ဤကျွန်းကြီးပေါ်တွင်ပင် အေးအေးဆေးဆေး နေချင်ကြ၏။ သို့ရာတွင် သားလေး ကျန်းဟူကျင်း၏ ဘဝနောင်ရေးကို စဉ်းစားမိသောအခါ ဝမ်းသာသွားပြီး ဖောင်ကြီးကို စတင် တည်ဆောက်လေတော့၏။ ကျွန်းပေါ်ရှိ သစ်ပင်ကြီးများမှာ အအေးပိုင်းဒေသတွင် ပေါက်ရောက်သော သစ်ပင်ကြီးများဖြစ်၍ လွန်စွာ မာကျောပြီး ခိုင်ခံ့လှပေ၏။ ရှက်စွန်းနှင့် ကျန်းချွေးဆန်းက သစ်ပင်ကြီးများကို ခုတ်လှဲကြပြီး ချင်တူးတူးကမူ သစ်ခေါက်၊ သစ်မျှင်များဖြင့် ရွက်ထည်နှင့် ရွက်ထည်ကြီးကို ရက်လုပ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ အလွန်လျင်မြန်စွာ ကူးပြောင်းနေ၏။

ရှက်စွန်းသည် ဖောင်ဖွဲ့နေသော တစ်ချိန်လုံးလိုလို ကျန်းဟူကျင်းအား သူ့နံဘေးတွင် ရပ်နိုင်းထားပြီး သူ သင်ပေးခဲ့သော သိုင်းပညာ ကျင့်စဉ်များကို နှုတ်တိုက် မေးနေလေသည်။

ကျန်းချွေးဆန်းတို့ ဇနီးမောင်နှံမှာမူ ရှက်စွန်းတစ်ယောက် သူတို့သားလေးအား ဘယ်သို့ ဘယ်ပုံ တိုက်ခိုက်နည်း၊ သတ်ပုတ်နည်းများကို သင်ကြားပေးခြင်း မဟုတ်ဘဲ သိုင်းကွက်နှင့် ကျင့်စဉ် နည်းစနစ်များကိုသာ တစ်ကွက်ချင်း အလွတ်ကျက်မှတ်ခိုင်းသည်ကို တွေ့သော် အလွန် အံ့ဩနေကြလေ၏။

အချိန် နှစ်လမျှကြာသော် ဖောင်ကြီးမှာ ပြီးမြောက်သွား၏။ သူတို့သည် နောက်ထပ်တစ်ဖန် လဝက်ခန့်မျှ အချိန်ယူ၍ အမဲလိုက်ပြီး အသားများကို အခြောက်လှန်းကြ၏။ ပြီးလျှင်



သောက်သုံးရန်အတွက် ရေချိုများကို သားရေအိတ်ကြီးတွင် ထည့်၍ သိုလှောင်စုဆောင်းလိုက်ကြ၏။ အားလုံး ကြိုတင်ဖြုံ့ယူ အမှုကိစ္စများ ပြီးစီးသော် ဖောင်ကြီးအား ကမ်းစပ်၌ ရေချထား လိုက်ကြ၏။ ပြီးလျှင် ထိုကမ်းစပ်တွင်ပင် တဲထိုး၍ နေကြလေတော့သည်။

အကယ်၍ လေတိုက်ရာ လမ်းကြောင်းသည် တောင်ဘက် ယွန်းယွန်းသို့ ပြောင်းသည်နှင့် သူတို့သည် ဖောင်ပေါ်သို့တက်ပြီး စတင် ခရီးထွက်နိုင်မည် ဖြစ်ပါ၏။ လေတိုက်ရာလမ်းကြောင်း ပြောင်းမည်ကို စောင့်ဆိုင်းနေရသော အချိန်ကာလ အတော အတွင်းတွင် ရှက်စွန်းသည် တစ်ချိန်လုံးလိုလို ကျန်းဟူကျင်းကို သူနှင့်အတူ နေထိုင်စေပြီး ညအချိန်တွင်လည်း သူနှင့်အတူ အိပ်စေလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



တစ်ညတွင် ကျန်းချွေးဆန်းသည် ရုတ်တရက် အိပ်ရာမှ လန့်နိုးလာ၏။ အကြောင်းမူ မြောက်အရပ်ဘက်သို့ တိုက်နေရာမှ လေတိုက်သံ ပြောင်းလဲပြီး ဦးလှည့်ရာ လမ်းကြောင်းပါ ပြောင်းလဲနေသည်ကို သတိထားလိုက်မိသောကြောင့်ပင် ဖြစ်ပါ၏။ ထို့ကြောင့် ကမန်းကတန်းပင် အိပ်ရာမှ လူးလဲထပြီး ချင်တူးတူးကိုပါ နှိုး၍...

"တူးတူး၊ မင်း နားထောင်ကြည့်စမ်း"

ချင်တူးတူးမှ အိပ်မှုန်ရုံမွှားဖြင့် ပြန်လည် မဖြေနိုင်မီ ရုတ်တရက် အပြင်ဘက်မှ ရှက်စွန်း၏ အော်သံကို ကြားလိုက်ရ၏။

"လေကြောင်း ပြောင်းသွားပြီ၊ တောင်ဘက်ကို တိုက်ခတ်နေပြီ"

ရှက်စွန်း၏ အသံတွင် ငိုသံ ရောယှက်နေ၏။ တိတ်ဆိတ်သော အကာလညတွင် ဤအသံကို ကြားရသည်မှာ လွန်စွာ ကြေကွဲဖွယ် ကောင်းလှလေသည်။

* * *

၈

နောက်တစ်နေ့ နံနက်။

ကျန်းချွေးဆန်းတို့ ဇနီးမောင်နှံသည် အားရဝမ်းသာဖြင့် ပစ္စည်းပစ္စယများကို သိမ်းဆည်းနေကြ၏။ သို့သော် ဤကျွန်းကြီးပေါ်တွင် နှစ်အတန်ကြာအောင် နေလာခဲ့ပြီးမှ ရုတ်တရက် ခွဲခွာသွားရတော့မည်ကို စဉ်းစားမိသောအခါ ဝမ်းနည်းရသလိုလို ခံစားလိုက်ကြရ၏။ ပစ္စည်းအစုံအလင် ဖောင်ကြီးပေါ်သို့ ရောက်ရှိသောအခါတွင်မူ ကျန်းချွေးဆန်း၊ ချင်တူးတူးနှင့် ရှက်စွန်းတို့က ဖောင်ကြီးကို ကမ်းစပ်မှ တွန်းချလေတော့၏။

ကျန်းဟူကျင်းမှာမူ မီးတောင် မျောက်ဝံကြီးကို ပွေ့ဖက်လျက် အလျင်ဦးစွာ ဖောင်ကြီးပေါ်သို့ ခုန်တက်လိုက်၏။ သူ့နောက်တွင် ချင်တူးတူး လိုက်၍ တက်လာသည်။ ထိုစဉ်တွင် ကျန်းချွေးဆန်းက ရှက်စွန်း၏ လက်ကို ဆွဲကိုင်၍...

"အစ်ကိုကြီး၊ ဖောင်ကြီးက ကမ်းနဲ့ ခုနစ်ပေလောက် ကွာသွားပြီ၊ ညီလေးတို့ ခုန်လိုက်ကြစို့ရဲ့" ဟု ဆိုလေ၏။

ရှက်စွန်းမှ ရုတ်တရက်...

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး၊ ငါတို့ ညီအစ်ကိုနှစ်ယောက် ဒီနေ့ ဒီအချိန်ကစပြီး တစ်သက်လုံး ကွဲကြရတော့မယ် ညီလေး၊ ခရီးလမ်းတစ်လျှောက်လုံး အထူးဂရုစိုက်ပြီး သွားပါနော်"ဟု မှာနေလေသည်။

ကျန်းချွေးဆန်းသည် ရှက်စွန်းထံမှ မမျှော်လင့်သော မထင်မှတ်သော စကားကို ကြားသော် ရင်ခုန်သွားမိ၏။ တစ်စုံတစ်ယောက်က သူ့ရင်ဝသို့ လက်သီးဖြင့် ထိုးလိုက်သကဲ့သို့ ခံစားလိုက်ရ၏။ ထို့ကြောင့် သူ့နှုတ်မှ...

"အစ်ကိုကြီး" ဟူ၍သာ အာမေဋိတ် ပြုလိုက်မိလေ၏။

ရှက်စွန်းက...

"ညီလေးက စိတ်သဘောထား ကောင်းပါတယ်၊ ဒါကြောင့် ညီလေးရဲ့ ကုသိုလ်ကံကလဲ ကောင်းသင့်တယ်၊ ဒါပေမယ့် ဒီလို ကိစ္စမျိုးကို ဘယ်သူမှ ကြိုတင်ပြောလို့ မရဘူးကွယ်၊ ဒါ့ကြောင့် ညီလေး အစစအရာရာ အထူး သတိဝီရိယထားပါ၊ ကျန်းဟူကျင်းလဲ နောင်တစ်ချိန်ကျရင် အစ်ကိုကြီးတို့ထက် အများကြီး ပိုတော်လိမ့်မယ်၊ ချင်တူးတူးလဲ မိန်းမသားဆိုပေမယ့် သူက ပါးနပ်တယ်၊ သူများရဲ့ လှည့်ကွက်ကို ခံမှာမဟုတ်ဘူး၊ ငါ အစိုးရိမ်ဆုံးက ညီလေးပဲ"

ကျန်းချွေးဆန်းက တအံ့တသြဖြင့်...

"အစ်ကိုကြီး...အစ်ကိုကြီး၊ ဘာတွေ ပြောနေတာလဲ၊ အစ်ကိုကြီးက ညီလေးတို့နဲ့ မလိုက်ဘူးလား"

ရှက်စွန်းက သက်ပြင်းချလျက်...

"လွန်ခဲ့တဲ့ နှစ်ကတည်းက အစ်ကိုကြီး ညီလေးကို ပြောပြခဲ့ပြီ မဟုတ်လား၊ ညီလေး မေ့နေပြီလား"



ထိုစကားကိုကြားသော် ကျန်းချွေးဆန်း မိုက်ခနဲ ဖြစ်သွားသည်။ သူက အော်၍...

"အစ်ကိုကြီး တစ်ယောက်တည်း ဒီမှာနေခဲ့ရင် ဘယ်လောက်ခြောက်သွေ့ပြီး ပျင်းဖို့ကောင်းမလဲ၊ အစ်ကိုကြီး ညီလေးတို့နဲ့ လိုက်ခဲ့မှ ဖြစ်မှာပေါ့"

ကျန်းချွေးဆန်းက ပြောပြောဆိုဆို ရှက်စွန်းကို လက်ဖြင့် ဆွဲလိုက်၏။ သို့သော် ရှက်စွန်း၏ ကိုယ်ခန္ဓာက ကျောက်ဆစ်ရုပ်ကဲ့သို့ တုတ်တုတ်မျှ မလှုပ်ချေ။ ကျန်းချွေးဆန်းမှာ ဆွဲဆောင်နိုင်စွမ်း မရသည့် အဆုံးတွင် ချင်တူးတူးဘက်သို့ လှမ်းအော်လိုက်လေ၏။

"တူးတူးရေ၊ သားလေးရေ၊ မြန်မြန်လာကြဟေ့၊ အစ်ကိုကြီးက ငါတို့နဲ့ မလိုက်ဘူးလို့ ငြင်းနေတယ်"

ချင်တူးတူးရော ကျန်းဟူကျင်းပါ လွန်စွာ တုန်လှုပ်သွားကြ၏။ ထို့ကြောင့် ရုတ်ခြည်းပင် ကမ်းပေါ်သို့ ပြန်ပြေးတက်လာကြလေသည်။ ကျန်းဟူကျင်းက ရှက်စွန်း၏ လက်ကို ကိုင်ဆွဲ၍ မျက်နှာငယ်လေးဖြင့်...

"အဖေကြီးက ဘာဖြစ်လို့ မသွားရတာလဲ၊ အဖေကြီး မသွားရင် သားသားလဲ မသွားတော့ဘူး"

* * *

www.burmeseclassic.com

ရှက်စွန်းမှာ ရုတ်တရက် မျက်ရည်ကျလာ၏။ တစ်ဘက်သို့ မျက်နှာလွှဲလျက် မျက်နှာညှိုးနွမ်းနေရှာလေသည်၊

အမှန်မှု ရှက်စွန်းသည် ဤသားအမိ တစ်တွေနှင့် နည်းနည်းမျှ ခွဲခွာချင်သူ မဟုတ်ပေ။ အထူးသဖြင့် သူ လွန်စွာ သံယောဇဉ် တွယ်တာမိသော သားလေး ကျန်းဟူကျင်းနှင့် တစ်မိနစ်၊ တစ်စက္ကန့် အချိန်မျှပင် ခွဲခွာချင်သူ မဟုတ်ပါပေ။ သူ သိပါသည်။ ကောင်းစွာ သိပါသည်။ ဤလူသား သုံးယောက် ဤနေရာမှ ထွက်ခွာသွားလျှင် ဘယ်သောအခါမျှ ဤနေရာသို့ ပြန်လည် ရောက်ရှိလာနိုင်မည် မဟုတ်တော့ပေ။

ထိုအခါတွင် သူတစ်ယောက်တည်းသာ ဤကျွန်းကြီးပေါ်တွင် သွေ့ခြောက်ပျင်းရိစွာ အထီးကျန်နေရပေတော့မည်။

သို့သော် ဤအရေးအတွက် သူ အချိန်ယူစဉ်းစားခဲ့ပါသည်။ သူသာ ကျန်းချွေးဆန်းတို့နှင့်အတူ ပြန်သွားခဲ့လျှင် သူ၏



ရန်သူက ဝိုင်းဝိုင်းလည်နေပေရာ သူ သံယောဇဉ် ကြီးမားခဲ့ပါသော ဤကျန်းချွေးဆန်းတို့ မိသားစုအား မဆုံးနိုင်သည့် ဒုက္ခဘုံထဲသို့ တွန်းချသလို ဖြစ်နေပေတော့မည်။ အထူးသဖြင့် သူက ကျန်းဟူကျင်းအပေါ်တွင် မနှိုင်းဆနိုင်သော ချစ်ခြင်း သံယောဇဉ်ဖြင့် တွယ်တာချစ်မိခဲ့ရာ သူ့အတွက်နှင့် ကျန်းဟူကျင်း၏ ဘဝနောင်ရေးမှာ ဆူးခြောင့်ခလုတ်တွေဖြင့် ပြည့်လျှမ်းသွားပေမည်။ သည်မိသားစုအပေါ်တွင် သူသည်သို့ မဖြစ်စေလိုပါ။ သူ့ပခုံးထက်မှ ဝန်ထုပ်ဝန်ပိုးကြီးကို လက်လွှဲ မယူငင်စေလိုပါ။

သူသည် ကျန်းဟူကျင်း၏ စကားကိုကြားသော် သံယောဇဉ် မျက်ရည် တွေတွေကျရင်းက ကျန်းဟူကျင်းအား ပွေ့ချီပြီး ချီသာသော အသံဖြင့်...

"သားလေး...အဖေကြီးရဲ့ သားလေး လိမ္မာတယ်နော်၊ အဖေကြီးကို သား ချစ်တယ်ဆို"

ကျန်းဟူကျင်းက ခေါင်းညိတ်ပြ၏။

"အေး...အဖေကြီးကို ချစ်ရင် အဖေကြီးစကားကို သားလေး နားထောင်ရမယ်၊ အဖေကြီးက အသက်ကြီးသွားပြီ သား၊ ဒါကြောင့် မြေပြန့်ကို မပြန်ချင်တော့ဘူး သားရဲ့"

"ဟင့်အင်း...ဟင့်အင်း၊ ဖေဖေကြီး အခုလိုက်ခဲ့"

ကျန်းဟူကျင်းက မည်သို့မျှ သဘောမတူ။ ကျန်းချွေးဆန်းတို့လည်း ထိုနည်းလည်းကောင်းပင်။ ရှက်စွန်းက ငိုထဲဆို့နင့်သွား၏။ အတန်ကြာတွေငိုင်လျက်နေမိ၏။ ပြီးမှ သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ချလျက် အသံကို မြှင့်၍...

"ကောင်းပြီ၊ မင်းတို့က မသွားမကြဘူးပေါ့၊ ငါ သေသွားတော့မှပဲ မင်း...မင်းတို့က စိတ်ဖြောင့်ဖြောင့်နဲ့ သွားကြမယ်ပေါ့ ဟုတ်လား"

ကျန်းချွေးဆန်းက ကမန်းကတန်းဖြင့်...

"ဒီ...ဒီလို မဟုတ်ပါဘူး အစ်ကိုကြီး၊ ညီလေးတို့က ဒီကျွန်းကြီးပေါ်မှာ ဆယ်နှစ်တောင် နေလာခဲ့တာပဲ၊ မြေပြန့်ကို မပြန်ရလဲ အကြောင်းမဟုတ်ပါဘူး"

ရှက်စွန်းက ကတုန်ကယင်သံဖြင့် အော်၍...

"ငါသေတာကို မင်းတို့ မြင်သွားချင်သေးလို့ ဆင်ခြေတွေပေးနေတာ ထင်တယ် ဟုတ်လား၊ ကဲ...ကွာ"

ရှက်စွန်းက ပြောပြောဆိုဆို နဂါးနိုင်ဓားကို ဆွဲထုတ်လိုက်ပြီး သူ့လည်ပင်းကို ဖြတ်ရန်အားပြုလိုက်၏။

ကျန်းချွေးဆန်က အကြီးအကျယ် တုန်လှုပ်သွားပြီး လယ်ယာလက်ဖြင့် သူ့ဓားကိုင်လက်ကို အတင်းဆွဲထားလိုက်လေသည်။

တစ်ချိန်တည်းတွင်ပင် ရှက်စွန်းမှာ ဤမျှအထိ အခိုင်အမာ စိတ်ဆုံးဖြတ်ထားသည်ကို သိရသော် လက်လျှော့ပြီး ငိုသံဖြင့်...

"အဖေကြီး၊ အဖေကြီး မသွားရင် သားသားလဲ မသွားဘူး အဖေကြီးက ကိုယ့်ကိုယ်ကို သတ်သေရင်လဲ သားသားကိုယ် သားသား သတ်သေမှာပဲ"

ရှက်စွန်း တုန်လှုပ်သွား၏။ ကျန်းဟူကျင်း တစ်ယော



မိမိအပေါ်တွင် ဤမျှ သံယောဇဉ်ကြီးပြီး အသက်ကိုပင် မနှမြောတော့ဘဲ မိမိအား အကျပ်ကိုင်လာသည်ကိုတွေ့သော် လွန်စွာယူကျုံးမရဖြစ်လျက် မျက်ရည်များ သွင်သွင်စီးကျလာပြန်လေသည်။ သို့သော် မျက်နှာကို တမင်ခက်ထန်အောင် ကြိုးစားပြု၍...

"ဟိုတ်...တိတ်စမ်း၊ ကလေးက ဘာတွေ လျှောက်ပြောနေတာလဲ၊ သွား...ခုသွားကြ၊ သွားကြ..." ဟု အော်ငေါက်ပြီးလျှင် ကျန်းဟူကျင်းကို ဆွဲ၍ ဖောင်ကြီးပေါ်သို့ ပစ်တင်လိုက်လေ၏။ တစ်ဆက်တည်းတွင်ပင် ကျန်းချွေးဆန်းနှင့် ချင်းတူးစုံးကိုပင် ဆက်လက် ပစ်တင်လေသည်။ ထို့နောက် ရှက်စွန်းသည် ကမ်းပေါ်မှနေ၍ ငိုသံဖြင့် အော်ဟစ်နေလေ၏။

"ညီလေး၊ ညီမလေး...၊ သား...သားရေ၊ မင်းတို့တွေ လမ်းတစ်လျှောက်လုံး ဂရုစိုက်ပြီး သွားတော့နော်၊ အားလုံး ကံကောင်းကြပါစေ"

ကျန်းဟူကျင်းမှ ဖောင်ပေါ်တွင် အသံကုန်အော်၍ တသိမ့်သိမ့် ငိုနေလေ၏။ နှုတ်မှလည်း...

"အဖေကြီး...အဖေကြီး၊ လာပါ...လာပါ"

ရှက်စွန်းသည် နားနှစ်ဘက်ကို ပိတ်လိုက်၏။ ပြီး အံကြိတ်၍ သူတို့အား ကျောခိုင်းနေလိုက်သည်။

ဩော်... သူ့ရင်မှာလည်း သံယောဇဉ် မီးတွေ ဟုန်းဟုန်းတောက်လောင်နေပါပြီကော။

ထိုစဉ်တွင် ဖောင်ကြီးသည်မှ ရေစီးအတိုင်း တရွေ့ရွေ့မှ

www.burmeseclassic.com

www.burmeseclassic.com



သည် တဖြည်းဖြည်းဖြင့် အဝေးဆီသို့ မျောပါသွားပြီ ဖြစ်ပါ၏။

ရှက်စွန်း၏ လှုရိပ်သည်လည်း တဖြည်းဖြည်းနှင့် မှုန်ဝါးလာ၏။ သေးငယ်လာ၏။ နောက် လုံးဝ မမြင်ရတော့ချေပြီတကား ...။

ကျွန်းချွေးဆန်းတို့ လင်မယားမှာလည်း မျက်ရည်မဆည်နိုင်ကြ။ ရှက်စွန်း၏ မှုန်ဝါးဝါးအရိပ်သည်လည်း တဖြည်းဖြည်းနှင့်ကွယ်ပျောက်သွားလေပြီ။

ရှက်စွန်းသည် သူတို့နှင့်အတူ လိုက်ပါ မလာခဲ့ခြင်းမှာ သူတို့၏ ကောင်းကျိုးကို ငဲ့၍သာဖြစ်ကြောင်း သူတို့ သဘောပေါက်ကြ၏။ ထို့ကြောင့် ရှက်စွန်းအပေါ်တွင် သူတို့ ပို၍သံယောဇဉ်တွယ်မိ၏။ ယခုမူ ရှက်စွန်းကား ဝေးဝေးတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီကော။

ကျွန်းဟူကျင်းသည်လည်း ငိုရလွန်း၍ မိခင်၏ ရင်ခွင်တွင် အိပ်ပျော်သွားခဲ့လေပြီတကား။

* * *



ဤသို့ဖြင့် သူတို့လိုက်ပါစီးနင်းလာသော ဖောင်ကြီးမှာ နေ့ညမပြတ် တောင်ဘက်ဆီသို့ ရွေ့လျားလျက် ရှိနေလေ၏။

လေမှာလည်း တောင်ဘက်သို့သာ ဖိတိုက်နေ၏။ မီးတောင်မျောက်ဝံကြီးမှာ အစဦးတွင် သူတို့နှင့် အတူ လိုက်ပါလာခဲ့သေး၏။ သို့ရာတွင် ... တောင်ဘက်ပိုင်းသို့ ချဉ်းနင်းလာလေလေ နွေးထွေးလာလေ ဖြစ်လာသဖြင့် နောက်ဆုံးတွင် မျောက်ဝံကြီးမှာ မနေနိုင်မထိုင်နိုင် ဖြစ်လာလေ၏။

ထို့ကြောင့် ရေပေါ်တွင် ပေါ်လောမျောပါနေသော ရေခဲတုံးကြီးတစ်တုံးပေါ် လွှားခနဲခုန်တက်ပြီး လာလမ်းအက်ဆီသို့ ရေခဲတုံးနှင့် အတူ မျောပါသွားလေတော့သည်။ သူတို့ ဖောင်ကြီးမှာမူ တောင်ဘက်ယွန်းယွန်းသို့ ဆက်၍ ဆက်ကာ ရွေ့လျားနေဆဲ။

တစ်နေ့ ...၊ ချင်တူးတူးသည် မိုးကောင်းကင်အား လှမ်းမျှော်ကြည့်ရင်း ပင်လယ်၏ အဝေးတစ်နေရာ တောင်ဘက်ယွန်းယွန်းသို့လက်ညှိုးထိုး၍ အလန့်တကြားဖြင့် ဆိုလေ၏။

"ဟော...၊ ဟို... ဟိုဟာ... ဘာလဲ"

ကျွန်းချွေးဆန်က ကြည့်လိုက်သော် ပင်လယ်ပြင်၏ တောင်ဘက်မိုးကုပ်စက်ဝိုင်း တစ်နေရာတွင် အပ်စက်နှစ်စက်၊ အရောင်ထင်နေသောမည်းမည်း အရိပ်ကလေး နှစ်ခုကို တွေ့လိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းသည် ပြာလဲ့သော မိုးကောင်းကင်၏ တောင်ဘက်ယွန်းယွန်းမှ ထိုအပ်စက်ရာ အရိပ်ကလေးနှစ်ခုကို နာရီဝက်မျှ စိတ်ဝင်တစားဖြင့် စိုက်ကြည့်နေမိပြီးလျှင် ဝမ်းသာအားရဖြင့် အော်ပြောလေတော့၏။

"လေ့ . . .လေ့ကြီး"

* * *



ကျန်းချွေးဆန်းသည် ဝမ်းသာလွန်းသဖြင့် လေထဲတွင်ပင် ကျွမ်းထိုးလိုက်မိ၏။ အမှန်မူ ကျန်းချွေးဆန်းသည် ကျန်းဟူကျင်း ရှိခဲ့သည့် အချိန်ကစပြီး ဤသို့ ကလေးဆန်သော အပြုအမူမျိုးကိုလုံးဝ မပြုလုပ်ခဲ့ပေ။ တည်တည်ကြည်ကြည်သာ နေထိုင်ခဲ့၏။ ယခုမူ ဝမ်းသာလွန်းရာမှ အမူမဲ့ဖြင့် ငယ်မူငယ်ဟန် ပေါ်လာခြင်းသာဖြစ်ပါ၏။ ကျန်းဟူကျင်းသည် ဖခင်ဖြစ်သူ ကျွမ်းထိုးလိုက်သည်ကို ကြည့်ရင်း တဟားဟားရယ်၏။ ထို့နောက် ဖခင် ပြုမူသကဲ့သို့ပင် သူ့ကိုယ်သူ လေထဲတွင် ကျွမ်းထိုးလိုက်လေသည်။ ချင်တူးတူးကား လင်နှင့်သား၏ ပျော်မြူးနေကြပုံကိုကြည့်ရင်း ပီတိ ဖြစ်နေရှာလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်တစ်ဖန် နာရီဝက်ခန့်အကြာတွင်တော့မှ သူတို့သည် လင်းပနေသော နေရောင်ခြည်အောက်တွင် လှေကြီးနှစ်စင်းကို ထင်ရှားစွာ မြင်တွေ့လိုက်ရ၏။

ထိုစဉ်ခိုက်...၊ ချင်တူးတူး၏ ပီတိလွှမ်းသော မျက်နှာတွင် အပြုံးရိပ်ပျောက်ကွယ်သွားပြီး ခန္ဓာကိုယ်မှာလည်း ရုတ်တရက် တုန်ယင်သွား၏။ ကျုန်းဟူကျင်းက မိခင်ဖြစ်သူ၏ အမူအရာ အပြောင်းအလဲကို အကင်းပါးစွာ အကဲခတ်ရင်း မေးလိုက်၏။

"မေမေ ဘာဖြစ်လို့လဲ ဟင်"

ချင်တူးတူးက ပြန်မဖြေ။ အတန်ကြာမှပင် ခပ်မဆိတ်နေ နေလေ၏၊ ကျုန်းချွေးဆန်းက ချင်တူးတူး၏လက်ကို အသာအယာ ဆုပ်ကိုင်လိုက်၏။ ထိုအခါ ချင်တူးတူးက သက်ပြင်းရှည်ချလျက်...

'အင်း...သူတို့နဲ့မှ ဦးဦးဖျားဖျား လာတိုးရသတဲ့ အစ်ကိုရယ်'



ကျုန်းချွေးဆန်းက အံ့သြစွာဖြင့်...

'ဘယ်သူတွေလဲ တူးတူး'ဟု မေး၏။

ချင်တူးတူးက ကျုန်းချွေးဆန်း၏ အမေးကို ချက်ချင်းမဖြေ။ လှေကြီးတစ်စင်း၏ ရွက်ထည်ကိုသာ လက်ညှိုးထိုးပြလိုက်၏။ ပြီးမှ...

'ဟောဟို ရွက်ထည်ကို ကြည့်လိုက်စမ်းပါ အစ်ကို'ဟု ဆို၏။

ကျုန်းချွေးဆန်းလည်း ချင်တူးတူး လက်ညှိုးညွှန်ရာ လှေကြီးတစ်စင်း၏ ရွက်ထည်အား အသေအချာ ကြည့်လိုက်သော် ရွက်ထည်ပေါ်တွင် သွေးကဲ့သို့ နီရဲသော လက်ဝါးကြီးကို တွေ့လိုက်ရလေတော့၏။

ကျုန်းချွေးဆန်း အံ့သြနေစဉ် ချင်းတူးတူးက...

'အဲဒါ ဖေဖေ့ မျက်ခုံးဖြူဂိုဏ်းရဲ့ တံဆိပ်ပဲ အစ်ကို'ဟု အသံကိုနှိမ့်၍ ဆိုရှာ၏။ ထိုခဏစဉ်၌ ကျုန်းချွေးဆန်းသည် သူ့ခေါင်းထဲတွင် အတွေးများစွာ စိတ်ကူးစိတ်သန်း များစွာ လူးလွန့် လှုပ်ရှားလျက်ရှိ၏။

'တူးတူးရဲ့ ဖခင်က မျက်ခုံးဖြူဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးပဲ၊ သူတို့က မြေအောက် ဒုစရိုက်ဂိုဏ်းသားတွေပဲ၊ ငါ...ငါ...ဒီ ဗိုလ်လိုနဲ့ ထိပ်တိုက်တွေ့ရင် ဘယ်လိုလုပ်ရမှာလဲ၊ ငါ့ဆရာကြီး ဘလဲ ငါနဲ့ တူးတူးနဲ့ လက်ထပ်တဲ့ ကိစ္စကို ဘယ်လိုပြောမယ် မသိသေးဘူး'

ထိုစဉ်တွင် ချင်တူးတူး၏ လက်ကလေးများ မသိမသာ

www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်နေသည်ကို တွေ့လိုက်ရ၏။ မှန်သည်။ ချင်းတူးတူးလည်း ကျန်းချွေးဆန်းကဲ့သို့ပင် အတွေးများဝင်လျက်ရှိနေသည် မဟုတ်ပါလား။ သို့နှင့် ကျန်းချွေးဆန်းက...

'တူးတူး ကိုယ်တို့မှာ ကလေးတစ်ယောက်တောင် ရနေမင့်ဟာပဲ၊ ကိုယ်တို့ နှစ်ယောက်ကို ဘယ်သူကမှ လာပြီးခွဲမှာ မဟုတ်ပါဘူး၊ တူးတူး ဘာမှမစိုးရိမ်နဲ့နော်' ဟု နှစ်သိမ့်လိုက်၏။

ချင်းတူးတူးက သက်ပြင်းချလျက်...

'ဘယ်လိုအကြောင်းပဲ ပေါ်ပေါ်၊ အစ်ကိုက သားလေးရဲ့ အကျိုးကိုကြည့်ပြီး အစွမ်းကုန် သည်းခံရမယ်နော်၊ ငဲ့ကွက်ရမယ်နော်၊ ဟုတ်လား အစ်ကို'

'စိတ်ချပါ တူးတူးရယ်၊ အစ်ကို နားလည်ပါတယ်ကွယ်'

ထိုအချိန်တွင် သူတို့၏ဖောင်ကြီးသည် လှေကြီးနှစ်စင်းပေါ်တွင် လူတချို့၏ ဓားနှစ်လက်ဖြင့် တိုက်ခိုက် သတ်ပုတ်နေသံများကို သူတို့ကြားလိုက်ရလေ၏။

ချင်းတူးတူးက စိုးရိမ်သံဖြင့်...

'ဖေဖေများ ဒီလှေကြီးပေါ်မှာ ပါလာသလား မသိဘူး' ဟု ရေရွတ်လိုက်၏။ ကျန်းချွေးဆန်းက

'အခု မမျှော်လင့်ဘဲ အစ်ကိုတို့နဲ့ လာတိုးနေပြီပဲ၊ အစ်ကိုတို့ သွားကြည့်ကြတာပေါ့ တူးတူး' ဟု ဆိုပြီးနောက် ရှက်ထည်ကိုလှည့်၍ ပဲ့ကိုပြောင်းကာ ဘယ်ဘက်သို့ ကွေ့သွားလိုက်လေတော့၏။ သူတို့ လှေကြီးနှစ်စင်း အနားသို့ ရောက်သွားချိန်တွင် မျက်ခုံးဖြူဂိုဏ်း၏ လှေကြီးပေါ်မှ လူတစ်ယောက် လှမ်း



အော်ပြောလေသည်။

'မဆိုင်တဲ့လူ အနားကို မကပ်ပါနဲ့'

ထိုအသံကိုကြားသော် ချင်းတူးတူးက...

"ဂိုဏ်းချုပ်ရဲ့ ဂိုဏ်းခွဲပါ၊ ဘယ်ဂိုဏ်းခွဲက အလုပ်လုပ်နေတာလဲ" ဟု မျက်ခုံးဖြူဂိုဏ်း၏ စကားဝှက်တစ်မျိုးဖြင့် လှမ်းမေးလိုက်၏။ ထိုအခါ လှေကြီးပေါ်မှလူက ချက်ချင်းလေသံပြောင်းပြီး ရိုသေလေးစားသော အသံဖြင့်...

"သြော်...ဂိုဏ်းချုပ်ရဲ့ ဂိုဏ်းခွဲ ရောက်နေတာကိုး၊ ကျွန်တော်က မိုးကြိုးဂိုဏ်းခွဲ ခေါင်းဆောင်ပါ၊ အခု နဂါးဂိုဏ်းခွဲက ကျားသစ်ဂိုဏ်းခွဲကို ဦးဆောင်ပြီး ဒီမှာ အလုပ်လုပ်နေတာပါ၊ ခင်ဗျားက ဘယ်ဂိုဏ်းခွဲရဲ့ ခေါင်းဆောင်ပါလဲ"

"နတ်သမီး ဂိုဏ်းခွဲကပါ"

ချင်းတူးတူးက ပြန်ဖြေလိုက်ခြင်း ဖြစ်၏။ ထိုအခါ မျက်ခုံးဖြူဂိုဏ်း၏ ဘက်တော်သားများသည် "နတ်သမီးဂိုဏ်းခွဲ" ဟူသော နာမည်ကို ကြားသည်နှင့် မျက်လုံးမျက်ဆန်ပြူးလျက် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေ၏။

နောက် ရုတ်ခြည်း တိတ်ဆိတ် ငြိမ်သက်သွားလေ၏။ ထိုသို့ အတန်ကြာမျှ ငြိမ်သက် တိတ်ဆိတ်နေပြီးနောက် လှေကြီးပေါ်မှ ရုတ်တရက် ပြိုင်တူ အော်လိုက်ကြလေတော့သည်။

"မမလေး ပြန်လာပြီ၊ တို့ မမလေး ပြန်လာပြီ"

* * *

www.burmeseclassic.com

www.burmeseclassic.com

"မမလေး ပြန်လာပြီ၊ တို့ မမလေး ပြန်လာပြီ"

ထိုအသံများက ပင်လယ်ပြင်တွင် ပွဲတင်ဟည်းနေလေ၏။ ထိုစဉ် အခြား လှေတစ်စင်းပေါ်မှ ကျယ်လောင်သော အသံတစ်ချက် ပေါ်ထွက်လာ၏။

"ကျုပ်တို့ဂိုဏ်းရဲ့ မမလေး ပြန်လာပြီလို့ ပြောနေတယ်၊ ဒီတော့ ကျုပ်တို့အားလုံး ခဏလောက် အတိုက်အခိုက် ရပ်ကြရအောင်"

ထိုအသံ အဆုံးတွင် နောက်တပ် ကျယ်လောင်သော အမိန့်ပေးသံ တစ်ခုကို ကြားရပြန်၏။

"ကောင်းပြီ၊ အားလုံး ရပ်ကြ"

ရုတ်ခြည်းဆိုသလိုပင် လက်နက်နှင့် တိုက်ကြခိုက်ကြသံများ ရပ်တန့်သွားလေတော့၏။ ကျန်းချွေးဆန်းမှ နောက်ဆုံးလူ၏ အမိန့်ပေးသံကို ကြားလိုက်ရသည်နှင့် ရုတ်တရက် တစ်ကိုယ်လုံး



ချုပ်သွားပြီး သွေးများ ခေါင်းပေါ်သို့ပင် ရောက်လာသကဲ့သို့ ...စားလိုက်ရပါ၏။ သူက ကမန်းကတန်းဖြင့် လှမ်းအော် ...ေးလေ၏။

"အစ်ကို...အစ်ကို ရိုလင်တန်းလား"

ထိုအခါ လှေပေါ်က လူက...

"အေး...ကျုပ်က ရိုလင်တန်းပါပဲ၊ ဟား...ဟား...မင်း...မင်း"

"ဟုတ်ကဲ့၊ ကျွန်...ကျွန်တော် ကျန်းချွေးဆန်းလေ အစ်ကို"

ကျန်းချွေးဆန်းက ပြန်အော်ပြောရင်း စိတ်လှုပ်ရှားလွန်းသဖြင့် ...င်ကြီးက လှေနားသို့ မရောက်မီပင် လှေကြီးပေါ်သို့ ...းခနဲ ခုန်တက်လိုက်လေတော့၏။

* * *

www.burmeseclassic.com

—

ရီလင်ဟာန်းလည်း ကျန်းချွေးဆန်းကဲသို့ပင် စိတ်လှုပ်ရှား လျက် ဝမ်းအသာကြီး သာနေလေ၏။ အဘယ်ကြောင့်မူ သူနှင့် ဆယ်နှစ်တာမျှ ကွဲကွာခဲ့သော ဂိုဏ်းတူညီလေး ကျန်းချွေးဆန်းတစ်ယောက် သေသည်၊ ရှင်သည် မသိဘဲ ပျောက်ဆုံးနေခဲ့ရာမှ ယခု ရုတ်တရက် ပြန်လည်ဆုံတွေ့လိုက် ရသောကြောင့် ဖြစ်ပါ၏။ သူတို့ နှစ်ဦးသည် လေ့ဦးတွင် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ရင်း...

"အစ်ကို"

"ညီလေး"

ဟူ၍သာ ပြောနိုင်ပြီး မျက်ရည်များ စီးသွယ်ကျနေလေသည်။ တစ်ဘက်တွင်လည်း မျက်ခုံးဖြူဂိုဏ်းမှ လူများသည် ချင်တူးတူး အား တခမ်းတနားဖြင့် ကြိုဆိုနေကြသည်။ ဂိုဏ်းသားအားလုံး လှေ၏ တစ်ဘက်တစ်ချက်တွင် ရပ်၍ ချင်တူးတူးနှင့် ကျန်းဟူ



ကျင်းတို့ လျှောက်တက်လာသည်ကို အရိုအသေ ပေးကြလေ၏။ အမှန်မူ မျက်ခုံးဖြူဂိုဏ်းတွင် ရာထူးအကြီးဆုံး ပုဂ္ဂိုလ်မှာ ဂိုဏ်းချုပ်ကြီး သိမ်းဘုရင် ချင်တင်းကျက် ဖြစ်၏။ သူ့အောက်တွင် အတွင်းဂိုဏ်းခွဲနှင့် အပြင်ဂိုဏ်းခွဲဟူ၍ ခွဲခြားထား၏။ အတွင်း ဂိုဏ်းခွဲမှာ သုံးဂိုဏ်းရှိ၏။ နတ်သားဂိုဏ်းခွဲ၊ နတ်သမီးဂိုဏ်းခွဲနှင့် မိုးကြိုးဂိုဏ်းခွဲဟူ၍ ဖြစ်၏။ အပြင်ဂိုဏ်းခွဲမှာမူ ငါးခုရှိသည်။ ယင်းတို့မှာ နဂါးဂိုဏ်းခွဲ၊ ကျားသစ်ဂိုဏ်းခွဲ၊ မြွေဂိုဏ်းခွဲ၊ ကျားဂိုဏ်းခွဲနှင့် ဆက်ရက်ဂိုဏ်းခွဲတို့ ဖြစ်ကြ၏။

နတ်သားဂိုဏ်းခွဲ၏ ခေါင်းဆောင်မှာ ဂိုဏ်းချုပ်ကြီး ချင်တင်းကျက်၏ သား ချင်ရယ် ဖြစ်ပြီး ချင်တူးတူး၏ အစ်ကို ဖြစ်လေသည်။ နတ်သမီးဂိုဏ်းခွဲ၏ ခေါင်းဆောင်မှာမူ ချင်တူးတူးပင် ဖြစ်၏။ မိုးကြိုးဂိုဏ်းခွဲ၏ ခေါင်းဆောင်မှာကား ဂိုဏ်းချုပ်ကြီး ချင်တင်းကျက်၏ ဂိုဏ်းတူညီ လီထင်း ဖြစ်၏။

လီထင်းသည် သိုင်းပညာတွင် မျက်ခုံးဖြူဂိုဏ်းချုပ် ချင်တင်း ကျက် တစ်ဦးတည်းကိုသာ ရှုံးနိမ့်ပြီး ဝါ အရ တွက်လျှင် လီထင်းသည် ချင်တူးတူး၏ ဦးလေး ဖြစ်လေ၏။ သို့ရာတွင် လီထင်းသည် သူ့ဂိုဏ်းတူ အစ်ကိုကြီး၏ မျက်နှာကို ထောက် ထား၍ ချင်တူးတူးအား ရိုရိုသေသေပင် ဆက်ဆံလေသည်။ လီထင်းသည် ယခု ချင်တူးတူး၏ တစ်ကိုယ်လုံးတွင် တီရှဉ်ာန် အရေခွံကို ဝတ်ထားပြီး လက်ထဲတွင်လည်း ဆယ်နှစ်သားအရွယ် ကလေးငယ်တစ်ယောက်ကို လက်ဆွဲလျှက်ရှိသည်ကို တွေ့ရသော် လွန်စွာအံ့အားသင့်သွားလေ၏။ သို့သော် သူက ဣန္ဒြေဆယ်၍...

www.burmeseclassic.com



"ကြည့်စမ်း...ဘုရားသိကြားမလို့ မင်း ပြန်ရောက်လာတာ တူးတူးရေ၊ ဒီဆယ်နှစ်ကာလ အတောအတွင်းမှာ မင်းအဖော မင်းအတွက်နဲ့ ဘယ်လောက် စိတ်သောက ရောက်ရတာကို ပြောရင် ပြောလို့ဆုံးမှာ မဟုတ်ဘူး"ဟု နှုတ်ခွန်းဆက်လိုက်၏။

ချင်တူးတူးက လီထင်းအား ဒူးထောက် အရိုအသေပေးပြီး...

"ဦးလေးတို့ အားလုံး နေကောင်းတယ်နော်"ဟု ပြန်လည် နှုတ်ဆက်လေသည်။ ပြီးလျှင် သားဖြစ်သူ ကျန်းဟူကျင်းဘက်သို့ လှည့်၍...

"သား၊ မင်း အဘိုးလေးကို ဦးချလိုက်စမ်း"ဟု ဆိုလေ၏။

ကျန်းဟူကျင်းသည် သူ့မိခင် ပြောသည့်အတိုင်း ကမန်း ကတန်း ဒူးထောက်ပြီး လီထင်းအား ဦးချလိုက်၏။ သို့သော် သူ့မျက်လုံးများကမူ ဟိုကြည့် သည်ကြည့်ဖြင့် ဂနာမငြိမ် ဖြစ်နေလေ၏။ ရုတ်တရက် ဤမျှ များပြားလှသော လူများကို တွေ့လိုက်ရသဖြင့် သူ့စိတ်ထဲတွင် အလွန် ထူးဆန်းနေဟန် တူလေ၏။ ထိုစဉ် ချင်တူးတူးက မတ်တတ်ရပ်လိုက်ပြီး...

"ဦးလေး၊ ဒါက ကျွန်မရဲ့သားလေး ကျန်းဟူကျင်းတဲ့"

လီထင်းက ကြောင်အမ်းအမ်း ဖြစ်သွား၏။ ပြီးမှ ချင်ချင် ကလန့်ဆယ်၍ တဟားဟား ရယ်ပြီးလျှင်...

"ကောင်းတယ် တူးဝ၊ ကောင်းတယ်၊ ဒီတစ်ခါတော့ မင်း အဖေက ဝမ်းသာလွန်းလို့ ရူးမလားတောင် မသိတော့ဘူး သမီး ပြန်လာရုံတင် မကဘူး၊ အင်မတန် ချစ်စရာကောင်းတဲ့ မြေးယောကျ်ားလေး တစ်ယောက်တောင် ပါလာသေးသကိုး



ကွယ်"

ထိုအခိုက် ချင်တူးတူးက လှေကြီး၏ ကုန်းပတ်ပေါ်တွင် သွေးကွက်များကို လည်းကောင်း၊ အလောင်း အချို့ကို လည်းကောင်း တွေ့ရသော် လီထင်းအား မေးလေသည်။

"သူတို့က ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ ဒီကို လာကြတာလဲ"

လီထင်းက...

"သူတို့လား၊ ဟူတာန်းဂိုဏ်းနဲ့ ခွန်းလွန်ဂိုဏ်းက လူတွေပါ"ဟု ဖြေလေ၏။

အမှန်မှု ချင်တူးတူးသည် စောစောကပင် ကျန်းချွေးဆန်း တစ်ယောက် ဝမ်းသာအားရဖြင့် လှေပေါ်သို့ ခုန်တက်ပြီး လူတစ်ယောက်နှင့် ဖက်လှဲတကင်း ပြုနေသည်ကို တွေ့လိုက်ရ ကတည်းက ဤအရေးအခင်းတွင် ဟူတာန်းဂိုဏ်းက ပါဝင် ပတ်သက်လိမ့်မည်ဟု တွက်ထားပြီး ဖြစ်ခဲ့၏။ ယခု ထပ်တစ်ဖန် အားဖြင့် ဆတ်ဆတ်ကြားလိုက်ရပြန်သော် ချင်တူးတူး၏ မျက်နှာ သိုမှောင်သွားရှာ၏။ လေသံတိုးတိုးဖြင့်လည်း...

"အကောင်းဆုံးကတော့ အတိုက်အခိုက်ကို ခဏလောက် ထိန်းထားပါဦး ဦးလေး၊ ကျေအေးနိုင်လို့ ရှိရင်လဲ ကျေအေး လိုက်ပါ"ဟု ဆိုသည်။

ထို့နောက်တွင်မူ သူတို့သည် အခြား လှေကြီးဘက်သို့ ကူးသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျန်းချွေးဆန်းသည် သူ၏ ဂိုဏ်းတူအစ်ကို နံပါတ်နှစ်
ပြောစရာ ဆိုစရာ စကားများ မြောက်မြားစွာ ရှိသော်လည်း
ဘာပြောရမည် မသိအောင် ဖြစ်နေရှာ၏။ ရီလင်တန်း
ကျန်းချွေးဆန်း၏ တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်လိုက်
ထိုစဉ် ခွန်းလွှန်ဂိုဏ်းမှ ဆီးဝါ ဟူသော ထိပ်သီး သိုင်းသမား
အော်မေးလေ၏။

"ကျန်းချွေးဆန်း၊ ရှက်စွန်းဆိုတဲ့ လူဆိုးကြီး
ဘယ်မှာလဲ"

ဆီးဝါးက လေသံနှင့် အမူအရာတ မောက်မာလှ
သူ့နံဘေးတွင်လည်း အသက် လေးဆယ်လောက်ရှိ အမျိုး
တစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။ ယင်း အမျိုးသမီး
ဆီးဝါ၏ ဂိုဏ်းတူညီမနှင့် ဇနီးလည်းဖြစ်သော ဝေ့ရန်
ဖြစ်ပါ၏။



ဝေ့ရန်သည် ဆီးဝါ၏ ဂိုဏ်းတူညီမဇနီး ဖြစ်သော်လည်း
သိုင်းပညာတွင်မူ ဆီးဝါထက် ပို၍ တတ်ကျွမ်းလေသည်။
မမျှော်လင့်ဘဲ ဆီးဝါ၏ မေးခွန်းကိုကြားသော် ကျန်းချွေးဆန်း
တစ်ယောက် နားမလည်နိုင်အောင် ဖြစ်သွား၏။ ထို့ကြောင့်
ရီလင်တန်းအား…

"အစ်ကို၊ ဒါက ဘယ်လိုဖြစ်တာလဲ"ဟု မေးလေ၏။

ထိုစဉ်ခိုက် ဆီးဝါသည် ကျန်းချွေးဆန်းက သူ့အမေးကို
မဖြေဘဲနေသည်ကို တွေ့သော် ဒေါသတကြီးဖြင့်…

"ဟေ့…ကျန်းချွေးဆန်း၊ ငါ မေးနေတာ မကြားဘူးလားဟု
အော်ပြောလေ၏။

ဆီးဝါသည် ခွန်းလွှန်ဂိုဏ်းတွင် ဝါ အလွန်ကြီး၏။
သိုင်းပညာလည်း မြင့်မား၏။ ထို့ကြောင့်လည်း မာနကြီးသမျှ
မောက်မာလေသည်။ မျက်ခုံးဖြူဂိုဏ်းမှ နဂါးဂိုဏ်းခွဲခေါင်းဆောင်
ဖုန်းထန်မှာလည်း လွန်စွာ ဉာဏ်နီဉာဏ်နက် များသူဖြစ်၏။
စောစောက သူ့ငယ်သားနှစ်ယောက်မှာ ဆီးဝါ၏ ဓားချက်ကြောင့်
သေဆုံးသွားရသဖြင့် သူက ဆီးဝါအား လွန်စွာ အခဲမကျေ
ဖြစ်နေလေသည်။ ထို့ကြောင့် သူက ကြားဝင်၍ ဆိုလေ၏။

"ဟေ့…ဆီးဝါ၊ အစ်ကိုလေး ကျန်းချွေးဆန်းဟာ အခု
ငါတို့ မျက်ခုံးဖြူဂိုဏ်းက ဂိုဏ်းချုပ်ကြီးရဲ့ ချွေးသမက် ဖြစ်နေ
ပြီကွ၊ စကားပြောရင် ကြည့်ပြောပေါ့ ကိုယ့်လူ"

ဆီးဝါက ဒေါသခြောင်းခြောင်း ထွက်သွား၏။ ထို့ကြောင့်…

"ဟေ့…ဒီမယ် ဖုန်းထန်၊ မင်းတို့လို အရိုက်ဂိုဏ်းက

www.burmeseclassic.com

www.burmeseclassic.com



မိန်းခလေးကို မှူတန်းဂိုဏ်းလို ဖြောင့်မှန်တဲ့ဂိုဏ်းရဲ့ ဂိုဏ်းသားတစ်ယောက်က လက်ထပ်ယူပါ့မလားကွ၊ ဟင်း…ဒီလက်ထပ်ရေးမှာ တစ်ခုခုတော့ ရှိရမယ်ကွ၊ နားလည်လား”ဟု ပြန်ပြောလေသည်။ ဖန်းထန်က ခနဲ့ပြုံးဖြင့်…

“ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးက မြေးတောင် ချီရပြီကွ၊ မင်းဘာတွေ လာပြောနေတာလဲ”

ဆီးဝါက ဒေါသ ပိုထွက်လာ၏။ ထို့ကြောင့် ဒေါသဖြင့် အော်၍…

“ဒီ မိန်းမယုတ်…”

သူ့အော်သံက ဤတွင် ရပ်သွား၏။

အကြောင်းမူ ဝေ့ရန်က တားမြစ်လိုက်သောကြောင့်ပင် ဖြစ်ပါ၏။ ဝေ့ရန်သည် ဖုန်းထန်၏ အကြံကို အကင်းပါးစွာ သိလိုက်၏။

ဖုန်းထန်သည် မှူတန်းဂိုဏ်းနှင့် ခွန်းလွန်ဂိုဏ်းကို ပြန်၍ ရန်တိုက်ပေးနေခြင်းပင် မဟုတ်ပါလား။

ထို့ကြောင့် ဝေ့ရန်က ကမန်းကတန်း ကြားဝင်၍…

“အစ်ကိုကြီး၊ သူနဲ့ အလကား လေအကျနီခံပြီး ငြင်းမနေပါနဲ့၊ အားလုံး ရီလင်တန်း ဘယ်လို ဆုံးဖြတ်မယ် ဆိုတာသာ နားထောင်လိုက်ပါ”ဟု ဆိုလေသည်။

* * *

ရီလင်တန်းသည် ကျန်းချွေးဆန်းကို လည်းကောင်း၊ ချင်တူးတူးကိုလည်းကောင်း စိုက်ကြည့်ရင်း အတွေးများစွာ ဝင်နေလေ၏။ အတန်ကြာမှပင် သူက…

“ကဲ…အားလုံး လှေဝမ်းထဲကို ကြွပြီး စိတ် တည်တည် ငြိမ်ငြိမ်နဲ့ ဆွေးနွေးကြပါစို့၊ အခု နှစ်ဘက်စလုံးက ဒဏ်ရာရတဲ့ ညီအစ်ကိုတွေကို ဖေးကူလိုက်ကြပါ”ဟု ဆိုလေသည်။

ယခု ဤလှေကြီးပေါ်တွင် မျက်နှာဖြူဂိုဏ်းမှာ ဧည့်သည် ဖြစ်နေ၏။ ထိုဂိုဏ်းတွင် ရာထူးအဆင့် အမြင့်မားဆုံးမှာ ချင်တူးတူးပင်ဖြစ်ရာ ချင်တူးတူးသည် သားဖြစ်သူ ကျန်းဟူကျင်း၏ လက်ကိုဆွဲ၍ လှေဝမ်းထဲသို့ ဦးစွာ ဝင်လိုက်၏။ ချင်တူးတူးတို့ သားအမိနောက်တွင်မူ မိုးကြိုးဂိုဏ်းခွဲ ခေါင်းဆောင် လီထင်နှင့် နဂါးဂိုဏ်းခွဲ ခေါင်းဆောင် ဖုန်းဆန်တို့ လိုက်ဝင်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထန် လှေဝမ်းထဲသို့ လျှောက်ဝင်လိုက်ချိန်တွင် ရုတ်တရက် နောက်ဘက်မှ လေတိုးသံတစ်ချက် ကြားလိုက်ရသဖြင့် သူ့အား တစ်စုံတစ်ယောက် ချောင်း၍ တိုက်ခိုက်လိုက်ကြောင်း ချက်ချင်းသိလိုက်၏။ သူ့အား ချောင်းမြောင်း တိုက်ခိုက်လာသူမှာလည်း ဆီးဝါပင် ဖြစ်နေလေ၏။ သို့သော် သူက ပြန်လည် ခုခံခြင်း မပြုဘဲ ရှေ့ကိုသာ ထိုးမှောက် တိမ်းရှောင်လိုက်ပြီး အများကြားအောင် အော်ပြောလေတော့၏။

"အမယ်လေး...ချောင်းရိုက်သဗျ"

ဖုန်းထန်၏ ရုတ်တရက် အော်ပြောသံကြောင့် အားလုံး လှည့်ကြည့်လိုက်ကြ၏။ ထိုအခါ ဝေ့ရန်က မျက်နှာထား တင်းတင်းပြု၍ သူ့ယောက်ျားဖြစ်သူ ဆီးဝါအား တစ်ချက်မျှ မျက်စောင်းထိုး ကြည့်လိုက်လေ၏။ ဆီးဝါ၏ မျက်နှာမှာ ချက်ချင်း နီရဲတက်လာ၏။ သူကဲ့သို့ ထိပ်သီး သိုင်းသမားရင့်မကြီးတစ်ယောက်က ယခုကဲ့သို့ တစ်ဘက်သူအား ချောင်းမြောင်း တိုက်ခိုက်သည်မှာ လွန်စွာ သိက္ခာကျသော အပြုအမူပင် မဟုတ်ပါလား။

အားလုံး လှေဝမ်းထဲတွင် နေရာယူ ထိုင်လိုက်ကြပြီဖြစ်ပါ၏။ ချင်တူးတူးက ညှော်သည်ထိုင်ခုံများ၏ အစွန်ဆုံးခုံတွင် ထိုင်လိုက်ပြီး ကျန်းဟူကျင်းမှာမူ ချင်တူးတူး နံဘေးတွင် ရပ်နေ၏။ အိမ်ရှင် ခုံများဘက်တွင်မူ ရီလင်တာန်းက အစွန်ဆုံးခုံတွင် ထိုင်လေသည်။ သို့ ထိုင်ရင်းမှ ဝေ့ရန်၏ နံဘေးဘက်ရှိ ခုံကို လက်ညှိုးထိုးလျက်...



"ညီလေး၊ မင်း ဟိုမှာ ထိုင်လိုက်လေ" ဟု ကျန်းချွေးဆန်းအား ပြောလေ၏။

ကျန်းချွေးဆန်းက ခေါင်းတစ်ချက် ညိတ်၍ ဝင်ထိုင်လိုက်လေ၏။ ထိုအခါ ချင်တူးတူးနှင့် ကျန်းချွေးဆန်းတို့မှာ တစ်ဘက်စွန်းတွင်ထိုင်လျက် တစ်ယောက်နှင့် တစ်ယောက် ရန်ဘက်များပမာ ဖြစ်နေကြရလေတော့၏။

ဤ ဆယ်နှစ်အတွင်းတွင် ကျန်းချွေးဆန်းသည် ပျောက်ခြင်း မလှ ပျောက်လျက် သေသည်လား၊ ရှင်သည်လား မသိ ဖြစ်နေချိန်တွင် နံပါတ်သုံး ရိဝိုက်ရှင်မှာလည်း တစ်ကိုယ်လုံး မလှုပ်နိုင် မရှားနိုင်ဖြစ်လျက် သိုင်းလောကထဲသို့ပင် မဆင်းနိုင်တော့ချေ။ ထိုအခါ ဟူတာန်းဂိုဏ်းတွင် သိုင်းလောကသို့ ဆင်းလာနိုင်သူမှာ ငါးယောက်သာ ကျန်လေတော့၏။ သို့ရာတွင် ဤဆယ်နှစ်အတွင်းတွင် ဟူတာန်းဂိုဏ်း၏ နာမည်မှာ ကျမသွားသည့်အပြင် သိုင်းလောကတွင် ပို၍ပင် ကျော်ကြားလာလေ၏။

ဂိုဏ်းတူ ညီအစ်ကို ခုနစ်ဖော်ထဲတွင် နံပါတ်တစ် ချူရှင်ချောင်းနှင့် နံပါတ်နှစ် ရီလင်တာန်းတို့ နှစ်ယောက်က ဟူတာန်းဂိုဏ်း၏ ဒုတိယဆက် သိုင်းသမားများ ဖြစ်သော်လည်း တန်းတူ အရှိန်အဝါ ရှိနေ၏။ ထို့ကြောင့် သိုင်းလောကသားများက ဟူတာန်းငါးဖော်ကို လွန်စွာ လေးစားကြလေသည်။

ယခုလည်း ဆီးဝါနှင့် ဝေ့ရန်တို့မှာ ဝါကြီးသော သိုင်းသမားများပင် ဖြစ်လင့်ကစား ရီလင်တာန်းအား လေးစားသောအားဖြင့် ပထမဦးဆုံး ခုံတွင် ပေးထိုင်စေလိုက်ရ၏။ သူတို့ အားလုံးသည်

www.burmeseclassic.com

www.burmeseclassic.com



ယေမှုဝမ်းရှိ ထိုင်ခုံအသီးသီးတွင် ထိုင်လိုက်ကြသည့်တိုင် ကြောင်းရင်းကိစ္စကို မပြောကြသေးဘဲ အလွှာပ သလွှာပ စကားများကိုသာ ပြောနေကြလေ၏။

ထိုစဉ်တွင်ပင် ရီလင်တန်း၏ စိတ်ထဲမှ ဤသို့ စဉ်းစားလိုက်၏။

"ငါ့ညီလေးဟာ ဒီဆယ်နှစ် အတောအတွင်း ပျောက်ဆုံးနေတာက လက်စသတ်တော့ မျက်ခုံးဖြူဂိုဏ်းချုပ်ရဲ့ သမီးနဲ့ လက်ထပ်သွားခဲ့တာကိုး၊ အခုချိန် သူတို့တွေရှေ့မှာ သူ့ကိုမေးရင် သူ့ခမျာ အဖြေရခက်ရှာမှာပဲ၊ သူ့မှာ သူများတွေကို မသိစေချင်တဲ့ အချက်တွေ ရှိကောင်း ရှိလိမ့်မယ်လေ"

သို့ဖြင့် ရီလင်တန်းသည် သူကစ၍ အသံကိုမြှင့်ကာ...

"ကျုပ်တို့ ရှောင်လင်၊ ခွန်းလွန်၊ ဝါမေ၊ ခုံးတုံး၊ ဟွာတန်းဂိုဏ်း၊ ငါးဂိုဏ်းနဲ့ လက်သီးဘုရင်ဂိုဏ်း အစရှိတဲ့ ဂိုဏ်းတွေအပါအဝင် ဟိုင်ဆားဂိုဏ်း၊ ဝေလငါးဂိုဏ်း အားလုံး နှစ်ဆယ့်တစ်ဂိုဏ်းက လူတွေဟာ ရွှေခြင်္သေ့မင်း ရှက်စွန်းကို ရှာဖို့အတွက်ရော၊ ချင်တူးတူးနဲ့ ကျုပ်ရဲ့ညီလေး ကျန်းချွေးဆန်းတို့ နှစ်ယောက်ကို ရှာဖို့အတွက်နဲ့ရော မျက်ခုံးဖြူဂိုဏ်းနဲ့ သဘောကွဲလွဲမှုရှိလို့ ခိုက်ရန်ဖြစ်ပွားခဲ့ကြပါတယ်၊ ဒီဆယ်နှစ် အတောအတွင်းမှာ သိုင်းလောကကြီး တစ်ခုလုံးမှာလဲ မတည်မငြိမ်နဲ့ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ပါတယ်"

ရီလင်တန်းက ထိုသို့ပြောလိုက်ပြီးနောက် စကားကို ခဏမျှ ရပ်ထားလိုက်၏။ ပြီးမှ ဆက်၍ ဆိုပြန်သည်။



"အခုတော့ ကံကောင်းထောက်မလို့ ချင်တူးတူးရော၊ ကျန်းချွေးဆန်းတို့ပါ မမျှော်လင့်ဘဲ ပြန်ရောက်လာကြပါတယ်၊ ဒီဆယ်နှစ် အတောအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ အငြင်းပွားမှုတွေကို အခုချက်ချင်းလက်ငင်း ဖြေရှင်းဖို့ဆိုတာ မလွယ်ပါဘူး၊ ဒါကြောင့် ကျုပ်သဘောအရ ပြောရရင် အကောင်းဆုံးကတော့ ကျုပ်တို့ အားလုံး မြေပြန့်ကို ပြန်ကြ၊ ချင်တူးတူးက အကြောင်းစုံကို သူတို့ရဲ့ ဂိုဏ်းချုပ်ကြီးကို ပြန်ပြောပြ၊ ကျန်းချွေးဆန်းကလဲပဲ ကျုပ်တို့ရဲ့ ဆရာကို ပြန်ပြောပြမယ်၊ နောက်မှ နေရာအချိန် သတ်မှတ်ပြီး ဒီအရှုပ်အရှင်းကို ဖြေရှင်းလိုက်မယ်၊ တကယ်လို့ ဒီပြဿနာကိုသာ ဒီလိုနည်းနဲ့ ဖြေရှင်းပြီးပြတ်ပြီး မိတ်ဆွေအဖြစ် ဖြစ်သွားကြမယ်ဆိုရင်တော့ အကောင်းဆုံးပဲပေါ့"

ထိုစဉ် ဆီးဝါက ရုတ်တရက်ဝင်၍...

"ရှက်စွန်း လူဆိုးကြီး ခု ဘယ်မှာလဲ၊ ငါတို့က ဒီကောင်ကြီးကို ရှာဖို့ ထွက်လာတာ" ဟု ဆိုလေ၏။

ကျန်းချွေးဆန်းက မိမိတို့ သုံးယောက်ကြောင့် သိုင်းလောကတွင် ဤမျှ ဤမျှ အရှုပ်အထွေး ဖြစ်ခဲ့ရသည်ကို ကြားရသော် လွန်စွာ စိတ်မကောင်း ဖြစ်သွား၏။ ယခုတစ်ဖန် ဆီးဝါက ဝင်၍ ရှက်စွန်း ဘယ်မှာရှိကြောင်း မေးနေသည်ကို ကြားရပြန်သော် ဝို၍ အခက်တွေ့သွားရလေ၏။ အကယ်၍ သူကသာ ဖွင့်ဟပြောလိုက်လျှင် သိုင်းလောကရှိ သိုင်းသမား အမြောက်အမြားသည် ရေခဲတောင်ကျွန်းသို့ သွားပြီး ရှက်စွန်းအား ကလဲ့စားချေကြမည်မှာ သေချာနေ၏။ သို့သော် သူက သူ့လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ရှိခဲ့ပါသော ရှက်စွန်းကိုမူ ဤသို့ သစ္စာဖောက်မည် မဟုတ်ပေ။ သူက ထိုသို့တွေဝေနေစဉ် ချင်တူးတူးက ရှတ်တရက် ဝင်၍ သူ့ကိုယ်စား ဆီးဝါ အမေးကို ဖြေလေ၏။

"လူဆိုးကြီး ရှက်စွန်းက လွန်ခဲ့တဲ့ ကိုးနှစ်လောက်ကတည်းက သေသွားပြီရှင့်"

ချင်တူးတူး၏ အဖြေကြောင့် ရိုလင်တန်းနှင့်တကွ ဆီးဝါနှင့် ဝေ့ရန်တို့၏ နှုတ်မှပါ...

"ရှက်စွန်း သေပြီ"

ချင်တူးတူးက ဆက်၍...

"ကျွန်မ ဒီကလေးကို မွေးတဲ့နေ့မှာပဲ လူဆိုးကြီးရှက်စွန်းက စိတ်ရိုင်းထပြီး ကျွန်မနဲ့ အစ်ကို ကျန်းချွေးဆန်းကို သတ်ဖို့ ကြံစည်ပါတယ်၊ နောက်တော့ သူက ရုတ်တရက် ကလေး ငိုသံကြားရပြီး သူ့ရဲ့ နှလုံးရောဂါ ထလာပါတယ်၊ ဒီလိုနဲ့ပဲ ရှက်စွန်း လူဆိုးကြီးလဲ သေသွားရတာပဲ"

ကျန်းချွေးဆန်းလည်း ထိုအခါကျမှပင် ချင်တူးတူး ဘာဆိုလိုသည်ကို သဘောပေါက်သွားတော့၏။ အမှန်မှု ချင်တူးတူးသည် သူတို့၏ အစ်ကိုကြီး ရှက်စွန်းကို "လူဆိုးကြီး၊ လူဆိုးကြီး"ဟု တဖွဖွပြောပြီး သေပြီဟု ဆိုလိုက်ခြင်းမှာ လျော်ကန်သော အဖြေပင် ဖြစ်၏။

အဘယ့်ကြောင့်မူ ရှက်စွန်းသည် အမှန်တကယ်ပင် ကျန်းဟူကျင်း၏ "အူဝဲ...အူဝဲ"ငိုသံကြား၍ အမြင်မှန်ရပြီး လူကောင်းသူကောင်း ဖြစ်လာခဲ့ရခြင်းပင် မဟုတ်ပါလား။



ထို့ကြောင့် ချင်တူးတူးက လူဆိုး ရှက်စွန်းမှာ သေပြီဖြစ်၍ လူကောင်း ရှက်စွန်းသာ ကျန်နေပါသည်ဆိုသော အဓိပ္ပာယ်ဖြင့် ပြောလိုက်ခြင်းပင် ဖြစ်ပါ၏။ သို့ရာတွင် ဤစကား၊ အဓိပ္ပာယ်ကိုမူ သူတို့ ဇနီးမောင်နှံမှတစ်ပါး မည်သူမျှ သိလိမ့်မည် မဟုတ်ချေ။

ဆီးဝါကမူ ချင်တူးတူးမှာ ဒုစရိုက်ဂိုဏ်းမှလူ ဖြစ်၍ ထိုစကားကို မယုံချင်ပေ။ ထို့ကြောင့် ကျန်းချွေးဆန်းအား အော်မေးလေ၏။

"ကျန်းချွေးဆန်း လူဆိုးကြီး ရှက်စွန်း သေပြီဆိုတာ မှန်သလား"

ကျန်းချွေးဆန်းက မဆိုင်းမတွပင် ပြန်ဖြေလေ၏။

"ဟုတ်ပါတယ်၊ လူဆိုးကြီး ရှက်စွန်း သေဆုံးသွားပါပြီ"

ဆီးဝါက ဘာမျှ ထပ်မမေးတော့။ အားလုံး ကိုယ့်အတွေးနှင့် ကိုယ် ရှိနေကြ၏။

ယင်းအချိန်တွင် ကလေးငယ်မျှသာဖြစ်သော ကျန်းဟူကျင်းသည် လူတွေအားလုံးက သူ့အဖေကြီးကို "လူဆိုးကြီး"ဟု ပုတ်ခတ်ပြောဆိုနေရုံဖြင့် မပြီးသေးဘဲ သူ့အမေနှင့် အဖေကိုယ်တိုင်က သူ့အဖေကြီး လွန်ခဲ့သော ကိုးနှစ်ကတည်းကပင် သေသွားပြီဟု ပြောလိုက်သည်ကိုပါ ကြားရသော် သူက မိဘနှစ်ပါး၏ အကြံကို လုံးဝမသိသဖြင့် ဝါးခနဲငိုရင်း...

"အဖေကြီးက လူဆိုးမဟုတ်ဘူး၊ ကျွန်တော့်ရဲ့ မွေးစားအဖေကြီးက မသေသေးဘူး၊ အဖေကြီး မသေသေးဘူး"ဟု အော်ပြောမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သားငယ် ကျန်းဟူကျင်း၏ ငိုရင်းပြောသော စကားကို အားလုံးကြားလိုက်သောအခါ လွန်စွာ အံ့သြသွားကြလေ၏။ ချင်တူးတူးမှာ ဒေါသကို မထိန်းနိုင်ဖြစ်ကာ ကျန်းဟူကျင်း၏ပါးကို "ဖျန်း" ခနဲ ထရိုက်လိုက်မိလေတော့၏။ တစ်ဆက်တည်းတွင်ပင် ကျန်းဟူကျင်းအား...

"ဟဲ့ကျန်းဟူကျင်း...လူကြီးတွေ ပြောနေတာကို ကလေးက ဝင်စွက်ရသလား၊ ငါတို့ အခုပြောနေတာက ဟို လူဆိုးကြီး ရှက်စွန်းကို ပြောနေတာဟဲ့၊ မင်းရဲ့ မွေးစားအဖေကြီးကို ပြောနေတာ မဟုတ်ဘူး"

ကျန်းဟူကျင်းလည်း လုံးဝ နားမလည်နိုင်အောင် ဖြစ်သွားရ၏။ သို့သော် စကားတစ်ခွန်းမျှပင် ဆက်၍ မပြောဝံ့ရှာတော့ချေ။ ထိုစဉ် ဆီးဝါးက ရုတ်တရက် ခနဲ့ရယ် ရယ်လိုက်ပြီး ကျန်းဟူကျင်းအား...

"လူလေး၊ ရှက်စွန်းတ မင်းရဲ့ မွေးစားအဖေကြီး ဟုတ်လား၊ သူ အခု ဘယ်မှာရှိသလဲ"

ကျန်းဟူကျင်းက သူ့မိဘနှစ်ပါး၏ မျက်နှာအမူအရာကို ကြည့်ပြီး သဘောပေါက်သွားပြီဖြစ်၍ ဆီးဝါး၏ အမေးကို သူက ခေါင်းကလေး ခါယမ်းရင်း...

"ကျွန်တော် မပြောဘူး" ဟု တုံးတိတိ ဖြေချလိုက်လေ၏။

သူက ကလေးဖြစ်၍ ကလေးလိုပင် "ကျွန်တော် မပြောဘူး" ဟု ဖြေလိုက်သော်လည်း ရှက်စွန်း မသေသေးကြောင်း သက်သေထူလိုက်သကဲ့သို့ ဖြစ်သွားလေ၏။ ထို့ကြောင့် ဆီးဝါက



ကျန်းချွေးဆန်းအား စိုက်ကြည့်လျက်...

"ကျန်းချွေးဆန်း၊ ဒီမျက်ခုံးဖြူဂိုဏ်းက ချင်တူးတူးဟာ မင်းရဲ့ ဇနီးလား" ဟု မေးလာလေ၏။

"ဟုတ်ပါတယ်"

ကျန်းချွေးဆန်းက မဆိုင်းမတွပင် အဖြေပေးလိုက်၏။ ထိုအခါ ခွန်းလွန်ဂိုဏ်း ဆီးဝါက ခက်ထန်သော အသံဖြင့်...

"ငါတို့ရဲ့ဂိုဏ်းသား ကောင်းကျက်ချန်နဲ့ ကျန်းကျိုတို့ နှစ်ယောက်ကတော့ အရူးတစ်ပိုင်း ဖြစ်နေကြပြီကွ၊ သူတို့ရဲ့ ပါးစပ်က နာမည်တစ်ခုကိုပဲ တတွတ်တွတ် ရွတ်နေကြပြီး ကျန်တာ ဘာတစ်ခွန်းမှ မေးလို့ မရတော့ဘူး၊ သူတို့ တတွတ်တွတ် ရွတ်နေတဲ့ နာမည်ကတော့ ချင်တူးတူးပဲကွ၊ ဒီနာမည်ရှင်က သူတို့ကို ဖျက်ဆီးခဲ့တဲ့လူပဲ ဖြစ်ရမယ်"

ထိုစကားကိုကြားသော် မျက်ခုံးဖြူဂိုဏ်းမှ ကျားသစ်ဂိုဏ်းခွဲ ခေါင်းဆောင် ဖုန်းထန်က ဝင်၍...

"ဆီးဝါ၊ မင်းက ငါတို့ရဲ့ မမလေးကို သိက္ခာကျအောင် အရမ်းမစွပ်စွဲပါနဲ့ကွ၊ မင်းတို့ဂိုဏ်းသား ကောင်းကျက်ချန်နဲ့ ကျန်ချိုတို့ဟာ ကျိုးမိုက်က ဗျိုင်းကို လိုချင်တပ်မက်လို့ အစွဲလမ်းကြီးဖြစ်ပြီး ရူးသွားတာမျိုး ဖြစ်မှာပေါ့ကွ၊ ဒါက သူ့အပြစ်နဲ့ သူပဲ၊ ဘယ်သူ့ကိုမှ ပြောနေစရာ မလိုပါဘူး"

ထိုစကားကိုကြားသော် ဆီးဝါက သူ့ခါးမှဓားကို "ချက်ခနဲ" ဆွဲထုတ်ရင်း...

"ဟိတ်...လူဆိုးတွေ၊ သတ္တိရှိရင် ထွက်ခဲ့စမ်း" ဟု စိန်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

အမှန်မူ ကျားသစ်ဂိုဏ်းခွဲခေါင်းဆောင် ဖုန်းထန်သည် ဆီးဝါအား တမင် ဒေါသထွက်အောင် ဆွလိုက်ခြင်းပင် ဖြစ်ပါ၏။ အဘယ့်ကြောင့်မူ ချင်တွားတွားသည် ကျန်းချွေးဆန်းနှင့် လက်ထပ်ပြီး ကလေးတစ်ယောက်ပင် ထွန်းကားခဲ့ပြီဖြစ်ရာ ဟွာတန်းဂိုဏ်းမှ ရီလင်တန်းနှင့် ကျန်းချွေးဆန်းတို့သည် မိမိဘက်မှ မကူညီသည့်တိုင် ခွန်းလွန်ဂိုဏ်းဘက်မှ ကူညီပေးမည် မဟုတ်ချေ။ သည်သို့ဆိုလျှင် ခွန်းလွန်ဂိုဏ်းအား ရင်ဆိုင်ရန်မှာ အလွန်လွယ်ကူကြောင်း သိထားသောကြောင့်ပင် ဖြစ်ပါ၏။

ဇေရန်ကလည်း ဤအချက်ကို အကင်းပါးစွာ တွက်လိုက်မိ၏။ သူမတို့၏ ခွန်းလွန်ဂိုဏ်းမှ လူခြောက်ယောက်ခုနစ်ယောက်နှင့် ဤမျက်ခုံးဖြူဂိုဏ်းမှ ထိပ်သီးသိုင်းသမားအမြောက်အမြားကို ရင်ဆိုင်နိုင်မည် မဟုတ်ဟု တွက်ထားလိုက်၏။ သို့ဖြင့် ဇေရန်က...

"အစ်ကိုကြီး၊ သူများတွေက ကျွန်မတို့ လှေပေါ်တက်လာတာဆိုတော့ သူတို့က ဧည့်သည်တွေပဲ၊ သည်းခံလိုက်ပါ အစ်ကိုကြီး၊ အခု ကျွန်မတို့ ရီလင်တန်းရဲ့ ဆုံးဖြတ်ချက်ကို နားထောင်တာက အကောင်းဆုံးပါပဲ" ဟု ဆိုလေ၏။

အမှန်မူ ဇေရန်က မြားဦးကို ရီလင်တန်းဘက်သို့ မသိမသာ လှည့်ထုတ်ခြင်းပင် ဖြစ်ပါ၏။ သို့သော် ဆီးဝါက ဇေရန်၏ အကြံကို ဉာဏ်မမီ၍ မကျေမချမ်းဖြင့်ပင် အော်ပြောနေလေ၏။

"သူတို့ ဟွာတန်းဂိုဏ်းက မျက်ခုံးဖြူဂိုဏ်းနဲ့ အခု



ဆွေမျိုးတောင် တော်နေကြပြီကွ၊ အခု သူတို့က တစ်ဖွဲ့တည်းလို ဖြစ်နေကြပြီတဲ့၊ ရီလင်တန်းပြောလဲ သူတို့ဘက်က ပါမှာ သေချာတယ်ကွ"

ရီလင်တန်းကား လွန်စွာ စိတ်တိန်းနိုင်သူ ဖြစ်၏။ သူက ဒေါသကို ဘယ်သောအခါမျှ မျက်နှာတွင် မပြချေ။

ဇေရန်က ကမန်းကတန်းဖြင့်...

"အစ်ကိုကြီး ဘာတွေ လျှောက်ပြောနေတာလဲ၊ ဟွာတန်းဂိုဏ်းက သိုင်းလောကမှာ ဒီလောက် နာမည်ကြီးတဲ့ဥစ္စာ၊ သူတို့က ဒီလို ဒုစရိုက်ဂိုဏ်းက လူတွေနဲ့ လက်တွဲပါ့မလား၊ နောက်ပြီး ရီလင်တန်းက အမှန်တရားကို မြင်နိုင်တဲ့လူပါ၊ သူက ဘယ်သူ့ကိုမှ မျက်နှာသာ ပေးမှာ မဟုတ်ပါဘူး" ဟု ဆိုလေ၏။ ဆီးဝါက မကျေမချမ်းဖြင့်ပင်...

"မထင်ပါဘူး" ဟု ဆိုလေ၏။

ဇေရန်၏ စိတ်ထဲမှမူ...

"ဒီလောက် အသုံးမကျတဲ့လူ" ဟု ဆီးဝါအား ကျိန်ဆဲနေမိပြီးလျှင် နှုတ်မှအော်၍...

"အစ်ကိုကြီး၊ အစ်ကိုကြီး အခုလို အရမ်းလျှောက်ပြီး ဟွာတန်းဂိုဏ်းကို စွပ်စွဲနေရင် တကယ်လို့ ဂိုဏ်းချုပ်ကြီးက အပြစ်တင်ရင် ကျွန်မနဲ့ မဆိုင်ဘူးနော်" ဟု သတိပေးလိုက်၏။

ဆီးဝါလည်း ဂိုဏ်းချုပ်နှင့် ကိုင်ပေါက်ခံရတော့မည်စကားသံတိတ် ရပ်သွားတော့၏။ ရီလင်တန်းက ထိုအခါကျမှ အေးဆေးသော လေသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက သိုင်းလောက အတွင်းမှာရှိတဲ့ ဂိုဏ်းအတော်များများနဲ့ ပတ်သက်နေတယ်ဆိုတော့ ကျုပ်လို သာမန်လူတစ်ယောက်အနေနဲ့ ဘယ်ဆုံးဖြတ်ရဲမှာလဲ၊ အခု ဒီကိစ္စကို ကျုပ်ဆရာကြီးဆီ တင်ပြရဦးမယ်"ဟု ဆိုလေသည်။

ထိုအခါ ဆီးဝါက ခနဲ့ပြုံး ပြုံးပြီး...

"ရီလင်တာန်း၊ ခင်ဗျားက တယ် မြားဦး အလှည့်ကောင်းတာပဲ"ဟု ဆိုလိုက်လေ၏။

ရီလင်တာန်းမှာ ဤတစ်ကြိမ်တွင် ဒေါသထွက်သွား၏။

သို့သော် သူက ဒေါသကို ချက်ချင်း ပြန်ထိန်းလိုက်လေသည်။ ဆီးဝါသည် မိမိ ထိုစကားကို ပြောနေစဉ် ရီလင်တာန်းက မိမိအား ဖျတ်ခနဲ စိုက်ကြည့်လိုက်သည်ကို တွေ့ရ၏။ ရီလင်တာန်း၏ မျက်လုံးအကြည့်က စူးရှလှသဖြင့် မိမိရင်ကို တုန်ခါသွားစေခဲ့၏။ စိတ်ထဲမှလည်း...

"အင်း...ရီလင်တာန်းရဲ့ မျက်လုံးအကြည့်က စူးရှ ထက်မြက်လှချည့်လား၊ ဒီလောက် စူးရှထက်မြက်တဲ့ မျက်လုံးမျိုး ငါ့ဆရာနဲ့ ဂိုဏ်းချုပ်ကြီးမှာတောင် မမြင်တွေ့ဖူးဘူး"ဟု ရေရွတ်လိုက်မိ၏။ ထိုစဉ် ရီလင်တာန်းက...

"ဒီလိုဆိုရင် ခင်ဗျားက ဘယ်လို အကြံရှိသလဲ ပြောပါ"ဟု ခပ်ပြတ်ပြတ် မေးလေ၏။

ဆီးဝါသည် ရီလင်တာန်း၏ စူးရှသော အကြည့်နှင့် ပြတ်သားသော အမေးကြောင့် ကြောက်ရွံ့ တုန်လှုပ်သွား၏။ ထို့ကြောင့် ဝေ့ရန်ဘက်သို့ လှည့်၍ ဆိုသည်။



"ညီမလေး၊ မင်းရဲ့ သဘောထားကကော ဘယ်လိုလဲ"

ထိုစဉ်မှာပင် ပင်လယ်ပြင်၏ တောင်ဘက်ဆီမှ ခရုမှုတ်သံများကို ရုတ်တရက် ကြားလိုက်ရ၏။ ခွန်းလွန်ဂိုဏ်းသား တစ်ယောက်က ထိုင်နေရာမှ ချက်ချင်း အပြင်ထွက်ပြီး ပြန်လာချိန်တွင်...

"ခုံတုံဂိုဏ်းနဲ့ ဝါမေဂိုဏ်းကလူတွေ ရောက်လာပြီ"ဟု အော်ပြောလေ၏။

ထိုအခါ မျက်ခုံးဖြူဂိုဏ်းမှလူများ မျက်စိမျက်နှာ ပျက်သွားကြ၏။ ဆီးဝါနှင့် ဝေ့ရန်တို့မှ ရုတ်ခြည်း ဝမ်းသာသွားကြလေသည်။ ဝေ့ရန်က ရီလင်တာန်းအား...

"အတော်ပဲ၊ ခုံးတုံဂိုဏ်းနဲ့ ဝါမေဂိုဏ်းရဲ့ သဘောထားကို နားထောင်ကြည့်ရသေးတာပေါ့"ဟု ဆိုလေ၏။

ရီလင်တာန်းလည်း "ကောင်းပါတယ်"ဟု ပြောပြီး အခြေအနေကို စောင့်ကြည့်နေလိုက်လေ၏။ ထိုစဉ်တွင် ကျုန်းချွေးဆန်း၏ ရင်ထဲတွင် ပို၍ လေးလံလာလေ၏။ သူ့စိတ်ထဲတွင်...

"ဝါမေဂိုဏ်းကတော့ သိပ်အရေးမကြီးဘူးဘဲ ထားပါတော့၊ ခုံးတုံဂိုဏ်းကျတော့ အစ်ကိုကြီးရုက်စွန်းနဲ့ မဟာရန်ညှိုး ရှိထားတဲ့ ဂိုဏ်းပဲ၊ အစ်ကိုကြီးက ခုံးတုံဂိုဏ်းက ဝါကြီး ဆရာတော်ငါးပါးကို သတ်ပြီးတော့ ခုနစ်ဆင့် လက်သီးသိုင်းရဲ့ ကျမ်းစာအုပ်ကို လုယူခဲ့တယ်၊ သူတို့ကတော့ အစ်ကိုကြီးကို မတွေ့တွေ့အောင် လိုက်ရှာမှာ သေချာတယ်"ဟု တွေးမိ၏။

ချင်တူးတူးလည်း သူကဲ့သို့ပင် စဉ်းစားနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အကယ်၍သာ ကျန်းဟူကျင်းက ဘာမျှ မပြောဘဲ နေခဲ့လျှင် သူတို့သည် မည်သူ့ကိုမျှ ကြောက်ရွံ့နေရန် မလိုတော့။ ထို့ကြောင့် ချင်တူးတူးက ကျန်းဟူကျင်းအား တစ်ချက်မျှ စိုက်ကြည့်လိုက်၏။ ထိုအခါ စောစောစဉ်က မိမိ၏ လက်ဝါးဒဏ်ကြောင့် သားလေး၏ ပါးပြင်တွင် လက်ချောင်းရာများ ထင်ကျန်နေသေးသည်ကို မြင်ရသော် ကြီးစွာ စိတ်မချမ်းမြေ့ခြင်း ဖြစ်သွားလေ၏။ သားဖြစ်သူအားလည်း အသနားမိုကာ ကြင်နာယုယစွာ ထွေးဖက်ထားလိုက်မိလေသည်။ ကျန်းဟူကျင်းကား ရင်ထဲတွင် မကျေမချမ်း ဖြစ်နေဆဲပင် ဖြစ်ပါ၏။ ထို့ကြောင့် သူ့နှုတ်ခမ်းကို မိခင်၏ နားတွင်တေ့လျက်...

"မေမေ...အဖေကြီး မသေသေးပါဘူးနော်"ဟု တိုးတိုး မေးရှာ၏။

ချင်တူးတူး မျက်ရည် ရစ်ဝဲလာ၏။ အသံတိုးတိုးဖြင့်လည်း သားလေး၏ နားနားကပ်၍ ဆိုရှာသည်။

"သား... သား အဖေကြီး မသေသေးပါဘူး၊ အမေက သူတို့ကို သက်သက် ညာပြောနေတာကွယ့်၊ ဒီလူတွေက လူဆိုးတွေ သားရဲ့၊ သူတို့က သားလေးရဲ့ အဖေကြီးကို လိုက်ရှာပြီး သတ်မလို့ကွယ့်"

ကျန်းဟူကျင်းလည်း ချက်ချင်း သဘောပေါက်သွား၏။ သူက လူအားလုံးကို ဝေ့ကြည့်လိုက်ပြီး "ဒီလူတွေက လူဆိုးတွေ၊ ငါ့ရဲ့ အဖေကြီးကို သတ်ချင်နေတဲ့ လူတွေ"ဟု စိတ်ထဲမှ ရေရွတ်လိုက်မိ၏။



ထိုအခိုက်တွင် ခုံးတုံဂိုဏ်းနှင့် ဝါမေဂိုဏ်းတို့ဘက်မှ လူခြောက်ယောက်၊ ခုနစ်ယောက်ခန့် လှေဝမ်းထဲသို့ ဝင်ရောက်လာကြလေ၏။ ဝါမေဂိုဏ်းဘက်မှ ဦးဆောင်လာသူမှာ မယ်သီလရှင်တစ်ပါးဖြစ်ပြီး လှေဝမ်းထဲတွင် မျက်ခုံးဖြူ ဂိုဏ်းဘက်မှ လီထင်းနှင့် ဖုန်းထန်တို့ကို မြင်သော် လွန်စွာ အံ့သြသော အမူအရာ ဖြစ်ပေါ်သွားလေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၁)

www.burmeseclassic.com

www.burmeseclassic.com

# အစွန်နှင့်ရန်ကြွေး

အားလုံး တစ်ယောက်ကိုတစ်ယောက် အကဲခတ်နေကြစဉ် ဆီးဝါက ရုတ်တရက် ထ၍

"အစ်ကိုကြီး ထန်ဝန်၊ ဆရာလေး ကျင့်ရှင်း၊ အခု ဟူတန်းဂိုဏ်းက မျက်ခုံးဖြူဂိုဏ်းနဲ့ လက်တွဲသွားကြပြီခင်ဗျ၊ ဒီတစ်ခါတော့ ကျုပ်တို့ အကြီးအကျယ် ခံရတော့မှာပဲ" ဟု ဆိုသည်။

ထန်ဝန် ဆိုသူမှာ အရပ်ပုပုနှင့် ဝါမေဂိုဏ်းနောက်မှ ဝင်လာသူဖြစ်ပြီး သူသည် ခွဲးတုံဂိုဏ်း၏ ကျန်ရှိသေးသော ဝါကြီးသိုင်းသမားကြီး ငါးယောက်အနက် တစ်ယောက် ဖြစ်လေ၏။ ကျင့်ရှင်း ဆရာလေးမှာမူ ဝါမေဂိုဏ်းသားဖြစ်၏။ သိုင်းလောကတွင် နာမည်ကြီးသိုင်းသမားတစ်ဦးလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးစလုံးသည် ဆီးဝါ၏ စကားကို ကြားသော် တစ်ချက်မျှ ငေးကြောင်သွားလေ၏။

ထန်ဝန်မှာ ဆီးဝါကဲ့သို့ပင် ဒေါသကြီးသူဖြစ်၍ သူက ချက်ချင်းပင် ရီလင်တန်းဘက်သို့ လှည့်၍ မျက်လုံးပြူး မျက်ဆန်ပြူး စိုက်ကြည့်ပြီး ဆိုလေသည်။

"ရီလင်တန်း၊ ဆီးဝါပြောတာ မှန်သလား"

ရီလင်တန်းက အဖြေမပေးမီ ဆီးဝါကပင် ဝင်၍...

"ဟူတန်းဂိုဏ်းက အခု မျက်ခုံးဖြူဂိုဏ်းနဲ့ ဆွေမျိုးတောင်တော်နေကြပြီဗျ၊ ကျန်းချွေးဆန်းက မျက်ခုံးဖြူ ဂိုဏ်းချုပ်ကြီး ချင်တာင်းကျက်ရဲ့ ချွေးသားမက်"

ထန်ဝန်က အံ့သြစွာ ကြားဖြတ်၍...

"ဘာ...ဆယ်နှစ်တိတိ ပျောက်နေတဲ့ ကျန်းချွေးဆန်း အခု ပေါ်လာပြီ ဟုတ်လား"

ထိုအခါ ရီလင်တန်းက ကျန်းချွေးဆန်းအား လက်ညှိုးထိုး၍...

"သူက ကျုပ်ရဲ့ ဂိုဏ်းတူ ညီလေး ကျန်းချွေးဆန်းပါပဲ၊ ညီလေး ဟောဒီ ပုဂ္ဂိုလ်ကတော့ ခုံးတုံဂိုဏ်းရဲ့ ဝါကြီးပုဂ္ဂိုလ် ထန်ဝန်တဲ့၊ ကဲ...နှုတ်ဆက်လိုက်ဦး"ဟု ဆိုသည်။

ထိုစဉ် ဆီးဝါက စကားဆက်ပြန်၏။

"ကျန်းချွေးဆန်းနဲ့ ချင်ဘူးတူးတို့ နှစ်ယောက်က ရှက်စွန်း ဘယ်မှာရှိတယ်ဆိုတာ သိကြတယ်၊ ဒါပေမယ့် သူတို့က ရှက်စွန်းသေပြီလို့ဆိုပြီး ကျုပ်တို့ကို လိမ်ညာနေတယ်"



ထန်ဝန်က ရှက်စွန်းဟူသော အမည်ကို ကြားသည်နှင့် ရုတ်ခြည်း သွေးဆူတက်လာ၏။ သူက...

"ရှက်စွန်း...အခု ဘယ်မှာလဲ"ဟု ကျယ်လောင်စွာ အော်မေးလေ၏။

ကျန်းချွေးဆန်းက လေသံမှန်ဖြင့်...

"ဒီမေးခွန်းအတွက် အခု အဖြေပေးလို့ မဖြစ်သေးပါဘူး၊ ဒီကိစ္စ အားလုံးကို ကျုပ်ဆရာဆီ အရင် တင်ပြရဦးမယ်၊ ခု အချိန်မှာတော့ လုံးဝ မပြောနိုင်တာကို ခွင့်လွှတ်ပါ"

ထန်ဝန်း၏ မျက်လုံးတွင် မီးဝင်းဝင်းတောက်မျှ အရောင်ထွက်လာ၏။ သူက "ဒီ ချွေးကောင် အခု ဘယ်မှာလဲ၊ ဒီကောင်က ငါ့တူ အရင်းခေါက်ခေါက် တစ်ယောက်ကို သတ်သွားတယ်၊ အခု သူ ဘယ်မှာလဲ ပြောစမ်း"

ထန်ဝန်၏ နောက်ဆုံးစကားက ခက်ထန် မာကျောလှ၏။

ချင်ဘူးတူး လွန်စွာ မကျေမနပ် ဖြစ်လာ၏။ ထို့ကြောင့် အေးစက်သော အသံဖြင့်...

"ရှက်စွန်းဟာ ရှင်တို့ဂိုဏ်းက ဝါကြီးပုဂ္ဂိုလ် ငါးယောက်ကို သတ်ပြီး ခုနစ်ဆင့် လက်သီးသိုင်း ကျမ်းစာအုပ်ကိုပါ ခိုးယူသွားတာကိုလဲ ထည့်ပြောပါဦး"ဟု ဆိုလေ၏။

ထိုအခါ ထန်ဝန်၏ မျက်လုံးအစုံ ပြူးကျယ်သွားပြီး မျက်နှာမှာလည်း သွေးဆုတ်သွားသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။ အကြောင်းမူ...ခုံးတုံဂိုဏ်းသည် ယင်းကိစ္စကို အထူးလျှို့ဝှက်ထားခဲ့၏။ အဘယ်ကြောင့်ဆို ယင်းကိစ္စ ပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သော် ခုံးတုံဂိုဏ်းအတွက်လွန်စွာ သိက္ခာကျရချေတော့မည် မဟုတ်ပါလား။ ယခုချင်တူးတူးက မမျှော်လင့်ဘဲ ထိုအကြောင်းကို ဖွင့်ဟ,လာသည်ကို ကြားရသော် ထန်ဝန်သည် မျက်စိမျက်နှာ ပျက်သွားပြီးနောက် ချင်တူးတူးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ သို့သော်...ချင်တူးတူးမှာ မိန်းမသားဖြစ်နေ၍ သူက ကိုယ်ဟန်ကို ချက်ချင်းရုပ်ပြီး ကျန်းချွေးဆန်းဘက်သို့ လှည့်၍ မေးလိုက်၏။

"သူက...ဘယ်သူတုန်းကွ"

ကျန်းချွေးဆန်းက...

"ကျုပ်ရဲ့ ဇနီးပါ" ဟု ဖြေလိုက်၏။

ထန်ဝန် အံ့အားသင့်နေဆဲမှာပင်၊ တစ်ချိန်လုံး ငြိမ်သက်နေသော ဝါမေဂိုဏ်းမှ ကျင့်ရှင်းမယ်သီလရှင်က...

"ဒီကိစ္စရဲ့ အဖြစ်မှန်က ဘယ်ပုံဘယ်နည်းဆိုတာ ရီလင်တန်း ရှင်းပြပါလား" ဟု ဆိုလာ၏။

ရီလင်တန်းက သက်ပြင်းချပြီး...

"အင်း... ဒီကိစ္စက သိပ်ကျယ်ပြန့် ရှုပ်ထွေးလွန်းတော့ အခုလို တိုတောင်းတဲ့ အချိန်မှာ ရှင်းပြလို့ ရနိုင်မယ်မထင်ပါဘူး၊ ဒီတော့ ဒီလိုလုပ်ပါလား၊ နောက် သုံးလကြာရင် ကျုပ်တို့ ဟူတန်းဂိုဏ်းမှာ ဒီကိစ္စနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ဖိတ်ခေါ်ပြီး ဖြေရှင်းကြမယ်၊ အဲဒီအချိန်ကျမှ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာကို ဆုံးဖြတ်ကြတာပေါ့"

ကျင့်ရှင်း မယ်သီလရှင်က ခေါင်းညိတ်လျက်...



"ကောင်းပါတယ်၊ ဒီလိုပဲ စီစဉ်ကြတာပေါ့" ဟုဆိုသည်။ ထို့နောက်တွင်မူ ခွန်းလွန်ဂိုဏ်း၊ ခုံးတုံးဂိုဏ်းနှင့် ဝါမေဂိုဏ်းတို့ ထွက်ခွာကြပြီး ခုံးတုံဂိုဏ်း၏ လှေကြီးနှင့်ပင် အတူပြန်သွားကြလေတော့၏။

ထိုအခါ ရီလင်တန်းက ချင်တူးတူးနှင့် လီထင်းတို့အား ဆိုလေသည်။

"ကိုင်း...ခင်ဗျားတို့ကလဲပဲ၊ ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီးကို လာမယ့် သုံးလမှာ ဟူတန်းဂိုဏ်းကို ကြွခဲ့ဖို့ ဖိတ်ကြားပေးပါ၊ ဒီနေ့တော့...ဒီမှာပဲ လမ်းခွဲကြတာပေါ့"

ကျန်းချွေးဆန်းဘက် လှည့်၍လည်း...

"ညီလေး... မင်းကတော့ ငါနဲ့ လိုက်ခဲ့ပါ။ ဆရာနဲ့ မင်းအရင်တွေ့လိုက်ဦး" ဟုဆို၏။ ကျန်းချွေးဆန်းက...

"ဟုတ်ကဲ့" ဟုပြောပြီး ချင်တူးတူးအား လှမ်းကြည့်လိုက်၏။ ချင်တူးတူးမျက်နှာ ညှိုးနွမ်းလျက်ရှိသည်ကို တွေ့ရပါ၏။ မှန်ပါသည်။ ချင်တူးတူးသည် ရီလင်တန်း၏ လေသံတွင် မိမိတို့ ဇနီးမောင်နှံအား လောလောဆယ် အခြေအနေတွင် ခေတ္တခွဲခွာနေရမည့်ပုံမျိုး ပြောလာသဖြင့် မျက်နှာ ညှိုးနွမ်းသွားမိခြင်းပင် ဖြစ်ပါ၏။

ကျန်းချွေးဆန်းက ချင်တူးတူး ခံစားနေရပုံကို ချက်ချင်းသဘောပေါက်သွားပြီး ရီလင်တန်းအား ဆိုရှာလေသည်။

"အစ်ကိုလေး၊ ကျွန်တော် တူးတူးနဲ့ ကလေးကိုပါ တစ်ပါတည်းခေါ်ပြီး ဆရာနဲ့ သွားတွေ့လိုက်မယ်လေ၊ ဆရာ သဘော

www.burmeseclassic.com



တူမှ တူးတူးရဲ့ အဖေနဲ့ သွားတွေ့လိုက်ရင် မကောင်းဘူးလား အစ်ကိုလေး"

ရီလင်တန်းက ခေါင်းညိတ်၍...

"အေး... ဒါလဲ ကောင်းသားပဲ" ဟုဆိုသည်။

ထိုအခါ ချင်တူးတူး၏ ညှိုးနွမ်းနေသော မျက်နှာကလေးမှာ ရုတ်ခြည်းရွှင်လန်းလာလေ၏။ လီထင်းဘက်သို့ လှည့်၍လည်း...

"ဦးလေး အဖေ့ကို ဒီအကြောင်းတွေ အစအဆုံး ပြောပြလိုက်ပါ၊ ကျွန်မ မကြာခင် ဂိုဏ်းချုပ်ကို ပြန်လာပြီး အဖေ့ကို လာတွေ့မယ်လို့... နော်"

လီထင်းက ပြုံးလျက်...

"ကောင်းပါပြီ၊ ကျုပ်က ခင်ဗျားတို့ နှစ်ယောက်ကို ဂိုဏ်းချုပ်ကနေ စောင့်ကြိုနေပါ့မယ်"

ချင်တူးတူးက ဆက်၍...

"ဒါနဲ့ ဦးလေး...၊ ကျွန်မ အစ်ကိုရော နေကောင်းတယ်မဟုတ်လား"

"သိပ် ကောင်းတာပေါ့ တူးတူး၊ သူ...အခုတလော သိုင်းပညာအများကြီး တိုးတက်လာတယ်၊ ဦးလေးလုပ်တဲ့ ကျုပ်ကတောင် သူ့ကို အရှုံးပေးနေရပြီကွယ့်"

"ဩော်... ဒီလောက်တောင်ပဲလား"

"ဟုတ်တယ် တူးတူး"

ထို့နောက် လီထင်းတို့လည်း ရီလင်တန်းနှင့် ကျန်းချွေးဆ... တို့အား နှုတ်ဆက်ကာ သူတို့လှေကြီးဆီသို့ ပြန်သွားကြလေ...



...ကျန်းချွေးဆန်းသည် သူတို့အားလုံး ထွက်ခွာသွားပြီးချိန်တွင် ...ာမန်းကတန်း ဟန်ဖြင့် ရီလင်တန်းအား မေးလိုက်၏။

"အစ်ကို၊ အစ်ကို ရီတိုက်ရှင်ရဲ့ ဒဏ်ရာ ဘယ်လိုနေလဲဟင်၊ ...ပျောက်သွားပြီလား"

ရီလင်တန်းက ချက်ချင်းမဖြေ။ ငြိမ်သက်၍ နေ၏။ ...တန်ကြာမှပင်...

"အင်း..." ဟု သက်ပြင်းချပြီး...

"ညီလေး ရီတိုက်ရှင်ကတော့ ဘာမှမဖြစ်ပါဘူး၊ ဒါပေမယ့် ...က လူသေနဲ့တော့ မခြားတော့ဘူးကွ တစ်ကိုယ်လုံး မလှုပ် ...င်တော့ဘူးလေ"

ကျန်းချွေးဆန်းမှာ အစ်ကို နံပါတ်သုံးဖြစ်သူ ရီတိုက်ရှင် ...သေးကြောင်း သိရသော် လွန်စွာဝမ်းသာသွား၏။ သို့သော် ...တိုက်ရှင်မှာ လူသေကောင်ကဲ့သို့ တစ်ကိုယ်လုံး မလှုပ်ရှားနိုင် ...ာ့ကြောင်း ကြားရသောအခါ လွန်စွာ စိတ်မကောင်းခြင်းဖြစ် ...ြန်သည်။ ထို့ကြောင့် ကျန်းချွေးဆန်းက မျက်ရည်ဝဲလျက် ...ုက်သံဖြင့်ဆိုလေ၏။

"အစ်ကို ရီတိုက်ရှင်ရဲ့ ရန်သူ ဘယ်သူလဲဆိုတာ စုံစမ်းလို့ ...လား အစ်ကို"

ရီလင်တန်းက ရုတ်တရက် ချင်တူးတူးဘက်သို့ လှည့်၍ ...စွာ တစ်ချက် စိုက်ကြည့်ပြီးလျှင်...

"...တူးတူး၊ ကျုပ်ညီလေး ရီတိုက်ရှင်ကို လုပ်ကြံတဲ့လူဟာ ...ဆိုတာ သိသလား" ဟု မေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်တူးတူးလည်း တစ်ကိုယ်လုံး တစ်ချက်မျှ တုန်ယင်သွားပြီးလျှင်

"ကျွန်မ မသိပါဘူး"ဟု ဖြေရှာသည်။

ရီလင်တန်းက ချင်တူးတူးကို အကြည့်လွှဲပြီး ကျန်းချွေးဆန်းအား မေးပြန်၏။

"ညီလေး ရှောင်လင်ဂိုဏ်းကပြောတယ်၊ မင်းက ရွှေငါးအာမခံဌာနက လူတွေအားလုံးကို သတ်တဲ့အပြင် သူတို့ ရှောင်လင်ဂိုဏ်းက ဘုန်းကြီး တစ်ချို့လဲ သတ်ခဲ့တယ်ဆို ဟုတ်လား"

"ဒါ..."

ကျန်းချွေးဆန်းက ဘာပြောရမည်မသိအောင် ဖြစ်သွားစဉ် ချင်တူးတူးက ကြားဝင်၍ ဖြေသည်။

"ဒါဟာ... အစ်ကို ကျန်းချွေးဆန်းနဲ့ မဆိုင်ပါဘူး၊ အားလုံးကို သတ်တာ ကျွန်မပါ"

ရီလင်တန်းက ချင်တူးတူးအား တစ်ချက်စိုက်ကြည့်လိုက်ပြန်၏။ သူ့မျက်လုံးအကြည့်တွင် နာကြည်းသော အမူအရာ ပေါ်လွင်နေ၏။ သို့သော် ချက်ချင်းပင် ထိုအမူအရာ ပျောက်သွားပြီ...

"ငါလဲ တွက်ထားပါတယ်၊ ညီလေးက ဒီလူတွေကို လျှောက်သတ်လိမ့်မယ် မဟုတ်ဘူးဆိုတာ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရှောင်လင်ဂိုဏ်းက ဟူတန်းတောင်ကို သုံးကြိမ်တိတိတက်လာပြီးတော့ မေးကြတယ်ကွ၊ ဒါပေမယ့် ညီလေးပျောက်နေတဲ့



အကြောင်းကို သိုင်းလောကတစ်ခုလုံးသိနေကြတော့ ဘယ်လိုမှ ဖြေရှင်းလို့ မရနိုင်ခဲ့ဘူးလေ။ ငါတို့က ရှောင်လင်ဂိုဏ်းဟာ ငါတို့ရဲ့ ရီတိုက်ရှင်ကို လုပ်ကြံတယ်ပြောတယ်၊ သူတို့ကလဲ ညီလေးသူတို့လူကို သတ်တယ်လို့ စွပ်စွဲတယ်၊ အဲဒီလို အခြေအတင် အပြန်အလှန် စွပ်စွဲကြတုန်းမှာ ရှောင်လင်ဘုရားကျောင်းရဲ့ ဘုန်းတော်ကြီး ခုံးဝန်းက သမာဓိရှိပြီး အမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်မို့လို့ ရှောင်လင်ဂိုဏ်းသားတွေကို ပြန်ထိန်းချုပ်ပြီး ငါတို့နဲ့ ပြဿနာမတက်စေခဲ့ဘူးကွ၊ ဒါကြောင့်လဲ ဒီဆယ်နှစ် အတောအတွင်းမှာ ရှောင်လင်ဘုရားကျောင်းကြီးနဲ့ ငါတို့ ဟူတန်းဂိုဏ်းက သွေးမြေမစီးခဲ့တာပေါ့ ညီလေး"

ထိုစကားကိုကြားသော် ချင်တူးတူး လွန်စွာစိတ်မကောင်း ဖြစ်သွား၏။ ထို့ကြောင့်...

"ဒါတွေအားလုံးဟာ ကျွန်မငယ်ရွယ်တုန်းက နားမလည်လို့ ကျူးလွန်ခဲ့မိတဲ့အပြစ်တွေချည်းပါပဲ၊ အခု ကျွန်မ အများကြီး နောင်တရခဲ့ပါတယ်၊ ဒါပေမယ့်တကယ်လို့ကျွန်မတို့ကသာ ဝန်မခံဘဲအတင်းငြင်းနေရင် သူတို့လဲဘာမှတတ်နိုင်မှာမဟုတ်ပါဘူး"

ရီလင်တန်းက အံ့သြသောအကြည့်ဖြင့် ကျန်းချွေးဆန်းအား တစ်ချက် ကြည့်လိုက်၏။ သူ့စိတ်ထဲတွင်မူ "မင်းက ဘယ်လို လုပ်ပြီး ဒီလို မိန်းမမျိုးကိုမှ မိန်းမအဖြစ် ယူရတာလဲ"ဟု စဉ်းစားနေမိ၏။

ချင်တူးတူးမှ ရီလင်တန်းက မိမိအား တစ်ချိန်လုံး အေးတိအေးစက်ဖြင့် ဆက်ဆံပြီး "ညီမလေး" ဟူ၍ပင် မခေါ်ဘဲ

www.burmeseclassic.com



သူစိမ်းတစ်ယောက်နှယ် နာမည်ကိုသာ ခေါ်ပြော ဆက်ဆံနေသည် ကို တွေ့ရသော် ရင်ထဲတွင်လွန်စွာ မရှေကျမနှပ်ဖြစ်မိ၏။ သို့ တွင် မိမိ၏ သားဖြစ်သူ ကျန်းဟူကျင်းကိုသာ လက်ဆွဲ လှေဝမ်းအပြင်ဘက်သို့ ထွက်သွားလေတော့၏။ ထိုအခါ လှေဝမ်း ထဲတွင် ကျန်ရစ်သော ကျန်းချွေးဆန်းက...

"အစ်ကို ဒီဆယ်နှစ်အတွင်းမှာ ကျွန်တော်..."

ရီလင်တန်းက ကျန်းချွေးဆန်းအား လက်ဟန်ပြပြီး...

"ညီလေး...မင်းနဲ့ ငါက ငယ်ကရာနေ အတူတူကြီးပြင်း လာတာပဲ၊ ဘယ်လောက် ကြီးလေးတဲ့ ပြဿနာပဲဖြစ်ဖြစ် ငါတို့ အတူတကွ ဖြေရှင်းရမှာပေါ့၊ မင်းတို့လင်မယားကိစ္စ အခုဘာမှ မပြောပါနဲ့ဦး၊ တောင်ပေါ်ရောက်ရင် ဆရာ့ အရင်ဆုံး တင်ပြ၊ တကယ်လို့ ဆရာက မင်းကို အပြစ်တင် ကြိမ်းမောင်းခဲ့ရင် ငါတို့ ဂိုဏ်းတူညီအစ်ကို အားလုံးက ဒူးထောက် ပြီး ဆရာ့ကိုတောင်းပန်ပေးမှာပါ။ အခုမင်းရဲ့ သားလေးတောင် အတော်ကြီးပြင်းနေပြီပဲ၊ ဆရာက မင်းတို့လင်မယားနှစ်ယောက်ကို ခွဲချင်မှာ မဟုတ်တော့ပါဘူး"

ထိုစကားကို ကြားသော် ကျန်းချွေးဆန်း ဝမ်းသာသွား၏။ အမှန်မှု ရီလင်တန်းမှာ အပြင်ပန် သာ အလွန်အေးစက်ပြီး အတွင်းစိတ်ထဲကတော့ လေ၏။ သူ့စိတ်ထဲတွင် ချင်တူးတူးအား အဘယ် ဘာမကျေစေကာမူ သူတို့ နှစ်ယောက်အပေါ်တွင် စေတနာတော့ထားလေ၏။ ယခု သူ့ရင် ထဲတွင် ပူဝင်သောကဖြစ်နေသော အကြောင်းအရာမှာ ချင်တူးတူး



လူအမြေ ဂအမြားကို သတ်ခဲ့ရုံမက ထိုသတ်ခံရသော လူတွေထဲ တွင် ရှောင်လင်ဂိုဏ်းသားများလည်း ပါဝင်နေရာ ယင်းပြဿနာ ကို ဘယ်နည်းဘယ်ပုံ ဖြေရှင်းရမည်ကို စဉ်းစား၍ မရသောကြောင့် ပင်ဖြစ်ပါ၏။ သို့ရာတွင် သူ့စိတ်ရင်းတွင်တော့မူ အဘယ်မျှပင် ပြဿနာ ကြီးလေးစေ၊ သူ့အသက်ကိုပင်စွန့်၍ ဖြေရှင်းရစေ၊ သူ့ညီလေး၏ အိမ်ထောင်စုကိုတော့ ထိန်းသိမ်းကာကွယ်စောင့် ရှောက်ထားမည်ဟု ဆုံးဖြတ်ထားလေ၏။ ထိုစဉ် ကျန်းချွေးဆန်း က မေးလာပြန်၏။

"အစ်ကို... ကျွန်တော်တို့နဲ့ မျက်ခုံးဖြူဂိုဏ်းက ဘယ်နည်း ဘယ်ပုံရန်စရှိခဲ့တာလဲ၊ ကျွန်တော်တို့ လင်မယားနှစ်ယောက် အတွက်နဲ့လားဟင်"

ရီလင်တန်းက ကျန်းချွေးဆန်း၏ အမေးကို မဖြေဘဲ "ဝမ် ဖန်ကျွန်းရဲ့ ဓားပြပွဲက ဘယ်လိုဖြစ်သွားခဲ့တာလဲ" ဟူ၍သာ ပြန်မေးလေ၏။

ထိုအခါ ကျန်းချွေးဆန်းက သူ ရွှေငါးအာမခံဌာနသို့ လာခဲ့ပုံ၊ ချင်တူးတူးနဲ့တွေ့ခဲ့ပုံ၊ ဝမ်ဖန်ကျွန်းသို့ ရောက်ရှိသွားပုံ၊ နောက်ဆုံးရက်စွန်း ရောက်လာပြီး ဘယ်သို့ဘယ်ပုံ လှည့်ကွေ့သတ် ပြီး ဓားကို လုယူသွားပုံ၊ ရေခဲမီးတောင်ကျွန်းသို့ သူတို့တွေ ရောက်ခဲ့ပုံများအထိ ရှင်းပြလေတော့၏။

ရီလင်တန်းက ဆက်၍ ခွန်းလွန်ဂိုဏ်းမှ ကောင်းကျက်ချန် နှင့် ကျန်းချိတို့ နှစ်ယောက်အကြောင်းကို မေးပြန်လေ၏။ ကျန်းချွေးဆန်းကကျိုးကြောင်းပြောပြ၍ အကြောင်းစုံသိရသော

www.burmeseclassic.com

www.burmeseclassic.com



အခါတွင်မူ ရီလင်တန်းက...

"လက်စသတ်တော့ ဒီလိုကိုး၊ တကယ်လို့ မင်းသာ မြေပြန့်ကို ပြန်ရောက်မလာရင် ဒီထဲက လျှို့ဝှက်ချက်ကို ဘယ်သူမှ သိမှာမဟုတ်တော့ဘူး" ဟုဆိုလေ၏။

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော့်ရဲ့ အစ်ကိုကြီး၊ ဟို...ဟို... ရှက်စွန်းက တကယ်တော့ လူဆိုးကြီးမဟုတ်ပါဘူး၊ သူအခုလို ဖြစ်ရတာက သူ့ရဲ့ ဘဝမှာ အလွန်ဆိုးရွားတဲ့ အဖြစ်ဆိုးကြီး တစ်ခုနဲ့ ဆုံတွေ့ခဲ့ရလို့ပါ။ အခုကျွန်တော်က သူနဲ့ ညီအစ်ကို တော်လိုက်ပြီ အစ်ကို"

ရီလင်တန်းက ခေါင်းညိတ်လိုက်၏။ သူ့စိတ်ထဲတွင်မူ "ဒါလဲ ပြဿနာတစ်ခုပဲ"ဟု ရေရွတ်မိ၏။

ကျန်းချွေးဆန်းကပင် ဆက်၍...

"အစ်ကိုကြီး ရှက်စွန်းက အော်လိုက်တော့ ကျွန်းပေါ်က လူတွေအားလုံး ရူးသွားကြတယ်၊ ဒါကြောင့် နဂါးနိုင်ဓားကို အစ်ကိုကြီး ရှက်စွန်း ရသွားတယ်ဆိုတဲ့ လျှို့ဝှက်ချက်ကို ဘယ်သူမှ သိမှာမဟုတ်ဘူး၊ ဒါပေမယ့် အခု ဘယ်လိုလုပ်ပြီး သတင်းပေါက်သွားရတာလဲ အစ်ကို"

ရီလင်တန်းက အေးဆေးစွာဖြင့်...

"ရှက်စွန်းက အလုပ်,လုပ်တာ ပိရိပေမယ့် တစ်ချက်လွတ် သွားတယ်ကွယ့်၊ သူက လူတစ်ယောက်ကို မေ့သွားတယ်လေ"

"ဘယ်သူလဲ အစ်ကို"

"ပေကွေးချိုကိုပေါ့"



"ဟာ... ဟုတ်သားပဲ၊ အရင် ကျားသစ်ဂိုဏ်းရဲ့ ခေါင်းဆောင် ပေကွေးချို ကျန်သေးတာကိုး"

"ဟုတ်တယ်၊ ညီလေး ပြောပြချက်အရဆိုရင် ရှက်စွန်းက အရက်နဲ့ ပက်လို့ ပေကွေးချိုက မေ့လဲသွားတယ်၊ နောက်မှ ရှက်စွန်းက အော်တာမဟုတ်လား၊ တကယ်လို့ ပေကွေးချိုက သတိမမေ့နေရင်တော့ သူ့ရဲ့အော်သံကို ခံနိုင်မှာ မဟုတ်ဘူးပေါ့၊ အခု သူက မေ့နေတယ်ဆိုတော့"

ကျန်းချွေးဆန်းက...

"ဟုတ်တာပေါ့ အစ်ကို၊ ဒါကြောင့် ပေကွေးချိုက လွတ် သွားတာကိုး"

ရီလင်တန်းက ဆက်၍...

"ခွန်းလွန်ဂိုဏ်းက ကောင်းကျက်ချန်နဲ့ ကျန်းချိုတို့ နှစ်ယောက်က ရူးသွတ်သွားပြီး ပါးစပ်ထဲက တတွတ်တွတ်နဲ့ ညီလေးရဲ့ မိန်းမနာမည်ကိုပဲ ပြောနေတာဟာ လက်စသတ်တော့ သူတို့က ညီမလေးကို စွဲလမ်းနေတာကိုး၊ နောက်တစ်ခါ သူတို့ ဂိုဏ်းက လူတွေ အဲဒီ ကိစ္စကို ပြောလာရင်တော့ အစ်ကို သူတို့ကို ကောင်းကောင်းပြောပစ်လိုက်မယ်လေ"

"ဟုတ်ကဲ့အစ်ကို၊ ပေကွေးချိုက အဲဒီအကြောင်းကို ကောင်း ကောင်း သိသားပဲ၊ သူက ဖွင့်မပြောဘူးလား"

"ဟင့်အင်း... သူက လုံးဝမပြောဘူးကွ၊ မင်းသိတာ ဘာဖြစ်လို့လဲ ဆိုတာ"

ကျန်းချွေးဆန်းက တစ်ချက်မျှ စဉ်းစားလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ မျက်ခုံးဖြူဂိုဏ်းက နဂါးနိုင်ဓားကို လိုချင်နေတာဆိုတော့ သူတို့က ဒီသတင်းကို ဘယ်လွှင့်ပါ့မလဲ၊ ဒီအကြောင်းကို သူတို့တစ်ဂိုဏ်းတည်းပဲ သိရင် သူတို့က နဂါးနိုင်ဓားကို လုယူနိုင်ဖို့ အခွင့်အလမ်းပိုရှိတာပေါ့ အစ်ကို"

ရီလင်တန်းက ခေါင်းတစ်ချက် ညိတ်ပြီးနောက်...

"ငါတို့က အမှန်ဆိုရင် ညီလေး ဝမ်ဖန်ကျွန်းကို ရောက်တဲ့အကြောင်းလုံးဝမသိဘူး၊ ဒါပေမယ့် ငါတို့ ဝမ်ဖန်ကျွန်းကို သွားစုံစမ်းတော့ ညီလေး စုတ်တဲ့နဲ့ ထောင်နံရံမှာ ရေးထားတဲ့ စာပိုဒ်ကို တွေ့သွားလို့ သိလိုက်ရတာကွ၊ ဒါနဲ့ ငါရယ်၊ ညီလေး အစ်ကို နံပါတ်လေးရယ်၊ ညီ နံပါတ် ခုနစ်ရယ် သုံးယောက်သား ပေကျွေးချိုကို သွားရှာတယ်၊ သူက ဖွင့်ဟပြောဖို့ ငြင်းတော့ သူနဲ့ ငါ တိုက်ခိုက်ခဲ့ရသေးတယ်၊ သူက ငါ့ရဲ့ လက်ဝါးစောင်းတစ်ချက် အထိခံလိုက်ရတယ်ကွ၊ နောက်မကြာပါဘူး၊ ခွန်းလွန်ဂိုဏ်းကလဲ ပေကျွေးချိုကို သွားရှာပြန်ရော၊ ဒါပေမယ့် သူတို့က အကြီးအကျယ် ခံလိုက်ရတယ်၊ ခွန်းလွန်ဂိုဏ်းက နှစ်ယောက်ကို မျက်ခုံးဖြူဂိုဏ်းက သတ်ပစ်လိုက်တယ်လေ၊ ဒါကြောင့် ရန်ငြိုးဖွဲ့ကြမိတာပေါ့ကွ"

ကျန်းချွေးဆန်းက အကြောင်းစုံကို သိသော် လွန်စွာ စိတ်မကောင်းဖြစ်ရ၏။ ထို့ကြောင့် သူက...

"ကျွန်တော်တို့ လင်မယားနှစ်ယောက်အတွက်နဲ့ အခုလို ဖြစ်ခဲ့ရတာ ကျွန်တော်ဘယ်လို လုပ်ရမှန်းတောင် မသိတော့ပါဘူး။ ဆရာ့ကို အကြောင်းစုံ ရှင်းပြပြီးရင် ဂိုဏ်းအဖွဲ့အသီးသီးကို



သွားပြီး ကိုယ်တိုင်ဝန်ချတောင်းပန်ရတော့မှာပဲ အစ်ကို"

ရီလင်တန်းက သက်ပြင်းချ၍...

"ကံကြမ္မာဆိုတာ ဘယ်လိုမှ ကြိုတင်ခန့်မှန်းလို့ မရပါဘူး၊ အမှန်က ဒီကိစ္စဟာ မျက်ခုံးဖြူဂိုဏ်းနဲ့ မပတ်သက်ပါဘူး၊ ဒါပေမယ့် မျက်ခုံးဖြူဂိုဏ်းက ရက်စွန်း နဂါးနိုင်ဓားကို ရသွားတဲ့အကြောင်း လုံးဝဖွင့်မပြောတော့ အားလုံးက သူတို့ကိုပဲ မဲကြတော့တာပေါ့ကွာ"

ကျန်းချွေးဆန်းက သက်ပြင်းချပြီး...

"အစ်ကို... ဒီနဂါးနိုင်ဓားက ဘာကောင်းလို့လဲ၊ တူးတူးရဲ့ အဖေကကော ဘာဖြစ်လို့ ဒီလို အကြောင်းမဲ့ သူများအစား ဒုက္ခခံပြီး နေရတာလဲ" ဟုမေးလေ၏။

ရီလင်တန်းက...

"ငါ ချင်တူးတူးရဲ့ အဖေကို တစ်ခါမှ မတွေ့ဖူးဘူးကွ၊ ဒါပေမယ့် သူက မျက်ခုံးဖြူဂိုဏ်းကို ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်အောင် တည်ထောင်နိုင်ပြီး ဂိုဏ်းအဖွဲ့အားလုံးနဲ့ ရင်ဆိုင်ခုခံနိုင်တာကို ကြည့်ရင် ပေါ့သေးသေး ပုဂ္ဂိုလ်မဟုတ်ဘူးဆိုတာ ထင်ရှားတယ်ကွ၊ ချီးကျူးစရာတော့ ကောင်းတယ် ညီလေး"

ကျန်းချွေးဆန်းက ရီလင်တန်း ပြောသမျှ နားထောင်ရင်း ရီလင်တန်းအား ကြည့်လိုက်မိ၏။ ထိုအခါ ရီလင်တန်း၏ ခေါင်းတွင် ဆံပင်ဖြူ တစ်ချို့ ပေါက်လျက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆယ်နှစ်အတွင်းမှာ အစ်ကို အတော်ပင်မန်းသွားပြီနော်၊ ကျွန်တော်ကလဲ အခုကံကောင်းလွန်းလို့သာ အစ်ကိုနဲ့ ပြန်တွေ့တာဗျ" ဟု ပြောရင်း မျက်ရည်ရစ်ဝဲလာလေတော့၏။

ရိုလင်တန်းက ကျန်းချွေးဆန်း၏ မျက်လုံးအိမ်တွင် မျက်ရည်ဝဲလာသည်ကို မြင်သော် သူက ...

"ဟူတန်း ခုနစ်ဖော်က အခု လူပြန်စုံကြပြီကွ၊ ဒီမှာ ညီလေး ရိတိုက်ရှင်ဒဏ်ရာရသွားပြီးတဲ့နောက် မင်းလဲ ပျောက်ခြင်းမလှ ပျောက်သွားတော့ လူတွေက တို့ကို ဟူတန်းခုနစ်ဖော်လို့တောင် မခေါ်ကြတော့ဘူးကွ၊ ဟူတန်း ငါးဖော်လို့ပဲ ခေါ်ကြတယ်လေ၊ ဟင်း... ဒီတစ်ခါတော့ ငါတို့ ညီအစ်ကိုတွေ လူပြန်စုံကြပြီပေါ့ကွာ" ဟု နှစ်သိမ့်စကားကို ဆိုရှာလေသည်။

* * *

သို့ဖြင့် သူတို့သည် လှေဖြင့်ပင် တောင်ဘက်ယွန်းယွန်းသို့ ခုက်ပေါင်း သုံးဆယ်ကျော် ခရီးနှင်လာခဲ့ရာ ယခုဆိုလျှင် ချန်ကျွန်းမြစ်ဝသို့ပင် ရောက်ရှိလာလေပြီ ဖြစ်ပါ၏။

ကျန်းချွေးဆန်းသို့ မိသားစုလည်း ယခုမှပင် အဝတ်အစားအသစ်များလဲလှယ်ဝတ်ဆင်လိုက်ကြ၏။ ထိုအခါ သူတို့၏ကိုယ်ပေါ်တွင် အရောင်ပြိုးပြက် တောက်ပနေသော အဝတ်အစားများဖြင့် လှပနေလေတော့သည်။ ကျန်းဟူကျင်းသည် လှပသော အဝတ်အစားတို့ဖြင့် လွန်စွာချစ်စဖွယ်အသွင်ဆောင်နေပါ၏။ ရိုလင်တန်းသည် သိုင်းပညာကိုသာ စိတ်ဝင်စားခဲ့သဖြင့် အိမ်ထောင်မပြုခဲ့ချေ။ ထို့ကြောင့် ကျန်းဟူကျင်းကလေးကိုသာ အထူးချစ်ခင်နေရလေ၏။ ကျန်းဟူကျင်းလည်း တစ်သက်တွင် တစ်ခါသာ လူတောသူတောထဲသို့ ရောက်လာခဲ့ခြင်း ဖြစ်ပေရာ

www.burmeseclassic.com

www.burmeseclassic.com



သူတွေ့မြင်သမျှ အသစ်အဆန်း မှန်သရွေ့ကို ဘကြီးဖြစ်သူ ရှီလင်တန်းကိုပင် မေးလေတော့၏။

ဘကြီးဖြစ်သူ ရှီလင်တန်းသည် မှလက လွှန်စွာစကားနည်းသူဖြစ်သော်လည်း ယခုမူ ကလေး သိချင်သမျှကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြနေရလေတော့၏။

❑

## အခန်း(၂၈)

www.burmeseclassic.com

www.burmeseclassic.com

## နှစ်တစ်ရာ မွေးနေ့

တဖြည်းဖြည်းနှင့်ပင် သူတို့ လှေသည် ဟူပေနယ်ထဲသို့ ဝင်ရောက်လာခဲ့လေ၏။ သို့ဖြင့် ညအချိန်တွင် သူတို့သည် လှေကို ကမ်းကပ်၍ ရပ်နားတည်းခိုရန် စိတ်ကူးလိုက်၏။ ထိုအချိန်တွင် ရိုလင်တန်းသည် ကမ်းနံဘေးရှိ လမ်းမဘက်ဆီမှ မြင်းဟီသံများကို ကြားလိုက်ရ၏။ သို့ဖြင့် သူသည် လှေဝမ်းထဲမှ ခေါင်းပြူကြည့်လိုက်ရာ လူနှစ်ယောက်သည် မြင်းကိုယ်စီစီးနင်းလျက် မြို့ထဲဘက်သို့ ဝင်သွားသည်ကို တွေ့လိုက်ရပါ၏။ သို့သော် သူ၏ ထိုသူများအား အရေးမထားလိုက်ချေ။

ညသည် ငွေလရောင်အောက်တွင် လှပနေ၏။ သာယာနေ၏။ ထိုအချိန်တွင် ရိုလင်တန်းနှင့် ကျွန်းချွေးဆန်းတို့ ဇနီးမောင်နှံတို့သည် လရောင်ထိန်ထိန်သာရာအောက် လှေဦးထိပ်တွင် ထိုင်ရင်း စကားစမြည်ပြောနေကြလေ၏။ ကျွန်းချွေးဆန်းက...

"ဆရာ့ရဲ့ အနှစ်တစ်ရာ မွေးနေ့ကြီး ရောက်လာတော့မယ်။ ကျွန်တော်က အခုလို သိုင်းလောကမှာရှိခဲ့တဲ့ နေ့ထူး ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုအမီလာနိုင်တဲ့အတွက် သိပ်ပြီး ကံကောင်းတယ်လို့ ဆိုရမှာပဲနော်" ဟု စတင်စကားဆိုလေ၏။ ချင်တူးတူးကလည်း...

"အခု ကျွန်မတို့က အလောတကြီးနဲ့ ခရီးသွားနေရတော့ ဆရာ့အတွက် လက်ဆောင်ပစ္စည်း ကောင်းကောင်း ရှာမပေးနိုင်ခဲ့ဘူးပေါ့" ဟုဆိုသည်။

ရီလင်တန်းက ရှက်တက်ရက် ရယ်ရင်း...

"ညီမလေး...မင်း သိလား၊ ဆရာက ငါတို့ ဂိုဏ်းတူညီအစ်ကို ခုနစ်ယောက်ထဲမှာ ဘယ်သူ့ကို အချစ်ဆုံး ဆိုတာလေ"

ချင်တူးတူးက ရယ်၍...

"အစ်ကိုကြီးပဲ ဖြစ်မှာပေါ့"

ရီလင်တန်းက ခေါင်းခါယမ်းရင်း...

"ညီမလေးက တစ်မင်သက်သက် ပြောလိုက်တာပါ၊ အမှန်ပြောရရင် ဆရာက ငါတို့ ညီအစ်ကို ခုနစ်ယောက်ထဲမှာ အမြဲတမ်း သတိရတမ်းတနေရတဲ့ လူကတော့ ဟော့ဒီ ညီလေး ကျန်းချွေးဆန်းပါပဲ" ဟု ဆိုလေ၏။

ချင်တူးတူးက ထိုစကားကို ကြားသော် လွန်စွာ ပျော်မြူးသွား၏။ သို့သော်...

"မာင့်အင်း...ကျွန်မ မယုံပါဘူး"ဟု ဆိုလိုက်လေ၏။

ထိုအခါ ရီလင်တန်းက...

"ဒီမယ် ညီမလေး၊ ငါတို့ ညီအစ်ကို ခုနစ်ယောက်က တစ်ယောက်တစ်မျိုးစီ ထူးချွန်ကြတယ်ကွယ့်၊ အစ်ကိုကြီးကတော့ နည်းဥပဒေသဘောတရားတွေကို သိပ်ကျွမ်းကျင်တယ်၊ လုပ်ရည်ကိုင်ရည်ပြည့်ဝတယ်၊ ညီလေး နံပါတ် သုံးကတော့ ပြတ်သားတယ်၊ တိကျတယ်၊ ဘာအလုပ်မဆို ဆရာက ခိုင်းလိုက်ရင် ကျေပွန်အောင် လုပ်တာချည်းပဲ၊ ညီလေး နံပါတ်လေးကျတော့ ဉာဏ်သိပ်ကောင်းတယ်၊ ညီလေးခြောက်ကျတော့ ဓားသိုင်းမှာ အကောင်းဆုံးပဲ၊ ညီလေး ခုနစ်ကတော့ လျှို့ဝှက်လက်နက်ပစ် အတော်ဆုံး"

ချင်တူးတူးက ကြားဖြတ်၍...

"အစ်ကိုကြီး ကိုယ်တိုင်ကျတော့ကော"

ရီလင်တန်းက...

"ငါတော့ ဉာဏ် သိပ်မဖျတ်လတ်တော့ ဘာမှ ထူးချွန်တာ မရှိပါဘူး၊ တကယ်လို့ ကတ်သီးကတ်သတ် အတင်းရှာဖွေပြီး ပြောမယ်ဆိုရင်တော့ ငါတို့ ဟွာတန်းဂိုဏ်းရဲ့ သိုင်းပညာတွေကို လေ့ကျင့်တဲ့ အထဲမှာ ငါက အကြိုးစားဆုံး၊ အပင်ပန်းဆုံးပဲ ဆိုပါတော့ကွာ"

ထိုအခါ ချင်တူးတူးက လက်ခုပ်လက်ဝါး တီး၍...

"လက်စသတ်တော့ အစ်ကိုကြီးက ဟွာတန်း ခုနစ်ဖော်ထဲက သိုင်းပညာအတော်ဆုံးကိုး၊ ကြည့်စမ်း၊ အစ်ကိုကြီးက တမင်သက်သက်မပြောချင်လို့ ထိန်ချန်ပြီး ပြောတာ မဟုတ်လား"

ရီလင်တန်းက ပြုံးလျက်...

"ဒါပေမယ့် ငါတို့ ဟွာတန်း ခုနစ်ဖော်ထဲမှာ သိုင်းပညာရော၊ စာပေအရာမှာပါ နှစ်မျိုးစလုံး ကျွမ်းကျင်တဲ့ လူကတော့ ညီလေး ကျန်းချွေးဆန်းပဲ ရှိတယ်ကွယ့်၊ ညီမလေး အစ်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းကို လျှို့ဝှက်ချက်တစ်ခုပြောပြမယ်၊ ဟို… လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ဆရာ့ရဲ့ ကိုးဆယ့်ငါးနှစ်မြောက် မွေးနေ့လုပ်တော့ ငါတို့ ကိုဏ်းတူညီအစ်ကို အားလုံးက ဆရာ့ကို ဂါရဝပြုတဲ့အခါမှာ ဆရာက ရုတ်တရက်စိတ်မရွှင်ပြေသလို ဖြစ်သွားခဲ့တယ်၊ ဆရာက ပြောတယ်လေ…။

"ငါ့ရဲ့ တပည့် ခုနစ်ယောက်ထဲမှာ ဉာဏ်ရည်အမြင့်ဆုံး သိုင်းပညာနဲ့ စာပေနှစ်မျိုးစလုံး ကျွမ်းတာက တစ်ယောက်တည်းပဲရှိတယ်၊ အဲဒါ ကျုန်းချွေးဆန်းပါပဲ တပည့်တို့၊ ငါက သူသာ ငါ့ရဲ့ အမွေအရိုက်အရာကို ဆက်ခံနိုင်မယ်လို့ ထင်နေတာ ဟင်း… ခုတော့ သူကံမကောင်းရှာဘူး၊ ဒီ ငါးနှစ်မှာ သူ့ရဲ့ သတင်းကို လုံးဝ မကြားရဘူး၊ သူ လူ့ပြည်မှာ မရှိတော့ဖို့များ ပါတယ်ကွယ်" တဲ့။

"ကဲ… ပြောလေ ညီမလေး၊ ဆရာက ဘယ်သူ့ကို ပိုသဘောကျသလဲ ဆိုတာ"

ကျုန်းချွေးဆန်းမှာ ထိုစကားကို ကြားသော် မအောင့်အည်းနိုင်တော့။ သူ့ပါးပြင်မှာ မျက်ရည်တွေ စီးသွယ်ကျလာရှာ၏။ ရိလင်တန်းကဆက်၍…

"အခုတော့ ညီလေးက သေးမသိ ရန်မခံဘဲ ပြန်ရောက်လာတာကိုသာ ဆရာသိရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲ ကွယ်"

ထိုအခိုက် ရုတ်တရက် ကမ်းနံဘေးဘက်ဆီမှ မြင်းခွာသံများနှင့် မြင်းဟီသံများကို ကြားလိုက်ကြရပြန်၏။ သို့သော်



သူက ဘာမျှ မဖြစ်သကဲ့သို့ စကားကို ဆက်နေပြန်သည်။

"ဆရာက အခု သိုင်းတစ်မျိုးကို လေ့ကျင့်နေတယ်ကွယ့်၊ ဒီ သိုင်းပညာအတွက် ဆရာက ဂူထဲကနေ မထွက်တော့ဘူး။ အစ်ကိုကြီးတို့ ဒီတစ်ခါ တောင်ပေါ်ကို ရောက်တဲ့အချိန်ကျရင် ဆရာ ဂူထဲကနေ ထွက်တဲ့ အချိန်နဲ့ တိုးပါစေလို့ ဆုတောင်းရမှာပဲ"

ချင်တူးတူးစိတ်ထဲတွင် လွန်စွာ အံ့ဩသွား၏။ သိုင်းဆရာကြီး ကျန်းဆန်းဖုန်းလို ပုဂ္ဂိုလ်ကြီးက သိုင်းပညာတစ်မျိုးကို ထပ်မံလေ့ကျင့်နေသေးသည်တဲ့။

ထိုစဉ် ရိလင်တန်းက ရုတ်တရက်…

"ညီမလေး၊ မင်း ကျုန်းဟူကျင်းကို အခု သွားစောင့်ရှောက်လိုက်၊ သူ့ကို မထိတ်လန့်စေနဲ့၊ အပြင်ဘက်က ကိစ္စကို အစ်ကိုကြီးနဲ့ ညီလေးဖြေရှင်းလိုက်မယ်" ဟု ချင်တူးတူးအား ဆိုလေ၏။

ချင်တူးတူးတစ်ချက်မျှ ကြောင်သွားပြီးနောက် ချက်ချင်းပင် ပြန်လည်သဘောပေါက်သွားပြီး အပြင်ဘက်သို့လှည့်ပတ်ကြည့်လိုက်၏။ သို့သော်… ဘာလှုပ်ရှားသံကိုမျှ မကြားရပါချေ။ ညသည် တိတ်ဆိတ်နေ၏။ လသာည် ရှန်းပစွာ သာနေ၏။ ပတ်ဝန်းကျင်သည်လည်း ငြိမ်သက်လျက်…။ ထိုစဉ် ရိလင်တန်းက တိတ်ဆိတ် ငြိမ်သက်သော ညဥ့်ယံကို ထွင်းဖောက်၍ အော်ပြောလေ၏။

"ဟူတန်းကိုဏ်းက ရိလင်တန်းနဲ့ ကျုန်းချွေးဆန်းက ဒီမှာ

www.burmeseclassic.com



ရှိပါတယ်၊ မိတ်ဆွေတို့ ဆန္ဒရှိမယ်ဆိုရင် လှေပေါ်ကို တက်လာကြပြီး အရက်လေး ဘာလေးသောက်ကြပါတော့လား"

ရီလင်တန်း၏ စကားအဆုံးတွင်း ကမ်းနံဘေးရှိ မြက်တောထဲမှ လူဆယ်ယောက်ခန့် ခုန်ထွက်လာကြ၏။ သူတို့သည် အားလုံး အင်္ကျီအနက်ဝတ်ထားပြီး လက်ထဲတွင်လည်း လက်နက်ကိုယ်စီ ကိုင်ထားကြ၏။ မျက်နှာတွင်လည်းအဝတ်နက် စည်းနှောင်ထားကြသည်။

ချင်တူးတူးသည် ရီလင်တန်း ပြောသည့်အတိုင်း လှေဝမ်းထဲသို့ ဝင်လိုက်ရာ ထိုအချိန်တွင် ကျန်းဟူကျင်း နိုးနှင့်နေသည်ကို တွေ့ရပါ၏။ ချင်တူးတူးက တိုးညင်းသော အသံဖြင့်...

"သားလေး... မကြောက်နဲ့နော်" ဟု ကျန်းဟူကျင်းအား ပွေ့ဖက်နှစ်သိမ့်လိုက်၏။

အပြင်ဘက်တွင်တော့မူ ရီလင်တန်းက...

"ခင်ဗျားတို့ ဘယ်က မိတ်ဆွေတွေလဲ"

သို့သော် တစ်ဘက်မှ ဘာမျှ ပြန်မပြော။ ကမ်းနှင့် မလှမ်းမကမ်းတစ်နေရာတွင်သာ စက်ဝိုင်းခြမ်းသဏ္ဌာန် ရပ်လိုက်ကြ၏။ ရီလင်တန်းက ဘာဆက်လုပ်ရမည် မသိအောင် ဖြစ်နေစဉ် ရုတ်တရက် သူတို့လှေမှာ တုန်ခါသွားပြီး တစ်စုံတစ်ယောက်က လှေအောက်မှ သူတို့ လှေဝမ်းကို ဖောက်လိုက်ကြောင်း သိလိုက်ရ၏။ ထိုစဉ် ရေများလည်း လှေဝမ်းထဲသို့ တရဟော ဝင်လာလေ၏။ ထို့ကြောင့် ရီလင်တန်းက ကျန်းချွေးဆန်းအား...



"ညီလေ ရေ... သူတို့က ငါတို့ကို အတင်းကမ်းပေါ်တက်ခိုင်းတဲ့နောက်တော့ ငါတို့ တက်ရတော့မှာပေါ့ကွာ" ဟု ဆိုလေ၏။

ထို့နောက် ရီလင်တန်းသည် ချင်တူးတူးနှင့် ကျန်းဟူကျင်းကို အလယ်တွင် ထား၍ ကျန်းချွေးဆန်းနှင့်အတူ ကမ်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေ၏။ ကမ်းပေါ်သို့ ရောက်သွားချိန်တွင် သူက ချင်တူးတူးတို့ကို တစ်ချက်ကြည့်ပြီး...

"ညီမလေး... ညီမလေးက ကျန်းဟူကျင်းကို ခေါ်ပြီးအရင်သွားနှင့်ပါ" ဟု ဆိုပြန်၏။

ချင်တူးတူးလည်း ရီလင်တန်း ပြောသည့်အတိုင်း ကျန်းဟူကျင်းကို လက်ဆွဲ၍ လျှောက်ထွက်သွားလိုက်လေ၏။ ထိုစဉ် ရုတ်တရက် ဓားငါးချောင်းက ချင်တူးတူး၏ ကိုယ်ကို ထိုးချိန်လိုက်ပြီးသား ဖြစ်နေ၏။ ထိုအချိန်နှင့် တစ်ပြိုင်တည်းမှာပင် ရီလင်တန်းလည်း လှုပ်ရှားလိုက်လေ၏။ သူက လျင်မြန်စွာ ခုန်အုပ်ပြီး လက်ဝါးစောင်းဖြင့် ထိုလူငါးယောက်၏ လက်ကောက်ဝတ်ကို ခုတ်ချလိုက်၏။ သူ့လက်ဝါးစောင်း ခုတ်ချက်က လွန်စွာ လျင်မြန်လှရာ ထိုလူငါးယောက်မှာ ရှောင်တိမ်းရန်ပင် အချိန်မရဘဲ လက်ထဲမှ ဓားများ လွင့်စဉ်ထွက်သွားလေ၏။

ထိုစဉ် သူတို့ထဲမှ တစ်ယောက်က "အမယ်လေး" ဟု တစ်ချက်အော်လိုက်ရာ မိန်းမသံဖြစ်နေလေသည်။ ထို့နောက် အင်္ကျီအနက်၊ မျက်နှာတွင် အဝတ်နက်စည်းထားသော လူများသည် ရီလင်တန်း၏ မြင့်မားလှသော သိုင်းပညာအစွမ်းကို

www.burmeseclassic.com

www.burmeseclassic.com



သံသော ခေါင်းဆောင်ဖြစ်ဟန်တူသူက ချက်ချင်း လက်တစ်ချက် ဝှေ့ပြလိုက်ပြီး အားလုံး ပြန်လှည့် ပြေးသွားကြလေတော့၏။ ထိုအခါ ရီလင်တန်းက အသံကိုမြှင့်၍...

"ဟိတ်... ခွန်းလွန်ဂိုဏ်းက ဂိုဏ်းချုပ်ကြီး ဆရာကြီး ထယ်ချင်ကို ကျုပ်ရီလင်တန်းနဲ့ ကျန်းချွေးဆန်းတို့က နှုတ်ဆက်လိုက်ပါတယ်လို့ ပြောလိုက်ပါ" ဟု အော်ပြောလေ၏။

ယင်းအချိန်တွင် ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီဖြစ်သော လူအုပ်ထဲမှ မိန်းကလေးတစ်ယောက်၏ အုပ်၍ ရယ်လိုက်သော အသံကိုပါ ကြားလိုက်ရပါ၏။ ထို့ကြောင့် ချင်တူးတူးသည် ကျန်းဟူကျင်း၏လက်ကို ကိုင်ရင်း ရီလင်တန်းအား မေးလိုက်၏။

"သူတို့ အားလုံး မိန်းကလေးတွေလို့ပဲ၊ ဘာလဲ သူတို့က ခွန်းလွန်ဂိုဏ်းက လူတွေလား အစ်ကိုကြီး"

ရီလင်တန်းက...

"မဟုတ်ပါဘူး၊ သူတို့က ဝါမေဂိုဏ်းကပါ"

ကျန်းချွေးဆန်းလည်း အံ့သြသွား၏။

'ဟင်... ဝါမေဂိုဏ်းက ဟုတ်လား အစ်ကို၊ ဒီလိုဆိုရင် စောစောတုန်းက အစ်ကိုက ဘာဖြစ်လို့ သူတို့ကို ခွန်းလွန်ဂိုဏ်းချုပ် ဆရာကြီး ထယ်ချင်ကို နှုတ်ဆက်ပါတယ်လို့ ပြောလိုက်ရတာလဲဗျ'

ရီလင်တန်းက သက်ပြင်းချ၍...

'သူတို့က မျက်နှာဖုံးစွပ်ထားပြီး အသံလဲ မပြုပုံထောက်တော့ သူတို့က သူတို့ကိုယ်သူတို့ ဘယ်သူလဲဆိုတာကို



စေချင်လို့ပဲပေါ့၊ ဒါပေမယ့် စောစောတုန်းက သူတို့ညီမလေး ချင်းတူးတူးကို ဓားနဲ့ ချိန်လိုက်တဲ့ အကွက်က ခွန်းလွန်ဂိုဏ်းရဲ့ ဓားသိုင်းကွက်ပဲကွယ့်၊ သူတို့က အဲဒီလို ခွန်းလွန်းဂိုဏ်းလို ဟန်ဆောင်နေတဲ့ နောက်တော့ အစ်ကိုကလဲ တမင်သက်သက် ရွဲ့ပြီး အဲဒီလို ပြောလိုက်ရတာပဲပေါ့ကွ'

ထို့နောက်တွင် သူတို့သည် စကားဆက်မဆိုတော့ဘဲ ထိုနေရာမှ လျှောက်ထွက်လာခဲ့ကြလေ၏။ သူတို့၏ လှေကြီးမှာမူ မြုပ်သွားပေပြီ။ ထို့ကြောင့် ခြေကျင်ဖြင့်သာ သူတို့ ခရီးဆက်ခဲ့ကြရလေ၏။ သူတို့အတန်ကြာ လျှောက်မိသောအခါတွင် ရုတ်တရက် ရှေ့မလှမ်းမကမ်း သစ်ပင်တွင် ချည်နှောင်ထားသော မြင်းသုံးကောင်ကို မြင်တွေ့လိုက်ကြရ၏။ သို့သော် မြင်းသုံးကောင်၏ နံဘေးတွင် လူတစ်ယောက်မျှ မရှိပါချေ။ သူတို့ မြင်းသုံးကောင်အနားသို့ ရောက်သွားချိန်တွင် မြင်းကော်ကြီးပေါ်တွင် ညှပ်ထားသော စာရွက်ကို တွေ့လိုက်ကြရသည်။ ကျန်းချွေးဆန်းက စာရွက်ကို ယူကြည့်လိုက်သောအခါတွင်မူ စာရွက်ပေါ်၌...

'လှေကို ဖျက်ဆီးခဲ့လို့ ဒီမြင်းသုံးကောင်ကို အစားထိုး ပြန်လျော်ပေးလိုက်ပါတယ်...'ဟု ရေးသားထားသည်ကို တွေ့ရပါ၏။

ရီလင်တန်းက ဦးစွာ မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်ပြီး....

'သူတို့က နားလည်မှု ရှိသွားပဲ'ဟု၍ ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းချွေးဆန်းက . . .

'သူတို့က အခုလို ကျွန်တော်တို့ကို အဟန့်အတား ပြုနေတာဟာ အစ်ကိုကြီး ရှက်စွန်းကြောင့်ပဲ ဖြစ်ရမယ်၊ ဒီလိုဆိုရင် ရှေ့ဆက်ရမယ့် ခရီးလမ်းမှာလဲပဲ လူအတော်များများက ကျွန်တော်တို့ကို ဝိုင်းဝန်း ဟန့်တားနှောက်ယှက်မှာ သေချာ တယ်'

ချင်တူးတူးက ကြားဝင်၍ . . .

'ဒါပေမယ့် ဝါမေဂိုဏ်းနဲ့ အစ်ကိုကြီး ရှက်စွန်းတို့ ဘာ ရန်ညှိုးများရှိခဲ့လို့လဲ၊ အစ်ကိုကြီး ရှက်စွန်း တစ်ခါမှ ပြောသံ မကြားရပါလား'

ရီးလင်တန်းက သက်ပြင်းချလျက် . . .

'ဝါမေဂိုဏ်းရဲ့ ဂိုဏ်စည်းကမ်းက သိပ် တင်းကျပ်တာ၊ ဂိုဏ်းထဲမှာ မိန်းမသားတွေ များတယ်ကွယ့်၊ အချို့က မယ်သီလရှင် လုပ်ကြတယ်လေ၊ သူတို့ ဂိုဏ်းချုပ် ဆရာမကြီး မျက်ကြွယ်ကလဲပဲ မယ်သီလရှင်ကြီးပဲ၊ သူက သူ့တပည့်မတွေကို သိုင်းလောကထဲကို အရမ်းမပေး သွားစေဘူး၊ တစ်ခါတော့ သူက သူ့တပည့်တွေကို လွှတ်ပြီး ငါတို့နဲ့ ပူးပေါင်းပြီးတော့ မျက်ခုံးဖြူဂိုဏ်းကို တိုက်ခိုက်တာကိုတွေ့တော့ ငါလဲအတော် အံ့ဩသွားတယ်၊ နောက်အသေအချာ စုံစမ်းကြည့်တော့မှ သိလိုက်ရတာကိုးကွယ့်၊ ဟိုနန်နယ်မှာ ဖန်းဖိန်ဆိုတဲ့ သိုင်းဆရာ တစ်ယောက်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်တုန်းက အသတ်ခံ လိုက်ရတယ်တဲ့၊ သတ်တဲ့လူက နံရံပေါ်မှာ "မိုးကြိုးလက်သီး ချန်ချွန်း"လို့ ရေးသားခဲ့တယ်လေ၊ ဒါပေမယ့် သိုင်းလောက



လူတွေအားလုံးက လူသတ်သမားဟာ ရွှေမွေး ခြသေ့်မင်း ရှက်စွန်းရဲ့ လက်ချက်ပဲဆိုတာ သိကြတာပဲကွယ့်'

ချင်တူးတူးက ကြားဝင်၍ . . .

'အသတ် ခံရတဲ့ ဖန်းဖိန်ဆိုတာ ဝါမေဂိုဏ်းကပဲလား'ဟု မေးသည်။

ရီလင်တန်းက . . .

'မဟုတ်ပါဘူး'

စကားကို ခဏ ရပ်ထားပြီးမှ ဆက်၍ . . .

'လူကြီးတွေရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကို ပြောရတာတော့ သိပ်မကောင်းလှပါဘူး၊ ဒီလိုတဲ့၊ မျက်ကြွယ် မယ်သီလရှင်ကြီး က ငယ်စဉ်တုန်းက သိုင်းလောကမှာ သိပ်နာမည်ကြီးတဲ့ မိန်းမချော မိန်းမလှ တစ်ဦးပဲတဲ့၊ နောက်ပိုင်းတော့ သူက ရုတ်တရက် မယ်သီလရှင် ဝတ်လိုက်ပြီး ဖန်းဖိန်ကလဲပဲ လက်တစ်ဘက်ကိုဖြတ်ပြီး တစ်သက်လုံး အိမ်ထောင် မပြုတော့ဘူးလို့ ပြောလိုက်တယ်တဲ့'

ကျွန်းချွေးဆန်းနှင့် ချင်တူးတူးတို့က ရီလင်တန်းဆိုလိုသည်ကို သဘောပေါက်သွားကြ၏။ မှန်သည်။ ဝါမေးဂိုဏ်းချုပ် ဆရာမကြီး မျက်ကြွယ်နှင့် ဖန်းဖိန်တို့မှာ ငယ်စဉ်ကာလက သမီးရည်းစား ဖြစ်ခဲ့ကြလေ၏။ နောက်ပိုင်းတွင်မူ အကြောင်းတစ်ခုခုကြောင့် တစ်ယောက် မယ်သီလရှင် ဝတ်သွားပြီး ကျန် တစ်ယောက်ကလည်း လက်တစ်ဘက် ဖြတ်လိုက်ခြင်းပင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျန်းဟူကျင်း ကလေးက ရုတ်တရက် ဝင်၍ မေးလေသည်။

'ဘဘကြီး ဟို…ဖန်းဖိန်က လူဆိုးလား၊ လူကောင်းလား'

ရီလင်တန်းက ပြုံး၍…

'ဖန်းဖိန်က လူကောင်း တစ်ယောက်ပါကွယ့်'

ထိုအခါ ကျန်းဟူကျင်းက…

'ဟင်…အဖေကြီးဟာ ဘာဖြစ်လို့ လူကောင်း တစ်ယောက်ကို သတ်ရတာလဲ၊ ဒီလိုလူတွေကို လျှောက်သတ်တာတော့ မကောင်းပါဘူး'ဟု ဆိုသည်။

ရီလင်တန်းမှာ ကျန်းဟူကျင်း၏ စကားကိုကြားသော် လွန်စွာဝမ်းသာသွားပြီး ကျန်းဟူကျင်းကို ပွေ့ဖက်လိုက်၏။ ကျန်ဟူကျင်းက ရုတ်တရက်

'ဘဘကြီး…ကျွန်တော် ဘဘကြီးကို တစ်ခု တောင်းဆိုချင်တယ်'

'ဘာ တောင်းဆိုမှာလဲ ကလေးရဲ့'

ကျန်းဟူကျင်းက…

'တကယ်လို့ သူတို့က အဖေကြီးကို ရှာလို့တွေ့ရင် ဘဘကြီးက သူတို့ကို မသတ်ဖို့ ပြောပေးပါနော်၊ အဖေကြီးက အခု မျက်စိမမြင်တော့ဘူး ဘဘကြီး၊ သူတို့ကို နိုင်နိုင်မှာ မဟုတ်တော့ဘူး'

ရီလင်တန်းက တစ်ချက် တွေဝေသွားပြီးမှ…

'ဒီကိစ္စကိုတော့ ဘဘကြီး မပြောတတ်ဘူးကွယ့်၊ ဒါပေမယ့်



ဘဘကြီး ကိုယ်တိုင်တော့ မင်းလေးရဲ့ အဖေကြီးကို ဘယ်တော့မှ မသတ်ပါဘူးကွယ်'

ကျန်းဟူကျင်း၏ ဝိုင်းစက်သော မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှံလာသည်ကို တွေ့ရလေ၏။

ထိုညတွင် သူတို့သည် မြို့လေး တစ်မြို့သို့ဝင်ပြီး တစ်ညတာ တည်းခိုလိုက်ကြလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့၊ သူတို့အားလုံးပြန်လည်း ခရီးဆက်ကြ၏။ လမ်းခရီးတွင် သူတို့ ဘာပြဿနာမှ မပေါ်ခဲ့ပါချေ။ သည်နေ့တွင်မှ သူတို့သည် အန်းလုနယ်သို့ ရောက်လာလေ၏။ ထိုစဥ် ရုတ်တရက် အရှေ့ဘက်ဆီမှ ကူနံသည်ဟု ထင်မှတ်ရသောလူ ဆယ်ယောက်ခန့် မြင်းကိုယ်စီ စီးလျက် ရေးကြီးသုတ်ပျာ ပြေးလာသည်ကို တွေ့လိုက်ရ၏။

ထိုသူများသည် ရီလင်တန်းတို့အား တွေ့သော် ကမန်းကတန်းပင် လက်ပြ၍...

'မြန်မြန် နောက်ကိုပြန်လှည့်ကြ၊ ဟို အရှေ့ဘက်မှာ မွန်ဂိုတပ်သားတွေ လူသတ်၊ ပစ္စည်း လုကြတယ်'ဟု အော်ပြောသွားလေ၏။ ရီလင်တန်းက...

'မွန်ဂိုစစ်သား ဘယ်နှစ်ယောက်လဲ'ဟု မေးသော် ထိုသူထဲမှ တစ်ယောက်က 'ဆယ်ယောက်လောက်ရှိတယ်၊ အားကြီး



သောင်းကျန်တဲ့ အကောင်တွေဗျာ'ဟု ဆိုလေ၏။ ထိုသူများသည် ထိုမျှသာ ပြောပြီး မြင်းကိုယ်စီ စီးလျက် ခရီးဆက်ကြလေ၏။

ရီလင်တန်းနှင့် ကျန်းချွေးဆန်းတို့မူ ထိုနေရာတွင် ရပ်လျက် အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက် မိကြ၏။ မှန်သည်။ ဟူတန်း ခုနှစ်ဖော်တို့မှာ နဂိုတည်းကပင် မွန်ဂိုစစ်သားများကတိုင်းသူ ပြည်သားများပေါ်တွင် မတရား နှိပ်စက် ညှဥ်းပန်းသည်ကို မကြားရက်ကြ၊ နာကြည်း ဒေါသ ဖြစ်ခဲ့ရသူများ၏။ ဖြစ်ပါ၏။

သူတို့ဆရာကြီး ကျန်းဆန်းဖုန်းသည် သူတို့တွေ သိုင်းလောက လူများနှင့် ခိုက်ရန်မဖြစ်ပွားရန် အမြဲ သတိပေးကြပ်မတ်လေ့ ရှိသော်လည်း နယ်ချဲ့ မွန်ဂိုစစ်သားများအား သတ်ဖြတ်လျှင်မူ လုံးဝ အပြစ်တင်ခြင်း မပြုသည့်အပြင် အထူးပင် အားပေးအားမြှောက် ပြုခဲ့သော မျိုးချစ် သိုင်းသမားတစ်ယောက်ပင် ဖြစ်သည်။ ထို့ကြောင့် ဟူတန်း ခုနှစ်ဖော်တို့သည် မွန်ဂိုစစ်တပ်ကြီးနှင့် တွေ့လျှင် ရှောင်တိမ်းလိုက်ပြီး လူနည်းစုနှင့် တွေ့လျှင်တော့မူ အပြတ်ရှင်းပစ်လေ့ ရှိကြ၏။

ယခုလည်း ရီလင်တန်းသည် ရှေ့ဘက်တွင် နယ်ချဲ့ မွန်ဂိုစစ်သား ဆယ်ယောက်ကျော်မျှသာ ရှိသည်ကိုကြားသော် ချက်ချင်း မြင်းကို ဒုန်းစီး၍ ရင်ဆိုင်ရန် ထွက်ခွာသွားလေ၏။ သုံးမိုင်မျှ ရောက်ရှိချိန်တွင်မူ ရှေ့မလှမ်းမကမ်း နေရာဆီမှ ဆူးဆူးဝါးဝါး အော်သံများကို သူ ကြားလိုက်ရသည်။ ထို့ကြောင့်

www.burmeseclassic.com



သူက အသံကြားရာဆီသို့ မြင်းကို ဒုန်းစီး၍ ပြေးဝင်သွားလေ၏။ ကျွန်ုပ်ဆန်းတို့လည်း သူ့နောက်မှ ထက်ကြပ်မကွာပင် မြင်းကို ဒုန်းစီး၍ လိုက်ပါလာကြ၏။

ထိုအခါ နယ်ချဲ့ မွန်ဂို စစ်သားများသည် ဓားကိုယ်စီ ကိုင်လျက် ရွာသားသုံးလေးဆယ်ထံမှ ပစ္စည်းများကို လုယူလျက် ရှိပြီး မတရား ညှဉ်းပန်း သတ်ဖြတ်နေသည်ကိုပါ ပက်ပင်းတွေ့ လိုက်ကြရလေ၏။ တစ်နေရာတွင် နယ်ချဲ့ မွန်ဂိုစစ်သား တစ်ယောက်သည် သုံးနှစ်သား ကလေးငယ် တစ်ဦးကို ခြေဖြင့် ဘောလုံးကန်သလို လေပေါ်သို့ မြှောက်ကန်တင်လိုက်၏။ ကလေးမှာ နာကျင် ကြောက်လန့်လွန်း၍ လေထဲတွင် ရှူးရှူးဝါးဝါး အော်ရင်း အောက်သို့ ပြန်ကျလာ၏။ ထိုအခါ နောက်မွန်ဂို စစ်သားတစ်ယောက်က ခြေထောက်ဖြင့် လှိမ့်ကန်လိုက်ပြန်၏။ ဤသို့ သုံးချက် ကန်လိုက်သောအခါ ကလေးငယ်မှာ အသံ လုံးဝ မထွက်တော့ဘဲ အသက်ထွက်သွားလေတော့၏။

ကျွန်ုပ်ဆန်းက ထိုရက်စက် ယုတ်မာလှသော မြင်ကွင်းကို ကြည့်ရင်း တစ်ကိုယ်လုံး အေးစက်သွား၏။ ထို့နောက် ထိုမွန်ဂို စစ်သားဆီသို့ မြင်းကိုဒုန်းစိုင်းစီးပြီး မြင်းပေါ်မှ လှပစွာခုန်ထွက် လိုက်၏။ သူ့ခြေအစုံ မြေပြင်နှင့် မထိမီမှာပင် သူ့ လက်သီး တစ်ချက်က မွန်ဂို စစ်သား၏ မေးရိုးကို ပြင်းစွာ ထိုးချလိုက်ပြီး သေဆုံးသွားလေ၏။ ထိုစဉ် နောက်မွန်ဂိုစစ်သား တစ်ယောက် က ကျွန်ုပ်ဆန်း၏နောက်ကျောအား လှံတံဖြင့်ထိုးရန် ပြေးဝင် လာပြန်၏။ ထိုအခါ ကျွန်းဟူကျင်းတ နောက်ခိုင်းနေသော

www.burmeseclassic.com



ဖခင်အား လှမ်းအော် သတိပေးလေ၏။

'အဖေ . . .အနောက်မှာ'

ကျွန်ုပ်ဆန်းက အချိန်မီ နောက်သို့ လှည့်ရင်း . . .

'သားလေး . . .အဖေ ဒီနယ်ချဲ့ မွန်ဂို စစ်သားယုတ်တွေကို သတ်တာ အသေးအချာကြည့်ထားနော်' ဟု ပြောပြီးလျှင် မွန်ဂို စစ်သား၏ လှံတံများက သူ့ရင်ဝနားသို့ ရောက်လုရောက်ခင် ရှိစဉ်မှာပင် သူက လှံတံကို ရုတ်တရက် ဆွဲဖမ်းယူလိုက်ပြီး ရှေ့သို့ ဆောင့်တွန်းလိုက်၏။ ထိုအခါ လှံရိုးမှာ မွန်ဂိုစစ်သား၏ ရင်ဝကို ဆောင့်မိလျက် တစ်ချက်သာ အွန့်ခနဲအော်သံ ကြားပြီး လဲကျသွားလေတော့သည်။

ကျန် မွန်ဂိုစစ်သားများမှ ရီလင်တန်းနှင့် ချင်တူးတူးတို့၏ တိုက်ခိုက်ခြင်းကို အလူးအလဲခံနေကြရလေ၏။ မကြာပါ။ မွန်ဂို စစ်သားများသည် မျိုးချစ်သူရဲကောင်းသုံးယောက်၏ မြင့်မားလှ သော သိုင်းပညာစွမ်းများကို မနိုင်နိုင်မှန်းသိသည်နှင့် တချိုးတည်း ထွက်ပြေးလေတော့၏။ သူတို့သည် ထွက်ပြေးရင်း မတ်တတ် ကပင် ရွာသူရွာသားများအား ဓားဖြင့်ခုတ်သတ်နေသေး၏။

ရီလင်တန်းက ဒေါသခြောင်းခြောင်းထွက်လျက် . . .

'ဟေ့ . . .နယ်ချဲ့မွန်ဂိုစစ်သားယုတ်တွေကိုတစ်ယောက်မှ မချန်နဲ့၊ အကုန်သတ်' ဟု အော်ပြောပြီးလျှင် သူတို့ သုံးယောက် သားသည် မွန်ဂိုစစ်သားနောက်သို့ ထက်ကြပ် လိုက်သွားကြ လေတော့၏။

ထိုစဉ်မှာပင် ဓာဓာဇာက ကျွန်ုပ်ဆန်း လှံတံဖြင့် ဆောင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုး၍လဲကျသွားသော မွန်ဂိုစစ်သားကြီးသည် ရုတ်တရက် ခုန်ထလာပြီးလျှင် ကျန်းဟူကျင်းအား ပွေ့ဖက်လိုက်လေ၏။ ကျန်းဟူကျင်းလည်း ထိတ်လန့်သွားပြီးလျှင် ကမန်းကတန်းပင် လက်ဝါးစောင်းဖြင့် ထိုမွန်ဂိုစစ်သား၏ ရင်ဝသို့ ရိုက်ချလိုက်၏။ မွန်ဂိုစစ်သားသည် အွန့်ခနဲ တစ်ချက်မျှအသံထွက်လာပြီး ကိုယ်တစ်ချက်ယိမ်းယိုင်သွားသည့်တိုင် ကျန်းဟူကျင်းကို မလွှတ်ဘဲ အတင်းပွေ့ဖက်ထားရင်းမှ မြင်းပေါ်သို့ လွှားခနဲခုန်တက်ပြီးလျှင် ဒုန်းစိုင်းပြေးလေတော့သည်။

ရီလင်တန်းနှင့် ကျန်းချွေးဆန်းတို့ ဖနီးမောင်နှံလည်း ထိုအခြေအနေကို မြင်သော် ချက်ချင်း နောက်ပြန်လှည့်၍ ဒုန်းစိုင်းပြေးလိုက်သွားလေ၏။ ကျန်းဟူကျင်းအား အလစ်သုတ်သွားသော မွန်ဂိုစစ်သား၏ မြင်းကိုမီသော် ရီလင်တန်းသည် ထိုမြင်းပေါ်သို့ ရုတ်တရက် ခုန်တက်လိုက်ပြီး လက်ဝါးစောင်းဖြင့် မွန်ဂိုစစ်သား၏ နောက်ကျောကို ရိုက်လိုက်လေ၏။ သို့သော် မွန်ဂိုစစ်သားသည် နောက်သို့ပင် လှည့်မကြည့်ဘဲ ရီလင်တန်း၏ လက်ဝါးစောင်းကို နောက်ပြန်လှည့်၍ ခုတ်လိုက်လေ၏။ ရီလင်တန်းမှာ ရုတ်တရက် မွန်ဂိုစစ်သား၏ အားပါလှသော လက်ဝါးစောင်း ဒဏ်ကြောင့် သူ့ရင်ဘတ် တစ်ခုလုံး သွေးလည်ပတ်မှု ရပ်တန့်သွားသကဲ့သို့ ခံစားလိုက်ရပြီး ရင်ထဲဝယ် ဗလောင်ဆူသွားလေတော့၏။ ပြီး ချက်ချင်းပင် သူ့ ကိုယ်လုံးမှာ လေထဲတွင် ယိမ်းယိုင် လွင့်ထွက်သွားလျက် မြေပေါ်သို့ ပြန်ကျလာလေ၏။ ယင်းအချိန်တွင် မွန်ဂိုစစ်သား၏ မြင်းမှာလည်း ရီလင်



တန်း၏ လက်ဝါးစောင်းအားကို မခံနိုင်ဖြစ်ကာ ရှေ့နှစ်ချောင်း ဒူးထောက် ခွေကျသွား၏။ သို့သော် မွန်ဂိုစစ်သားကြီးသည် ကျန်းဟူကျင်းအား ပွေ့ဖက်ထားရင်းမှ မြေပြင်ပေါ်သို့ မကျမီမှာပင် ရှေ့သို့ခုန်ထွက်လိုက်ပြီး တစ်ဆက်တည်း ပြေးထွက်သွားရာ မကြာမီမှာပင် အဝေးသို့ ရောက်သွားလေတော့၏။

ကျန်းချွေးဆန်းမှာ သူ၏ ဂိုဏ်းတူအစ်ကို ရီလင်တန်း တစ်ယောက် မြေကြီးပေါ်သို့ ပုံပျက်ပန်းပျက် မလဲကျသော်လည်း ကိုယ်လုံးမှာမူ ရပ်နေရင်း ယိမ်းယိုင်လျက်ရှိပြီး မျက်နှာတစ်ခုလုံးလည်း ဖြူရော်လျက် ရှိသည်ကိုတွေ့သော် ရီလင်တန်းတွင် အတွင်းဒဏ်ရာ အတော်အတန်ရသွားကြောင်း ချက်ချင်းသိလိုက်လေ၏။ ထို့ကြောင့် သူက ရီလင်တန်းကိုသာ ကမန်းကတန်းပြေး၍ ပွေ့ချီထားလိုက်၏။

ချင်တူးတူးမှ ရန်သူ့လက်သို့ သူ့သားလေး ပါသွားပြီးကိုတွေ့သော် ရုတ်ခြည်း ရူးသွပ်သွားသကဲ့သို့ဖြစ်ပြီး ဆူးဆူးဝါးဝါးအော်ရင်း နောက်မှအတင်း ပြေးလိုက်သွားလေတော့၏။ သို့သော် မွန်ဂိုစစ်သားကြီးကို မမီပါချေ။ နောက်ဆုံးတွင် မွန်ဂိုစစ်သားကြီး၏ အရိပ်အယောင်နှင့်တကွ အထိတ်တလန့် အော်ငိုနေသော ကျန်းဟူကျင်း၏ အသံများပါ တိတ်ရုပ် ပျောက်ကွယ်သွားလေ၏။

ထိုအခါ ချင်တူးတူးမှာ သားဖြေဖြင့်တစ်ကိုယ်လုံး အသက်မရှိတော့ဘဲ စက်ရုပ်ကဲ့သို့ပင် ခြေနှစ်ဘက်ကသာ ရှေ့သို့ပြေးနေပြီး စဉ်းစားဉာဏ် လုံးဝ ပျောက်ကွယ်သွားသူကဲ့သို့ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ မှန်ပါသည်။ ချင်တူးတူး ရှူးသွပ်သွားသူကဲ့သို့ စဉ်းစားခြင်း လုံးဝ မပြုနိုင်ပါတော့။ သားဖောဖြင့် အတင်းသာ ပြေးလိုက်နေသော်လည်း ဘာမျှ မမြင်စွမ်းပါတော့ကျေ။ အမှန်မူ မွန်ဂိုစစ်သားသည် ရီလင်တန်းကိုပင် တစ်ချက်တည်းနှင့် အတွင်းဒဏ်ရာရစေခဲ့သည်ဖြစ်ရာ ချင်တူးတူးကဲ့သို့ မိန်းမသားကိုမူ ခေါင်းထဲတွင်ပင် ထည့်၍ စဉ်းစားမည် မဟုတ်ပါချေ။ ထိုအခါ ရီလင်တန်းက ကျန်းချွေးဆန်းအား အသံတိုးတိုးဖြင့်...

'ညီလေး...ချင်တူးတူးကို အမြန်သွားခေါ်လိုက်၊ ရေရှည်စဉ်းစား စီစဉ်မှ ဖြစ်တော့မယ်'ဟု သတိပေးလိုက်ရလေ၏။

ကျန်းချွေးဆန်းလည်း ထိုအခါကျမှပင် ချင်တူးတူးနောက်သို့ ပြေးလိုက်ရမည်မှန်း သတိရတော့၏။ သူသည် ဆယ်မိုင်ခန့်မျှ မြင်းဖြင့် အပြေးလိုက်မှပင် ချင်တူးတူးအား ရှေ့ခပ်လှမ်းလှမ်းတွင် ဒယီးဒယိုင်ဖြင့် နှေးကွေးစွာ ပြေးနေသည်ကို တွေ့ရတော့၏။ ထို့နောက် သူသည် ချင်တူးတူးအား မြင်းပေါ်သို့ ချီတင်လိုက်လေ၏။ ချင်တူးတူးလည်း ကျန်းချွေးဆန်းကို မြင်သော် ပို၍ ဝမ်းနည်းလာပြီး ငိုယိုရင်း ဆိုလေသည်။

'မရှိတော့ဘူး...မတွေ့ရတော့ဘူး၊ လိုက်လို့မရတော့ဘူး'

ချင်တူးတူးသည် ငိုယိုရင်း ထိုမျှသာ အားယူပြောပြီးနောက် မေ့လဲသွားလေသည်။ ကျန်းချွေးဆန်းသည် ချင်တူးတူး စိတ်ပူပန်လွန်းပြီး ပင်ပန်းလွန်းသဖြင့်သာ မေ့လဲသွားသည်ကိုသိသော် ရီလင်တန်းရှိရာဆီသို့ မြင်းကို ဒုန်းစိုင်းနှင်လာပြန်၏။ ရီလင်တန်း အနားသို့ ရောက်သောအခါတွင်မူ သူသည် ရီလင်တန်းအား



တင်ပျဉ်ခွေ ထိုင်လျက် ထွက်သက်ဝင်သက် ကျင့်လျက် အတွင်းဒဏ်ရာ ကုစားနေသည်ကို တွေ့လိုက်ရပါ၏။ ထိုစဉ် ချင်တူးတူး ပြန်၍ သတိရလာလေ၏။ သတိရလျှင်ရချင်းပင် ချင်တူးတူးသည်–

'သားလေး...သားလေး'ဟု အော်ပြော ငိုယိုနေလေ၏။

ထိုအခိုက် ရီလင်တန်းလည်း ကျန်းချွေးဆန်းအား မျက်လုံးဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်ပြီး အသံတိုးတိုးဖြင့်...

'တကယ်ကြောက်စရာကောင်းတဲ့ လက်ဝါးစောင်းအားပဲ ညီလေး'ဟု ဆို၏။

ကျန်းချွေးဆန်းက သူ့အစ်ကို စကားသံကို ကြားရတော့မှပင် သက်ပြင်းချနိုင်တော့၏။ ရီလင်တန်းက ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်ပြီးလျှင်...

'ကျန်ဟူကျင်းကို မတွေ့တော့ဘူးလား'ဟု မေးလေသည်။

ချင်တူးတူးက အော်ငိုရင်း...

'အစ်ကိုကြီး...ဘယ်လို လုပ်ရလဲ အစ်ကိုကြီးရယ်'ဟု ဝမ်းပန်းတနည်း ရေရွတ်နေလေ၏။

ရီလင်တန်းက ချင်တူးတူးအား စိုက်ကြည့်ရင်း...

'မင်းစိတ်ချပါ၊ ကျန်းဟူကျင်း ဘာမှမဖြစ်ပါဘူး၊ သိုင်းပညာ ဒီလောက်မြင့်မားတဲ့လူက ကလေးတစ်ယောက်ကို ဒုက္ခရောက်အောင်လုပ်မှာ မဟုတ်ပါဘူး'ဟု နှစ်သိမ့်လိုက်လေ၏။

ချင်တူးတူးက...

'ဒါ...ဒါပေမယ့် သူက သားလေးကို ဖမ်းသွားပြီ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ ဖမ်းသွားပြီ'ဟု ပြောပြီး ရှိက်ငင် ငိုကြွေးနေပြန်လေ၏။

ရီလင်တာန်းက သက်ပြင်းတစ်ချက်ချပြီး ခေါင်းညိတ်လိုက်၏။ ပြီးလျှင် မျက်လုံးအစုံမှိတ်လျက် ကျန်းချွေးဆန်း၏ ပခုံးတွင် လက်ဖြင့်မှီကာ စဉ်းစားတွေးတောနေလိုက်၏။ အတန်ကြာသော် မျက်စိပြန်ဖွင့်လျက် . . .

'ဒီလူက ဘယ်ဂိုဏ်းကလဲဆိုတာ ငါ စဉ်းစားလို့ကိုမရဘူးညီလေး၊ ငါတို့ ဆရာကို သွားမေးမှ သိရတော့မယ်'ဟု ညည်းညူပြောဆိုလေ၏။

ထိုအခါ ချင်တူးတူး အစိုးရိမ်ကြီး စိုးရိမ်လာပြီးလျှင် . . .

'ဒီလိုဆိုရင် သားလေးကို အမြန်ဆုံး ပြန်ရအောင် လုပ်ဦးမှပေါ့ အစ်ကိုကြီးရယ်'ဟု ဆိုရှာပြန်သည်။

ရီလင်တာန်းက ခေါင်းခါ၍သာ ပြ၏။ ကျန်းချွေးဆန်းက . . .

'တူးတူး အခုလောလောဆယ်တော့ အစ်ကိုကလဲ ဒဏ်ရာမနည်း ရထားတယ်ကွယ့်၊ မွန်ဂို စစ်သားဟန်ဆောင်ထားတဲ့ ဒီလူရဲ့ သိုင်းပညာကလဲ ဒီလောက် တော်နေတော့ကာ အစ်ကိုတို့ ဒီလူ့ကို တွေ့အောင်ရှာနိုင်တယ်ထားဦး၊ ဘယ်လိုလုပ် သူ့ကို နိုင်မှာလဲ'

ချင်တူးတူး မျက်နှာပို၍ ညှိုးရော်သွား၏။

'ဒီလိုဆိုရင် ဒီလူကို ဒီလိုပဲ လွှတ်ထားတော့မှာလား အစ်ကိုရယ်'

ကျန်းချွေးဆန်းက ချင်တူးတူးအနားသို့ သွားပြီး . . .

'အစ်ကိုတို့ သူ့ကို ရှာဖို့တောင် မလိုပါဘူး၊ အစ်ကိုတို့ကို



သူက ပြန်လာရှာမှာပါ'

ချင်တူးတူးက ဉာဏ်ကောင်းသူဖြစ်ရာ ကျန်းချွေးဆန်းဘာဆိုလိုသည်ကို ချက်ချင်း သဘောပေါက်လာလေ၏။ မှန်သည်။ မွန်ဂိုစစ်သား ဟန်ဆောင်ထားသော ထိုသူသည် သိုင်းပညာ လွန်စွာ မြင့်မားသူ ဖြစ်၏။ သူသည် ကျန်းချွေးဆန်းတို့ နှစ်ယောက်စလုံးအား သတ်လိုလျှင်လည်း အလွယ်တကူပင် သတ်နိုင်စွမ်း၏။ သို့ပါလျက် ထိုသူသည် ကလေးကိုသာ မရမက ခေါ်ယူသွားခြင်းကို ထောက်ခြင်းဖြင့် ထိုသူသည်လည်း ရှက်စွန်း ဘယ်နေရာတွင်ရှိသည်ကို မေးမြန်းလိုသူပင်ဖြစ်ကြောင်း ချင်တူးတူး နားလည်သဘောပေါက်သွားပါတော့၏။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၃)

www.burmeseclassic.com

www.burmeseclassic.com

# ဟူတန်းတောင်ပေါ်

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် သူတို့ သုံးယောက်သည် ဟူတန်းတောင်ဆီသို့ ဦးတည်၍ ဆက်လက် ထွက်ခွာလာခဲ့ကြ၏။ ရီလင်တန်းမှ အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန် ရခဲ့သဖြင့် ခရီးကိုအလျင်စလို မသွားဘဲ နှေးနှေးမှန်မှန်မျှသာ သွားရလေ၏။ နောက်သုံးရက်မျှ ကြာသော အခါတွင်မူ ရီလင်တန်း၏ အတွင်းဒဏ်ရာမှာ လုံးဝ ပျောက်ကင်းသွားလေ၏။ ထိုအခါ သူက...

'ငါ...သိုင်းလောကထဲ စ, ဝင်တဲ့ အချိန်ကစပြီး ဒီနေ့အထိ ဒီလူရဲ့ လက်ဝါးစောင်းအားလောက် ကြောက်စရာကောင်းတဲ့ လက်ဝါးစောင်း အားမျိုး တစ်ခါမျှ မကြုံဖူးသေးဘူး' ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ကျန်းချွေးဆန်းက လှံတံဖြင့် နောက်ပြန်ထိုးလိုက်စဉ် ထိုလူက မေ့လဲသွားခြင်းမှာ ဟန်ဆောင်လိုက်ခြင်းသာ ဖြစ်ပေသည်။ ယခု သူတို့ သုံးယောက်စလုံးသည် ထိုလူ၏ ရုပ်ပုံကို ကောင်းစွာ မမှတ်မိတော့ချေ။ ထိုလူတွင် ပါးသိုင်းမွေး ပါသောကြောင့် 'ပါးသိုင်းမွေးနှင့် လူ'ဟူ၍သာ ဝိုးတစ်ဝါး မှတ်မိလေသည်။ ရိလင်တန်း၏ စကားအဆုံးတွင် ချင်တူးတူး စကားဆက်လေသည်။

'ဒီလူက သားလေးကို ဖမ်းသွားတာဟာ အစ်ကိုကြီး ရှက်စွန်းရဲ့ နေရာကို မေးမှာ သေချာတယ်၊ သားလေးက ကြောက်ရွံ့ပြီးများ ဖွင့်ပြောမလား မသိဘူး အစ်ကိုကြီး'

ထိုအခါ ကျန်းချွေးဆန်းက လေသံပြတ်ပြတ်ဖြင့်...

'[illegible]သာ ဖွင့်ပြောရင်တော့ သူ့ကို သားအဖြစ်က စွန့်လွှတ်ရမှာပဲ'

ချင်တူးတူးကလည်း 'သားလေးက ဖွင့်ပြောမှာ မဟုတ်ပါဘူးလေ'

ကျန်းချွေးဆန်းနှင့် ရိလင်တန်းက သက်ပြင်းချပြီး...

'အေး...သားလေးက အခုကတည်းက ဒုက္ခခံထားမှ တစ်နေ့ကျတော့ လူတော်ကြီး ဖြစ်လာမှာပေါ့'

ကျန်းချွေးဆန်းက နှုတ်မှ ထိုစကားကို ပြောလိုက်သည့်တိုင် ရင်တဲတွင်မူ လွန်စွာနာကျင် ခံခက်လျက် ရှိလေ၏။

ထို့နောက် သူတို့သုံးယောက်သည် စကားမပြောတော့ဘဲ ခရီးပေါက်အောင်သာ နှင်နေကြတော့၏။



ချင်တူးတူးသည် ရက်ညောင်းလာသည်နှင့်အမျှ သားအတွက်ပူဆွေးရသော သောကဝေဒနာဖိစီးကာ လမ်းခရီးတွင် မကျန်းမမာ ဖြစ်လာလေ၏။ သို့ဖြင့် ဟူတန်းတောင်သို့ ရောက်ရန် နှစ်ရက်ခရီးအလိုတွင် ရုတ်တရက် တောအုပ်ထဲမှ လူတစ်ယောက်၏ အော်ပြောသံကို ကြားလိုက်ရပါ၏။

'အစ်ကို ကျန်းချွေးဆန်း၊ အစ်ကိုကို ကျွန်တော် သတိရလိုက်တာဗျာ...'

ကျန်းချွေးဆန်းသည် ထိုအသံကို ကြားသည်နှင့် လွန်စွာဝမ်းသာသွားလေ၏။ မှန်သည်။ ထိုသူကား ..ဟူတန်းခုနစ်ဖော်ထဲမှ နံပါတ်ခြောက် ချင်လိရှန်ပင်ဖြစ်သည် မဟုတ်ပါလား။

ကျန်းချွေးဆန်းက ဝမ်းပန်းတသာဖြင့် 'ညီလေး'ဟု ပြန်၍ အသံပြုလိုက်၏။

ထိုအခါ ချင်လိရှန်သည် တောအုပ်ထဲမှ ပြေးထွက်လာပြီး မြင်းလှည်း နှစ်စင်းရှေ့တွင် ရပ်လိုက်လေ၏။ ထိုအချိန်တွင် ရိလင်တန်းမှာ ဒဏ်ရာကောင်းစွာ မပျောက်သေး၍ မြင်းလှည်းအတွင်းတွင် အနားယူနေချိန်ဖြစ်ပြီး ချင်တူးတူးလည်း မမာမကျန်းဖြင့် နောက်မြင်းလှည်းအတွင်းတွင် အနားယူနေ၏။

ကျန်းချွေးဆန်းက ချင်လိရှန်၏ လက်ကိုဆွဲ၍...

'အို...ညီလေးတောင် အတော်လေး အရုပ်မြင့်လာပါလား' ဟု ဆိုပြီး ချင်လိရှန်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေ၏။

မှန်သည်။ သူတို့နှစ်ဦး ကွဲကွာခဲ့စဉ်အခါက ချင်လိရှန်မှာ အသက် ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေး၏။ ယခု ဆယ်နှစ်ခန့်

www.burmeseclassic.com

www.burmeseclassic.com



မတွေ့မမြင်ကြဘဲ နေပြီးနောက် ပြန်ဆုံကြသောအခါ ချင်လီရှန်သည် တကယ့် လူကြီးတစ်ယောက်ကဲ့သို့ ထွားထွားကျိုင်းကျိုင်း ဖြစ်နေပေပြီ။ ကျန်းချွေးဆန်းသည် ချင်လီရှန်၏ လက်ကို ဆွဲလျက်မှ ရီလင်တန်းနှင့် ချင်တူးတူးတို့ထံ ခေါ်သွားပြလိုက်၏။ ပြီး…ချင်တူးတူးနှင့်လည်း မိတ်ဆက်ပေးလိုက်လေသည်။ ချင်လီရှန်က ရယ်မောလျက်…

'ကြည့်စမ်း၊ လက်စသတ်တော့ ကျွန်တော့်အစ်ကိုက တစ်ယောက်တည်း ပြန်လာတာ မဟုတ်ဘဲ ကျွန်တော့်အတွက် မရီးတစ်ယောက်ပါ ခေါ်လာတာကိုး'ဟု ဆိုလေသည်။

ရီလင်တန်းကမူ ချင်လီရှန်အား ဘယ်ပုံဘယ်နည်း ဤနေရာသို့ရောက်လာရသည်ကို မေးလေ၏။ ချင်လီရှန်က သူနှင့်အစ်ကိုနံပါတ်လေး ကျန်းဆုံကျိုးတို့သည် ဆရာကြီး၏ အနှစ်တစ်ရာမွေးနေ့အတွက် ပစ္စည်းများဝယ်ရန် ဟူတန်းတောင်ပေါ်မှ ဆင်းလာခဲ့ရာ လမ်းခရီး၌ ကျန်းချွေးဆန်း ပြန်ရောက်လာသည့်သတင်းနှင့်အတူ ရီလင်တန်းလည်း အတူပါလာကြောင်းသတင်းကို ကြားရကြောင်း၊ ထို့ကြောင့် ကျန်းဆုံကျိုးက တောင်ပေါ်သို့ အမြန်ပြန်ပြီး ကျန်ရှိနေသော ဂိုဏ်းတူ ညီအစ်ကိုများကို အကြောင်းပြန်ကြားပြီး မိမိကမူ ဤနေရာဘက်သို့ ထွက်လာကာ ကြိုတင်၍ စောင့်ဆိုင်းကြိုဆိုနေကြောင်း ရှင်းပြလေသည်။

ထိုညတွင် သူတို့သည် တည်းခိုခန်းတွင် တည်းကြလေရာ မမှာမကျန်းဖြစ်နေသော ချင်တူးတူးအား အခန်းတစ်ခန်းသီးသန့်ပေးလိုက်ပြီး ချင်လီရှန်မှာမူ ကျန်းချွေးဆန်းနှင့်အခန်း



တူ တည်းရန် တောင်းဆိုလေ၏။ ထိုအခါ ရီလင်တန်းက ရယ်မောလျက်…

'ဟဲ့…ချင်လီရှန်၊ ညီလေးက ကျန်းချွေးဆန်းကို အရင်တုန်းကလို ထင်နေသလား၊ အခု သူက သားနဲ့မယားနဲ့ ဖြစ်နေပြီကွ၊ အရင်ဆယ်နှစ်တုန်းကလိုများ မှတ်နေတုန်းပဲကိုး'

ကျန်းချွေးဆန်းဘက်သို့ လှည့်၍လည်း…

'အေး…ကျန်းချွေးဆန်းရေ၊ မင်းပြန်လာတာ အချိန်ကောင်းပဲကွ၊ တို့ညီအစ်ကိုတွေ ဆရာရဲ့ အနှစ်တစ်ရာမွေးနေ့ အရက်သောက်ပြီးရင် သူ့ရဲ့ မင်္ဂလာဆောင်အရက်ကိုပါ ဆက်သောက်ရတော့မှာ'ဟု ဆိုလေ၏။

ကျန်းချွေးဆန်းက လွန်စွာ ဝမ်းသာသွားပြန်၏။ သူက လက်ခုပ်လက်ဝါးတီးလျက်…

'အေး…ဟုတ်သား၊ သိပ်ကောင်းပဲဟေ့၊ တို့ သတို့သမီးက ဘယ်ကတုန်းကွ'

ချင်လီရှန်က မဖြေ။ ရှက်စနိုးအမူအရာဖြင့် ခေါင်းငုံ့နေလိုက်၏။

ထို့ကြောင့် ရီလင်တန်းကပင်…

'သတို့သမီးက ဝါမေဂိုဏ်းကလေ၊ မိန်းကလေးရဲ့ အဖေက ဟန့်ရန်မြို့က နာမည်ကျော် သိုင်းဆရာ ကျားပွတ်ရှင် လိုယင်ပဲပေါ့၊ သူ့သမီးလှလှလေးပဲ ညီလေး'

ရီလင်တန်းက ယင်းသို့ ပြောပြီးနောက်…

'ဒါပေမယ့် ဟိုတစ်နေ့က ကမ်းနားဘေးမှာ တို့ကိုတိုက်တဲ့ လူတွေထဲမှာတော့ သူမပါပါဘူး'ဟု ဆိုလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၁)

www.burmeseclassic.com

www.burmeseclassic.com

# ဟူတန်းခုနှစ်ဆော် ပြန်ဆုံပြီ

သူတို့ စကားကောင်းနေစဉ်မှာပင် အပြင်ဘက်မှ တံခါးခေါက်သံ ကြားလိုက်ရပြီး ကျန်းကျွေးဆန်းက တံခါးကို သွားဖွင့်ပေးသည်။ ထိုအခိုက် ရုတ်တရက် "ကျန်းကျွေးဆန်း၏ ဝမ်းသာအားရ အော်လိုက်သံကို ကြားလိုက်ရပါ၏။

'အစ်ကို ကျန်းဆုံကျိး'

မှန်သည်။ အခန်းထဲသို့ ဝင်လာသူမှာ အခြားသူမဟုတ်။ ဟူတန်းခုနှစ်ဖော်ထဲမှ နံပါတ်လေး ကျန်းဆုံကျိးပင် ဖြစ်ပါ၏။ အမှန်မူ ကျန်းဆုံကျိးသည် ကျန်းချွေးဆန်းတို့ ပြန်ရောက်လာသောသတင်းကိုကြားလျှင်ကြားချင်း ချင်လီရှန်အား အလျင် သွားတွေ့ခိုင်းပြီး သူက ဟူတန်း တောင်ပေါ်သို့တက်ပြီး ကျန်ရှိသောဝိုက်းတူညီအစ်ကိုများအား အကြောင်းကြားရမည်ဟု ပြောသော်လည်း တကယ်တမ်းတွင် လမ်းတစ်ဝက် အရောက်၌ မနေနိုင်

www.burmeseclassic.com

www.burmeseclassic.com



မထိုင်နိုင်ဖြစ်ကာ ချက်ချင်းပြန်လှည့်ပြီး ကျန်းကျွေးဆန်းတို့အား ရှာဖွေလာခဲ့ခြင်းပင် ဖြစ်ပါ၏။

ထိုညတွင် သူတို့ဂိုဏ်းတူ ညီအစ်ကို လေးယောက်သည် မတွေ့ရသည်မှာ ကြာပြီဖြစ်၍ အားရပါးရ စကားစမြည် ပြောကြလေတော့သည်။ ကျန်းဆုံကျီးသည် သူ့တို့ ညီအစ်ကိုထဲတွင် ဉာဏ်အထက်မြက်ဆုံး၊ အတွေ့အကြုံအများဆုံး ဖြစ်သော်လည်း ကျန်းကျွေးဆန်းက ကျန်းဟူကျင်းအား ဖမ်းဆီးသွားသော မွန်ဂိုစစ်သား ဟန်ဆောင်သူ၏ အကြောင်းကို ပြောပြသောအခါတွင် သူလည်း မစဉ်းစားတတ်အောင် ဖြစ်သွားပါတော့၏။

နောက်တစ်နေ့တွင် သူ့တို့ခရီးဆက်ထွက်ခဲ့ရာ လမ်းခရီးတွင် တစ်ညသော အိမ်ပြီးနောက် ဟူတန်းတောင်သို့ ရောက်လာကြလေတော့၏။ သူတို့သည် ဟူတန်းတောင်ပေါ် အဆောင်ကြီး၏ အပြင်ဘက်တွင် မြင်းရှစ်ကောင် ရပ်လျက်ရှိသည်ကို တွေ့ရပြီး ထိုမြင်းများမှာ သူတို့ ဟူတန်းဂိုဏ်းမှ မြင်းများမဟုတ်ကြောင်း တွေ့ရ၏။ ထိုကြောင့် ကျန်းဆုံကျီးက . . .

‘ငါတို့ ကျောင်းဝင်းထဲမှာ ဧည့်သည်တွေ ရောက်နေပြီ၊ ငါတို့နောက်ဘက် တံခါးပေါက်ကပဲ ဝင်ကြစို့ . . .’ဟု ဆိုလေ၏။

သို့ဖြင့် ကျန်းချွေးဆန်းက ချင်တူးတူးကိုတွဲ၍ နံဘေးတံခါးပေါက်ဝမှ ဝင်လိုက်ကြလေသည်။ ထိုအခါ ကျောင်းဝင်းအတွင်းရှိ လူအားလုံးက ကျန်းချွေးဆန်းတစ်ယောက် သေးမသိရန်မခ ပြန်ရောက်လာသည်ကို တွေ့ရသော် လွန်စွာ ဝမ်းသာပျော်မြူးသွားကြလေ၏။ ကျန်းချွေးဆန်းမှာမူ သူ့ဆရာ



ကျန်းဆန်[illegible]န်းကိုသာ အလွန် တွေ့ချင်နေ၏။ သို့သော် ကျန်းဆန်းဖုန်းမှာ သူ့အခန်းထဲတွင် ဈာန်ဝင်နေသဖြင့် ကျန်းချွေးဆန်းသည် သူ့ဆရာ၏ အခန်းတံခါး အပြင်ဘက်မှပင် ဦးချကန်တော့လိုက်ရလေ၏။ ပြီးလျှင် ကျန်းချွေးဆန်းသည် ရိတိုက်ရှင်၏ အခန်းဘက်သို့ ကူးသွားကြည့်လိုက်၏။ ထိုအချိန်တွင် ရိတိုက်ရှင်မှာ အိပ်စက်နေ၏။ ရိတိုက်ရှင်၏ မျက်နှာမှာ ဖြူရော် ပိန်ချုံ့နေသည်ကို တွေ့ရပြီး ဟိုတုန်း ဟိုစဉ်အခါက ကျားတစ်ကောင်အလား သန်မာခဲ့သော လူတစ်ယောက်မှာ ယခုမူ မလှုပ်နိုင် မရှားနိုင်သော အဖြစ်ဆိုးသို့ ရောက်နေရသည်ကို တွေ့ရသော်အခါ ကျန်းချွေးဆန်းသည် လွန်စွာ စိတ်ထိခိုက်သွားရပြီး မျက်ရည်ကျမိလေ၏။ ထို့နောက် ကျန်းချွေးဆန်းသည် မျက်ရည်သုတ်ရင်း အခန်းထဲမှ ထွက်လာပြီးလျှင် အခန်းစောင့်လေးအား . . .

“အစ်ကိုကြီးနဲ့ ညီထွေးလေးကော”ဟု မေးလေ၏။

အခန်းစောင့်လေးက . . .

“ခန်းမဆောင်ထဲမှာ ဧည့်သည်တွေကို ဧည့်ခံနေပါတယ်”ဟု ဖြေသည်။

ကျန်းချွေးဆန်းသည် သူ့အစ်ကိုကြီးနဲ့ ညီထွေးလေးကို တွေ့ချင်သဖြင့် အနောက်ဘက် အခန်းတွင် သူတို့ပြန်လာနိုးဖြင့် စောင့်နေလေ၏။ သို့သော် အတန်ကြာအောင် စောင့်သည့်တိုင် ပြန်မလာသောအခါ အခန်းစောင့်အား မေးလေ၏။

“ဧည့်သည်တွေက ဘယ်ကလဲ”

www.burmeseclassic.com

www.burmeseclassic.com



"အာမခံဌာနက လူတွေလေ"

ထိုအချိန်တွင် ကျန်းချွေးဆန်းနှင့်အတူ ချင်လီရှန်လည်း ရှိနေရာ ကျန်းချွေးဆန်းက ပို၍သေချာအောင် ချင်လီရှန်အား မေးလိုက်ပြန်၏။ ချင်လီရှန်က...

"ဟုတ်တယ်အစ်ကို၊ သူတို့က အာမခံဌာနက သိုင်းဆရာကြီး သုံးယောက်ပါပဲ၊ ကျင်းလုနယ်က ဟူဖန်အာမခံဌာနရဲ့ သိုင်းဆရာကြီး ထင်းပျောင်း၊ တိုက်ရှင်နယ်က ဟူရန် အာမခံဌာနက သိုင်းဆရာကြီး ရှင်ကော့၊ နောက်တစ်ယောက်ကတော့ နေပြည်တော်က ရက်ရှင် အာမခံဌာနရဲ့ သိုင်းဆရာကြီး ကုံးကျို့တို့ပါပဲ အစ်ကို"

ကျန်းချွေးဆန်း တစ်ချက်တုန်လှုပ်သွား၏။ အကြောင်းမှာ ၎င်းအာမခံဌာန သုံးခုစလုံးမှာ နာမည်ကြီး အာမခံဌာနများပင် မဟုတ်ပါလား။

"သူတို့ သုံးယောက်က ဘာလုပ်ကြတာလဲ ညီလေး"

ချင်လီရှန်က ရယ်မောလျက်...

"ကျွန်တော့် သူတို့ရဲ့ ရတနာပစ္စည်း ပျောက်သွားပြီး လုသွားတဲ့ လူကလဲပေါ်သေးသေး မဟုတ်လို့ သူတို့က မယှဉ်နိုင်တာနဲ့ အစ်ကိုကြီးကို လာပြီး အကူအညီတောင်းတာ ဖြစ်မှာပေါ့အစ်ကို၊ အစ်ကိုက မသိဘူး၊ အခုနှစ်တွေမှာ အစ်ကိုကြီးက ဖြန်ဖြေရေး သမားကြီး ဖြစ်နေတယ်ဗျ၊ သိုင်းလောကမှာ ဖြေရှင်းရခက်တဲ့ ကိစ္စကြီးတွေ ပေါ်လာရင် အစ်ကိုကြီးကသာ သွားဖြေရှင်းပေး နေရတယ်"



ချင်လီရှန်၏ စကားကိုကြားသော် ကျန်းချွေးဆန်းသည် သူ့အစ်ကိုကြီးအား လွန်စွာ တွေ့ချင်လာ၏။ ထို့ကြောင့် သူက...

"ညီလေး၊ အစ်ကို ကန့်လန့်ကာနောက်ကနေပြီး အစ်ကို ကြီးနဲ့ ညီထွေးလေးကို သွားကြည့်လိုက်ဦးမယ်နော်"

သူသည် ထိုသို့ပြောပြီး ကန့်လန့်ကာနောက်သို့ လျှောက် သွား၏။ ထို့နောက် ကန့်လန့်ကာအား မသိမသာ ဖွင့်ကြည့် လိုက်သည်။ ထိုအခါ သူ့အစ်ကိုကြီး ချိုရှင်ချောင်းနှင့် ညီထွေးလေး မော်ကုဆန်းအား ကုလားထိုင်တွင်ထိုင်၍ ဧည့်သည်များနှင့် စကားပြောနေကြသည်ကို တွေ့ရလေတော့၏။ အစ်ကိုကြီး ချိုရှင်ချောင်းမှာ ကိုယ်ခန္ဓာ ဝဖိုင့်လာပြီး ဆံပင်လည်း အဖြူတချို့ ပေါက်ရောက်နေသည်ကို တွေ့ရ၏။ မော်ကုဆန်းမှာမူ အသက် နှစ်ဆယ်ကျော်ခန့် ရှိနေပေပြီ။

သို့သော် မော်ကုဆန်း မျက်နှာမှာ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေး ထူးလပျစ် ဖြစ်နေပြီး ရုတ်တရက် ကြည့်လိုက်လျှင် မိမိထက်ပင် ပို၍ ရင့်ရော်နေသည်မှာ ထင်လိုက်ရ၏။ ထိုစဉ် မော်ကုဆန်း၏ စကားသံကိုပါ ကြားလိုက်ရလေ၏။

"ကျုပ်အစ်ကိုကြီးက တစ်ဆို တစ်ပဲ၊ ကျုပ်အစ်ကိုကြီးရဲ့ စကားကိုတောင် ခင်ဗျားတို့က မယုံဘူးလား"

"ညီထွေးလေးက အသက်သာ ကြီးလာပေမယ့် စိတ်ဓာတ် ကတော့ အလျင်က အတိုင်းပါပဲလား၊ သူက ဘာအတွက် ဧည့်သည်တွေနဲ့ စကားများနေရပါလိမ့်"ဟု စဉ်းစားနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ညှို့သည်များအား ကြည့်လိုက်သောအခါတွင်မူ ညှို့သည် သုံးဦးစလုံးသည် အသက် ငါးဆယ်ကျော် အရွယ်တွေချည်း ဖြစ်နေပြီး တစ်ယောက်က ခန္ဓာကိုယ် တောင့်တောင့်၊ တစ်ယောက်မှာ ပိန်ပိန်ပါးပါး၊ နောက်ဆုံး တစ်ယောက်မှာမူ ရောဂါသည် တစ်ဦးလို ဖြစ်နေသည်ကို တွေ့လိုက်ရပါ၏။

ထိုညှို့သည် သုံးယောက် နောက်တွင်တော့မူ လူငါးယောက် ရပ်လျက်ရှိရာ ညှို့သည်များ၏ တပည့်တပန်းများပင် ဖြစ်နေလေ၏။ ထိုအခိုက် ပိန်ပိန်ပါးပါး ညှို့သည်က...

"ချီရှင်ချောင်းက ဒီလိုပြောမှတော့ ကျုပ်တို့က မယုံစရာ မရှိတော့ပါဘူး၊ ဒါပေမယ့် ကျန်းချွေးဆန်း ဘယ်အချိန်မှာ ပြန်ရောက်လာမလဲမသိဘူး၊ တိကျတဲ့ နေ့ရက်ကို ပြောပြပါလား"

ကျန်းချွေးဆန်း ရင်တစ်ကျက် တုန်သွားပြီး စိတ်ထဲမှ...

"လက်စသတ်တော့ ဒီ သိုင်းဆရာကြီး သုံးယောက်က ငါ့အတွက်နဲ့ လိုက်လာတာကိုး၊ ကေန္တ ငါ့ အစ်ကိုကြီး ရှက်စွန်းရဲ့ နေရာကို မေးတာပဲ ဖြစ်ရမယ်"ဟု တွေးလိုက်မိစဉ် မော်ကုဆန်း၏ အသံကို ကြားရပြန်၏။

"ကျုပ်တို့ ဂိုဏ်းတူညီအစ်ကို ခုနစ်ယောက်ဟာ သိုင်းလောကမှာ နာမည် သိပ်ကြီးတဲ့လူတွေ မဟုတ်ပေမယ့် ကျုပ်တို့ကို ဟူတန်းခုနစ်ဖော် အနေနဲ့ အသိအမှတ် ပြုကြပါတယ်၊ ဒါကြောင့် ကျုပ်တို့က ဘယ်ကိစ္စမဆို အမှားအယွင်း မရှိအောင် ကြိုးစားပါတယ်၊ အခု ကျုပ်တို့အစ်ကို ကျန်းချွေးဆန်းက ကျုပ်တို့ညီအစ်ကိုထဲမှာ သိုင်းပညာလဲ တော်တယ်၊ စာပေလဲ တော်တယ်၊



လူလဲ ယဉ်ကျေးသိမ်မွေ့တယ်၊ ကျုပ်တို့ ညီအစ်ကိုထဲမှာ သူက သဘောအကောင်းဆုံးပဲ၊ ခင်ဗျားတို့က အခု သူ့ကို ရွှေငါးအာမခံဌာနက လူတွေအားလုံးကို သတ်တယ်လို့ ဆိုတာက လုံးဝ အဓိပ္ပာယ် မရှိပါဘူး"

ကျန်းချွေးဆန်း ရင်တစ်ခုလုံး အေးစက်သွား၏။ ပြီး...

"အင်း...လက်စသတ်တော့ ရွှေငါးအာမခံဌာနရဲ့ ကိစ္စနဲ့ လိုက်လာကြတာကိုး"ဟု တွေးမိ၏။

ထိုစဉ် ခန္ဓာကိုယ်တောင့်တောင့် လူကြီးက....

"ဟူတန်းခုနစ်ဖော်ရဲ့ ဂုဏ်သတင်းကို သိုင်းလောကလူတွေ အားလုံး ကြားသိနေရပါတယ်၊ အထူးပြောစရာ မလိုပါဘူး"

မော်ကုဆန်းက ထိုလူကြီး၏ လေသံတွင် မိမိတို့အား ခနဲ့လိုက်သံ ရောနေသည်ကို ကြားရသဖြင့် မျက်နှာတစ်ချက် ပျက်သွားပြီးလျှင်...

"ကဲ...ခင်ဗျားတို့ရဲ့ သဘောက ဘယ်လိုလဲ၊ ဘွင်းဘွင်းပဲ ပြောကြဗျာ"ဟု မာဆတ်ဆတ် ပြောလိုက်၏။

ထိုအခါ သိုင်းဆရာကြီး ထင်းပျောင်းက...

"ဟူတန်း ခုနစ်ဖော်က မုသားစကား မပြောဘူးဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ရှောင်လင်ဂိုဏ်းက လူတွေကကော မုသားစကား ပြောမှာလား၊ ရှောင်လင်ဘုန်းကြီးကိုယ်တိုင် သူတို့ မျက်စိနဲ့ တပ်အပ်တွေ့တာပဲ၊ ရွှေငါး အာမခံဌာနက လူတွေအားလုံးက ကျန်းချွေးဆန်း လက်ချက်နဲ့ သေရတယ်"

ချင်လီရှန်လည်း ထိုသူများက သူ့အစ်ကို ကျန်းချွေးဆန်းအား

www.burmeseclassic.com

www.burmeseclassic.com



ပုတ်ခတ် ပြောဆိုသံနေကြသည်ကို ကြားရသည်နှင့် လွှမ်းစွာ ဒေါသထွက်ပြီး ကန့်လန့်ကာ နောက်ကွယ်မှ ထွက်၍ပြောရန် ဟန်ပြင်လိုက်ရာ ကျန်းချွေးဆန်းက သူ့အား ဆွဲထားလိုက်ရလေသည်။ ထိုအခါ ချင်လိုရှုန်သည် ကျန်းချွေးဆန်း၏ မျက်နှာပေါ်တွင် နာကြည်းဆွေးမြေ့သော အမူအရာ ပေါ်နေသည်ကို မြင်ရပြန်သော် နားမလည်နိုင်အောင် ဖြစ်ရပြန်၏။

ထိုအချိန်တွင် မော်ကုဆန်းက မတ်တတ်ရပ်၍ ကျယ်လောင်သော အသံဖြင့်...

"ကျုပ်ရဲ့ အစ်ကို ကျန်းချွေးဆန်း အခု တောင်ပေါ်ကို ပြန်မရောက်လာသေးဘူး၊ ပြန်ရောက်လို့ ရှိရင်လဲ ကျုပ်က ဒီစကားကို ထပ်ပြောမှာပဲ၊ ကျုပ်နဲ့ ကျန်းချွေးဆန်းက သေအတူရှင်အတူဗျ၊ သူ့ရဲ့ကိစ္စက ကျုပ်ရဲ့ ကိစ္စပဲ၊ ခင်ဗျားတို့ သုံးယောက်က ကျုပ်အစ်ကို ကျန်းချွေးဆန်းကို ပြဿနာရှာချင်ရင် အားလုံး ကျုပ်နဲ့ လာရှင်းပါ၊ ခင်ဗျားတို့က ဒီကိစ္စမှာ ကျန်းချွေးဆန်း လုပ်တာလို့ အတင်းစွပ်စွဲနေရင်၊ ကောင်းပြီ၊ ဒီကိစ္စ ကျုပ် ဟောဒီ မော်ကုဆန်း လုပ်တာလို့ပဲမှတ်ပါ၊ အခု ခင်ဗျားတို့က မကျေနပ်ရင် ကျုပ် မော်ကုဆန်းနဲ့ လာတွေ့ပါ၊ ဒါပဲ"

သိုင်းဆရာကြီး ထင်းပျောင်းလည်း ဒေါသထွက်လာပြီဖြစ်၏။ သူလည်း မတ်တတ် ထရပ်၍...

"ဒီမှာ...ကျုပ်တို့က ခင်ဗျားတို့ ဟူတန်းဂိုဏ်းလောက် သိုင်းပညာ မတော်ပါဘူး၊ ဒါပေမယ့် တိုးတားကျောင်းရဲ့ မိသားစု



အာမခံဌာန တစ်ခုလုံး အသတ်ခံရတာကိုတော့ ဒီအတိုင်း ကြည့်မနေနိုင်ဘူး"ဟု ပြောပြီးလျှင် ခန်းမအလယ်သို့ တစ်လှမ်းချင်း လျှောက်ထွက်သွားလေ၏။

ချိုရှင်ချေင်းသည် တစ်ချိန်လုံး ငြိမ်သက်နေရာမှ ယခု မော်ကုဆန်းနှင့် ထင်းပျောင်းတို့ တိုက်ခိုက်ကြတော့မည်ကို တွေ့သော် မော်ကုဆန်းအား ဆွဲထားလိုက်ပြီး ပြုံးရွှင်သော အမူအရာဖြင့်...

"ခင်ဗျားတို့ သုံးယောက်က ရွှေငါးအာမခံဌာနရဲ့ အသတ်ခံရတဲ့ ကိစ္စမှာ ကျုပ်ညီလေး လက်ချက်လို့ တစ်ချိန်လုံး စွပ်စွဲနေတယ်၊ ဒါပေမယ့် ကျုပ်ညီလေးက ပြန်မရောက်သေးတော့ အတော်ခက်နေပါတယ်၊ ဒီတော့ကော ခင်ဗျားတို့က ကျုပ်ညီလေး ပြန်ရောက်လာတော့မှပဲ ဒီကိစ္စကို ထပ်ပြီး လာရှင်းကြပါလား"ဟု ဝင်ပြောလေ၏။

ထိုစဉ် လူနာပုံပေါက်နေသော သိုင်းဆရာကြီး ကုံးကျို့က...

"ဒီလိုဆိုရင် ကျုပ်တို့ ဆရာကြီး ကျန်းဆန်းဖုန်းနဲ့ တွေ့ချင်ပါတယ်၊ ဆရာကြီး ကျန်းဆန်းဖုန်းရဲ့ အဆုံးအဖြတ်ကိုသာ ကျုပ်တို့ ခံယူမယ်"

မော်ကုဆန်းက...

"ကျုပ်ဆရာကြီးက ဈာန်ဝင်နေတယ်၊ အပြင်ကို လုံးဝ မထွက်နိုင်သေးဘူး၊ နောက်ပြီး ကျုပ်တို့ ဟူတန်းဂိုဏ်းရဲ့ ကိစ္စမှန်သမျှကို ကျုပ်ရဲ့ အစ်ကိုကြီးကပဲ အားလုံး တာဝန်ယူ ဆောင်ရွက်နေပါတယ်၊ တကယ်လို့ သိုင်းလောကမှာ လူမိုးလျှမ်း

www.burmeseclassic.com

www.burmeseclassic.com



တောက် နှာမည်ကြီးပြီး ဝါကြီးတဲ့ ပုဂ္ဂိုလ်တွေကျတော့မှပဲ ဆရာကြီးက ထွက်တွေ့မှာ ဖြစ်တယ်”

မော်ကုဆန်း၏ စကားအဓိပ္ပာယ်မှာ ရှင်းလှ၏။ ယခု ဤသိုင်းဆရာ သုံးယောက်အနေဖြင့် သူတို့ ဆရာကြီး ကျန်းဆန်းဖုန်းနှင့် တွေ့ရန် မတန်သေးကြောင်း ဆိုလိုခြင်းပင် ဖြစ်ပါ၏။

လူနှာရှုပ်ပေါက်နေသော ကုံးကျို့က ခနဲ့ပြုံးပြုံးလျက်...

“တကယ့်ကို ကြုံကြိုက်ခဲပါဘိခြင်းဗျာ၊ ဘယ့်နဲ့ ကျုပ်တို့ ရောက်လာတာနဲ့ပဲ ဆရာကြီး ကျန်းဆန်းဖုန်းက ဈာန်ဝင်နေသတဲ့၊ ဟဲ...ဟဲ...ဆရာကြီး ကျန်းဆန်းဖုန်း ရှောင်ပုန်းနေတာတော့ မဟုတ်ပါဘူးနော်”

ချို့ရှင်ချောင်းသည် လွန်စွာ စိတ်ထိန်းနိုင်သူ ဖြစ်သော်လည်း ထိုစကားကိုကြားသော် ကိုယ့်ကိုယ်ကို မထိန်းနိုင်ဖြစ်ကာ အေးစက်ဖြည်းညင်းစွာ ဆိုပြီဖြစ်ပါ၏။

“ခင်ဗျားတို့ သုံးယောက်က ခရီးဝေးကလာတဲ့ ဧည့်သည် ဆိုတော့ ကျုပ်တို့ ဘာမှ ဆက်မပြောချင်တော့ဘူး၊ ကိုင်း... ခင်ဗျားတို့ ပြန်နိုင်ပါပြီ”

သူက စကားအဆုံးတွင် အင်္ကျီလက်ရှည်စ နှစ်ဘက်ကို တစ်ချက်ဖွေ့ယမ်းလိုက်ရာ ထိုသိုင်းဆရာ သုံးယောက်ရှေ့မှ လက်ဖက်ရည်ကြမ်း ပန်းကန်လုံးများသည် လေလှိုင်းနှင့်အတူ လိပ်တက်သွားပြီး သူ့စားပွဲရှေ့သို့ ဖြေးညင်းစွာ ကျရောက်လာလေ၏။ ထိုသို့ ကျရောက်စဉ် အသံတိုးတိုးသာ တစ်ချက်



ကြားလိုက်ရပြီး ပန်းကန်လုံးများထဲမှ လက်ဖက်ရည်များမှာလည်း လုံးဝ မဖိတ်မစဉ်ဘဲ ပကတိအတိုင်းပင် ရှိနေလေ၏။ သူ၏ မြင့်မားနက်နဲလှသော အတွင်းအား သိုင်းပညာကို မြင်သော် သိုင်းဆရာ သုံးယောက်သည် မျက်နှာ အပျက်ကြီး ပျက်သွားကြလေ၏။ထို့နောက် စကား တစ်ခွန်းတလေမျှပင် မပြောဝံ့တော့ဘဲ ခန်းမဆောင်ထဲမှ ထွက်ခွာသွားကြလေတော့သည်။

ထိုသိုင်းဆရာသုံးယောက်နှင့်တကွ တပည့်တပန်းများပါ ထွက်ခွာသွားသောအခါကျမှပင် ကျန်းချွေးဆန်းသည် ရုတ်တရက် အခန်းထဲသို့ ပြေးဝင်သွားပြီး သူ့အစ်ကိုကြီး ချို့ရှင်ချောင်းအား အရိုအသေပေးရင်း...

“အစ်ကိုကြီး၊ ညီလေး ပြန်လာပြီ”ဟု ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။

ချို့ရှင်ချောင်းလည်း မမျှော်လင့်ဘဲ ကျန်းချွေးဆန်းကို မြင်လိုက်ရသော ဤမြွှင် မဆည်နိုင်တော့ဘဲ ပွေ့ဖက် နှုတ်ဆက်နေလေတော့၏။

ကျန်းချွေးဆန်းလည်း သူ့ညီထွေး မော်ကုဆန်းနှင့်လည်း ဆက်လက် ပွေ့ဖက် နှုတ်ဆက်လေ၏။ မော်ကုဆန်းသည် ဝမ်းသာလွန်းသဖြင့်အသံများပင် တုန်နေရှာသည်။ သူက...

“အစ်ကို...စောစောက အာမခံဌာနရဲ့ ခေါင်းဆောင် သုံးယောက်က အစ်ကို့ကို ရွှေငါး အာမခံဌာနက လူတွေကို သတ်တယ်လို့ အတင်းစွပ်စွဲနေတယ်ဗျ”ဟု ဆိုလေ၏။

ကျန်းချွေးဆန်း၏ မြူးရွှင်နေသော မျက်နှာမှာ ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ညှိုးရော်သွားပြီး ကြေကွဲသော သက်ပြင်းကိုချရင်း…

"ဒီဓာတ်လမ်းထဲမှာ အရှုပ်အထွေးတွေ အများကြီး ရှိပါသေးတယ် ညီလေး၊ တော်ကြာ အစ်ကိုရီတိုက်ရှင် အိပ်ရာက နိုးလာတော့မှ အားလုံးရှင်းကြပေါ့၊ အင်း…ကျုပ်တို့အားလုံး အကြံထုတ်ကြသေးတာပေါ့လေ"

ချင်လီရှန်က ကျန်းချွေးဆန်း၏ အမူအရာကို ကြည့်ရင်း…

"အစ်ကို ဘာမှ မဟုတ်မပူနဲ့၊ သူတို့ ရွှေငါး အာမခံဌာနက လူတွေ အသုံးမကျလို့ အစ်ကိုရီတိုက်ရှင် အခုလို တစ်သက်လုံး ဒုက္ခိတအဖြစ်မျိုး ရောက်ရတာဗျ၊ အစ်ကို တကယ်လို့ သူတို့စွပ်စွဲတဲ့အတိုင်း အာမခံဌာနက လူတွေကို သတ်မိရင်လဲ အကြောင်းမဟုတ်ပါဘူး"

ရီလင်တဲန်းက ရုတ်တရက် ကြားဝင်၍…

"ဟိတ်…ညီလေး ချင်လီရှန်၊ မင်း ဘာတွေ လျှောက်ပြော နေတာလဲ၊ ဒီစကားကို ဆရာ ကြားသွားရင် မင်းကို အမှောင်ခန်းထဲမှာ သုံးလ ပိတ်ပစ်မှာ သေချာကယ်၊ ဒီလို တစ်ဆွေလုံး တစ်မျိုးလုံး သတ်တဲ့အလုပ်က ငါတို့ သိုင်းသမား ကောင်းတွေ လုပ်တဲ့ အလုပ်လားကွ ဟေ"

ရီလင်တန်းက ချင်လီရှန်အား ငေါက်နေချိန်တွင် ကျန်ငါးယောက်က ကျန်းချွေးဆန်းကိုသာ စိုက်ကြည့်နေကြ လေ၏။ ကျန်းချွေးဆန်း၏ မျက်နှာတွင် ပြင်းထန်သော ဝေဒနာကို ခံစားနေရဘိအလား ဖြစ်ပေါ်နေမိပါ၏။ အတန်ကြာမှ ပင် သူက…



"ရွှေငါး အာမခံဌာနက လူတွေအားလုံးကို ကျွန်တော် တစ်ယောက်မှ မသတ်ခဲ့ပါဘူး၊ ကျွန်တော်ဟာ ဆရာ့ရဲ့ ဆုံးမ ဩဝါဒစကားကို ဘယ်တော့မှ မမေ့ပါဘူး"

ငါးယောက်စလုံးက ထိုစကားကိုကြားသော် လွန်စွာ ဝမ်းသာသွားကြ၏။ သူတို့သည် ထိုအခါမှပင် ဖူးခနဲ သက်ရပင်း မှုတ်ထုတ်နိုင်ကြတော့၏။

ထို့နောက် သူတို့အားလုံးသည် ကျန်းချွေးဆန်း၏ ဆယ်နှစ် ကာလ အတွေ့အကြုံများကို မေးမြန်းကြလေ၏။ ကျန်းချွေးဆန်း လည်း သူ ဆယ်နှစ်တာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက် အားလုံးကို တစ်လုံးမကျန် ရှင်းပြလေတော့၏။ ရီလင်တန်း တစ်ယောက်ကလွဲလျှင် ကျန်သူအားလုံးသည် ကျန်းချွေးဆန်း၏ အတွေ့အကြုံ ရှင်းပြချက်များကို စိတ်ဝင်စားစွာ နားထောင်ကြ လေ၏။

◻

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

www.burmeseclassic.com

www.burmeseclassic.com

## ဟူတန်းတောင်ထိပ်ယေါဇယ်

ကျန်းချွေးဆန်းသည် ထိုသို့ ဆယ်နှစ်တာကာလ အတွေ့အကြုံများကို "သူ့ဂိုဏ်းတူ ညီအစ်ကိုများအား ရှင်းပြရင်း နောက်ဆုံးတွင် မဖုံးမကွယ်နိုင်ဖြစ်ကာ သူ့ဇနီး ချင်တူးတူးက ဘယ်ပုံဘယ်နည်း မိမိ၏ ရုပ်သွင်နှင့်မခြား ဝတ်စားပြီး အာမခံဌာနမှ လူများအား သတ်ခဲ့သည့် အကြောင်းကိုပါ ဖွင့်ဟပြောပြလိုက်မိလေတော့၏။ ထို့နောက် သူသည် ကျန်းဆုံကျိုးအား...

"အစ်ကို...အဲဒီ ကိစ္စကို ဘယ်လို ရှင်းရမှာလဲဟင်၊ ကျွန်တော့်ကို အကြံ ပေးစမ်းပါဦး"ဟု ဆိုရှာ၏။

ကျန်းဆုံကျိုးတို့ အားလုံးမှာ ပါးစပ်ပိတ် ငေးကြောင်သွားကြ၏။ အတန်ကြာမှပင် ကျန်းဆုံကျိုးက

"ဒီကိစ္စကိုတော့ ဆရာ့ကို တင်ပြရမှာပဲ ညီလေး၊ ဒါပေမယ့် ငါ့ အထင်တော့ ညီမလေး ချင်တူးတူးက အခု အမှားသိသွားလို့

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို ရောက်လာတဲ့လူ၊ ဒီတော့ သူ့ကို ခွင့်လွှတ်ဖို့သင့်တယ်၊ အစ်ကိုကြီး ကျွန်တော်ပြောတာ မှန်သလား"

ချို့ရွှင်ချောင်း ဘာပြောရမှန်း မသိအောင် ဖြစ်သွား၏။ အကြောင်းမူ ဤကိစ္စမှာ လူပေါင်းများစွာ၏ အသက်နှင့် ပတ်သက်နေသည်ဖြစ်ရာ သူ ဖြေရှင်းရခက် ဖြစ်နေလေသည်။ ရီလင်တန်းကမူ ခေါင်းညိတ်၍...

"ဟုတ်တယ်"ဟု ပြတ်သားစွာ ထောက်ခံလိုက်၏။

ချင်လိရှန်သည် သူ့အစ်ကို နံပါတ်နှစ်ကို အကြောက်ဆုံး ဖြစ်၏။ အစ်ကိုကြီးက လွန်စွာ သဘောကောင်းသူဖြစ်၍ စကားပြောရ လွယ်လှ၏။ အစ်ကို နံပါတ်နှစ်မှာမူ လွန်စွာ တိကျ ပြတ်သားသူဖြစ်၏။ ထို့ကြောင့် သူ့အစ်ကိုနှစ်က ကျန်းချွေးဆန်း၏ဖနီး ချင်တူးတူးအား ခွင့်မလွှတ်နိုင်မည်ကို လွန်စွာ စိုးရိမ်နေလေသည်။ သူ ရင်တမမနှင့် ဖြစ်နေခိုက် အစ်ကိုနှစ် ရီလင်တန်းက ခေါင်းညိတ် ထောက်ခံသည်ကိုမြင်သော် လွန်စွာ ဝမ်းသာသွားပြီးလျှင်...

"ဟုတ်တယ်၊ သူများ မေးလာရင် အစ်ကိုကျန်းချွေးဆန်းက ဒီလူတွေကို အစ်ကို မသတ်ဘူးဘာလို့ပဲ ပြောပေါ့၊ အစ်ကိုက လိမ်တာ ညာတာမှ မဟုတ်တာ၊ တကယ်လဲ သတ်တာမှ မဟုတ်တာနော်"

ချို့ရွှင်ချောင်းက ချင်လိရှန်အား ဖျတ်ခနဲ စိုက်ကြည့်ပြီး...

"ဒီလိုပဲတစ်ချိန်လုံး ဖုံးကွယ်နေလို့ ဖြစ်မှာလား"ဟု ပြန်မေးလိုက်၏။ ချင်လိရှန်က...



"ဒီလိုဆိုရင် ဘယ်လိုလုပ်ရင် ကောင်းမလဲ အစ်ကိုကြီး"ဟု ပြန်မေးလိုက်၏။ ချို့ရွှင်ချောင်းက...

"ငါ့ သဘောကတော့ ဆရာ့ရဲ့ မွေးနေ့ပြီးသွားလို့ရှိရင် ငါတို့က ညီလေး ကျန်းချွေးဆန်းရဲ့ ကလေးကို အရင် သွားရှာကြမယ်၊ နောက် သုံးလပြည့်တဲ့ နေ့ကျမှ ရှက်စွန်းရဲ့ ကိစ္စကို ဖြေရှင်းမယ်၊ နောက်ပြီး ငါတို့ဂိုဏ်းတူ ညီအစ်ကို ခြောက်ယောက်ရယ်၊ ညီမလေး ချင်တူးတူး ရယ် အားလုံးပေါင်း ခုနစ်ယောက်က သိုင်းလောကထဲကိုဆင်းပြီး တစ်ယောက်ကို ကောင်းမှု ဆယ်ခုစီ ပြုကြရမယ်"

ကျန်းဆုံးကျီးက သဘောကျလွန်း၍ လက်ခုပ်လက်ဝါး တီး၍...

"ဟာ...သိပ်ကောင်းတဲ့ အကြံပဲ၊ ရွှေငါး အာမခံဌာနက လူခုနစ်ဆယ်ကျော် သေဆုံးခဲ့ရတာကို ရည်စူးပြီး ကျုပ်တို့ အားလုံးက ကောင်းမှု ဆယ်ခုစီ ပြုလိုက်ရင် လူပေါင်း နှစ်ရာကျော်ရဲ့ အသက်ကို ကယ်လိုက်သလို ဖြစ်မှာပဲဗျ"

ရီလင်တန်းကလည်း...

"အစ်ကိုကြီးရဲ့ အကြံက သိပ်ကောင်းတာပဲ၊ ဆရာလဲ သဘောတူမှာ သေချာတယ်"ဟု ဝင်ပြောသည်။

ကျန်းချွေးဆန်းမှာ ဤကိစ္စအတွက် တစ်ချိန်လုံး စိတ်လက် မပျော်မရွှင် ဖြစ်နေရာမှ ယခု သူ့ဂိုဏ်းတူ ညီအစ်ကိုများက သိုက်သိုက်ဝန်းဝန်းဖြင့် သူ့အတွက် ဤသို့လိုက်လျောနေကြသည် ကို တွေ့ရသောအခါ လွန်စွာ စိတ်လှုပ်ရှားသွားလေ၏။ သူ့က

www.burmeseclassic.com



ဝမ်းသာစွာဖြင့်…

"ဒီလိုဆိုရင် ကျွန်တော် အခု ချင်တူးတူးကို သွားပြောပြလိုက်မယ်" ဟုဆိုပြီး ချက်ချင်းပင် အိပ်ခန်းဆီသို့ ပြန်သွားပြီး သူ့ဇနီးအား ပြောပြလိုက်လေ၏။ ချင်တူးတူးလည်း အလွန်စိတ်အားတက်သွားလေ၏။ ဟူတာန်းဂိုဏ်း ခြောက်ဖော်၏ အစွမ်းအစနှင့် သူ၏ သားလေး ကျန်းဟူကျင်းအား မုချ ရှာတွေ့မည်ဟု ယုံကြည်လေ၏။သို့ဖြင့် ချင်တူးတူးသည် စိတ်လက် ရွှင်လန်းလာသည်နှင့်အမျှ ရောဂါလည်း သိသိသာသာ သက်သာလာလေတော့သည်။

* * *

သုံးလေးရက်မျှ ကြာသောအခါတွင်မူ ကျန်းဆန်းဖုန်းသည် မနက်ဖြန်တွင် မိမိ၏မွေးနေ့ ကျရောက်တော့မည်မှန်း သိသဖြင့် ရှာန်ဝင်စားခြင်းမှ ပြန်လည် ရုပ်သိမ်းလိုက်လေတော့၏။

တပည့်တပန်းများက မိမိ၏ ဤ နှစ်တစ်ရာ မွေးနေ့ပွဲတွင် စည်စည်ကားကားကား ဆိုက်သိုက်မြိုက်မြိုက် ကျင်းပမည်ဖြစ်ကြောင်းလည်း သိထား၏။ သို့သော် တပည့် ရိုဟိုက်ရွှင်မှာ ဒုက္ခိတ ဖြစ်နေပြီး တပည့် ကျန်းချွေးဆန်းလည်း ပျောက်ချင်းမလှ ပျောက်နေပြန်ရာ သူ့အတွက် ပျော်ရွှင်သင့်သလောက် မပျော်ရွှင်နိုင်အောင် ဖြစ်နေပါ၏။ ထိုကြားထဲမှပင် မိမိသည် အသက်တစ်ရာ ပြည့်သည်အထိ နေနိုင်ခဲ့သည်ဖြစ်၍ ကံကောင်းလှသည်ဟု မှတ်ယူနေမိလေ၏။"

ဤတစ်ကြိမ် မိမိသည် ရက်ပေါင်း ကိုးဆယ်တိတိ အခန်းပိတ်၍ ရှာန်ဝင်စေခဲ့ခြင်းမှာ တဲကယ်တော့ တိုက်ကို

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာကို လေ့လာကျင့်သုံး နေခဲ့ခြင်းသာ ဖြစ်ပါ၏။ ယခုမူ ထို တိုက်ကျိုသိုင်းပညာကို ကောင်းစွာ ကျင့်ကြံအားထုတ်မိပြီဖြစ်ရာ မိမိ၏ ဟူတန်းဂိုဏ်းသည် သိုင်းလောကတွင် ယခင့် ယခင်ကထက် ပို၍ ထွန်းလင်းတောက်ပပေတော့မည် ဖြစ်သည်။ ထို့ကြောင့် ကျန်းဆန်းဖုန်းသည် ယနေ့ နံနက်လင်းသည်နှင့် ရက်ပေါင်း ကိုးဆယ်တိတိ အလုံပိတ်ထားသော အခန်းတံခါးကို ဖွင့်၍ ထွက်လာခဲ့လေ၏။ ကျန်းဆန်းဖုန်း အခန်းတံခါးဖွင့်၍ ထွက်လာသည်နှင့် ဦးစွာ သူ မြင်တွေ့လိုက်ရသော သူမှာ အခြားမဟုတ်၊ သူ ဆယ်နှစ်တိုင်တိုင် အစဉ်မပြတ် သတိရ တမ်းတနေခဲ့ပါသော ချစ်တပည့် ကျန်းချွေးဆန်းကိုပင် ဖြစ်ပါ၏။ ထိုအခါ ကျန်းဆန်းဖုန်းသည် သူ့မျက်စိကိုပင် သူမယုံသည့်အလား ကျန်းဆန်းချွေး ဟုတ်မှ ဟုတ်ပါလေ၏ ဟူသော သံသယစိတ်ဖြင့် မျက်လုံးများကို ပွတ်တိုက်ကြည့်မိသည်အထိ အံ့သြသွားပါ၏။

ယင်းအချိန်တွင်ပင် ကျန်းချွေးဆန်းသည် ရုတ်တရက် ကလေးငယ်တစ်ဦးပမာ သူ့ဆရာ၏ ရင်ခွင်ထဲသို့ ပြေးဝင်လာပြီး တရှိုက်မက်မက် ငိုကြွေးနေလေတော့၏။ နှုတ်မှလည်း "ဆရာ...ဆရာ" ဟူ၍ ရေငတ်သကဲ့သို့ တမ်းတမ်းတတပင် သူ့ဆရာအား တစာစာ ခေါ်နေရှာလေသည်။ မှန်သည်။ ကျန်းချွေးဆန်းသည် စိတ်လှုပ်ရှားလွန်းသဖြင့် ဆရာရင်း ကျန်းဆန်းဖုန်းကိုပင်လျှင် အရိုအသေပေး ဦးချရမည်မှန်းပင် မေ့နေလေ၏။ ချိုရွှင်ချောင်း အပါအဝင် ကျန်တပည့် ငါးယောက်



ကမူ ဆရာနှင့် မလှမ်းမကမ်းတွင် ဒူးထောက်၍ အရိုအသေပေးရင်း...

"ဆရာ ညီလေး ကျန်းချွေးဆန်း ပြန်လာပြီ"

"ဆရာ...အစ်ကို ကျန်းချွေးဆန်း ပြန်လာပြီ" ဟု ဟစ်ကြွေး အသိပေးလိုက်ကြလေ၏။

ကျန်းဆန်းဖုန်းလည်း လွန်စွာ ဝမ်းသာသွား၏။ အမှန်မူ ကျန်းဆန်းဖုန်းသည် အနှစ်တစ်ရာအထိ အသက်ရှင်လာခဲ့ပြီး အနှစ်ရှစ်ဆယ်တိုင်တိုင် တရားအားထုတ်ခဲ့သူဖြစ်၍ စိတ်အစဉ်မှာ ပကတိ တည်ငြိမ်ခိုင်မာလှ၏။

သို့သော် သူ့တပည့် ခုနစ်ဖော်စလုံးအပေါ်တွင် သားရင်းပမာ ချစ်ခင်နေပြီး ယခုတစ်ဖန် ထိုတပည့်များထဲမှ ပျောက်ချင်းမလှ ပျောက်နေခဲ့သော ကျန်းချွေးဆန်းတစ်ယောက် အမှတ်မထင် ပြန်ရောက်သည်ကို တွေ့ရသောအခါ သူ၏ တည်ငြိမ်လှသော စိတ်မှာ မလှုပ်ရှားဘဲ မနေနိုင်တော့ပေ။ ကျန်းဆန်းဖုန်း ဝမ်းသာလှ၏။ ပျော်ရွှင်လှ၏။ ကျေနပ်လှ၏။

ကျန်းဆန်းဖုန်း၏ တပည့်များသည်လည်း ဝမ်းသာအားရစွာ ဖြင့်ပင် ဆရာဖြစ်သူအား ကိုယ်လက်ဆေးကြောသုတ်သင် ပြုစုပေးကြ၏။ ပြီးလျှင် အဝတ်အစား အသစ် လဲလှယ်ပေးလိုက်ကြသည်။ ထိုအချိန်တွင် ကျန်းချွေးဆန်းသည် ဆရာဖြစ်သူ စိတ်လက်ရွှင်လန်းနေစဉ် စိတ်နှောက်ကျိုစေမည့် ကိစ္စများကို မပြောသေးဘဲ ရေခဲမီးတောင်ကျွန်း၏ ထူးခြားဆန်းပြားသော အဖြစ်အပျက်များကိုသာ ပြောပြလိုက်သည်။ ကျန်းဆန်းဖုန်းသည်

www.burmeseclassic.com



တပည့်ဖြစ်သူ အိမ်ထောင်ပြုသွားသည်ကို ကြားရသော် ပို၍ပင် ဝမ်းသာသွား၏။ ထို့ကြောင့်…

"မင်းရဲ့ ဇနီးကော၊ သူ့ကိုခေါ်ပြီး ငါ့ကို လာတွေ့လှည့်လေ"ဟု ဆိုလေ၏။ ကျန်းချွေးဆန်းကမူ ဒူးထောက်၍…

"ဆရာ…ကျွန်တော် အခုလို ဆရာ့ရဲ့ ခွင့်ပြုမိန့်မရဘဲ အိမ်ထောင်ပြုတဲ့အတွက် ဖျွန်တော့်ကို အပြစ်ပေးပါ"ဟု တောင်းဆိုနေ၏။

ကျန်းဆန်းဖုန်းက သူ၏ ဖြူဖွေးသော မုတ်ဆိတ်မွေးကို ပွတ်သပ်ရယ်မောလျက်…

"မင်းက တကယ်လို့ အခုလို ရေခဲမီးတောင်ကျွန်းက ပြန်မလာနိုင်သေးဘဲ နောက်တပ် အနှစ်လေးဆယ် နေနေရင်ကော မင်းက ငါ့ဆီမှာ ခွင့်တိုင်ပြီးမှ မိန်းမယူတော့မှာလား၊ အလကား ကလေးစကားတွေ၊ ကဲ…ထ၊ မင်းမှာ ဘာအပြစ်မှ မရှိဘူး၊ ကျန်းဆန်းဖုန်းမှာ ဒီလို အတွေးအခေါ် မပွင့်လင်းတဲ့ တပည့်မျိုး မရှိစေရဘူး"

သို့သော် ကျန်းချွေးဆန်းက ဆရာ့ထံမှောက်တွင် ဒူးထောက်လျက် ရှိနေဆဲပင်။ ကျန်းဆန်းချွေးက ဆက်၍…

"ဒါပေမယ့် သူက မျက်ခုံးဖြူဂိုဏ်းချုပ်ကြီးရဲ့ သမီးဖြစ်နေပါတယ် ဆရာ"

ကျန်းဆန်းဖုန်းက မုတ်ဆိတ်မွေးကိုကိုင်ရင်း ပြုံး၍…

"ဒါလဲ ဘာဖြစ်လို့လဲ၊ မင်းရဲ့ ဇနီးက အကျင့်စာရိတ္တ ကောင်းရင် ပြီးတာပဲကွ၊ သူက အကျင့်စာရိတ္တ မကောင်းလဲ



ငါတို့ရဲ့ ဟူတန်းတောင်ကို ရောက်ရင် ငါတို့က သူ့ကို ကောင်းအောင် ပြုပြင်ရမှာပဲ၊ မျက်ခုံးဖြူဂိုဏ်းလဲ ဘာဖြစ်လို့လဲ ကျန်းချွေးဆန်း၊ လူဆိုတာ အမြင်ကျယ်ရမယ်၊ ဘယ်တော့မှ ငါတို့ဂိုဏ်းသာ အလွန်သီလကောင်းတဲ့ဂိုဏ်း၊ နာမည်ကြီးဂိုဏ်း ဆိုပြီး ဂိုဏ်းဂဏစိတ်နဲ့ သူများကို အထင်မသေးရဘူး၊ လောကမှာ အကောင်းနဲ့ အဆိုးဆိုတာ အင်မတန် ခွဲခြားရခက်တယ်၊ အကျင့်သီလ ကောင်းတဲ့ဂိုဏ်းက ဂိုဏ်းသားတစ်ယောက် အကျင့်စာရိတ္တ ဖောက်ပြန်လာရင် ဒီကောင် လူဆိုးပဲ၊ လူဆိုးဂိုဏ်းထဲက စိတ်ထားဖြူစင်တဲ့လူ ဆိုရင်လဲ လူကောင်းပဲ ပေါ့ကွ"

ကျန်းချွေးဆန်းသည် သူ့ဆရာ၏ စကားကြားသော် လွန်စွာဝမ်းသာသွား၏။ သူ့ရင်ထဲတွင် ဆယ်နှစ်တိုင်တိုင် ပ်တွေးစွာ ကိန်းဝပ်နေခဲ့သော ပြဿနာကြီးမှာ ယခု သူ့ဆရာ ကျန်းဆန်းဖုန်း၏ စကားကြောင့် လုံးဝ ရှင်းလင်းသွားခဲ့လေ၏။ ထိုအခါကျမှပင် ကျန်းချွေးဆန်းလည်း ပြုံးပြုံးရွှင်ရွှင် ဖြစ်လာကာ ဒူးထောက်နေရာမှ မတ်တတ်ရပ်မိတော့၏။ ကျန်းဆန်းဖုန်းက ဆက်၍…

"မင်းရဲ့ ယောက္ခမ မျက်ခုံးဖြူဂိုဏ်းချုပ်ကြီးကို ငါက အတော်လေးကို အထင်ကြီး လေးစားပါတယ်၊ သူ့ရဲ့ သိုင်းပညာကိုရော၊ ဉာဏ်ပညာတို့ရောပေါ့ကွာ၊ သူ့ရဲ့ စိတ်ဓာတ်က နည်းနည်းထူးဆန်းလို့ သူ့ရဲ့ လုပ်ဆောင်ချက်တွေ မျိုးချည်း ဖြစ်ရတာပေါ့၊ ဒါပေမယ့် သူက အောင်တန်း

www.burmeseclassic.com



ကျတဲ့လူ မဟုတ်ပါဘူး၊ ငါတို့က ဒီလူနဲ့ ကောင်းကောင်း မိတ်ဆွေလုပ်သင့်ပါတယ်"

နံဘေးတွင် နားထောင်နေသော ချို့ရှင်ကျောင်းတို့၏ စိတ်ထဲတွင်မူ...

"ဆရာကတော့ ညီလေး ကျန်းချွေးဆန်းကို တကယ့်ကို သိပ်ချစ်တာပဲကိုး၊ ဒါကြောင့်လဲ ကျန်းချွေးဆန်းရဲ့ ယောက္ခမ ဒုစရိုက်ခေါင်းဆောင်ကြီးကိုတောင် အပေါင်းအသင်း လုပ်ချင်တယ်လို့ ပြောတာ"ဟု ရေရွတ်လိုက်မိကြ၏။

ထိုအခိုက် အခန်းထဲသို့ အိမ်စေတစ်ယောက် ဝင်ရောက်လာပြီး...

"မျက်နုံးဖြူ ဂိုဏ်းချုပ်ကြီးက လူလွှတ်ပြီး ဆရာလေး ကျန်းချွေးဆန်းအတွက် လက်ဆောင်ပစ္စည်း ပေးခိုင်းလိုက်ပါတယ်"

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းက ပြုံး၍...

"ပြောရင်းဆိုရင်း မင်းယောက္ခမကြီးက မင်္ဂလာလက်ဖွဲ့ ပစ္စည်း လာပေးပြီကိုး၊ ကဲ...ကျန်းချွေးဆန်း၊ မင်း မြန်မြန်သွားပြီး ညှော်ခံလိုက်ဦး"

ကျန်းချွေးဆန်းသည် ကျန်းဆန်းဖုန်း စကားအဆုံးတွင် ခေါင်းညိတ်၍ ထိုနေရာမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။ ထိုစဉ် ချင်လိရှန်က...

"ကျွန်တော် အစ်ကို ကျန်းချွေးဆန်းနဲ့ လိုက်သွားမယ်"ဟု ခွင့်ပန်လိုက်၏။



ကျန်းဆုံကျီးက ရယ်၍...

ဟဲ့...ချင်လိရှန်၊ အခုဟာက မင်းယောက္ခမကြီး မင်္ဂလာလက်ဖွဲ့ လာပေးတာမှ မဟုတ်တာကွ၊ မင်းက ဘာဖြစ်လို့ ဒီလောက်တောင် အလောတကြီး ဖြစ်နေရတာလဲ"ဟု နောက်လိုက်၏။

ချင်လိရှန်မှာ မျက်နှာတစ်ခုလုံး နီမြန်းသွား၏။ သို့သော် ကျန်းချွေးဆန်း နောက်သို့မူ ဆိုက်ဆိုက်မြိုက်မြိုက် လိုက်သွားလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခန်းမဆောင်တွင် အဝတ်အစား တစ်ရောင်တည်း တစ်မျိုးတည်း ဝတ်ထားသော လူကြီးနှစ်ယောက် ရပ်လျက် ရှိနေ၏။ သူတို့နှစ်ဦးသည် ကျန်းချွေးဆန်း ထွက်လာသည်ကို မြင်သော် ရှေ့သို့ပြိုင်တူ တစ်လှမ်းလှမ်းတက်၍ ဒူးထောက်ပြီး အရိုအသေ ပေးလိုက်ကြ၏။ နှုတ်မှလည်း...

"အစ်ကိုလေး၊ ကျွန်တော်တို့က ဟူဖုနဲ့ ဟူလုပါ" ဟု နှုတ်ဆက်လာ၏။

ကျန်းချွေးဆန်းက အရိုအသေ ပြန်ပေးပြီးလျှင် သူတို့အား မတ်တတ်ရပ်ခိုင်းလိုက်၏။ သူ့စိတ်ထဲတွင် အံ့ဩနေ၏။ အဘယ့်ကြောင့်မူ ဟူဖု၏ မျက်နှာတွင် ရှည်လျားသော ဓားဒဏ်ရာကို တွေ့ရပြီး ဟူလု၏ မျက်နှာတွင်လည်း ကျောက်ပေါက်မရာများဖြင့် ပြည့်နှက်နေသောကြောင့် ဖြစ်ပါ၏။ သူတို့ နှစ်ဦးစလုံးသည် အသက်ငါးဆယ်ကျော်ခန့်...



ကျန်းချွေးဆန်းက...

"ယောက္ခမကြီးကို ကျုပ်နဲ့ ခင်ဗျားတို့ရဲ့ မမလေးက သွားပြီး နှုတ်ဆက်ကန်တော့မလို့ပါပဲ၊ ဒီက ကိစ္စနည်းနည်း ရှိနေသေးလို့ မသွားဖြစ်တာ၊ အခုတော့ ကျုပ်တို့ မသွားခင် ယောက္ခမကြီးက မင်္ဂလာလက်ဖွဲ့တွေ လာပေးပြီဆိုတော့ အားနာစရာကြီး ဖြစ်နေတာပေါ့ဗျာ၊ ကဲ... ကဲ... ခင်ဗျားတို့လဲ ခရီးပန်းလာကြပြီ၊ ဒီမှာ ခဏထိုင်ပြီး လက်ဖက်ရည်ကြမ်းလေး သောက်၊ အပန်းလေး ဖြေလိုက်ပါဦး"

သို့သော် ဟူဖုနဲ့ ဟူလုတို့က မထိုင်ကျေ။ သူတို့သည် လက်ဖွဲ့ပစ္စည်းများ ရေးမှတ်ထားသော စာရင်းကိုထုတ်၍ ကျန်းချွေးဆန်းအား တရိုတသေ ကမ်းပေးလိုက်၏။ ပြီးလျှင်...

"သခင်ကြီးက မှာလိုက်တယ်၊ ဒီလက်ဆောင်လေး နည်းနည်းပါးပါးကို လက်ခံပါတဲ့"

ကျန်းချွေးဆန်းက ကျေးဇူးတင်စကားပြောပြီး မင်္ဂလာလက်ဖွဲ့ ပစ္စည်းစာရင်းကို ဖွင့်ကြည့်လိုက်၏။

ထိုအခါ ကျန်းချွေးဆန်း တုန်လှုပ်သွားရတော့၏။ အကြောင်းမှု ထိုစာရင်းထဲတွင် လက်ဆောင်ပစ္စည်း အမျိုးပေါင်း နှစ်ရာကျော် ပါရှိပြီး လွန်စွာ အဖိုးထိုက်တန်သော ကျောက်မျက်ရတနာများပင် ပါရှိနေသောကြောင့်ပင် ဖြစ်ပါ၏။ ထို့ပြင် အဝတ်အစား အသုံးအဆောင် ပစ္စည်းများလည်း မနည်းပေ။

ဟူဖုသည် အပြင်သို့ လှည့်ထွက်သွားပြီး အထမ်းသမား ဆယ်ယောက်ကျော်ကို ခန်းမဆောင်ထဲသို့ ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးပြီးတစ်လုံး ထမ်းဝင်လာခိုင်းလိုက်၏။ ကျန်းချွေးဆန်းမှာ ငယ်စဉ်ကပင် အနေအထိုင် အစားအသောက် ရိုးစင်းသူဖြစ်၍ ဤမျှ များပြားလှသော ရွှေငွေ ရတနာများကို လိုချင်တပ်မက်သောစိတ် အလျဉ်းမရှိချေ။ သို့သော် ယခုပစ္စည်းများမှာ ချင်တူးတူး၏အဖေ သူ့ယောက္ခမများဘက်မှ ပေးပို့လိုက်သောပစ္စည်းဖြစ်၍ သူက လက်မခံချင် ခံချင်နှင့် လက်ခံလိုက်ရလေ၏။

ထိုအချိန်တွင် ချင်တူးတူးလည်း ယင်းသတင်းကို ကြားသဖြင့် အခန်းထဲမှ ထွက်လာခဲ့လေ၏။ ရောက်သောအခါ မိမိအဖေ၊ အစ်ကိုနှင့် အိမ်ရှိလူများအကြောင်းကို မေးမြန်းလိုက်၏။ ပြီးနောက် ဟူဖု၊ ဟူလုတို့ နှစ်ဦးကို ထမင်းဟင်း စားသောက်ခိုင်းလိုက်သေး၏။ ထို့နောက် ဟူဖုနှင့် ဟူလုတို့သည် အားလုံးကို နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားကြလေသည်။

ချင်တူးတူးနှင့် ကျန်းချွေးဆန်းတို့ အခန်းထဲသို့ ပြန်ရောက်ကြသော် ချင်တူးတူးက လက်ဆောင်ပစ္စည်းများကို လှန်လှောကြည့်လိုက်၏။ ယင်းအချိန်၌ ချင်တူးတူး၏ နှလုံးစိတ်ဝမ်းမှာ အထူးရွှင်လန်းနေလေ၏။ သူမ၏ မိဘများက သူမ အပေါ်တွင် ဤရွေ့ဤမျှလောက်ပင် ကောင်းသည်ကို တွေးမိ၍ပင် ဖြစ်ပါ၏။ သို့သော် ချင်တူးတူးသည် ကြာကြာ စိတ်လက်မရွှင်လန်းနိုင်ပါ။ သားလေး ကျန်းဟူကျင်း အဖမ်းခံနေရသည်ကို တွေးမိသောအခါ ရင်ထဲ ဆို့နှင့် ကြေကွဲသွားရပြန်ပါ၏။ ထိုစဉ် ကျန်းချွေးဆန်းက...

"ဟူဖုနဲ့ ဟူလုတို့က ဘယ်လိုလူတွေလဲ တူးတူး"ဟု မေးလာ၏။ ချင်တူးတူးက...



"ဟူဖုနဲ့ ဟူလုရယ်၊ နောက်တစ်ယောက် ဟူချိုဆိုတာရယ် ရှိသေးတယ်၊ သူတို့က သုံးယောက်တစ်ဖွဲ့၊ သူတို့ သုံးယောက်ဟို လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်က အနောက်တောင်နယ်မြေမှာ နာမည်ကြီးတဲ့ ဓားပြတွေပဲပေါ့၊ နောက်ပိုင်းကျတော့ သူတို့သုံးယောက်ကို သိုင်းသမားတွေ ဝိုင်းပြီး တိုက်ခိုက်ကြတုန်း အဖေနဲ့ ကြုံကြိုက်တော့ အဖေက သူတို့သုံးယောက်ကို ဝင်ကယ်လိုက်တယ်၊ ဒါနဲ့ပဲ သူတို့သုံးယောက်က တစ်သက်လုံး အဖေ့ရဲ့ ကျွန်ယုံတော်ကြီးအဖြစ် လုပ်မယ်လို့ ကတိပြုလိုက်တာပဲ အစ်ကို၊ အဖေကိုယ်တိုင်လဲ ပြောတယ်၊ ဒီလူသုံးယောက်ရဲ့ သိုင်းပညာက သိုင်းလောကမှာရှိတဲ့ နာမည်ကြီး သိုင်းသမား အတော်များများ ထက်တောင် ပိုသာသတဲ့"

ထို့နောက်တွင်တော့မှ ကျန်းချွေးဆန်းသည် အခန်းထဲမှ ထွက်ပြီးလျှင် သူ၏ ဂိုဏ်းတူညီအစ်ကိုများနှင့်အတူ ခန်းမဆောင်ကြီးအား သန့်ရှင်းရေး လုပ်ကြလေတော့၏။ အလှအပများလည်း မွမ်းမံပြင်ဆင်လိုက်ကြ၏။ အကြောင်းမူ နောက်တစ်နေ့ဆိုလျှင်ပင် သူတို့၏ သိုင်းဆရာကြီး ကျန်းဆန်းဖုန်း၏ အနှစ်တစ်ရာ မွေးနေ့သဘင် ဆင်ယင်ရပေတော့မည် မဟုတ်ပါလား။ ချိုရှင်ချောင်းနှင့် တပည့်များကလဲ ရိုတိုက်ရှင်အား အဝတ်အစား အသစ်လဲလှယ်ပေးပြီး ပွဲ့ထုတ်ခွဲလျှောက်ကာ ဆရာကြီးအား ဂါရဝပြုရန် ပြင်ဆင်နေ၏။ ထိုစဉ်တွင်ပင် နောက်ထပ် အိမ်စေ တစ်ယောက် ဝင်လာပြန်၏။ ထိုအိမ်စေ၏ လက်ထဲတွင်မူ ဖိတ်စာတစ်စောင် ကိုင်ထားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ချိုရှင်ချောင်းက အိမ်စေလက်ထဲမှ ဖိတ်စာကိုယူ၍ ဖတ်ကြည့်လိုက်သော အခါတွင်မူ…

"ခွန်းလွန်ဂိုဏ်းချုပ် ဟိုတိုက်ချုံးနဲ့ ဂိုဏ်းသားများက ဆရာကြီး ကျန်းဆန်းဖုန်းအား ဂါရဝပြုရန် လာပါသည်"ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

ထိုအခါ ကျန်းဆုံကျိုးက တုန်လှုပ်သော လေသံဖြင့်

"ခွန်းလွန်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ရောက်လာပါရောလား၊ သူက ဒီလောက် ဝေးလံတဲ့ နေရာကတောင် လာရတယ်ဆိုတော့ ငါတို့က သူ့ကို ကောင်းကောင်းမွန်မွန် ညှော်ခံရမှာပဲ"ဟု ဆို၏။ ချိုရှင်ချောင်းကလည်း…

"ဒီလူက သာမန်လူ မဟုတ်ဘူး၊ ဆရာကိုယ်တိုင်ထွက်ပြီး သူ့ကို ကြိုဆိုဧည့်ခံနိုင်းမှ ထင်တယ်"ဟု ဆိုသည်။

ထို့နောက်တွင်မူ သူသည် ဆရာကြီး ကျန်းဆန်းဖုန်းအား အကြောင်းကြားလိုက်လေသည်။ ကျန်းဆန်းဖုန်းက…

"ဒီ ခွန်းလွန်ဂိုဏ်းချုပ်ကြီးက မြေပြန့်ကို တစ်ခါမှ မရောက်ဖူးဘူးလို့ ကြားရတာပဲ၊ ဒီတစ်ခါ သူက ဆရာ့ရဲ့ မွေးနေ့ကိုတောင် လာပါလား"

သို့ဖြင့် ကျန်းဆန်းဖုန်းသည် တပည့်ခြောက်ယောက်နှင့်အတူ ထွက်၍ ကြိုဆိုလိုက်၏။ ခွန်းလွန်ဂိုဏ်းချုပ် ဟိုတိုက်ချုံးမှာ အင်္ကျီအဝါရောင် ဝတ်စားပြီး အမူအရာ သွင်ပြင်ဟန်က အေးဆေးတည်ငြိမ်လှ၏။ အမှန်ပင် ဂိုဏ်းချုပ်ဟူသော ဂုဏ်ပုဒ်နှင့် ညီညွတ်လိုက်လျောလှ၏။ သူ့နောက်တွင်မူ ခွန်းလွန်ဂိုဏ်းသား ရှစ်ယောက် ပါလာသည်။ ထိုအထဲတွင် ဆီးဝါနှင့် ဝေ့ရှန်တို့ အတွဲလည်း ပါလာလေ၏။ ကျန်းဆန်းဖုန်းက ဟိုတိုက်ချုံးအား ကျေးဇူးတင်စကားပြောပြီး အရိုအသေ ပေးလိုက်၏။ ချိုရှင်ချောင်းတို့ ခြောက်ယောက်မှာမူ ဝါငယ်သူများဖြစ်၍ ဟိုတိုက်ချုံးအား ဦးချ ကန်တော့ရလေသည်။



ထို့နောက် ကျန်းဆန်းဖုန်းသည် ဟိုတိုက်ချုံးအား ဧည့်ခန်းထဲသို့ ဖိတ်ခေါ်လာပြီးလျှင် လက်ဖက်ရည်ကြမ်းနှင့် စားသောက်ဖွယ်ရာများ ကျွေးမွေးရင်း စကားစမြည် ပြောနေလေသည်။ ထိုစဉ်တွင် အိမ်စေတစ်ယောက်က ဖိတ်စာတစ်စောင်ကိုင်ရင်း ဝင်လာပြန်၏။ ချိုရှင်ချောင်းက ဖိတ်စာကို ယူဖတ်ကြည့်သော် ခုံးတုံဂိုဏ်းမှ ဝါကြီးပုဂ္ဂိုလ်ငါးဦး ရောက်ရှိလာကြောင်း သိရလေ၏။ ဝါအားဖြင့်တွက်လျှင် ဤခုံတုံဂိုဏ်းမှ သိုင်းသမားကြီးငါးဦးမှာ ကျန်းဆန်းဖုန်းထက် ငယ်လေ၏။ သို့သော် ကျန်းဆန်းဖုန်းသည် အဆင့်အတန်း ခွဲခြားတတ်သူ မဟုတ်၍ သူကပင် နေရာထပြီး ထွက်ကြိုလိုက်၏။ ခွန်းလွန်ဂိုဏ်းချုပ် ဟိုတိုက်ချုံး၏ စိတ်ထဲတွင်မူ –

"ခုံးတုံဂိုဏ်းက လူငါးယောက်ကို သူ့တပည့်တစ်ယောက်ယောက်လွှတ်ပြီးကြိုခိုင်းလဲပြီးတဲ့ဥစ္စာ၊ ဘာဖြစ်လို့များ ကိုယ်တိုင်ကြိုရပါလိမ့်" ဟု တွေးနေမိ၏။

ထို့နောက် မရှေးမနှောင်းမှာပင် လက်သီးဘုရင်ဂိုဏ်း၊ ဟိုင်ဆားဂိုဏ်း၊ ဝေလငါးဂိုဏ်းနှင့် အခြားသောဂိုဏ်းများ၏ ခေါင်းဆောင်ထိပ်သီးများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်များ ဤမျှများပြားစွာ ရောက်လာသည်ကို တွေ့သောအခါ ကျန်းချွေးဆန်းတို့ ညီအစ်ကိုများမှာ လွန်စွာ အံ့ဩလာမိကြလေ၏။

ကျန်းဆုံကျိုးက ဧည့်သည်များအား ကြိုဆိုဧည့်ခံရင်း အသံတိုးတိုးဖြင့် ကျန်းချွေးဆန်းအား မေးလိုက်လေ၏။

"ညီလေး မင်းဘာတွေမြင်သလဲ"

ကျန်းချွေးဆန်းက–

"သူတို့ကိုကြည့်ရတာ အချင်းချင်း ချိန်းပြီးလာကြသလိုပဲ၊ သူတို့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တွေ့ကြတာတောင် အံ့ဩဟန် မပြကြဘူး အစ်ကို"

ကျန်းဆုံကျိုးက –

"ဟုတ်တယ်ကွ၊ သူတို့က ဆရာ့ကို တကယ့်စိတ်ရင်းနဲ့လာပြီး ဂါရဝပြုဖို့ မဟုတ်ဘူး"

"ဟင်–ဒါဖြင့် သူတို့က ရန်ကြွေးတွေကို ရှင်းဖို့လာကြတာပဲ၊ နောက်ပြီး ကျွန်တော်ရဲ့အစ်ကိုကြီး ရှက်စွန်းအတွက်လဲပါတယ်ဗျ"

ကျန်းဆုံကျိုးက အေးစက်စွာ တစ်ချက်ပြုံးပြီး –

"သူတို့က ငါတို့ ဟူတန်းဂိုဏ်းက လူတွေကို အထင်သေးကြတာပေါ့လေ၊ သူတို့က လူများလို့ ငါတို့ကို နိုင်ချင်နိုင်မယ်၊ ဒါပေမယ့် ငါတို့ ဟူတန်းဂိုဏ်းသားတွေက သူငယ်ချင်း မိတ်ဆွေတွေအပေါ် သစ္စာဖောက်တတ်တဲ့ လူစားမျိုးမှတ်နေသလား မပြောတတ်ဘူး ညီလေး၊ ရှက်စွန်းဟာ တကယ်ပဲ ဆိုးသွမ်းသူ



ဖြစ်ပါစေ၊ သူဟာ အခု မင်းရဲ့ အစ်ကိုပဲ၊ ဘာပဲဖြစ်ဖြစ် သူရှိတဲ့နေရာကို မင်းရဲ့ပါးစပ်က ဘယ်နည်းနဲ့မှ မပေါက်ကြားစေရဘူး"

ကျန်းချွေးဆန်းက –

"အစ်ကိုအခုကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲ" ဟုမေးသော်–

ကျန်းဆုံကျိုးက တစ်ချက်မျှ တွေဝေသွားပြီး –

"အားလုံး သတိနဲ့ နေကြရုံပဲပေါ့၊ ငါတို့အားလုံး လက်တွဲပြီး ခုခံရင်တော့ ရမှာပါ"

အမှန်မှ ကျန်းဆုံကျိုးသည် ဤသို့သာ ပြောသော်လည်း သူ့ကိုယ်တိုင် ရင်ထဲတွင် ပူပင်သောက ရောက်နေပါ၏။ ယခု သူတို့ညီအစ်ကိုခြောက်ယောက်ကလွဲလျှင် သူတို့ဆရာ တစ်ယောက်သာ ရှိသည်မဟုတ်လော။ သို့သော် ဆရာမှာလည်း အသက်တစ်ရာ ကျော်နေပြီဖြစ်ရာ ဆရာ့အား တိုက်ခိုက်ခိုင်းရန် မသင့်လျော်ပါတော့ချေ။ သို့ရာတွင် သူတို့ဂိုဏ်းတူ ခြောက်ယောက်နှင့်သာဆိုလျှင် ဤလူတွေကို ဖြေရှင်းနိုင်ပါ့မလားဟု တွေးတောပူပန်နေမိလေ၏။

ထိုအချိန်တွင် ခန်းမဆောင်ထဲ၌ ချိုရွှင်ချောင်း၊ ရိုလင်တန်းနှင့် ချင်လိရှန်တို့က ဧည့်သည်များအား ဧည့်ခံစကားပြောနေကြလေ၏။ သူတို့သုံးယောက်သည်လည်း အခြေအနေ မဟန်မှန်း သိကြလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

www.burmeseclassic.com

www.burmeseclassic.com

## မွေးနေ့ ညှော်သည်များ

ထိုစဉ် နောက်ထပ် ဖိတ်စာတစ်စောင် ရောက်လာပြန်လေသည်။ ဤတစ်ကြိမ်တွင် ဝါမေဂိုဏ်းမှ ဂိုဏ်းချုပ်ဆရာကြီး၏ တပည့် ကျင့်ရှင်းဆရာလေးနှင့် ဂိုဏ်းတူငါးယောက် ရောက်လာကြ၏။

ချိုရှင်ချောင်းနှင့် ရိလင်တန်းမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ပြုံးလျက်ဖြင့် ချင်လိရှန်အား ကြည့်လိုက်ကြလေ၏။ ထိုအချိန်တွင် မော်ကုဆန်း၊ ကျန်းရွှေးဆန်းနှင့် ကျန်းဆုံကျိုးတို့ကလည်း အံ့အားသင့်ခတ်မိသွားကြသဖြင့် အားလုံး ချင်လိရှန်အား ပြုံး၍ ကြည့်လိုက်ကြလေ၏။ ချင်လိရှန်မှာ ရှက်ကိုးရှက်ကန်း ဖြစ်နေရှာ၏။ ကျန်းရွှေးဆန်းက သူ့လက်ကိုဆွဲ၍ ပြုံးရင်း–

"လာ–လာ၊ မင်းနဲ့ငါနဲ့ ညှော်သည်တွေကို သွားကြိုကြရအောင်" ဟု ဆိုပြီး ထွက်ကြိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား တံခါးမကြီးဆီသို့ ရောက်သွားကြသောအချိန်တွင်မူ ကျောင်းရှင်း ဆရာလေးအား တွေ့လိုက်ရ၏။ ကျောင်းရှင်းဆရာလေးမှာ အသက် လေးဆယ်ကျော်မျှရှိပြီဖြစ်သော်လည်း ကိုယ်လုံးကိုယ်ပေါက်မှာမူ တောင့်တင်း ဖွံ့ဖြိုးလျက်။ ပြီးလျှင် မိန်းမသားဖြစ်သော်လည်း သာမန်ယောကျ်ားများထက် ခေါင်းတစ်လုံးပိုမြင့်နေသည်ကို တွေ့ရလေသည်။ ကျောင်းရှင်းဆရာလေး၏ နောက်ကျောဘက်တွင်မူ ဂိုဏ်းတူငါးယောက် ပါလာပြီး ထိုအထဲ၌ ယောကျ်ားတစ်ယောက်သာ ပါလာ၏။ ကျန်မိန်းကလေး လေးယောက်တွင် နှစ်ယောက်မှာ မယ်သီလရှင်ဖြစ်ပြီး နှစ်ယောက်မှာမူ မိန်းမပျိုလေးများ ဖြစ်ကြ၏။ မိန်းမပျိုတစ်ယောက်မှာ ပြုံးစစ အမူအရာရှိနေပြီး အခြားတစ်ယောက်မှာမူ ခေါင်းငုံ့ထားရင်း အင်္ကျီစကို လက်ဖြင့် ဟိုဟိုဒီဒီ ဆော့ကစားနေလေ၏။ ထိုမိန်းမပျိုလေးကား ချင်လိရှန်၏ ဇနီးလောင်း ကျိရှောင်မှုပင် ဖြစ်ပါ၏။

ကျန်းချွေးဆန်းက ရှေ့မှ ဦးဆောင်၍ သူတို့ခြောက်ယောက်အား ခန်းမဆောင်ထဲသို့ ဖိတ်ခေါ်သွား၏။ ချင်လိရှန်လည်း နောက်မှ ထပ်လိုက်လာသည်။ ချင်လိရှန်သည် လွန်စွာ ရှက်ကိုးရှက်ကန်း ဖြစ်နေရှာသည်။ သူသည် လူတွေအားလုံးရှေ့သို့ ရောက်သွားတော့မှ ကျိရှောင်မှုအား တိတ်တဆိတ် ချောင်းကြည့်လိုက်၏။ ယင်းအချိန်တွင်ပင် ကျိရှောင်မှုလည်း ခေါင်းကလေးငုံ့၍ သူ့အား ချောင်းကြည့်လိုက်ရာ မျက်လုံးချင်းဆုံမိသွားကြလေ၏။ ထိုစဉ် ကျိရှောင်မှု၏ ဂိုဏ်းတူညီမလေးက "အဟမ်း"



ဟု ချောင်းတစ်ချက် ဟန့်လိုက်ရာ နှစ်ယောက်စလုံးရှက်သွားပြီး မျက်နှာတစ်ခုလုံး နီမြန်းလျက် ကမန်းကတန်း အကြည့်လွှဲလိုက်ကြလေ၏။ ကျိရှောင်မှု၏ ဂိုဏ်းတူ ညီမလေးက ခစ်ခနဲရယ်ပြီး အသံတိုးတိုးဖြင့် –

"အစ်မ၊ ဟို–အစ်ကိုလေး ချင်လိရှန်က အစ်မထက်တောင် ပိုပြီး ရှက်တတ်သေးတယ်နော်" ဟု ဆိုလေ၏။

ကျန်းဆုံကျိုးတစ်ယောက်ကတော့မူ တစ်ချိန်လုံးလိုလိုပင် မိမိဘက်နှင့် ဧည့်သည်ဘက်မှ အင်အားကို ချင့်ချိန် တွက်ဆလျက်ရှိရာ ယခုတစ်ဖန် ဝါးမေပုံဂိုဏ်းမှ ဧည့်သည်ခြောက်ယောက် ထပ်မံရောက်လာသည်ကို တွေ့ရသောအခါ အနည်းငယ် စိတ်အေးသွားလေ၏။ စိတ်ထဲမှလည်း –

"ကျိရှောင်မှုက ညီလေး ချင်လိရှန်နဲ့ စေ့စပ်ထားတဲ့လူဆိုတော့ တော်ကြာ စကားနဲ့ဖြေရှင်းလို့ မရဘဲအခါကျရင် သူတို့က ဘယ်နည်းနဲ့မဆို ငါတို့ဘက်ကနေ အကူအညီပေးမှာ သေချာတယ်" ဟု တွေးနေမိ၏။

ချိုရှင်ချောင်းတို့ကမူ ဘာမျှ ကြိုတင်ပြင်ဆင်ထားခြင်း မရှိသဖြင့် ဧည့်သည်များအား ထမင်းဖြူနှင့် သက်သတ်လွတ်ဟင်းလျာဖြင့်သာ ဧည့်ခံနေရလေသည်။ ဧည့်သည်များသည် စားရင်းသောက်ရင်းကပင် မျက်လုံးအကြည့်က တံခါးမဘက်သို့သာ ရောက်နေကြသည်ကို တွေ့ရ၏။ သူတို့သည် တစ်ယောက်ယောက်အား စောင့်ဆိုင်းနေကြဟန် တူလေ၏။ ချိုရှင်ချောင်းက ဧည့်သည်တော်များအား အသေအချာ အကဲခတ်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ ခေါင်းဆောင် ထိပ်သီးများမှာ ဂုဏ်သိက္ခာကြောင့် လက်နက်များ မပါကြသော်လည်း ယေသား တပည့်များ၏ ခါးကြားတွင်မူ ဖောင်းယောင်ယောင်နေ၍ လက်နက်များ ဝှက်ယူလာကြောင်း သိရလေသည်။ ကျန်းဆုံကျီးလည်း စိတ်ထဲတွင် စဉ်းစားရကျပ်နေ၏။

"ဒီလူတွေက ဘယ်သူ့ကို စောင့်နေကြတာလဲ၊ ခက်တာက ဆရာကလဲ သူ့ရဲ့သူငယ်ချင်း မိတ်ဆွေတွေကို မွေးနေ့မှာ လုံးဝ ဖိတ်လေ့မရှိဘူး၊ နို့မို့ရင် ငါတို့ ဒီလို တစ်ဖက်သတ် အင်အားနည်းစရာ အကြောင်းမရှိဘူး" ဟု ဆို၏။

ရိုလင်တန်းကလည်း အသံတိုးတိုးဖြင့် –

"ငါတို့ စောစောပိုင်းက စီစဉ်ထားတာက ဆရာရဲ့မွေးနေ့ကျင်းပပြီးမှ သူတို့ကိုဖိတ်ပြီး ဒီကိစ္စတွေကို ရှင်းမယ်၊ အဲဒီ အချိန်ကျရင် ငါတို့ကလဲ ငါတို့ဘက်ကလူတွေကို ခေါ်ထားမှာပဲ၊ ကောင်းကောင်းမွန်မွန် ဖြေရှင်းလို့မရရင်လဲ ငါတို့က ကြောက်စရာမရှိဘူးပေါ့၊ အခုတော့ သူတို့ဘက်က လက်ဦးပြီး ရုတ်တရက် လူစုလူဝေးနဲ့ ငါတို့ ဟူတန်ဂိုဏ်းကို လာရှင်းတာကိုး"

ကျန်းဆုံကျီးကလည်း တိုးညှင်းစွာဖြင့် –

"အခြေအနေက ဒီအထိ ရောက်နေမှတော့ ငါတို့က ဘာတတ်နိုင်ဦးမှာလဲ၊ အသက်စွန့်ပြီး ငါတို့ဂိုဏ်းရဲ့ သိက္ခာကို ကာကွယ်ကြရုံပဲ ရှိတာပေါ့"

ချိုရှင်ချောင်းမှာ ဂိုဏ်းတူ ညီအစ်ကိုထဲတွင် ကျန်းဆုံကျီးသာ ဉာဏ်အကောင်းဆုံးဖြစ်ပြီး ဘယ်လောက်ပင် ဖြေရှင်းရခက်ခဲသော ပြဿနာပင်ဖြစ်စေ သူက ဖြေရှင်းနိုင်ခဲ့မြဲဖြစ်ရာ ယခုသော် ကျန်းဆုံကျီးကိုယ်တိုင်က ဤသို့ဤနှယ် ပြောလာသောအခါ အခြေအနေ လွန်စွာမဟုတ်မှန်း နားလည်လိုက်လေ၏။

ထိုစဉ် ကျန်းဆုံကျီးက ရုတ်တရက် –

"တစ်နည်းတော့ ရှိတယ်၊ ငါတို့ညီအစ်ကို ခြောက်ယောက်က တစ်ယောက်စီ ပစ်မှတ်တစ်ခုစီ ရှာထားကြ၊ တော်ကြာ စကားနဲ့ဖြေရှင်းလို့မရတဲ့ အခြေအနေကျရင် ငါက "အမှယ်လေး" လို့ တစ်ချက်အော်ပြီး အချက်ပြလိုက်မယ်၊ အဲဒီအခါကျရင် ငါတို့ ခြောက်ယောက်က လျှပ်တစ်ပြက် သူတို့ဘက် ခြောက်ယောက်ကို ဖမ်းချုပ်ထားလိုက်မယ်၊ ဒီလိုဆိုရင် သူတို့က သူတို့လူတွေ ငါတို့လက်ထဲမှာ ရှိနေသေးတော့ လုပ်ရဲမှာ မဟုတ်တော့ဘူး" ဟု ဆိုလေသည်။

◻



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၇)

www.burmeseclassic.com

www.burmeseclassic.com

# မိန့်ခွန်းကြီး

အချိန်ကား ညစာ်သည်တော်များ စားသောက်ပြီးစီးပြီဖြစ်၍ အိမ်စေအလုပ်သမားများက ပန်းကန်များအားလုံး သိမ်းဆည်းနေချိန်ဖြစ်၏။ ထိုစဉ် ကျန်းဆုံကျီးက အသံကိုမြှင့်၍ –

"ကြွရောက်လာကြတဲ့ ဆရာကြီးတို့ အပေါင်းအသင်းရောင်းရင်းတို့၊ ဒီနေ့ဟာ ကျွန်တော်တို့ ဆရာကြီးရဲ့ အနှစ်တစ်ရာမွေးနေ့ဖြစ်ပါတယ်။ ဒီမွေးနေ့ကို ဆရာကြီးတို့က ဂိုဏ်းတူဂိုဏ်းသားတွေကို တစ်ပါတည်းခေါ်လာပြီး ကျွန်တော်တို့ဆရာကြီးရဲ့မွေးနေ့ကို လာရောက်ဂုဏ်ပြုအားပေးတာကို အများကြီးကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ဘက်က ကျွေးမွေးဧည့်ခံတာမှာ ညံ့ဖျင်းတဲ့အတွက် ခွင့်လွှတ်စေချင်ပါတယ်။

"အခု ကျွန်တော်တို့ရဲ့ဆရာက ဆရာကြီးတို့ကို နောင်လာမယ့် သုံးဆယ့်ရက်နေ့မှာ ဒီဟူတန်းတောင်ကို ထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြွရောက်ကြဖို့ဖိတ်ခေါ်လိုက်ပါတယ်၊ဖိတ်ခေါ်ရတဲ့အကြောင်းရင်းကတော့ ကျွန်တော်ရဲ့ဝိုဏ်းတူ ညီလေး ကျန်းချွေးဆန်းက သူ့ရဲ့ဆယ်နှစ်ဘာ အတွေ့အကြုံကို နောင်ကြီး ဆရာကြီးတို့အားလုံးကို ရှင်းပြဖို့ပဲ ဖြစ်ပါတယ်။

"အမှန်ဆိုရင် ဒီနေ့ဟာ ကျွန်တော်တို့ဆရာရဲ့မွေးနေ့မဟုတ်ရင် သူကနောင်ကြီးတို့ကို ရှင်းပြမှာ ဖြစ်ပါတယ်၊ ဒါပေမယ့် ဒီနေ့ဟာ ကျွန်တော်တို့ဆရာရဲ့ မင်္ဂလာရက်မြတ်ဖြစ်လို့ နောက်လာမယ့် သုံးဆယ်ရက်နေ့ကို ချိန်းဆိုလိုက်ရခြင်းပဲ ဖြစ်ပါတယ်။ နောက်ပြီး ဒီလိုနေ့မြတ်မင်္ဂလာမှာ သိုင်းလောကရဲ့ဝိရောဓိကိစ္စတွေကို ဆွေးနွေးခြင်းဟာ နိမိတ်မကောင်းပါဘူးခင်ဗျာ။

"ဒါကြောင့် အခု နောင်ကြီး ဆရာကြီးတို့ ကျွန်တော်တို့ရဲ့ဟူတန်းတောင်ကို ရောက်တော့ရောက်ခဲ ရောက်လာတဲ့အခါမှာ ကျွန်တော်တို့နဲ့ အတူတကွလိုက်ပြီး တောင်ရဲ့ရှေ့နောက်ဝဲယာ ရှုခင်းတွေကို ကြည့်ဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျာ"

ကျန်ဆုံးကျိုး၏ စကားမှာ လွန်စွာထိမိလှ၏။ သူကဧည့်သည်တော် အားလုံး၏ ပါးစပ်ကို အရင်ပိတ်ထားလိုက်ခြင်းပင် ဖြစ်ပါ၏။ သူသည် အခြေအနေပေါ် သုံးသပ်၍ တမင်ကြိုတင်ကာ၍မွေးနေ့ပွဲပြီးနောက် သုံးဆယ်ရက်နေ့တွင်မှ ကိစ္စအားလုံးကို ဖြေရှင်းမည်ဟု ပိတ်ပြောလိုက်ရာ အကယ်၍ဤနေ့ဤအချိန်တွင် ဤအကြောင်းကိုပြု၍ ပြောလာသူသည်ဟူတန်းဂိုဏ်းအား တမင် ရန်ဘက်ပြုလိုခြင်းသာ ဖြစ်ကြောင်းထင်ရှားစေလိုခြင်းသာ ဖြစ်လေသည်။



အမှန်မှ ဧည့်သည်များ ယခုကဲ့သို့ ဟူတန်းတောင်သို့ စုရုံး၍ ရောက်ရှိလာခြင်းမှာလည်း ဟူတန်းဂိုဏ်းကိုလာရောက်ပြီး ပြဿနာရှင်းရန်ပင် ဖြစ်သည်။ သို့သော် သူတို့သည် သိုင်းလောကတွင် နာမည်ကြီးလှသော ဟူတန်းဂိုဏ်းအားသာမန်အချိန်မျိုးတွင် ပါစ်ဦးတည်း တစ်ယောက်တည်း လာရောက်၍ ရန်ဘက်ပြုဝံ့ကြခြင်း မရှိပေ။ ယခု အုပ်စုနှင့် ရောက်လာကြ၍သာဤလို ရန်ပြုဝံ့သော သတ္တိရှိလာကြခြင်း ဖြစ်သည်။ ၎င်းရာတွင် သူတို့အထဲမှ တစ်စုံတစ်ယောက်သည် ဖွဲ့ဆော်ဦးထွက်၍ ဟူတန်းဂိုဏ်းအား စိန်ခေါ်ဝံ့သူ မရှိပါချေ။ ထို့ကြောင့် သူတို့အားလုံးသည် တစ်ယောက်ကိုတစ်ယောက်သာ အရိပ်အခြည်ကြည့်နေမိကြပြီး ပြဿနာကို အစဖော်ရန် တုံ့ဆိုင်းနေကြလေသည်။ ထိုစဉ်တွင်ပင် ခွန်းလွန်ဂိုဏ်းမှ ဆီးဝါက ရုတ်တရက် မတ်တတ်ထ,ရပ်၍ ကျယ်လောင်သောအသံဖြင့်–

"ကျန်းဆုံးကျိုး ခင်ဗျားက စကားပရိယာယ်နဲ့ ကျုပ်တို့ကို ထိန်းချုပ်ထားဖို့ မကြိုးစားပါနဲ့၊ ကျုပ်တို့က အမှန်အတိုင်းပဲ ဘွင်းဘွင်းပြောမယ်၊ ဒီတစ်ခါ ကျုပ်တို့တောင်ပေါ်ကို လာတာဟာဆရာကြီး ကျန်းဆန်းဖုန်းကို ဂါရဝပြုဖို့ရယ်၊ ရှက်စွန်း အခုဘယ်မှာရှိတယ်ဆိုတာကို မေးဖို့ရယ်၊ ဒါပါပဲ"

မော်ကုဆန်းသည် ဒေါသကို တစ်ချိန်လုံး ထိန်းထားရာမှ ဆီးဝါ၏စကားကို ကြားသော် ခနဲ့ပြုံး ပြုံး၍ စတင်ဒေါသပေါက်ကွဲလေတော့သည်။

"ဩော်–လက်စသတ်တော့ ဒီလိုကိုး၊ ဒါကြောင့်–ဒါ့ကြောင့်"

www.burmeseclassic.com

www.burmeseclassic.com



ဆီးဝါက မျက်လုံးမျက်ဆန်ပြူးလျက် –

"ဘာ ဒါကြောင့်လဲ"

မော်ကုဆန်းက "ကျုပ်က ခင်ဗျားတို့ ကျုပ်ဆရာကြီးရဲ့ မွေးနေ့အတွက် ဂါရဝပြုတာကိုတွေ့တော့ အတော်အံ့သြသွား တယ်၊ "နောက်ပိုင်း ခင်ဗျားတို့က လက်နက်တွေကို ကိုယ်မှာ ဝှက်ပြီး ယူလာတာတွေ့တော့ ပိုပြီးတောင် အံ့သြသွားတယ်၊ အခုကျမှ အကြောင်းရင်းကို သိရဟော့တယ်ဗျာ၊ ဟင်း–"

ဆီးဝါက အင်္ကျီကို ကမန်းကတန်း ချွတ်ပြီးနောက် –

"ဟော့–မော်ကုဆန်း၊ မင်းအသေအချာကြည့်စမ်း၊ ငါ့မှာ လက်နက်ပါသလား" ဟု အော်မေးလိုက်သည်။

မော်ကုဆန်းက ဟင်းခနဲ အသံပြုပြီးနောက် –

"ဪ–ဟုတ်သားပဲ၊ ဒါပေမယ့်–"

သူက စကားမဆုံးမီ ရုတ်တရက် ဆီးဝါဘေးရှိ လူနှစ်ယောက်၏အင်္ကျီခါးစည်းကို လက်ဖြင့် ဆွဲချလိုက်၏။ သူ့လက်မှာ လွန်စွာ လျင်မြန်ပေရာ လူနှစ်ယောက် မရှောင်ရှားနိုင်ခင်မှာပင် ခါးစည်းက ပြုတ်သွားလေသည်။တစ်ဆက်တည်းတွင်ပင် "ထန်း–ထန်း" ဟူသော အသံနှင့်အတူ ဓားနှစ်လက်က အောက်သို့ ပြုတ်ကျလာလေတော့သည်။ ထိုအခါ အားလုံးမျက်နှာပျက်သွားကြလေ၏။ ဆီးဝါက ကျယ်လောင်သောအသံဖြင့် –

"ဟုတ်တယ် ငါတို့ လက်နက်ပါလာတယ်၊ တကယ်လို့ ကျန်းချွေးဆန်းက ရှက်စွန်း ဘယ်မှာရှိတယ်ဆိုတာကို



ဖွင့်မပြော ရင်တော့ ဟောဒီလက်နက်တွေနဲ့ စကားပြောရလိမ့်မယ်"

ထိုအခါ ကျန်းဆုံကျိုးက "အမယ်လေး" ဟု အော်လိုက်လျှင် သူတို့ဂိုဏ်းတူ ညီအစ်ကိုများသည် ရန်သူဘက်မှ လူခြောက်ယောက်ကိုလျှပ်တစ်ပြက် တိုက်ခိုက်ဖြီးဖမ်းချုပ်ထားကြပေမည်။ သို့သော် ထိုတဒင်္ဂအချိန်တွင်ပင် ရုတ်တရက် ဘုရားဟုရွတ်ဖတ်သံများကြားလိုက်ရ၏။ ယင်းအသံသည် ဟိုအဝေးဆီမှ လွင့်ပျံလာသလိုလို မိမိနား,နားကပ်၍ ရွတ်ဖတ်နေနသယောင်ယောင် ထင်ရသော လွန်စွာ ထူးခြားသည့် အသံမျိုးဖြစ်၏။ ထိုအခါ ဘိုင်းဆရာကြီး ကျန်းဆန်းဖုန်းကပြုံး၍ –

"လက်စသတ်တော့ ရှောင်လင်ဂိုဏ်းရဲ့ ကျောင်းထိုင် ဆရာတော်ကြီး ခုံးဝန်း၊ ခုံးကျို၊ ခုံးရှန့်တို့ ရောက်လာကြတာကိုး" ဟု ဆိုလေ၏။

မှန်သည်။ မရှေးမနှောင်းမှာပင် ရှောင်လင်ဘုရားကျောင်းကြီး၏ ဝါအကြီးဆုံး ဘုန်းတော်ကြီးသုံးပါး ကြွရောက်လာကြသည်ကို တွေ့လိုက်ကြရ၏။ ထိုအခါ ကျန်းဆုံကျိုးသည် သူ၏ "အမယ်လေး" အချက်ပေးသံကို အောင်မည်ပြုပြီးမှ မအော်ဘဲ ရပ်ထားလိုက်ရ၏။ အဘယ့်ကြောင့်မူ သူက "အမယ်လေး" အော်လိုက်သည်နှင့် ခွန်းလွန်ဂိုဏ်း၊ ခုံးတုံဂိုဏ်းတို့ဘက်မှ လူများကို ဖမ်းဆီးချုပ်နှောင်ထားသည်ပဲထားဦး၊ ရှောင်လင်ဂိုဏ်းမှ ဝါကြီးဆရာတော်သုံးပါး ရောက်ရှိလာပြီဖြစ်၍ ဘာမျှ အကျိုးရှိမည် မဟုတ်သောကြောင့်ပင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆရာတော်ကြီးသုံးပါးအား ကျန်းဆန်းဖုန်းကိုယ်တိုင် ထွက်၍ ကြိုဆိုလိုက်၏။ ခွန်းလွန်ဂိုဖေါ်းချုပ်ကြီး ဟိုတိုက်ချုံးလည်း မတ်တတ်ရပ်၍ တလေးတစား ကြိုဆိုလေသည်။ ကျန်ညှိသည်များတော်များလည်း နေရာမှ အသီးသီး မတ်တပ်ရပ်၍ တစ်ပြိုင်နက် ကြိုဆိုလိုက်ကြသည်။

ရှောင်လင်ကျောင်း ဘုန်းတော်ကြီးသုံးပါး၏ နောက်တွင်မူ သက်လတ်ပိုင်းရှိ ဘုန်းတော်ကြီးဆယ့်နှစ်ပါးလိုက်ပါလာသည်။ ရှောင်လင်ဘုရားကျောင်း၏ ဘုန်းတော်ကြီးခုံးဝန်မှာ ဖြူဖွေးသော မျက်ခုံးမွေးများက မျက်ခွံပေါ်သို့တိုင် ရှည်ကျလာသည်ကို တွေ့ရ၏။ ခုံးရှန့်ဆရာတော်ကြီးမှ ကိုယ်လုံးကိုယ်ထည် လွန်စွာ တောင့်တင့်ပြီး ခန့်ညားသော ဥပဓိရုပ် ရှိလေသည်။ ခုံးကျိဆရာတော်ကြီးကား မျက်နှာပြင်ရှုံ့မဲ့နေသကဲ့သို့ နှုတ်ခမ်းထောင့်စွန်း နှစ်ဘက်မှာလည်း အောက်သို့တွဲလျောင်းကျ လျက်ရှိလေသည်။

ကျန်းဆန်းဖုန်းက ရှောင်လင်ဆရာတော်ကြီးများအား နေရာထိုင်ခင်းပေးပြီးချိန်တွင် ဟိုတိုက်ချုံးတို့သည် ဘုန်းတော်ကြီး သုံးပါးအား လာရောက်နှုတ်ဆက်ကြသည်။ ရှောင်လင်ဘုရားကျောင်း၊ ကျောင်းထိုင်ဆရာတော်ကြီး ခုံးဝန်မှာ လွန်စွာ စိတ်တည်ငြိမ်ပြီး မာန်မာန မရှိချေ။ ဆရာတော်သည် ဝါကြီးဝါငယ်မရွေး လာရောက်နှုတ်ဆက်သူတိုင်းကို ပြန်၍ နှုတ်ဆက်စကား ပြောဆိုနေလေသည်။ အချိန်ခဏအကြာတွင်ပင် အားလုံးနှုတ်ဆက်ပြီးစီးသွားကြသည်။ ထို့နောက် ကျောင်းထိုင်ဆရာတော်ကြီး ခုံးဝန် ဂ ကဲ်ဖက်ရည်ကြမ်းတစ်ခွက်သောက်ပြီးသောအခါ ဆရာတော်ကြီးက –



"ဆရာကြီး ကျန်းဆန်းဖုန်း၊ ဘုန်းကြီးက ဂါတော်နဲ့ပဲ ကြည့်ကြည့်၊ သက်တော်နဲ့ပဲ ကြည့်ကြည့် ဆရာကြီးက ငယ်ပါတယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ ဘုန်းကြီးက ပြောစရာ စကားတချို့ရှိလို့ ဘွင်းဘွင်းပဲပြောချင်တယ်၊ စိတ်မရှိပါနဲ့" ဟု စတင်မြွက်ဟလေသည်။

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းမှာ မူလကပင် ပျော်ပျော်နေတတ်ပြီး ဘာမျှ အစွဲအလမ်းကြီးသူ မဟုတ်၍ ရယ်ပြုံးကာဖြင့် –

"ဘုန်းတော်ကြီးသုံးပါးက ကျုပ်ရဲ့တပည့် ကျန်းရွှေးအတွက်နဲ့ ကြွလာတာ ထင်တယ်" ဟု ပြန်လှန်မေးလိုက်လေသည်။ ခုံးဝန်ဆရာတော်က –

"ဟုတ်ပါတယ်၊ ဘုန်းကြီးတို့က ကျန်းရွှေးဆန်းကို မေးစရာအကြောင်းနှစ်ခု ရှိပါတယ်၊ ပထမအချက်ကတော့ ကျန်းရွှေးဆန်းက ဘုန်းကြီးတို့ရဲ့ဂိုဏ်းသား တည်ထောင်ခဲ့တဲ့ ရွှေငါးအာမခံဌာနက လူတွေကို အားလုံးသတ်ပြီး ဘုန်းကြီးတို့ရဲ့ ဂိုဏ်းသားခြောက်ယောက်ကိုလဲ သတ်ခဲ့တယ်၊ အဲဒီကိစ္စကို ဘယ်လိုရှင်းမလဲ၊ ဒုတိယအချက်ကတော့ ဘုန်းကြီးရဲ့ဂိုဏ်းဝင်အစ်ကို ခုံးကျက်ကို ရှက်စွန်းက သတ်ခဲ့ပါတယ်၊ အခု ကျန်းရွှေးဆန်းက ရှက်စွန်း ဘယ်မှာရှိနေတယ်ဆိုတာ သိသူမို့လို့ လာမေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းက ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး–

"ဆရာတော်ဘုရား–ရွှေငါးအာမခံဌာနနဲ့ ရောင်လင်ဂိုဏ်းသားတွေအားလုံးကို တပည့်တော်သတ်တာ မဟုတ်ပါဘူး၊ တပည့်တော်က ဆရာ့ရဲ့ဆုံးမစကားကို မြေဝယ်မကျ နားထောင်ခဲ့ပါတယ်၊ ဒါကြောင့် တပည့်တော်က မုသားစကား မပြောရဲပါဘူး၊ ဒီလူတွေ အားလုံးကို သတ်တဲ့လူက ဘယ်သူဆိုတာ တပည့်တော်သိပါတယ်၊ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မပြောပြချင်ပါဘူး၊ ဒုတိယအချက်ကတော့ ဆရာတော်ကြီး ခုံးကျက် ပျံလွန်တော်မူတာကို လူတိုင်း စိတ်မကောင်းဖြစ်ကြပါတယ်၊ ဒါပေမယ့်ရှက်စွန်းဟာ တပည့်တော်နဲ့ ညီအစ်ကိုတော်ထားပါတယ်၊ ရှက်စွန်း အခု ဘယ်မှာရှိတယ်ဆိုတာကို တပည့်တော်သိပေမယ့် တပည့်တော်က သစ္စာဖောက်ပြီး ဖွင့်ပြောမှာ မဟုတ်ပါဘူး၊ တပည့်တော်ရဲ့အသက်သာ အသေခံပါ့မယ်၊ တပည့်တော် အစ်ကိုကြီးရဲ့ နေရပ်ကိုတော့ ဖွင့်ပြောလိမ့်မယ် မဟုတ်ပါဘူး၊ အခု ဒီကိစ္စမှာလဲ တပည့်တော်ရဲ့ဆရာ၊ တပည့်တော်ရဲ့ ဂိုဏ်းတူ ညီအစ်ကိုတွေနဲ့ မဆိုင်ပါဘူး၊ ဒါကြောင့် ဆရာတော်ဘုရားတို့က ဖြေရှင်းချင်ရင်တပည့်တော် တစ်ယောက်တည်းနဲ့ပဲ ဖြေရှင်းတော်မူကြပါ"

ကျန်းချွေးဆန်း၏ လျှောက်ထားချက်မှာ လွန်စွာတည်ကြည်ခန့်ညားလှပေသည်။ ခုံးဝန်ဆရာတော်က ကျန်းချွေးဆန်း၏ လျှောက်ထားချက်များကို ကြားတော်မူသော် ဘုရားစာ တစ်ချက်မျှ ရွတ်ပြီး စိတ်ထဲတွင်...



"အိန်း...သူ့စကားက အမှန်တွေလိုပဲ၊ ဒီလိုဆိုရင် ဘယ်လိုဆက်လုပ်ရမှာပါလိမ့်"ဟု တွေးနေမိလေ၏။

ယင်းအချိန်တွင်ပင် ရုတ်တရက် ပြတင်းပေါက် အပြင်ဘက်ဆီမှ ကလေးငယ် တစ်ဦး၏ "ဖေဖေ"ဟု အော်လိုက်သံကို ကြားလိုက်ရ၏။ ကျန်းချွေးဆန်း အလွန် တုန်လှုပ်သွား၏။ ယင်း "ဖေဖေ" ခေါ်သံမှာ သူ့သား ကျန်းဟူကျင်း၏ အသံပင် ဖြစ်၏။ ထို့ကြောင့် သူက..,

"သားလေး...မင်း ပြန်လာပြီလား"ဟု ပြန်အော် ပြောလိုက်၏။ ပြီးလျှင် ကမန်းကတန်းဖြင့် ခန်းမဆောင် အပြင်ဘက်သို့ ပြေးထွက်သွား၏။

ယင်းအချိန်တွင် လက်သီးဘုရင်ဂိုဏ်းမှ လူများက တံခါးပေါက်ဝတွင် ရှိနေကြရာ ကျန်းချွေးဆန်း ထွက်ပြေးတော့မည်ဟု ဝိုင်းဝန်းတားဆီးထားကြလေ၏။ ကျန်းချွေးဆန်းသည် သားကို တွေ့ချင်ဇော ကြီးနေရာ သူက စကားမျှ ပြန်မပြောနိုင်တော့ဘဲ လက်နှစ်ဘက်ကိုသာ နံဘေးသို့ ရိုက်ထုတ်လိုက်လေ၏။

ထိုအခါ လက်သီးဘုရင်ဂိုဏ်းမှ ဂိုဏ်းသားနှစ်ယောက် ဘေးနှစ်ဘက်ဆီသို့ လွင့်ထွက် လဲကျသွားကြရလေသည်။ ထို့နောက် ကျန်းချွေးဆန်း ပြတင်းပေါက် အပြင်သို့ ရောက်သော် ထိုဝန်းကျင်တွင် လူရိပ်လူယောင်ပင် မတွေ့ရပါတော့ချေ။

"သားလေး ကျန်းဟူကျင်း"

သူက သံကုန်ဟစ်၍ အသံပြုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ဘက်မှ ပြန်ထူးသံ လုံးဝ မကြားရပါချေ။

ထိုအခါ ကျန်လူများသည် ကျန်းချွေးဆန်း ထွက်ပြေးသွားခြင်း မဟုတ်ကြောင်းသိ၍ နေရာတွင် ရပ်လျက် အခြေအနေကို စောင့်ကြည့်နေကြလေ၏။

ထိုအခိုက် ချင်တူးတူးသည် အနောက်ဘက်ခန်းတွင် နေနေရာမှ ခင်ပွန်းသည်ဖြစ်သူ ကျန်းချွေးဆန်းက သားလေး၏ အမည်ကို ခေါ်သံကြားသဖြင့် ဝမ်းသာအားရ ပြေးထွက်လာပြီး...

"သား...သားလေး ပြန်လာပြီ"ဟု ဝမ်းပန်းတသာ အော်ပြောရှာသည်။ ကျန်းချွေးဆန်းက...

"အစ်ကို စောစောက သားလေးရဲ့ အသံကို ကြားလိုက်ရသလိုပဲ တူးတူး၊ ဒါပေမယ့် အစ်ကို ပြေးထွက်ကြည့်တော့ ဘာမှ မတွေ့ရတော့ဘူးကွယ်"

ချင်တူးတူး စိတ်ပျက်သွား၏။ အသံတိုးတိုးဖြင့်လည်း...

"ကေ့န္တ အစ်ကိုက သားလေးကို သတိရလွန်းပြီး နားကြားမှားသွားတာ ထင်ပါရဲ့"ဟု ဆိုလေ၏။

ကျန်းချွေးဆန်း ခဏတာမျှ တွေဝေ ငေးကြောင်သွားပြီးနောက် ခေါင်းကို ခါယမ်းလျက်...

"အစ်ကို မမှားနိုင်ပါဘူး၊ သားလေးရဲ့ အသံကို အသေအချာ ကြားလိုက်ရတာပါ"

သူက ထိုမျှသာပြောပြီး ချင်တူးတူး ဒေါသည်များနှင့် တွေ့လျှင် ပြဿနာ များလာမည်စိုးသောကြောင့်...

"ကဲ...တူးတူး၊ မင်း အထဲကို ပြန်ဝင်သွားတော့"ဟု



စကားစကို ဖြတ်လိုက်လေ၏။ ထို့နောက် ကျန်းချွေးဆန်းသည် ခန်းမဆောင်ထဲသို့ ပြန်ဝင်လာပြီး ခုံးစန်ဆရာတော်ကြီးအား အရှိအသေပေးလျက်...

"တပည့်တော်က သားလေးကို သတိရလွန်းလို့ အခုလို အမှုအရာ ပျက်ယွင်းသွားတာ ခွင့်လွှတ်ပါဘုရား"ဟု လျှောက်ထားလေ၏။

ခုံးကျိ ဆရာတော်က...

"ကျန်းချွေးဆန်း၊ မင်းက မင်းရဲ့ သားလေးအတွက် ဒီလောက်တောင် ရူးရူးမူးမူး ဖြစ်ရသေးတာပဲ၊ ရက်စွန်း သတ်ခဲ့တဲ့ လူတွေ ဒီလောက်များတဲ့ အထဲမှာလဲ မိဘ၊ သားသမီး မရှိတော့ဘူးလား"

ခုံးကျိ ဆရာတော်ကြီးမှာ ခန္ဓာကိုယ် သေးသေးညှက်ညှက်မျှသာ ဖြစ်သော်လည်း အသံမှာမူ လွန်စွာ ဩဇာသြောင်းလှ၏။ ထို့ကြောင့် ကျန်းချွေးဆန်း ဘာပြန်လည်ဖြေကြားရမည်မှန်းပင် မသိတော့ချေ။

ထိုအခါ ခုံးဝန် ဆရာတော်ကြီးက ရုတ်တရက် သိုင်းဆရာကြီး ကျန်းဆန်းဖုန်းဘက်သို့ လှည့်၍...

"ဆရာကြီးက ဒီနေ့ ဒီကိစ္စကို ဘယ်လိုရှင်းဖို့ စိတ်ကူးသလဲ"ဟု မေးလေ၏။

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းက...

"တပည့်တော်ရဲ့ တပည့်လေးက တခြားနေရာမှာ မထူးချွန်ပေမယ့် သူက ဆရာသမားကိုတော့ မလိမ်ညာရပါဘူး၊ သူက

www.burmeseclassic.com

www.burmeseclassic.com



ရွှေငါးအာမခံဌာနက လူတွေကို သတ်တာ မဟုတ်ဘူးလို့ ပြောခဲ့တဲ့နောက် သူသတ်တာ မဟုတ်ပါဘူး၊ ရှက်စွန်းရဲ့ နေရပ်ကိုတော့ သူသိပါတယ်၊ ဒါပေမယ့် သူက မပြောပြချင်လို့တဲ့”

ထိုအခါ ခုံးကျိုဆရာတော်ကြီးမှာ ဒေါသတကြီးဖြင့် စားပွဲခုံကို လက်ဝါးဖြင့် ဗြန်းခနဲ ရိုက်လိုက်ရာ စားပွဲခုံ ခြေလေးချောင်းစလုံး ကျိုးသွားပြီး စားပွဲမျက်နှာပြင်မှာလည်း ကြေမွသွားလေတော့၏။ ဆရာတော်ကြီး၏ လက်ဝါးစောင်းအားမှာ အမှန်ပင် ကြောက်စရာကောင်းလှသည်။ ထို့နောက် ဆရာတော်ကြီးက အော်၍...

“ကောင်းပြီ၊ ဆရာကြီး ကျန်းဆန်းဖုန်းရဲ့ သိုင်းပညာက သိပ်ကောင်းတယ်လို့ သိုင်းလောကမှာ ကျော်ကြားနေတာ ကြာပါပြီ၊ ဆရာတော်တို့လဲ ဟုတ်သလား၊ မဟုတ်သလား မသိရပါဘူး၊ ဒါကြောင့် ဒီနေ့တော့ သိုင်းလောက လူတွေအားလုံး ရှေ့မှောက်မှာ ကျုပ်တို့က ဆရာကြီးနဲ့ သိုင်းပညာချင်း ဖလှယ်ချင်ပါတယ်”ဟု မြွက်ဆိုလေသည်။

ဆရာတော်ကြီး ခုံးကျိုထံမှ ထိုစကားများ ပွင့်အန်ထွက်လာသည်နှင့် တစ်ပြိုင်နက် ခန်းမဆောင် တစ်ခုလုံးရှိ လူများလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြရလေတော့၏။

မှန်ပါ၏။ ကျန်းဆန်းဖုန်း၏ အသက်မှာ ယခုဆိုလျှင် စိတ်တစ်ရာ တင်းတင်းပြည့်ပြီဖြစ်သည်။ သူနှင့် သိုင်းပညာ ယှဉ်ပြိုင်ဘက်များ သူ့လောက် မည်သူမျှ အသက်မရှည်ခဲ့ကြပေ။ ထို့ကြောင့် ကျန်းဆန်းဖုန်း၏ သိုင်းပညာ မြင့်မားကြောင်း



ကြားသိသူ များလှသော်လည်း အဘယ်ရွေ့ အဘယ်မျှ မြင့်မားနက်ရှိုင်းကြောင်းကိုမူ မည်သူမျှ အသေအချာ အကျအန မသိကြပါချေ။ သို့သော် သူ့တပည့် ခုနစ်ယောက်၏ သိုင်းပညာက အစွမ်းထက်မြက်လှပေရာ ဆရာဖြစ်သူ၏ ပညာမှာမူ အထူးပြောပြဖွယ်ရာ မရှိတော့ဟူ၍သာ ယေဘုယျ သိရှိနားလည်ထားကြလေ၏။

ယခုမူ ရှောင်လင်ဂိုဏ်းမှ ဘုန်းတော်ကြီး သုံးပါးက နာမည်ကြီးလှသော ကျန်းဆန်းဖုန်းအား လူပုံအလယ်တွင် တဲ့တိုး စိန်ခေါ်လိုက်သည်ကို တွေ့ရပြီဖြစ်ရာ ခန်းမဆောင်အတွင်းရှိ လူအားလုံး၏ စိတ်နှလုံးကို လျှပ်ကိုင်ရမ်းလိုက်သကဲ့သို့ အလျှပ်ရှားကြီး လှုပ်ရှားသွားစေပါတော့၏။ သူတို့အားလုံး၏ စိတ်ထဲတွင် ဤလို ပွဲကြီးပွဲကောင်းမျိုး ဤတစ်သက်တွင် တစ်ခါပင် တွေ့ရခဲဘိခြင်းဟု နားလည်သွားစေ၏။ ထို့ကြောင့် ခန်းမဆောင်အတွင်းရှိ လူအားလုံးသည် စိန်ခေါ်ခြင်း ခံရသူ သိုင်းဆရာကြီး ကျန်းဆန်းဖုန်းအား ကြည့်လိုက်ကြလေသ၏။

ကျန်းဆန်းဖုန်းမှ အပြုံးမပျက်ချေ။

စိန်ခေါ်ခံရခြင်းအတွက် မည်သို့မျှ စကားတုံ့ပြန်ခြင်း မပြုဘဲ ခပ်ပြုံးပြုံးရှင်ရှင် အမူအရာဖြင့်ပင် နေနေလေ၏။ ထိုအခါ ခုံးဝန် ဆရာတော်ကြီးက...

“ဆရာကြီးရဲ့ သိုင်းပညာက သိပ်မြင့်မားလို့ ဘုန်းကြီးတို့ သုံးပါးက ဆရာကြီးကို ယှဉ်နိုင်မယ် မထင်ပါဘူး၊ ပြီးတော့ ဆရာကြီးက ဘုန်းကြီးတို့ထက် ဝါနှစ်ဝါလောက် ပိုကြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတို့က ဆရာကြီးနဲ့ တစ်ယောက်ချင်း ယှဉ်ပြိုင်ရင် ဆရာကြီးကို မရှိမသေ မလေးစားရာ ကျပါလိမ့်မယ်၊ ဒါကြောင့် ဘုန်းကြီးတို့ သုံးပါးက စုပေါင်းပြီး ဆရာကြီးနဲ့ ယှဉ်ပြိုင်ချင်ပါတယ်"

အားလုံးက ခုံးဝန်ဆရာတော်၏ စကားကို ကြားသော် စိတ်ထဲတွင်...

"တယ်... အပြောကောင်းတဲ့ ဘုန်းတော်ကြီးပါလား၊ လက်စသတ်တော့ ဘုန်းကြီးတွေက သုံးပါးစလုံး ပေါင်းတိုက်ခိုက်ဖို့ စိတ်ကူးနေတာကိုး၊ ကျန်းဆန်းဖုန်းက သိုင်းပညာတော်ပေမယ့် အသက်အရွယ် ကြီးရင့်နေတော့ သိုင်းအားလည်း ဆုတ်ယုတ်နေမှာ သေချာတယ်၊ ဒီတော့ ရှောင်လင်ဘုန်းတော်ကြီး သုံးပါး ဝိုင်းတိုက်ခိုက်တာကို ဘယ်ခံနိုင်မှာလဲ"ဟု စဉ်းစားနေကြ၏။ ထိုစဉ် ချို့ရှင်ချောင်းက ရုတ်တရက် မတ်တတ်ရပ်၍...

"ဒီနေ့ဟာ ဆရာကြီးရဲ့ နှစ်တစ်ရာမြောက် မွေးနေ့၊ ဒါကြောင့် ဆရာက ဘယ်သူနဲ့မှ မတိုက်ခိုက်ပါဘူး"

ချို့ရှင်ချောင်း၏ စကားကိုကြားသော် အားလုံးက...

"ဟူတန်းဂိုဏ်းတော့ ကြောက်သွားပြီ"ဟု ထင်လိုက်ကြ၏။

သို့သော် ချို့ရှင်ကျောင်းက ဆက်၍...

"ဆရာတော်ကြီးသုံးပါး မြွက်ကြားသလိုပါပဲ၊ ဆရာကြီးက ဘုန်းတော်ကြီးတို့ထက် ဝါပိုကြီးတော့ တကယ်လို့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရင် သိုင်းလောကက လူတွေက ဆရာကြီးကို အနိုင်ကျင့်တယ်လို့ အပြစ်တင်ကြပါလိမ့်မယ်၊ ဒါပေမယ့် အခု



ရှောင်လင်ဂိုဏ်းက စိန်ခေါ်လိုက်တယ်ဆိုတဲ့ နောက်တော့ တပည့်တော်တို့ ဟူတန်းခုနစ်ဖော်ကလဲ မလွှဲမရှောင်သာ ရှောင်လင်ဂိုဏ်းရဲ့ ဦးပဉ္စင်း တစ်ဆယ့်နှစ်ပါးနဲ့ ယှဉ်ပြိုင်ပါရစေ"ဟု ပြောလိုက်၏။

အားလုံးက ချို့ရှင်ချောင်း၏ စကားအဆုံးသတ်ကို ကြားသော် ရုတ်ရုတ်သဲသဲ ဖြစ်လာကြပြန်၏။

မှန်ပါသည်။

ခုံးဝန်၊ ခုံကျို၊ ခုံးရှန့် ဘုန်းတော်ကြီး သုံးပါးတွင် တပည့်ဦးပဉ္စင်း လေးပါးစီ ပါလာကြ၏။ ထို့ကြောင့် အားလုံးပေါင်းလိုက်လျှင် တပည့် ဦးပဉ္စင်း တစ်ဆယ့်နှစ်ပါးဖြစ်၏။ သို့သော် အားလုံးက ဟူတန်းခုနစ်ဖော်တွင် ရီကိုက်ရှင်တစ်ယောက် မလှုပ်နိုင် မရှားနိုင်သော ဒုက္ခိတဖြစ်နေ၍ ဟူတန်းခြောက်ဖော်သာ ရှိသည်ဟု နားလည်ထားကြ၏။

ချို့ရှင်ချောင်းလည်း ယင်းအခြေအနေကို အသေအချာ တွက်ဆပြီးမှ ပြောလိုက်ခြင်းပင် ဖြစ်၏။ သူတို့သည် ရှောင်လင်ဘုန်းတော်ကြီး သုံးပါးနှင့် တစ်ဦးချင်း တိုက်ခိုက်လျှင် သူနှင့် ရီလင်တန်းသာ လက်ရည်တူ တိုက်ခိုက်နိုင်ပေမည်ဖြစ်ပြီး ကျန်ဂိုဏ်းတူညီများမှာမူ ရှုံးနိမ့်မည် သေချာနေ၏။

ထို့ကြောင့် သူက သူတို့ဂိုဏ်းတူ ညီအစ်ကို ခြောက်ယောက်ပေါင်း၍ ရှောင်လင် ဘုန်းတော်ကြီး သုံးပါး၏ တပည့် ဆယ့်နှစ်ယောက်နှင့် တိုက်ခိုက်ရန် တောင်းဆိုလိုက်ခြင်းပင် ဖြစ်ပါ၏။ သူတို့သည် ဤရှောင်လင်ဘုန်းတော်ကြီးများ၏

www.burmeseclassic.com



တပည့် ဦးပဥ္စင်း ဆယ့်နှစ်ပါးအား အနည်းငယ်မျှ မကြောက်ချေ။ သူတို့ ဟူတန်းခြောက်ဖော်က အလွယ်နှင့် နိုင်မည်ဟု ယုံကြည်ထား၏။ ထိုအခါ ခုံးဝန်ဘုန်းတော်ကြီးက…

"ဆရာကြီး ကျန်းဆန်းဖုန်းက သိုင်းပညာကို မဖလှယ်ချင်ဘူးဆိုရင်တော့ ဘုန်းကြီးရဲ့ တပည့်ခြောက်ယောက်နဲ့ ဟူတန်းခြောက်ဖော် ယှဉ်ပြိုင်ကြရမှာပဲပေါ့"

"ခြောက်ဖော် မဟုတ်ပါဘူး၊ ခုနစ်ဖော်ပါ"

ချိုရှင်ချောင်းက ကြားဖြတ်ဆိုသည်။

ခုံးကို ဆရာတော်က ရုတ်တရက် လန့်ဖျပ်သွားပြီး…

"ဘာလဲ၊ ဆရာကြီး ကျန်းဆန်းဖုန်းလဲ ပါမလို့လား"ဟု ပြန်မေးလေ၏။ ချိုရှင်ချောင်းက….

"မဟုတ်ပါဘူး၊ တပည့်တော်ရဲ့ ဂိုဏ်းတူညီ ရီတိုက်ရှင်က တစ်ကိုယ်လုံး မလှုပ်ရှားနိုင်ပါဘူး၊ သူ့မှာ တပည့်လဲ မရှိပါဘူး၊ ဒါပေမယ့် အခုလို ဟူတန်းဂိုဏ်းအတွက်အရေးအကြီးဆုံး အချိန်မှာ တပည့်တော်က သူ့ကို လူစားတစ်ယောက် ရှာခိုင်းမှာပါ၊ ဒါကြောင့် ဟူတန်းခုနစ်ဖော်က ရှောင်လင်ဂိုဏ်းက ဘုန်းတော်ကြီးတွေရဲ့ ခြောက်ယောက်ပဲဖြစ်ဖြစ်၊ ခုနစ်ယောက်ပဲဖြစ်ဖြစ်၊ တစ်ဆယ့်နှစ်ယောက်ပဲဖြစ်ဖြစ် ယှဉ်ပြိုင်တိုက်ခိုက်မယ်လို့ ဆိုတာပါ"

ခုံးဝန် ဆရာတော်က အသေအချာ စဉ်းစားပြီးနောက်…

"ကောင်းပြီ၊ ဘုန်းကြီးတို့ ရှောင်လင်ဂိုဏ်းက ဟူတန်းခုနစ်ဖော်နဲ့ တိုက်ခိုက်မယ်"ဟု နောက်ဆုံး မိန့်မြွက်လေတော့သည်။



ရီလင်တန်းနှင့် ကျန်းဆုံကျိုးတို့ အားလုံးက ချိုရှင်ချောင်း၏ စကားပရိယာယ်ကို ကောင်းစွာ သဘောပေါက်ကြ၏။ အမှန်မူ ကျန်းဆန်းဖုန်းတွင် အလွန်ကျေနပ် အားရဆုံးသော သိုင်းပညာ တစ်မျိုးရှိ၏။ ယင်းမှာ ခုနစ်စင်ကြယ် ဓားသိုင်းကွက်ပင် ဖြစ်သည်။ ဤသိုင်းပညာမှာ အားလုံး ခုနစ်မျိုးစီရှိရာ ကျန်းဆန်းဖုန်းက သူ့တပည့် ခုနစ်ယောက်အား သီးခြားစီ သင်ကြားပေးထား၏။ ဤသိုင်းပညာ၏ ထူးခြားချက်မှာ အကယ်၍ ဤသိုင်းပညာကို နှစ်ယောက်ပေါင်း၍ တိုက်ခိုက်လျှင် အင်အားမှာ တစ်ဆ ပိုကြီး၏။ သိုင်းသမား လေးယောက် တစ်ပြိုင်တည်း တိုက်ခိုက်နေသကဲ့သို့ပင်။ အကယ်၍ လေးယောက် စုပေါင်း တိုက်ခိုက်လျှင် ရှစ်ယောက်တိုက်ခိုက်သော အင်အားနှင့် ညီမျှ၏။ ငါးယောက်တိုက်ခိုက်လျှင် ဆယ်ယောက်နှင့် ညီမျှပြီး ခြောက်ယောက်ဆိုလျှင်မူ တစ်ဆယ့်နှစ်ယောက်၊ ခုနစ်ယောက် တိုက်သော် တစ်ဆယ့်လေးယောက်နှင့် ညီမျှလေ၏။ ထို့ကြောင့် ဤသိုင်းပညာကို ဟူတန်း ခုနစ်ဖော်တို့က ပေါင်းစု တိုက်ခိုက်လျှင် မည်သူ့ကိုမျှ ကြောက်ရန်မလိုတော့။

ယခု ရှောင်လင် ဘုန်းတော်ကြီး သုံးပါးပါ သူတို့အား ပါဝင်တိုက်ခိုက်မည်ဖြစ်ရာ ဟူတန်းခုနစ်ဖော်သည် ဤသိုင်းပညာကို နောက်ဆုံး အရေးပေါ် သိုင်းပညာအဖြစ် ထည့်သုံးရတော့မည် ဖြစ်ပါ၏။ ချိုရှင်ချောင်းက ခုံးဝန် ဆရာတော်ထံမှ သဘော တူကြောင်း ကြားရသော်…

"ဒီလိုဆိုရင် ဆရာတော်ကြီးတို့ ဒီမှာပဲ ခဏ စောင့်ဆိုင်း

www.burmeseclassic.com



နေတော်မူပါ၊ တပည့်တော်က ရိုက်တိုက်ရှင်အတွက် လူစားရှာပြီး ဟူတန်းခုနစ်ဖော်ဖြစ်အောင် ဖြည့်ဆည်းလိုက်ပါ့မယ်"

ထို့နောက် ချိုရှင်ချောင်းသည် ချက်ချင်းပင် သူ့ဂိုဏ်းတူညီများ အားလုံးကို ခေါ်၍ အတွင်းဘက် အခန်းသို့ လျှောက်ဝင်သွားလေသည်။ အခန်းထဲသို့ ရောက်လျှင် ရောက်ချင်း မော်ကုဆန်းက...

"အစ်ကိုကြီး၊ အခု ကျွန်တော်တို့ ခုနစ်စင်ကြယ် သိုင်းကွက်နဲ့ ရှောင်လင်ဂိုဏ်းကို ယှဉ်ပြိုင်မယ်ဆိုတော့ ဘယ်သူ့ကို အစ်ကို ရိုက်တိုက်ရှင်ရဲ့ နေရာအတွက် အစားထိုးမှာလဲ"ဟု မေးလေသည်။

ချိုရှင်ချောင်းက...

"ဒီကိစ္စကို တို့တွေ အခုပဲ ဆုံးဖြတ်ရမှာပေါ့ ညီလေး၊ အခု ငါတို့ ဒီလိုလုပ်ကြမယ်လေ၊ ကိုယ် အစားထိုးစေချင်တဲ့ လူရဲ့ နာမည်ကို ကိုယ့်ဘာသာကိုယ် စဉ်းစားပြီး လက်ဝါးပြင်ပေါ်မှာ ရေးထိုးလိုက်၊ နောက်မှ ဖွင့်ကြည့်ကြမယ်"

ထိုအခါ မော်ကုဆန်းက သူ အစားထိုးစေချင်သူ၏ နာမည်ကို ဦးစွာ ရေးသည်။ နောက် ကျန်လူများက လက်ဝါးတွင် အသီးသီး နာမည်တစ်ခုစီ ရေးကြလေတော့သည်။ ထို့နောက်တွင် ချိုရှင်ချောင်းက သူ့လက်ဝါးကို ဦးစွာဖွင့်၏။ ထိုအခါ "ချင်တူးတူး"၏ အမည် ရေးထိုးထားသည်ကို တွေ့ရ၏။



ရိုလင်တန်းနှင့် ကျန်းဆုံကျီး၏ လက်ဝါးပြင်တွင်လည်း ချင်တူးတူး၏ အမည်ကိုပင် ရေးထားကြ၏။ ကျန်းချွေးဆန်း ကိုယ်တိုင်လည်း သူ့ဇနီး၏ နာမည်ကိုသာ ရေးထားပြီး မော်ကုဆန်းလည်းချင်တူးတူးပင်။ သို့သော် ချင်လိရှန် တစ်ယောက်တော့မူ သူ့လက်သီးကို အတင်းဆုပ်ထားပြီး မျက်နှာတစ်ခုလုံး နီရဲလျက် ရှိလေ၏။ သူက သူ့လက်ဝါးကို ဖြန့်မပြချေ။ မော်ကုဆန်းက...

"အံ့ရော...တို့အစ်ကိုက ဘာရေးထားလို့လဲ၊ ပြစမ်း... ပြစမ်း"

မော်ကုဆန်းက အတင်းပင် ချင်လိရှန်၏ လက်ဝါးကို ဖြန့်ကြည့်လိုက်သော အခါတွင်မူ ချင်လိရှန်၏ လက်ဝါးကွင်း ချင်လိရှန်နှင့် စေ့စပ်ထားသော မိန်းကလေး ကျိုရှောင်မူ၏ နာမည်ကို ရေးထားထားသည်ကို တွေ့ရလေတော့၏။

ကျန်းချွေးဆန်းမှာ ထိုအဖြစ်ကြောင့် လွန်စွာ စိတ်လှုပ်ရှားသွား၏။ သူက ချင်လိရှန်၏ လက်ကို ဆုပ်ကိုင်ရင်း "ညီလေး"ဟု တစ်ချက် အော်လိုက်မိသည်၊ အားလုံးက ချင်လိရှန်၏ စိတ်ရင်းစေတနာကို သိကြ၏။

ချင်လိရှန်သည် ချင်တူးတူးမှာ ယခု နေထိုင်ကောင်းကာစ ဖြစ်၍ အပြင်းအထန် တိုက်ခိုက်လျှင် ခံနိုင်ရည် မရှိမည်ကို

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်နေ၏။ ထို့ကြောင့် သူ ချစ်ရပါသော ဧနီးလောင်း ကျိုးရောင်မှုကို ခေါ်ထုတ်ပြီး ကူညီရန် စိတ်ကူးထားမိခြင်းပင် ဖြစ်သည်။ ထိုစဉ် ချိုရွှင်ချောင်းက...

"ကဲ...အခု အားလုံးက ညီမလေး ချင်တူးတူးကို ရွေးခြယ် ချင်ကြတယ်ဆိုတော့ ညီလေး ကျန်းချွေးဆန်း မင်းက မင်းရဲ့ ဧနီးကို သွားခေါ်ချေ"ဟု ဆိုလေသည်။

ကျန်းချွေးဆန်းက သူ့အိပ်ခန်းထဲသို့ သွားပြီးလျှင် ချင်တူးတူးကို ခေါ်ထုတ်ခဲ့ပြီး အခြေအနေ အရပ်ရပ်ကို ရှင်းပြလိုက်လေသည်။

❑

# အခန်း(၂၈)

www.burmeseclassic.com

www.burmeseclassic.com

## ရေ့ခဲလက်ဝါး

ထိုအခါ ချင်တူးတူးက သက်ပြင်းချရင်း...

"အာမခံဌာနက လူတွေနဲ့ ရှောင်လင်ဘုန်းကြီးတွေကို သတ်တာ ကျွန်မပါပဲ၊ အခုတော့ ကျွန်မအတွက်နဲ့ အခုလို အစ်ကိုတို့ အားလုံး ဒုက္ခရောက်ရတဲ့ အဖြစ်ကတော့ စိတ်မကောင်းစရာပါပဲ၊ အခု ကျွန်မ သူတို့ကို မျက်ခုံးဖြူဂိုဏ်းမှာ သွားရှင်းဖို့ ပြောလိုက်မယ်လေ၊ ကျွန်မ ဖေဖေက ကျွန်မအတွက် ဖြေရှင်းပေးမှာ သေချာတယ်"

ကျန်းဆုံကျီးက...

"ညီမလေး ချင်တူးတူး၊ အခုကိစ္စက ဒီအထိ အခြေအနေ ရောက်လာတော့မှ ခွဲခြားနေဖို့ မလိုတော့ပါဘူး၊ သူတို့ ဒီနေ့ ဟူတန်းကို ရောက်လာတာဟာ တကယ်တော့ ဒီ အာမခံဌာနက လူတွေအတွက်က အဓိက မဟုတ်ဘူး၊ ရှုက်စွန်းကို ရှာချင်တာက

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အဓိကာ၊ ရှုက်စွန်းကို ရှာချင်တဲ့ အကြောင်းကလဲ နဂါးနိုင်ဓားကို လိုချင်တာက အဓိကပဲညီမလေး”ဟု ဆိုသည်။

ချင်တူးတူးက…

“ဒီလိုဆိုရင် အစ်ကိုကြီးတို့ စိမံသလို ကျွန်မ လိုက်နာပါ့မယ်၊ ဒါပေမယ့် ကျွန်မရဲ့ သိုင်းပညာက အဆင့်နိမ့်တော့ ဗြုန်းစားကြီး သင်ပေးလို့ တတ်ပါ့မလား၊ ခုနစ်စင်ကြယ် သိုင်းကွက်ရဲ့ အနှစ်သာရကို နားလည်နိုင်မပါ့မလား”ဟု မေးလေသည်။

ချို့ရှင်ချောင်းက…

“ဒီအတွက် စိတ်မပူပါနဲ့၊ ညီမလေးက လျှို့ဝှက်လက်နက် ပစ်တာ တော်တယ်ဆိုတော့ တိုက်ရင်းခိုက်ရင်း လျှို့ဝှက် လက်နက်ကို သုံးရင် ဒီသိုင်းကွက်က ပိုပြီး ထိရောက်ပါတယ်”

တကယ်တော့ ဂိုဏ်းတူညီများက ချို့ရှင်ချောင်း၏ သဘောရင်းကို သိနေကြ၏။ သူသည် ဤကဲ့သို့ ချင်တူးတူးအား ဝင်ရောက် တိုက်ခိုက်စေခြင်းမှာ ရီတိုက်ရှင်တစ်ယောက် စိတ်လက်ပျော်ရွှင်စေရန် ရည်ရွယ်၍ပင် ဖြစ်၏။ အမှန်မှု ဤရှောင်လင်ဘုန်းကြီးများကို သူတို့ ဟူတန်းခြောက်ယောက် တိုက်ခိုက်လျှင်ပင် အပြတ်အသတ် နိုင်နိုင်သော အခြေအနေ ရှိလေသည်။ သို့သော် သူတို့ ဟူတန်းခြောက်ဖော်သာ အသုံးပြုလျှင် ရီတိုက်ရှင်တစ်ယောက် ပါဝင် တိုက်ခိုက်နိုင်ခြင်း မရှိသဖြင့် စိတ်လက်ပျော်ရွှင်နိုင်မည် မဟုတ်ချေ။ ယနေ့သည် ဤခုနစ်စင်ကြယ် သိုင်းပညာကို ပထမဦးဆုံးအကြိမ် အသုံးပြုခြင်းလည်း ဖြစ်ရာ ရီတိုက်ရှင်ကိုယ်စား ချင်တူးတူးကို အစားထိုးပြီး



အမြန်ဆုံး သင်ပေးပြီး တိုက်ခိုက်စေခြင်းဖြင့် အနိုင်ရသော အချိန်တွင် ရီတိုက်ရှင်လည်း မိမိကိုယ်တိုင် ဝင်ရောက်တိုက်ခိုက် သကဲ့သို့ ခံစားစေချင်သော စေတနာ အရင်းခံဖြင့် ချို့ရှင်ချောင်းက စီစဉ်လိုက်ရခြင်းပင် ဖြစ်လေသည်။

ချင်တူးတူးလည်း လွန်စွာ ပါးနပ် လိမ္မာသူဖြစ်၍ ထိုသဘောကို ချက်ချင်း နားလည် သဘောပေါက်သွား၏။ ထို့ကြောင့် ချင်တူးတူးက…

“ကောင်းပြီလေ၊ ကျွန်မက အစ်ကိုရီတိုက်ရှင်ဆီမှာ အခုပဲသွားသင်လိုက်ပါ့မယ်၊ ဒါပေမယ့် ကျွန်မ ခံနိုင်ရည် ရှိပါ့မလား မပြောတတ်ဘူး”

ချင်လိရှန်က…

“မစိုးရိမ်ပါနဲ့၊ မမကသာ ခြေလှမ်းနဲ့ ခြေကွက်ကို သေသေချာချာ မှတ်ထားလိုက်ရင် ရပါပြီ”

သို့နှင့် အားလုံးက ရီတိုက်ရှင်၏ အခန်းထဲသို့ ဝင်လိုက်ကြ၏။ ချင်တူးတူးမှာ ဟူတန်းတောင် ရောက်ကတည်းက မမာမကျန်း ဖြစ်နေသဖြင့် ရီတိုက်ရှင်နှင့် မျက်နှာချင်း မဆိုင်ခဲ့ရပေ။ ယခု ပထမဆုံးအကြိမ် မျက်နှာချင်း ဆိုင်ရခြင်းပင် ဖြစ်ပါ၏။

ရီတိုက်ရှင်သည် ချင်တူးတူးအား အကဲခတ်ကြည့်ပြီး ကြည့်လိုက်ရာ ရုပ်ဆင်းအင်္ဂါ ချောမောလှပသလောက် တည်ငြိမ် လှသော ချင်တူးတူးကိုမြင်သော် ကျန်းချွေးဆန်းအတွက် ဝမ်းသာ သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတစ်ဖန် ချင်တူးတူးက ခုနစ်စင်ကြယ် သိုင်းကွက်ကို သင်ကြားပြီး သူ့ကိုယ်စား ဝင်ရောက် တိုက်ခိုက်ပေးမည်ဟု ကြားရပြန်သော် ဝမ်းနည်းဝမ်းသာ ဖြစ်သွားရှာလေသည်။

သူက ချင်တူးတူးအား ပြုံးကြည့်ရင်း…

"ညီမလေးအတွက် အစ်ကိုက ဘာမှ လက်ဆောင်မပေးနိုင်ခဲ့ဘူး၊ ဒါကြောင့် အခု ဒီသိုင်းကွက်ရဲ့ အရေးအကြီးဆုံး ခြေကွက်တွေကို လက်ဆောင်ပစ္စည်းအမှတ်နဲ့ အစ်ကို သင်ပေးရတော့မှာပေါ့၊ နောက်ပိုင်း ရန်သူတွေ ဆုတ်သွားတော့မှ အစ်ကိုက မင်းကို အစအဆုံး အသေးစိတ် ပြန်သင်ပေးမယ် ဟုတ်လား"

"ကျေးဇူးတင်ပါတယ် အစ်ကို"

ဤသည်မှာ ပထမဆုံးအကြိမ် ချင်တူးတူး၏ စကားသံကို ရီတိုက်ရှင် ကြားလိုက်ရခြင်းပင် ဖြစ်ပါ၏။ ယင်းသို့ ချင်တူးတူးထံမှ "ကျေးဇူးတင်ပါတယ် အစ်ကို"ဟူသော စကားသံကို ကြားရသောအခါ ရုတ်တရက် သူ့မျက်နှာတစ်ခုလုံး တွန့်လိမ်သွားပြီး မျက်လုံးအကြည့်ကို ရှေ့သို့သာ စိုက်၍ ကြည့်နေမိလေ၏။ တစ်စုံတစ်ခုကို တွေးငေး၍ အသေအချာ စဉ်းစားနေဟန်ပင်။ ကျန်းချွေးဆန်းက လန့်ဖျပ်သွားပြီး…

"အစ်ကို ဘာဖြစ်သွားတာလဲ"ဟု သတိပေးလိုက်၏။

သို့သော် ရီတိုက်ရှင် ဘာမှ ပြန်မပြောဘဲ ထိုအတိုင်း ငေးကြောင်နေ၏။ သူ့မျက်လုံးထဲတွင်မူ ထူးဆန်းသော အရောင် တွက်နေဘိသို့ ရှိ၏။ နာကြည်းခံပြင်းသော အရိပ်အယောင်



လိုလိုပင်။

ကျန်းချွေးဆန်းက ချင်တူးတူးအား တစ်ချက် ကြည့်လိုက်၏။ ချင်တူးတူး၏ မျက်နှာတွင်လည်း အမူအရာ ဖျက်ယွင်းနေ၏။ ကြောက်ရွံ့ တုန်လှုပ်နေသကဲ့သို့။

ချိုရှင်ချောင်းကမူ ရီတိုက်ရှင်ကို ကြည့်လိုက်၊ ချင်တူးတူးကို ကြည့်လိုက်နှင့် သူတို့၏ မျက်နှာအမူအရာများ ပြောင်းလဲသွားရသည်ကို နားမလည်နိုင်အောင် ဖြစ်နေလေ၏။ သို့သော် သူတို့ အသီးသီး၏ ရင်ထဲသို့မူ နိမိတ်ဆိုးများ ဝင်ရောက်လာပြီ ဖြစ်ပါ၏။ သူတို့သည် အလိုအလျောက် ရင်ခုန်သံများ ကျယ်လောင်လာရလေပြီ။ ထိုစဉ် ရီတိုက်ရှင်၏ သက်ပြင်းချသံကို ကျယ်လောင်စွာ ကြားရပြီး ဖြူရော်သော သူ၏ ပါးနှစ်ဘက်မှာ အနီရောင်သမ်းလာသည်ကို တွေ့လိုက်ရ၏။ သူက တိုးညင်းသော လေသံဖြင့်…

"ညီမလေး၊ မင်း ဒီအနားကို လျှောက်လာခဲ့၊ ငါ မင်းကို သေသေချာချာ ကြည့်ချင်တယ်"

ချင်တူးတူး၏ တစ်ကိုယ်လုံး တုန်ယင်လျက်ရှိ၏။ ခင်ပွန်းသည်ဖြစ်သူ ကျန်းချွေးဆန်း၏ လက်ကိုသာ တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး ရှေ့သို့ တစ်လှမ်းမျှ မတိုးသွားရဲချေ။ အတန်ကြာသော် ရီတိုက်ရှင်က…

"မင်း ရှေ့တိုးမလာလဲ အရေးမကြီးပါဘူး၊ ဟိုးရေ့တုန်းက မင်းရဲ့ မျက်နှာကို ငါမှ မမြင်လိုက်ရဘဲ၊ အေး…မင်း အခု ယောဒီ စကားနှစ်ခွန်းကို ပြန်ပြောပြပါလား၊ ခင်ဗျားကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ဒီပစ္စည်းကို အာမခံပြီး လိုက်ပို့ရမယ်၊ လမ်းခရီး တစ်လျှောက်မှာ မရပ်မနားဘဲ ဆယ်ရက်အတွင်း အရောက်ပို့ရမယ်၊ တကယ်လို့ လမ်းခရီးမှာ တစ်စုံတစ်ရာ ချွတ်ယွင်းခဲ့ရင် ဟေး...ဟေး... ခင်ဗျားရဲ့အသက် သေရုံတင် မကဘူး၊ ခင်ဗျားရဲ့ ရွှေငါး အာမခံဌာန တစ်ခုလုံး လူကြီးလူငယ်မရွေး အားလုံး သေရ လိမ့်မယ်"

ကျွန်းချွေးဆန်းတို့ အားလုံးမှာ ရီတိုက်ရှင်က ဤစကားလုံး များကို တစ်လုံးချင်း ပြည်ပြည်သင်းစွာ ပြောနေသည်ကို ကြားရသော် ကျောချမ်း၍ လာမိ၏။ ချင်တူးတူးလည်း ရုတ်တရက် အံကို ကြိတ်၍ ရှေ့သို့ တစ်လှမ်းတက်ရင်း...

"အစ်ကို ရီတိုက်ရှင်က သိပ်ချီးကျူးစရာ ကောင်းပါတယ်၊ ကျွန်မရဲ့ အသံကို ကောင်းကောင်း မှတ်မိတယ်၊ ဟိုးနေ့တုန်းက အစ်ကို့ကို ရွှေငါးအာမခံဌာနကို လာပို့တဲ့လူဟာ ကျွန်မပါပဲ"

ရီတိုက်ရှင်၏ မျက်နှာမှာ ပို၍ ကြောက်မက်ဖွယ် ကောင်းလာလေ၏။ သူက ပြည်းညင်းစွာဖြင့်...

"ဒီလိုဆိုရင် ဟိုနေ့က လှေပေါ်မှာ ငါ့ကို အဆိပ်အပ်နဲ့ ပစ်တာက မင်း..."

သူက ရုတ်တရက် စကားကို ရပ်လိုက်ပြီး ကျွန်းချွေးဆန်းအား တစ်ချက် ကြည့်လိုက်၏။ သူ့အကြည့်တွင် အဓိပ္ပာယ် မြောက်မြားစွာ ပါနေ၏။ သူက ရုတ်တရက် သက်ပြင်းတစ်ချက် ရှိုက်လိုက်လျက် လွန်စွာ လှုပ်ရှားနေသော စိတ်ကို ထိန်းလိုက် ပြီးလျှင်...

BURMESE CLASSIC



"အင်း...အရေးမကြီးတော့ပါဘူးလေ၊ ငါက အခု ဒုက္ခိတ ဖြစ်နေပြီပဲ၊ ဘာမှ ပြောစရာ မလိုတော့ပါဘူး၊ အေး..ညီမလေးက အစ်ကိုတို့ရဲ့ ဟူတန်းခုနစ်ဖော်ရဲ့ ဂုဏ်သိက္ခာကို မကျအောင် ထိန်းပေးရမယ်"

ချင်တူးတူး မျက်ရည်ဝဲလာပြီ ဖြစ်၏။ သူမသည် ရီတိုက်ရှင်၏ စေတနာကို ကောင်းစွာ သဘောပေါက်လာ၏။

ဟိုစဉ် ဟိုအခါက လှေပေါ်တွင် ရီတိုက်ရှင်အား အကွက် ဆင်၍ အဆိပ်အပ်ဖြင့် လှေဝမ်းထဲ ပစ်လိုက်သူမှာ ချင်တူးတူးမှန်း ရီတိုက်ရှင် သိသွား၏။ သူမ၏ အသံမှတစ်ဆင့် သိသွားခြင်းပင် ဖြစ်ပါ၏။ သို့သော် ရီတိုက်ရှင်သည် သူ့ဂိုဏ်းတူ ညီလေး ကျွန်းချွေးဆန်းကို ချစ်လွန်းသဖြင့် သူ့အတွက်နှင့် သူတို့၏ အိမ်ထောင်ရေး ပျက်ပြားမည်စိုး၍ ဆယ်နှစ်တိတိ နာကြည်းခဲ့ ရသော ဝေဒနာကို အတင်းထိန်းချုပ်ပြီး အဖြစ်မှန်ကို သိုဝှက် ထားရန် ကြိုးစားနေကြောင်း ချင်တူးတူး သိလိုက်သည်။

ကျွန်းချွေးဆန်းသည် ရီတိုက်ရှင်၏ အမူအရာကိုသာ တွေ့လိုက်ပြီး သူ၏ စကား တစ်ပိုင်းတစ်စကိုသာ ကြားလိုက်ရ သော်လည်း အဖြစ်မှန်ကို ပါးနပ်စွာ ရိပ်စားမိလိုက်သည်။ သူက တုန်လှုပ်ချောက်ချားသော၊ မယုံကြည်နိုင်လွန်းသော အကြည့်ဖြင့် ချင်တူးတူးကို စိုက်ကြည့်ရင်း ထစ်ထစ်ငေါ့ငေါ့...

"မင်း...မင်းက...တကယ်ပဲ အစ်ကိုရီတိုက်ရှင်ကို အဆိပ် အပ်နဲ့ ပစ်လိုက်တဲ့လူ"

ချင်တူးတူးမှာ သူ့စိတ်ကိုသူ မချုပ်တည်းနိုင်ဖြစ်ကာ

www.burmeseclassic.com



မျက်ရည်ဖြိုင်ဖြိုင်ကျရင်း…

"ဟုတ်…ဟုတ်ပါတယ်၊ ဟိုနေ့တုန်းက လှေထဲမှာ အစ်ကို ရိုတိုက်ရှင်ကို အဆိပ်အမှ်နဲ့ပစ်တာ ကျွန်မပါပဲ"

ကျန်းချွေးဆန်း ရုတ်တရက် အော်၍…

"ချင်တူးတူး တကယ်၊ မင်း…မင်း ဘာဖြစ်လို့ ငါ့ကို စောစောက မပြောရတာလဲ"

"ကျွန်မ အဲဒီတုန်းက အစ်ကိုနဲ့မှ မသိသေးတာ၊ နောက်ပိုင်း အစ်ကို ရိုတိုက်ရှင်က အစ်ကို့ရဲ့ အစ်ကိုမှန်းသိတော့ ကျွန်မ ဘယ်ပြောရဲတော့မှာလဲ၊ အစ်ကိုရိုတိုက်ရှင် အခုလို ဖြစ်ရတာဟာ ကျွန်မသာ အဓိက တရားခံ ဖြစ်နေတာကိုး၊ နောက်ပြီး အစ်ကို ရိုတိုက်ရှင်ကို လက်ပါးမှာ သံစူးနဲ့ ရိုက်တဲ့လူကလဲ ကျွန်မရဲ့ အစ်ကိုရင်း ချင်ရယ်ဝမ်ပဲလေ၊ ကျွန်မတို့ မျက်ခုံးဖြူဂိုဏ်းက တကယ်တော့ ဟူတန်းဂိုဏ်းနဲ့ ဘာရန်ညိုးရန်စမှ မရှိပါဘူး၊ ဒါကြောင့် နဂါးနိုင်ဓားကို ရပြီးတဲ့နောက်မှာ အစ်ကို ရိုတိုက်ရှင်ကို ဟူတန်းဂိုဏ်းကို ပြန်ပို့ခဲ့ရပါတယ် အစ်ကို"

ကျန်းချွေးဆန်း၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ် တုန်ယင်လာပြီး မျက်လုံးများလည်း မီးဝင်းဝင်းတောက်လျက် ရှိနေလေ၏။ သူက ချင်တူးတူးအား လက်ညှိုးထိုးရင်း…

"မင်း…မင်း…ငါ့ကို ညာတယ်"

ထိုအခါ ချင်တူးတူးက ဓားကို ဆတ်ခနဲဆွဲထုတ်ပြီး ဓားရိုးကို ကျန်းချွေးဆန်းအား ထိုးပေးရင်း…

"အစ်ကို ကျွန်မရဲ့ အပြစ်ကို ကျွန်မ ဘယ်လိုမှ မရှောင်



တိမ်းချင်ပါဘူး၊ ဒါကြောင့် အစ်ကို အခု ကျွန်မကို ဟောဒီဓားနဲ့ သတ်လိုက်ပါ"

ကျန်းချွေးဆန်းက ချင်တူးတူးပေးသော ဓားကို ဆတ်ခနဲ ဆွဲယူပြီး ချင်တူးတူး ရင်ဝကို ထိုးစိုက်လိုက်ရန် ဟန်ပြင်လိုက်၏။ သို့သော် ထိုခဏတာ အချိန်အတွင်းမှာပင် ဆယ်နှစ်ဆယ်မိုးမျှ ချစ်ကြင်စွာ အတူနေထိုင်ခဲ့သော သူ့ချစ်ဇနီးကို မသတ်ရက်လျက် ဖြစ်ကာ တစ်ချက်မျှ ငေးကြောင်သွားရင်း "အား" ဟု တစ်ချက်အော်၍ အပြင်ဘက်သို့ တစ်ရှိန်ထိုး ပြေးထွက်သွားလေတော့၏။

ချင်တူးတူးတို့ အားလုံးမှာ ကျန်းချွေးဆန်း ဘာကြောင့် ရုတ်တရက် တစ်ရှိန်ထိုး ပြေးထွက်သွားသည်ကို နားမလည်ကြသဖြင့် ငေးကြောင်၍ ကြည့်နေမိကြလေ၏။ ပြီးမှပင် လိုက်ထွက်သွားကြသည်။ ထိုစဉ် ကျန်းချွေးဆန်းက ကျန်းဆန်းဖုန်းရှေ့တွင် ဒူးထောက်လျက်…

"ဆရာ ကျွန်တော်ဟာ ခွင့်မလွှတ်နိုင်တဲ့ အပြစ်ကြီးကို ကျူးလွန်ခဲ့မိပါတယ်၊ ဒါကြောင့် ကျွန်တော်က ဆရာ့ကို တစ်ခုပဲ တောင်းဆိုချင်ပါတယ်"

ကျန်းဆန်းဖုန်းလည်း စောစောက အခန်းထဲတွင် ဖြစ်ပေါ်နေသော ပြဿနာကို လုံးဝ မသိရှိသဖြင့် သူက ညင်သာစွာပင်…

"ဘာကိစ္စလဲ၊ မင်း ပြောပါ၊ ဆရာက မင်းရဲ့ တောင်းဆိုချက်ကို လက်ခံမှာပါ" ဟု ဆိုလေ၏။

ကျန်းချွေးဆန်းက ဘာမှ ပြန်မပြော ကျန်းဆန်းဖုန်းအား

www.burmeseclassic.com

www.burmeseclassic.com



ဦးသုံးကြိမ် ချလိုက်၏။ ပြီးမှ...

"ဆရာ့ကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်မှာ သား တစ်ယောက် ရှိခဲ့ပါတယ် ဆရာ၊ အခု လူဆိုးရဲ့ လက်ထဲကို ရောက်နေပါတယ်၊ ဆရာက ကျွန်တော့်ရဲ့ အဲဒီ သားလေးကို လူဆိုးတွေ လက်ထဲကနေ ပြန်ရောက်အောင် ကယ်တင်ပြီး သားလေးကို လူလားမြောက်တဲ့ အချိန်ထိ စောင့်ရှောက်ပေးပါနော်"

ကျန်းချွေးဆန်းသည် ထိုသို့ ပြောပြီးနောက် ရုတ်တရက် လှည့်၍ ခုံးဝန်ဆရာတော်ကြီး ခုံးကျိ၊ ခုံးရှန့် ဆရာတော်ကြီးများနှင့် တကွ ခွန်းလွန် ဂိုဏ်းချုပ်ကြီး ဆရာကြီး ဟိုတိုက်ချုံး၊ ဝါမေဂိုဏ်း စသည် အားလုံးကို လှည့်ပတ်ကြည့်လိုက်ပြီးလျှင်...

"အခု ဒီကိစ္စတွေ အားလုံးဟာ ကျုပ်တစ်ယောက်တည်းရဲ့ လက်ချက်ပါပဲ၊ ဒါကြောင့် ကျုပ်အပြစ်ကို ကျုပ် ဝန်ခံပါတယ်၊ အားလုံး ကျေနပ်ကြပါတော့"

ကျန်းချွေးဆန်း၏ စကားဆုံးသည်နှင့် အပြင်ဘက်ဆီမှ လက်နက်နှစ်ခု မဖိတ်ခေါ်ဘဲ ရုတ်တရက် အဟုန်ပြင်းစွာနှင့် လျှပ်တစ်ပြက် ဝင်လာပြီး လက်နက်တစ်ခုက သူ၏ လည်ပင်းကို ထိမှန်ကာ ချက်ချင်းပင် သွေးများ ပန်းထွက်လာပြီး နေရာတွင်ပင် လဲကျ သေဆုံးလေတော့၏။ အပြစ်က မြန်ဆန်လွန်းသဖြင့် ထိုအချိန်တွင်ပင် ကျန်းဆန်းဖုန်း၊ ချိုရွှင်ချောင်း၊ ရီလင်တာန်း၊ ကျန်းဆုံကျီး စသည့် ဆရာတပည့် လေးယောက်မှာ ရှေ့နောက် ဆင့်၍ အော်ကာ ကျန်းချွေးဆန်းအား ခုန်အုပ်လိုက်လေ၏။



သို့သော် ဗုန်းဗုန်းဟူသော အသံနှင့်အတူ ကျန်းဆန်းဖုန်း နံဘေးရှိ ညှော်သည်တော် လေးဦးသာ ကျန်းဆန်းဖုန်း၏ လက်ဝါးစောင်း အတွင်းအားကြောင့် နံဘေးသို့ လွင့်စဉ်သွားပြီး ကျန်းချွေးဆန်းကိုတော့မှ သူတို့ အချိန်မီ မကယ်နိုင်တော့ချေ။ ကျန်းချွေးဆန်းကား လည်မျိုမှ သွေးကြောပြတ်ကာ အသက်ဓိပိန် ချုပ်ငြိမ်းသွားပြီ ဖြစ်ပါ၏။

မော်ကုဆန်း၊ ချင်လီရှန်နှင့် ကျန်းချွေးဆန်း၏ ချစ်ဇနီး ချင်တူးတူးတို့လည်း ထက်ကြပ်မကွာ ရောက်လာကြသည့်တိုင် ကျန်းချွေးဆန်း၏ အသက်ကိုကား မမီလိုက်ပါတော့ချေ။ ထိုအချိန်တွင်ပင် ခန်းမဆောင် ပြတင်းပေါက် အပြင်ဘက်မှ...

"ဖေဖေ...ဖေဖေ"ဟူသော ကလေးငယ် တစ်ယောက်၏ အော်သံကို အမှတ်မထင် အားလုံး ကြားလိုက်ရ၏။ ဟော... နောက်တစ်ခါ ကြားရပြန်ပါပြီ။

"ဖေဖေ...ဖေ"

ယခုတစ်ဖန် အော်ခေါ်လိုက်သော အသံကမူ ရုတ်တရက် တိမ်ဝင်သွားပြီး တစ်စုံတစ်ယောက် ကလေးငယ်၏ ပါးစပ်ကို တစ်စုံတစ်ခုနှင့် ဖုံးအုပ်လိုက်သလိုပင် ကြားလိုက်ကြရလေ၏။

တစ်ချိန်တည်းတွင်ပင် ကျန်းဆန်းဖုန်း ကိုယ်လုံးမှာ ရုတ်တရက် ခုန်ပျံထွက်သွားပြီး လူတွေ၏ ဦးခေါင်းမှကျော်၍ ပြတင်းပေါက် အပြင်သို့ လျှပ်တစ်ပြက် ရောက်သွားလေတော့၏။ ခန်းမဆောင် အပြင်ဘက် မလှမ်းမကမ်း တစ်နေရာတွင်မူ မွန်ဂိုစစ်သား အဝတ်အစားနှင့် လူတစ်ယောက်သည် အသက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်ခန့်ရှိ ကလေးငယ် တစ်ဦးအား ဖက်ထားပြီး ကလေးငယ်၏ ပါးစပ်ကိုပါ လက်ဝါးဖြင့် ဖုံးအုပ်ထားလေ၏။ သို့သော် ကလေးငယ်မှာ ထို မွန်ဂိုစစ်သား၏ လက်မှလွတ်ရန် အစွမ်းရှိသမျှ ရုန်းကန်လျက် ရှိနေပါ၏။

တစ္ဆသူများ၏ မေတ္တာကို ခံယူလျက်
တက္ကသိုလ် နေလင်းအောင်

BURMESE CLASSIC
www.burmeseclassic.com